

# ပဋ္ဌာနပန်းကုံး

အရှင်ကုမာရ ပြုစုသည်

(တတိယအကြိမ်)

သာသနာ-၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂

မြောင်းမြမြို့
တိုက်သစ်ပဋ္ဌောတာရုံစာသင်တိုက်

မော်ဘီမြို့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
ပဓာနနာယက

အရှင်ကုမာရ
၏

# ပဋ္ဌာနပန်းကုံး

(တတိယအကြိမ်)

သာသနာ-၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂

၂၈၉၆၅
ရက် ၂၅-၉-၁၄

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် ■ တတိယအကြိမ်၊
(နိုဝင်ဘာလ၊ ၂၀၁၂)

အုပ်ရေ ■ ၃၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ■ ဦးထွန်းအောင်
ထွန်းမိသားစုပုံနှိပ်တိုက်
အမှတ် (၈၉)၊ ၃၂-လမ်း၊ (၉) ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၂၀၇၀၀၆

ထုတ်ဝေသူ ■ ဦးကြည်တွဲ
ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်
မော်ဘီမြို့နယ်။

ကုမာရ/ အရှင်
ပဋ္ဌာနပန်းကုံး

ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့

(၁) ပဋ္ဌာနပန်းကုံး

# အရှင်ကုမာရ
# ရေးသားပြုစုအပ်သောကျမ်းများ

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

၁။ အလင်္ကာပန်းကုံး
၂။ မာတိကာဓာတုကထာပန်းကုံး
၃။ ယမကပန်းကုံး (ပထမတွဲ)
၄။ ယမကပန်းကုံး (ဒုတိယတွဲ)
၅။ ပဋ္ဌာနပန်းကုံး
၆။ အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး
၇။ ကဗျာ့အုတ်မြစ်စနစ်သစ်
၈။ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ
၉။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း (ပထမတွဲ)
၁၀။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း (ဒုတိယတွဲ)
၁၁။ ဗုဒ္ဓအလိုတော်ကျ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး
၁၂။ ဗုဒ္ဓအလိုတော်ကျ ကြီးပွားချမ်းသာရေး (ကိုယ်ကျင့်မင်္ဂလာ)
၁၃။ ဓမ္မပဒပန်းကုံး
၁၄။ ဓာတုတ္ထပန်းကုံး
၁၅။ ဝိနယသင်္ဂဟပန်းကုံး (ပထမတွဲ)
၁၆။ သာသနာ့ဝန်ဆောင် တိပိဋကအဘိဓာန် (ပထမတွဲ)
၁၇။ သာသနာ့ဝန်ဆောင် တိပိဋကအဘိဓာန် (ဒုတိယတွဲ)
၁၈။ ဩဝါဒဓမ္မကထာ (ပထမတွဲ)
၁၉။ ဩဝါဒဓမ္မကထာ (ဒုတိယတွဲ)

# ပဋ္ဌာနပန်းကုံး
## မာတိကာ

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


### ကျမ်းဦး–နိဒါန်း

၁။ ပဏာမဂါထာ ပါဠိအနက် .... .... .... က
၂။ သိန့်အထူး ဉာဏ်ညွှန့်ဖူး .... .... .... ကိ
၃။ ရတနာစံအိမ် ရောင်ဝင်းထိန် .... .... .... ကု
၄။ ရောင်ကွန့်မြူးဟန် သဘောမှန် .... .... .... ကူ
၅။ သင်မကုန်ပါ ဘိဓမ္မာ .... .... ....ကေ
၆။ ၃–လ ဟောကြား ဘာ့ကြောင့်များ .... .... .... ကဲ
၇။ သင်ကြစဉ်လာ ဘိဓမ္မာ .... .... ....ကော်
၈။ နည်းမျိုးစုံပြွမ်း, ပဋ္ဌာန်းကျမ်း .... .... ....ကား
၉။ စာသင်ခန်းရိပ်မြုံမှ နိဗ္ဗာန်ဘုံသို့ .... .... .... ခု
၁၀။ ပဋ္ဌာနပန်းကုံး .... .... .... ခေ
၁၁။ ရေးသားပုံ အစီအစဉ် .... .... .... ခေါ်
၁၂။ ကြည်လင်ဝမ်းသာ ပြင်ကြပါ .... .... .... ခေါ်

### ပစ္စယဝါရ

၁၃။ ၈–ပစ္စည်း ၉–မျိုး .... .... .... ၁
၁၄။ သချ်ာနှင့်စပ်၍ မှတ်ဖွယ် .... .... .... ၂

**သုဒ္ဓသချ်ာ**

၁၅။ အာရမဏမျိုး (၈) .... .... .... ၃
၁၆။ အာရမဏမျိုး သရုပ်ခွဲ .... .... .... ၅
၁၇။ အာရမဏသတ္တိ .... .... .... ၆
၁၈။ ပစ္စယဝါရ၌ ပစ္စတ်ကို မဟော .... .... .... ၆
၁၉။ အာရမဏမျိုး သချ်ာ .... .... .... ၇
၂၀။ အာရမဏ သရုပ်ခွဲ .... .... .... ၈

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | အာရမဏပစ္စည်း အကျယ်ကောက်ရန် | ၉ |
| ၂၂။ | အလေးအမြတ်ပြုအပ်သော (အာရုံ) | ၁၁ |
| ၂၃။ | အာရမဏာဓိပတိ မတပ်သောတရား | ၁၁ |
| ၂၄။ | အာဓိပစ္စယုပ္ပန်မှာ မပါသောတရားများ | ၁၂ |
| ၂၅။ | အာရမဏာဓိပတိပစ္စည်း တပ်ပုံ | ၁၃ |
| ၂၆။ | အာရမဏာဓိပတိ–သရုပ်ခွဲ | ၁၄ |
| ၂၇။ | အာရမဏပုရေဇာတ–သရုပ်ခွဲ | ၁၅ |
| ၂၈။ | ဝတ္ထာရမဏ–သရုပ်ခွဲ | ၁၅ |
| ၂၉။ | ပစ္စည်းရေ | ၁၆ |
| ၃၀။ | သဟဇာတမျိုး (၁၅) | ၁၆ |
| ၃၁။ | သဟငယ် (၇) | ၁၇ |
| ၃၂။ | သဟလတ် (၄) | ၁၈ |
| ၃၃။ | သဟကြီး (၄) | ၁၈ |
| ၃၄။ | သဟဇာတမျိုး–သရုပ်ခွဲ | ၁၈ |
| ၃၅။ | သဟဇာတသတ္တိ | ၁၉ |
| ၃၆။ | သဟငယ် သင်္ချာ | ၁၉ |
| ၃၇။ | ပစ္စည်းရေ ယူပုံ | ၂၀ |
| ၃၈။ | ဟေတု သရုပ်ခွဲ | ၂၁ |
| ၃၉။ | အဓိပတိတရားကိုယ် | ၂၁ |
| ၄၀။ | ဟေတုမှတစ်ပါး သဟငယ်များ | ၂၂ |
| ၄၁။ | အညမည သရုပ်ခွဲ | ၂၂ |
| ၄၂။ | ဝိပါက သရုပ်ခွဲ | ၂၃ |
| ၄၃။ | သမ္ပယုတ္တ သရုပ်ခွဲ | ၂၃ |
| ၄၄။ | ဝိပ္ပယုတ္တ သရုပ်ခွဲ | ၂၄ |
| ၄၅။ | သဟကြီး သင်္ချာ | ၂၄ |
| ၄၆။ | သဟဇာတ သရုပ်ခွဲ | ၂၅ |
| ၄၇။ | သဟဇာတ ၃–မျိုး | ၂၅ |
| ၄၈။ | အနန္တရမျိုး (၇) | ၂၅ |
| ၄၉။ | ပကတူပနိဿယမျိုး (၂) | ၂၆ |
| ၅၀။ | အနန္တရသတ္တိ | ၂၇ |
| ၅၁။ | အနန္တရ သရုပ်ခွဲ | ၂၇ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၂။ | အနန္တရ အကျယ်ကောက် လေ့လာရန် .... .... | ၂၈ |
| ၅၃။ | ပကတူပနိဿယ သဘာဝ .... .... .... | ၃၁ |
| ၅၄။ | ပကတူပပစ္စယုပ္ပန်မှာ ရုပ်မပါ .... .... .... | ၃၂ |
| ၅၅။ | နိဗ္ဗာန်လည်း ပကတူပနိဿယပစ္စည်း မတပ် .... .... | ၃၂ |
| ၅၆။ | ဝတ္ထုမျိုး (၆) .... .... .... | ၃၃ |
| ၅၇။ | ပစ္ဆာဇာတမျိုး (၄) .... .... .... | ၃၃ |
| ၅၈။ | ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ .... .... .... | ၃၃ |
| ၅၉။ | ရုပအာဟာရမျိုး (၃) .... .... .... | ၃၄ |
| ၆၀။ | ရုပဇီဝိတိန္ဒြိယမျိုး (၃) .... .... .... | ၃၄ |
| ၆၁။ | သဟပုရေမိဿက (၃) .... .... .... | ၃၄ |
| ၆၂။ | ပစ္ဆာဟာရမိဿက (၂) .... .... .... | ၃၅ |
| ၆၃။ | ပစ္ဆာဇာတိန္ဒြိယမိဿက (၂) .... .... .... | ၃၅ |
| ၆၄။ | ဝတ္ထုပုရေဇာတမျိုး သရုပ်ခွဲ .... .... .... | ၃၅ |
| ၆၅။ | ဝတ္ထုပုရေဇာတ သဘာဝ .... .... .... | ၃၆ |
| ၆၆။ | မန္ဒာယုက-စသည် ၃-မျိုးခွဲပုံ .... .... .... | ၃၆ |
| ၆၇။ | ပစ္စည်းပစ္စယုပ္ပန် ရုပ်သဘော .... .... .... | ၃၇ |
| ၆၈။ | ပစ္ဆာဇာတမျိုး သရုပ်ခွဲ .... .... .... | ၃၇ |
| ၆၉။ | ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ သရုပ်ခွဲ .... .... | ၃၈ |
| ၇၀။ | နာနာက္ခဏိကကမ္မ အကျယ်အရကောက်ဆိုရိုး .... .... | ၃၉ |
| ၇၁။ | သဟပုရေမိဿက သရုပ်ခွဲ .... .... .... | ၄၀ |
| ၇၂။ | ပစ္ဆာဇာတမိဿက သရုပ်ခွဲ .... .... .... | ၄၀ |
| ၇၃။ | ပစ္ဆာဇာတိန္ဒြိယမိဿက သရုပ်ခွဲ .... .... .... | ၄၀ |
| ၇၄။ | ဒေသနာစဉ် သုဒ္ဓသင်္ချာ ဟောပုံ .... .... .... | ၄၁ |
| ၇၅။ | သင်္ချာတူပစ္စည်းများ .... .... .... | ၄၁ |
| ၇၆။ | သုဒ္ဓသင်္ချာ လေ့ကျင့်ခန်း .... .... .... | ၄၂ |


**ဝိဘင်္ဂပါဠိတော်နှင့်အရကောက်**


| | | |
|---|---|---|
| ၇၇။ | အာရမဏပစ္စည်း ပါဠိတော်နှင့်အရကောက် .... .... | ၄၄ |
| ၇၈။ | စက္ခု-စသည်ကို ဧကဝုစ်ဖြင့် ဟော၍ ရုပ်-စသည်ကို ဗဟုဝုစ်ဖြင့် ဟောရခြင်း .... .... | ၄၈ |
| ၇၉။ | ပါဠိတော်၌ ရုပ် ၁၃-ပါးမျှသာ ဟောပါလျက် အရကောက်၌ ၂၈-ပါး ကောက်ရခြင်း .... .... | ၄၉ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၀။ | အရကောက်ဝယ် သိမှတ်ဖွယ် | ၄၉ |
| ၈၁။ | အာရမဏပစ္စည်း အရကောက် | ၅၁ |
| ၈၂။ | သိလံ သမာဒိယိတွာ | ၅၂ |
| ၈၃။ | ဥပေါသထကမ္မံ ကတွာ | ၅၂ |
| ၈၄။ | ဝိရတိ ၃-ပါး သဘောသွား | ၅၂ |
| ၈၅။ | အာရမဏာဓိပတိ အရကောက် | ၅၃ |
| ၈၆။ | အာရမဏပုရေဇာတ အရကောက် | ၅၄ |
| ၈၇။ | အာရမဏပုရေဇာတ၌ စက္ခုံ-စသည်ဖြင့်သာ ဟောရခြင်း | ၅၄ |
| ၈၈။ | ဝတ္ထု (အာပုဓိ, ဝတ္ထုဓိ)အရကောက် | ၅၅ |
| ၈၉။ | သဟငယ် ပါဠိတော် | ၅၆ |
| ၉၀။ | ကမ္မ၌ စေတနာ ဝတ္ထုသ-ကို ထည့်ဟောရခြင်း | ၅၇ |
| ၉၁။ | ခန္ဓသဒ္ဒါဖြင့် ဟောရခြင်း | ၅၇ |
| ၉၂။ | သဟကြီး(လတ်) ပါဠိတော် | ၅၈ |
| ၉၃။ | ဟေတုပစ္စည်း အရကောက် | ၆၀ |
| ၉၄။ | သဟဇာတာဓိပတိ အရကောက် | ၆၁ |
| ၉၅။ | ဝိသေသနထည့်သွင်းရပုံ | ၆၂ |
| ၉၆။ | သဟဇာတကမ္မ အရကောက် | ၆၃ |
| ၉၇။ | အဓိပတိတရားကိုယ်ကို ကြည့်ရခြင်း | ၆၃ |
| ၉၈။ | နာမ်အာဟာရ အရကောက် | ၆၄ |
| ၉၉။ | သဟဇာတိန္ဒြိယ အရကောက် | ၆၄ |
| ၁၀၀။ | ဈာန အရကောက် | ၆၄ |
| ၁၀၁။ | မဂ္ဂ အရကောက် | ၆၅ |
| ၁၀၂။ | ဈာန၌ ဒွေးပဥ္စဝိညာဉ်ကို ကြည့်ရခြင်း | ၆၅ |
| ၁၀၃။ | မဂ္ဂ၌ အဟိတ်စိတ်ကို ကြည့်ရခြင်း | ၆၅ |
| ၁၀၄။ | သဟကြီး အရကောက် | ၆၆ |
| ၁၀၅။ | အစိတ်အပေါင်းခန့်မှာ | ၆၆ |
| ၁၀၆။ | အညမည အရကောက် | ၆၈ |
| ၁၀၇။ | သဟကြီးလတ် ကရိဏ်းဝါဠ်အရနှင့် သဟငယ်ပစ္စည်း | ၆၈ |
| ၁၀၈။ | အနန္တရမျိုး ပါဠိတော် | ၇၀ |
| ၁၀၉။ | အနန္တရမျိုး အရကောက် | ၇၁ |
| ၁၁၀။ | အနုလောမံ ဂေါတြဘုဿ-စသည်ကို ဟောရခြင်း | ၇၁ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၁။ | ပကတူပနိဿယ ပါဠိတော် .... .... .... | ၇၄ |
| ၁၁၂။ | ပကတူပနိဿယ အရကောက် .... .... .... | ၇၇ |
| ၁၁၃။ | ကုသလော အကုသလဿ၌ လောကီကုသိုလ်ကိုသာ ကောက်ရခြင်း | ၇၈ |
| ၁၁၄။ | ဗလဝ-ဒုဗ္ဗလ အပြန်အလှန်ကျေးဇူးပြုပုံ .... .... | ၇၈ |
| ၁၁၅။ | ဝတ္ထုပုရေဇာတမျိုး ပါဠိတော် .... .... .... | ၇၉ |
| ၁၁၆။ | ဥပနိဿယပစ္စည်းအပြား .... .... .... | ၇၉ |
| ၁၁၇။ | သုခ, ဒုက္ခ, ဥတု, ဘောဇန, သေနာသနတို့၏အရ .... .... | ၇၉ |
| ၁၁၈။ | ဝတ္ထုပုရေဇာတမျိုး အရကောက် .... .... .... | ၈၀ |
| ၁၁၉။ | ပစ္ဆာဇာတမျိုး ပါဠိတော် .... .... .... | ၈၁ |
| ၁၂၀။ | ပဋိသန္ဓေကို မယူရခြင်း .... .... .... | ၈၁ |
| ၁၂၁။ | ဝတ္ထုမျိုး၌ အာရမ္မဏပစ္စည်းတို့ကို သွင်းကောက်ရပုံ .... | ၈၁ |
| ၁၂၂။ | ပစ္ဆာဇာတမျိုး အရကောက် .... .... .... | ၈၂ |
| ၁၂၃။ | ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ပါဠိတော်နှင့်အရကောက် .... | ၈၂ |
| ၁၂၄။ | ရူပအာဟာရမျိုး ပါဠိတော်နှင့်အရကောက် .... .... | ၈၃ |
| ၁၂၅။ | ရူပဇီဝိတိန္ဒြိယမျိုး ပါဠိတော်နှင့်အရကောက် .... .... | ၈၃ |
| ၁၂၆။ | ကဗဠီကာရ အာဟာရသတ္တိ အထူးအပြား .... .... | ၈၃ |
| ၁၂၇။ | သဟပုရေမိဿကပါဠိတော် .... .... .... | ၈၄ |
| ၁၂၈။ | ပစ္ဆာဟာရမိဿကပါဠိတော် .... .... .... | ၈၅ |
| ၁၂၉။ | ပစ္ဆာဇာတိန္ဒြိယမိဿကပါဠိတော် .... .... .... | ၈၅ |
| ၁၃၀။ | ဒေသနာစဉ် ဟောပုံ .... .... .... | ၈၆ |
| ၁၃၁။ | မျိုးကွဲရှိသော ပစ္စည်းများ .... .... .... | ၈၇ |
| ၁၃၂။ | ပစ္စည်းအနုလုံ ဟောစဉ် .... .... .... | ၈၈ |


**သချာဝါရ**


| | | |
|---|---|---|
| ၁၃၃။ | သုဒ္ဓသချာဝါရ .... .... .... | ၉၀ |
| ၁၃၄။ | မိဿကသချာဝါရ .... .... .... | ၉၁ |
| ၁၃၅။ | သဘာဂရွေးပုံ .... .... .... | ၉၂ |
| ၁၃၆။ | သဘာဂပစ္စည်းရေ .... .... .... | ၉၃ |
| ၁၃၇။ | သဘာဂဆိုရိုး မှတ်ဖွယ် .... .... .... | ၉၅ |
| ၁၃၈။ | သဟာလတ်ချင်း သဘာဂဆိုရိုး .... .... .... | ၉၅ |
| ၁၃၉။ | သဟာလတ်နှင့်သဟာငယ် သဘာဂဆိုရိုး .... .... | ၉၆ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄၀။ | သချာထုတ်ရာ၌ သတိပြုဖွယ် .... .... .... | ၉၆ |
| ၁၄၁။ | သဟာကြီး(လတ်)တို့၏ သဘာဂပစ္စည်းရေ .... .... | ၉၇ |
| ၁၄၂။ | သဘာဂဃဋနာ အပြန်အလှန် ယူပုံ .... .... | ၉၇ |
| ၁၄၃။ | ဟေတုပစ္စည်း၏ သဘာဂ .... .... .... | ၉၈ |
| ၁၄၄။ | ဃဋနာသချာဝါရ .... .... .... | ၁၀၂ |
| ၁၄၅။ | ဃဋနာစိစစ်ချက် .... .... .... | ၁၀၃ |
| ၁၄၆။ | မိဿကဃဋနာ ၃၉-ချက် .... .... .... | ၁၀၄ |
| ၁၄၇။ | ဃဋနာအမည်မှည့်ပုံနှင့် ဆိုရိုး .... .... .... | ၁၀၉ |
| ၁၄၈။ | ပကိဏ္ဏကဃဋနာ ၆၄-ချက် .... .... .... | ၁၁၁ |
| ၁၄၉။ | သဟာကြီးလတ်ဃဋနာ ၅၇-ချက် .... .... .... | ၁၁၆ |
| ၁၅၀။ | သဟာငယ်ဃဋနာ ၂၅၅-ချက် .... .... .... | ၁၂၀ |
| ၁၅၁။ | သဟာငယ်ဃဋနာ ဆိုရိုး .... .... .... | ၁၂၃ |
| ၁၅၂။ | ပစ္စည်းတစ်ခုတစ်ခု၌ ရသင့်သောဃဋနာပေါင်း .... .... | ၁၂၅ |
| ၁၅၃။ | ဃဋနာမှ သဘာဂ ယူနည်း .... .... .... | ၁၂၆ |
| ၁၅၄။ | ပစ္စယုဒ္ဓါရ .... .... .... | ၁၃၀ |
| ၁၅၅။ | ပစ္စနီယာဒိ ပါဒသိက္ခာ .... .... .... | ၁၃၂ |
| ၁၅၆။ | သဘာဂပစ္စည်းချင်း နုတ်ပုံ .... .... .... | ၁၃၃ |
| ၁၅၇။ | ပစ္စနီယာဒိ သချာထုတ်ပုံ .... .... .... | ၁၃၈ |
| ၁၅၈။ | သချာထုတ်ရန် ဥပဒေသ .... .... .... | ၁၃၉ |
| ၁၅၉။ | ပစ္စည်း ပစ္စနိက် .... .... .... | ၁၄၂ |
| ၁၆၀။ | ပစ္စည်းအနုလောမ ပစ္စနိက် .... .... .... | ၁၄၆ |
| ၁၆၁။ | ပစ္စည်းပစ္စနီယာနုလောမ .... .... .... | ၁၄၈ |
| ၁၆၂။ | ပဉှာဝါရ ပစ္စည်းတွန်းပုံ .... .... .... | ၁၅၀ |

## ပစ္စယနိဒ္ဒေသ

| | | |
| --- | --- | --- |
| ၁၆၃။ | ဟေတုပစ္စည်းပါဠိတော်နှင့်အရကောက် .... .... | ၁၅၉ |
| ၁၆၄။ | ဟေတုသမ္ပယုတ္တကာနံ-ဟု ဟောရခြင်း .... .... | ၁၆၁ |
| ၁၆၅။ | စိတ္တဇရုပ်-ဟုသာ ခေါ်ရပုံ .... .... .... | ၁၆၁ |
| ၁၆၆။ | စိတ်က ပဝတ္တိကမ္မဇရုပ်အား သဟဇာတပစ္စည်း မတပ် .... | ၁၆၂. |
| ၁၆၇။ | ပဋိသန္ဓေစိတ်က ရုပ်ကို မဖြစ်စေနိုင် .... .... | ၁၆၂ |
| ၁၆၈။ | အာရမဏပစ္စည်း .... .... .... | ၁၆၃ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆၉။ | ယံ ယံ ဓမ္မ-စသည်ကို ဆက်ဟောရခြင်း .... .... | ၁၆၄ |
| ၁၇၀။ | အဓိပတိပစ္စည်း .... .... | ၁၆၄ |
| ၁၇၁။ | ဆန္ဒာဓိပတိ-စသည်ဖြင့် ဟောရခြင်း .... .... | ၁၆၅ |
| ၁၇၂။ | အနန္တရ(သမနန္တရ)ပစ္စည်း .... .... | ၁၆၆ |
| ၁၇၃။ | ယေသံ ယေသံ-စသည် ဟောရခြင်း .... .... | ၁၆၇ |
| ၁၇၄။ | ဒေသနာကို ချုံးထားရခြင်း .... .... | ၁၆၇ |
| ၁၇၅။ | သဟဇာတပစ္စည်း .... .... | ၁၆၈ |
| ၁၇၆။ | အညမညပစ္စည်း .... .... | ၁၆၉ |
| ၁၇၇။ | နိဿယပစ္စည်း .... .... | ၁၇၀ |
| ၁၇၈။ | ဥပနိဿယပစ္စည်း .... .... | ၁၇၁ |
| ၁၇၉။ | ကေသဋ္ဌိကို ထည့်ဟောရခြင်း .... .... | ၁၇၁ |
| ၁၈၀။ | အရဟတ္တမဂ် အရဟတ္တဖိုလ်က ကုသိုလ်အား ပကတူပနိဿယပစ္စည်း တပ်နိုင်ပုံ .... | ၁၇၂ |
| ၁၈၁။ | ပရမတ် ပညတ် ခွဲခြားချက် .... .... | ၁၇၂ |
| ၁၈၂။ | ဝိသဒ္ဒါဖြင့် ပေါင်းယူအပ်သော အနက် .... | ၁၇၂ |
| ၁၈၃။ | ပုဂ္ဂလသေနာသန-စသည်ကို ဟောရခြင်း .... | ၁၇၂ |
| ၁၈၄။ | ပကတူပ ထိုက်,မထိုက်သော ပညတ် .... | ၁၇၃ |
| ၁၈၅။ | ပုရေဇာတပစ္စည်း .... .... | ၁၇၃ |
| ၁၈၆။ | မနောဒွါရ၌လည်း အာရမဏပုရေဇာတကို ရနိုင်ပုံ | ၁၇၄ |
| ၁၈၇။ | မနောဒွါရ၌ ရထိုက်ပါလျက် အာပုကို မဟောရခြင်း | ၁၇၄ |
| ၁၈၈။ | သာဝသေသအားဖြင့် ဟောရခြင်း .... .... | ၁၇၄ |
| ၁၈၉။ | ပစ္ဆာဇာတပစ္စည်း .... .... | ၁၇၅ |
| ၁၉၀။ | ဌီသို့ရောက်မှ ပစ္ဆာဇာတ ရ .... .... | ၁၇၅ |
| ၁၉၁။ | အာသေဝနပစ္စည်း .... .... | ၁၇၆ |
| ၁၉၂။ | ကု,အကုတို့က ဗျာအား အာသေဝန မတပ်ရခြင်း.... | ၁၇၆ |
| ၁၉၃။ | ဝိပါက်ချင်းချင်း အာသေဝန မတပ်ရခြင်း .... | ၁၇၆ |
| ၁၉၄။ | ဝိပါက်၌ ထုံခြင်းသဘော မရှိပုံ .... .... | ၁၇၇ |
| ၁၉၅။ | ကမ္မပစ္စည်း .... .... | ၁၇၇ |
| ၁၉၆။ | နာနာက္ခဏိကကမ္မ၏ အကျိုးပေးရာကာလ .... | ၁၇၇ |
| ၁၉၇။ | ချုပ်သွားပြီးသောက်က အကျိုးပေးနိုင်ပုံ .... | ၁၇၈ |
| ၁၉၈။ | ဝိပါကပစ္စည်း .... .... | ၁၇၈ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၉။ | ဝိပါက်က ရုပ်အားကျေးဇူးပြုပုံကို မဟောရခြင်း .... .... | ၁၇၉ |
| ၂၀၀။ | အာဟာရပစ္စည်း .... .... .... | ၁၇၉ |
| ၂၀၁။ | အာဟာရ၏အရ ယူသင့်သော အာဟာရ .... .... | ၁၈၀ |
| ၂၀၂။ | ကဗဠီကာရော-ဟု ဟောရခြင်း .... .... .... | ၁၈၀ |
| ၂၀၃။ | ရုပ်အာဟာရ၏ ဇနက,ဥပတ္ထမ္ဘကသတ္တိ .... .... | ၁၈၀ |
| ၂၀၄။ | ဣန္ဒြိယပစ္စည်း .... .... .... | ၁၈၁ |
| ၂၀၅။ | ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့ ဣန္ဒြိယပစ္စည်း မတပ်ပုံ .... .... | ၁၈၁ |
| ၂၀၆။ | ဈာနပစ္စည်း .... .... .... | ၁၈၂ |
| ၂၀၇။ | ပဉ္စဝိညာဉ်၌ရှိသော ဝေဒနာ၏ ဈာနပစ္စည်း မတပ်ရခြင်း .... | ၁၈၂ |
| ၂၀၈။ | မဂ္ဂပစ္စည်း .... .... .... | ၁၈၂ |
| ၂၀၉။ | အဟိတ်စိတ်၌ရှိသော ဝိတက်-စသည်တို့၏ မဂ္ဂပစ္စည်း မတပ်ရခြင်း | ၁၈၂ |
| ၂၁၀။ | သမ္ပယုတ္တပစ္စည်း .... .... .... | ၁၈၃ |
| ၂၁၁။ | ဝိပ္ပယုတ္တပစ္စည်း .... .... .... | ၁၈၃ |
| ၂၁၂။ | ဝိပ္ပယုတ္တပစ္စည်း၌ ရူပါရုံ-စသည်တို့ကို မဟောရခြင်း .... | ၁၈၄ |
| ၂၁၃။ | ဝိပ္ပယုတ္တပစ္စည်း၌ ဝတ္ထုပုရေဇာတကို ဟောရခြင်း .... .... | ၁၈၄ |
| ၂၁၄။ | အတ္ထိ(အဝိဂတ)ပစ္စည်း .... .... .... | ၁၈၄ |
| ၂၁၅။ | နတ္ထိ(ဝိဂတ)ပစ္စည်း .... .... .... | ၁၈၅ |


## ပုစ္ဆာဝါရ


| | | |
|---|---|---|
| ၂၁၆။ | ပုစ္ဆာဝါရ ဟောနည်းပြ .... .... .... | ၁၈၇ |
| ၂၁၇။ | ပဋ္ဌာန်း ၂၄-ကျမ်း ရေတွက်ပုံ .... .... .... | ၁၈၉ |


## ဆဝါရ


| | | |
|---|---|---|
| ၂၁၈။ | ပါဒသိက္ခာ .... .... .... | ၁၉၀ |
| ၂၁၉။ | အနုလုံ သုဒ္ဓသင်္ချာ .... .... .... | ၁၉၂ |
| ၂၂၀။ | သုဒ္ဓသင်္ချာ-သရုပ်ခွဲ .... .... .... | ၁၉၄ |
| ၂၂၁။ | ဆဝါရ၌ အာဟာရဩဇာကိုသာ ယူရခြင်း .... .... | ၂၀၂ |
| ၂၂၂။ | ဆဝါရ၌ အာရမ္မဏပုရေဇာတကို မဟောရခြင်း .... .... | ၂၀၂ |
| ၂၂၃။ | ဆဝါရ အနုလုံ၌ ပစ္ဆာဇာတကို မဟောရခြင်း .... .... | ၂၀၂ |
| ၂၂၄။ | ပစ္စနိက် သုဒ္ဓသင်္ချာ .... .... .... | ၂၀၃ |
| ၂၂၅။ | သုဒ္ဓသင်္ချာ-သရုပ်ခွဲ .... .... .... | ၂၀၅ |

| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၆။ | ဆဝါရ သင်္ချာထုတ်ရာ၌ မှတ်ဖွယ် .... .... .... | ၂၀၉ |
| ၂၂၇။ | ဝိဘင်္ဂပါဠိတော် ဟောပုံ .... .... .... | ၂၀၉ |
| ၂၂၈။ | ဝါရ ၆-ပါး ဟောနည်းပြ .... .... .... | ၂၁၅ |
| ၂၂၉။ | ဆဝါရ အတ္ထယောဇနာ .... .... .... | ၂၁၅ |
| ၂၃၀။ | ဗာဟိယရုပ်, အာဟာရဇရုပ်, ဥတုဇရုပ် .... .... | ၂၁၆ |
| ၂၃၁။ | ပဝတ္တိကမ္မဇရုပ်ကို အသညသတ်ကမ္မဇရုပ်၌ ထည့်သွင်း၍ ဟောရခြင်း | ၂၁၆ |
| ၂၃၂။ | ဝိဘင်္ဂဝါရ အရကောက် .... .... .... | ၂၁၇ |
| ၂၃၃။ | ခန္ဓာဝါရ သဘော .... .... .... | ၂၂၀ |
| ၂၃၄။ | ခန္ဓာဝါရဖွဲ့ပုံ လမ်းညွှန် .... .... .... | ၂၂၁ |
| ၂၃၅။ | ပစ္စယဝါရ အရကောက် .... .... .... | ၂၂၇ |
| ၂၃၆။ | သုဒ္ဓသင်္ချာဝါရ .... .... .... | ၂၃၂ |
| ၂၃၇။ | ဒုကာဒိ သင်္ချာဝါရ .... .... .... | ၂၃၃ |
| ၂၃၈။ | အနုလုံ ဒုကာဒိ .... .... .... | ၂၃၅ |
| ၂၃၉။ | ပစ္စနိက် ဒုကာဒိ .... .... .... | ၂၃၆ |
| ၂၄၀။ | အနုလောမပစ္စနိက် ဒုကာဒိ .... .... .... | ၂၃၈ |
| ၂၄၁။ | ပစ္စနီယာနုလောမ ဒုကာဒိ .... .... .... | ၂၄၀ |
| ၂၄၂။ | ဆဝါရ ပစ္စည်းတွန်းပုံ နယစုံ .... .... .... | ၂၄၀ |
| ၂၄၃။ | ပဋိစ္စဝါရနှင့်တူပါလျက် သဟဇာတဝါရကို ထပ်ဟောရခြင်း ... | ၂၄၇ |


## နိဂုံး


၂၄၄။ ကျမ်းပြီး-နိဂုံး .... .... .... ၂၄၈

# ကျမ်းဦး–နိဒါန်း



ဝရံ ပတ္တာဝ ပဋ္ဌာန , ဝရံ ဝဋ္ဋိ ဝရေ ဇိနော၊
ဝဏ္ဏာပိ ဓာဝန္တိ ပဇ္ဇာ , ဝစိ ဒေတံ ဝရံစ မေ။

ဝရော–ပါရမီကဲလွန်, ဉာဏ်လည်းချွန်၍, အလွန်မြင့်မြတ်, တောင့်တအပ်သော၊ ယောဇိနော–ပါရမီဘုန်းဂုဏ်, ဉာဏ်စွမ်းဟုန်ဖြင့်, သူပုန်သူကန်, တွင်းပြင်မာရ်ကို, တွန်းလှန်ပယ်ရှား, အကြင်ရှင်တော်မြတ်ဘုရားသည်၊ ဝရံ–သချေ်လေးရပ်, တစ်သိန်းကပ်တိုင်, မြဲခိုင်တောင့်တ, ဖြည့်ကျင့်ရသည့်, လောကထွတ်ထား, သဗ္ဗညုဘုရားအဖြစ်သို့၊ ပတ္တာဝ–ပါရမီပြည့်ဝ, ဝီရိယပင့်မြှောက်, ဉာဏထောက်ကူ, ရောက်တော်မူပြီး၍သာလျှင်၊ ဝရေ–ခုနစ်ရက်ကြာ, ဘိမ္မာကို, နှုတ်လျှာမဟ, စိတ်ကတွင်တွင်, ဆင်ခြင်တော်မူရာ, ရတနာဃရ, မည်ရသင့်လျော်, ထူးကဲမွန်မြတ်လှသော ရတနာစံတော်အိမ်၌၊ ပဋ္ဌာနဝရံပိ–သိန့်အထူး, ဉာဏ်ညွှန့်ဖူးတို့, ကွန့်မြူးထိုက်တန်, ပဋ္ဌာန်းမြတ် တရားမွန်ကိုလည်း၊ အာဝဋ္ဋိ–ဘုရားဉာဏ်မြတ်, စွမ်းကုန်လွှတ်လျက်, သုံးသပ်ဆင်ခြင်တော်မူခဲ့လေပြီ၊ တဿ ဇိနဿ–ဆုံးမခြင်သာ, နည်းများစွာတို့, ဝေဆာပြည့်လျှမ်း, ပဋ္ဌာန်းကျမ်းကို, ခွဲခြမ်းဆင်ခြင်, ထိုဘုရားရှင်၏၊ ဝဏ္ဏာ–ညိုရွှေနီရောင်, ဖြူဖွေးရောင်နှင့်, မောင်းရောင်တစ်ချက်, ပြိုးပြိုးပြက်ဟု, မြူးထွက်ထင်ပေါ်, ခြောက်ပါးသော ရောင်ခြည်တော်တို့သည်၊ ဓာဝန္တိ–ဝဲယာရှေ့နောက်, ထက်အောက်တစ်ဖြာ, ကိုယ်အင်္ဂါမှ, ထွက်ခွာမနား, ဆက်ကာပွားလျက်, ဆယ်ပါးဒိသာ, ရပ်မျက်နှာသို့, လျှမ်းဖြာယှက်ဝေ, ပြေးသွားကွန့်မြူး၍ နေကြလေကုန်၏။

ယော ဓိနော–မိုက်လုံးကြီးထွား, တိတ္တိများကို, ဆန်းပြားဖုံဖုံ, ကိုယ်လုံးစုံမှ, ရေစုံ မီးစုံ, ယှက်ရုံထွက်ဖြာ, ပြာဋိဟာမျိုး, မြတ်တန်ခိုးဖြင့်, နှိမ်ချိုးပြီးနောက်, နတ်ပြည်ရောက်အောင်, ကွယ်ပျောက်ကြွသွား, အကြင်ရှင်တော်မြတ်ဘုရားသည်၊ ပစ္ဆာပိ–ခြောက်ဝါလွန်ကာ, ခုနစ်ဝါမြောက်, ဆိုက်ရောက်၍လာ, နောက်အခါ၌လည်း၊ ဝရေ–ကသစ်အောက်ရင်း, အမြဲခင်းသည့်, အဆင်းခေါင်ရန်း, နီရောင်သန်းလျက်, ထူးဆန်းညံ့နု, လဲဝါစုသို့, ပဏ္ဍုကမ္ဗလာခေါ်, မြင့်မြတ်သောနေရာတော်၌၊ ပဋ္ဌာနဝရံပိ–ခြင်္သေ့ဆီနှင့်, သိင်္ဂီရွှေခွက်, လိုက်လျောဖက်သို့, သွက်လက်လျင်လျား, နတ်နားဖြင့်သာ, ကြားနာသင့်ဘိ, အတိဝိတ္ထာ,အဘိဓမ္မာခေါ်မှတ်, ပဋ္ဌာန်းတရားတော်မြတ်ကိုလည်း၊အဝစိ–ရှိန်ဟုန်ပြင်းထန်, ရေတံခွန်နှင့်, မောက်သွန်အိုးလား, နှုတ်တော်ဖျားမှ, လျင်လျားထုတ်ဖော်, အဆက်မပြတ်, ဟောကြားတော်မူခဲ့လေပြီ၊ သော ဓိနော–တာဝတိံသာ, နတ်တို့ရွာဝယ်, အဘိဓမ္မာဟောကြား, ထိုရှင်တော်မြတ်ဘုရားသည်၊ အပစ္ဆာဝ–ရှည်လျားလွန်စွာ, အဘိဓမ္မာကို, မြတ်စွာရပ်ပွား, ဖန်ဆင်းထား၍, ဟောကြားစေရာ, မနှောင်းသောအချိန်အခါ၌ပင်လျှင်၊ ဝရေ–ဝန်းကျင်အနှံ့, မွှေးရနံ့တို့, သင်းပျံ့ထုံကြိုင်, ဂနိုင်သာမော, မြင့်မြတ်သော စန္ဒကူးတော၌၊ ပဋ္ဌာနဝရံပိ–နတ်ဗြဟ္မာ အား, လွန်ကျယ်ပွားအောင်, ဟောကြားပြီးလတ်, ပဋ္ဌာန်းတရားတော်မြတ်ကိုလည်း၊ အဝစိ–များမြန်အသိ, အားဉာဏ်ရှိသည့်, သာရိပုတ္တရာ, လက်ယာနေမှတ်, မထေရ်မြတ်အား, နည်းပေးဟောကြားတော်မူခဲ့လေပြီ။

ဝရောပိ–တစ်ထွာပြကာ တစ်လံမြင်, ဉာဏ်ပညာအရာတွင် ဧတဒဂ်ရ, မြင့်မြတ်အထက်တန်းကျလှသည့်, ရှင်သာရိပုတ္တရာ မထေရ်မြတ်ကလည်း၊ အပစ္ဆာဝ–ဗုဒ္ဓမြတ်စွာ, နတ်တို့ရွာဝယ်, အဘိဓမ္မာတရား, ဟောကြားနေရာ, မနှောင်းလှသော အချိန်အခါ၌ပင်လျှင်၊ ဝရေ–သင်္ကဿနဂရ, အထက်တန်းကျလှသော အဝိဇဟိတဌာန၌၊ ပဋ္ဌာနဝရံပိ–မကျဉ်းမကျယ်, အလယ်အလတ်, ပဋ္ဌာန်းတရားတော်မြတ်ကိုလည်း၊ အဝစိ–အဘိဓမ္မာ, ဒေသနာကို, ကြားနာအာရုံ, ရဖူးရုံဖြင့်, အထုံဝါသနာ, ပါရှိလာသည့်, ငါးရာထင်ရှား, တပည့်များကို, သနားငဲ့ညှာ, ဟောပြောသင်ပြခဲ့ပါပြီ။

ဝရော–အဘိဓမ္မာ, သာသနာပွားမှု, မျှော်တွေးရှုလျက်, ယခုထက်တိုင်, မြဲခိုင်ကြိုးစား, အဆက်ဆက်သော ဆရာမြတ်အများသည်ကား၊ ပစ္ဆာဝ–တာဝတိံသာ, နတ်တို့ရွာဝယ်, အဘိဓမ္မာတရား, ဟောကြားပြီးရာ, အချိန်အခါ၌သာလျှင်၊ ဝရေ–အဘိဓမ္မာ, သင်ရာကြီးငယ်, ထူးကဲမြင့်မြတ်လှသော စာသင်ခန်းမအလယ်၌၊ ပဋ္ဌာနဝရံပိ–ရှင်သာရိပုတ္တရာ, ဟောစဉ်လာဖြင့်, ဆက်ကာဆက်ကာ, ပို့ချလာသည့်, ဒေသနာမြတ်မွန်, ပဋ္ဌာန်းတရားတော်မှန်ကိုလည်း၊ အဝစိ–ရှင်းလင်းသိလွယ်, မိပ္ပာယ်

စုံလင်, တန်ဆာဆင်လျက်, အဆန်းထွင်နည်းစနစ်တို့ဖြင့်, အားသစ်ပို့ချ၍ လာခဲ့ကြလေပြီ။

အယ်–ဟောဖော်ဘုရား, ဟောတရားနှင့်, သင်ကြားသံဃာ, ဤသုံးပါးသောရတနာသည်၊ မေ–ပဋ္ဌာန်းတရား, သိထင်ရှားဖို့, ကြိုးစားရည်မျှော်, ဘုရားတပည့်တော်အား၊ ဝရံ–ကိုယ်ပ ကိုယ်တွင်း, ဘေးရန်ရှင်း၍, ပြောင်ဝင်းပညာ, ထက်မြက်လာမည့်, အောင်ရာအောင်မှု, အောင်ကြောင်းဆုကိုလည်းကောင်း၊ ပဋ္ဌာနဝရံ–ရုပ်နာမ်ရောယှက်, ပစ္စည်းဆက်လျက်, ဖြစ်ပျက်နေဟန်, ပြည့်နှံ့ထပ်ထပ်, ပဋ္ဌာန်းတရားတော်တည်းဟူသော ဆုလာဘ်ကိုလည်းကောင်း၊ ဒေတံ–စာသင်ခန်းရိပ်မြုံမှ, နိဗ္ဗာန်ဘုံအမြန်ရောက်အောင်, စောင့်ရှောက်ကောင်းစွာ, ပေးသနားတော်မူပါစေသတည်း။

**သိန့်အထူး ဉာဏ်ညွှန့်ဖူး**

ဗုဒ္ဓမြတ်စွာသည် ခိုင်မြဲသောအဓိဋ္ဌာန်, လွန်ကဲသော ဝီရိယတို့ဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရဖို့ရန်အတွက် ဒီပင်္ကရာ ရှင်တော်မြတ်ဘုရား၏ ခြေတော်ရင်းမှစတင်ကြိုးပမ်းလာခဲ့ပါသည်၊ ယင်းသို့ သဗ္ဗညုတဉာဏ်တော်ကို ရလိုခြင်းမှာလည်း ကိုယ်ကျိုးကိုယ်စီးပွားအတွက် မဟုတ်ပါ၊ ကိုယ်ကျိုးကိုယ်စီးပွားအတွက်သာဆိုပါလျှင် ဒီပင်္ကရာ ဘုရားရှင်၏ တပည့်သားတစ်ဦးအနေဖြင့် နိဗ္ဗာန်ရိပ်မြုံသို့ ခိုလှုံဝင်စံရန်သာ ရှိပါတော့သည်။

ဗုဒ္ဓမြတ်စွာသည် သံသရာဝဲစလုတ်မှာ နစ်မြုပ်မျောပါး, သတ္တဝါများကို ရင်ဝယ်ရသားပမာ သနားငဲ့ညှာတော်မူသည်၊ ကောင်းစွာပိုင်ပိုင်,ကယ်တင်နိုင်မည့်အရေးကိုသာ မျှော်တွေးတော်မူပါသည်။

> "သဗ္ဗညုတဉာဏ်တော်ကို မပိုင်က သတ္တဝါတွေကို မကယ်တင်နိုင်၊
> သဗ္ဗညုတဉာဏ်တော်ကို ပိုင်မှသာ သတ္တဝါတွေကို ကယ်တင်နိုင်မည်"။

ဤအကြောင်းအရာသည် ဗုဒ္ဓမြတ်စွာ၏ နှလုံးအိမ် အကြည်ဓာတ်မှာ ကောင်းစွာထင်ဟပ်နေတော့သည်၊ ထိုအချိန်အခါမှစ၍ သဗ္ဗညုတဉာဏ်တော်ကို ရပါမည့်အကြောင်း ပါရမီတော်တို့ကို ဆည်းပူးစုဆောင်းလာခဲ့ပါသည်၊ သဗ္ဗညုတဉာဏ်တော်အတွက်သာ ဆိုပါလျှင် အသက်အသေခံရန်ပင် ဝန်မလေးတော့ပါ၊ ဗုဒ္ဓမြတ်စွာ၏ ကိုယ်နှင့်အသက်သည် သဗ္ဗညုတဉာဏ်တော်ကို ရရန်အတွက် အရင်းအနှီး ပစ္စည်းဥစ္စာမျှသာ ဖြစ်ပါတော့သည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် ယခုခေတ် သူတော်ကောင်းတို့ ပြုလုပ်နိုင်မည်မှာ ဝေလာဝေး, စိတ်ထဲက ကြံတွေးရုံမျှဖြင့်ပင် ရင်လေးဖွယ်ရာဖြစ်သော ပါရမီဆယ်ပါး

အပြားသုံးဆယ်တို့ကို ဆည်းပူးစုဆောင်းတော်မူရင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှသော ဘဝသံသရာ ခရီးကြမ်းကို ဖြတ်သန်းလာခဲ့ရပါသည်၊ သို့သော် စိတ်ပျက်အားယုတ်, တွန့်ဆုတ်သော အမူအရာကိုမျှ မပြခဲ့ပါ၊ တစ်ဘဝထက်တစ်ဘဝ ဆထက်ထမ်းပိုး တိုး၍ တိုး၍သာ ပါရမီတော်တို့ကို ဖြည့်ကျင့်လာခဲ့ပါသည်၊ ပါရမီတော်က ရင့်လာသလောက် ဉာဏ်ဒီဂရီကလည်း မြင့်မောက် မြင့်မောက်၍သာ တက်လာပါတော့သည်။

ဤသို့ ပါရမီတော်တို့ကို ဖြည့်ကျင့်ရင်း ဗောဓိပင်နှင့် ရွှေပလ္လင်သို့ ဆိုက်ရောက်လာပါတော့သည်၊ "ဘုရားမဖြစ်သမျှ ဤနေရာမှ ငါမထတော့ပြီ"ဟု ခိုင်မြဲစွာ အဓိဋ္ဌာန်ပြုလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည်၊ ကောင်းစွာရင့်ကျက် "ပါရမီတော်"တည်းဟူသော လက်နက်ဖြင့် ဒေဝပုတ္တမာရ်, အပြင်ရန်ကို, တွန်းလှန်သုတ်သင်, နေမဝင်ခင်ပင်, အောင်မြင်တော်မူသည်၊ စံချိန်ကိုက်ညီ ဒီဂရီမြင့်တက် "ဉာဏ်ပညာ"တည်းဟူသော လက်နက်ဖြင့် တရားသဘော, နှစ်နှောသက်ဝင်, ဆင်ခြင်သုံးသပ်သည့်အခါမှာ ကိလေသာမာရ်, အတွင်းရန်ကိုလည်း, ပယ်လှန်သုတ်သင်, အောင်မြင်တော်မူပြန်သည်။

ယင်းသို့ အပြင်ရန်, အတွင်းရန်တို့ကို တွန်းလှန်ပယ်နှင်, အောင်မြင်တော်မူပြီးသော ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဉာဏ်တော်ကိုလည်း ရရှိပိုင်ဆိုင်လာပါတော့သည်၊ ယင်းသဗ္ဗညုတဉာဏ်တော်ဖြင့် ကမ္ဘာလောကဝယ် သိမြင်ဖွယ်ရာ ဟူသမျှကို တစ်စမချန် အမှန်ကုန်စင်, သိမြင်တော်မူနိုင်သည်၊ သိမြင်တော်မူသည့်အလိုက် ဟောထိုက်သောအပြား, တရားပြင်ဆင်နည်း, အမျိုးမျိုးတို့ကိုလည်း သိမြင်တော်မူနိုင်သည်၊ ဝေနေယျသတ္တဝါတို့၏ အလိုအဇ္ဈာသယနှင့် စွဲလမ်းမှု-စသည်တို့ကိုလည်း ခွဲခြမ်းစုံလင်, သိမြင်တော်မူနိုင်သည်။

မျှော်မှန်းလာခဲ့သည့်အတိုင်း မဆိုင်းမတွပင် သတ္တဝါများကို ကယ်တင်နိုင်ပေတော့မည်၊ ဗုဒ္ဓမြတ်စွာ၏ ကြိုးပမ်းအားထုတ်မှုသည် မှန်းခြေဆိုက်ရောက်, ယခုမှပင် အောင်မြင်ထမြောက်လာပါတော့သည်၊ ကြောင်းမျိုးအလျောက် ကောင်းကျိုးရောက်လာရခြင်းပေတည်း၊ ဗုဒ္ဓမြတ်စွာ၏ ကျေနပ်အားရမှုမှာ ပြောပြနိုင်ဖွယ်ရာပင် မရှိတော့ပါ၊ ဝမ်းသားလွန်း၍ ဥဒါန်းစကား မြွက်ကြားရသည်အထိ ဖြစ်ရပါဘိသည်၊ ဗုဒ္ဓမြတ်စွာသည် ထိုးထွင်းသိမြင်ပြီးသော သဗ္ဗညုတဉာဏ်ကို ဆင်ခြင်တော်မူလျက် ၇-ရက်ပတ်လုံး တစ်ခုတည်းသော ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေ သီတင်းသုံးနေတော်မူပါတော့သည်။

## ရတနာစံအိမ် ရောင်ဝင်းထိန်

ယင်းသို့ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူရာမှ ထတော်မူပြီးလျှင် "ငါသည် ဤပလ္လင်တော်မှာပင် သဗ္ဗညုတဉာဏ်တော်ကို ရအပ်ခဲ့ပေပြီတကား"ဟု စိတ်ထား ကြည်လင် ဆင်ခြင်တော်မူလျက် မှိတ်ခြင်းမရှိ ပကတိငြိမ်သက်သော မျက်လုံးတော် တို့ဖြင့် ၇-ရက်ပတ်လုံး ပလ္လင်တော်ကို ရှုစားလျက် ရပ်နေတော်မူပြန်သည်။

ယင်းသို့ ရပ်နေတော်မူသည်ကို တွေ့ရသည့်အခါ "သိဒ္ဓတ္ထမင်းသားသည် ယခုတိုင် ပလ္လင်တော်၌ ငြိကပ်တွယ်တာနေဆဲပင် ဖြစ်သည်၊ ပြုဖွယ်ကိစ္စ ရှိသေး လေယောင်တကား"ဟု နတ်ဗြဟ္မာများမှာ ယုံမှားသံသယ ဖြစ်ပေါ်လာသည်၊ ဗုဒ္ဓ မြတ်စွာသည် ယင်းသံသယကို ပယ်ဖျောက်ဖို့ရန် ကောင်းကင်ယံသို့ ပျံတက်လျက် ရေမီးအစုံအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူသည်၊ ကောင်းကင်ယံမှ ပြန်ကြွသက်ဆင်းတော်မူပြီးသည့်နောက် ပလ္လင်တော်နှင့် ရပ်နေခဲ့ရာ အရပ်၏ အလယ်၌ ၇-ရက်ပတ်လုံး စင်္ကြံကြွတော်မူသည်၊ ဤ ၂၁-ရက်အတွင်းဝယ် မည်သည့်နေရာမှာမှ ရောင်ခြည်တော်များ မထွက်ပေါ် မကွန့်မြူးသေးပါ။

ဗုဒ္ဓမြတ်စွာသည် ၄-ခုမြောက်သော သတ္တာဟ၌ ရတနာစံအိမ်တော်မှာ ထိုင်နေ သီတင်းသုံးနေတော်မူသည်၊ ရတနာတို့ဖြင့် မွမ်းမံခြယ်လှယ် အဆန်းတကြယ် ဆောက်လုပ်ထားသောကြောင့် "ရတနာစံအိမ်"ဟု ဆိုရသည် မဟုတ်ပါ၊ အမှန်မှာမူ အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်ရာဌာနဖြစ်သောကြောင့်သာ "ရတနာစံအိမ်"ဟု ဆိုရပါသည်။

ဗုဒ္ဓမြတ်စွာသည် ယင်းရတနာစံအိမ်တော်မှာ ထိုင်လျက် ဓမ္မသင်္ဂဏီကျမ်း ကိုလည်း ဆင်ခြင်သုံးသပ်တော်မူသည်၊ ဝိဘင်းကျမ်းကိုလည်း ဆင်ခြင်သုံးသပ် တော်မူသည်၊ ဓာတုကထာကျမ်းကိုလည်း ဆင်ခြင်သုံးသပ်တော်မူသည်၊ ပုဂ္ဂလ ပညတ်ကျမ်းကိုလည်း ဆင်ခြင်သုံးသပ်တော်မူသည်၊ ကထာဝတ္ထုကျမ်းကိုလည်း ဆင်ခြင်သုံးသပ်တော်မူသည်၊ ယမိုက်ကျမ်းကိုလည်း ဆင်ခြင်သုံးသပ်တော်မူသည်၊ မည်သည့်ကျမ်းကို ဆင်ခြင်သုံးသပ်သည့်အခါမှာမှ ရောင်ခြည်တော်များ ထွက်ပေါ် ကွန့်မြူး၍ မလာကြပါ၊ ထို့နောက် ပဋ္ဌာန်းကျမ်းကို ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်သုံး သပ်တော်မူပြန်သည်၊ ထိုအခါကျမှသာ ဗုဒ္ဓမြတ်စွာ၏ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူး၍ လာကြပါတော့သည်။

ဆံတော် မုတ်ဆိတ်တော်နှင့် မျက်လုံးတော်တို့၏ ညိုသောအရပ်တို့မှ ညိုသော ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးလာကြသည်၊ ယင်းရောင်ခြည်တော်တို့၏ စွမ်းအင်သတ္တိကြောင့် ကောင်းကင်ပြင်တစ်ခုလုံးသည် မျက်စဉ်းညိုမှုန့်တို့ဖြင့် ရောပြွမ်း နေသလို ဖြစ်နေသည်။

အရေတော်နှင့် မျက်လုံးတော်တို့၏ ဝါရွှေသောအရပ်တို့မှ ဝါရွှေသောရောင်ခြည်တော်များသည် ထွက်ပေါ်ကွန့်မြူးလာကြသည်၊ ယင်းရောင်ခြည်တော်တို့၏ စွမ်းအင်သတ္တိကြောင့် အရပ် ၁၀-မျက်နှာ အဖို့အစုတို့သည် ရွှေရည်အလျှဉ်တို့ဖြင့် သွန်းဖျန်းထားသလို တင့်တယ်တောက်ပ၍ နေကြသည်။

အသားတော် အသွေးတော်များနှင့် မျက်လုံးတော်တို့၏ နီသောအရပ်များမှ နီသောရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးလာကြသည်၊ ယင်းရောင်ခြည်တော်တို့၏ အရှိန်အဝါကြောင့် အရပ် ၁၀-မျက်နှာ အဖို့အစုတို့သည် လယ်ခေါင်ရန်းပန်း, ပင်လယ်ကသစ်ပန်း, မိုးဗွေပန်းတို့ဖြင့် ထက်ဝန်းကျင် ရောပွမ်းနေသလို တင့်တယ်တောက်ပနေကြသည်။

အရိုးတော် သွားတော်များနှင့် မျက်လုံးတော်တို့၏ ဖြူဖွေးသော အရပ်များမှ ဖြူဖွေးသော ရောင်ခြည်တော်များ ထွက်ပေါ်ကွန့်မြူးလာကြသည်၊ ယင်းရောင်ခြည်တော်တို့၏ အရှိန်အဝါကြောင့် အရပ် ၁၀-မျက်နှာ အဖို့အစုတို့သည် သင်းခွေပန်း, မြတ်လေးပန်း, စပယ်ပန်း-စသည်တို့ဖြင့် လွှမ်းဖုံးထားသလို တင့်တယ်တောက်ပြောင်ကျက်သရေဆောင်လျက် နေကြလေတော့သည်။

မောင်းသောရောင်ခြည်တော်နှင့် ပြိုးပြိုးပြက်ပြက် ထွက်သော ရောင်ခြည်တော်တို့သည် ထိုထိုသော ကိုယ်၏အစိတ်အပိုင်းတို့မှ ထွက်ပေါ်ကွန့်မြူး၍ နေကြလေတော့သည်။

ဤရောင်ခြည်တော်ခြောက်သွယ်တို့သည် ဝဲယာရှေ့နောက် ထက်အောက်ဒိသာ အရပ် ၁၀-မျက်နှာတို့သို့ ပြေးလွှားကွန့်မြူး၍ နေကြလေတော့သည်၊ အရပ် ၁၀-မျက်နှာလုံးသည် ဗုဒ္ဓမြတ်စွာ၏ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် လွှမ်းဖုံးဝေဆာ ရောယှက်ဖြာလျက် လွန်စွာပင် တင့်တယ်တောက်ပ၍ နေကြလေတော့သည်၊ ကမ္ဘာ့တန်ဆာ နေလနက္ခတ်တာရာတို့ပင်လျှင် ကြည်လင်ရွှန်းတင့် မိမိတို့၏အရောင်အဝါဖြင့် ထွန်းလင်းတောက်ပခွင့်ကို မရနိုင်တော့ချေ။

## ရောင်ကွန့်မြူးဟန် သဘောမှန်

ဤတန်ခိုးတော်သည် ဘုရားရှင်၏ အဓိဋ္ဌာန်ခြင်းကြောင့်ဖြစ်သော တန်ခိုးတော်မဟုတ်ပါ၊ ဘာဝနာအစွမ်းကြောင့်ဖြစ်သော တန်ခိုးတော်လည်း မဟုတ်ပါ၊ အမှန်မှာမူ အစွမ်းထက်မြက်လှသော သဗ္ဗညုတဉာဏ်တော်ဖြင့် ကျယ်ပြန့်နက်နဲ ခက်ခဲလှသော သမန္တပဋ္ဌာန်းကျမ်းကို နိုက်နိုက်ချွတ်ချွတ် အလိုရှိတိုင်း ဆင်ခြင်သုံးသပ်တော်မူသည့်အခါ အထက်ဆုံးသော ဉာဏ်တော်စွမ်းအင်သည် အခက်ဆုံးသောပဋ္ဌာန်းကျမ်းတွင်သာ အသွက်လက်ဆုံး ခွဲခြမ်းစိတ်ဖြာလျက် အစွမ်းကုန်ကျက်စားကွန့်မြူး

ခွင့်ကို ရရှိပါတော့သည်၊ ဘုရားဉာဏ်တော်အထက်နှင့် တရားမွန်အခက်တို့ လိုက်ဖက် ညီမျှ နီးနှော စပ်ဟပ်မိကြသည်၊ တရားမွန်က ခက်လာ နက်လာသလောက် ဘုရား ဉာဏ်ကလည်း ထက်လာ သွက်လာရတော့သည်၊ ဉာဏ်တော်က ထက်လာ သွက်လာ ရွှင်လာသည့်အခါမှာ ယှဉ်ဖက်စိတ်အစဉ်မှာ ကြည်လင်လာရပါသည်၊ စိတ်ကြည်လင် လာသည့်အတွက် စိတ်နှင့်ဆက်သွယ်ဖြစ်ပွားနေကြသော သွေးတော်များ, ဟဒယ ဝတ္ထုရုပ်များလည်း ကြည်လင်လာရပါသည်၊ အရေတော်, အဆင်းတော်ကလည်း အစွမ်းကုန်သန့်ရှင်း ကြည်လင်ပြောင်ဝင်းလာရပါတော့သည်။

ဤအဆင်းတော်သည် စိတ်ကြောင့်ဖြစ်သော အဆင်းတော်ဖြစ်သည်၊ စိတ်ကြောင့် ဖြစ်သော အဆင်းတော်ဟူသည်မှာလည်း ကိုယ်ခန္ဓာမှ အပြင်အပသို့ တစ်ဆံချည်မျှ ထွက်ရိုးမရှိပါ၊ သို့သော် ယင်းစိတ်တော်ကြောင့်ဖြစ်သော အဆင်းဓာတ်တွင် "ဥတု" ဟူသော တေဇောဓာတ် ပါဝင်လာပါသည်၊ ယင်းဥတုက တစ်ဖန် အဆင်းရုပ်ကို ဆက်လက်ဖြစ်စေပြန်သည်၊ ယင်းဥတုကြောင့်ဖြစ်သော အဆင်းရုပ်အပေါင်းတွင် လည်း ဥတုပါဝင်လာပြန်သည်၊ ယင်းဥတုကလည်း အလားတူပင် အဆင်းရုပ်ကို ထပ်ဆင့်ဖြစ်စေပြန်သည်၊ ဤသို့ စိတ္တဇအဆင်းဓာတ်ကို အခြေခံလျက် ဥတုဇအဆင်း ရုပ်များ အဆင့်ဆင့် ဖြစ်ပွားလာသောအခါ ယင်းဥတုဇအဆင်းတော် ရောင်ခြည်တော် တို့သည် ထိန်ကြည်ဝင်းလျှပ် တဖျတ်ဖျတ် လွန့်လူးလျက် ယနေ့တိုင် ပြေးသွားကွန့် မြူး၍ နေကြပါတော့သည်။

## သင်မကုန်ပါ ဘိဓမ္မာ

ဤသို့ ရတနာစံအိမ်တော်ဝယ် ၇–ရက်ပတ်လုံး စိတ်တော်ဖြင့် ကြံစည်အပ်, ဆင်ခြင်သုံးသပ်အပ်သော အဘိဓမ္မာဒေသနာတော်သည် ပိုင်းခြားမထင် အလွန်ပင် ကျယ်လှပါသည်၊ နှိုင်းယှဉ်တိုင်းတာ၍ မရနိုင်အောင်ပင် များပြားလှပါသည်၊ ဤဒေသနာတော်သည် စိတ်တော်၌ဖြစ်သော မာနသဒေသနာတော်မျှသာ ဖြစ်ပါ သည်၊ ဤဒေသနာတော်ကို နှုတ်တော်ဖြင့် ဟောမည်ဆိုပါက ဗုဒ္ဓမြတ်စွာကသာ ပြီးဆုံးအောင်ဟောနိုင်ဖွယ်ရာ ရှိပါသည်၊ ဗုဒ္ဓမြတ်စွာမှတစ်ပါး အခြားမည်သူတစ်ဦး တစ်ယောက်ကမျှ ပြီးဆုံးအောင် ဟောကြားနိုင်ဖွယ်ရာ မရှိပါ။

တစ်ဖန် ဗုဒ္ဓမြတ်စွာသည် ၆–ဝါအလွန် ၇–ဝါမြောက် ရောက်သောကာလ တာဝတိံသာနတ်ပြည်သို့ကြွ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းကျင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ ထိုင်တော်မူလျက် တဟုန်ထိုး စီးဆင်းနေသော ရေတံခွန်ကဲ့သို့လည်းကောင်း, ရေအိုးကို မှောက်၍သွန်သကဲ့သို့လည်းကောင်း ဝါတွင်း ၃–လပတ်လုံး အဘိဓမ္မာဒေသနာတော်ကို အဆက်မပြတ် ဟောကြားတော်မူပါသည်၊

ဤအဘိဓမ္မာဒေသနာတော်သည်လည်း ဆုံးစမထင် အလွန်ပင်ကျယ်ပါသည်၊ နှိုင်းယှဉ်တိုင်းတာ၍ မရနိုင်လောက်အောင်ပင် များပြားပါသည်၊ ဤဒေသနာတော်သည်ကား နှုတ်မြွက်ဟောကြားအပ်သော ဝစီဘေဒဒေသနာတော် ဖြစ်ပါသည်၊ ဤဒေသနာတော်ကိုလည်း ဗုဒ္ဓမြတ်စွာမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပြီးဆုံးအောင် ဟောကြားသင်ယူနိုင်ဖွယ်ရာ မရှိပါ။

အရှင်အာနန္ဒာသည် များသောသုတရှိသည်၊ ပိဋကတ် ၃–ပုံကို နှုတ်ငုံဆောင်နိုင်သည်၊ ဂါထာပေါင်း တစ်သောင်း ငါးထောင်ကို ဣရိယာပုတ်မပြောင်းလဲဘဲ ကိုယ်တိုင်လည်း သင်ယူနိုင်သည်၊ သူတစ်ပါးအားလည်း ပို့ချပေးနိုင်သည်၊ ဟောလည်း ဟောပြောနိုင်သည်၊ ဤမျှလောက်သော ဂါထာပေါင်း တစ်သောင်း ငါးထောင်သည် ရှင်အာနန္ဒာအတွက် တစ်ကြိမ်ရွတ်မျှသာ ဖြစ်သည်၊ ယင်းဂါထာပေါင်း တစ်သောင်း ငါးထောင်၏ ပမာဏမှာ မသေးငယ်လှပါ၊ ယခုခေတ် ပိဋကတ်စာအုပ်ဆိုက်ဖြင့် တွက်စစ်ကြည့်ပါလျှင် စာမျက်နှာတစ်ထောင်ခန့် ရှိပါလိမ့်မည်။

အရှင်အာနန္ဒာအား ဘုရားမှတစ်ပါး မည်သူကမျှ ပုဒ်စဉ်အတိုင်း မီအောင် သင်မပေးနိုင်ပါ၊ ဘုရားရှင်ကသာ သင်ပေးနိုင်ပါသည်၊ အရှင်အာနန္ဒာသည် သို့ကလောက် နှုတ်လျှာသွက်လက်တော်မူသည်၊ လွန်ကဲသောသတိရှိသည်၊ လွန်ကဲသော ဉာဏ်ရည်ဉာဏ်သွား ရှိသည်၊ လွန်ကဲသော လုံ့လဝီရိယ ရှိသည်။

ယင်းအရှင်အာနန္ဒာလို ပုဂ္ဂိုလ်မျိုးသော်မှ ဗုဒ္ဓမြတ်စွာက ဝါတွင်း ၃–လ ပတ်လုံး ဆက်တိုက်ဟောမှ ပြီးဆုံးသော အဘိဓမ္မာဒေသနာတော်ကို နှစ်အရာ နှစ်အထောင် သင်ယူပါသော်လည်း ဆုံးခန်းတိုင်မြောက် ပြီးစီးခြင်းသို့ မရောက်နိုင်စေရာသည် သာတည်း။

## ၃–လ ဟောကြား ဘာ့ကြောင့်များ

သာမန်အနေအားဖြင့် စဉ်းစားပါမူ "ဝါတွင်း ၃–လမျှ ဟောကြားအပ်သော တရားတော်သည် အဘယ်မှာလျှင် ဤမျှရှည်လျား များပြားနိုင်မည်နည်း ?၊ အဘယ်မှာလျှင် အနန္တ အပရိမာဏဖြစ်နိုင်ဖွယ်ရာ ရှိပါမည်နည်း ?"ဟု မှတ်ထင်ဖွယ်ရာ ရှိပါသည်၊ သို့သော်– ဤကဲ့သို့ကား မမှတ်ထင်သင့်ပါ၊ ဗုဒ္ဓမြတ်စွာ၏ ကိစ္စကို သာမန်လူသားတို့၏ကိစ္စနှင့် မနှိုင်းယှဉ်သင့်ပါ၊ ဗုဒ္ဓမြတ်စွာသည် သာမန်လူတို့ထက် အဖက်ဖက်မှ သာလွန်ပါသည်၊ ထူးခြားပါသည်၊ မြန်မာများ စကားတစ်ခွန်းပြော ချိန်မှာ ကျေးကုလားတို့က ၄–ခွန်းပြောနိုင်သည်၊ ကျေးကုလားတို့ စကားတစ်ခွန်းပြော ချိန်မှာ ရှင်အာနန္ဒာက ၈–ခွန်းပြောနိုင်သည်၊ ရှင်အာနန္ဒာက တစ်ခွန်းပြောချိန်မှာ

ဗုဒ္ဓမြတ်စွာက ၁၆–ခွန်းပြောနိုင်ပါသည်၊ ထို့ကြောင့် မြန်မာများ စကားတစ်ခွန်းပြောချိန်မှာ ဗုဒ္ဓမြတ်စွာက (၅၁၂)ငါးရာတစ်ဆယ့်နှစ်ခွန်းပြောပြီး ဖြစ်ပါလိမ့်မည်။

"လောကိယဇနဿ ဧကပဒုစ္စာရက္ခဏေ ဘဂဝါ အဋ္ဌဝီသ သတပဒါနိ ကထေသိ= လောကီလူသားတို့ တစ်ပုဒ်ရွတ်ချိန်မှာ ဘုရားရှင်က (၁၂၈)တစ်ရာနှစ်ဆယ့်ရှစ်ပုဒ်ကို ဟောပြီး ရွတ်ပြီး ဖြစ်ပါတော့သည်"ဟု သာရတ္ထဒီပနီဋီကာ (ဒု–၃၁)မှာ မိန့်ဆိုထားပါသည်၊ သို့သော် သာရတ္ထဒီပနီဋီကာဆရာသည် သီဟိုဠ်တိုင်းရင်းသား ဖြစ်သည်၊ သီဟိုဠ်တိုင်းရင်းသားတို့ကို ရည်ရွယ်၍သာ "လောကိယဇနဿ"ဟု မိန့်ဆိုထားခြင်း ဖြစ်ပါသည်၊ မြန်မာတိုင်းရင်းသားတို့ကို ရည်ရွယ်၍ မိန့်ဆိုထားသည် မဟုတ်ပါ၊ ယင်း သီဟိုဠ်တိုင်းရင်းသား ကျေးကုလားတို့သည်လည်း မြန်မာများထက် စကား ၄–ဆခန့်မြန်သည်၊ မြန်မာများ စကားတစ်ခွန်းပြောချိန်မှာ သီဟိုဠ်ကျေးကုလားများက ၄–ခွန်းပြောဆိုနိုင်သည်၊ ဤသို့ နှလုံးသွင်းတော်မူ၍ "အသက်ရှိဆန်း, လူဗိုလ်ဝန်းတို့, တစ်ခွန်းဟခါ, ကျေးတို့မှာလျှင်, လျင်စွာလေးဆ, ရွရွပီထွေ, ဆိုနိုင်လေ၏"ဟု ဓမ္မရာသီပျို့ဆရာ မိန့်ဆိုထားပါသည်၊ ထို့ကြောင့် ဤနေရာ၌ ဤဆောင်ပုဒ်ကဗျာကို ဆိုအပ်ပေသည်။—

လူတစ်ခွန်း–လေးခွန်းမျှ ကျေးတို့မှာ၊
ကျေးရှစ်ပြန်–အာနန်မြတ်ငယ်, ဟောရွတ်ပီစွာ။
အာနန်ဟ–တစ်ခွန်းမှာ, မြတ်ဗုဒ္ဓါဆဲ့ခြောက်၊
တစ်ခွန်းလူ–ဗုဒ္ဓမူ ငါးရာဖြစ်တော့တယ်, ဆဲ့နှစ်ထပ်လျောက်။

ဤထူးခြားချက်မှာ တန်းခိုးတော်ကြောင့် ဖြစ်ရသည်မဟုတ်ပါ၊ ဘဝများစွာ ဖြည့်ကျင့်လာခဲ့သော ပါရမီတော်ကြောင့်သာ ဖြစ်ရပါသည်၊ ဘုရားရှင်တို့၏ဘဝင်ဖြစ်ပုံမှာ အလွန်လျင်မြန်ပါသည်၊ ဝီထိတစ်ခုနှင့်တစ်ခုတို့၏ အကြားအကြားမှာ ဘဝင်များများ မခြားဘဲ တစ်ကြိမ်,နှစ်ကြိမ်ဖြစ်ရုံမျှဖြင့် ကိစ္စပြီးနိုင်သည်၊ နှုတ်ခမ်းတော်အစုံလည်း ကောင်းစွာထိသည်၊ စေ့စပ်သည်၊ ခံတွင်းတော်ကလည်း ပြေပြစ်ညက်ညောသည်၊ လျှာတော်ကလည်း နူးညံ့သည်၊ အသံတော်မှာ ချိုသာသည်၊ စကားလုံးတော်က လျင်မြန်သွက်လက်သည်။

ထို့ကြောင့် ဘုရားရှင်တို့သည် ဆွမ်းဘုဉ်းပေးပြီးချိန်မှာ ဟောကြားတော်မူသော ဆွမ်းအနုမောဒနာ တရားသည်ပင်လျှင် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်ပမာဏရှိနိုင်သည်၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်လောက် ရှည်လျားသည်၊ ညနေဘက်ရောက်လာသော ပရိသတ်အား ဟောကြားအပ်သော တရားတော်သည် သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်တစ်ခုနှင့် ညီမျှသည်၊ ဤမျှ တိုတောင်းသောခဏ၌

ဟောကြားအပ်သော တရားတော်သော်မှ ဤမျှအတိုင်းအရှည် ရှိပါက ဝါတွင်း ၃-လပတ်လုံး အဆက်မပြတ် ဟောကြားတော်မူအပ်သော အဘိဓမ္မာတရားတော်သည် အဘယ်မှာလျှင် အနန္တ အပရိမာဏမဖြစ်ဘဲ ရှိရတော့မည်နည်း၊ ဧကန်ပင် ဖြစ်ရတော့မည်သာ။

ထို့ပြင် ဆိုဖွယ်ရှိပါသေးသည်၊ ချိန်ထိုးပြဆိုခဲ့ပြီးသော အမြန်စံချိန်နှုန်းမှာ လူတို့အား ဟောကြားသော စံချိန်နှုန်းမျှသာ ဖြစ်ပါသည်၊ ဤစံချိန်နှုန်းထက် မြန်ပါလျှင် လူတို့နားဖြင့် နာခံမှတ်သားနိုင်ဖွယ်ရာပင် မရှိတော့ပါ၊ တာဝတိံသာ နတ်တို့ရွာ၌ ဟောကြားအပ်သော အမြန်စံချိန်နှုန်းမှာမူ ပြဆိုခဲ့သော အမြန်စံချိန်နှုန်းထက် အဆအရာ, အဆအထောင်မကပင် လျင်မြန်ဖွယ်ရာ ရှိပါသေးသည်၊ နတ်ဗြဟ္မာတို့၏နားကို လူတို့၏နားနှင့် မနှိုင်းယှဉ်သင့်ပါ၊ နတ်ဗြဟ္မာတို့၏နားက အဆအရာ, အဆအထောင်မက သာလွန်ပါလိမ့်မည်၊ ဤကဲ့သို့ ဖြစ်နိုင်ရိုးမှန်ပါလျှင် နာခံအား ရှိသမျှ တရားတော်ကလည်း လျင်မြန်လာရပါလိမ့်မည်၊ ဤမျှဖြင့်ပင် "အဘိဓမ္မာ တရားတော်၏ အနန္တ အပရိမာဏဖြစ်ပုံကို ယုံကြည်လက်ခံနိုင်လောက်ပြီ"ဟု မျှော်လင့်ပါသည်။

## သင်ကြစဉ်လာ ဘိဓမ္မာ

ဗုဒ္ဓမြတ်စွာသည် တန်ခိုးပြာဋိဟာကို ပြတော်မူသည်၏အဆုံးမှာ တာဝတိံသာ နတ်တို့ရွာသို့ ကြွတော်မူသည်၊ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ နေတော်မူလျက် အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူသည်၊ ဆွမ်းခံချိန်ရောက်လာသည့်အခါမှာ တရားဆက်လက်ဟောကြားရန် နိမ္မိတရုပ်ပွားတော်ဖန်းဆင်းထားခဲ့ပြီးမှ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူသည်၊ ရလာသောဆွမ်းကို အနဝတတ်အိုင်နား၌ ဘုဉ်းပေးတော်မူသည်၊ ထို့နောက် နေ့အခါ သီတင်းသုံးတော်မူရန် စန္ဒကူးတောသို့ ကြွတော်မူသည်။

ရှင်သာရိပုတ္တရာလည်း ယင်းစန္ဒကူးတောသို့ ကြွလာ၍ ဗုဒ္ဓမြတ်စွာအား ဝတ်ကြီးဝတ်ငယ်ပြုသည်၊ ကိစ္စပြီးသည့်အခါ ဗုဒ္ဓမြတ်စွာ၏ အနီးအနား သင့်တော်ရာမှာ ထိုင်နေခစားသည်၊ ထိုအခါ ဗုဒ္ဓမြတ်စွာက ရှင်သာရိပုတ္တရာအား အကျဉ်းချုပ်နည်းပေးတော်မူသည်၊ "သာရိပုတ္တရာ ဤမျှသောတရားတို့ကို ငါဘုရား ဟောကြားခဲ့ပြီ"ဟု မိန့်မြွက်တော်မူသည်။

ရှင်သာရိပုတ္တရာသည် ပဋိသမ္ဘိဒါဉာဏ်ကို ရပြီးသော အထက်တန်းအကျဆုံး တပည့်သာဝကတစ်ဦး ဖြစ်သည်၊ ဘုရားရှင်က နည်းပေးတော်မူလိုက်လျှင်ပင် ဟောပြီးသမျှသော အဘိဓမ္မာဒေသနာတော်ကို သိနားလည်သည်၊ ဘုရားရှင်ဟောပြီးသမျှသော အဘိဓမ္မာဒေသနာတော်သည် နည်းအရာ,အထောင်ဖြင့် ရှင်သာရိပုတ္တရာ၏ ဉာဏ်ဝမှာ ထင်လာရတော့သည်။

ရှင်သာရိပုတ္တရာလည်း ကြားနာပြီးသမျှသော တရားတော်ကို မိမိတပည့် ရဟန်းငါးရာတို့အား ဟောကြားတော်မူသည်၊ ဗုဒ္ဓမြတ်စွာ၏ တာဝတိံသာမှာ အဘိဓမ္မာဒေသနာတော်ကို ဟောပြောမှုကိစ္စ ပြီးဆုံးသည့်အချိန်မှာပင် ရဟန်းငါးရာ တို့၏ အဘိဓမ္မာကို သင်ယူမှုကိစ္စလည်း ပြီးဆုံးလေတော့သည်။

ထိုရဟန်းငါးရာတို့သည် ကဿပဘုရားရှင် လက်ထက်တော်အခါက လင်းနို့ ငယ်များ ဖြစ်ခဲ့ကြသည်၊ တောင်ဝှမ်းတစ်ခု၌ တွဲလျားဆွဲနေကြသည်၊ ထိုအခိုက်မှာပင် ရဟန်းတော် ၂–ပါးတို့က သင်ယူထားသော အဘိဓမ္မာ တရားတော်ကို ပြန်ကြ, အံကြသည်၊ သရဇ္ဈာယ်ကြသည်၊ လင်းနို့ငယ်များက တရားတော်သံကို နာခံကြည်ညို နေကြသည်၊ ထိုကုသိုလ်ကောင်းမှုကြောင့်ပင် သေသည်မှနောက်၌ နတ်ပြည်သို့ ရောက်ကြရသည်၊ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့၏ ကြားကာလ ပတ်လုံး နတ်ပြည်၌ပင် ထပ်ကာထပ်ကာ ဖြစ်ကြရသည်၊ ဂေါတမဘုရားရှင်၏ လက်ထက်တော်အခါမှာ အမျိုးကောင်းသားများ ဖြစ်လာကြသည်၊ ပြာဋိဟာပြပွဲ၌ ကြည်ညို၍ ရှင်သာရိပုတ္တရာထံ တပည့်ခံ ရဟန်းပြုကြသည်၊ ထိုရဟန်းတော်တို့၏ ကုသိုလ်ကောင်းမှုမှာ ဤမျှသာတည်း။

ကုသိုလ်,အကုသိုလ်ကိုမျှ နားမလည်ဘဲ တရားတော်သံကို နာခံကြည်ညိုရုံမျှ သည်ပင်လျှင် ဤမျှအကျိုးကြီးမားပါက ယခုအခါ အဘိဓမ္မာကို သင်ယူပို့ချနေသူ တို့၏ ကုသိုလ်ကောင်းမှု အကျိုးစုသည် အဘယ်မှာလျှင် မကြီးမားဘဲ ရှိရတော့ မည်နည်း၊ မေရုကို စုတ်တံလုပ်, သမုဒ်ကို မင်ရေဖျော်လျက်, အာကာသစာလွှာပေါ်မှာ မှန်ညင်းစေ့သဖွယ် သေးငယ်လှစွာ ရေးပါသော်လည်း ကုန်ဆုံးနိုင်ဖွယ်ရာ မရှိတော့ သည်သာတည်း။

ဤသို့လျှင် အဘိဓမ္မာပို့ချစဉ်သည် ရှင်သာရိပုတ္တရာမှပင် စတင်လာခဲ့သည်၊ ပဋ္ဌာန်းကျမ်း၌ သင်္ချာဝါရများကိုလည်း ရှင်သာရိပုတ္တရာကပင် ထားတော်မူခဲ့သည်၊ "ဤသင်္ချာနည်းများဖြင့် တရားချင်း မရောယှက်စေဘဲ လွယ်ကူစွာ သင်ယူနိုင်တန် ရာ၏၊ ဆောင်ရွက်မှတ်သားနိုင်တန်ရာ၏၊ ပို့ချနိုင်တန်ရာ၏" ဟု ရည်ရွယ်မျှော်မှန်း တော်မူသည်။

ဤသို့လျှင် ရတနာစံအိမ်တော်မှာ ၇–ရက်ပတ်လုံး ဆင်ခြင်သုံးသပ်တော်မူသော အဘိဓမ္မာ၊ တာဝတိံသာ နတ်တို့ရွာမှာ ဝါတွင်း ၃–လပတ်လုံး ဟောကြားတော် မူသော အဘိဓမ္မာ၊ ဤအဘိဓမ္မာဒေသနာ ၂–မျိုးသည် လွန်စွာကျယ်ပြော ရှည်မျော လှပါသည်၊ သာဝကတို့၏ နုတ်လျှာဖြင့် အသံထုတ်ကာ ကမ္ဘာပတ်လုံး သင်ယူပါ သော်လည်း အောင်မြင်ထမြောက် အပြီးအဆုံးသို့ ရောက်နိုင်စရာ မရှိပါ၊ စန္ဒကူး တော၌ ရှင်သာရိပုတ္တရာအား ဟောကြားအပ်သော အဘိဓမ္မာ ဒေသနာမှာမူ တစ်ထွာ

ပြကာ တစ်လံမြင် ဉာဏ်ကြီးရှင်ဖြစ်သော ရှင်သာရိပုတ္တရာအတွက်မျှသာ ဖြစ်ပါသည်၊ အတိသင်္ခေပ ကျဉ်းလွန်းလှပါသည်၊ တစ်ပါးသော သာဝကတို့၏ဉာဏ်ဖြင့် သက်ဝင်ကျက်စားနိုင်သော အဘိဓမ္မာမျိုး မဟုတ်ပါ၊ ဘုရားရှင်ထံမှ ရရှိသောနည်းဖြင့် တပည့်ရဟန်း ငါးရာအား ရှင်သာရိပုတ္တရာက ဟောကြားသင်ပြသော အဘိဓမ္မာမူကား သင်ယူသူ သာဝကတို့၏ဉာဏ်အားနှင့် ညီမျှသင့်လျော် အလောတော်မျှ ဖြစ်ပါသည်၊ ထို့ကြောင့် ရှင်သာရိပုတ္တရာ ဟောကြားသင်ပြပေးသော အဘိဓမ္မာတစ်ခုကသာ ပရိယတ်နယ်အတွင်းမှာ ထွန်းလင်းထိန်ဖြာ ယခုတိုင် နေရာယူနိုင်ပါတော့သည်။

## နည်းမျိုးစုံပြွမ်း ပဋ္ဌာန်းကျမ်း

ဤကျမ်း၌ အထူးထူး အပြားပြား များပြားသောအကြောင်းတို့ကို ဟောတော်မူသည်၊ "အကြောင်း"ဟူသည်မှာလည်း မြင်မြင်ဝါးဝါး သာမညအကြောင်းတရားများ မဟုတ်ပါ၊ ပစ္စယသတ္တိနှင့် သတ္တိမန္တ တရားတို့သာ ဖြစ်ကြပါသည်၊ ယင်းပစ္စယသတ္တိနှင့် သတ္တိမန္တ တရားတို့သည် အကျိုးပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေနိုင်ကြသည်၊ ထို့ကြောင့် "အကြောင်း"ဟူသော အမည်ကို ရကြသည်၊ သို့ဖြစ်၍ အထူးထူး အပြားပြား များသောပစ္စယသတ္တိနှင့် သတ္တိမန္တ တရားတို့ကို ဟောပြရာကျမ်းကို 'ပဋ္ဌာန်း' ခေါ်သည်"ဟု မှတ်သင့်ပါသည်။

ဤပဋ္ဌာန်းကျမ်း၌ သက်ဆိုင်ရာ သတ္တိမန္တ ပစ္စည်းတရားက သက်ဆိုင်ရာပစ္စယုပ္ပန်တရားအား သက်ဆိုင်ရာ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပုံကို နည်းမျိုးစုံဖြင့် ဝေဖန်ဟောကြားထားသည်၊ ထို့ကြောင့် ဤကျမ်းသည် "အနန္တ နယ သမန္တ ပဋ္ဌာန်း" ဟူသော အမည်ကိုလည်း ရရှိပါသည်။

ပဋ္ဌာန်ကျမ်း၏ အနန္တ အပရိမာဏဖြစ်ပုံကို သိမြင်နားလည်ကြစေရန် ပထမ လောဘမူစိတ်တစ်ခုက ပစ္စည်းဆက်လျက် ဖြစ်ပျက်ရဟန်ကို ပြည့်နိုပါဦးမည်။

ယင်းလောဘမူနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားများအား သမ္ပယုတ်ဖြစ်သော "လောဘ, မောဟ"ဟိတ် ၂-ပါး ပစ္စည်းတရားတို့က ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၁)

"လောကီစိတ် ကောသိတိ, စေတသိက် ဒွေးပညာသ, ရုပ် အဋ္ဌဝီသ, ပညတ်"ဟု ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့က အာရမဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၂)

"အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော လောကီစိတ် ၇၆-ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ"ဟု

ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့က အာရမဏာဓိပတိပစ္စယသတ္တိ၊ "ဆန္ဒ, ဝီရိယ, စိတ္တ"ဟု ဆိုအပ်သော အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တစ်ပါးပါး ပစ္စည်းတရားက သဟဇာတာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၃)

ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ပထမဇော အစရှိသော ရှေးရှေးသော လောဘမူ နာမက္ခန္ဓာ ပစ္စည်းတရားတို့က အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြသည်။ (၇)

ပထမလောမူနာမက္ခန္ဓာ အချင်းချင်း ပစ္စည်းတရားက သဟဇာတ, အညမည, သမ္ပယုတ္တပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။ (၁၀)

ပထမလောဘမူနာမက္ခန္ဓာ အချင်းချင်း ပစ္စည်းတရားက သဟဇာတနိဿယ ပစ္စယသတ္တိ, ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားက ဝတ္ထုပုရေဇာတနိဿယပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်။ (၁၁)

"အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော လောကီစိတ် ၇၆-ခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ"ဟု ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့က အာရမဏူပနိဿယပစ္စယသတ္တိ၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ပထမဇော အစရှိသော ရှေးရှေးသော လောဘမူနာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားတို့က အနန္တရူပနိဿယပစ္စယသတ္တိ၊ ဗလဝဖြစ်သော လောကီစိတ် ဇကောသီတိ စေတသိက် ဒွေးပညာသ ရုပ်အဋ္ဌဝီသ ပစ္စည်းထိုက်သော အချို့သော ပညတ် ပစ္စည်းတရားတို့က ပကတူပနိဿယ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြသည်။ (၁၂)

ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသ ပစ္စည်းတရားတို့က အာရမဏာပုရေဇာတ ပစ္စယ သတ္တိ၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားက ဝတ္ထုပုရေဇာတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု ကြသည်။ (၁၃)

ပထမဇော အစရှိသော ရှေးရှေးသော လောဘမူနာမက္ခန္ဓာ ပစ္စည်းတရား တို့က အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၁၄)

သမ္ပယုတ်ဖြစ်သော စေတနာပစ္စည်းတရားတို့က သဟဇာတကမ္မပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုကြသည်။ (၁၅)

ဖဿ စေတနာ ဝိညာဉ် နာမ်အာဟာရတရားကိုယ် ၃-ပါး ပစ္စည်းတရားတို့က သဟဇာတာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၁၆)

"ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ" နာမ်ဣန္ဒြေတရားကိုယ် ၅-ပါး ပစ္စည်းတရားတို့က သဟဇာတိန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၁၇)

"ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ" ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားတို့က ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၁၈)

"ဝိတက်, ဝီရိယ, ဧကဂ္ဂတာ, ဒိဋ္ဌိ" မဂ္ဂင်တရားကိုယ် ၄-ပါး ပစ္စည်းတရားတို့က မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၁၉)

ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ ပစ္စည်းတရားတို့က အာရမ္မဏပုရေဇာတသတ္တိ, အာရမ္မဏပုရေဇာတအဝိဂတ၊ လောဘမူနာမက္ခန္ဓာ အချင်းချင်း ပစ္စည်းတရားတို့က သဟဇာတတ္ထိ, သဟဇာတအဝိဂတ၊ ဝတ္ထု မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့က ဝတ္ထုပုရေဇာတသတ္တိ, ဝတ္ထုပုရေဇာတအဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြသည်။ (၂၁)

ဤသို့လျှင် ပထမလောဘမူ နာမက္ခန္ဓာတစ်ခုသည်ပင်လျှင် သက်ဆိုင်ရာ သတ္တိမန္တ (ပစ္စည်း)တရားများက (၂၁)နှစ်ဆဲ့တစ်ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြသည့်အတွက် ဖြစ်လာရပါသည်၊ ယင်းသို့ ဖြစ်လာသည့်အခါမှာလည်း သက်ဆိုင်ရာ ပစ္စယုပ္ပန်တရားများ ဖြစ်ပွားအောင် ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိ အပြည့်အဝပါရှိလာပါသည်၊ သက်ဆိုင်ရာ ပစ္စယုပ္ပန်တရားများ ဖြစ်ပွားလာအောင် သက်ဆိုင်ရာ ပစ္စယသတ္တိတို့ဖြင့် ထိုက်သည်အားလျော်စွာ ကျေးဇူးပြုပြီးမှသာ ချုပ်သွားရပါသည်၊ ကျေးဇူးပြုထားခဲ့ပုံကို ဆက်လက်ပြဆိုပါဦးမည်။

ယင်းလောဘမူနာမက္ခန္ဓာမှာ ပါရှိသော "လောဘ, မောဟ" ဟိတ် ၂-ပါး ပစ္စည်းတရားတို့သည် သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။ (၁)

လောဘမူနာမက္ခန္ဓာ ဓမ္မာရုံပစ္စည်းတရားတို့သည် မနောဒွါရာဝဇ္ဇန်း ကာမဇောတစ်ခုယုတ်သုံးဆယ် တဒါရုံဧကာဒသ အဘိညာဉ်ဒွေး ဝိရတိအပ္ပမညာကြဉ်သော စေတသိက်သတ္တစတ္တာလီသ နာမက္ခန္ဓာပစ္စယုပ္ပန်တရားတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၂)

အလေးအမြတ်ပြုအပ်သော လောဘမူနာမက္ခန္ဓာ ဓမ္မာရုံ ပစ္စည်းတရားတို့က အလေးအမြတ်ပြုတတ်သော လောဘမူနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား အာရမ

ဏာဓိပတိပစ္စယသတ္တိ၊ ယင်းလောဘမူနာမက္ခန္ဓာ၌ပါရှိသော "ဆန္ဒ, ဝီရိယ, စိတ္တ" အဓိပတိတရားကိုယ် ၃–ပါးတို့တွင် တစ်ပါးပါး ပစ္စည်းတရားက အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား သဟဇာတာဓိပတိပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၃)

ပထမဇော အစရှိသော ရှေးရှေးသော လောဘမူနာမက္ခန္ဓာပစ္စည်းတရားတို့က ဒုတိယဇော အစရှိသော နောက်နောက်သော လောဘမူနာမက္ခန္ဓာ တဒါရုံဇောကာဒသ မဟဂ္ဂုတ်ဝိပါက် ၉–ခုနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၇)

လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က အချင်းချင်း လောဘမူနာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတ, သဟဇာတနိဿယ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၉)

နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား အညမည, သမ္ပယုတ္တ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၁၁)

အလေးအမြတ်ပြုအပ်သော လောဘမူနာမက္ခန္ဓာ ဓမ္မာရုံပစ္စည်းတရားတို့က အလေးအမြတ်ပြုတတ်သော လောဘမူနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏူပနိဿယပစ္စယသတ္တိ၊ ပထမဇောအစရှိသော ရှေးရှေးသော လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က ဒုတိယဇောအစရှိသော နောက်နောက်သော လောဘမူနာမက္ခန္ဓာ တဒါရုံဇောကာဒသ မဟဂ္ဂုတ်ဝိပါက်ကိုးခု နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား အနန္တရူပနိဿယ ပစ္စယသတ္တိ၊ ဗလဝဖြစ်သော လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေးပညာသ နာမက္ခန္ဓာ ပစ္စည်းတရားတို့အား ပကတူပနိဿယ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၁၂)

ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇကာယ ပစ္စည်းတရားတို့အား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၁၃)

ပထမဇောအစရှိသော ရှေးရှေးသော လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က ဒုတိယဇောအစရှိသော နောက်နောက်သော လောဘမူနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၁၄)

လောဘမူနာမက္ခန္ဓာ၌ရှိသော စေတနာပစ္စည်းတရားက စေတနာမှတစ်ပါး သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စည်းတရားတို့အား သဟဇာတကမ္မပစ္စယသတ္တိ၊ အတိတ်

ဖြစ်သော လောဘမူစေတနာ ပစ္စည်းတရားတို့က အကုသလဝိပါက်ခုနစ်ခု နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားတို့အား နာနာက္ခဏိက ကမ္မပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၁၅)

လောဘမူနာမက္ခန္ဓာ၌ရှိသော "ဖဿ, စေတနာ, ဝိညာဉ်" နာမ်အာဟာရတရား ၃-ပါး ပစ္စည်းတရားတို့က သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတာဟာရ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၁၆)

လောဘမူနာမက္ခန္ဓာ၌ရှိသော "ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ" နာမ်ဣန္ဒြေ ၅-ပါး ပစ္စည်းတရားတို့က သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၁၇)

လောဘမူနာမက္ခန္ဓာ၌ရှိသော "ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ" ဈာနင်တရားကိုယ် ၅-ငါးပါး ပစ္စည်းတရားက သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။ (၁၈)

လောဘမူနာမက္ခန္ဓာ၌ရှိသော ဝိတက်, ဝီရိယ, ဧကဂ္ဂတာ, ဒိဋ္ဌိ" မဂ္ဂင်တရားကိုယ် ၄-ပါး ပစ္စည်းတရားတို့က သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား မဂ္ဂပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၁၉)

ပဋိသန္ဓေ ဝေါကာရဘုံ၌ဖြစ်သောအခါ လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတဝိပ္ပယုတ္တပစ္စယသတ္တိ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က ဝဋ္ဋော မနော္ဒါရဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားအား ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၂၀)

လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က အချင်းချင်း လောဘမူနာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတတ္ထိ, သဟဇာတအဝိဂတ ပစ္စယသတ္တိ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော လောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့က ဝဋ္ဋော မနော္ဒါရဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ, စတုဇကာယ ပစ္စယုပ္ပန်တရားအား ပစ္ဆာဇာတတ္ထိ, ပစ္ဆာဇာတအဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်။ (၂၂)

ဤသို့လျှင် ပထမလောဘမူနာမက္ခန္ဓာ ပစ္စည်းတရားတို့ကလည်း သက်ဆိုင်ရာ ပစ္စယုပ္ပန်တရားများ ဖြစ်ပွားလာအောင် (၂၂)နှစ်ဆယ့်နှစ်ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုထားခဲ့၍ ချုပ်သွားကြသည်။

ဤပဋိသန္ဓေလောဘမူနာမက္ခန္ဓာတစ်ခု၏ ကြောင်းကျိုးအနေဖြင့် ပစ္စည်းဆက်လျက် ဖြစ်ပျက်ရဟန်မှုကိုပင် ရှင်သာရိပုတ္တရာမထေရ်မြတ်က ညွှန်ပြထားခဲ့သော သုဒ္ဓသချာ်ဝါရ, မိဿကသချာ်ဝါရတို့၏ အတွင်းမှာ ချသွင်းလျက် တိကကုန်, ဒုကကုန် ပဋ္ဌာန်း ၂၄–ကျမ်းစုံအောင် ဝါရရှိသမျှ နယအမျိုးမျိုးတို့ဖြင့် ဝေဖန်ဟောကြားမည်ဆိုပါလျှင် သူ့လို ငါ့လို သာမညပုဂ္ဂိုလ်မျိုးကို ထားဘိဦး၊ လျှင်လျှားနှုတ်လျှာ မဟာဗြဟ္မာမင်းက လျှာကုဋေဖန်ဆင်းလျက် ကမ္ဘာပတ်လုံး ဟောကြားစေကာမူ ကုန်ဆုံးနိုင်ဖွယ်ရာ ရှိမည်မထင်ပါ၊ ဤမျှဖြင့်ပင် ပဋ္ဌာနဒေသနာတော်၏ အနန္တ အပရိမာဏဖြစ်ပုံကို ယုံကြည်သိမြင် သဘောဉာဏ် သက်ဝင်နိုင်လောက်ပါပြီ။

**စာသင်ခန်းရိပ်မြုံမှ နိဗ္ဗာန်ဘုံသို့**

ဆိုခဲ့ပြီးသည့်အတိုင်း ကြွင်းသော နာမ်တရား ရုပ်တရားတို့သည်လည်း သက်ဆိုင်ရာ သတ္တိမန္တ(ပစ္စည်း)တရားများက သက်ဆိုင်ရာ ပစ္စယသတ္တိများဖြင့် ကျေးဇူးပြုကြသည့်အတွက် ဖြစ်ပေါ်လာကြရသည်၊ တစ်ဖန် ယင်းနာမ်တရား ရုပ်တရားတို့ကလည်း သက်ဆိုင်ရာ ပစ္စယုပ္ပန်တရားများ ဖြစ်ပွားလာအောင် သက်ဆိုင်ရာ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုထားခဲ့၍ ချုပ်သွားကြသည်။

ဤသို့ စေ့စုံစွာ အနုစိတ် ဆင်ခြင်သည့် အခါမှာ ရုပ်, နာမ်ဓမ္မ သင်္ခါရတို့ ကြောင်းကျိုးဆက်သွယ်လျက် ဖြစ်ပျက်နေကြသည်ကိုသာ တွေ့ရပါလိမ့်မည်၊ ပုဂ္ဂိုလ် သတ္တဝါ သူငါအစ ယောကျ်ားမိန်းမ အတ္တဇီဝ ဘာတစ်ခုမျှ တွေ့ကြရတော့မည် မဟုတ်ပါ၊ ဤသို့ အမှန်အတိုင်း မြင်လာပါလျှင် ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိတို့လည်း ဖြစ်ပေါ်လာရမည်သာတည်း။

ထို့ပြင် ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ရုပ်တရား နာမ်တရားများသာ အကြောင်းအကျိုးအနေဖြင့် ပစ္စည်းဆက်လျက် ဖြစ်ပျက်နေကြသည်၊ ရုပ်တရား နာမ်တရားများ ဖြစ်ပွားလာအောင် အခြားဖန်ဆင်းပေးသူ တစ်လူတစ်နတ်မျှ မရှိ၊ ဤရုပ်တရား နာမ်တရားများသည် ဆိုင်ရာ သတ္တိမန္တ(ပစ္စည်း)တရားများက ဆိုင်ရာပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည့်အတွက်သာ ဖြစ်ပေါ်လာကြရသည်၊ ဖြစ်ပေါ်လာကြသည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာတရားများ ဖြစ်ပွားလာအောင် သက်ဆိုင်ရာပစ္စယသတ္တိဖြင့် ကျေးဇူးပြုထားခဲ့၍ ချုပ်ပျောက်သွားကြရသည်၊ အမြဲတမ်းတည်ရှိနေကြသည်မဟုတ်၊ အနိစ္စသဘော ဒုက္ခသဘောမျှသာတည်း၊ အရာရာကို စီမံတတ် ခံစားတတ်သော ဇီဝ အတ္တဟူ၍ မရှိ၊ ပုဂ္ဂိုလ် သတ္တဝါ သူငါ မရှိ၊ အနတ္တသဘောမျှသာတည်း၊ ဤသို့ တရားအချက်ကိုလည်း ကွင်းကွင်းကွက်ကွက် ပြက်ပြက်ထင်ထင် တွေ့မြင်လာပါလိမ့်မည်။

ဤနည်းအတိုင်း မိမိသန္တာန်မှာ အကြောင်း, အကျိုးအနေဖြင့် ပစ္စည်းဆက်လျက် ဖြစ်ပျက်နေသမျှ ရုပ်နာမ်ဓမ္မတို့ကို ဆင်ခြင်သုံးသပ်နေပါလျှင် လက္ခဏာတွေထင်မြင် စိတ်အစဉ်ပါ ငြိမ်သက်ကြည်လင်လာပြီးလျှင် စာသင်ခန်းရိပ်မြုံမှ နိဗ္ဗာန်ဘုံတိုင် ခိုလှုံ ဝင်စံနိုင်ကြရပေလိမ့်မည်၊ သက်သေသာဓက ထုတ်ဆောင်ပြပါဦးမည်။

မဟာဂဝိက ဂမိယ တိဿဒတ္တထေရ်သည် မဟာဗောဓိကို ဖူးမြော်ရန် သီဟိုဠ်ကျွန်းမှ အိန္ဒိယသို့ သင်္ဘောဖြင့် ကြွတော်မူသည်၊ သင်္ဘောအပေါ်ထပ်၌ထိုင်လျက် လိုက်ပါလာသည်၊ လမ်းခရီးတစ်ဝက်လောက် ပေါက်ရောက်လာသည့် အချိန်မှာ မျက်စိတဆုံး လှမ်းမျှော်ကြည့်ရှုလိုက်သည်၊ သို့သော် ဟိုဘက်ကမ်းကိုလည်းမမြင်၊ ဒီဘက်ကမ်းကိုလည်းမမြင်၊ သမုဒ္ဒရာရေမျက်နှာပြင်ကိုသာ တွေ့မြင်ရတော့သည်၊ ယင်းသမုဒ္ဒရာ ရေမျက်နှာပြင်တစ်ခုလုံးသည် လှိုင်းဂယက်တို့ဖြင့် ရှုပ်ယှက်ခတ်နေလေတော့သည်၊ လှိုင်းတံပိုးအရှိန်ကြောင့် အထက်သို့ ဖြာတက်လာသော ရေမှုန်ရေဖွဲတို့ဖြင့် ပြန့်ကျဲရောပြွမ်းနေသည်၊ ငွေပြားကြီးကို ဖြန့်ခင်းထားသလို မြတ်လေးပန်းများကို ကြဲဖြန့်ထားသလို ဖွေးဖွေးဖြူနေသည်။

မထေရ်မြတ်သည် "သမုဒ္ဒရာနှင့်ပဋ္ဌာန်း, ပဋ္ဌာန်းနှင့်သမုဒ္ဒရာ ဘယ်ဥစ္စာက အစွမ်းသတ္တိ ထက်မြက်ပါ့မလဲ ?၊ ဘယ်ဥစ္စာက ကျယ်ပြန့်နက်နဲပါ့မလဲ ?"ဟု ချိန်ထိုးစဉ်းစားလျက် လိုက်ပါလာသည်။

"ဒီသမုဒ္ဒရာရေပြင်ရဲ့အောက်မှာ မြေထုရှိနေတယ်၊ အပေါ်မှာလဲ မိုးကောင်းကင်ရှိနေတယ်၊ ဟိုဘက်မှာလဲ စကြဝဠာတောင် ရှိနေတယ်၊ ဒီဘက်မှာတော့ လူနေကမ်းခြေ ရှိနေတယ်၊ ဒီလိုဆိုလို့ရှိရင် သမုဒ္ဒရာဟာ ပိုင်းခြားလို့ရနိုင်တဲ့ အရာဝတ္ထုတစ်ခု ဖြစ်နေပြီပေါ့၊ အနန္တနယဖြစ်တဲ့ ပဋ္ဌာန်းကျမ်းရဲ့အပိုင်းအခြားကိုတော့ ဘယ်လိုမှ ရှာလို့မရနိုင်ပါကလား၊ မှန်းဆသိမြင်ဖို့ရန်ပင် လွယ်လှတာ မဟုတ်ပါဘူး"။

ဤအသိအမြင်သည် မထေရ်မြတ်၏သန္တာန်သို့ ခိုလှုံဝင်ရောက်လာပါတော့သည်၊ အတိုင်းမသိသော နှစ်သက်ကျေနပ်မှုများလည်း ဖြစ်ပေါ်လာသည်၊ ယင်းနှစ်သက်ကျေနပ်မှုမှ တစ်ဆင့်တက်ကာ ဝိပဿနာကို ဆက်လက်ပွားများသည်၊ တစ်ထိုင်တည်းမှာပင် အရဟတ္တမဂ်, အရဟတ္တဖိုလ်ထိ ရရှိသွားပါတော့သည်။

ဤသို့ သင်္ဘောအပေါ်ထပ်မှာ ပဋ္ဌာန်းကို ဆင်ခြင်သုံးသပ်သည့်အတွက် အရဟတ္တမဂ်, အရဟတ္တဖိုလ်တိုင် ရရှိခဲ့ရိုးမှန်ပါလျှင် စာသင်ခန်းရိပ်သာမှာ ကောင်းစွာဆင်ခြင် ရှုမြင်သုံးသပ်လျှင်လည်း ဧကန်ပင် မဂ်, ဖိုလ်တို့ကို ရနိုင်စရာ ရှိပါသည်၊ မရနိုင်စရာအကြောင်း တစ်စုံတစ်ရာမျှ ရှာမတွေ့ပါ။

## ပဋ္ဌာနပန်းကုံး

ဆိုခဲ့ပြီးသည့်အတိုင်း အဘိဓမ္မာဒေသနာတော်ကို ဗုဒ္ဓမြတ်စွာ လက်ထက်တော် အခါမှာ ရှင်သာရိပုတ္တရာက တပည့်ရဟန်းငါးရာတို့အား သင်ပြပေးပါသည်၊ ယင်း ရဟန်းငါးရာတို့က အခြားအခြားသော ပုဂ္ဂိုလ်များကို သင်ပေးကြပြန်သည်၊ အခြား အခြားသော ပုဂ္ဂိုလ်များကလည်း နောက်ထပ်တစ်ဖန် အခြားအခြားသော ပုဂ္ဂိုလ် များကို သင်ပေးကြပြန်သည်၊ ဤသို့ အဘိဓမ္မာဒေသနာတော်သည် အဆင့်ဆင့် ကူးပြောင်းကာ မြန်မာနိုင်ငံသို့တိုင် ရောက်ရှိပြန့်ပွားလာပါတော့သည်။

[မြန်မာနိုင်ငံနှင့် အဘိဓမ္မာသာသနာ အကြောင်းအရာကိုမူ မာတိကာဓာတု ကထာပန်းကုံး, ယမကပန်းကုံး–တို့၏ နိဒါန်းများမှာ ပါဝင်ပြီးဖြစ်သည့်အတွက် လျှစ်လျူရှုရပါတော့သည်။]

ယင်းသို့ အဆင့်ဆင့် ကူးပြောင်းသင်ယူအပ်သော အဘိဓမ္မာ ၇–ကျမ်းတို့တွင် နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းသည် ရုပ်ဆယ်မျက်နှာအကုန်လုံးကို ခြောက်ရောင်စုံ လွှမ်းဖုံးအောင် အထက်မြက်ဆုံးသော ဉာဏ်တော်ရှင်သော်မှ အသွက်လက်ဆုံး သုံးသပ်ဆင်ခြင်ရသော ကျမ်းတစ်ကျမ်း ဖြစ်ပါသည်၊ အနုပ္ပကမ်း နည်းမျိုးစုံတို့ ဖြင့်လည်း ပြွမ်းပါသည်၊ "မည်မျှကျယ်၍ မည်မျှနက်သည်, မည်မျှခက်သည်ဟု"ဟု ရေတွက်နိုင်းဆ ချိန်ထိုးပြစရာ ဥပမာပင် တွေ့မြင်စရာ မရှိတော့ပါ၊ ထို့ကြောင့် "အနန္တ နယ သမန္တ ပဋ္ဌာန်း"ဟူ၍ ဂုဏ်ထူးထုတ်ဖော် ခေါ်ဝေါ်နေကြရပါသည်။

ယင်းပဋ္ဌာန်းကျမ်း၏ နိဿယ(အရကောက်)များသည် အင်းဝခေတ် သက္ကရာဇ် တစ်ထောင် ပတ်ဝန်းကျင်လောက်ကပင် စတင်ပေါ်ပေါက်လာခဲ့ပါသည်။

၁။ တိပိဋကာလင်္ကာရ မဟာရာဇဂုရု တောင်ဘီလာဆရာတော်မှု,

၂။ အဂ္ဂဓမ္မာလင်္ကာရ မဟာရာဇဂုရု နန်းကျောင်းဆရာတော်မှု,

၃။ အနန္တဓဇ မဟာရာဇဂုရု တောင်ဘီလူးဆရာတော်မှု,

*၄။ နန္ဒမေဓာဘိသိရီပရမ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ထန်းတစ်ပင် ဆရာတော်မှု,

၅။ ညောင်ကန်ဆရာတော် ဦးပိုး(ဦးပုဒ်)တို့၏ ဆွေမျိုးဖြစ်သူ အမည်မသိ ဆရာတော်မှု,

၆။ ဇမ္ဗုဒီပဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်မှု,

ဤသို့ မှခြောက်စောင်မျှ စာရင်းရရှိပါသည်၊ ယခုခေတ်၌ အများ လက်ခံ အသုံးပြု နေကြသောမူမှာ (*၄။ နံပါတ်လာ) ထန်းတစ်ပင်ဆရာတော်မူပင် ဖြစ်ပါသည်။

ဆရာတော်သည် ယင်းပဋ္ဌာန်းနိဿယ(အရကောက်)ကျမ်းကြီး၌ အဘိဓမ္မာ၏ ခဲရာခဲဆစ် အဖုအထစ်မှန်သမျှကို ဖြေရှင်းထည့်သွင်းပြသွားသည်၊ ပါဠိတော်နိဿယ အပြင် သက်ဆိုင်ရာ ဝိဓိပါဠိတော်များကိုလည်း အရကောက်ပြထားသည်၊ အနုဝါဒ ပါဠိတော်အရ ပစ္စည်းတပ်ပုံမှန်သမျှကိုလည်း ရာသီစုက ညွှန်ပြထားသည့်အတိုင်း ဝိထိဖြစ်ပုံပါ ထည့်သွင်းရှင်းလင်းပြသည်၊ အဋ္ဌကထာ, ဋီကာ, အနုအဓိပ္ပာယ်စု တို့ကိုလည်း မှတ်ရှုဖွယ်ရာ ထည့်သွင်းပြပါသည်၊ သို့ဖြစ်၍ "နိဿယ(အရကောက်)" ဟုပင် ဆိုရစေကာမူ ပဋ္ဌာန်းဘာသာ အဋ္ဌကထာအသွင်, ဋီကာအသွင်ကိုသာ ဆောင်နေ ပါတော့သည်၊ သာမန်အဘိဓမ္မာအခြေခံရှိသူတို့ သက်ဝင်ကျက်စားရန် မလွယ်ကူ လှတော့ပါ၊ ထို့ကြောင့် "ကျမ်းကြီးပဋ္ဌာန်း, ကျမ်းငယ်ဆန်း, ကျမ်းလတ်ဓာတုကထာ" ဟု ဆိုထုံးပြုလာကြဟန်တူပါသည်၊ သို့သော်—

"ပင်လယ်သမုဒ္ဒရာ မည်မျှပင် ကျယ်စေကာမူ ပို့သူလည်းကောင်း, လှေလည်းကောင်းက တိမ်းစောင်းမဖယ် အလွယ်နှင့် ကူးမြောက်နိုင်ပါသည်။

ပဋ္ဌာန်းဒေသနာ မည်မျှပင်ကျယ်စေကာမူ ပြသူလည်းကောင်း, နည်းလည်း ကောင်းက တိမ်းစောင်းမဖယ် အလွယ်နှင့် တတ်မြောက်နိုင်ပါသည်။"

ဤအချက်ကို ပြက်ပြက်ထင်ထင် သိမြင်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်က ပို့ချသူလည်း မခဲယဉ်း, သင်ယူသူလည်း အမြင်ရှင်းအောင် နလုံးသွင်း ငဲ့ညှာပြီး သင်္ချာဝါရကို ထားတော်မူခဲ့ပါသည်၊ ယင်းသင်္ချာဝါရ၏ စွမ်းအင်ကို ကောင်းစွာသိမြင်တော်မူကြသော ဆရာရှင်အများကလည်း သုဒ္ဓသင်္ချာကို အခြေခံ ထားကာ သင်ကြားပြသလာကြပါသည်။

ဤသင်ကြားပုံ နည်းစနစ်သည် ရှင်သာရိပုတ္တရာမှ ဆင်းသက်လာရသည့် အတွက် "ဆန်းသစ်လှသည်"ဟု မဆိုရစေကာမူ သင်ပြရာမှာ ခရီးရောက်၍ အလွယ် ကူဆုံး အသက်သာဆုံး တတ်မြောက်စေနိုင်သော နည်းစနစ်ကောင်းတစ်ခုပင် ဖြစ်ပါ သည်၊ တစ်လခွဲမျှသော အချိန်အတွင်းမှာ ပဋ္ဌာန်းကုသလတိက်တစ်ခုလုံးကို ပြီးဆုံးအောင် သင်ယူတတ်မြောက်စေနိုင်ပါသည်၊ ပထမကြီးတန်းကို ဝင်ရောက်ဖြေဆို လိုသူများအတွက် အသင့်တော်ဆုံးသော နည်းစနစ်လည်း ဖြစ်ပါသည်၊ ဤနည်းစနစ် အတိုင်း သင်ယူတတ်မြောက်ကြ၍ပထမကြီးတန်းကို အောင်မြင်ကြသူတို့၏ အရေ အတွက်မှာလည်း မနည်းလှတော့ပါ၊ ဤနည်းစနစ်၏ စွမ်းအင်ကို သိမြင်နားလည် ထားကြသော တပည့်များက ကျမ်းစာရေးသား ထုတ်ဝေပေးပါရန် အကြိမ်ကြိမ် တောင်းပန်ကြပါသည်၊ သို့ဖြစ်၍ "ထိုသူတို့၏ အလိုဆန္ဒလည်း ပြည့်ဝစေ, မိမိ

မှာလည်း ဓမ္မဒါနဖြစ်စေ”ဟူသော ရည်ရွယ်ချက်ဖြင့် ဤပဋ္ဌာနပန်းကုံးကို ရေးသား တင်ဆက်လိုက်ရပါသည်။

**ရေးသားပုံ အစီအစဉ်**

“၁။ ကောဒသမ ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော်,
၂။ လက်ပံတန်းမြို့ အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မောဒယဆရာတော်,
၃။ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်,
၄။ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော်”

ဤဆရာတော် ၄–ပါးတို့သည် ဤကျမ်းစာရင်ကို နယသာဂရ တစ်ဖက်ကမ်းသို့ တက်လှမ်းနိုင်အောင် ပို့ဆောင်ပေးကြသော ကူးတို့သူကြီးများ ဖြစ်ကြပါသည်၊ သယ်ယူ ပို့ဆောင်စရာဖြစ်သော လှေသင်္ဘောမှာ ဤကျမ်းစာ၌ ထည့်သွင်းရေးသားထားသော သင်ပြပုံ နည်းစနစ်များပင် ဖြစ်ပါတော့သည်။

မှန်ပါသည်၊ ဤကျမ်းကို ပဋ္ဌာန်းသိပ္ပံဆရာတော်၏ ပို့ချစဉ်ကို အခြေခံထားကာ ရေးသားပါသည်၊ မစိုးရိမ်ဆရာတော်, သဒ္ဓမ္မောဒယဆရာတော်, မြောင်းမြဆရာတော် တို့၏ သင်ပြညွှန်ကြားချက်များကိုလည်း ဖြည့်စွက်ထည့်သွင်းထားပါသည်၊ ထို့ပြင် မိမိကိုယ်တိုင် လုပ်ကိုင်ပို့ချရာမှ ပေါက်ပွားလာသော နည်းစနစ်များဖြင့်လည်း ထောက်ကူအားပြုထားပါသည်။

**ဤကျမ်း၌——**

၁။ ပဉ္စဝါရသုဒ္ဓသင်္ချာကို မျိုးစဉ်အားဖြင့် ဦးစွာပြထားပါသည်၊ မျိုးစဉ်သုဒ္ဓ သင်္ချာများ၏ အဆုံးအဆုံးမှာ သရုပ်ခွဲများကိုလည်း ဆက်လက်ပြထား ပါသည်။

၂။ ထို့နောက် သုဒ္ဓသင်္ချာသရုပ်အားလျော်စွာ ဝိဘင်္ဂပါဠိတော် ဖြစ်ပေါ်လာ ရပုံ, အရကောက်များ ဖြစ်ပေါ်လာရပုံတို့ကို ပြထားပါသည်။

၃။ ထို့နောက် မျိုးကွဲရှိသော ပစ္စည်းတို့ကို ပေါင်းစုလျက် ပဉ္စဝါရ ဝိဘင်္ဂနှင့် သုဒ္ဓသင်္ချာတို့ကို ဒေသနာစဉ်ကျအောင် ပြထားပါသည်။

၄။ တစ်ဖန် သဘာဂမှ ဃဋနာယူပုံ, ဃဋနာမှ သဘာဂယူပုံတို့ကို အပြန် အလှန် ပြပြီးသည့်နောက် မိဿကသင်္ချာဝါရကိုလည်း ဒေသနာစဉ် ကျအောင် ပေါင်းယူပြထားပါသည်။

၅။ ပစ္စည်း, ပစ္စနိက်–စသော နယ ၃–ပါးတို့ကိုမူ ပစ္စယုဒ္ဒါရဇယား တစ်ခု တည်းဖြင့် သိလွယ်မြင်လွယ်အောင် ဆက်လက်ပြထားပါသည်။

၆။ ထို့နောက် နယအားလျော်စွာ ပစ္စည်းတွန်းပုံကို တစ်ကဏ္ဍ သီးသန့် ပြလျက် ပဉ္စဝါရကို နိဂုံးအုပ်ပါမည်။

၇။ ထို့နောက် သက်ဆိုင်ရာ အဓိပ္ပာယ်များကို တိုတိုရှင်းရှင်း လိုရင်းမျှ ထည့်သွင်းလျက် ပစ္စယနိဒ္ဒေသကို ပြဆိုပါမည်။

၈။ တစ်ဖန် အနုလုံသုဒ္ဓသင်္ချာ, ပစ္စနိက်သုဒ္ဓသင်္ချာတို့ကိုပင် အခြေခံထားလျက် ဆဝါရကို ဆက်လက်ပြဆိုပြီးလျှင် ပဋ္ဌာန်းကုသလတိက်ကို ပြီးဆုံးစေပါမည်။

ထိုတွင် သုဒ္ဓသင်္ချာသည် အခြေခံ မူလပဓာနဖြစ်ပါသည်၊ သုဒ္ဓသင်္ချာကို ကျေညက်နားလည်မှသာ သရုပ်ခွဲနှင့်တကွ ပါဠိတော်, အရကောက်–စသည်တို့ကိုပါ နားလည်သဘောပေါက်နိုင်စရာ ရှိပါသည်၊ သုဒ္ဓသင်္ချာ မကျေညက်ပါက မည်မျှပင် ကြိုးစားအားထုတ်စေကာမူ အလွယ်တကူဖြင့် တတ်မြောက်နားလည်နိုင်စရာ အကြောင်းမရှိပါ၊ ပို့သူနှင့်လှေလောင်း မည်မျှပင် ကောင်းစေကာမူ လိုက်ပါသူ အနေမဟုတ်က သမုဒ္ဒရာအလယ်မှာ နစ်မြုပ်ဖွယ်ရာသာ ရှိပါသည်၊ သင်ပြသူနှင့်နည်းစနစ် မည်မျှပင် ဆန်းသစ်စေကာမူ သင်ယူသူ အခြေမလှလျှင် နယသာဂရအလယ်မှာ နစ်မြုပ်ဖွယ်ရာသာ ရှိပါသည်၊ ထို့ကြောင့် သုဒ္ဓသင်္ချာကို ကျေညက်နားလည်အောင် ကြိုးစားအားထုတ်ပါမည့်အကြောင်း ထပ်လောင်း၍ သတိပေးရပါတော့သည်။

## ကြည်လင်ဝမ်းသာ ပြင်ကြပါ

အကျွန်ုပ်သည် ဤပဋ္ဌာနပန်းကုံးကို ကိုယ်အား ဉာဏ်အား ရှိသလောက် အထူးသတိထားကာ စီစဉ်ပါသည်၊ ကြိုးစားပြုစုပါသည်၊ စက်တင်ပုံနှိပ်ရာမှာလည်း အမှားအယွင်း အကျအပေါက် ကင်းစင်နိုင်သမျှ ကင်းစင်အောင် အထူးကြိုးစားပြင်ဆင်ပါသည်၊ သို့သော် ပုထုဇဉ်တို့၏အလုပ်မှာ အမှန်အဟုတ်ချည်းဖြစ်ရိုး မရှိပါ။

ထို့ပြင် ဘုရားဟော အဘိဓမ္မာဟူသည်မှာလည်း ရုပ်တရား နာမ်တရားတို့ကို အသေးစိတ် ဝေဖန်ပြဆိုသော ဒေသနာမျိုး ဖြစ်ပါသည်၊ သဗ္ဗညုတဉ္ဉာဏ်တော်၏ ကျက်စားရာ ဖြစ်ပါသည်၊ သာမန်အသိဉာဏ်မျိုးဖြင့် ထိုးဖောက်ထိမိ သိရှိရန်မှာ လွယ်ကူလှသည် မဟုတ်ပါ၊ ကျယ်လွန်း နက်လွန်းလှပါသည်၊ ခဲရာခဲဆစ် အဖုအထစ်တို့ဖြင့်လည်း ပြည့်နှက်၍ နေပါသည်၊ ဆူးငြောင့်ခလုတ် ထူပြောသော လမ်းခရီးနှင့်သာ တူလှပါတော့သည်။

အဘိဓမ္မာ ၇–ကျမ်းတို့တွင်လည်း ပဋ္ဌာန်းကျမ်းသည် အကျယ်ဆုံး အနက်ဆုံး အခက်ဆုံးသောကျမ်း ဖြစ်ပါသည်၊ သို့ဖြစ်၍ ပဋ္ဌာနပန်းကုံးကို ရေးသားပြုစုသော အကျွန်ုပ်၏ ဖြစ်ရပ်မှာလည်း ဆူးငြောင့်ခလုတ် အထူထပ်ဆုံးသော ခရီးကြမ်းလမ်းရှည်ကြီးပေါ်မှာ လျှောက်သွားနေရသူနှင့်သာ တူဖွယ်ရာ ရှိပါတော့သည်။

မြေညီလမ်းမပေါ်မှာ ဖြောင့်မတ်စွာ သွားနေရသော သူများပင်လျှင် အကြောင်း မလျော်က ချော်လဲတတ်ပါသည်၊ နဖူးကွဲ ဒူးပြဲဖြစ်တတ်ပါသည်၊ ယင်းသို့ ချော်လဲ နေသူများကို တွေ့ရှိရသည့်အခါ လူယုတ်မာတို့က ဆဲချင်ဆဲမည်၊ ဆိုချင်ဆိုမည်၊ ကန်ကျောက်တွန်းဖယ်လျက် သွားလိုကသွားမည်၊ ဖြတ်သန်းကျော်နင်း၍ သွားလိုက သွားမည်၊ သို့သော် စိတ်ကောင်းရှိသူ လူလိမ္မာများကား ယင်းသို့ မပြုရက်ကြပါ၊ ပြုရိုးစဉ်လာလည်း မရှိကြပါ၊ မိမိတို့၏ သားငယ်, သမီးငယ်များကိုကဲ့သို့ ကြင်နာ ဖေးမ ထူပေးတတ်ကြပါသည်၊ ယုယုယယ ပြုစုပေးတတ်ကြပါသည်။

ယင်းသို့ မြေညီလမ်းပေါ်မှာ ဖြောင့်မတ်စွာ သွားနေရသူများပင် နဖူးကွဲ ဒူးပြဲ ချော်လဲတတ်ပါလျှင် ဆူးခြောင့်ခလုတ် အထူထပ်ဆုံး ခရီးကြမ်း လမ်းရှည်ကြီးသဖွယ် အကျယ်ဆုံး အနက်ဆုံး အခက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို ဖွင့်ဆိုရေးသား ရသော အကျွန်ုပ်သည်လည်း တစ်နေရာရာမှာ ချွတ်ချော်ကောင်း ချွတ်ချော်ပါ လိမ့်မည်၊ တိမ်းပါးကောင်း တိမ်းပါးပါလိမ့်မည်။

အကယ်၍ ယင်းသို့ ချွတ်ချော်တိမ်းပါးမှု တစ်စုံတစ်ရာကို တွေ့ရှိရပါလျှင်လည်း မတော်တဆ လမ်းမပေါ်မှာ ချော်လဲနေသူကို မကူမထောက် ဆဲဆိုကန်ကျောက်လျက် ကျော်နင်းဖြတ်သန်းသွားသူ လူမိုက်များကဲ့သို့ မျက်မာန်ဝင်ခု ပြစ်မရှုဘဲ ကြင်နာ ဖေးမ ထူပေးပြုစုကြသူ လူလိမ္မာများကဲ့သို့သာ ကြင်နာကူထောက် အမှန်ရောက်အောင် ဝမ်းမြောက်ဝမ်းသာ သုတ်သင်ပြင်ဆင်နိုင်ကြပါစေ၊ ပစ်ခွာမစွန့် မေတ္တာဖြန့်နိုင်ကြ ပါစေ။

မြေညီရပ်–ဖြောင့်မတ်မတ် သွားသူပင်၊
ကြောင်းမလျော်–ချော်ကာလဲလို့ရယ်, ကွဲပြဲဖြစ်အင်။
မြင်သူများ–ကိုယ့်သွေးသားလိုပင်, ချစ်စိတ်ဝင်ထူပေး၊
အလားတူ–မှားမြင်မူ, ထောက်ကူမလို့ရယ်, ပြင်ကြကြည်အေး။

**အရှင်ကုမာရ**

၁၃၃၈–ခု၊ ဦးတန်ခူး လဆန်း ၁၃–ရက်။

# ပဋ္ဌာနပန်းကုံး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပစ္စယသင်္ဂဟ

### ၈–ပစ္စည်း ၄–မျိုး

၁။ အာရမ္မဏပစ္စည်း
၂။ သဟဇာတပစ္စည်း
၃။ ဥပနိဿယပစ္စည်း
၄။ ပုရေဇာတပစ္စည်း
၅။ ပစ္ဆာဇာတပစ္စည်း
၆။ ကမ္မပစ္စည်း
၇။ အာဟာရပစ္စည်း
၈။ ဣန္ဒြိယပစ္စည်း

ဤခေါင်းဆောင်ပစ္စည်းများကိုပင် "၈–ပစ္စည်း"ဟု ခေါ်ကြသည်၊ သုဒ္ဓသချ်ာနောက်ပိုင်း၌ ပြထားသော မိဿကများကိုမူ ပစ္စည်းသီးသန့် မယူရပါ၊ ဝိဘင်္ဂကောက်ရာ, ပစ္စယုဒ္ဒါရထုတ်ရာ–စသည်တို့၌ သက်သာလွယ်ကူစေရန်သာ သုဒ္ဓသချ်ာအတွင်း ထည့်သွင်းပြဆိုထားရပါသည်။

၁။ အာရမ္မဏမျိုး
၂။ သဟဇာတမျိုး
၃။ အနန္တရူပမျိုး
၄။ ပကတူပမျိုး

၅။ ဝတ္ထုမျိုး
၆။ ပဋ္ဌာဇာတမျိုး
၇။ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုး
၈။ ရူပအာဟာရမျိုး
၉။ ရူပဇီဝိတိန္ဒြိယမျိုး

ဤသည်တို့ကား "မျိုးပစ္စည်း ၉-ပါး"တို့ပေတည်း၊ ဤရှစ်ပစ္စည်း ၉-မျိုး အစဉ်အားဖြင့်ပင် သုဒ္ဓသင်္ချာများကို ပြပါမည်၊ ဇယားကိုမူ "အာရမဏာမျိုး, သဟဇာတမျိုး, အနန္တရူပပကတူပမျိုး, ဝတ္ထာဒိမျိုး"ဟု ၄-မျိုးခွဲပြပါမည်၊ ယင်းဇယားများဖြင့်ပင် သုဒ္ဓသင်္ချာများကို ကျေနပ်အားရအောင် သရုပ်ခွဲလေ့လာပါ။

**ဆောင်။** ။အာ သဟ-ဥပနှင့် ပု ပဋ္ဌာ၊
ကံ ဟာ ဣန္ဒ-ပေါင်းအဌယ်, ပစ္စယသာ။
အာ သဟ-နန္တရူပ ပကတူပါ, ဝတ် ပဋ္ဌာ ကမ္မ၊
ရုပ် ဟာ ဣန္ဒ-ဤကိုးခုတို့ကို, မျိုးဟု ညွှန်ပြ။

**သင်္ချာနှင့်စပ်၍ မှတ်ဖွယ်**

ယင်း သုဒ္ဓသင်္ချာဇယားများ၌ အပေါ်ခေါင်းများဖြင့် မျိုးစဉ်အလိုက် ပဉှာဝါရ၌ ရထိုက်သော သင်္ချာများကို ပြထားပါသည်၊ ၄င်းတို့ကို စပေါင်းရေတွက်ကြည့်ပါက-

| | |
|---|---|
| ကုသလော ကုသလဿ<br>ကုသလော အကုသလဿ<br>ကုသလော အဗျာကတဿ<br>ကုသလော ကုသလာဗျာကတဿ | ကုသလပဒ ၄-ချက် |
| အကုသလော အကုသလဿ<br>အကုသလော ကုသလဿ<br>အကုသလော အဗျာကတဿ<br>အကုသလော အကုသလာဗျာကတဿ | အကုသလပဒ ၄-ချက် |
| အဗျာကတော အဗျာကတဿ<br>အဗျာကတော ကုသလဿ<br>အဗျာကတော အကုသလဿ | အဗျာကတပဒ ၃-ချက် |

| | |
|---|---|
| ကုသလာဗျာကတော ကုသလဿ<br>ကုသလာဗျာကတော အဗျာကတဿ | ကုသလာဗျာကတပဒ ၂–ချက် |
| အကုသလာဗျာကတော အကုသလဿ<br>အကုသလာဗျာကတော အဗျာကတဿ | အကုသလာဗျာကတပဒ ၂–ချက် |

ဤသို့ သချာ ၁၅–ချက် တွေ့ရှိရပါလိမ့်မည်၊ ယင်းသချာများမှာ ကုသလတိက် ပဉ္စာဝါရ၌ ရသင့်သမျှသော သချာများပင် ဖြစ်ကြပါသည်၊ သို့သော် ဤပဉ္စာဝါရ ဝိဘင်္ဂ အနုလောမ၌ ပစ္စည်းတစ်ခုတည်းမှာ သချာ ၁၅–ချက်လုံးကို ရနိုင်သည်ကား မဟုတ်ပါချေ၊ မိမိ မိမိတို့၏ ပစ္စည်း,ပစ္စယုပ္ပန်အားလျော်စွာသာ ရနိုင်ပေသည်။

အလွယ်ဆုံးအားဖြင့် ပစ္စည်းတစ်ခုမှာ သချာ တေရသ–ထက် ပို၍ မရနိုင်၊ ဒေသနာစဉ် သုဒ္ဓသချာ၌ "ဧကံ, တီဏိ, ပဉ္စ, သတ္တ, နဝ, ဒသ, တေရသ"ဟု ထိုက်သည်အားလျော်စွာ သချာ ၇–မျိုးမျှသာ ရနိုင်သည်၊ ပစ္စနိက်သချာဝါရ–စသည်တို့၌မူ သချာ ၁၅–ပါး အပြည့်အဝ ရသည်ကိုလည်း တွေ့ရပါလိမ့်မည်။

နောက်၌ပြထားသော ဇယားများကို လက်ဝဲ,လက်ယာ ကြည့်ရှုပါက သုဒ္ဓသချာများကို တွေ့ရပါလိမ့်မည်၊ ဆိုင်ရာပစ္စည်းများအတွက် (။)ဤအမှတ်ရှိရာ သချာများကို ရေတွက်ပါ၊ လက်ဝဲဘက် အဆုံးကွက်၌မူ အပေါင်းသချာများကို ဂဏန်းဖြင့် ပြထားသည်။

## သုဒ္ဓသချာ

### အာရမ္မဏမျိုး–၈

၁။ အာရမ္မဏ
၂။ အာရမ္မဏာဓိပတိ
၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ
၄။ အာရမ္မဏူပနိဿယ
၅။ အာရမ္မဏပုရေဇာတ
၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
၇။ အာရမ္မဏပုရေဇာတတ္ထိ
၈။ အာရမ္မဏပုရေဇာတအဝိဂတ
[ *အာရမ္မဏပုရေဇာတာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတာဓိပတိ။ ]

| မျိုးပစ္စည်း | | [illegible] | ကု | အကု | ဗျာ | အကု | ကု | ဗျာ | ဗျာ | ကု | အကု | ဝါရ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | [illegible] | ကု | = | = | အကု | = | = | ဗျာ | = | = | |
| အာရမဏမျိုး—၆ | အာရမဏ ၁ | | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၉ |
| | အာဓိ, ဥပ ၂ | | ॥ | ॥ | ॥ | ॥ | | | ॥ | ॥ | ॥ | ၇ |
| | အာပု, ဝတ္ထု ၃ | | | | | | | | ॥ | ॥ | ॥ | ၃ |
| | *အာပုဓိ, ဝတ္ထုဓိ | | | | | | | | | | ॥ | ၁ |

၁။ အာရမဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ကာမစိတ် စတုပညာသ, ဝိညာဏဉ္စာယတနစိတ် ၃–ခု နေဝသညာနာသညာယတနစိတ် ၃–ခု အဘိညာဉ် ၆ွေး လောကုတ္တရာစိတ် ၈–ခုအား×တပ်သော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ၆ွေးပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမဏပစ္စည်းတပ်သော တရားတို့ မည်ကုန်၏၊ သင်္ချာ နဝ၊ ပစ္စည်းရေ–၁။

သင်္ချာနဝ–ဟူသော်ကား ကုသလော ကုသလဿ····အဗျာကတော အကုသလဿ–ဟူသည်တည်း၊ ပစ္စည်းရေ ၁–ဟူ သော်ကား အာရမဏသာတည်း။

\ [ဖယားမှာရှုလျက် ပေယျာလကို ဖော်ပါ၊ ကြွင်းသောပစ္စည်းများ၏ သုဒ္ဓ သင်္ချာကိုလည်း နည်းတူပင် ဆိုပါ။]

၂။ အာရမဏာဓိပတိ, အာရမဏူပနိဿယ····၌ *အလေးအမြတ်ပြုတတ်သော လောဘမူ ၈–ခု, မဟာကုသိုလ် ၈–ခု, မဟာကြိယာဉာဏသမ္ပယုတ် ၄–ခု, လောကုတ္တရာစိတ် ၈–ခုအား×တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူ့ွေး မောဟမူ့ွေး ဒုက္ခသဟဂုတ်ကာယဝိညာဉ် ကြဉ်သော စိတ် ၈၄–ခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇–ခု နိဗ္ဗာန်····၊ သင်္ချာ သတ္တ၊ "အာ, ဓိ, ဥ"ဟု (တစ်ပြိုင်နက်) ပစ္စည်းရေ–၃။

၃။ အာရမဏပုရေဇာတ, အာရမဏပုရေဇာတတ္ထိ, အာရမဏပုရေဇာတ အဝိဂတ····၌ ကာမစိတ် စတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတအဘိညာဉ်အား×

တပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ····၊ သချာ တီကာ၊ "အာ,ပု,အတ်,အ"ဟု (တစ်ပြိုင်နက်) ပစ္စည်းရေ-၄။

၄။ ဝတ္ထာရမဏပုရေဇာတနိဿယ, ဝတ္ထာရမဏပုရေဇာတ, ဝတ္ထာရမဏ ပုရေဇာတဝိပ္ပယုတ္တ, ဝတ္ထာရမဏပုရေဇာတတ္ထိ, ဝတ္ထာရမဏပုရေဇာတအဝိဂတ ····၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ၅-ချက် တဒါရုံအားxတပ်သော စုတိ စိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ····၊ သချာ တီကာ၊ "အာ,နိ,ပု,ဝိပ်,အတ်,အ"ဟု (တစ်ပြိုင်နက်) ပစ္စည်းရေ-၆။

၅။ အာပုမိ····၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခုအားx တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ····၊ သချာ ဇကာ၊ "အာ,မိ,ဥ,ပု,အတ်,အ"ဟု (တစ်ပြိုင်နက်) ပစ္စည်းရေ-၆။

၆။ ဝတ္ထာမိ····၌ အလေးအမြတ်ပြုတတ်သော လောဘမူမရဏာသန္နဇော ၅-ချက်အားxတပ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု····၊ သချာ ဇကာ၊ "အာ,မိ,နိ,ဥ,ပု,ဝိပ်,အတ်,အ"ဟု (တစ်ပြိုင်နက်) ပစ္စည်းရေ-၈။

## အာရမဏမျိုး သရုပ်ခွဲ

**အခြေခံ မှတ်ဖွယ်** ဤပဋ္ဌာဝါရ အနုလောမ သုဒ္ဓသချာများ၌"ပစ္စည်း, ပစ္စယုပ္ပန်"ဟု တရား ၂-မျိုး ပါဝင်သည်၊ "အား"တိုင်အောင်သော စကားရပ်ဖြင့် ပစ္စယုပ္ပန်တရားများကို ပြသည်၊ "တပ်သော"အစရှိသော နောက်ပိုင်းစကားရပ်ဖြင့် ပစ္စည်းတရားကို ပြသည်။

ထိုတွင် "တပ်"ဟူသော မြန်မာစကားသည် "တပ်နှစ်သက်သည်"စသည်တို့၌ စွဲလမ်းခြင်းကို ဟော၏၊ "အတပ်သိ"စသည်တို့၌ အသေအချာ-ဟူသော အနက်ကို ဟော၏၊ "ရေတပ်, ကြည်းတပ်"စသည်တို့၌ အထပ်ထပ်-ဟူသော အနက်ကို ဟော၏၊ "ကြယ်သီးတပ်ပါ"စသည်တို့၌ ယှဉ်တွဲခြင်းအနက်ကို ဟော၏၊ ဤသို့-စသည်ဖြင့် အနက်များစွာကို ဟောနိုင်သည်။

ဤ၌ကား "ယှဉ်တွဲခြင်း"အနက်ကို ဟောသည်၊ ထို့ကြောင့် "အကျိုးအကြောင်း (ပစ္စယုပ္ပန်,ပစ္စည်း) အနေအားဖြင့် ယှဉ်စပ်နေသော"ဟူသော အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

**ဆောင်။** ။ ကျိုးကြောင်းအနေ, ယှဉ်စပ်နေ, ခေါ်လေပစ္စည်းတပ်။

"ပစ္စည်း"ဟူသည်မှာ အကြောင်းတရား ဖြစ်သည်၊ ယင်းကို "ကု,အကု,ဗျာ" စသည်ဖြင့် ပဒအရ ခွဲယူရသည်၊ "ပစ္စယုပ္ပန်"ဟူသည်မှာ အကျိုးတရား ဖြစ်သည်၊ ယင်းကိုလည်း ပဒါဝသာနအရ "ကု,အကု,ဗျာ"စသည်ဖြင့်ပင် ခွဲယူရသည်၊ သို့သော် ပဒအရတရားနှင့် ပဒါဝသာနအရတရားတို့သည် ကြောင်းကျိုးစပ်ဟပ်မှု ရှိရမည်၊ ကြောင်းကျိုးစပ်ဟပ်မှု ရှိမှသာ သင်္ချာထွက်နိုင်ကြသည်၊ ကြောင်းကျိုးစပ်ဟပ်မှု မရှိက သင်္ချာပင် မထွက်နိုင်ကြပါ။

ယင်းသို့ ကုသလပဒ–စသည်ဖြင့် ခွဲရခြင်းမှာလည်း တိကပဋ္ဌာန်း ကုသလ တိက်ကို ဟောသောအရာဖြစ်သောကြောင့် ခွဲရခြင်း ဖြစ်ပါသည်၊ ဝေဒနာတိက် –စသည်ကို ဟောသောအရာဖြစ်ပါက "သုခါယ ဝေဒနာယ သမ္ပယုတ္တပဒ"စသည် ဖြင့် ခွဲရပါလိမ့်မည်၊ ဤကား အများဆိုင်ရာ သဘောလက္ခဏာမျှသာတည်း။

**အာရမ္မဏ သတ္တိ**

သီးပွင့်ယှက်ရုံ မျိုးပေါင်းစုံအောင် စိုက်ပျိုးပြုပြင်ထားသော ဥယျာဉ်သည် လူသားတို့၏အကြိုက် နှစ်ခြိုက်ဖွယ်ရာ ဖြစ်၏၊ မွေ့လျော်ဖွယ်ကို ဆောင်၏၊ ထိုနည်း တူစွာပင် ရူပါရုံ–စသော အာရုံ ၆–ပါးတို့သည်လည်း စိတ်စေတသိက်တို့၏ နှစ်ခြိုက်ဖွယ်ရာ အကြိုက်ဓာတ်စာ ဖြစ်၏၊ မွေ့လျော်ဖွယ်ကို ဆောင်၏၊ အာရုံနှင့် ကင်းကွာ၍ ဖြစ်နိုင်သော စိတ်စေတသိက်ဟူ၍ မရှိ၊ စိတ်စေတသိက်သာ မှန်ပါက အာရုံတစ်ခုခုကို အာရုံပြု၍ ဖြစ်ကြရသည်ချည်း။

ယင်းသို့ စိတ်စေတသိက်တို့က မခွဲနိုင် မခွာရက်လောက်အောင် မွေ့လျော် ဖွယ်ကို ဆောင်သော သတ္တိထူးသည် "အာရမ္မဏသတ္တိ"မည်၏။

**ပဉ္စဝါရ၌ ပညတ်ကို မဟော**

ပဉ္စဝါရ ဝိဘင်္ဂ၌လာသော ပဒ,ပဒါဝသာနတို့တွင် မည်သည့်ပဒမှာမှ ပညတ် တရားများ မပါဝင်နိုင်ကြ၊ ယင်းသို့ ပဒအရ (ပစ္စည်း)ဘက်၌ အာရုံ ပညတ်တရားများ မပါဝင်နိုင်ကြပါက ပဒါဝသာနအရ (ပစ္စယုပ္ပန်)ဘက်၌ ပညတ်ကို ဧကန်အာရုံ ပြုသော အာရမ္မဏိက ပစ္စယုပ္ပန်တရားများလည်း ပါဝင်ခွင့် မရှိကြ၊ ထို့ကြောင့်

အာရမဏာသုဒ္ဓသချာ၌ ပစ္စည်းဘက်မှ ပညတ်နှင့် ပစ္စယုပ္ပန်ဘက်မှ ပညတ်ကိုသာ အာရုံပြုသော စိတ်များကို ချန်လှပ်၍ ဆိုရိုးပြုရသည်။

မှန်၏၊ ပဋ္ဌာဝါရ ဝိဘင်္ဂ၌ "ဝိဓိ,အနုဝါဒ"ဟု ၂-မျိုးပါဝင်သည်၊ ပစ္စည်းအရ တရား, ပစ္စယုပ္ပန်အရတရားတို့ကို "ကု,အကု,ဗျာ"စသည်ဖြင့် ထိုထိုတိက်,ဒုက်အား လျော်စွာ ပဒ,ပဒါဝသာန ခွဲဝေလျက် ဝိဓိပါဠိတော်ကို ဟောတော်မူသည်၊ အနုဝါဒ ပါဠိတော်ကိုမူ ဖြစ်နိုင်သမျှ ခန္ဓသဒ္ဒါဖြင့် ဝေဖန်ဟောတော်မူသည်၊ ဓမ္မသဒ္ဒါဖြင့် ဝေဖန်ဟောတော်မူသည် မဟုတ်ပါ၊ ထို့ကြောင့် ပစ္စည်းအရ ပရမတ္ထတရားမျှကိုသာ ယူရပါသည်၊ ပညတ်တရားများကိုမူ မယူရတော့ပါ။

ပစ္စည်းအရ ပညတ်တရားကို မယူရပါလျှင် အာရမဏာပစ္စယုပ္ပန်အရ ယင်းပညတ်ကိုသာ အာရုံပြု၍ ဖြစ်ကြရသော အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ် ၁၅-ခု အာကာသာနဉ္စာယတစိတ် ၃-ခု အာကိဉ္စညာယတနစိတ် ၃-ခုတို့ကိုလည်း မယူရတော့ပါ။

**ဆောင်။** ။ ပဒတွင်းမှာ, မဝင်ပါ, ပဋ္ဌာပညတ် မဟောမှတ်။

**အာရမဏမျိုး သချာ**

၁။ အာရမဏမျိုး သချာ၌ ပဒအရ ပစ္စည်းတရားနှင့် ပဒါဝသာနအရ ပစ္စယုပ္ပန် တရားတို့သည် အာရုံ,အာရမဏိကသဘောဖြင့် ဆက်စပ်မှု ရှိကြရမည်၊ ယင်းသို့ ဆက်စပ်မှု ရှိမှသာ သချာထုတ်နိုင်သည်။

၂။ ပစ္စည်းအရတရားကို "ကု,အကု,ဗျာ"ဟု ပဒအရ ခွဲထား၍ ပစ္စယုပ္ပန် တရားများကိုလည်း "ကု,အကု,ဗျာ"ဟုပင် ပဒါဝသာနအရ ခွဲထား ရမည်။

၃။ ကုသလပဒ၌ ပဒါဝသာနအရ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ အဗျာကတတို့၏ အာရုံဖြစ်သော ကုသိုလ်တို့ကို အသီးအသီး ဝေဖန်ပါ၊ အာရမဏိက,အာရုံ ယှဉ်စပ်ဆက်သွယ်မှုရှိက သချာထုတ်ပါ။

၄။ အကုသလပဒ၌လည်း ပဒါဝသာနအရ အကုသိုလ် ကုသိုလ် အဗျာကတ တရားတို့၏ အာရုံဖြစ်သော အကုသိုလ်တို့ကို အသီးအသီး ဝေဖန်ညှိနှိုင်း၍ သချာထုတ်ပါ။

၅။ အဗျာကတပဒ၌လည်း ပဒါဝသာနအရအဗျာကတ ကုသိုလ် အကုသိုလ် တရားတို့၏ အာရုံဖြစ်သော အဗျာကတတို့ကို ဝေဖန်၍ သချာထုတ်ပါ၊ နောက်၌ပြထားသောသရုပ်ခွဲဇယားများနှင့် တိုက်ဆိုင်လေ့လာပါ၊ သဘော ဉာဏ်သက်ဝင်လာအောင် ကြံစည်စဉ်းစားပါ။

အာရမ္မဏ သရုပ်ခွဲ

| ပဒ | ပစ္စည်း(တပ်သော) | ပဒါဝသာန | ပစ္စယုပ္ပန်(အား) |
|---|---|---|---|
| ကု | အ-မဂ်ကြဉ် ကု-၂၀, စေ-၃၈ | ကု | မဟာကု-၈, ဝိ˚ကု, နေကု, ကုဘိ˚, စေ-၃၃ |
| | ကီ-ကု ၁၇, စေ-၃၈ | အကု | အကု-၁၂, စေ-၂၇ |
| | ကု-၂၁, စေ-၃၈ | ဗျာ | တဒါ-၁၁, ပဉ်ကြဉ်ကာကြိ-၁၀, ဝိ˚-ဝိကြိ, နေ-ဝိကြိ, ကြိဘိ˚, စေ-၃၃ |
| အကု | အကု-၁၂, စေ-၂၇ | အကု | အကု-၁၂, စေ-၂၇ |
| | ။ | ကု | မဟာကု-၈, ကုဘိ˚, စေ-၃၆ |
| | ။ | ဗျာ | တဒါ-၁၁, ကာကြိ-၁၁, ကြိဘိ˚, စေ-၃၃ |
| ဗျာ | ဝိ-၃၆, ကြိ-၂၀, စေ-၃၈ ရုပ်-၂၈, နိ | ဗျာ | ကာဝိ-၂၃, ကာကြိ-၁၁, ဝိ˚-ကြိ, နေ-ကြိ, ကြိဘိ˚, ဖ-၄, စေ-၃၆ |
| | အ-ဖကြဉ်ဝိ-၃၅, ကြိ-၂၀, စေ-၃၈, ရုပ်-၂၈, နိ | ကု | မဟာကု-၈, ကုဘိ˚, မဂ်-၄, စေ-၃၆ |
| | ကီ-ဝိ-၃၂, ကြိ-၂၀, စေ-, ရုပ် | အကု | အကု-၁၂, စေ-၂၇ |

ကု x ကု မဟာကုသိုလ်စိတ် ၈-ခု ဝိညာဏဉ္စာယတနကုသိုလ် နေဝသညာ နာသညာယတနကုသိုလ် ကုသိုလ်အဘိညာဉ် ဝိရတိအပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသအား×တပ်သော အရဟတ္တမဂ်ကြဉ် ကုသိုလ်ဝိသ စေတသိက် အဋ္ဌတ္တိံသ။

ဤသို့ ပဒ,ပဒါဝသာနကုန်အောင် ဆိုပါ၊ အာရမ္မဏသင်္ဂဟနှင့် ညှိနှိုင်းပါ၊ ဤသရုပ်များမှပင် ဝိဘင်္ဂပါဠိတော်များ, အရကောက်များ ဖြစ်လာကြပါလိမ့်မည်။

## အာရမ္မဏပစ္စည်း အကျယ်ကောက်ရန်

အာရမ္မဏ အကျယ်ကောက်ဇယားကို ဆက်လက်ပြပါဦးမည်၊ ပဋ္ဌာန်ပါဠိ၌ ပညတ်ကို မဟောစေကာမူ ပစ္စယနိဒ္ဒေသအရကောက်, ဆဝါရဟိတ်ပါဠိအရကောက် အတွက်ပါ ရည်ရွယ်၍ ပညတ်အာရုံများကိုလည်း ထည့်သွင်းထားပါသည်၊ ဤဆိုရိုးများကို ကျေညက်အောင် လေ့လာထားပါ၊ အာရမ္မဏသင်္ဂဟကို သရုပ်ခွဲဖူးပါက လွယ်ကူသက်သာပါလိမ့်မည်၊ အာဂုံကျက်ရန် လိုမည်မထင်ပါ၊ အစီအစဉ်ကို ကြည့်ရှု မှတ်သား ရုံမျှဖြင့်ပင် ရပြီးဖြစ်လာပါလိမ့်မည်။

| အာရုံ-ပစ္စည်း(တပ်သော) | ဂိုဏ်း | အာရမ္မဏိက-ပစ္စယုပ္ပန်(အား) |
|---|---|---|
| ပစ္စုပ္ပန်-(ပ) | ရူ | စက္ခုဝိညာဉ်ဒွေး-(ပ) |
| ပစ္စုပ္ပန် | ဖော | ကာယဝိညာဉ်ဒွေး |
| ။ | ၅ | မနောဓာတ် ၃-ခု |
| ကာ-၅၄, စေ-၅၂, ရုပ်-၂၈ | ၆ | တဒါရုံ-၁၁, ဟသိ |
| ကီ-၈၁, စေ-၅၂, ရုပ်-၂၈, ပညတ် | ၆ | အကု-၁၂, မဟာကု-ဝိပ်-၄,<br>မဟာကြိ-ဝိပ်-၄ |
| အ-မ+ဖကြဉ်စိတ်-၈၇, စေ-၅၂,<br>ရုပ်-၂၈, နိ, ပညတ် | ၆ | မဟာကု-သမ်-၄ |
| စိတ်-၈၉, စေ-၅၂, ရုပ်-၂၈, နိ,<br>ပညတ် | ၆ | မ-ဇွန်း, မဟာကြိ-သမ်-၄ |
| ဒုရပင္ဝိဇ္ဇန္နသဏ္ဍာသုခမဖြစ်သော<br>ပစ္စုပ္ပန် | ရူ | ဒိဗ္ဗစက္ခု-ကုxကြိအဘိညာဉ် |
| ။ ။ ။ | သဒ္ဒါ | ဒိဗ္ဗသော-ကုxကြိ-ဘိ |

စက္ခုဝိညာဉ်ဒွေးအားxတပ်သော ပစ္စုပ္ပန်ရူပါရုံ၊ (ပ) ၊မနောဓာတ် ၃-ခုအားx တပ်သော ပစ္စုပ္ပန်သဒ္ဒါရုံ၊ (ပ) ၊မနောဓာတ် ၃-ခုအားxတပ်သော ပစ္စုပ္ပန်ပဉ္စာရုံ၊ တဒါရုံဇကာဒသ ဟသိတုပ္ပာဒ်အားxတပ်သော ကာမစိတ် စေတုပညာသ စေတသိက် ဒွေးပညာ ရုပ်အဋ္ဌဝီသ-ဟု ဆိုအပ်သော အာရုံ ၆-ပါး-စသည်ဖြင့် ဇယားကုန် သည်အထိ ဆိုပါ။

## အာရမဏဓယား အဆက်

| အာရုံ–ပစ္စည်း(တပ်သော) | ပ | အာရမဏိက–ပစ္စုပ္ပန်(အား) |
|---|---|---|
| ပါဒကဖြစ်သော ရူ–ကု(ကြိ) ပဉ်ရျာန် သတ သဟာဿ–စသော နိမ္မိတရုပ်–ဟုဆို | ၆ | ဣဒ္ဓိဝိဓ–ကု(ကြိ)အဘိညာဉ် |
| လွန်လေပြီးသော ၇–ရက်မှစ၍ လာလတ္တံ့သော ၇–ရက်တိုင်အောင် ကာလ ၃–ပါး၌တည်သော သူတစ်ပါးတို့၏စိတ်–၈၉, စေ–၅၂ | ၈ | စေတောပရိယ–ကုxကြိ–ဘိ |
| ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်–၈၉, စေ–၅၂, ရုပ်–၂၈ ဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်အမည် အမျိုး–စသော ပညတ်–ဟု ဆိုအပ် | ၆ | ပုဗ္ဗေနိ–ကုxကြိ–ဘိ |
| အတိတ်ဖြစ်သော ကံ–ကု အကု–ကံ | ၈ | ယထာကမ္မူ–ကုxကြိ–ဘိ |
| အနာဂတ်ဖြစ်သော–(ပုဗ္ဗေနှင့်တူ) | ၆ | အနာဂတံသ–ကုxကြိ–ဘိ |
| ကသိုဏ်း ၁၀–ပါး, အသုဘ ၁၀–ပါး,ကာယ ဂတာသတိ၏အာရုံဖြစ်သော ဆံ–အစရှိသော ကာယ အစုပညတ်, အာနာပါနဿတိ၏အာရုံ ဖြစ်သော ထွက်သက်ဝင်သက် ပညတ်, မေတ္တာ ကရုဏာ မုဒိတာ–ဟူသောဗြဟ္မဝိဟာရတရား ၃–ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ ၂၅–ပါးသော ပညတ်–ဟု ဆိုအပ်သော | ၈ | ရူ–ပထမဈာန်စိတ် ၃–ခု |

အဘိညာဉ်ခန်း၌ ကုသိုလ်အဘိညာဉ် ၇–ပါးကို ဆိုပြီးမှ ကြိယာအဘိညာဉ် ၇–ပါးကို ဆိုပါ၊ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်မှာ ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်–ဟု ဆိုပါ၊ ကြိယာအဘိညာဉ်မှာ ရူပါဝစရကြိယာ ပဉ္စမဈာန်–ဟု ဆိုပါ၊ ကုသိုလ်အဘိညာဉ်များ၏ ပစ္စည်းဘက်မှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကြဉ်ပါ၊ ကြိယာအဘိညာဉ်ဖြစ်က ကြဉ်ရန် မလိုပါ။

**ဆောင်။** ။စက် သော ဣဒ် စေ, ပုဗ္ဗေ ယထာ, နာဂတာ, ဘိညာ ခုနစ်ပါး။

## အာရမ္မဏဇယား အဆက်

| အာရုံ–ပစ္စည်း(တပ်သော) | ႀကိမ် | အာရမ္မဏိက–ပွန်(အား) |
|---|---|---|
| ကသိုဏ်း ၁၀–ပါး, အာနာ, မေတ္တာ ကရုဏာ မုဒိတာ . . . . ဤ ၁၄–ပါးသော– | ၉ | ရူ–ဒုဈာန်–၃၊ တ–၃၊ စ–၃ |
| ကသိုဏ်း ၁၀, အာနာ, ဥ. . . .ဤ ၁၂–ပါး | ၉ | ရူ–ပဥ္စမဈာန်စိတ် ၃–ခု |
| အာကာသကြဉ်သော ကသိုဏ်း ၉–ပါး တို့တွင် တစ်ပါးပါးကို ခွာ၍ ရအပ်သော ကောင်းကင်ပညတ်–ဟု ဆိုအပ်သော | ၉ | အာကာသာနဥ္စာယတန ၃–ခု |
| ဤဘ၀ ရှေးဘ၀ အဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဥ္စာယတနကုသိုလ်–ဟု ဆိုအပ် | ၉ | ဝိညာဏဥ္စာယတန–ကု |
| ရှေးဘ၀ . . . .အာကာသာနဥ္စာယတနကု–ဟု ဆို | ၉ | ဝိညာဏဥ္စာယတနဝိပါက် |
| ဤဘ၀ . . . ဖူးသော အာကာ–ကြိ, ဤဘ၀ ရှေးဘ၀ . . . ဖူးသော အာကာ–ကု | ၉ | ဝိညာဏဥ္စာယတနကြိယာ |
| အာကာ–ကုကြိ၏ မရှိခြင်း နတ္ထိဘော ပညတ်–ဟု ဆိုအပ်သော | ၉ | အာကိဥ္စညာယတနစိတ် ၃–ခု |
| (အာကိ°ကို အာကာနည်းတူ ၃–ချက်ဆို | ၉ | နေ၀–ကု×ဝိပါ×ကြိ) |
| နိဗ္ဗာန် | ၉ | လောကုတ္တရာစိတ် ၈–ခု |

**အလေးအမြတ်ပြုအပ်သော (အာရုံ)**

သာမန်အာရုံထက် လွန်လွန်ကဲကဲ စိတ်ကိုဆွဲဆောင်နိုင်သော သတ္တိထူးရှိသည့် အာရုံမျိုးသည် "အလေးအမြတ်ပြုအပ်သော အာရုံ" မည်၏။

**ဆောင်။** ။ အာရုံသာမန်, အတန်တန်ထက်, ကဲလွန်ဆွဲငင်, သတ္တိထင်, မည်တွင် လေးမြတ်ပြု။

**အာရမ္မဏာဓိပတိမတပ်သော တရားများ**

ရုပ်အဌဝီသတို့တွင် အနိပ္ဖန္နရုပ် ၁၀–ပါးသည် ပရမတ္ထအစစ် မဟုတ်၊ ပရမတ္ထ တရားကိုယ် မရ၊ ပညတ်သဘောမျှသာ ဖြစ်သည်၊ သို့ဖြစ်၍ အလေးအမြတ်ပြု အပ်သော အာရုံမျိုး မဖြစ်နိုင်၊ အနိဋ္ဌဖြစ်သော နိပ္ဖန္နရုပ်–တို့သည်လည်း အလေး အမြတ်ပြုအပ်သော အာရုံမျိုး မဖြစ်နိုင်ကြ၊ ထို့ကြောင့် "ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်"ဟု ဆိုရသည်။

ယှဉ်ဖက်စေတသိက်များနှင့်တကွ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဉ်တို့သည်လည်း အလေးအမြတ်ပြုအပ်သော အာရုံများ မဟုတ်ကြပါ၊ ထို့ကြောင့် "ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော"ဟု ဆိုရသည်။

**ဆောင်။** ။ လေးမြတ်စရာ, မဟုတ်ပါ၍, ဒေါသာ–စသား, တရားများ, ပယ်ထား အာဓိမှာ။

**အာဓိပစ္စယုပ္ပန်မှာ မပါသောတရားများ**

ပြစ်မှား အမျက်ထွက်သောသူ, မိုက်မဲတွေဝေသောသူတို့သည် တစ်စုံတစ်ခုသော တရားကိုမျှ အလေးအမြတ် မပြုတတ်သောကြောင့် အမျက်ထွက်ခိုက် တွေဝေခိုက်မှာသာ ဖြစ်ကြရသော ဒေါသမူ မောဟမူစိတ်တို့သည်လည်း မည်သည့်အာရုံကိုမျှ အလေးအမြတ် မပြုတတ်ကြပါ၊ ထို့ကြောင့် အာရမဏာဓိပတိပစ္စယုပ္ပန်၌ ပါဝင်နိုင်ခွင့် မရှိ၊ အာရမဏာဓိပတိပစ္စယုပ္ပန်မှ လွတ်ကြရသည်။

**ဆောင်။** ။ ပြစ်မှားသသူ, တွေဝေသူတို့, လေးမူစရာ, မရှိပါ၍, နှစ်ဖြာဒေါသ, မောဟမူလာ, စိတ်တို့မှာ, အာဓိပန်မှလွတ်။

မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄–ခုသည် ဉာဏ်မယှဉ်သည့်–အတွက် လောကုတ္တရာကို အာရုံမပြုနိုင်၊ ယင်းမဟာကြိယာစိတ်တို့၏ဖြစ်ရာ ရဟန္တာပုဂ္ဂိုလ်တို့မှာလည်း အထွတ်အမြတ်သို့ ရောက်ပြီးသူများ ဖြစ်ကြသည်၊ မည်သည့်လောကီတရားကိုမျှ အလေးအမြတ် အာရုံမပြုတော့ချေ၊ သို့ဖြစ်၍ ရဟန္တာတို့၏ သန္တာန်မှာသာ ဖြစ်ကြရသော မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ်တို့သည်လည်း လောကီတရားစုကို အလေးအမြတ် အာရုံမပြုတော့ပါ၊ ထို့ကြောင့် ၄င်းတို့ကို အာရမဏာဓိပတိပစ္စယုပ္ပန်မှ ကြဉ်ရသည်။

**ဆောင်။** ။ ဉာဏ်မယှဉ်ငြား, လောကုတ်များကို, ပြုထားမရ၊ ရဟန္တာလည်း, လေးစွာလောကီ, မပြုပြီတည့်၊ ဤသို့မိန့်မှာ, ကြောင်းအရာကြောင့်, မဟာကြိယ, ဉာဏဝိပ, စိတ်တို့မှာ, အာဓိပန်မှလွတ်။

အထွတ်အမြတ် မင်းအဖြစ်သို့ ရောက်လာသောသူသည် တစ်စုံတစ်ယောက်သောသူကိုမျှ အလေးအမြတ်မပြုသကဲ့သို့ မဟဂ္ဂုတ်ကုသိုလ်သည်လည်း မိမိကိုယ်တိုင်

ဖြစ်သောတရား ဖြစ်သည့်အတွက် မည့်သည့်တရားကိုမျှ အလေးအမြတ် မပြုတော့ပါ၊ ထို့ကြောင့် ၄င်းတို့ကို အာရမဏာဓိပတိပစ္စယုပ္ပန်မှ ကြဉ်ဖယ်ထားရသည်။

**ဆောင်။** ။ကိုယ်တိုင်ထွတ်မြတ်, ဖြစ်တုံလတ်၍, လေးမြတ်ကင်းကွာ, မဟာဂ်မှာ, အာဓိပန်မှလွတ်။

**အာရမဏာဓိပတိပစ္စည်း တပ်ပုံ**

| အာရုံ-ပစ္စည်း(တပ်သော) | အာရမဏိက-ပွန်(အား) |
|---|---|
| အပ်= ဣဋ္ဌ နိပ္ဖန္နရုပ်-၁၈<br>ကာမီစိတ် ၇၆-ခု, စေ-၄၇ | တတ်= လောဘမူစိတ် ၈-ခု |
| အပ်= ကာမီကု-၁၇ | တတ်= မဟာကုဝိပ် ၄-ခု |
| အပ်= ကာမီကု-၁၇, အောက်မ-၃, ဖ-၃, နိ | တတ်= မဟာကုသမ် ၄-ခု |
| အပ်= အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိ | တတ်= မဟာကြိသမ် ၄-ခု |
| နိဗ္ဗာန် | လောကုတ္တရာစိတ် ၈-ခု |

**ဆောင်။** ။လောဘမူသည်, ဒေါသမူ မောဟ, ဒုက္ခကြဉ်ဖယ်, ခုနစ်ဆယ်ခြောက်ခု, လောကီစုနှင့်, စေတုဇိဋ္ဌ, ရုပ်နိပ္ဖန်ကို, ကြည့်ညိုသမှု, အလေးပြု၏၊ ကုသိုလ်ကာမ, စိတ်အဋ္ဌလည်း, လောကခေါ်ဆို, ကုသိုလ်သတ္တရသ်, လွန်လေးမြတ်၏၊ ရှစ်မှတ် သမုတ်, သမ္ပယုတ်လည်း, လောကုတ် နဝ, သသက်ကို, ခြေင်စွဲမိုတ်၊ လောကုတ် စိတ်လည်း, အောင်မြိုက် နိဗ္ဗု, အလေးမူသည်· · · ·ဘုန်းလူဗိန်းနော် မော်ကွန်းတည်း။

အလေး:အမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခုအား:xတပ်သော အလေးအမြတ် ပြုအပ်သောဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီစိတ် ၇၆-ခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ။

အလေးအမြတ် ပြုတတ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄–ခုအား xတပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ၊ ဤသို့–စသည်ဖြင့် ဖယားကုန်အောင် ဆိုပါ၊ ဆောင်ပုဒ်ကိုလည်း ရပါစေ။

## အာရမဏာဓိပတိ–သရုပ်ခွဲ

| ပဒ | အာရုံ–ပစ္စည်း (တပ်သော) | ပဒါဝသာန | အာရမဏိက–ပစ္စုပ္ပန် (အား) |
|---|---|---|---|
| ကု | အပ်= ကု–၂၀, စေ–၃၈ | ကု | တတ်= မဟာကု–၈, စေ–၃၃ |
| | အပ်=ကီကု–၁၇, စေ–၃၈ | အကု | တတ်=လောဘမူ–၈, စေ–၂၂ |
| | အပ်=အရဟတ္တမဂ်, စေ–၃၆ | ဗျာ | တတ်=မဟာကြိသမ်–၄,စေ–၃၃ |
| အကု | အပ်=လောဘမူ–၈, စေ–၂၂ | အကု | တတ်=လောဘမူ–၈, စေ–၂၂ |
| ဗျာ | အပ်=အရဟတ္တဖိုလ်xနိ | ဗျာ | တတ်=မဟာကြိသမ်–၄, ဖိုလ်–၄, စေ–၃၆ |
| | အပ်=အောက်ဖိုလ်–၃xနိ | ကု | တတ်=မဟာကုသမ်–၄မဂ်–၄, စေ–၃၆ |
| | အပ်=ဏ္ဍ–၁၈, ဒု–ကြဥ်ကီဝိ–၃၁, ကြိ–၂၀, စေ–၃၅ | အကု | တတ်=လောဘမူ–၈, စေ–၂၂ |

အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်စိတ် ၈–ခု ဝိရတိ အပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသအား xတပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ် ကြဥ်သော ကုသိုလ်ဝီသ စေတသိက်အဋ္ဌတ္တိံသ–စသည်ဖြင့် ဖယားကုန်အောင် ဆိုပါ။

## အာရမ္မဏပုရေဇာတ–သရုပ်ခွဲ

| ပဒ | အာရုံ–ပစ္စည်း(တပ်သော) | ပဒဝိဘင် | အာရမ္မဏိက–ပွန်(အား) |
|---|---|---|---|
| ဗျာ | ပစ္စုပ္ပန် နိပ္ဖန္နရုပ်–၁၈ | ဗျာ | ကာဝိ–၂၃,ကာကြိ–၁၁,ဒိ–စက်သော–ကြိဘိ |
| | ။ | ကု | မဟာကု–၈,စက်xသော ကုဘိ |
| | ။ | အကု | အကု–၁၂, ဓေ–၂၇ |

## ဝတ္ထာရမ္မဏ–သရုပ်ခွဲ

| ပဒ | အာရုံ–ပစ္စည်း (တပ်သော) | ပဒဝိဘင် | အာရမ္မဏိက–ပွန်(အား) |
|---|---|---|---|
| ဗျာ | စုတိမှ....ဟဒယဝတ္ထု | ဗျာ | မ–ဓွန်းသန်ကြိဓော–၅,တဒါ–၁၁ |
| | ။ | ကု | သန်–ကုဓော ၅–ချက် |
| | ။ | အကု | သန်–အကုဓော ၅–ချက် |

**အာပုမိ–ဝတ္ထာမိ**

"အာပုမိ"ဟူသည် အာပုနှင့်အာမိပစ္စည်း ၂–မျိုးတို့၏ ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်သော တရားများသာ ဖြစ်သည်၊ ဝတ္ထာမိလည်း ဝတ္ထာနှင့်အာမိ ၂–ပါးတို့၏ ပစ္စည်း,ပစ္စယုပ္ပန်ဖြစ်သော တရားများသာ ဖြစ်သည်၊ ထို့ကြောင့် ၎င်းတို့ကို သဘာဂ ဃဋနာ–စသည်တို့အတွက် သုဒ္ဓသချာထဲမှာ ထည့်သွင်းထားပါသော်လည်း အာရမ္မဏ ၁၀–မျိုး မယူရပါ၊ ၈–မျိုးသာ ယူရပါသည်၊ ဗျာxအကု သချာ တစ်ချက်စီမျှသာ ရှိကြသည့်အတွက် ၎င်းတို့ကို သရုပ်ခွဲပြန်ရန်လည်း မလိုတော့ပါ။

**ပစ္စည်းရေ**

ဝိဘင်္ဂပါဠိ ကရိုဏ်းပါဠိ အရကောက်နှင့် သဘာဂ ဃဋနာ-စသည်တို့မှာ လွယ်ကူသက်သာစေရန် သုဒ္ဓသချာများ၏ နောက်၌ သဘာဂပစ္စည်းရေများကို ဖြည့်စွက် ထည့်သွင်းထားပါသည်၊ ယင်းသို့ ထည့်သွင်းထားရာ၌ သဟဇာတမျိုးမှာ သဘာဂသဘောအရ တစ်ပြိုင်နက် ယထာရဟ ပါဝင်နိုင်သမျှသော သဘာဂပစ္စည်းများကို ထည့်သွင်းထားပါသည်၊ ကြွင်းသော အာရမဏမျိုး-စသည်တို့မှာမူ ဃဋနာ သဘောအရ တစ်ပြိုင်နက် ပါဝင်နိုင်သော ပစ္စည်းများကိုသာ ထည့်သွင်းထားပါသည်၊ တစ်ပြိုင်နက်နှင့် ယထာရဟတို့၏ အဓိပ္ပာယ်ကိုမူ နောက်(၄၉)၌ တွေ့ရပါလိမ့်မည်။

## သဟဇာတမျိုး (၁၅)

**သဟငယ်-၇။** ။ ဟေတု, သဟဇာတာဓိပတိ, သဟဇာတကမ္မ, နာမ်အာဟာရ, သဟဇာတိန္ဒြိယ, ဈာန, မဂ္ဂ၊

**သဟလတ်-၄။** ။ အညမည, ဝိပါက, သမ္ပယုတ္တ, သဟဇာတဝိပ္ပယုတ္တ၊

**သဟကြီး -၄။** ။ သဟဇာတ, သဟဇာတနိဿယ, သဟဇာတတ္ထိ, သဟဇာတအဝိဂတ။

| မျိုးပစ္စည်း | | | | က | ဗျာ | က+ဗျာ | အက | ဗျာ | အ+ဗျာ | ဗျာ | ဗျာ | ဗျာ | သချာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပဒါဝသာန | | က | ဗျာ | က+ဗျာ | အက | ဗျာ | အ+ဗျာ | ဗျာ | ဗျာ | ဗျာ | |
| | | ပဒ | | က | ။ | ။ | အက | ။ | ။ | ဗျာ | က+ဗျာ | အ+ဗျာ | |
| သဟဇာတမျိုး-၁၅ | ငယ် | | ၇ | ။ | ။ | ။ | ။ | ။ | ။ | ။ | | | ၇ |
| | လတ်-၄ | ည, သံ | ၂ | ။ | | | ။ | | | ။ | | | ၃ |
| | | ဝိပါ | ၁ | | | | | | | ။ | | | ၁ |
| | | ဝိပ် | ၁ | | ။ | | | ။ | | ။ | | | ၃ |
| | ကြီး | | ၄ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၉ |

**သဟာယေ (၇)**

ဟေတု၌ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား xတပ်သော ဟိတ် ၆–ပါး၊ သချာ သတ္တ၊ (တစ်ပြိုင်နက် ယထာရဟ) ပစ္စည်းရေ လတ် ကြီး ၈–နှင့် ဓိ,ဏ္ဏ,မဂ်= ပေါင်း–၁၂။

သဟာဓိ. . . .၌ သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အားxတပ်သော အဓိပတိ တရားကိုယ် ၃–ပါး, ၄–ပါးတို့တွင် တစ်ပါးပါး၊ သချာ သတ္တ၊ (တစ်ပြိုင်နက် ယထာရဟ) ပစ္စည်းရေ လတ် ကြီး ၈–နှင့် ဟေ,ဟာ,ဏ္ဏ,မဂ်= ပေါင်း–၁၃။

သဟာကမ္မ · · ·၌ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားxတပ်သော စိတ်တစ်ခုယှတ်ကိုးဆယ်၌ရှိသော စေတနာ၊ သချာ သတ္တ၊ (တစ်ပြိုင်နက် ယထာ ရဟ) ပစ္စည်းရေ လတ် ကြီး ၈–နှင့် ဟာ= ပေါင်း–၁၀။

နာမ်အာဟာရ· · · ·၌ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားx တပ်သော "ဖဿ,စေတနာ,ဝိညာဉ်"ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃–ပါး၊ သချာ သတ္တ၊ (တစ်ပြိုင်နက် ယထာရဟ) ပစ္စည်းရေ လတ် ကြီး ၈–နှင့် ဓိ,ကံ,ဏ္ဏ= ပေါင်း–၁၂။

သဟာဇာတိန္ဒြိယ · · · ·၌ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား:x တပ်သော "ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ"ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈–ပါး၊ သချာ သတ္တ၊ (တစ်ပြိုင်နက် ယထာ ရဟ) ပစ္စည်းရေ လတ် ကြီး ၈–နှင့် ဟေ,ဓိ,ဟာ,ဈာ,မဂ်= ပေါင်း–၁၄။

ဈာန · · · ·၌ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား:xတပ်သော "ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ"ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး၊ သချာ သတ္တ၊ (တစ်ပြိုင်နက် ယထာရဟ) ပစ္စည်းရေ လတ် ကြီး ၈–နှင့် ဏ္ဏ,မဂ်= ပေါင်း–၁၁။

မဂ္ဂ · · ·၌ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား: xတပ်သော "ပညာ, ဝိတက်, ဝိရတိ ၃–ခု, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ"ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉–ပါး၊ သချာ သတ္တ၊ (တစ်ပြိုင်နက် ယထာရဟ) ပစ္စည်းရေ လတ် ကြီး ၈–နှင့် ဟေ,ဓိ,ဏ္ဏ,ဈာ= ပေါင်း–၁၃။

**သဟလတ် (၄)**

အညာ····၌ အချင်းချင်းအားလည်းကောင်း, အချင်းချင်း နာမက္ခန္ဓာဟာဒယ ဝတ္ထုအားလည်းကောင်းxတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားxတပ်သော စိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိယ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇအားဖြင့် မဟာဘုတ် ၄–ပါး၊ အချင်းချင်းအားxတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟာဒယဝတ္ထု၊ သချာ တိဏ၊ (တစ်ပြိုင်နက် ယထာရဟာ) ပစ္စည်းရေ သဟကြီး–၄= ပေါင်း–၅။

ဝိပါက····၌ အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်းxတပ်သော အလုံးစုံ သောဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဟာဒယဝတ္ထုအားxတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ သချာ ဧက၊ (တစ်ပြိုင်နက်) ပစ္စည်းရေ–၅။

သမ္ပယုတ္တ····၌ အချင်းချင်းအားxတပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ သချာ တိဏ၊ (တစ်ပြိုင်နက်) ပစ္စည်းရေ အညာပါ–၆။

သဟဇာတဝိပ္ပယုတ္တ····၌ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားxတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄–ခု ဒွေးပဉ္စဝိညာဉ်–၁၀ ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားxတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟာဒယဝတ္ထု၊ သချာ တိဏ၊ (တစ်ပြိုင်နက်) ပစ္စည်းရေ–၅။

**သဟကြီး (၄)**

သဟဇာတ, သဟဇာတ နိဿယ, သဟဇာတတ္ထိ, သဟဇာတ အဝိဂတ ····၌ အချင်းချင်းအားလည်းကောင်း, အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်းxတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်းxတပ်သော အလုံးစုံသော မဟာဘုတ် ၄–ပါး၊ အချင်းချင်းအားxတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟာဒယဝတ္ထု၊ သချာ နဝ၊ (တစ်ပြိုင်နက်) ပစ္စည်းရေ–၄။

**သဟဇာတမျိုး–သရုပ်ခွဲ**

**သဟယ်=** ဟေတု–စသော ပစ္စည်းများမှာ ဆိုင်ရာတရားကိုယ်မျှသာ ရကြသည်၊ ထို့ကြောင့်ပင် ယင်းဟေတု–စသော ပစ္စည်းများကို "သဟယ်"ဟု သတ်မှတ် ပြဆိုကြသည်။

**သဟလတ်=** အညမည–စသော ပစ္စည်းများမှာမူ အချို့ပစ္စည်း၌ နာမ်ကုန်ရသော်လည်း ရုပ်ကုန်မရနိုင်ကြ၊ အချို့ပစ္စည်းများ၌မူ နာမ်ကုန် ရုပ်ကုန် ၂–မျိုးလုံးပင် မရနိုင်ကြ၊ သို့သော် အငယ်ပစ္စည်းများထက်ကား တရားအရများကြသေးသည်၊ အကြီးပစ္စည်းတို့လောက်ကား တရားအရမများကြ၊ ထို့ကြောင့် ယင်းအညမည–စသော ၄–ပစ္စည်းတို့ကို "သဟလတ်"ဟု သတ်မှတ်တော်မူကြသည်။

**သဟကြီး=** သဟဇာတမျိုးထဲ၌ တရားအရ အများဆုံး ခေါင်းဆောင်ပစ္စည်းများဖြစ်သောကြောင့် သဟဇာတ–စသော ၄–ပစ္စည်းတို့ကို "သဟကြီး"ဟု သတ်မှတ် ပြဆိုတော်မူကြသည်။

**သဟဇာတ သတ္တိ**

မီးသည် တောက်လောင်သည်နှင့် တစ်ပြိုင်နက် အလင်းရောင်ကို ဖြစ်စေဘိသကဲ့သို့ ဥပါဒ်သည်နှင့် တစ်ပြိုင်နက် အကျိုးပစ္စယုပ္ပန်တရားများ ဥပါဒ်လာအောင် ကျေးဇူးပြုနိုင်သော သတ္တိသည် "သဟဇာတပစ္စယသတ္တိ" မည်၏။

သို့သော် အတူတကွဖြစ်ရုံမျှဖြင့် သဟဇာတသတ္တိ ရှိနိုင်သည်ကား မဟုတ်ပါ၊ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည် ယှဉ်ဘော် ယှဉ်ဘက်အားဖြင့်ဖြစ်စေ တည်ရာမှီရာ တည်တတ်မှီတတ်သော သဘောအားဖြင့်ဖြစ်စေ တကွဖြစ်ကြမှသာ သဟဇာတသတ္တိ ရှိနိုင်ပါသည်။

**သဟငယ် သချ်ာ**

ဟေတုပစ္စည်းတပ်သော ဟိတ် ၆–ပါး ပစ္စည်းတရား၌ ကုသိုလ်ဟိတ် အကုသိုလ်ဟိတ် အဗျာကတဟိတ်တို့ ပါဝင်နေကြသည်၊ ထို့ကြောင့် "ကုသလပဒ, အကုသလပဒ, အဗျာကတပဒ"ဟု ပဒ ၃–ပါး ဖြစ်လာရသည်။

ကုသိုလ်ဟိတ်(ကု)သည် သမ္ပယုတ္တက္ခန္ဓာ(ကု)အားလည်း ကျေးဇူးပြုနိုင်သည်၊ ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်(ဗျာ)အားလည်း ကျေးဇူးပြုနိုင်သည်၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်(ကုဗျာ)အားလည်း ကျေးဇူးပြုနိုင်သည်။

ထို့ကြောင့် ကုသလပဒ၌ "ကု, ဗျာ, ကုဗျာ"ဟု ပဒါဝသာန ၃–ပါး ရသည်၊ "ကုသလော ကုသလဿ, ကုသလော အဗျာကတဿ, ကုသလော ကုသလာ ဗျာကတဿ"ဟု သချာ ၃–ချက်ထွက်သည်၊ အကုသလပဒ၌လည်း နည်းတူပင် သချာ ၃–ချက်ထွက်သည်။

အဗျာကတပဒ၌မူ "အဗျာကတော အဗျာကတဿ"ဟု သချာတစ်ချက်သာ ထွက်နိုင်သည်၊ ဤသို့လျှင် ဟေတုပစ္စည်း၌ သချာ သတ္တ ဖြစ်လာရသည်၊ ကြွင်းသော သဟာငယ် ပစ္စည်းများ၏ သချာများကိုလည်း ဤနည်းအတိုင်းပင် ခွဲစိတ်ဝေဖန်ပါ၊ သရုပ်ခွဲပါ။

## ပစ္စည်းရေ ယူရပုံ

သဟာငယ် ပစ္စည်းတိုင်း၌ သဟာကြီးများ တစ်ပြိုင်နက်, သဟာလတ်များ ယထာ ရဟ ပါဝင်နိုင်ကြသည်၊ လတ် ကြီး ၈–ကို ဧကန်ရသည်၊ သဟာငယ်တို့ကိုကား တရားကိုယ်တူသော ပစ္စည်းများကို ရွေးချယ်စိစစ်ရမည်၊ တစ်ပါး,နှစ်ပါး–စသော အားဖြင့် တရားကိုယ်တူသော ပစ္စည်းသာ သဘာဂဖြစ်နိုင်သည်၊ ယင်းသို့ သဘာဂ ဖြစ်နိုင်သမျှသော သဟာငယ်များကို လတ် ကြီး ၈–နှင့် ပေါင်းပါက ပစ္စည်းရေ ဖြစ်လာ ပါလိမ့်မည်၊ အရင်းခံပစ္စည်းကို အစဆုံးထား၍ ၂၄–ပစ္စည်း အစဉ်ကျအောင် ရေတွက်ပါ၊ အလေ့အလာ ပြုလုပ်ပါ၊ သို့မှသာ ကရိဏ်းပါဠိအရကောက်–စသည် တို့၌ လွယ်ကူသက်သာမည်။

လက်တွေ့အားဖြင့် ဟေတုနှင့် တရားကိုယ်တူ သဟာငယ်များကို ရွေးချယ် စိစစ်ကြည့်ပါက အမောဟနှင့် ဝီမံသာဓိပတိ, အမောဟနှင့် ပညိန္ဒြေ, အမောဟနှင့် သမ္မာဒိဋ္ဌိမဂ္ဂင်တို့ တူနေသည်ကို တွေ့ရမည်၊ လော, ဒေါ, မော, အလော, အဒေါ တို့နှင့် တရားကိုယ်တူသော သဟာငယ်ပစ္စည်း မရှိ၊ ထို့ကြောင့် လတ် ကြီး ၈–နှင့် ဓိ, ဣံ, မဂ်= ပေါင်း ပစ္စည်းရေ(ဟေတုကိုပါထည့်၍) ၁၂–ဖြစ်လာရသည်၊ ၎င်းတို့ကို "ဟေ, ဓိ, သ, ည, နိ, ဝိပါ, ဣံ, မဂ်, သံ, ဝိပ်, အတ်, အဝိ"ဟု ၂၄–ပစ္စည်းအစဉ် ကျအောင် ရေတွက်ပါ။

## ဟောတု သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော) | ဒွါဒသင်္သ | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကု | အလော, အဒေါ, အမော | ကု | (ကု–၂၁, စေ–၃၈) သမ္ပယုတ္တကန္ဒာ |
| | ။ | ဗျာ | (ကု–ပြုအပ်သော) စိတ္တဇရုပ် |
| | ။ | ကုဗျာ | သမ္ပယုတ္တကန္ဒာ စိတ္တဇရုပ် |
| အကု | လော, ဒေါ, မော | အကု | (အကု–၁၂, မောကြဉ်စေ–၂၇) သံ–န္ဒာ |
| | ။ | ဗျာ | (အကု–ပြု) စိတ္တဇရုပ် |
| | ။ | အဗျာ | သမ္ပယုတ္တကန္ဒာ စိတ္တဇရုပ် |
| ဗျာ | အလော, အဒေါ, အမော | ဗျာ | သဟိတ်ဝိ–၂၁, သဟိတ်ကြိ–၁၇, စေ–၃၈, သံ–န္ဒာ သဟိတ်–စိ+ဋ္ဌိရုပ် |

**အဓိပတိ တရားကိုယ်**

ဒွိဟေတုက တိဟေတုက ဇဝနေသွေ့ဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ၊–ဒွိဟိတ်ဇောများ၌ အဓိပတိတရားကိုယ် ၃–ပါးသာ ရသည်၊ ဝီမံသာဓိပတိကို မရ၊ တိဟိတ်ဇောများ၌မူကား ၄–ပါးလုံးကိုပင် အပြည့်အစုံ ရသည်၊ သို့သော် အဓိပတိသဘောသည် ဧကရာဇ်မင်းသဖွယ် ဖြစ်၏၊ ပြိုင်ဘက်ကင်း၏၊ တစ်ပါးပါးကသာ အဓိပတိပစ္စည်းတပ်ရိုး ရှိသည်၊ ၂–ပါး, ၃–ပါး–စသည် ပြိုင်တူတပ်ရိုး မရှိ၊ တစ်ပါးပါးက ပစ္စည်းတပ်ခိုက် ကျန် ၂–ပါး, ၃–ပါးမှာ နောက်လိုက်သဘော မျှသာ ဖြစ်ကြရသည်၊ ထို့ကြောင့် ဒွိဟိတ်ဇော တိဟိတ်ဇော ရောနှောပါဝင်ရာ၌ "အဓိပတိတရားကိုယ် ၃–ပါး, ၄–ပါးတို့တွင် တစ်ပါးပါး"ဟုလည်းကောင်း, တိဟိတ်ဇောမျှသာ ပါဝင်ရာ၌ "အဓိပတိတရားကိုယ် ၄–ပါးတို့တွင် တစ်ပါးပါး"ဟု လည်းကောင်း, ဒွိဟိတ်ဇောမျှသာ ပါဝင်ရာ၌ "အဓိပတိတရားကိုယ် ၃–ပါးတို့တွင် တစ်ပါးပါး"ဟုလည်းကောင်း ဆိုရိုးပြုရမည်။

[ အဓိပတိနှင့် တကွဖြစ်သော ဇောကို "သာဓိပတိဇော"ဟု ခေါ်သည်၊ အဓိပတိရသောစိတ်နှင့် တကွဖြစ်သော စိတ္တဇရုပ်ကို "သာဓိပတိစိတ္တဇရုပ်"ဟု ခေါ်သည်။ ]

**ဆောင်။** ။ ဧကေရာဇ်မင်း၊ အုပ်စိုးခြင်းသို့၊ ပြိုင်ဘက်ကင်းပြား၊ တစ်ပါးပါး၊ မှတ်သား ဆိုရိုးပြု။

**ဟေတုမှတစ်ပါး သဟာယေ်များ**

ကုသလပဒ၌ အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တစ်ပါးပါး၊ နာမ်က္ခန္ဓာတရားကိုယ် ၈-ပါး၊ မဂ္ဂင်တရားကိုယ် ၈-ပါး ရသည်။

အကုသလပဒ၌ အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တစ်ပါးပါး၊ နာမ်က္ခန္ဓာတရားကိုယ် ၅-ပါး၊ မဂ္ဂင်တရားကိုယ် ၄-ပါး ရသည်၊ စေတသိက်ယှဉ်ပုံကို ပြန်လည်နှလုံးသွင်းပါက ယင်းသို့ တရားကိုယ် ကွဲပြားလာရခြင်း၏ အကြောင်းများ ထင်ရှားလာပါလိမ့်မည်။

အဗျာကတပဒ၌ ကုသလပဒနည်းတူပင် သရုပ်ခွဲပါ၊ အနည်းငယ် ထူးခြားချက်ရှိသည်ကိုမူ နောက်မှ ပဝတ္တိ၊ ပဋိသန္ဓေ ခွဲပြပါမည်၊ ကံ၊ ဟာ၊ ဗျာတို့၌ တရားကိုယ် ထူးခြားချက် မရှိ။

ပြဆိုခဲ့ပြီးသည်ကို နှလုံးသွင်းလျက် ဟေတုပစ္စည်း၌ ခွဲပြထားသည်ကိုလည်း နည်းယူကာ သချာ ၇-ချက်စီရအောင် အသီးအသီး ခွဲစိတ်ဆဖန်ပါ၊ ထပ်ကာထပ်ကာ လေ့လာပါ။

**အညမည သရုပ်ခွဲ**

| ပဒ | ပစ္စည်း (တပ်သော) | ပဒ | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကု | ကု-၂၁၊ စေ-၃၈၊ နာမက္ခန္ဓာ | ကု | ကု-၂၁၊ စေ-၃၈၊ နာမက္ခန္ဓာ |
| အကု | အကု-၁၂၊ စေ-၂၇ နာမက္ခန္ဓာ | အကု | အကု-၁၂၊ စေ-၂၇ နာမက္ခန္ဓာ |
| ဗျာ | ဝိ-၃၆၊ကြိ-၂၀၊စေ-၃၈၊နာမက္ခန္ဓာ | ဗျာ | ဝိ-၃၆၊ကြိ-၂၀၊စေ-၃၈ နာမက္ခန္ဓာ |
| | ပဥ်-ပဋိ-န္ဓာ×ဟာဒယဝတ္ထု | | ဟာဒယဝတ္ထု×ပဥ်-ပဋိ. . . . န္ဓာ |
| | စိတ္တ-ပဝတ္တိကမ္မဇ မဟာဘုတ် | | စိတ္တဇ. . . .မဟာဘုတ်-၄ |

သုဒ္ဓသင်္ချာဆိုရိုး၌ အဘိဓမ္မတ္ထသင်္ဂဟ ပါဠိသွားအတိုင်း ပစ္ဆေဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထုကို နောက်ထားဆိုသည်၊ သရုပ်ခွဲဇယား၌ ဝိဘင်္ဂပါဠိတော် အသွားနှင့် ညီအောင် မဟာဘုတ်ကို နောက်ထား၍ ဆိုသည်။

ထို့ပြင် ဆရာများက အဘိဓမ္မတ္ထသင်္ဂဟ ပါဠိသွားအတိုင်း သုဒ္ဓသင်္ချာ၌ ပထမ အချက်ကို "အချင်းချင်းအား တပ်သော"ဟု ဆိုရိုးပြုကြစေကာမူ သဘာဂ ဃဋနာ ဆိုရိုးများနှင့် ညီညွတ်အောင် " အချင်းချင်းအားလည်းကောင်း, အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအားလည်းကောင်း တပ်သော"ဟု ပြင်ထားပါသည်။

## ဝိပါက သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော) | ပဒါဝသင်္ချာ | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ဗျာ | ဝိ–၃၆, စေ–၃၈ နာမက္ခန္ဓာ | ဗျာ | ဝိ–၃၆, စေ–၃၈ န္ဓာ စိ–ရုပ် ဋိ–ရုပ် |
| | ပဉ်–ပဋိနာမက္ခန္ဓာ | | ဟဒယဝတ္ထု |

## သမ္ပယုတ္တ သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော) | ပဒါဝသင်္ချာ | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကု | ကု–၂၁, စေ–၃၈–နာမက္ခန္ဓာ | ကု | ကု–၂၁,စေ–၃၈–နာမက္ခန္ဓာ |
| အကု | အကု–၁၂, စေ–၂၇–နာမက္ခန္ဓာ | အကု | အကု–၁၂,စေ–၂၇–နာမက္ခန္ဓာ |
| ဗျာ | ဝိ–၃၆,ကြိ–၂၀,စေ–၃၈–နာမက္ခန္ဓာ | ဗျာ | ဝိ–၃၆,ကြိ–၂၀,စေ–၃၈–နာမက္ခန္ဓာ |

## ဝိပ္ပယုတ္တ သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော) | ပဒါဝသာန | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကု | ပဥ်ကု–၂၁,စေ–၃၈ နာမက္ခန္ဓာ | ဗျာ | (ကု–ပြုအပ်သော) စိတ္တဇရုပ် |
| အကု | ပဥ်အကု–၁၂,စေ–၂၇ နာမက္ခန္ဓာ | ဗျာ | (အကု–ပြုအပ်သော) စိတ္တဇရုပ် |
| ဗျာ | ပဥ်–အရူပဝိ–၄ . . . . စုတိကြဉ် ဝိ–၂၂, ကြိ–၂၀, စေ–၃၈ | ဗျာ | စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |
| | ပဥ်–ပဋိ . . . . န္ဓာxဟာဒယဝတ္ထု | | ဟာဒယဝတ္ထုxပဥ်–ပဋိ နာမက္ခန္ဓာ |

**သဟကြီး သင်္ချာ**

သဟကြီးပစ္စည်းများ၏ အစသင်္ချာ ၇–ချက်မှာ သဟငယ်သင်္ချာများနှင့် မထူးလှတော့ချေ၊ နောက်ဆုံးသင်္ချာ ၂–ချက်မျှသာ ထူးပေသည်၊ သို့ဖြစ်၍ ယင်းသင်္ချာ ၂–ချက် ဖြစ်လာရပုံမျှကိုသာ ပြပါတော့မည်။

ကုသိုလ်နာမက္ခန္ဓာ(ကု)ကလည်း စိတ္တဇရုပ်(ဗျာ)အား ကျေးဇူးပြုနိုင်သည်၊ မဟာဘုတ်(ဗျာ)ကလည်း စိတ္တဇရုပ်(ဗျာ)အား ကျေးဇူးပြုနိုင်သည်၊ ယင်း ၂–ချက်ကို ပေါင်းစပ် ဟောကြားသဖြင့် "ကုသလာဗျာကတော အဗျာကတဿ"ဟူသော သင်္ချာ ဖြစ်လာရသည်။

အကုသိုလ်နှင့် မဟာဘုတ်(အကု ဗျာ)တို့ကလည်း စိတ္တဇရုပ်(ဗျာ)အား အလားတူပင် ကျေးဇူးပြုနိုင်ကြသည်၊ ထို့ကြောင့် "အကုသလာဗျာကတော အဗျာကတဿ" ဟူသော သင်္ချာလည်း ဖြစ်လာရသည်၊ ဤသင်္ချာ ၂–ချက် တိုးလာသောကြောင့် "သင်္ချာ န၀"ဖြစ်လာရတော့သည်။

## သဟဇာတ သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော) | ပဒုဝါသိန် | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကု | ကု–၂၁,စေ–၃၈ နာမက္ခန္ဓာ | ကု | ကု–၂၁, စေ–၃၈ နာမက္ခန္ဓာ |
| | ပဉ်ကု–၂၁, စေ–၃၈ နာမက္ခန္ဓာ | ဗျာ | (ကုပြုအပ်သော) စိတ္တဇရုပ် |
| | ။ | ကုဗျာ | ကု····န္ဓာ, စိတ္တဇရုပ် |
| အကု | အကု–၁၂, စေ–၂၇ နာမက္ခန္ဓာ | အကု | အကု–၁၂, စေ–၂၇ နာမက္ခန္ဓာ |
| | ပဉ်အကု–၁၂, စေ–၂၇ နာမက္ခန္ဓာ | ဗျာ | (အကုပြုအပ်သော) စိတ္တဇရုပ် |
| | ။ | အကုဗျာ | အကု ····န္ဓာ, စိတ္တဇရုပ် |
| ဗျာ | ဝိ, ကြိ, စေ–၃၈ နာမက္ခန္ဓာ | ဗျာ | ဝိ, ကြိ, စေ–၃၈–န္ဓာ,စိ+ဋ္ဌိ–ရုပ် |
| | ပဉ်–ပဋိ န္ဓာxဟဒယဝတ္ထု | | ဟဒယဝတ္ထုxပဉ်–ပဋိ ခန္ဓာ |
| | အလုံးစုံသော မဟာဘုတ်–၄ | | မဟာဘုတ်, ဥပါဒါရုပ် |
| ကုဗျာ | ပဉ်–ကု ····န္ဓာ, မဟာဘုတ် | ဗျာ | စိတ္တဇရုပ် |
| အကုဗျာ | ပဉ်+အကု ····န္ဓာ, မဟာဘုတ် | ဗျာ | စိတ္တဇရုပ် |

**သဟဇာတ ၃–မျိုး**

သဟဇာတပစ္စည်းသည် "နာမက္ခန္ဓာ ပစ္စည်း, မဟာဘုတ် ပစ္စည်း, ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်း"ဟု ၃–ပါး ရှိ၏၊ ထိုတွင် နာမက္ခန္ဓာ ပစ္စည်း၌ "အချင်းချင်းအား တပ်သော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး" ဟူသော စကားရပ်ဖြင့် အရူပနာမက္ခန္ဓာနှင့် စက္ခုဝိညာဉ်–စသော နာမက္ခန္ဓာတို့ကို ပြသည်၊ "အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး"ဟူသော စကားရပ်ဖြင့် ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ရုပ်ကိုဖြစ်စေနိုင်သော ပဝတ္တိနာမက္ခန္ဓာတို့ကို ပြသည်။

### အနန္တရမျိုး (၇)

အနန္တရ, သမနန္တရ, အနန္တရူပနိဿယ,
အာသေဝန, အနန္တရကမ္မ, နတ္ထိ, ဝိဂတ၊

## အနန္တရူ ပကတူပနိဿယ

| မျိုးပစ္စည်း | | | ပဒ၁၀ / ပဒ | ကု / ကု | အကု / = | ဗျာ / = | အကု / အကု | ကု / = | ဗျာ / = | ဗျာ / ဗျာ | ကု / = | အကု / = | သချာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဥပနိဿယ | အနန္တရူ–၇ | အနန်– | ၅ | ။ | | ။ | ။ | | ။ | ။ | ။ | ။ | ၇ |
| | | အာသေ– | ၁ | ။ | | | ။ | | | ။ | | | ၃ |
| | | ကမ္မ– | ၁ | | | ။ | | | | | | | ၁ |
| | ပကတူ–၂ | ပကတူ– | ၁ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၉ |
| | | ဖလဝကမ္မ– | ၁ | | | ။ | | | ။ | | | | ၂ |

**အနန္တရူ–၇**

အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတဒွ် ရဟန္တာတို့စုတိနှင့် တကွ နောက်နောက်သော နာမက္ခန္ဓာအားxတပ်သော ရဟန္တာတို့စုတိကြဉ်သော အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ သချာ သတ္တ၊ (တစ်ပြိုင်နက်) ပစ္စည်းရေ–၅။

အာသေ ····၌ ပထမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ဇောပညာသအားxတပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ သချာ တီဏိ၊ (တစ်ပြိုင်နက်) ပစ္စည်းရေ–၆။

အနန္တရကမ္မ ····၌ မဂ္ဂါနန္တရဖိုလ် ၄–ခုအားxတပ်သော မဂ် ၄–ခု စေတနာ၊ သချာ ဧကံ၊ (တစ်ပြိုင်နက်)ပစ္စည်းရေ–၆။

[ အနန္တရ–စသော ၅–ပစ္စည်းတို့သည် ခေါင်းဆောင်ပစ္စည်းများ ဖြစ်ကြသည်၊ အနန္တရမျိုးပစ္စည်းတိုင်း၌ ပါဝင်နိုင်ကြသည်၊ ၎င်းတို့ကို ပေါင်းထည့်သော အားဖြင့် အာသေဝနနှင့် အနန်ကမ္မတို့မှာ ပစ္စည်းရေ ၆–စီ ရကြသည်၊ အာသေ နှင့် ကမ္မမျိုး တူစေကာမူ သဘာဂ မဖြစ်နိုင်ကြောင်းကိုလည်း သတိပြုပါ။]

**ပကတူပနိဿယမျိုး (၂)**

ပကတူပ ····၌ စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသအားx တပ်သော ဖလဝဖြစ်သော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသ ရုပ် အဋ္ဌဝီသ၊ သချာ နဝ၊ ပစ္စည်းရေ–၁။

နာနာကမ္မ····၌ ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာအားxတပ်သော ဗလဝ ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ၊ သချ်ာ ၄၄၊ (တစ်ပြိုင်နက်) ပစ္စည်းရေ-၂။

**အနန္တရသတ္တိ**

နာမ်တရားတစ်ပါး ကြားဝင်မှု မရှိဘဲ စိတ္တနိယာမ သဘောအားလျော်စွာ ရှေးရှေးစိတ်က နောက်နောက်စိတ်အား (ဖြစ်ခွင့်ပေးသောအားဖြင့် ချုပ်သွားခြင်း) ကျေးဇူးပြုခြင်းသည် "အနန္တရသတ္တိ(အနန္တရမျိုးတို့၏ သဘောလက္ခဏာ)" မည်၏။

**အနန္တရ သရုပ်ခွဲ**

| ပဒ | ပစ္စည်း (တပ်သော) | [illegible] | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကု | အဆုံးဇောကြဉ်သော ရှေးရှေးသော ကီကု-၁၇ | ကု | ပထမဇောကြဉ်သော နောက်နောက်သော ကု-၂၁ |
| | ကီကု အဆုံးဇော, မဂ်-၄ | ဗျာ | တဒါရုံ-၁၁, မဟဂ္ဂုတ်ဝိ-၉, ဖိုလ်-၄ |
| အကု | အဆုံးဇောကြဉ်ရှေးရှေးအကု-၁၂ | အကု | ပဇောကြဉ်နောက် ····အကု-၁၂ |
| | အကု-၁၂ အဆုံးဇော | ဗျာ | တဒါရုံ-၁၁,မဟဂ္ဂုတ်ဝိပါက်-၉ |
| ဗျာ | ရဟန္တာတို့စုတိကြဉ် ရှေးရှေးသော ဝိ-၃၆, ကြိယာ-၂၀ | ဗျာ | ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိ-၃၆, ကြိ-၂၀ |
| | ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း | ကု | မဟာကုသိုလ်ပထမဇော |
| | ။ | အကု | အကုသိုလ်ဒွါဒသ ပထမဇော |

အာသေ····၌ ဗျာ+ဗျာမျှသာ ထူးသည်၊ အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော ၁၈-ကို ပစ္စည်း, ပထမဇောကြဉ်သော နောက်နောက်သော ကြိယာဇော ၁၈-ကို ပစ္စယုပ္ပန် ထား၍ သရုပ်ခွဲပါ၊ အနန္တရကမ္မမှာ သုဒ္ဓသချ်ာဖြင့်ပင် သိသာထင်ရှားပါပြီ။

အနန္တရမျိုးသည် ကျယ်ပြန့်၏၊ အယူအဆခက်၏၊ ဝီထိသဘောကို ကျေညက်မှ သဘောဉာဏ် သက်ဝင်နိုင်မည်၊ ထို့ကြောင့် ဝီထိများကို ဇယားဖြင့် ဆက်လက်ပြပါဦးမည်၊ အရကောက်အကျယ် ဆိုရိုးနှင့် ပူးတွဲလေ့လာပါ၊ သဘောမကျက အဘိဓမ္မတ္ထသင်္ဂဟသက်ဆိုင်ရာ အခန်းများနှင့် တိုက်ဆိုင်ညှိနှိုင်းပါ၊ သဘောဉာဏ် သက်ဝင်လာအောင် ကြံစည်ပါ၊ ဝီထိဇယားကို ကြည့်ရှု၍ အရကောက်ဆိုရိုးကို

သွက်သွက်လက်လက် ဆိုတတ်အောင် လေ့လာပါ၊ ဝီထိစဉ်ကို မှတ်မိက အလို အလျောက် နှုတ်တက်အာဂုံရပြီး ဖြစ်လာပါလိမ့်မည်။

နှုတ်တက်အာဂုံ ကျေကျေညက်ညက် ရမှသာ အနန္တရဆိုင်ရာ အကျယ် တစ်နည်းကား အရကောက်များကို သိမြင်နားလည်နိုင်ပါလိမ့်မည်။

## အနန္တရအကျယ်ကောက် လေ့လာရန်

| ဝီထိ | ရှေးရှေးစိတ်က ပစ္စည်း။နောက်နောက်စိတ်က ပစ္စယုပ္ပန် | | |
|---|---|---|---|
| ကာမဇောဝါရ | မ–ဒွန်း ရုံ,ရုံ,ဘ<br>ပဋိ,ဘ • • • ဘ • • • • • • • • • • • • ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဇ, • • • • • ဘ<br>ပ–ဒွန်း,ပဉ်,သံ,တီ,ဝု ဘ,ဘ,ဘ<br>ဝု,ဝု,ဘ,ဘ,ဘ | | |
| အပ္ပနာဇောဝါရ | ဈာန် | ပ, ဥ, နု, ဂေါ | ဈာန်,ဘ,ဘ,ဘ,ဘ,ဘ,ဘ,ဘ |
| | အဘိညာဉ် | ပ,ဥ,နု,ဂေါ | ဈာန်,ဈာန်,ဈာန်,ဈာန်,ဘ,ဘ |
| | မဂ်ဝီထိ | ဂေါ<br>ပ,ဥ,နု, • • • •<br>ဝေါ | မဂ်,ဖ,ဖ,ဘ,ဘ,ဘ,ဘ,ဘ,ဘ |
| | ဖိုလ် | နု,နု,နု,နု | ဖ,ဖ,ဖ,ဖ,ဖ,ဖ,ဘ,ဘ,ဘ,ဘ |
| | နိရောဓ | ပ,ဥ,နု,ဂေါ | နေ–ကု နာ–ဖ<br>• • • • • (နိရောဓ) • • • • ဘ,ဘ,ဘ<br>နေ–ကြိ အရ–ဖ |
| မရဏာသန္နဝါရ | တဒါရုံ<br>အကု,မဟာကု–ကြိ ပဉ်–ဇော } စုတိ { ၁၀–(ကာစုတိ)<br>ဘဝင် } { ၁၀x၁၉x၁၃<br>၁၉ | | |
| စိတ်အနေအားဖြင့် | အဟိတ်,ဒွိဟိတ်–စု ၆ | ကာမပဋိသန္ဓေ– ၁၀ | |
| | ကာတိဟိတ်စုတိ ၄ | ပဋိသန္ဓေ– ၁၉ | |
| | ရူပ–စုတိ ၅ | သဟိတ်ပဋိသန္ဓေ– ၁၇ | |
| | အာကာ–စုတိ ၁ | ကာမတိဟိတ်ပဋိသန္ဓေ– ၄, အရူ–ပဋိသန္ဓေ–၄ | |
| | ဝိညာ–စုတိ ၁ | ။ ဝိညာ,အာကိံ,နေဝ–ပဋိ | |
| | အာကိံ–စုတိ ၁ | ။ အာကိံ,နေဝ–ပဋိ | |
| | နေဝ–စုတိ ၁ | ။ နေဝ–ပဋိသန္ဓေ | |

**အရကောက် အကျယ်ဆိုရိုး**

ပထမဘဝင် နာမက္ခန္ဓာအား တပ်သော ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဒုတိယ အစ ရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာအား တပ်သော ပထမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာ၊ အာဝဇ္ဇန်းဒွေးအား တပ်သော ပဉ္စဝေါကာရ ဘဝင်္ဂ ပစ္ဆေဒ ၁၅–ခု၊ မနောဒွါရာဝဇ္ဇန်းအား တပ်သော အရူပဘဝင်္ဂပစ္ဆေဒ ၄–ခု၊ ပဉ္စ ဝိညာဉ်အား တပ်သော ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းအား တပ်သော ပဉ္စဝိညာဉ်၊ သန္တီရဏာအား တပ်သော သမ္ပဋိစ္ဆိုင်း၊ ဝုဋ္ဌောအား တပ်သော သန္တီရဏာ။

ပရိတ္တာရုံဝီထိဖြစ်အံ့ ဒုတိယဝုဋ္ဌောအား တပ်သော ပထမဝုဋ္ဌော၊ ပဉ္စဝေါကာရ ဘဝင် ၁၅–ခုအား တပ်သော ဒုတိယဝုဋ္ဌော။

အတိမဟန္တာရုံ မဟန္တာရုံ ဝိဘူတာရုံ အဝိဘူတာရုံဝီထိဖြစ်အံ့ ကာမဇော တစ်ခုယုတ်သုံးဆယ် ပထမဇောအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း၊ ဒုတိယ ဇောအား တပ်သော ပထမဇော····၊ သတ္တမဇောအား တပ်သော ဆဋ္ဌဇော။

လောဘမူ မောဟမူ မဟာကုသိုလ်ဇောနောင် တဒါရုံကျသည် ဖြစ်အံ့ တဒါရုံ ကောဒသ၊ မကျသည် ဖြစ်အံ့ ဘဝင် ဧကူနဝီသအား တပ်သော လောဘမူ မောဟမူ မဟာကုသိုလ်အဆုံးဇော၊ ဒေါသမူဇောနောင် တဒါရုံကျသည် ဖြစ်အံ့ ဥပေက္ခာတဒါရုံ ၆–ခု မကျသည် ဖြစ်အံ့ ကာမဥပေက္ခာဘဝင် ၆–ခုအား တပ်သော ဒေါသမူအဆုံးဇော၊ ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည် ဖြစ်အံ့ သောမနဿတဒါရုံ ၅–ခု မကျသည် ဖြစ်အံ့ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉–ခုအား တပ်သော ဟသိတုပ္ပါဒ်အဆုံးဇော မဟာကြိယာ သောမနဿသဟဂုတ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿ တဒါရုံ ၅–ခု မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသအား တပ်သော မဟာကြိယာ သောမနဿသဟဂုတ် အဆုံးဇော၊ မဟာကြိယာ ဥပေက္ခာသဟဂုတ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာတဒါရုံ ၆–ခု မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသအား တပ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ် အဆုံးဇော၊ ဒုတိယ တဒါရုံအား တပ်သော ပထမတဒါရုံ၊ ကာမဘဝင် ၁၀–အား တပ်သော ဒုတိယ တဒါရုံ။ [ကာမဇောဝါရ။]

မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် ၄–ခု မဂ်သောမနဿသဟဂုတ် ၁၆–ခု အောက်ဖိုလ် သောမနဿသဟဂုတ် ၁၂–ခုအား တပ်သော ဂေါတြဘူ

ဝေဒါနံ အနုလုံကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေး၊ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅–ခု မဂ်ဥပေက္ခာသဟဂုတ် ၄–ခု အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ၃–ခုအား တပ်သော ဂေါတြဘူ ဝေဒါနံ အနုလုံကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး၊ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် ၄–ခု အရဟတ္တဖိုလ် သောမနဿသဟဂုတ် ၄–ခုအား တပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သော မဟာကြိယာ ပထမဒွေး၊ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ၅–ခု အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်တစ်ခုအား တပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သော မဟာကြိယာ တတိယဒွေး။

သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်ကြိယာအား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ်ကြိယာ၊ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉–ခုအား တပ်သော ရူပါဝစရကုသိုလ်ကြိယာ အဆုံးဇော၊ ပဉ္စဝေါကာရ တိဟိတ် ဘဝင် ၉–ခု အာကာသာနဉ္စာယတနဘဝင်အား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်ကြိယာ အဆုံးဇော၊ ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉–ခု အာကာသာနဉ္စာယတနဘဝင် ဝိညာဏဉ္စာယတနဘဝင်အား တပ်သော ဝိညာဏဉ္စာယတန ကုသိုလ်ကြိယာ အဆုံးဇော၊ ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉–ခု အာကာသာနဉ္စာယတနဘဝင် ဝိညာဏဉ္စာယတနဘဝင် အာကိဉ္စညာယတနဘဝင်အား တပ်သော အာကိဉ္စညာယတန ကုသိုလ်ကြိယာအဆုံးဇော၊ တိဟိတ်ဘဝင်တေရသ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော နေဝသညာနာသညာ ယတနကုသိုလ်ကြိယာအဆုံးဇော။

သောတာပတ္တိဖိုလ်အား တပ်သော သောတာပတ္တိမဂ်၊····၊ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ်၊ နောက်နောက်သောဖိုလ် ၄–ခုအား တပ်သော ရှေးရှေးသော ဇောတူဖိုလ် ၄–ခု၊ တိဟိတ်ဘဝင် တေရသအား တပ်သော ဖိုလ် ၄–ခု အဆုံးဇော။ [အပ္ပနာဇောဝါရ။]

မရဏာသန္နအခါ တဒါရုံနောင် စုတိကျသည်ဖြစ်အံ့ ကာမစုတိ ၁၀–အား တပ်သော ဒုတိယတဒါရုံ၊ အကုသိုလ်ဇောနောင် စုတိကျသည်ဖြစ်အံ့ ကာမစုတိ ၁၀–အား တပ်သော အကုသိုလ် ပဉ္စမဇော၊ မဟာကုသိုလ်ဇောနောင် စုတိကျသည် ဖြစ်အံ့ စုတိဇကူနဝီသအား တပ်သော မဟာကုသိုလ် ပဉ္စမဇော၊ မဟာကြိယာ ဇောနောင် စုတိကျသည်ဖြစ်အံ့ တိဟိတ်စုတိ တေရသအား တပ်သော မဟာကြိယာ

ပဋ္ဌမဇော၊ ဘဝင်နောင် စုတိကျသည်ဖြစ်အံ့ စုတိဇောက္ခနဝိသအား တပ်သော ဘဝင် ဇောက္ခနဝိသ။ [မရဏာသန္န။]

ကာမပဋိသန္ဓေ ၁၀–အား တပ်သော ဒွိဟိတ် အဟိတ်စုတိ၊ ပဋိသန္ဓေ ဇောက္ခန ဝိသအား တပ်သော ကာမတိဟိတ်စုတိ၊ သဟိတ်ပဋိသန္ဓေ သတ္တရသအား တပ်သော ရူပါဝစရစုတိ၊ ကာမတိဟိတ်ပဋိသန္ဓေ ၄–ခု အရူပပဋိသန္ဓေ ၄–ခုအား တပ်သော အာကာသာနဉ္စာယတနစုတိ၊ ကာမတိဟိတ်ပဋိသန္ဓေ ၄–ခု ဝိညာဏဉ္စာယတန ပဋိသန္ဓေ အာကိဉ္စညာယတနပဋိသန္ဓေ နေဝသညာနာသညာယတနပဋိသန္ဓေအား တပ်သော ဝိညာဏဉ္စာယတနစုတိ၊ ကာမတိဟိတ်ပဋိသန္ဓေ ၄–ခု အာကိဉ္စညာယတန ပဋိသန္ဓေ နေဝသညာနာသညာယတနပဋိသန္ဓေအား တပ်သော အာကိဉ္စညာယတန စုတိ၊ ကာမတိဟိတ်ပဋိသန္ဓေ ၄–ခု နေဝသညာနာသညာယတနပဋိသန္ဓေအား တပ်သော နေဝသညာနာသညာယတနစုတိ။ [စုတိနောင် ပဋိသန္ဓေ ။]

ဤအရကောက်ဆိုရိုးကို ကျေညက်အောင် လေ့လာထားပါ၊ အကျယ်တစ်နည်း ကား ကောက်လိုသည့်အခါ မိမိတို့ ကောက်လိုသော ပဒ, ပဒါဝသာနအလိုက် ရထိုက်သည်အားလျော်စွာ အစိတ်စိတ် ခွဲထုတ်ကောက်ယူရန် ဖြစ်ပါသည်၊ ဗျာ+ကုနှင့် ဗျာ+အကုတို့မှာ အကျယ်တနည်းကားအရကောက် မရှိသင့်ပါ။

**ပကတူပနိဿယ သဘာဝ**

အကျိုးတရား မဖြစ်ဖြစ်အောင် ကောင်းစွာပြုအပ်ပြီးသော တရားတို့သည် "ပကတ"မည်၏၊ ယင်းပကတသည် အဇ္ဈတ္တသန္တာန်၌ ဖြစ်စေအပ်သော ရာဂ, သဒ္ဓါအစရှိသောတရား, ဗဟိဒ္ဓ၌ မှီဝဲအပ်သော (ပေါင်းဆုံဆက်ဆံ စားသောက် ထိတွေ့ သုံးဆောင်အပ်သော) ဥတု, ဘောဇန, သေနာသနအစရှိသော တရား အားဖြင့် ၂–ပါး ရှိ၏၊ ယင်းသည်ပင် အားကြီးသောအကြောင်းလည်း ဖြစ်ပြန် သောကြောင့် "ဥပနိဿယ"မည်ပြန်သည်၊ ယင်းသဘော ၂–ရပ်ကို ပေါင်းယူ စပ်ဟပ်၍ "ပကတူပနိဿယ"ဟု ခေါ်ရသည်။

အတိတ်က ပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့် ဈာန်တရား မဂ်တရားကို ရသည့်အခါ ဝေးသောအကြောင်း ဖြစ်သည်၊ သဒ္ဓါ–စသည်ကို အကြောင်းခံ၍ ဒါန–စသည် ပြုလုပ်သည့်အခါ နီးသောအကြောင်းမျိုး ဖြစ်သည်၊ မဂ်က ဖိုလ်ကို ကျေးဇူးပြုသည့်အခါ အလွန်နီးသောအကြောင်းမျိုး ဖြစ်သည်။

**ပကတူပနိဿယပစ္စယုပ္ပန်မှာ ရုပ်မပါ**

ရုပ်တရားတို့မည်သည် အစေတန အဗျာပါရ သဘောမျှသာ ဖြစ်ကြသည်၊ ပကတသဘောကို မရယူနိုင်ကြချေ၊ ထို့ကြောင့် ရုပ်တရားများ ပကတူပနိဿယ ပစ္စယုပ္ပန်၌ မပါဝင်နိုင်ကြတော့ပါ။

**ဆောင်။** ။သဘောပကတ, မရကြ၍, ဥပနိဿယာ, ပန်တွင်းမှာ, မပါရုပ်တရား။

**နိဗ္ဗာန်လည်း ပကတူပနိဿယပစ္စည်း မတပ်**

နိဗ္ဗာန်၌ ဖြစ်စေအပ်သော (နိပ္ဖာဒိတ)အကြောင်းသဘောလည်း မရှိ၊ မှီဝဲအပ်သော (ဥပသေဝိတ)အကြောင်းလည်း မရှိ၊ ထို့ကြောင့် နိဗ္ဗာန်သည် ပကတူပနိဿယပစ္စည်း မတပ်ချေ။

**ဆောင်။** ။နိပ္ဖာဒိတ, ဥပသေဝိ, ကြောင်းမရှိ, နိ–မူ "ဥ"မတပ်။

**သရုပ်ခွဲ မှတ်ဖွယ်**

ကုသိုလ် ပစ္စယုပ္ပန်ဖြစ်က ပစ္စည်းဘက်မှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကြဉ်ရမည်၊ အကုသိုလ် ပစ္စယုပ္ပန်ဖြစ်က ပစ္စည်းတရားမှာ လောကီမျှသာ ဖြစ်သည်၊ အဗျာကတ ပစ္စယုပ္ပန်ဖြစ်က တစ်စုံတစ်ရာ ကြဉ်စရာ မလိုပါ၊ လွယ်ပါပြီ၊ သချာ ၉–ချက်စုံအောင် သရုပ်ခွဲကြည့်ပါ။

**ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣံနှင့် မိဿက**

| မျိုးပစ္စည်း | | ပဒါဝ | ဖျာ | ဖျာ | ဖျာ | ကု | အကု | ကု | ဖျာ | အကု | ဖျာ | သချုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပဒ | ကု | အကု | ဖျာ | = | = | ကုဖျာ | = | အကုဖျာ | = | |
| ဝတ္ထု | ဝတ္ထုပုရေဇာတ | ၅ | | | ။ | ။ | ။ | | | | | ၃ |
| | ပု–တိံ | ၁ | | | ။ | | | | | | | ၁ |
| ပစ္ဆာဇာတ | | ၄ | ။ | ။ | ။ | | | | | | | ၃ |
| ဗလဝဒုဗ္ဗလနာနာကမ္မ | | ၁ | ။ | ။ | | | | | | | | ၂ |
| ရူပအာဟာရ | | ၃ | | | ။ | | | | | | | ၁ |
| ရူပဇီဝိတိန္ဒြိယ | | ၃ | | | ။ | | | | | | | ၁ |
| *သဟပုရေမိဿက | | ၃ | | | | | | ။ | | ။ | | ၂ |
| *ပစ္ဆာဟာရမိဿက | | ၂ | | | | | | | ။ | | ။ | ၂ |
| *ပစ္ဆာဣန္ဒြိယမိဿက | | ၂ | | | | | | | ။ | | ။ | ၂ |

## ဝတ္ထုမျိုး (၆)

၁။ ဝတ္ထုပုရေဇာတနိဿယ
၂။ ဝတ္ထုပုရေဇာတ
၃။ ဝတ္ထုပုရေဇာတိန္ဒြိယ
၄။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ
၅။ ဝတ္ထုပုရေဇာတတ္ထိ
၆။ ဝတ္ထုပုရေဇာတအဝိဂတ

ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထုပုရေဇာတ, ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ, ဝတ္ထုပုရေဇာတတ္ထိ, ဝတ္ထုပုရေဇာတအဝိဂတ ····၌ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄–ခုကြဉ်သော သတ္တဝိညာဏဓာတ်အားၖတပ်သော ဆဝတ္ထု၊ သချာ တီဏိ၊ (တစ်ပြိုင်နက်)ပစ္စည်းရေ–၅။

ပုရေဇာတိန္ဒြိယ····၌ ဒွေးပဉ္စဝိညာဉ် ၁၀–အားၖတပ်သော “မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက”အားဖြင့် ၃–ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု၊ သချာ ဧကံ၊ (တစ်ပြိုင်နက်)ပစ္စည်းရေ–၆။

## ပစ္ဆာဇာတမျိုး (၄)

၁။ ပစ္ဆာဇာတ
၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ
၃။ ပစ္ဆာဇာတတ္ထိ
၄။ ပစ္ဆာဇာတအဝိဂတ

ပစ္ဆာဇာတ, ပစ္ဆာဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတတ္ထိ, ပစ္ဆာဇာတအဝိဂတ····၌ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအားၖတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄–ခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ ၄–ပါး၊ သချာ တီဏိ၊ (တစ်ပြိုင်နက်) ပစ္စည်းရေ–၄။

## ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ

နာနာကမ္မ····၌ ကာမဝိပါက်တေတ္တိံသ နာမက္ခန္ဓာအားၖတပ်သော “ကာမကုသိုလ် အကုသိုလ်စေတနာ”ဟု ဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိကကမ္မ, ကဋတ္တာရုပ်အားၖတပ်သော “ပဉ္စဝေါကာရကုသိုလ် အကုသိုလ်စေတနာ”ဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မ၊ သချာ ဒွေ၊ ပစ္စည်းရေ–၁။

## ရူပအာဟာရမျိုး (၃)

၁။ ရူပအာဟာရ
၂။ ရူပအာဟာရတ္ထိ
၃။ ရူပအာဟာရအဝိဂတ

ရုပ်အာဟာရ, ရုပ်အာဟာရတ္ထိ, ရုပ်အာဟာရအဝိဂတ····၌ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား×တပ်သော စတုသမုဋ္ဌာနိကဩဇာ၊ သချာ ဇော်၊ (တစ်ပြိုင်နက်)ပစ္စည်းရေ–၃။

## ရူပဇီဝိတိန္ဒြိယမျိုး (၃)

၁။ ရူပဇီဝိတိန္ဒြိယ
၂။ ရူပဇီဝိတိန္ဒြိယတ္ထိ
၃။ ရူပဇီဝိတိန္ဒြိယအဝိဂတ

ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ, ရူပဇီဝိတိန္ဒြိယအဝိဂတ····၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉–ခုအား×တပ်သော ရုပ်ဇီဝိတိန္ဒြေ၊ သချာ ဇော်၊ (တစ်ပြိုင်နက်)ပစ္စည်းရေ–၃။

## သဟပုရေဇာတမိဿက (၃)

၁။ နိဿယ
၂။ အတ္ထိ
၃။ အဝိဂတ

သဟပုရေဇာတမိဿက ရသော နိဿယ, အတ္ထိ, အဝိဂတ····၌ အချင်းချင်းအား× တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ကုသိုလ်ဇောဝီသ စေတသိက်ဒွေးပညာသ အစိတ်အစိတ် နာမက္ခန္ဓာ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစ ရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ သချာ ဒွေ၊ (တစ်ပြိုင်နက်) ပစ္စည်းရေ–၃။

## ပစ္ဆာဟာရမိဿက (၂)

၁။ အတ္ထိ　　　၂။ အဝိဂတ

ပစ္ဆာဟာရ ရသော အတ္ထိ, အဝိဂတ····၌ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစ ရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇ, စတုဇ ကာယအား x ကာလတူ တစ်ပြိုင်နက် တပ်ကောင်းသော ပဌ္ဌဝေါကာရဘုံ၌ဖြစ်သော အခါ အကုသိုလ်ဒွါဒသ ကုသိုလ်ဇကဝီသ စေတသိက်ဒွေးပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ, ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဩဇာ၊ သချာ ဒွေ၊ (တစ်ပြိုင်နက်)ပစ္စည်းရေ–၂။

## ပစ္ဆာဇာတိန္ဒြိယမိဿက (၂)

၁။ အတ္ထိ　　　၂။ အဝိဂတ

ပစ္ဆာဇာတိန္ဒြိယ ရသော အတ္ထိ, အဝိဂတ···· ၌ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇ ကာယအား xကာလတူ တစ်ပြိုင်နက် တပ်ကောင်းသော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ် ဒွါဒသ ကုသိုလ် ဇကဝီသ စေတသိက် ဒွေးပညာသ အစိတ် အပေါင်း နာမက္ခန္ဓာ, ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေ၊ သချာ ဒွေ၊ (တစ်ပြိုင်နက်) ပစ္စည်းရေ–၂။

### ဝတ္ထုပုရေဇာတမျိုး သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော)- | ဝါရ | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ဗျာ | ဟဒယဝတ္ထု | ကု | ပဉ်–ကု–၂၁, စေ–၃၈ |
| | ဟဒယဝတ္ထု | အကု | ပဉ်–အကု–၁၂, စေ–၂၇ |
| | ဆဝတ္ထု | ဗျာ | ပဉ်–အရူပဝိပါက်ဥဝိ–၃၂,ကြိ–၂၀,စေ–၃၈ |

**ဝတ္ထုပုရေဇာတ သဘာဝ**

၁= ဝတ္ထုရုပ်ဖြစ်ခြင်း၊

၂= ပစ္စယုပ္ပန်၏ရှေ့ကဖြစ်နှင့်၍ ထင်ရှားရှိခြင်း၊

၃= တည်ရာဖြစ်ခြင်း၊–

ဤသဘောလက္ခဏာ ၃–ချက်နှင့် ညီညွတ်သောပစ္စည်းကို "ဝတ္ထုပုရေဇာတနိဿယ" ဟု ခေါ်သည်။

ပဋိသန္ဓေစိတ်သည် မိမိရှေ့က ဖြစ်နှင့်သော မှီစရာ ဝတ္ထုရုပ် မရှိသေး၍ မိမိနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီရသည်၊ သို့သော် ပုရေဇာတ လက္ခဏာ မရှိ၊ သဟဇာတလက္ခဏာသာ ရှိသည်၊ ထို့ကြောင့် ပုရေဇာတနိဿယ မဖြစ်၊ သဟဇာတနိဿယသာ ဖြစ်ရသည်။

ပုရေဇာတ်ခြွယ်ပစ္စည်း၏ သုဒ္ဓသချာကို ပစ္စည်း, ပစ္စယုပ္ပန် ခွဲစိတ်ဝေဖန်ကြည့်ပါ၊ ဗျာ+ဗျာအရ သရုပ်ခွဲပြီး ဖြစ်လာပါလိမ့်မည်။

**မန္ဒာယုက–စသည် ၃–မျိုးခွဲပုံ**

ဘ, ဘ, ဘ, ဘ, ဘ, ဘ, ဘ, ဘ, ဘ, ဘ, ဘ, ဘ, ဘ, တိ, န, ဒ, ပဉ်, ပစ္ဆိ,
ooo ooo ooo ooo ooo ooo

မန္ဒာယုက ပစ္ဆပသာဒ–၃၇ | အမန္ဒာ–၁၁

သံ, တိ, ဂု, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ဇ, ရုံ, ရုံ, ဘ, ဘ, ဘ။ မစ္ဈိမာယုက–၁

"စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ"ဟု ဆိုအပ်သော ပဉ္စဝတ္ထုတို့သည် စိတ္တက္ခဏ ၁၇–ချက် ခဏငယ် ၅၁–ချက် အသက်ရှိကြသည်၊ ၎င်းတို့သည် ကမ္မဇရုပ်များ ဖြစ်ကြသည့်အတွက် စိတ်၏ "ဥပါဒ်, ဋ္ဌီ, ဘင်"ဟု ဆိုအပ်သော ခဏတိုင်းမှာ ဥပါဒ်ဖြစ်ပေါ်ကြသည်၊ ထို့ပြင် စိတ်၏ဥပါဒ်ခဏနှင့် ရုပ်၏ဥပါဒ်ခဏ, စိတ်၏ဘင်ခဏနှင့် ရုပ်၏ဘင်ခဏတို့သည် ညီတူညီမျှပင် ဖြစ်ကြသည်၊ ရုပ်က ဋ္ဌီခဏမှာသာ အသက်ပိုရှည်သည်၊ ခဏငယ် ၄၉–ချက် အသက်ရှိသည်၊ ထို့ကြောင့် ပဉ္စဝိညာဉ်ဖြစ်သည့်အခါ ဋ္ဌီခဏမှာတည်သော ပဉ္စဝတ္ထုပေါင်း ၄၉–ခု ရှိနေသည်။

ထို ၄၉–ခုတို့တွင်–

၁။ အတီတဘဝင်သို့ မရောက်မီ တေရသမဘဝင်၏ ဘင်ခဏမှစ၍ အတီတ ဘဝင်၏ရှေ့ အနန္တရဖြစ်သော ဘဝင်၏ ဘင်ခဏတိုင်အောင် စိတ်များ၏

ခဏတိုင်းမှာ ဖြစ်ခဲ့သော ဝတ္ထုရုပ် ၃၇-ခုသည် "မန္ဒာယုက"မည်၏၊ [မန္ဒ-နည်းသော+အာယု-အသက်+က-ရှိသည်၊ ပဋ္ဌာရုံလောက် အသက် မရှည်သော ဝတ္ထုများ-ဟု ဆိုလိုသည်။]

၂။ အတီတဘဝင်နှင့် ပြိုင်တူဥပါဒ်သော (အတီတဘဝင်၏ ဥပါဒ်ခဏ၌ ဥပါဒ်သော) ဝတ္ထုရုပ်သည် "မဇ္ဈိမာယုက"မည်၏။ [မဇ္ဈိမ+အာယု+က= ပဋ္ဌာရုံနှင့် တန်းတူညီမျှ အသက်ရှိသော ဝတ္ထု။]

၃။ အတီတဘဝင်၏ ဌီခဏမှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်ခဏတိုင်အောင် စိတ်၏ခဏတိုင်းမှာ ဖြစ်ခဲ့သော ဝတ္ထုရုပ်ပေါင်း ၁၁-ခုသည် "အမန္ဒာ ယုက"မည်၏။ [အမန္ဒ+အာယု+က= ပဋ္ဌာရုံထက် အသက်ရှည်သော ဝတ္ထုများ-ဟု ဆိုလိုသည်။]

**ဆောင်။** ။ သုံးဆဲ့ခုနစ်ခု, မန္ဒာယုနှင့်, တစ်ခုမဇ္ဈိ, ဆဲ့တစ်ရှိ, မှတ်သိ အမန္ဒာ။

**ပစ္စည်း, ပစ္စယုပ္ပန် ရုပ်သဘော**

ရှေးရှေးရုပ်တရားသည် အတူဥပါဒ်လာသောစိတ် မချုပ်မီ ရုပ်ကို ဖြစ်စေခြင်း ကိစ္စ, ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကိစ္စကို မပြုလုပ် မဆောင်ရွက်နိုင်၊ နောက်နောက်နာမ်တရားကလည်း အတူဥပါဒ်လာသော စိတ်ကို မလွန်မြောက် သေးသော ရုပ်တရားအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ [ခန္ဓဝိဘင်း မူလဋီကာ။]

**ပစ္ဆာဇာတမျိုး သရုပ်ခွဲ**

| ပဒ | ပစ္စည်း (တပ်သော) | ပစ္စယ | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| က | ပဥ်···အခါ နောက်နောက်ဖြစ်သော ကုသိုလ်-၂၁, စေတသိက်-၃၈ | ဗျာ | ဝု, မ-ဇွန်းအစရှိသော ရှေး ရှေး··· သောတိ,စတုဇကာယ |
| အကု | ပဥ်···အကု-၁၂, စေ-၂၇ | ဗျာ | ။ |
| ဗျာ | ပဥ်···အရူပိကြဥ်ပ-ဘဝင်အစ ရှိသော··· ဝိ-၃၂,ကြိ-၂၀,စေ-၃၈ | ဗျာ | ပဋိသန္ဓေအစရှိသော ··· ဧကဇ ကာယ,ဒွိ,တိ,စတုဇကာယ |

အကျိုးပစ္စယုပ္ပန် တရားတို့၏ နောက်မှဖြစ်၍ ရှေ့ကဖြစ်နေနှင့်သော ပစ္စယုပ္ပန် တရားတို့ကို ထောက်ပံ့ကူညီတတ်သော သတ္တိသည် "ပစ္ဆာဇာတသတ္တိ"မည်၏။

ကုသိုလ်, အကုသိုလ်-တို့သည် ဇောကိစ္စတပ်သော စိတ်များ ဖြစ်ကြသည်၊ ပဥ္စဒွါရမှာ ဖြစ်ကြသည့်အခါမှာ ယင်းကုသိုလ်, အကုသိုလ်ဇောတို့၏ရှေ့မှာ ဝုဋ္ဌော ရှိသည်၊ မနောဒွါရမှာ ဖြစ်ရသည့်အခါမှာ မနောဒွါရာဝဇ္ဇန်း ရှိသည်၊ ထို့ကြောင့် ကုသလပဒနှင့် အကုသလပဒတို့၌ "ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေး သောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော"ဟု ခွဲယူရသည်၊ ကောဇကာယ -စသည်တို့၏ သဘောကို ပစ္ဆာဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသ(၁၆၈)မှာ ရှုပါ။

**ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ သရုပ်ခွဲ**

| ပဒ | ပစ္စည်း (တပ်သော) | ဒါဝီထိ | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကု | ကာမကုသိုလ်စေတနာ<br>ပဉ္စ-ကုသိုလ်စေတနာ | ဈာ | အဟိတ်ကုသလဝိပါက်-၈, မဟာ ဝိပါက်-၈, ကဋတ္တာရုပ် |
| အကု | အကုသိုလ်စေတနာ | ဈာ | အကုသလဝိပါက်-၇, ကဋတ္တာရုပ် |

ပစ္စယုပ္ပန်မှ တစ်သီးတခြား ကွဲပြားသော ခဏဌ်ဖြစ်သော စေတနာသည် "နာနာက္ခဏိကကမ္မ"မည်၏။

ကာမာဝစရကုသိုလ်, အကုသိုလ်စေတနာသည် "ဗလဝ, ဒုဗ္ဗလ" ၂-မျိုးပင် ရှိနိုင်သည်၊ မဟဂ္ဂုတ်, လောကုတ္တရာ စေတနာတို့မူကား "ဗလဝ" တစ်မျိုးသာ ရှိနိုင်သည်၊ ဤသဘောအားလျော်စွာ ဗလဝ, ဒုဗ္ဗလကို ရွေးချယ်စိစစ်ပါ။

## နာနာက္ခဏိကကမ္မ အကျယ်အရကောက်ဆိုရိုး

| ပစ္စည်း (တပ်သော) | ပစ္စယုပ္ပန် (အား) |
|---|---|
| အကု–၁၂ စေတနာ | အကုဝိ–၇, ပဋိကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် |
| တိ–ဥက္ကဋ္ဌ မဟာကုစေ | အဟိတ်ကုဝိ–၈,မဟာဝိ–၈–နှာ,ဋိ,တ္တိကမ္မဇရုပ် |
| တိဩ+ဒွိဥက္ကဋ္ဌ ။ | အဟိတ်ကုဝိ–၈, မဟာဝိဝိပ်–၄, ဋိ,တ္တိကမ္မဇရုပ် |
| ဒွိဟိတ်ဩမက ။ | အဟိတ်ကုဝိ–၈, ပဋိကမ္မဇ, ပဝတ္တိကမ္မဇရုပ် |
| ရူ–ပဈာန်ကုစေ | ပ–ဈာန်ဝိ ။ ။ |
| ရူ–ဒုဈာန်ကုစေ | ဒု–ဈာန်ဝိ ။ ။ |
| ရူ–တဈာန်ကုစေ | တ–ဈာန်ဝိ ။ ။ |
| ရူ–စဈာန်ကုစေ | စ–ဈာန် ။ ။ |
| ရူ–ပဉ္စဈာန်ကုစေ | ပဉ္စ–ဈာန်ဝိ, ပဋိကမ္မဇ, တ္တိကမ္မဇ, သဉ္စကမ္မဇရုပ် |
| အာကာ–ကုစေ | အာကာသာနဉ္စာယတနဝိပါက် |
| ဝိညာ–ကုစေ | ဝိညာဏဉ္စာယတနဝိပါက် |
| အာကိ–ကုစေ | အာကိဉ္စညာယတနဝိပါက် |
| နေဝ–ကုစေ | နေဝသညာနာသညာယတနဝိပါက် |
| သောတာပတ္တိမဂ်စေ | သောတာပတ္တိဖိုလ် |
| သကဒါဂါမိမဂ်စေ | သကဒါဂါမိဖိုလ် |
| အနာဂါမိမဂ်စေ | အနာဂါမိဖိုလ် |
| အရဟတ္တမဂ်စေ | အရဟတ္တဖိုလ် |

ဤဇယားကို "ဗလဝဒုဗ္ဗလနာနာက္ခဏိက, ဗလဝနာနာက္ခဏိက, အနန္တရကမ္မ"ဟူသော နာနာက္ခဏိကကမ္မ ၃–မျိုးလုံး ပါဝင်အောင် စီစဉ်ထားပါသည်။

ကင္ဒုတ္တာရုပ်ကိုပင် ပစ္စယနိဒ္ဒေသအရကောက်–စသည်တို့နှင့် ညှိနှိုင်း၍ "ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်"ဟု ၃–မျိုး ခွဲပြထားပါသည်၊ ရုပ်အာဟာရမျိုးနှင့် ရူပဇီဝိတိန္ဒြိယမျိုးတို့၏ သရုပ်ခွဲမှာ သိသာထင်ရှားပါပြီ။

သဟဇာတမျိုးနှင့် ဝတ္ထုမျိုး ရောနှောထားသည်ကို "သဟပုရေမိဿက"ဟု ခေါ်သည်၊ ပစ္ဆာဇာတမျိုးနှင့် ရုပ်အာဟာရမျိုး ရောနှောထားသည်ကို "ပစ္ဆာဇာတာဟာရမိဿက"ဟု ခေါ်သည်၊ ပစ္ဆာဇာတမျိုးနှင့် ရူပဇီဝိတိန္ဒြိယမျိုး ရောနှောထားသည်ကို "ပစ္ဆာဇာတိန္ဒြိယမိဿက"ဟု ခေါ်သည်၊ ကုသလတိကပဋ္ဌာန်း၌ ဤမိဿက ၃–မျိုးကိုသာ ဟောတော်မူသည်။

## သဟပုရေမိဿက သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော) | ပဒါဝသာန | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကုဗျာ | ပဉ်-ကု- ၂၁, စေ-၃၈-နှာ<br>၄ဋ္ဌော, မ-ဓွန်း····ဟဒယဝတ္ထု | ကု | ကု-၂၁, စေတသိက်-၃၈ |
| အကုဗျာ | ပဉ်-အကု- ၁၂, စေ-၂၇-နှာ<br>၄, မ-ဓွန်း····ဟဒယဝတ္ထု | အကု | အကု-၁၂, စေတသိက်-၂၇ |

## ပစ္ဆာဟာရမိဿက သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော) | ပဒါဝသာန | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကုဗျာ | ပဉ်-ကု- ၂၁, စေ-၃၈-နှာ<br>၄, မ-ဓွန်း····ဩဇာ | ဗျာ | ၄, မ-ဓွန်း အစရှိသော····<br>ရောက်သော တိဇ,စတုဇကာယ |
| အကုဗျာ | ပဉ်-အကု- ၁၂, စေ-၂၇-နှာ<br>၄, မ-ဓွန်း····ဩဇာ | ဗျာ | ‖ |

## ပစ္ဆာဇာတိန္ဒြိယမိဿက သရုပ်ခွဲ

| ပဒ | ပစ္စည်း (တပ်သော) | ပဒါဝသာန | ပစ္စယုပ္ပန် (အား) |
|---|---|---|---|
| ကုဗျာ | ပဉ်-ကု- ၂၁, စေ-၃၈-နှာ<br>၄, မ-ဓွန်း····ရုပ်ဇီဝိတိန္ဒြေ | ဗျာ | ၄, မ-ဓွန်း အစရှိသော····<br>ကမ္မဇကာယ |
| အကုဗျာ | ပဉ်-အကု- ၁၂, စေ-၂၇-နှာ<br>၄, မ-ဓွန်း····ရုပ်ဇီဝိတိန္ဒြေ | ဗျာ | ‖ |

**ဒေသနာစဉ် သုဒ္ဓသင်္ချာ ဟောပုံ**

ပြဆိုခဲ့ပြီးသော ၈–ပစ္စည်း, ၉–မျိုး တစ်နည်းအားဖြင့် မိဿကနှင့်တကွ ၁၂–မျိုးတို့၏ သုဒ္ဓသင်္ချာများကို ကျေညက်အောင် လေ့လာထားပါ။

ထို့နောက် ၂၄–ပစ္စည်းတို့ကို "မျိုးကွဲရှိသောပစ္စည်း, မျိုးကွဲမရှိသောပစ္စည်း"ဟု ၂–မျိုး ဝေဖန်ထားပါ၊ "ဓိ, နိ, ဥ, ပု, ဟာ, ကံ, ဣံ, ဝိပ်, အတ်, အ"ဟု ဆိုအပ်သော ၁၀–ပစ္စည်းတို့သည် မျိုးကွဲရှိသောပစ္စည်းများ ဖြစ်ကြသည်၊ ဟေတု –စသော ၁၄–ပစ္စည်းတို့သည် မျိုးကွဲမရှိသော ပစ္စည်းများ ဖြစ်ကြသည်။

**ဆောင်။** ။ဓိ နိ ဥပ, ပု ဟာရ, ကမ္မ ဣန္ဒြိယာ၊
ဝိပ် အတ် အ–ဟု, ဤဆယ်ခု, ပေါင်းစုရသင့်ရာ။

ယင်းသို့ ခွဲခြားမှတ်သားပြီးသည့်နောက် မျိုးကွဲရှိသော ပစ္စည်းများဖြစ်က မျိုးစဉ်အလိုက် ရထိုက်သမျှသော သုဒ္ဓသင်္ချာဆိုရိုးကို ဆိုပါ၊ ပေါင်း၍ သင်္ချာထုတ်ပါ၊ မျိုးကွဲမရှိသော ပစ္စည်းများဖြစ်က ဆိုင်ရာသုဒ္ဓသင်္ချာကို ဆို၍ သင်္ချာထုတ်ရုံမျှသာ။

၂၄–ပစ္စည်းတို့တွင် ဟေတုသည် သဟမျိုးတစ်မျိုးမှာသာ ပါဝင်သည်၊ သဟ ထဲမှ ဆိုင်ရာသုဒ္ဓသင်္ချာကို ဆိုပါ၊ သင်္ချာထုတ်ပါ၊ အာရမဏသည်လည်း အာရမဏမျိုး တစ်မျိုးမှာသာ ပါဝင်သည်၊ ဆိုင်ရာသုဒ္ဓသင်္ချာကို ဆို၍ သင်္ချာထုတ်ပါ၊ အဓိပတိမူကား အာရမဏမျိုး, သဟမျိုး ၂–မျိုးတို့မှာ ပါဝင်သည်၊ ဆိုင်ရာသုဒ္ဓသင်္ချာကို မျိုးစဉ်အလိုက် အသီးအသီး ဆိုပါ၊ ၂–ရပ်ပေါင်း၍ သင်္ချာထုတ်ပါ၊ (အာရမဏမျိုး သတ္တ, သဟမျိုး သတ္တ ထွက်သော်လည်း) တူရာကိုပေါင်းက သင်္ချာ "ဒသ"မျှသာ ရပါလိမ့်မည်၊ သုဒ္ဓသင်္ချာဇယားချင်း တိုက်ဆိုင်လေ့လာပါ၊ ဤသို့ ဒေသနာစဉ်အတိုင်း ၂၄–ပစ္စည်း ကုန်အောင် တစ်ခုချင်း လေ့လာပါ–ဟု ဆိုလိုပါသည်။

**သင်္ချာတူ ပစ္စည်းများ**

၂၄–ပစ္စည်းတို့ကို သင်္ချာတူရာ ပေါင်းစု ရေတွက်ပါက ၇–မျိုးမျှသာ ရသည်။

၁။ ဝိပါကပစ္စည်း၌ သချာ "ဧက"သာ ထွက်သည်၊
၂။ အညှ, ပုရေ, ပစ္ဆာ, အာသေ, သမ္ပ ၅-ပစ္စည်းတို့၌ "တီဏိ"ထွက်သည်၊
၃။ ဝိပ္ပယုတ္တပစ္စည်း၌ "ပဉ္စ"ထွက်သည်၊
၄။ ဟေ, နန်, သနန်, ကံ, ဟာ, ဣ, ဈာ, မဂ်, နတ်, ဝိ ၁၀-ပစ္စည်းတို့၌ "သတ္တ"ထွက်သည်၊
၅။ အာရမ်, သဟ, ဥပ ၃-ပစ္စည်းတို့၌ "နဝ"ထွက်သည်၊
၆။ အဓိပတိ၌ "ဒသ"ထွက်သည်၊
၇။ နိ, အတ်, အ ၃-ပစ္စည်းတို့၌ "တေရသ"ထွက်သည်။

ထို့ကြောင့်ပင် ဒေသနာစဉ် သုဒ္ဓသချာ၌ "ဧက, တီဏိ, ပဉ္စ, သတ္တ, နဝ, ဒသ, တေရသ"ဟု ထိုက်သည်အားလျော်စွာ သချာ ၇-မျိုးမျှသာ ရနိုင်သည်-ဟု ဆိုခဲ့ရပေသည်။

**ဆောင်။** ။ဝိ ဧက-အညှ ပု ပစ္ဆာ၊
အာသေ သမ်-တီဏိထုတ်လို့ရယ်, ဝိပ်ယုတ်ပဉ္စာ။
ဟေ *အနန်-ကံဟာရငယ်နှင့်, ဣ ဈာန မဂ္ဂါ, သတ္တသာထုတ်အပ်၊
အာ သဟ-ဥပငယ် နဝတဲ့, ဓိ ဒသာ-နိ အတ် အတို့မှာ,
ထုတ်ရတေရသ်။

[*သမနန်, နတ်, ဝိ-တို့သည် နန်နှင့် တူ၏၊ အနန်ကို မှတ်၍ ဆိုသဖြင့် ၄င်းတို့ကိုလည်း ယူပြီးဖြစ်တော့သည်၊ "လဒ္ဒါတပတ္တော ရာဇကုမာရော"ကဲ့သို့ ဥပလက္ခဏနည်းတည်း၊ နောက်လည်း ဤနည်းချည်း မှတ်ပါ။]

## သုဒ္ဓသချာ လေ့ကျင့်ခန်း

၁။ ၈-ပစ္စည်း ၉-မျိုးတို့၌ ရထိုက်သော သချာများကို အဂ္ဂဟိတဂ္ဂဟဏ နည်းအားဖြင့် ရေတွက်ပြပါ။

၂။ အဘယ်မျိုးများ၌ "ကုသလော ကုသလဿ"ဟူသော သချာကို ရနိုင်ပါသနည်း ?။
၃။ ကုသိုလ်သည် ကုသိုလ်အား အဘယ်မျှသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း ?။
၄။ "ကုသလော အကုသလဿ"ဟူသော သချာ ပါဝင်နိုင်သမျှသော မျိုးပစ္စည်းတို့ကို ရေတွက်ပြပါ ?။

[ ဤနည်းအတိုင်း သချာ ၁၅–ပါး ကုန်အောင် ပုစ္ဆာထုတ်ပါ၊ ဖြေကြည့်ပါ။ ]

၅။ အာရမ္မဏမျိုးမှာသာ ပါဝင်၍ သဟမျိုးမှာ မပါဝင်သောသချာ၊ သဟမျိုးမှာသာ ပါဝင်၍ အာရမ္မဏမျိုးမှာ မပါဝင်သော သချာ၊ ၂–မျိုးလုံးမှာ ပါဝင်သော သချာ၊ ၂–မျိုးလုံးမှာ မပါဝင်သော သချာတို့ကို ပြပါ ?။
၆။ အာရမ္မဏမျိုးမှာသာ ပါဝင်၍ အနန္တရမျိုးမှာ မပါဝင်သော သချာ၊ အနန္တရမျိုးမှာသာ ပါဝင်၍ အာရမ္မဏမျိုးမှာ မပါဝင်သော သချာ၊ ၂–မျိုးလုံးမှာ ပါဝင်သော သချာ၊ ၂–မျိုးလုံးမှာ မပါဝင်သော သချာတို့ကို ရေတွက်ပြပါ ?။

[ ဤနည်းအတိုင်း *အာနှင့်ပကတူ*, *အာနှင့်ဝတ္ထု*, *အာနှင့်ပစ္ဆာ*, *အာနှင့်ကမ္မ*, *အာနှင့်ရူပအာဟာရ*, *အာနှင့်ရူပဇီဝိတိန္ဒြိယ*, *အာနှင့်သဟပုရေမိဿက*, *အာနှင့်ပစ္ဆာဟာရမိဿက*, *အာနှင့်ပစ္ဆာဣန္ဒြိယမိဿက*တို့ကိုလည်း အသီးအသီး ခွဲစိတ်ဝေဖန်ကြည့်ပါ၊ ထို့ပြင် သဟနှင့်အနန္တရ–စသည်တို့ကိုလည်း ဝေဖန်ပါ။ ]

၇။ အာရမ္မဏ, အဓိပတိ, ဥပနိဿယ ၃–ပစ္စည်းတပ်သော တရားတို့ကို ဆိုရိုးကျ ထုတ်ပြပါ ?။
၈။ ဟေတု, အညၱ ၂–ပစ္စည်းတပ်သော တရားတို့ကို ထုတ်ပြပါ ?။

[ ဤနည်းအတိုင်း ပစ္စည်းကုန်အောင် လေ့လာပါ၊ သို့သော် မျိုးတူ သဘာဂပစ္စည်းချင်းဖြစ်မှ အရရှိနိုင်သည်၊ သဘာဂပစ္စည်းချင်း မဟုတ်က အရ မရှိနိုင်ပါ။ ]

## ဝိဘင်္ဂပါဠိတော်နှင့်အရကောက်

## အာရမ္မဏပစ္စည်း ပါဠိတော်နှင့်အရကောက်

| ပဒ | အာရုံ–ပစ္စည်း | ၁–၀ | အာရမ္မဏိက–ပစ္စယုပ္ပန် |
|---|---|---|---|
| | ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ } တံ | | ပစ္စဝေက္ခတိ၊ |
| | ပုဗ္ဗေ သုစိဏ္ဏာနိ | | ပစ္စဝေက္ခတိ၊ |
| | ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ | | ပစ္စဝေက္ခတိ၊ |
| | သေက္ခာ ဂေါတြဘုံ | | ပစ္စဝေက္ခန္တိ၊ |
| | ဝေါဒါနံ | | ပစ္စဝေက္ခန္တိ၊ |
| | သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ | | ပစ္စဝေက္ခန္တိ၊ |
| က | သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ { | က | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ |
| | စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ } စိတ္တံ | | ဇာနန္တိ၊ * |
| | အာကာသာနဉ္စာယတနကုသလံ | | ဝိညာဏဉ္စာယတနကုသလဿ |
| | အာကိဉ္စညာယတနကုသလံ | | နေဝသညာနာသညာယတနကုသလဿ |
| | ကုသလာ ခန္ဓာ { | | ဣဒ္ဓိဝိဓဉာဏဿစေတောပရိယ * ဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿ |

"ပဒ, ပဒါဝ"ဟူသော အပေါ်ခေါင်းစည်းအောက်၌ ရှိသည့် "က"စသည်ကို ရှုလျက် "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" စသည်ဖြင့် အရာဌာနအားလျော်စွာ ဝိဓိပါဠိတော်ကို ထုတ်ပါ။

ထို့နောက် "ပစ္စည်း,ပစ္စယုပ္ပန်"ဟူသောခေါင်းစည်းအောက်၌ရှိသည့် ပါဠိများကို ရှုလျက် "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ"စသည်ဖြင့် ပဒ, ပဒါဝသာနအရ တရားကုန်အောင် အနုဝါဒပါဠိတော်ကို ထုတ်ပါ။

## အာရမဏပါဠိတော်

| ပဒ | အာရုံ–ပစ္စည်း | ဒေါ– | အာရမဏိက–ပစ္စယုပ္ပန် |
| --- | --- | --- | --- |
| ကု | ဒါနံ ဒတွာ ....ကတွာ တံ | အကု | အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စံ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ |
| | ပုဗ္ဗေ သုစိဏ္ဏာနိ | | အဿာဒေတိ....ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ |
| | ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ<br>ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ | | အဿာဒေတိ....ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊<br>ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ |
| ကု | အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ<br>ပုဗ္ဗေ သုစိဏ္ဏာနိ<br>ကုသလံ<br>စေ ....ကုသလစိတ္တ....စိတ္တံ | ဗျာ | ပစ္စဝေက္ခတိ၊<br>ပစ္စဝေက္ခတိ၊<br>အနိစ္စတော....ဝိပဿတိ၊<br>ဇာနာတိ၊ |
| | သေက္ခာဝါ....ဝါ ကုသလံ | | အနိစ္စ ...ဿန္တိ၊ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမဏတာ ဥပ္ပဇ္ဇတိ၊ |
| | ကုသလံ | | အဿာ ...နဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါ..တာ ဥပ္ပဇ္ဇတိ၊ |
| | အာကာသာနဉ္စာယတနကုသလံ<br>အာကိဉ္စညာယတနကုသလံ<br>ကုသလာ ခန္ဓာ | | ဝိညာ..ဝိပါကဿစ ကြိယဿစ<br>နေဝ ..ဝိပါကဿစ ကြိယဿစ<br>စေ, ပု, ယ, အနာ–ဏဿ<br>အာဝဇ္ဇနာယ |

ပစ္စယုပ္ပန်ဘက်၌ "ဝိညာဏဉ္စာယတနကုသလဿ"စသည်ဖြင့် သမ္ပဒါန်ဆုံးနေသော နေရာများမှာ "(အာရမဏ)ပစ္စယေန ပစ္စယော"ဟု အရာဌာနအားလျော်စွာ ထည့်ဆိုပါ၊ "ပစ္စဝေက္ခတိ"စသည်ဖြင့် အာချာတ်ကြိယာ အဆုံးရှိသော နေရာများမှာမူ တစ်စုံတစ်ရာ ထည့်ဆိုဖွယ် မလိုပါ။

"စေတောပရိယညာဏေန"စသည်ကား ပုဂ္ဂလဓိဋ္ဌာန် ဒေသနာ, "ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ"အစရှိသည်ကား ဓမ္မဓိဋ္ဌာန်ဒေသနာဖြစ်သည်၊ ထို့ကြောင့် စေတောပရိယညာဏ်ကို ထပ်ဆိုထားသည်။

## အာရမဏပါဠိတော်

| ပဒ | အာရုံ-ပစ္စည်း | ဝါဒ | အာရမဏိက-ပစ္စယုပ္ပန် |
|---|---|---|---|
| အကု | ရာဂံ<br>ဒိဋ္ဌိံ<br>ဝိစိကိစ္ဆံ အာရဗ္ဘ<br>ဥဒ္ဒစ္စံ အာရဗ္ဘ<br>ဒေါမနဿံ အာရဗ္ဘ | အကု | အဿာ····ဒေါမနဿံ ဥပ္ပဇ္ဇတိ၊<br>အဿာ ····ဒေါမနဿံ ဥပ္ပဇ္ဇတိ၊<br>ဝိစိ၊ ဒိဋ္ဌိ၊ ဥဒ္ဓစ္စံ၊ ဒေါ····တိ၊<br>ဥ၊ ဒိ၊ ဝိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊<br>ဒေါ၊ ဒိ၊ ဝိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ |
| အကု | သေက္ခာ ပဟီနေ ကိလေသေ<br>ဝိက္ခမ္ဘိတေ ကိလေသေ<br>ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ<br>သေက္ခာဝါ ····နာဝါ အကုသလံ<br>စေ····အကုသလစိတ္တ စိတ္တံ<br>အကုသလာ ခန္ဓာ | ကု | ပစ္စဝေက္ခန္တိ၊<br>ပစ္စဝေက္ခန္တိ<br>ဇာနန္တိ၊<br>အနိစ္စတော ····ဝိပဿန္တိ၊<br>ဇာနန္တိ၊<br>စေ,ပု,ယ,အနာဂတံသညာဏဿ |
| အကု | အရဟာ ပဟီနေ ကိလေသေ<br>ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ<br>အကုသလံ<br>စေ···· အကုသလစိတ္တ ··· စိတ္တံ<br>သေက္ခာဝါ ····နာဝါ အကုသလံ<br>အကုသလံ<br>အကုသလာ ခန္ဓာ | ဗျာ | ပစ္စဝေက္ခတိ၊<br>ဇာနာတိ၊<br>အနိစ္စတော ····ဝိပဿတိ၊<br>ဇာနာတိ၊<br>····ဿန္တိ၊ကုသလေ ···ဥပ္ပဇ္ဇတိ၊<br>အဿာ··တိ၊ အကုသလေ··တိ၊<br>စေ,ပု,ယ,နာ··ဿ အာဝဇ္ဇနာယ |

သုဒ္ဓသချာ သရုပ်ခွဲတရားအားလျော်စွာ ပစ္စည်း, ပစ္စယုပ္ပန်ကို မှတ်၍ အနုဝါဒပါဠိတော် ထုတ်ရသည်၊ ကာမကုသိုလ်ကို ပစ္စည်းဘက်မှာ “ဒါနံ, သီလံ, ဥပေါသထကမ္မံ, ပုဗ္ဗေ သုစိဏ္ဏာနိ, ဝေါဒါနံ”စသည်ဖြင့် ဟောသည်၊ ပစ္စယုပ္ပန်ဘက်မှာ “ပစ္စဝေက္ခတိ, ဝိပဿတိ, ဇာနာတိ”စသည်ဖြင့် ဟောသည်၊ ဤသို့ ပဒ,ပဒါဝသာန တွေ့သမျှကို သဘောဉာဏ် သက်ဝင်လာအောင် ကြံစည်ပါ၊ သဘောကျက ပါဠိတော်ကို ရပြီးဖြစ်လာပါလိမ့်မည်၊ သုဒ္ဓသချာမှပင် ဝိဘင်္ဂပါဠိတော်နှင့် အရကောက် ပေါ်ထွက်လာအောင် အလေ့အလာပြုပါ။

## အာရမဏပါဠိတော်

| ပဒ | အာရုံ-ပစ္စည်း | ပဒါ၀– | အာရမဏိက-ပစ္စယုပ္ပန် |
|---|---|---|---|
| | အရဟာ ဖလံ | | ပစ္စဝေက္ခတိ၊ |
| | နိဗ္ဗာနံ | | ပစ္စဝေက္ခတိ၊ |
| | နိဗ္ဗာနံ | | ဖလဿ အာဝဇ္ဇနာယ |
| | အရဟာ စက္ခုံ | | အနိစ္စတော .... ဝိပဿတိ၊ |
| | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊<br>ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊<br>ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိပါကာ-<br>ဗျာကတေ ကြိယာဗျာကတေ } ခန္ဓေ | | အနိစ္စတော .... ဝိပဿတိ၊ |
| ဗျာ | ဒိဗ္ဗေန စက္ခုနာ ရူပံ | ဗျာ | ပဿတိ၊ |
| | ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | | သုဏာတိ၊ |
| | စေ .... ဝိပါကာဗျာကတ<br>ကြိယာဗျာကတစိတ္တသမင်္ဂိဿ } စိတ္တံ | | ဇာနာတိ၊ |
| | အာကာသာနဉ္စာယတနကြိယံ | | ဝိညာဏဉ္စာယတနကြိယဿ |
| | အာကိဉ္စညာယတနကြိယံ | | နေဝသညာနာ-ယတနကြိယဿ |
| | ရူပါယတနံx .... | | စက္ခုဝိညာဏဿx .... |
| | ဖောဋ္ဌဗ္ဗာယတနံ | | ကာယဝိညာဏဿ |
| | အဗျာကတာ ခန္ဓာ | | ဣ, စေ, ပု, နာ-ဿ အာဝဇ္ဇနာယ |

အာဓိနှင့်အာပု ပါဠိတော်တို့ကိုလည်း မိမိ မိမိတို့၏ ပစ္စည်း, ပစ္စယုပ္ပန်အား လျော်စွာ ဤဇယားထဲမှပင် ထုတ်နုတ်ယူပါ၊ အာဓိ-ဖြစ်က "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ"စသည်ဖြင့် "ဂရုံ ကတွာ"ထည့်ဆိုပါ၊ "အာရဗ္ဘ"ဟု ရှိရာ၌လည်း "ဂရုံ ကတွာ"ဟုပင် ပြောင်းလဲ ဆိုပါ။

ထို့ပြင် အာဓိပစ္စယုပ္ပန်မှာ လောဘမူမျှသာ ပါဝင်သည့်အတွက် "တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ"မျှသာ ဆိုရမည်၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စံ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ-တို့ကို ထည့်မဆိုရ။

## အာရမဏပါဠိတော်

| ပဒ | အာရုံ–ပစ္စည်း | ဒွါဝ– | အာရမဏိက–ပစ္စယုပ္ပန် |
|---|---|---|---|
| ဗျာ | သေက္ခာ ဖလံ<br>နိဗ္ဗာနံ<br>နိဗ္ဗာနံ<br>သေက္ခာဝါ ....နာဝါ စက္ခုံ<br>သောတံ၊ ···ဗျာကတေ ခန္ဓေ<br>ဒိဗ္ဗေန စက္ခုနာ ရူပံ<br>ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ<br>စေတော....စိတ္တံ<br>အဗျာကတာ ခန္ဓာ | ကု | ပစ္စဝေက္ခန္တိ၊<br>ပစ္စဝေက္ခန္တိ၊<br>ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ<br>အနိစ္စတော.... ဝိပဿန္တိ၊<br>အနိစ္စတော ....ဝိပဿန္တိ၊<br>ပဿန္တိ၊<br>သုဏန္တိ၊<br>ဇာနန္တိ၊<br>ဣ, စေ, ပု, အနာဂတံသဉာဏဿ |
| ဗျာ | စက္ခုံ<br>သောတံ....ဗျာကတေ ခန္ဓေ | အကု | အဿာဒေတိ.... ဒေါမနဿံ ဥပ္ပဇ္ဇတိ၊<br>အဿာ....ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ |

ဝတ္ထာကို ဝိဘင်္ဂပါဠိတော်၌ သီးခြားမဟော၊ သဘာဂ ဃဋနာခန်းများ၌သာ "အာရမဏပစ္စယာ နိဿယေ တီဏိ"စသည်ဖြင့် ဟောသည်၊ ဤဝတ္ထာရမဏသည် နိဿယပစ္စည်း, ဝိပ္ပယုတ္တပစ္စည်းတို့၌ ပဝတ္တိအခါမှာသာ ရသော ဝတ္ထုပုရေဇာတ မျိုးမှ ခွဲထွက်လာသော တရားတစ်မျိုး ဖြစ်သည်၊ ဝတ္ထုမျိုးရလျှင် ဝတ္ထာကိုလည်း ထိုက်သည်အားလျော်စွာ ရနိုင်သည်၊ ဝတ္ထုဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ (ကုသလာနံ×အကုသလာနံ) ခန္ဓာနံ"ဟု အနုဝါဒဝိဘင်း ထုတ်ရမည်၊ ပဋ္ဌာန်းသိပ္ပံ ဆရာတော်ကား "အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" စသည်ဖြင့် ပို့ချတော်မူသည်။

စက္ခု–စသော ပသာဒရုပ် ၅–ပါးနှင့် ဟဒယဝတ္ထုတို့သည် ဧကဇရုပ်များ ဖြစ်ကြ၏၊ "ကံ"ဟူသော အကြောင်းတစ်မျိုးတည်းကြောင့်သာ ဖြစ်ကြရသည်၊ ထို့ကြောင့် ၎င်းတို့ကို ဧကဝုစ်ဝိဘတ်ဖြင့် ထားဟောသည်။

ထို့ပြင် သဒ္ဒသည် ဒွိဇရုပ်ဖြစ်၏၊ "စိတ်,ဥတု"ဟူသော အကြောင်းတရား ၂–ပါးကြောင့် ဖြစ်ရသည်၊ ရူပ, ဂန္ဓ, ဖောဋ္ဌဗ္ဗတို့မူကား စတုဇရုပ်များ ဖြစ်ကြသည်၊ "ကံ,စိတ်,ဥတု,အာဟာရ"ဟူသော အကြောင်းတရား ၄–ပါးတို့ကြောင့် ဖြစ်ကြရသည်၊ ထို့ကြောင့် ၎င်းတို့ကို ဗဟုဝုစ်ဝိဘတ်ဖြင့် ထားဟောသည်။

**ဆောင်။** ။ ကမ္မဇသာ, ဖြစ်လေပါ၍, စက္ခု–စသား, ဝတ္ထုများကို, ဟောကြားဇေက, ဝစနတည်း၊ ဒွိဇစတု, ဖြစ်ရမှုကြောင့်, ဗဟုဝုစ်တွေ, ထားဟောဟောပေသည် · · · · ရှုပေ သဒ္ဒေ စသည်တည်း။

ဤနေရာ၌ ရုပ် ၁၃–ပါးမျှကိုသာ သရုပ်ထုတ်၍ ဟောထားပါသည်၊ ဟဒယဝတ္ထုမှ တစ်ပါးသော သုခုမရုပ်တို့ကိုမူ ဟောတော်မမူခဲ့ပါ၊ သို့ပင် သရုပ်ထုတ်၍ မဟောပါသော်လည်း "နိဒဿနနည်း, နာနန္တရိကနည်းအားဖြင့် ကြွင်းသော သုခုမရုပ်တို့ကိုလည်း ယူသင့်သည်"ဟု နှလုံးသွင်း၍ အရကောက်၌ ရုပ် ၂၈–ပါးကိုပင် ကောက်ပြထားသည်။

**ဆောင်။** ။ ဩဠာရိက, ဝတ္ထုမျှသာ, ဟောပြပါလည်း, နာနန္တရိက, နည်းအရ, ကောက်ပြ ရုပ်အကုန်။

**အရကောက်ဝယ် သိမှတ်ဖွယ်**

ဝိဘင်္ဂပါဠိတော်၌ "ဝိဓိ, အနုဝါဒ"ဟု ၂–မျိုး ရှိသည့်အနက် ဝိဓိပါဌ်ကိုသာ အရကောက်ရသည်၊ ယင်းဝိဓိ၌လည်း "ကတ္တား, သမ္ပဒါန်, ကရိဏ်း"ဟု ၃–မျိုး ပါရှိသေးသည်၊ ယင်း ၃–မျိုးတို့၏ အရကောက်ကို အောက်၌ ပြထားသည့်အတိုင်း စိစစ်ဆင်ခြင်၍ ကောက်ရမည်။

သုဒ္ဓသင်္ချာလာ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားများကို ပဒ,ပဒါဝသာနအား လျော်စွာ သရုပ်ခွဲထားရမည်၊ ပဒအရတရားသည် ကတ္တားပုဒ်အရဖြစ်၍ ပဒါဝသာန အရတရားသည် သမ္ပဒါန်ပုဒ်အရ ဖြစ်သည်။

ဆိုင်ရာမျိုးပစ္စည်းထဲမှ သင်္ချာတူ (ပဒ, ပဒါဝသာန–တူ) ပစ္စည်းများကို ရွေးချယ်ထုတ်နုတ်ပါ၊ ပဒအရ, ပဒါဝသာနအရ ၂–ပါးလုံးမှာ ပါဝင်နိုင်သလား, မပါဝင်နိုင်ဘူးလား စိစစ်ကြည့်ပါ၊ ပါဝင်နိုင်က သဘာဂဖြစ်ပြီ၊ သို့သော် ထပ်တူညီမျှ ပါဝင်နိုင်သလား, တစ်စိတ်တစ်ဒေသမျှ ပါဝင်နိုင်သလား စိစစ်ကြည့်ရှုပါဦး၊ ထပ်တူညီမျှ ပါဝင်နိုင်က "တစ်ပြိုင်နက်, တစ်စိတ်တစ်ဒေသမျှသာ ပါဝင်နိုင်ပါက ယထာရဟာ"ဟု မှတ်ပါ၊ ထို့နောက် "တစ်ပြိုင်နက်, ယထာရဟာ"ဟူသော ဝိသေသနကို ထိုက်သည်အားလျော်စွာ ထည့်သွင်း၍ ပစ္စည်းရေသရုပ်ကို ဖော်လျက် ကရိဏ်းပါဌ်အရ သတ္တိကို ကောက်ရမည်။

**ဆောင်။** ။ ပဒ ရ–ကောက်ပါကြ ကတ္တာ၊
ဝသာနှာ–သမ္ပဒါနငယ်, ကောက်ရလေပါ။
ကရိဏ်းမှာ–သဘာဂါဖော်လျက်၊
သက်ဆိုင်ရာ–သတ္တိမျှကို, ကောက်ရဆက်လက်။

ထို့ပြင် အာရမဏ, အနန္တရ, ပကတူပနိဿယမျိုးပစ္စည်းများ၏ အကျဉ်းကောက်၌ (အားတပ်သော–ဟု) ပစ္စယုပ္ပန်နှင့် တွဲဖက်ကောက်ရိုး မရှိ၊ အကျယ် ကောက်မှာသာ တွဲဖက်ကောက်ရသည်၊ ကြွင်းသော သဟမျိုး–စသည်တို့ကိုမူ ပစ္စယုပ္ပန်နှင့် တွဲဖက် ကောက်ရိုး ပြုကြသည်၊ ဤထူးခြားချက်ကိုလည်း သတိပြု မှတ်သားထားစေ လိုပါသည်။

**ဆောင်။** ။ အာ နန် ဥပါ, ကျဉ်းကောက်မှာ, တပ်ကာ မကောက်ရ။
ကြွင်းသမျှမှာ, တပ်လျက်သာ, သေချာကောက်ယူရ။

**အရကောက် ဆိုရိုး**

ကုသလော ကုသလဿ၌ (“ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမဏပစ္စယေန ပစ္စယော”ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဌ်၌) “ကုသလော ဓမ္မော”ဟူသော ကတ္တားပုဒ်၏အရကား အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝိသ, စေတသိက်အဋ္ဌတ္တိံသ ပစ္စည်းတရား ရ၏။

“ ကုသလဿ ဓမ္မဿ”ဟူ သော သမ္ပဒါန်ပုဒ်၏အရကား မဟာကုသိုလ်စိတ် ၈–ခု, ဝိညာဏဉ္စာယတနကုသိုလ်, နေဝသညာနာသညာယတနကုသိုလ်, ဣဒ္ဓိဝိဓ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသကုသိုလ် အဘိညာဉ် ဝိရတိအပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ ပစ္စယုပ္ပန်တရား ရ၏။

**တစ်နည်းကား** “ကုသလော ဓမ္မော”ဟူသော ကတ္တားပုဒ်၏အရကား မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄–ခုအား တပ်သော လောကီကုသိုလ် သတ္တရသ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄–ခုအားတပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ၊ ဝိညာဏဉ္စာယတနကုသိုလ်အားတပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်၊ နေဝသညာ နာသညာယတနကုသိုလ်အားတပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူး

## အာရမ္မဏပစ္စည်း အရကောက်

| ပဒ | ကဏ္ဍား–ပစ္စည်း | ပဒါဝ– | သမ္ဗန်ဒါန်–ပစ္စယုပ္ပန် | ဂဏန်း |
|---|---|---|---|---|
| ကု | အ–မဂ်ကြဉ်ကု–၂၀,စေ–၃၈ တစ်နည်းကား– | ကု | မဟာကု–၈, ဝိ°နေ–ကု,ဏ္ဍ,စေ, ပု,ယ,နာ–ကုဘိ°, *စေ–၃၃ | ၃ |
| | ကာကု–၁၇, စေ–၃၈ | အကု | အကု–၁၂, စေ–၂၇ | ၃ |
| | ကု–၂၁, စေ–၃၈ တစ်နည်းကား– | ဗျာ | ရုံ–၁၁,ပဉ်–ဒွန်းကြဉ်ကာကြိ–၁၀, ဝိ°+နေ–ဝိ+ကြိ, စေ,ပု,ယ, အနာ–ကြိဘိ°, စေ–၃၃* | ၃ |
| အကု | အကု–၁၂, စေ–၂၇ | အကု | အကု–၁၂, စေ–၂၇ | ၃ |
| | အကု–၁၂, စေ–၂၇ | ကု | မဟာကု–၈, စေ,ပု,ယ, အနာ–ကုဘိ°, စေ–၃၆ | ၁ |
| | အကု–၁၂, စေ–၂၇ တစ်နည်းကား– | ဗျာ | ရုံ–၁၁, *ကာကြိ–၁၀,စေ,ပု, ယ,အနာ–ကြိဘိ°, စေ–၃၃ | ၁ |
| ဗျာ | ဝိ–၃၆,ကြိ–၂၀,စေ–၃၈ ရုပ်–၂၈,နိ တစ်နည်းကား | ဗျာ | ကာဝိ–၂၃, ကာကြိ–၁၁ ဝိ°+နေ–ကြိ,စ,သ,ဏ္ဍ,စေ,ပု, အနာ–ကြိဘိ°,ဖ–၄,စေ–၃၆ | ၈ |
| | *ဝိ–၃၅,ကြိ–၂၀,စေ–၃၈ ရုပ်–၂၈,နိ(တစ်နည်းကား) | ကု | မဟာကု–၈,စ,သ,ဏ္ဍ,စေ,ပု အနာ–ကုဘိ°,မ–၄,စေ–၃၆ | ၈ |
| | ကာဝိ–၃၂,ကြိ–၂၀,စေ–၃၅ ရုပ်–၂၈ | အကု | အကု–၁၂, စေ–၂၇ | ၈ |

သော အာကိဉ္စညာယတနကုသိုလ်၊ ဏ္ဍဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်အားတပ်သော ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်၊ စေတောပရိယကုသိုလ်အဘိညာဉ်အားတပ်သော လွန်လေပြီးသော ၇–ရက်မှစ၍ လာလတ္တံ့သော ၇–ရက်တိုင်အောင် ကာလ ၃–ပါး၌တည်သော သူတစ်ပါးတို့၏ အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ၊ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အားတပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ၊ ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်အားတပ်သော

အတိတ်ဖြစ်သော လောကီကုသိုလ်ကံ၊ အနာဂတ်သကုသိုလ်အဘိညာဉ်အားတပ်သော အနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိပါကပစ္စည်းတရား ရ၏။

ကုသလပဒ+ကုသလပဒါဝသာနဖြစ်၍ အာရမဏအကျယ်ကောက် ဇယား ထဲမှ ပစ္စည်းဘက်မှာရော ပစ္စယုပ္ပန်ဘက်မှာပါ ကုသိုလ်များကိုသာ ရွေးချယ် ကောက်ယူ ထားသည်ကို သတိပြုပါ၊ ကြွင်းသော ပဒ,ပဒါဝသာနများမှာလည်း ဤနည်းအတိုင်း ထိုက်သည်အားလျော်စွာ ကောက်ပါ။

"ကုသလဿ ဓမ္မဿ"ဟူသော သမ္ဗန္ဓပုဒ်၏အရကား မဟာကုသိုလ် ၈–ခု · · · ·စေတသိက်တွေတ္တိုသ ပစ္စယုပ္ပန်တရား ရ၏။

"အာရမဏပစ္စယေန"ဟူသော ကရိဏ်းပါဌ်၏အရကား တစ်ပြိုင်နက် ယထာ ရဟတပ်ကောင်းသော အာရမဏ, အာရမဏာဓိပတိ, အာရမဏူပနိဿယ ဤ ၃–ပစ္စယသတ္တိတို့တွင် "အာရမဏသတ္တိ"ဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

ဤနည်းအတိုင်း ဇယားကုန်အောင် ကောက်ပါ၊ အနက်ပေး အဓိပ္ပာယ်ပြန် အနုဝါဒဆိုရိုး ပစ္စည်းတပ်ပုံ–စသည်တို့ကို အရကောက်စာအုပ်၌ ရှုပါ၊ ဤကျမ်း၌ကား ပါဠိတော် အရကောက်တို့ကိုသာ သက်ဆိုင်ရာ အဓိပ္ပာယ်နှင့်တကွ နည်းရရုံ ပြပါမည်။

**သီလံ သမာဒိယိတွာ** ပဉ္စင်္ဂသီလသည် လူတို့၏ နိစ္စသီလဖြစ်၏၊ ဒသင်္ဂသီလ သည် သာမဏေတို့၏ နိစ္စသီလ ဖြစ်၏၊ ရဟန်းတို့၏ စတုပါရိသုဒ္ဓိသီလ, ဝတ္တသီလတို့ကိုလည်း ယူသင့်၏။

**ဥပေါသထကမ္မံ ကတွာ** အဋ္ဌင်္ဂသီလမူကား ဥပုသ်နေ့၌ လူတို့ ဆောက်တည် ရသော ဥပေါသထကမ္မတည်း၊ စွမ်းနိုင်လျှင် နေ့တိုင်း မပြတ်ပင် ဆောက်တည်အပ်၏။

**ဝိရတိ ၃–ပါး သဘောသွား–**

၁။ တစ်စုံတစ်ယောက်သောသူ၏ အထံ၌ မဆောက်တည်မူ၍ မိမိအလိုလို ပါဏာတိပါတ အစရှိသည်မှ ရှောင်ကြဉ်သော သမ္ပတ္တဝိရတိ၊

၂။ တစ်စုံတစ်ယောက်သောသူ၏ အထံ၌ ဆောက်တည်၍ ရှောင်ကြဉ်သော သမာဒါနဝိရတိ၊

၃။ "မဂ်ဖြင့် ကိလေသာတို့ကို ဖြတ်ခြင်း"ဟု ဆိုအပ်သော သမုစ္ဆေဒဝိရတိ– ဟူ၍ ၃–ပါးရှိ၏။

## အာရမဏာဓိပတိ အရကောက်

| ပဒ | ကတ္တား–ပစ္စည်း | ပဒါဝသာန် | သမ္ပဒါန်–ပစ္စယုပ္ပန် | ကိုဏ်း |
|---|---|---|---|---|
| ကု | အပ်–ကု–၂၀, စေ–၃၈ | ကု | တတ်–မဟာကု–၈,စေ–၃၃ | ၃ |
| | အပ်–ကိကု–၁၇,စေ–၃၈ | အကု | တတ်–လောဘမူ–၈,စေ–၂၂ | ၃ |
| | အပ်–အရဟတ္တမဂ်,စေ–၃၆ | ဏျာ | တတ်–မဟာကြိသံ–၄,စေ–၃၃ | ၃ |
| အကု | အပ်–လောဘမူ–၈,စေ–၂၂ | အကု | တတ်–လောဘမူ–၈,စေ–၂၂ | ၃ |
| ဏျာ | အပ်–အရဟတ္တဖိုလ်, နိ<br>နိ | ဏျာ | တတ်–မဟာကြိသံ–၄<br>ဖိုလ်–၄ } စေ–၃၆ | ၃ |
| | အပ်–အောက်ဖိုလ်–၃,နိ<br>နိ | ကု | တတ်–မဟာကုသံ–၄<br>မဂ်–၄ } စေ–၃၆ | ၃ |
| | အပ်–ဣဋ္ဌ--- နရုပ်–၁၈,ဒုကြဉ်<br>ကိဝိ–၃၁,ကြိ–၂၀,စေ–၃၅ | အကု | တတ်–လောဘမူ–၈,စေ–၂၂ | ၈ |

ထိုတွင် သမာဒါနဝိရတိကိုသာ ယူအပ်၏၊ သမ္ပတ္တဝိရတိ, သမုစ္ဆေဒဝိရတိ တို့ကိုကား လောက၌ "သီလ"ဟူ၍ မထင်ရှားသောကြောင့် မယူအပ်ကုန်၊ သို့ပင် မယူအပ်ကုန်သော်လည်း အာရမဏပစ္စည်းမူကား ဖြစ်နိုင်ကြသည်သာ။

အာကာသာနဉ္စာယတနကုသလ် ဝိညာဏဉ္စာယတနကုသလသည် အာဒိကမ္မိက ဝီထိမှာ ဝိညာဏဉ္စာယတနပုဂ္ဂိုလ်ကို မရအပ်၊ သမာပဇ္ဇနဝီထိမှာသာ ရအပ်၏၊ သမာပဇ္ဇနဝီထိ၌လည်း ရှေးရှေးဘဝ အောက်ဘုံက ဖြစ်ဖူးသော အာကာသာနဉ္စာ ယတနကုသိုလ်သာ အာရုံပြုသည်၊ ဤဘဝ၌ မရအပ်၊ အဘယ့်ကြောင့်နည်းဟူမူကား ဝိညာဏဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနကုသိုလ် မရှိသောကြောင့်တည်း။

အာဓိ ကုသလော ကုသလဿ၌ တစ်နည်းကား အရကောက်သည့်အခါ ပစ္စုပ္ပန်ကို သံ+ဝိပ် ခွဲကောက်ပါ၊ ကြွင်းသော သချာများ၌ တစ်နည်းကား ကောက်ဖွယ်

## အာရမဏပုရေဇာတ အရကောက်

| ပဒ | ကတ္တား–ပစ္စည်း | ဝါဒ | သမ္ပဒါန်–ပစ္စယုပ္ပန် | ဂိုဏ်း |
|---|---|---|---|---|
| ဗျာ | ပစ္စုပ္ပန်ရူပါရုံ––ဖောဋ္ဌဗ္ဗာရုံ<br>॥ ပဉ္စာရုံ<br>॥ နိပ္ဖန္နရုပ်–၁၈<br>ဒွိရ····ပစ္စုပ္ပန်ရူပါရုံ<br>ဒွိရ····ပစ္စုပ္ပန်သဒ္ဒါရုံ | ဗျာ | စက္ခုဝိညာဉ်ဒွေး ····ကာဒွေး<br>မနောဓာတ် ၃–ခု<br>မ–ဇွန်း,ကာကြီ–၉,ရုံ–၁၁<br>ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်<br>ဒိဗ္ဗသောတကြိယာအဘိညာဉ် | ၆ |
| | ပစ္စုပ္ပန်နိပ္ဖန္နရုပ်–၁၈<br>ဒွိရ····ပစ္စုပ္ပန်ရူပါရုံ<br>ဒွိရ····ပစ္စုပ္ပန်သဒ္ဒါရုံ | ကု | မဟာကု–၈<br>ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်<br>ဒိဗ္ဗသောတကုသိုလ်အဘိညာဉ် | ၆ |
| | ပစ္စုပ္ပန်နိပ္ဖန္နရုပ်–၁၈ | အကု | အကု–၁၂, စေ–၂၇ | ၈ |

မလို၊ သို့သော် ဗျာ+ဗျာနှင့် ဗျာ+ကုတို့၌ ပစ္စည်း, ပစ္စယုပ္ပန် ခွဲပြထားသည့်အတိုင်း ၂–ဆင့်ကောက်ပါ။

အာရမဏပုရေဇာတ၌ "စက္ခု အနိစ္စတော" အစရှိသည်တို့ကို ရုန့်ရင်းသော ဩဠာရိကရုပ်၏ အစွမ်းဖြင့် သိလွယ်စေခြင်းငှာ ဟောတော်မူ အပ်ကုန်၏၊ အာပေါ အစရှိသော သုခုမရုပ်တို့သည်လည်း ပုရေဇာတပစ္စည်း တပ်ကုန်သည်သာတည်း၊ ကုသလတိက် ပဉှာဝါရ၌ အနိပ္ဖန္နရုပ်များကို မဟော။

**ဆောင်။** ။ သိလွယ်စေရန်, ကျုံးရည်သန်, ဟောညွှန်စက္ခု–စသည်ကို။

**ကရိဏ်းကောက်ဝယ် သိမှတ်ဖွယ်**

အာဓိပ်၌ "၃"အရ–တစ်ပြိုင်နက် တပ်ကောင်းသော "အာရမဏ, အာရမဏာဓိပတိ, အာရမဏူပနိဿယ" ဤ ၃–ပစ္စယသတ္တိတို့တွင် "အာရမဏာဓိပတိသတ္တိ" ဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏–ဟု ကောက်ပါ၊ အရကောက်၌ "တစ်ပြိုင်နက်, ယထာရဟ"ဟု ရှိနေသည်၊ ယထာရဟာပါရန် လိုမည်မထင်ပါ၊ အဘယ့်ကြောင့်နည်း၊ အာရမဏာဓိပတိကို ရက အာရမဏနှင့် အာရမဏူပနိဿယတို့ကို ဧကန်ရနိုင်သောကြောင့်တည်း။

## ဝတ္ထု အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | ဝါရ | သမ္ဗန္ဓ-ပစ္စယုပ္ပန် | ဂဏန်း |
|---|---|---|---|---|
| ဗျာ | စုတိမှ....ဟဒယဝတ္ထု | ဗျာ | မ-ဇ္ဈန်း, သန်ကြိဇော-၅, ရုံ | ၆ |
| | ။ | ကု | သန်ကုဇော ၅-ချက် | ၆ |
| | ။ | အကု | သန်အကုဇော ၅-ချက် | ၈ |

## အာပုဓိ အရကောက်

| | | | | |
|---|---|---|---|---|
| ဗျာ | အပ်-ပွန်နိပ္ဖန္နရုပ်-၁၈ | အကု | တတ်-လောဘမူ-၈ | ၈ |

## ဝတ္ထာဓိ အရကောက်

| | | | | |
|---|---|---|---|---|
| ဗျာ | အပ်-စုတိမှ--ဟဒယဝတ္ထု | အကု | တတ်-လောသန်ဇော ၅-ချက် | ၈ |

၈-အရ "တစ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော အာရမဏ, အာရမဏာဓိပတိ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ- ဤ ၈-ပစ္စယ .... ရ၏" ဟု ကောက်ပါ၊ အရကောက်၌ ဝိသေသန ကျနေသည်။

အာပု၌ လောဘမူကသာ ရုပ်ကို အလေးအမြတ် အာရုံပြုနိုင်သည်၊ ကုသိုလ်နှင့် အဗျာကတတို့မူ ရုပ်ကို အလေးအမြတ် အာရုံမပြုနိုင်ကြပါ၊ ထို့ကြောင့် ဗျာ+အကုမှာသာ ဓိ,ဥ-တို့ ပါဝင်နိုင်၍ ၈-ပစ္စယသတ္တိ ရသည်၊ ဗျာ+ဗျာ, ဗျာ+ကုတို့မှာမူ ဓိ,ဥ-တို့ မပါဝင်နိုင်သည့်အတွက် ၆-ပစ္စယသတ္တိသာ ရသည်၊ တစ်ပြိုင်နက် "ယထာရဟ တပ်ကောင်းသော"ဟုချည်း ဝိသေသန ထည့်ကောက်ပါ။

ဝတ္ထု၌ ၆-မှာ တစ်ပြိုင်နက် ဖြစ်၍ ၈-မှာ တစ်ပြိုင်နက် ယထာရဟ ဖြစ်သည်၊ ထို့ပြင် အာပုဓိ ၈-မှာ တစ်ပြိုင်နက် ယထာရဟဖြစ်၍ ဝတ္ထာဓိ ၈-မှာ တစ်ပြိုင်နက် ဖြစ်သည်။

## သဟာယေ ပါဠိတော်

| ပဒ | ကဏ္ဍား-ပစ္စည်း | ပဒ | သမ္ပဒါန်-ပစ္စယုပ္ပန် |
|---|---|---|---|
| ကု | ကုသလာ ( ) | ကု | သမ္ပယုတ္တကာနံ ခန္ဓာနံ |
| | ကုသလာ ( ) | ဗျာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ |
| | ကုသလာ ( ) | ကုဗျာ | သမ္ပ-န္ဓာနံ စိတ္တ-နဥ ရူပါနံ |
| အကု | အကုသလာ ( ) | အကု | သမ္ပယုတ္တကာနံ ခန္ဓာနံ |
| | အကုသလာ ( ) | ဗျာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ |
| | အကုသလာ ( ) | အကုဗျာ | သမ္ပ-န္ဓာနံ စိတ္တ-နဥ ရူပါနံ |
| ဗျာ | ဝိပါကာဗျာကတာ ကြိ … တာ( ) | ဗျာ | သမ္ပ-န္ဓာနံ စိတ္တ-နဥ ရူပါနံ |
| | ပဋိသန္ဓိက္ခဏေ ဝိ … တာ( ) | | ။ ကဋတ္တာစ ရူပါနံ |
| | စေတနာ | | ဝတ္ထုသ(ကမ္မအတွက်သာ) |

ပစ္စည်းဘက် ( )ဤအမှတ်ပြ အတွင်း၌ ဟောတုပစ္စည်း ဖြစ်ပါက "ဟောတူ"ဟု ထည့်ဆိုပါ၊ ကြွင်းသော သဟာဇာတာဓိပတိ အစရှိသော သဟာယေပစ္စည်းများ ဖြစ်ပါက "အဓိပတိ, စေတနာ, အာဟာရာ, ဣန္ဒြိယာ, ဈာနင်္ဂါနိ, မဂ္ဂင်္ဂါနိ"ဟု ထိုထိုပစ္စည်းအားလျော်စွာ ထည့်သွင်းဆိုပါ။

အဓိပတိပစ္စည်းကို ပဝတ္တိအခါမှာသာ ရသည်၊ ပဋိသန္ဓေအခါမှာ မရ၊ ထို့ကြောင့် အဓိပတိပစ္စည်း၌ "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာဓိပတိ" အစရှိသည်ဖြင့် မဆိုပါနှင့်၊ ပဝတ္တိမျှကိုသာ ဆိုပါ၊ ဤသဘောမှာ သုဒ္ဓသချာဖြင့်ပင် ထင်ရှားပြီး ဖြစ်ပါသည်။

ကမ္မပစ္စည်း၏, ဗျာ-ပဒ အနုဝါဒ ပါဠိတော်အဆုံးမှာ "စေတနာ ဝတ္ထုသ"ဟု ထည့်ဆိုပါ၊ အခြားပစ္စည်းများ၌ ထည့်ဆိုရန် မလိုပါ၊ ဤဇယားတစ်ခုတည်းဖြင့်ပင် သဟာယေပါဠိကုန်အောင် ဆိုပါ။

* "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ"ဟု ဟောတော်မူက ဝတ္ထုလည်း ကဋတ္တာရုပ် ဖြစ်သောကြောင့် ပြီးကောင်းလျက် "စေတနာ ဝတ္ထုသ"ဟု အဘယ်အကျိုးငှာ ဟောတော်မူပြန် ပါသနည်း ?။

ပဋိသန္ဓေအခါ ဟဒယဝတ္ထုသည် နာမ်တရားတို့အား သဟဇာတ–စသော ပစ္စည်းတပ်ဘိသကဲ့သို့ စေတနာသည်လည်း ဟဒယဝတ္ထုအား ပစ္စည်းတပ်သော အဖြစ်ကို သိစေခြင်းငှာ "စေတနာ ဝတ္ထုသ္မ"ဟု ဟောတော်မူပြန်ပါသည်။

**ဆောင်။** ။ သန္ဓေခဏ, ဟဒယသည်, သဟဇာဒိ, သတ္တိရှိနေ, ဖြစ်ရလေသို့, စေတနာလည်း, ပြန်ကာဝတ္ထု, ကျေးဇူးပြုဟန်, သိစေရန်, ဟောညွှန် စေတနာ။

*ပစ္စယနိဒ္ဒေသဌ္ဌကဲ့သို့ "ဟေတု ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ"ဟု ဟောတော် မမူဘဲ အဘယ့်ကြောင့် "သမ္ပယုတ္တကာနံ ခန္ဓာနံ"ဟု ခန္ဓသဒ္ဒါဖြင့် ဟောတော်မူအပ် လေသနည်း ?။

ပဋိစ္စ အစရှိသော ဆဝါရတို့၌ ခန္ဓာ၏ အစွမ်းအားဖြင့် ပစ္စယုပ္ပန္နဒေသနာကို တင်တော်မူ, ဟောတော်မူ၏၊ ထိုသို့ ပဋိစ္စ အစရှိသော ဆဝါရတို့၌ ဟောတော် မူသော အစဉ်အားဖြင့် ဤပဋ္ဌာဝါရ၌လည်း ဒေသနာကို တင်တော်မူ, ဟောတော်မူ အပ်၏၊ ထို့ကြောင့် "ဓမ္မာနံ"ဟု ဟောတော်မမူဘဲ "ခန္ဓာနံ"ဟု ဟောတော်မူအပ်၏။

**ဆောင်။** ။ ဆဝါရမှာ, တင်တိုင်းသာလျှင်, ခန္ဓာစွမ်းအား, ဟောစဉ်အားဖြင့်, ဟောကြားအပ်ပါ, ပဋ္ဌာမှာ, ခန္ဓာနံ–ဟု ဟော။

*ပဋိစ္စ အစရှိသော ဝါရတို့၌ အဘယ့်ကြောင့် "ခန္ဓာ"အားဖြင့် ဟောတော်မူ အပ်ပါသနည်း ?။

မရောယှက်သောအားဖြင့် ခွဲဝေခြင်းကို ပြအံ့သောငှာ ဟောတော်မူအပ်၏၊ "ဧကံ ဓမ္မံ ပဋိစ္စ သေသာ ဓမ္မာ"အစရှိသည်ဖြင့် ဟောတော်မူသည်ရှိသော် ခွဲဝေခြင်း ဝိသေသ မဖြစ်၊ ရောယှက်သည်၊ "ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ" စသည်ဖြင့် ခန္ဓသဒ္ဒါဖြင့် ဟောတော်မူမှ ခွဲခြားခြင်း ဝိသေသ ဖြစ်သည်–ဟု ဆိုလိုသည်။

**ဆောင်။** ။ ရောယှက်ကင်းပ, ခွဲဝေပြရန်, ခန္ဓသဒ္ဒါ, ထည့်သွင်းကာ, ဆဝါရ၌ဟော။

## သဟကြီး(လတ်) ပါဠိတော်

| ပဒ | ကတ္တား-ပစ္စည်း | ပဒါဝသာန | သမ္ပဒါန်-ပစ္စယုပ္ပန် |
|---|---|---|---|
| ကု | ကုသလော ၁x၃x၂ | ကု | ၃x၁x၂ |
| | ကုသလာ ခန္ဓာ | ဗျာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ |
| | ကုသလော ၁x၃x၂ | ကုဗျာ | ၃x၁x၂ စိတ္တ-နဥ္စ ရူပါနံ |
| ဗျာ | ဝိ+ကြိဗျာကတော ၁x၃x၂ | ဗျာ | ၃x၁x၂ စိတ္တ-နဥ္စ ရူပါနံ |
| | ပဋိ… ဝိပါ…. ၁x၃x၂ | | ၃x၁x၂ ကဋတ္တာစ ရူပါနံ |
| | ခန္ဓာ x ဝတ္ထု | | ဝတ္ထုဿ x ခန္ဓာနံ |
| | ၁x၃x၂ မဟာဘူတာ | | ၃x၁x၂ စိတ္တ-ကဋတ္တာရူပါနံ ဥပါဒါရူပါနံ |
| | ဗာဟိယံ ၁x၃x၂ မဟာဘူတာ | | ၃x၁x၂ ဥပါဒါရူပါနံ |
| | အာဟာရသမုဋ္ဌာနံ ၁x၃x၂ မဟာဘူတာ | | ၃x၁x၂ ဥပါဒါရူပါနံ |
| | ဥတုသမုဋ္ဌာနံ ၁x၃x၂ မဟာဘူတာ | | ၃x၁x၂ ဥပါဒါရူပါနံ |
| | အသညသတ္တာနံ ၁x၃x၂ မဟာဘူတာ | | ၃x၁x၂ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ |
| ကုဗျာ | ကုသလာ ခန္ဓာစ မဟာဘူတာစ | ဗျာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ |

သဟလတ်များ၏ ဝိဘင်္ဂပါဠိနှင့် အရေကောက်တို့သည် သဟကြီးပစ္စည်းထဲ၌ ထိုက်သည်အားလျော်စွာ ပါဝင်နေကြသည်၊ သဟကြီးပစ္စည်း၏ ဝိဘင်္ဂပါဠိနှင့် အရေကောက်တို့ကို လေ့လာပြီးပါက သဟလတ်ပစ္စည်းများ၏ ဝိဘင်္ဂပါဠိနှင့် အရေကောက်တို့ကို လေ့လာမှုကိစ္စလည်း ပြီးသလောက်ပင် ဖြစ်နိုင်ပါသည်၊ ထို့ကြောင့် ဤဝိဘင်္ဂပါဠိတော် အရေကောက်အခန်း၌ သဟကြီးကို ပြပြီးမှ သဟလတ်တို့ကို ဆက်လက်ပြဆိုပါမည်။

သဟာကြီး–လတ်၌ အကုပဒ ၃–ချက်သည် ကုပဒ ၃–ချက်နှင့် ထိုက်သည် အားလျော်စွာ ပါဠိတော် အရကောက် တူသည်၊ အကုသလာဗျာကတပဒသည်လည်း ကုသလာဗျာကတပဒနှင့် တူသည်၊ ထို့ကြောင့် အကုပဒ ၃–ချက်နှင့် အကုဗျာပဒ တို့ကို ဇယားအတွင်း၌ ထည့်သွင်း၍ မပြခဲ့ပါ၊ ကု–နေရာ၌ အကုကို အစားထိုး ထည့်သွင်း၍ ဆိုရုံမျှသာ ဖြစ်ပါသည်။

ရုပ်သက်သက် ပါဠိ ၅–ချက်၌ ပထမအချက်သည် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ၂–မျိုးအတွက် ဖြစ်သည်၊ ပဉ္စမအချက်သည် အသညသတ် ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် ၂–မျိုးအတွက် ဖြစ်သည်၊ ထို့ကြောင့် "ရုပ် ၇–မျိုး အပြည့်အစုံပင် ဟောသည်"ဟု မှတ်ပါ။

အညမညာ၏ ကု+ကုနှင့် အကု+အကု သချ်ာတို့မှာ ထူးခြားမှု မရှိပါ၊ ဇယား အတိုင်းပင် ဟောပါ၊ ဗျာ+ဗျာ ပဝတ္တိ၌ စိတ္တဇရုပ်ကို ပယ်ဖြုတ်၍ ဟောပါ၊ ပဋိသန္ဓေ၌ "ကဋတ္တာစ ရူပါနံ" နေရာတွင် "ဝတ္ထုဉ္စ"ဟု ထည့်သွင်းဆိုပါ၊ ရုပ်သက်သက်၌ ဘုတ်အချင်းချင်းမျှကိုသာ ဟောပါ၊ ဘုတ်ပစ္စည်း ဥပါဒါရုပ် ပစ္စယုပ္ပန်ကို ချန်ထားပါ။

ဝိပါကပစ္စည်း၌ ပဝတ္တိမှာ ဝိပါကာဗျာကတောမျှသာ ရသည်၊ ကြိယာဗျာက တောကို မရ၊ ပဋိသန္ဓေမှာလည်း ခန္ဓာ ဝတ္ထုဉ္စ–မျှသာ ရသည်၊ ဝတ္ထု ခန္ဓာနံကို မရ၊ သမ္ပယုတ္တပစ္စည်း၌ ရုပ်မှန်သမျှကို ပယ်ဖြုတ်လျက် နာမ်ချင်းချင်းမျှသာ ဆိုပါ။

ဝိပ္ပယုတ္တ၌ ဗျာ+ဗျာ ပဝတ္တိ ကတ္တားပါဠိကို "ဝိပါကာဗျာကတာ ကြိယာ ဗျာကတာ ခန္ဓာ"ဟု ဗဟုဝုစ်ကိန်းဖြင့် ထားပါ၊ ပစ္စယုပ္ပန်ဘက်မှ စိတ္တဇရုပ်မျှကိုသာ ဆိုပါ၊ ပဋိသန္ဓေ ကတ္တား–စသည်ကိုလည်း အလားတူပင် မှတ်ယူပါ။

ဤညွှန်ကြားချက်များမှာ ထူးဆန်းလှသည် မဟုတ်ပါ၊ သုဒ္ဓသချ်ာအား လျော်စွာ ညွှန်ကြားရခြင်းမျှသာ ဖြစ်ပါသည်၊ ဆိုင်ရာ သုဒ္ဓသချ်ာများနှင့် တိုက်ဆိုင် ညှိနှိုင်း ကြည့်ရှုလေ့လာပါ။

သုဒ္ဓသချ်ာကို ပဒ, ပဒါဝသာနအလိုက် သရုပ်ခွဲယူပါက ဆိုင်ရာ ကတ္တား သမ္ဗန္ဓါန်အရကောက် ဖြစ်လာရသည်၊ ယင်းအရကောက်မှပင် အနုဝါဒပါဠိတော် ဖြစ်ပေါ်လာရပါသည်၊ ဤမူသဘောကို အမြဲနှလုံးသွင်းပါ။

## ဟေတုပစ္စည်း အရကောက်

| ပဒ | | ကတ္တား-ပစ္စည်း | ဝါရသင်္ချာ | သမ္ပဒါန်-ပစ္စယုပ္ပန် | ဂဏန်း |
|---|---|---|---|---|---|
| ကု | | ကု-၂၁,ဆေ-၃၈,စိတ္တက္ခဏတစ်ခု တစ်ခု၌ရှိသော ဒွိ-၂၊ တိ-၃ | ကု | (ကု-၂၁, စေ-၃၈) သမ္ပယုတ္တက္ခန္ဓာ | ၁၀ |
| | | ပဥ်- ။ | ဖျာ | (ကုပြုအပ်သော)စိတ္တဇရုပ် | ၉ |
| | | ပဥ်- ။ | ကုဖျာ | (ကု၊စေ)သံ-န္ဓာ,စိတ္တဇရုပ် | ၈ |
| အကု | | အကု-၁၂,ဆေ-၂၇,စိတ္တက္ခဏ-၌ ရှိသော လော-၂၊ဒေါ-၂၊မော-၁ | အကု | (အကု-၁၂, မောကြဉ်စေ-၂၇) သမ္ပယုတ္တက္ခန္ဓာ | ၇ |
| | | ပဥ်- ။ | ဖျာ | (အကုပြု) စိတ္တဇရုပ် | ၆ |
| | | ပဥ်- ။ | အကုဖျာ | (အကု၊စေ) သံ-န္ဓာ၊ စိတ္တဇရုပ် | ၅ |
| ဖျာ | ဝဋ္ဋ ၁ | သဟိတ်ဝိ-၂၁,ကြိ-၁၇, စေ-၃၈,ဒွိ-၂၊တိ-၃ | ဖျာ | (သဟိတ် ဝိ,ကြိ,စေ)သံ-န္ဓာအား ၄င်း, သံ-န္ဓာ,စိ-ရုပ်အား၄င်း | ၁၂ |
| | ဝပ္ပ ၁ | သဟိတ်ပဋိ-၁၇,စေ-၃၅ စိတ္တက္ခ-ရှိ ဒွိ-၂၊တိ-၃ | | (သဟိတ်ပဋိ-၁၇,စေ-၃၅)သံ-န္ဓာ အား၄င်း, သံ-န္ဓာ, ကဋတ္တာ-၄င်း | ၁၁ |

**ကု+ကု အရကောက်**

ဝိဓိ၌ "ကုသလော ဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တက္ခန္ဓာအား တပ်သော ကုသိုလ်စိတ်ဇကဝီသ စေတသိက်အဋ္ဌတ္တိံသ စိတ္တက္ခဏတစ်ခု တစ်ခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရား ရ၏။

"ကုသလဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် ဇကဝီသ စေတသိက်အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

"ဟေတုပစ္စယေန"ဟူသော ကရိုဏ်းပါဌ်၏ အရကား တစ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော "ဟေ, ဓိ, သ, ည, နိ, ကံ, မဂ်, အတ်, အဝိဂတ" ဤ ၁၀-ပစ္စယသတ္တိတို့တွင် "ဟေတုသတ္တိ"ဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။ [အကြွင်း သိလွယ်ပြီ။]

## သဟဇာတာဓိပတိ အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | ဒါဝသဘော | သမ္ဗန္ဓါန်-ပစ္စယုပ္ပန် | ဦးဝင် |
|---|---|---|---|---|
| ကု | ဓိရ-၈, ၉, ၄, စေ-၃၈<br>စိတ္တက္ခဏ. . . ၃+၄ တစ်ပါးပါး | ကု | (ဓိတရားကိုယ်ကြဉ်-၈,၉,၄)<br>သမ္ပယုတ္တက္ခန္ဓာ | ၁၁ |
| | ပဉ်- ။ | ဗျာ | (သာဓိကုပြု) သာဓိစိ-ရုပ် | ၁၀ |
| | ပဉ်- ။ | ကုဗျာ | (ဓိကြဉ်-၈,၉,၄) သံ-န္ဓာ<br>သာဓိပတိစိတ္တဇရုပ် | ၉ |
| အကု | ဓိရ-၈, ၂, စေ-၂၆, ၃-ပါး | အကု | (ဓိကြဉ်-၈,၂,စေ-၂၆) သံ- | ၁၀ |
| | ပဉ်- ။ | ဗျာ | (သာဓိအကုပြု) သာဓိစိ | ၉ |
| | ပဉ်- ။ | အကုဗျာ | (ဓိကြဉ် . . . .) သံ-န္ဓာ,ရုပ် | ၈ |
| ဗျာ | ဓိရ-၈, ၉, ၄, စေ-၃၈<br>စိတ္တက္ခဏ. . . .၃+၄ တစ်ပါးပါး | ဗျာ | (ဓိကြဉ်-၈,၉,၄, စေ-၃၈)<br>-န္ဓာအားငင်း,-ရုပ်အားငင်း | ၁၃ |

**မှတ်သားချက်-**

ကုသလပဒ၌ (၈)ဖြင့် မဟာကုသိုလ် ၈-ခုကို ပြပါသည်၊ (၉)ဖြင့် မဟဂ္ဂုတ်ကုသိုလ် ၉-ခုကို ပြပါသည်၊ (၄)ဖြင့် မဂ် ၄-ခုကို ပြပါသည်၊ (၃+၄)ဖြင့် "အဓိပတိတရားကိုယ် ၃-ပါး+၄-ပါးတို့တွင် တစ်ပါးပါး"ဟူသော သဘောကို ပြပါသည်။

အကုသလပဒ၌ (၈)ဖြင့် လောဘမူကို ပြပါသည်၊ (၂)ဖြင့် ဒေါသမူကို ပြပါသည်၊ (၃)ဖြင့် "အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တစ်ပါးပါး"ဟူသော သဘောကို ပြပါသည်။

ဗျာပဒ၌ (၈)ဖြင့် မဟာကြိယာကို ပြပါသည်၊ (၉)ဖြင့် မဟဂ္ဂုတ်ကြိယာကို ပြပါသည်၊ (၄)ဖြင့် ဖိုလ် ၄-ခုကို ပြပါသည်၊ အကြွင်းမှာ သိသာထင်ရှားပါပြီ။

**ကု+ကု အရကောက်**

ဝိမိ၌ ကတ္တား-ကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသော အခါ မဟာကုသိုလ်စိတ် ၈-ခု ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု မဂ် ၄-ခု

စေတသိက် အဋ္ဌတ္တိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ ရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တစ်ပါးပါး ပစ္စည်းတရား ရ၏။

သမ္ပ ····ကား အဓိပတိတရားကိုယ်ကြဉ်သော မဟာကုသိုလ်စိတ် ၈-ခု ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု မဂ် ၄-ခု စေတသိက် အဋ္ဌတ္တိံသ သမ္ပ ယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

## ဝိသေသန ထည့်သွင်းရပုံ

သာဓိပတိဇော ၅၂-ခုတို့တွင် ကာမဇောများသည် အဓိပတိပစ္စည်းကို ရံခါ (အနေကန်)သာ ရကြသည်၊ အပ္ပနာဇောများမှုကား အမြဲကေန်ပင် ရကြသည်၊ ထို့ကြောင့် ကာမဇောများအတွက် "အဓိပတိပစ္စည်းကို ရသောအခါ"ဟု လည်းကောင်း, အပ္ပနာဇောများအတွက် "ကေန်ရသော"ဟု လည်းကောင်း ဝိသေသန ထည့်သွင်းကောက်ရသည်။

**ဆောင်။** ။ အပ္ပနာဇဝန, ကေန်ရနှင့်, ကာမဇောမှာ, ရသောခါ-ဟု, မ-ကာ ဝိသေ, ကောက်ရပေသည် ···· ကေန် နေကန် ဖြစ်သောကြောင့်။

## ကရိုဏ်းကောက်

အဓိပတိတရားကိုယ် ၃-ပါး ၄-ပါး ရှိစေကာမူ တစ်ပါးပါးကသာ အဓိပတိ ပစ္စည်း တပ်ရသည်၊ "မည်သည့်တရား"ဟု အတိအကျ ခွဲခြားသတ်မှတ်၍ မဖြစ်နိုင်၊ သို့ဖြစ်၍ သဘာဂပစ္စည်းရေကို ဖော်ထုတ်ရန်ပင် မလွယ်ကူလှတော့ချေ၊ ထို့ကြောင့် "သဟဇာတာဓိပတိသတ္တိ ရ၏"ဟု သာမည့မျှသာ ကောက်ရမည်၊ ဤသို့ ဆရာများ ယူဆကြ၏။

သို့သော် ဤပဥ္စာဝါရ ကရိုဏ်းပါဌ်အရကို ကောက်ရာ၌ တစ်ပြိုင်နက် ရသည် မျှကိုသာ ကောက်ရသည်မဟုတ်၊ တစ်ပြိုင်နက်ယထာရဟကိုလည်း ကောက်ရ သည်သာ ဖြစ်သောကြောင့် သုဒ္ဓသင်္ချာလာ ပစ္စည်းရေအားလျော်စွာ ကောက်ပါ ကလည်း အသင့်ပင် ဖြစ်တန်ရာပါသည်၊ ထို့ကြောင့် ကရိုဏ်းပါဌ်အရကောက် ပစ္စည်းရေများကို ဇယားအတွင်း၌ ထည့်သွင်းပြဆိုထားပါသည်။

## သဟဇာတကမ္မ အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | | ပဒါဝသာန် | သမ္ဗန်-ပစ္စယုပ္ပန် | [illegible] |
|---|---|---|---|---|---|
| ကု | ကု-၂၁, စေ-၃၈····ဋ္ဌရှိစေ | | ကု | (ကု-၂၁, စေ-၃၇) သံ-န္ဓာ | ၈ |
| | ပဉ်- ။ | | ဗျာ | (ကုပြု) စိတ္တဇရုပ် | ၇ |
| | ပဉ်- ။ | | ကုဗျာ | (ကု၊ စေ) သံ-န္ဓာ, စိ-ရုပ် | ၆ |
| ဗျာ | ပဝတ္တိ | ဝိ၊ကြိ, စေ····ရှိစေတနာ | ဗျာ | (ဝိ၊ကြိ, စေ-၃၇) သံ-န္ဓာအား ၄င်း, စိတ္တဇရုပ်အား၄င်း | ၁၀ |
| | ပဋိ | ပဋိ၊ စေ····ရှိစေတနာ | | (ပဋိ၊ စေ) သံ-န္ဓာအား၄င်း, ကဋတ္တာရုပ်အား၄င်း | ၁၀ |

**အဓိပတိတရားကိုယ်ကို ကြဉ်ရခြင်း**

ပစ္စည်းဘက်၌ ပါဝင်သော အဓိပတိတရားကိုယ် တစ်ပါးပါးသည် ပစ္စယုပ္ပန်ဘက်၌ မပါဝင်နိုင်တော့ချေ၊ ထို့ကြောင့်ပင် ယင်း အဓိပတိတရားကိုယ်ကို ကြဉ်ရသည်။

သို့သော် ဆန္ဒာဓိပတိက ပစ္စည်းဘက်မှာ ပါဝင်နေလျှင် ကြွင်းကျန်သော အဓိပတိတရားများ ပစ္စယုပ္ပန်ဘက်မှာ ပါဝင်ကြရသည်၊ ဝီရိယာဓိပတိက ပစ္စည်းဘက်မှာ ပါဝင်နေပြန်လျှင်လည်း ကြွင်းသော အဓိပတိတရားများ ပစ္စယုပ္ပန်ဘက်မှာ ပါဝင်ကြရသည်၊ ဤသို့-စသည်ဖြင့် အပြန်အလှန် ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်နိုင်ကြသောကြောင့် အဓိပတိတရားကိုယ်ကို ကြဉ်ပါသော်လည်း စိတ်စေတသိက် အရေအတွက် လျော့ကောက်ရန် မလိုတော့ပါ၊ သဘာဝအားဖြင့်မူကား ဆန္ဒာဓိပတိက ပစ္စည်းတပ်လျှင် ပစ္စယုပ္ပန်ဘက်၌ ဆန္ဒစေတသိက် လျော့ရမည်သာတည်း။

ချန်ထားခဲ့သော ပဒ, ပဒါဝသာနများကိုလည်း ရသင့်သည်အလျောက် ကောက်ပါ၊ သုဒ္ဓသချာ ကျေညက်၍ စိတ်ယှဉ် စေတသိက်ယှဉ်ကို နားလည်က ခက်ခဲစရာ မရှိတော့ပါ။

## နာမ်အာဟာရ အရကောက်

| ပဒ | ကတ္တား–ပစ္စည်း | | ဘာဝဂဏ် | သမ္ဗန္ဓ–ပစ္စယုပ္ပန် | ပုစ္ဆာ |
|---|---|---|---|---|---|
| ကု | ကု, စေ····ဖဿ,စေ,ဝိ–၃ | | ကု | (ကု, စေ) သံ ခန္ဓာ | ၁၀ |
| ဗျာ | ဝိပါက် | ဝိ,ကြိ, စေ····၃ | ဗျာ | (ဝိ, ကြိ, စေ) သံ–န္ဓာအားငင်း, စိတ္တဇရုပ်အားငင်း | ၁၂ |
| | ပဋိ | ပဋိ၊ စေ ····၃ | | (ပဋိ၊ စေ) သံ–န္ဓာအားငင်း, ကဋတ္တာရုပ်အားငင်း | ၁၁ |

## သဟဇာတိန္ဒြိယ အရကောက်

| ပဒ | ကတ္တား–ပစ္စည်း | | ဘာဝဂဏ် | သမ္ဗန္ဓ–ပစ္စယုပ္ပန် | ပုစ္ဆာ |
|---|---|---|---|---|---|
| ကု | ကု, စေ ····ရှိတရားကိုယ်–၈ | | ကု | (ကု, စေ) သံ–ခန္ဓာ | ၁၂ |
| အကု | အကု, စေ····ရှိတရားကိုယ်–၅ | | အကု | (အကု, စေ) သံ–န္ဓာ | ၁၁ |
| ဗျာ | ဝိပါက် | ဝိ, ကြိ, စေ ····၈ | ဗျာ | (ဝိ,ကြိ,စေ) သံ–န္ဓာအားငင်း, စိတ္တဇရုပ်အားငင်း | ၁၄ |
| | ပဋိ | ပဋိ, စေ ····၈ | | (ပဋိ,စေ) သံ–န္ဓာအားငင်း, ကဋတ္တာရုပ်အားငင်း | ၁၃ |

## ဈာန အရကောက်

| ပဒ | ကတ္တား–ပစ္စည်း | | ဘာဝဂဏ် | သမ္ဗန္ဓ–ပစ္စယုပ္ပန် | ပုစ္ဆာ |
|---|---|---|---|---|---|
| ကု | ကု,စေ ····ရှိတရားကိုယ်–၅ | | ကု | (ကု,စေ) သမ္ပယုတ္တက္ခန္ဓာ | ၉ |
| ဗျာ | ဝိပါက် | ဝိ–၂၆, ကြိ၊ စေ····၅ | ဗျာ | (*ဝိ,ကြိ,စေ)သံ–န္ဓာအားငင်း, စိတ္တဇရုပ်အားငင်း | ၁၁ |
| | ပဋိ | ပဋိ, စေ ····၅ | | (ပဋိ,စေ) သံ–န္ဓာအားငင်း, ကဋတ္တာရုပ်အားငင်း | ၁၁ |

## မဂ္ဂ အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | ဒုတိယပဒ | သမ္ပဒါန်-ပစ္စယုပ္ပန် | ဝါရ |
|---|---|---|---|---|
| ကု | ကု-၂၁,စေ-၃၈...ကိုယ်-၈ | ကု | (ကု,စေ) သမ္ပယုတ္တက္ခန္ဓာ | ၁၁ |
| အကု | အကု, စေ ....ကိုယ်-၄ | အကု | (အကု,စေ) သမ္ပယုတ္တက္ခန္ဓာ | ၁၀ |
| ဗျာ | သဟိတ်-ဝိ,ကြိ,စေ ....၈ | ဗျာ | (သဟိတ်ဝိ,ကြိ,စေ)-အားငင်း, စိတ္တဇရုပ်အားငင်း | ၁၃ |
| | သဟိတ်-ပဋိ, စေ....၅ | | (သဟိတ်ပဋိ,စေ)-အားငင်း, ကဋတ္တာရုပ်အားငင်း | ၁၂ |

ဒွေးပဉ္စဝိညာဉ် ၁၀-၌ ရှိသော ဝေဒနာ, ဧကဂ္ဂတာတို့သည် ဈာနင်မမည်ကြကုန်၊ ဈာနပစ္စည်း မတပ်ကြကုန်၊ ထို့ကြောင့် ဈာနပစ္စည်း၌ ဒွေးပဉ္စဝိညာဉ် ၁၀-တို့ကို ကြဉ်ကောက်ရသည်။

မဂ္ဂင်တရားကိုယ် ၉-ပါးတို့တွင် ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့သည် အဟိတ်စိတ်၌ ထိုက်သည်အားလျော်စွာ ယှဉ်နိုင်ကြပါ၏၊ သို့ပင် ယှဉ်နိုင်ကြစေကာမူ ယင်း ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့သည် အဟိတ်စိတ်၌ယှဉ်ခိုက် မဂ္ဂင်မမည်ကြကုန်၊ မဂ္ဂပစ္စည်း မတပ်ကြကုန်၊ ထို့ကြောင့် မဂ္ဂပစ္စည်း၌ အဟိတ်စိတ်ကို ကြဉ်ကောက်ရသည်၊ မောဟမူဒွေး၌ရှိသော မောဟကို မကြဉ်ရုံမျှသာ ဟေတုပစ္စည်းနှင့် ထူးသည်။ [ ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ ။ ]

အကုသလပဒ၌ "ဝိတက်, ဝီရိယ, ဧကဂ္ဂတာ, ဒိဋ္ဌိ" ဤမဂ္ဂင်တရားကိုယ် ၄-ပါးမျှသာ ရသည်။ [ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပော မိစ္ဆာဝါယာမော မိစ္ဆာသမာဓိ ။ ]

ပဋိသန္ဓေအခါမှာလည်း ဝိရတိ ၃-ပါး မယှဉ်နိုင်သောကြောင့် တရားကိုယ် ၅-ပါးမျှသာ ရသည်၊ သရုပ်ကို ဖော်ထုတ်၍ ကောက်ပါ၊ ကရိုဏ်းပါဠိ၌ အရကောက်၌လည်း ပဋိသန္ဓေအခါမှာ အဝိပတိကို အမြဲကြဉ်ကောက်ရသည်။

## သဟဇာတကြီး အရကောက်

| ပဒ | ကဏ္ဍ | ကဏ္ဍ | ဝိသဇ္ဇနာ | သမ္ပဒါန်–ပစ္စယုပ္ပန် | ဂဏန်း |
|---|---|---|---|---|---|
| ကု | | ကု,စေ–စိတ်, စိတ်–နွှာ | ကု | (ကု,စေ–စိတ်) အချင်းချင်း | ၆ |
| | | ပဥ် ....စိတ်ပေါင်း–နွှာ | ဗျာ | (ကုပြု) စိတ္တဇရုပ် | ၅ |
| | | ပဥ် ....စိတ်စိတ်–နွှာ | ကုဗျာ | (ကု,စေ–စိတ်) အချင်းချင်း<br>နာမက္ခန္ဓာစိတ္တဇရုပ် | ၄ |
| ဗျာ | ဝိပါက | ဝိ,ကြိ,စေ–စိတ်–နွှာ | ဗျာ | (ဝိ,ကြိ,စေ–စိတ်–နွှာ, စိ–ရုပ်)<br>ချင်း–၄င်း, ချင်း–နွှာ, စိ–၄င်း | ၈ |
| | ကိရိယာ | ဋ္ဌိ,စေ–စိတ်,စိတ်ပေါင်း<br>နာမက္ခန္ဓာ,ဟဒယဝတ္ထု | ဗျာ | (ဋ္ဌိ,စေ–စိတ်, စိတ်ပေါင်း–နွှာ<br>ကဋတ္တာရုပ်) ချင်း၄င်း,... ၄င်း | ၈ |
| | ရူပ | စိတ္တဇမဟာဘုတ်...ပဝတ္တိ<br>ကမ္မဇမဟာဘုတ် | | (ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ,<br>ပဝတ္တိကမ္မဇဥပါဒါရုပ်)<br>ချင်း၄င်း, ဥပါဒါရုပ်အား၄င်း | ၅ |
| ကုဗျာ | | ကု၊စေ–စိတ်ပေါင်း–နွှာ<br>စိတ်ပေါင်း မဟာဘုတ် | ဗျာ | စိတ္တဇရုပ် | ၄ |

**အစိတ်အပေါင်း ခန္ဓာ**

သဟဇာတ ကြီး, လတ်ပစ္စည်းတို့၌ နာမက္ခန္ဓာ ၄–ပါးတို့တွင် ခန္ဓာတစ်ပါးက ၃–ပါးအား ကျေးဇူးပြုသည်၊ ၃–ပါးက တစ်ပါးအား ကျေးဇူးပြုသည်၊ ၂–ပါးက ၂–ပါးအား ကျေးဇူးပြုသည်၊ ဤသို့ နာမက္ခန္ဓာ အချင်းချင်း ကျေးဇူးပြုနေကြသည်ကိုပင် ရည်၍ "အချင်းချင်းအားတပ်သော"ဟု ဆိုရသည်၊ ထို့ပြင် ယင်းခန္ဓာများသည် အစိတ်ခန္ဓာချည်းသာ ဖြစ်ကြသည်၊ ထို့ကြောင့် အစိတ် ၃–မျိုးလုံး ပါဝင်အောင် "အစိတ်အစိတ်နာမက္ခန္ဓာ"ဟု ဆိုရပြန်သည်။

စိတ္တဇရုပ်တို့အားမူကား ခန္ဓာတစ်ပါးကလည်း ကျေးဇူးပြုနိုင်သည်၊ ၂–ပါးကလည်း ကျေးဇူးပြုနိုင်သည်၊ ၃–ပါးကလည်း ကျေးဇူးပြုနိုင်သည်၊ ၄–ပါးကလည်း ကျေးဇူးပြုနိုင်သည်၊ ထို့ပြင် ပဋိသန္ဓေအခါ ဟဒယဝတ္ထု ပစ္စည်းတရားက နာမ်ခန္ဓာ တစ်ပါးအားလည်း ကျေးဇူးပြုနိုင်သည်၊ ၂–ပါးအားလည်း ကျေးဇူးပြုနိုင်သည်၊ ၃–ပါး

အားလည်း ကျေးဇူးပြုနိုင်သည်၊ ၄–ပါးလုံးအားလည်း ကျေးဇူးပြုနိုင်သည်၊ ထိုသို့ ကျေးဇူးပြုသည့်အခါမှာ ၁–ပါး, ၂–ပါး, ၃–ပါးက ပစ္စည်း သို့မဟုတ် ပစ္စယုပ္ပန် ဖြစ်ခိုက် "(အစိတ်)အစိတ် နာမက္ခန္ဓာ" မည်သည်၊ ၄–ပါးလုံးက ပစ္စည်း သို့မဟုတ် ပစ္စယုပ္ပန်ဖြစ်ခိုက် "အပေါင်းနာမက္ခန္ဓာ" မည်သည်၊ ယင်း ၂–ရပ်ကို ပေါင်းစပ်သော အားဖြင့် "အစိတ်+အပေါင်း နာမက္ခန္ဓာ"ဟု ဆိုရသည်။ [ဝါစာ သိလို၍အကျိုးငှာ "အစိတ်"ဟူသော ရှေ့ပုဒ်တစ်ခုကို ချေထားသည်။]

မဟာဘုတ်က မဟာဘုတ်နှင့် ဥပါဒါရုပ်တို့အား ကျေးဇူးပြုရာ၌လည်း ဤသဘောအတိုင်းပင် ဖြစ်ပေသည်၊ ဤအဆိုပြုချက်သည် အောက်ပါ သဘောလက္ခဏာကိုလည်း ဖော်ညွှန်းပြီး ဖြစ်နေပါသည်။

နာမက္ခန္ဓာက အချင်းချင်း နာမက္ခန္ဓာအားသော်လည်းကောင်း, အချင်းချင်း နာမက္ခန္ဓာနှင့် ရုပ်တရားအားသော်လည်းကောင်း ကျေးဇူးပြုရာ၌ အစိတ်အစိတ် နာမက္ခန္ဓာသာ ဖြစ်သည်၊ "ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"စသည်ဖြင့် တွေ့မြင်ရပါမူ သက်ဆိုင်ရာ ဝိဓိပါဠိတော်ကို "အစိတ်အစိတ် နာမက္ခန္ဓာ"ဟု ဆိုကောက်ရမည်။

နာမ်က ရုပ်သက်သက်အား ကျေးဇူးပြုရာ၌ အစိတ်အပေါင်း နာမက္ခန္ဓာ ဖြစ်သည်၊ "ခန္ဓာ"ဟု အနုဝါဒပါဠိဝိဘင်း ထုတ်ရမည်၊ ရုပ်က နာမ်အား ကျေးဇူး ပြုရာ၌လည်း အစိတ်အပေါင်း နာမက္ခန္ဓာပင် ဖြစ်သည်၊"ခန္ဓာနံ"ဟု အနုဝါဒ ပါဠိဝိဘင်း ထုတ်ရမည်၊ အနုဝါဒပါဠိတော်၌ "ခန္ဓာ"ဟုလည်းကောင်း, "ခန္ဓာနံ"ဟု လည်းကောင်း တွေ့မြင်လတ်သော် သက်ဆိုင်ရာ ဝိဓိပါဠိတော်ကို "အစိတ်အပေါင်း နာမက္ခန္ဓာ"ဟု ဝိသေသန ဖြည့်စွက်၍ ကောက်ရမည်။

**ဆောင်။** ။ နာမ်ချင်းချင်းမှာ, အစိတ်သာ, ကြွင်းမှာ စိတ်ပေါင်းမှတ်။

**အရကောက် မှတ်ဖွယ်**

သဟကြီးအရကောက် ဖယား၌ အကုပဒ, အကုဗျာပဒတို့ကို ချန်ထား ခဲ့သည်၊ ကုသလပဒကို နည်းမှီ၍ ကောက်ပါ၊ ကု, စေ–စသည် ရှိရာ၌ အကု, စေ–စသည်ဖြင့် ပြောင်းလဲ၍ ကောက်ရရုံမျှသာ ဖြစ်သည်။

## အညမည အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | | ပဒါဝသာန် | သမ္ပဒါန်-ပစ္စယုပ္ပန် | ပြိုင် |
|---|---|---|---|---|---|
| ဗျာ | ပဝတ္တိ | ဝိ,ကြိ,စေ-စိတ်ခန္ဓာ | ဗျာ | (ဝိ,ကြိ,စေ-စိတ်) အချင်းချင်း | ၇ |
| | ပဝတ် | ၎ို,စေ-စိတ်,စိတ်ပေါင်း-န္ဓာ, ဟဒယဝတ္ထု | | (၎ို,စေ-စိတ်, စိတ်ပေါင်း-န္ဓာ, ဟဒယဝတ္ထု) ချင်း၄င်း, ချင်း-န္ဓာ ဟဒယဝတ္ထုအား၄င်း | ၈ |
| | ပဋိသန္ဓေ | စိ-ဘုတ်, ...ပဝတ္တိ-ဘုတ် | | (စိ-ဘုတ်...ပဝတ္တိ-ဘုတ်) အချင်းချင်း | ၅ |

**သဟကြီးလတ် ကရိဏ်းပါဠိအရနှင့် သဟငယ်ပစ္စည်း**

သဟလတ်ပစ္စည်းများ၌လည်း ဗျာပဒတစ်ခုမျှသာ အနည်းငယ် ထူးသည်၊ အခြားရသင့်သော ပဒများကို သဟကြီး၌ ပြဆိုထားသည့်အတိုင်းပင် ကောက်ပါ၊ သဟကြီးသုဒ္ဓသင်္ချာ၌ တစ်ပြိုင်နက် ရနိုင်သည်ကိုရည်၍ "ပစ္စည်းရေ-၄"ဟု ပြထားခဲ့စေကာမူ ဤဝိဘင်္ဂဝါရ ကရိဏ်းပါဠိ အရကောက်၌မူကား တစ်ပြိုင်နက်, ယထာရဟ ရထိုက်သမျှသော သဟလတ်ပစ္စည်းများကိုပါ ထည့်သွင်းကောက်ယူရိုး ပြုကြပေသည်၊ "တရားကိုယ်များကသာ ခန္ဓာ-စသည်ကို ကျေးဇူးပြုသောအနေဖြင့် ဟောထားသော သဟငယ်များကိုမူ ခန္ဓာက ခန္ဓာ-စသည်ကို ကျေးဇူးပြုသောအနေဖြင့် ဟောထားသော သဟလတ် သဟကြီးများနှင့် မလျော်"ဟု နှလုံးသွင်း၍ ရှေးဆရာများ ထည့်သွင်းကောက်ယူရိုး မပြုကြချေ။

မှန်၏၊ သဟလတ် သဟကြီးပစ္စည်းများမှာ နာမ်ခန္ဓာ ၄-ပါး အပြည့်အဝ ရရှိသည့်အတွက် အနုဝါဒပါဠိတော် ပစ္စည်းတရားများကိုလည်း ခန္ဓသဒ္ဒါဖြင့်ပင် ဟောတော်မူပါသည်၊ သဟငယ်ပစ္စည်းများမှာမူ နာမ်ခန္ဓာ ၄-ပါး အပြည့်အဝ မရဘဲ တရားကိုယ်မျှသာ ရသည့်အတွက် အနုဝါဒပါဠိတော် ပစ္စည်းတရားများကို ခန္ဓသဒ္ဒါဖြင့် ဟောတော်မမူပါ၊ ထို့ကြောင့် လတ်ကြီး ပစ္စည်းရေ (ကရိဏ်းပါဠိ အရကောက်)၌ သဟငယ်များကို မထည့်သွင်းရပါ။

### ဝိပါက အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | | ပဒါဝသာန | သမ္ဗန္ဓ-ပစ္စယုပ္ပန် | ဂိုဏ်း |
|---|---|---|---|---|---|
| ဗျာ | ပဝတ္တိ | ဝိ,စေ-စိတ်-နွာ | ဗျာ | (ဝိ,စေ-စိတ်-နွာ, စိ-ရုပ်) ချင်း၄င်း, စိ-ရုပ်အား၄င်း | ၈ |
| | ပဋိ | ဋ္ဌိ,စေ-စိတ်,စိတ်ပေါင်း နာမက္ခန္ဓာ | | (ဋ္ဌိ,စေ-စိတ်-နွာ,ဋ္ဌတ္တာရုပ်) ချင်း၄င်း, ကဋ္ဌတ္တာရုပ်အား၄င်း | ၈ |

### သမ္ပယုတ္တ အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | | ပဒါဝသာန | သမ္ဗန္ဓ-ပစ္စယုပ္ပန် | ဂိုဏ်း |
|---|---|---|---|---|---|
| ဗျာ | ပဝတ္တိ | ဝိ,ကြိ,စေ-စိတ်-နွာ | ဗျာ | (ဝိ,ကြိ,စေ-စိတ်-နွာ) အချင်း | ၇ |
| | ပဋိ | ဋ္ဌိ,စေ-စိတ်-နွာ | | (ဋ္ဌိ,စေ-စိတ်-နွာ) အချင်းချင်း | ၇ |

### ဝိပ္ပယုတ္တ အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | | ပဒါဝသာန | သမ္ဗန္ဓ-ပစ္စယုပ္ပန် | ဂိုဏ်း |
|---|---|---|---|---|---|
| ဗျာ | ပဝတ္တိ | ပဥ-ဝိ-၂၂, ကြိ-၂၀, စိတ်ပေါင်း-နွာ | ဗျာ | (ဝိ,ကြိ-ပြု) စိတ္တဇရုပ် | ၆ |
| | ပဋိ | ပဥ-ဋ္ဌိ,စေ-စိတ်ပေါင်း ပဥ-ဋ္ဌိ, စေ-စိတ်ပေါင်း -နွာ, ဟဒယဝတ္ထု | | ကဋ္ဌတ္တာရုပ် (ပဥ-ဋ္ဌိ,စေ-စိတ်ပေါင်း-နွာ, ဟဒယဝတ္ထု) အချင်းချင်း | ၇ |

သို့သော် မိဿက သဉ္ဇာဝါရ၌ သဟကြီး သဟငယ်တို့၏ သဘာဂမှာ သဟငယ်များကိုပါ ထည့်သွင်းဟောတော်မူသည်၊ ဃဋနာမှာမူ သဟငယ်များကို ထည့်သွင်း၍ ဟောတော်မမူပါ၊ သဟကြီး သဟလတ် အချင်းချင်းသာ ဟောတော်မူပါသည်။

**ဆောင်။** ။ တရားကိုယ်မျှ, ရရှိကြ၍, ခန္ဓစွမ်းအား, ဟောကြား ကြီး လတ်,
မလျော့မှတ်, ကြဉ်လတ် သဟငယ်။
သဘာဂမှာ, မကြဉ်ပါ, ဟောတာလွန်ဆန်းကြယ်။

## အနန္တရမျိုး ပါဠိတော်

| ပဒ | ကတ္တား-ပစ္စည်း | ဝိဘတ် | သမ္ပဒါန်-ပစ္စယုပ္ပန် |
|---|---|---|---|
| ကု | ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ<br>အနုလောမံ x အနုလောမံ<br>ဂေါတြဘု x ဝေါဒါနံ | ကု | ပစ္ဆိမာနံ ပစ္ဆိမာနံ<br>ကုသလာနံ ခန္ဓာနံ<br>ဂေါတြဘုဿ x ဝေါဒါနဿ<br>မဂ္ဂဿ x မဂ္ဂဿ |
| | ကုသလံ<br>(မဂ္ဂေါ<br>အနုလောမံ<br>နိရောဓာ ဝုဋ္ဌဟန္တဿ<br>နေဝ....ကုသလံ } | ဗျာ | ဝုဋ္ဌာနဿ<br>ဖလဿ)<br>သေက္ခာယ ဖလသမာပတ္တိယာ<br>ဖလသမာပတ္တိယာ |
| အကု | ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ | အကု | ပစ္ဆိမာနံ ပစ္ဆိမာနံ<br>အကုသလာနံ ခန္ဓာနံ |
| | အကုသလံ | ဗျာ | ဝုဋ္ဌာနဿ |
| ဗျာ | ပုရိမာ ပုရိမာ (ဝိပါကာ<br>ဗျာကတာ) ကြိယာ<br>ဗျာကတာ ခန္ဓာ }<br>ဘဝင်္ဂံ<br>ကြိယံ<br>အရဟတော အနုလောမံ<br>နိရောဓာ....နေဝ....ကြိယံ | ဗျာ | ပစ္ဆိမာနံ ပစ္ဆိမာနံ (ဝိပါကာ<br>ဗျာကတာနံ) ကြိယာ<br>ဗျာကတာနံ ခန္ဓာနံ<br>အာဝဇ္ဇနာယ<br>ဝုဋ္ဌာနဿ<br>ဖလသမာပတ္တိယာ<br>ဖလသမာပတ္တိယာ |
| | အာဝဇ္ဇနာ | ကု | ကုသလာနံ ခန္ဓာနံ |
| | အာဝဇ္ဇနာ | အကု | အကုသလာနံ ခန္ဓာနံ |

ပဥ္စဝိညာဉ် တဒါရုံ စုတိ ဘဝင်တို့ကို “ဝုဋ္ဌာန”အမည်ဖြင့် ဟောသည်၊ ဝုဋ္ဌောနှင့် အာဝဇ္ဇန်းကို “အာဝဇ္ဇနာ”ဟု ဣတ္ထိလိင်ဖြင့် ဟောသည်၊ အာသေဝန ဗျာ+ဗျာ-၌ ကြိယာမျှသာ၊ အကြွင်း မထုး၊ ကမ္မ၌ မဂ္ဂေါ ဖလဿ-မျှသာ ရသည်။

## အနန္တရမျိုး အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | ပဒါဝသာန | သမ္ပဒါန်-ပစ္စယုပ္ပန် | ဂဏန်း |
|---|---|---|---|---|
| ကု | အဆုံးဇောကြဉ် ရှေးရှေးသော လောကီကုသိုလ်-၁၇ | ကု | ပ-ဇောကြဉ် နောက်နောက်သော ကုသိုလ်-၂၁ | ၆ |
| | ကီကု-၁၇, အဆုံးဇော, မဂ်-၄ | ဗျာ | ရုံ-၁၁,မဟဂ္ဂုတ်ဝိ-၉, ဖ-၄ | ၆ |
| အကု | အဆုံးဇောကြဉ် ရှေးရှေးသော အကု-၁၂ | အကု | ပ-ဇောကြဉ် နောက်နောက်သော အကုသိုလ်-၁၂ | ၆ |
| | အကု-၁၂ အဆုံးဇော | ဗျာ | တဒါရုံ-၁၁, မဟဂ္ဂုတ်ဝိ-၉ | ၅ |
| ဗျာ | ရဟန္တာ-စုတိကြဉ် ရှေးရှေးသော ဝိပါက်-၃၆, ကြိယာ-၂၀ | ဗျာ | ရဟန္တာ-စုတိနှင့်တကွ နောက် နောက် ဝိ-၃၆, ကြိ-၂၀ | ၆ |
| | ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း | ကု | မဟာကုသိုလ်ပထမဇော | ၅ |
| | ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း | အကု | အကု-၁၂ ပထမဇော | ၅ |
| | | | **အာသေဝနှင့် အနန္တရကမ္မ** | |
| ဗျာ | အဆုံးဇောကြဉ် ရှေးကြိဇော-၁၈ | ဗျာ | ပ-ဇောကြဉ် နောက်နောက်သော ကြိယာဇော-၁၈ | ၆ |
| ကု | မဂ် ၄-ခု စေတနာ | ဗျာ | မဂ္ဂါနန္တရဖိုလ် ၄-ခု | ၆ |

"ပုရိမာ ပုရိမာ"အစရှိသော ပါဠိသည် ဘုံတူ ဘုံပြား ဖြစ်၏၊ အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ-သည် ဘုံတူ အာရုံပြား ဖြစ်၏၊ ဂေါတြဘူ မဂ္ဂဿ, ဝေါဒါနံ မဂ္ဂဿ-သည် အာရုံတူ ဘုံပြား ဖြစ်၏။

*ပုရိမာ ပုရိမာ ကုသလာ အစရှိသော ပါဠိဖြင့်ပင် ကုသိုလ်က ကုသိုလ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသောတရား ကုန်ပြီး ဖြစ်ပါလျက် "အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ"ဟု အဘယ်အကျိုးငှာ ဟောတော်မူပါ သနည်း ?။

အနုလုံ ဂေါတြဘူ ဝေါဒါန်တို့သည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်များ ဖြစ်ကြ၍ ဘုံတူကြသည်၊ ယင်းသို့ပင် ဘုံတူစေကာမူ အနုလုံက တောဘူမက သင်္ခါရကိုသာ အာရုံပြု၍ ဂေါတြဘူ ဝေါဒါန်တို့က နိဗ္ဗာန်ကို အာရုံပြုကြသောကြောင့် အာရုံကွဲပြားကြသည်။

ယင်းသို့ ဘုံတူပါလျက် အာရုံကွဲပြားနေသော တရားမျိုးသည် အနန္တရပစ္စည်း ပစ္စယုပ္ပန် ဖြစ်နိုင်ရာသလော, မဖြစ်နိုင်ရာသလော–ဟူသော ယုံမှားသင်္ကာကို နှစ်စေခြင်းငှာ "အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ"ဟု ဟောတော်မူပါသည်။

**ဆောင်။** ။ ကြောင်းကျိုးနှစ်ဖြာ, ဘုံတူပါလည်း, နာနာရမဏ, ဖြစ်နေကမူ, နန္တရသတ္တိ, ရှိ–မရှိကို, မသိဝိုးဝါး, ယုံမှားသင်္ကာ, နှစ်စိမ့်ငှာ, ဟောပါ နုလောမံ။

ဗျာ+ဗျာ၌ ဝိပါကိက ဝိပါကိအား, ကြိယာက ကြိယာအား ကျေးဇူးပြုသည်ကို "ပုရိမာ ပုရိမာ" အစရှိသော ပါဠ်ဖြင့် ပြ၏၊ ဝိပါက်က ကြိယာအား ကျေးဇူး ပြုသည်ကို "ဘဝင်္ဂံ အာဝဇ္ဇနာယ"ဟူသောပါဠ်ဖြင့် ပြ၏၊ ကြိယာက ဝိပါက်အား ကျေးဇူးပြုသည်ကို "ကြိယံ ဝုဋ္ဌာနဿ"ဟူသောပါဠ်ဖြင့် ပြ၏။

**အနန္တရ ကု+ကု အရကောက်**

ကုသလာ ကုသလဿ၌ ကတ္တား····ကား အဆုံးဇောကြဉ်သော ရှေးရှေး သော လောကီကုသိုလ် သတ္တရသ ပစ္စည်းတရား ရ၏။

သမ္ပဒါန်····ကား ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ်ဇောဝီသ ပစ္စယုပ္ပန်တရား ရ၏။

တစ်နည်းကား= ကတ္တား····ကား မဟာကုသိုလ် ဒုတိယဇောအားတပ်သော ပထမဇော၊····သတ္တမဇောအားတပ်သော ဆဋ္ဌဇော၊ မဟဂ္ဂုတ်ကုသိုလ် သောမနဿ သဟဂုတ် ၄–ခု မဂ်သောမနဿသဟဂုတ် ၁၆–ခုအားတပ်သော ဂေါတြဘူ, ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေး၊ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ သဟဂုတ် ၅–ခု မဂ်ဥပေက္ခာသဟဂုတ် ၄–ခုအားတပ်သော ဂေါတြဘူ, ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် တတိယဒွေး၊ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော

မဟာဂ္ဂုတ်ကုသိုလ်အားတပ်သော ရှေးရှေးသော ဇောတူမဟာဂ္ဂုတ်ကုသိုလ် ပစ္စည်းတရား ရ၏။ [အကျယ်ကောက် ဇယားမှ လိုရာကို ရွေးဆိုရုံမျှသာ ဖြစ်သည်။]

သမ္ပဒါန်····ကား မဟာကုသိုလ် ဒုတိယာဒိဇော မဟာဂ္ဂုတ်ကုသိုလ် ၉–ခု မဂ် ၄–ခု ပစ္စယုပ္ပန်တရား ရ၏။

ကရိုဏ်း····ကား– တစ်ပြိုင်နက် တပ်ကောင်းသော "အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ" ဤ ၆–ပစ္စယသတ္တိတို့တွင် "အနန္တရသတ္တိ" ဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

["နန်, သနန်, ဥ, နတ်, ဝိ" ဤ ၅–ပစ္စည်းတို့သည် ခေါင်းဆောင်ပစ္စည်းများ ဖြစ်ကြသည်၊ တစ်ပြိုင်နက် အမြဲရသည်၊ အာသေနှင့် ကံကိုသာ တစ်ပြိုင်နက်လား, ယထာရဟလား စဉ်းစားစရာ ရှိသည်၊ ဤ၌ အာသေဝန တစ်ပြိုင်နက် ပါဝင်နိုင်သည်၊ အရကောက်၌ "တစ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော"ဟု ရှိနေသည်၊ စဉ်းစားပါ။]

**အာသေ ဗျာ+ဗျာ အရကောက်**

ကတ္တား····ကား– နောက်နောက်သော ကြိယာဇော အဗျာရသအားတပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော အဗျာရသ ပစ္စည်းတရား ရ၏။

သမ္ပဒါန်····ကား– ပထမဇောကြဉ်သော နောက်နောက်သော ကြိယာဇော အဗျာရသ ပစ္စယုပ္ပန်တရား ရ၏။

တစ်နည်းကား= ကတ္တား····ကား ဟသိတုပ္ပာဒ် မဟာကြိယာ ဒုတိယဇောအား တပ်သော ပထမဇော၊····သတ္တမဇောအားတပ်သော ဆဋ္ဌဇော၊ မဟာဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် ၄–ခုအားတပ်သော ဂေါတြဘူကိစ္စတပ်သော မဟာကြိယာ ပထမဒွေး၊ မဟာဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ၅–ခုအားတပ်သော ဂေါတြဘူကိစ္စတပ်သော မဟာကြိယာ တတိယဒွေး၊ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟာဂ္ဂုတ်ကြိယာအားတပ်သော ရှေးရှေးသော ဇောတူမဟာဂ္ဂုတ်ကြိယာ ပစ္စည်းတရား ရ၏။ [အကြွင်း သိလွယ်ပြီ၊ အနန္တရအစသချာ ၅–ချက်၌ တစ်နည်းကား= ကောက်ပါ။]

## ပကတူပနိဿယ ပါဠိတော်

| ပဒ | ပစ္စည်း | ဝါဒ | ပစ္စယုပ္ပန် |
|---|---|---|---|
| ကု | သဒ္ဓံ ဥပနိဿာယ<br>သီလံ၊ သုတံ၊ စာဂံ၊ ပညံ<br>ဥပနိဿာယ<br><br>သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ | ကု | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊<br>ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ<br>ဥပ္ပာဒေတိ၊ ဝိပဿနံ၊ မဂ္ဂံ၊ အဘိညံ<br>သမာပတ္တိံ ဥပ္ပာဒေတိ၊<br>သဒ္ဓါယ သီလဿ<br>သုတဿ စာဂဿ ပညာယ |
| | ပဌမဿ ဈာနဿ ပရိကမ္မံ<br>ဒု xတ xစ xအာ xဝိံ xအာကိံ x<br>နေဝသညာ....နဿ ပရိကမ္မံ<br>ပဌမံ ဈာနံ xဒု xတ xစ xအာ x<br>ဝိညာ xအာကိံ.... ယတနံ | | ပဌမဿ ဈာနဿ<br>ဒု xတ xစ xအာ xဝိံ xအာကိံ x<br>နေဝသညာနာသညာယတနဿ<br>ဒုတိယဿ ဈာနဿ xတ xစ xအာ x<br>ဝိညာ xအာကိံ xနေဝ .. ယတနဿ |
| | ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ x<br>ဒိဗ္ဗာယ xဣ xစေ xပု xယ xအနာ<br>ကမ္မံ ဒိဗ္ဗစက္ခု x ဒိဗ္ဗသောတ-<br>ဓာတု xဣ xစေ xပု xယထာ x | | ဒိဗ္ဗဿ စက္ခုဿ xဒိဗ္ဗာယ<br>သောတဓာတုယာ xဣ xစေ xပု x<br>ယ xအနာဂတံသဉာဏဿ ဒိဗ္ဗာယ<br>သောတဓာတုယာ x-ဣဒ္ဓိ-ဏဿ<br>စေ xပု xယထာ xအနာ-ဉာဏဿ |
| | ပဌမဿ မဂ္ဂဿ ပရိကမ္မံ<br>ဒု xတ xစ-မဂ္ဂဿ ပရိကမ္မံ<br>ပဌမော မဂ္ဂေါ xဒု xတ-ဂ္ဂေါ<br><br>သေက္ခာ မဂ္ဂံ ဥပနိဿာယ {<br><br>မဂ္ဂေါ { | | ပဌမဿ မဂ္ဂဿ<br>ဒု xတ xစ-မဂ္ဂဿ<br>ဒုတိယဿ မဂ္ဂဿ xတ xစ-မဂ္ဂဿ<br>အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပာဒေန္တိ၊<br>ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ<br>အနိစ္စ ....သန္တိ၊<br>သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၊<br>ဓမ္မ၊ နိ၊ ပဋိဘာ၊ ဌာနာဌာန-<br>ကောသလ္လဿ |
| | သဒ္ဓံ ဥပနိဿာယ--ပညံ ဥပ-<br>သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ | အကု | မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊<br>ရာဂဿ၊ ဒေါ၊ မော၊ မာ၊ ဒိဋ္ဌိယာ၊<br>ပတ္ထနာယ |

ကု+ကု၏ အနုဝါဒပါဠိတော်ကို ပစ္စည်းဘက်မှာ သဒ္ဓါဒိက ပဉ္စကဈာန် အဘိညာဉ် မဂ်တို့ကို အစဉ်အတိုင်း ဟောထားသည်၊ ဤသို့-စသည်ဖြင့် ဒေသနာ စဉ်ကို သတိပြု ကြည့်ရှုလေ့လာပါက သက်သာလွယ်ကူပါလိမ့်မည်။

## ပကတူပနိဿယ ပါဠိတော်

| ပဒ | ပစ္စည်း | ပဒါဝ– | ပစ္စယုပ္ပန် |
|---|---|---|---|
| ကု | သဒ္ဓံ ဥပနိဿာယ<br>သီလံ၊ သုတံ၊ စာဂံ၊ ပညံ ဥပ–<br>သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ–<br>ကုသလံ ကမ္မံ<br>အရဟာ မဂ္ဂံ ဥပနိဿာယ<br>မဂ္ဂေါ<br>မဂ္ဂေါ | ဗျာ | အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ၊<br>ကာယိကဿ သုခဿ၊ ကာ–ဒုက္ခဿ ဖလသမာပတ္တိယာ<br>ဝိပါကဿ<br>အနုပ္ပန္နံ ကြိယသမာပတ္တိံ ဥပ္ပာ–ဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ····ဿတိ၊<br>အရဟတော အတ္ထ၊ ဓမ္မ၊ နိ၊ ပဋိဘာနပဋိသမ္ဘိဒါယ ဌာနာဌာန–ကောသလ္လဿ<br>ဖလသမာပတ္တိယာ |
| အကု | ရာဂံ ဥပနိဿာယ၊ ဒေါသံ၊ မောဟံ၊ မာနံ၊ ဒိဋ္ဌိံ၊ ပတ္ထနံ ဥပနိဿာယ<br>ရာဂေါ၊ ဒေါ၊ မော၊ မာ၊ ဒိ၊ ပတ္ထနာ<br>*ပါဏာတိပါတော၊ အ၊ ကာ၊ မု၊ ပိ၊ ဖ၊ သံ၊ အဘိ၊ ဗျာ၊ မိစ္ဆာဒိဋ္ဌိ<br>*မာတုဃာတိကမ္မံ၊ ပိတု၊ အရ၊ လောဟိတုပ္ပာဒ၊ သံဃဘေဒကံ၊ နိယတမိစ္ဆာဒိဋ္ဌိ၊ | အကု | ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ပိသုဏံ၊ဖရုသံ၊သမ္ပံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ၊ အရဟန္တံ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပာဒေတိ၊ သံဃံ ဘိန္ဒတိ၊<br>ရာဂဿ၊ ဒေါ မော မာ ဒိ ပတ္ထနာယ<br>ပါဏာတိပါတဿ၊အ၊ကာ၊ မု၊ပိသုဏာယ ဝါစာယ၊ဖ၊သံ၊အဘိ၊ဗျာ၊မိစ္ဆာ၊<br>မာတုဃာတိကမ္မဿ၊ ပိတု၊အရဟန္တ၊ လောဟိတုပ္ပာဒကမ္မဿ၊သံဃဘေဒ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊ (စက်) |

*ဤအမှတ်ပြထားသော ပါဠိရပ်များကို စက်လှည့်၍ ဟောပါ၊ အစမှပြန်၍ မူလီသွတ်၊ ဗဒ္ဓစက်တည်း။

## ပကတူပနိဿယ ပါဠိတော်

| ပဒ | ပစ္စည်း | ဝါရ | ပစ္စယုပ္ပန် |
|---|---|---|---|
| အကု | ရာဂံ ဥပနိဿာယ ဒေါသံ၊ မောဟံ၊ မာနံ၊ ဒိဋ္ဌိံ၊ ပတ္ထနံ<br>ရာဂေါ၊ ဒေါ၊ မော၊ မာ၊ ဒိ၊ နာ<br>ပါဏံ ဟန္တွာ တဿ၊ အဒိန္နံ အာဒိယိတွာ၊ . . နိဂမဃာတံ-<br>မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ၊ . . . . သံဃံ ဘိန္ဒိတွာ တဿ- | ကု | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ . . . . သမာပတ္တိံ ဥပ္ပာဒေတိ၊<br>သဒ္ဓါယ၊ သီလဿ၊<br>သုတဿ၊ စာဂဿ၊ ပညာယ<br>ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ . . သမာပတ္တိံ ဥပ္ပာဒေတိ၊<br>ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ |
| | ရာဂံ ဥပနိဿာယ၊ . . . ၊ ပတ္ထနံ<br>ရာဂေါ၊ . . . ၊ ပတ္ထနာ<br>အကုသလံ ကမ္မံ | ဗျာ | အတ္တာနံ အာတာ-ပစ္စနုဘောတိ၊ ကာယိကဿ -ဖလသမာပတ္တိယာ၊ ဝိပါကဿ |
| ဗျာ | ကာယိကံ သုခံ၊ ဒုက္ခံ၊ ဥတုံ၊ ဘောဇနံ၊ သေနာသနံ<br>ကာ-သုခံ၊ . . . . ၊သေနာသနံ ဖလသမာပတ္တိ<br>အရဟာ ကာ-သုခံ ဥပနိဿာယ ကာ-ဒုက္ခံ . . . .သေနာသနံ | ဗျာ<br>- | ကာယိကဿ သုခဿ၊-ကာယိကဿဒုက္ခဿ-ဖလသမာပတ္တိယာ ကာယိကဿ-ဖလသမာပတ္တိယာ ကာယိကဿ သုခဿ<br>အနုပ္ပန္နံ ကြိယသမာပတ္တိံ . . . . သခင်္ခါရေ အနိစ္စတော . . . . ဝိပဿတိ၊ |
| | ကာယိကံ သုခံ ဥပနိဿာယ ကာ-ဒုက္ခံ . . . .သေနာသနံ<br>ကာ-သုခံ၊ . . . .၊သေနာသနံ | ကု | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ . . . . သမာပတ္တိံ ဥပ္ပာဒေတိ၊<br>သဒ္ဓါယ၊ . . . . ၊ပညာယ |
| | ကာယိကံ သုခံ ဥပနိဿာယ ကာ-ဒုက္ခံ၊ . . . . ၊သေနာသနံ<br>ကာ-သုခံ၊ . . . . ၊သေနာသနံ | အကု | ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊-၊သံဃံ ဘိန္ဒတိ၊<br>ရာဂဿ၊ . . . . ၊ပတ္ထနာယ |

အကု+ကု၌ ပဋ္ဌာနဋ္ဌကထာ ရှိယကံကို ပြုမိခဲ့လျှင် ဈာန်-စသည်တို့ကို မရနိုင်တော့သည့်အတွက် ဥပေါသထကမ္မံ ကရောတိ-တိုင်ရုံမျှသာ ဟောတော်မူသည်၊ ဈာန် ဥပ္ပာဒေတိ-စသည်ကို မဟောတော့ပါ။

## ပကတူပနိဿယ အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | ပဒါဝသိဋ် | သမ္ပဒါန်-ပစ္စယုပ္ပန် | ဦးရေ |
|---|---|---|---|---|
| ကု | ဗလဝ-အမကြဉ် ကု-၂၀,စေ | ကု | ကု-၂၁, စေ-၃၈ | ၁ |
| | ။ ကိကု-၁၇, စေ-၃၈ | အကု | အကု-၁၂, စေ-၂၇ | ၁ |
| | ။ ကု-၂၁, စေ-၃၈ | ဗျာ | ဝိ-၃၆, ကြိ-၂၀, စေ-၃၈ | ၆ |
| အကု | ။ အကု-၁၂, စေ-၂၇ | အကု | အကု-၁၂, စေ-၂၇ | ၁ |
| | ။ အကု-၁၂, စေ-၂၇ | ကု | ကု-၂၁, စေ-၃၈ | ၁ |
| | ။ အကု-၁၂, စေ-၂၇ | ဗျာ | ဝိ-၃၆, ကြိ-၂၀, စေ-၃၈ | ၂ |
| ဗျာ | ။ ဝိ, ကြိ, စေ, ရုပ်-၂၈ | ဗျာ | ဝိ-၃၆, ကြိ-၂၀, စေ-၃၈ | ၁ |
| | ။ အဖကြဉ်ဝိ, ကြိ, စေ, ရုပ် | ကု | ကု-၂၁, စေ-၃၈ | ၁ |
| | ။ ကိဝိ-၃၂, ကြိ, စေ, ရုပ် | အကု | အကု-၁၂, စေ-၂၇ | ၁ |

## ဗလဝနာနာကမ္မအရကောက်

| | | | | |
|---|---|---|---|---|
| ကု | ။ ကု-၂၁ ရှိ စေတနာ | ဗျာ | ကုသလဝိပါက်-၃၉ | ၆ |
| အကု | ။ အကု-၁၂ ရှိ စေတနာ | ဗျာ | အကုသလဝိပါက်-၇ | ၂ |

ဗလဝ နာနာက္ခဏိက ကမ္မအတွက် ကု+ဗျာ၌ ကုသလ် ကမ္မံ ဝိပါကဿကို ထုတ်ပါ၊ အကု+ဗျာ၌ အကုသလ် ကမ္မံ ဝိပါကဿကို ထုတ်ပါ၊ ထို့ပြင် ကု+ဗျာ ပဒလာ မဂ္ဂေါ ဖလသမာပတ္တိယာ၌ အနန္တရကမ္မလည်း ရောနှောပါဝင်နိုင်သည်၊ ထိုသို့ အနန္တရကမ္မ ရောနှောပါဝင်လာသောကြောင့် ကု+ဗျာ၏ ကရိုဏ်းပါဌ်အရ ၆-ပစ္စယသတ္တိကို ကောက်ရသည်၊ အကု+ဗျာ၏ ကရိုဏ်းပါဌ် အရကိုမူ ဗလဝ နာနာက္ခဏိကကမ္မမျှသာ ပါဝင်နိုင်သည့်အတွက် ၂-ပစ္စယသတ္တိမျှကိုသာ ကောက်ရသည်၊ ကြွင်းသော သချာတို့မှာမူ ပကတူပသတ္တိမျှသာ ရသည်၊ "ပကတူပနိဿယ သတ္တိ ရ၏"ဟု ကောက်ပါ။

ကုသိုလ် ပစ္စယုပ္ပန်ဖြစ်က ပစ္စည်းဘက်မှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကြဉ်ကောက်ရမည်၊ အကုသိုလ် ပစ္စယုပ္ပန်ဖြစ်က ပစ္စည်းတရားမှာ လောကီမျှသာ၊

အဇ္ဈာကတ ပစ္စယုပ္ပန်ဖြစ်က ပစ္စည်းဘက်မှာ တစ်စုံတစ်ရာ ကြံဖွယ် မလိုပါ၊ ဤသဘောကို မှတ်မိက ပကတူပ အရကောက်အတွက် ကိစ္စပြီးတော့သည်။

လ–သည် အမိုက်မှောင်ကို ဖျက်ဆီးသကဲ့သို့ သဒ္ဓါ, ပဏီတ, ဥတ္တမဖြစ်သော လောကုတ္တရာတရားသည် အကုသိုလ်ကို ဖျက်ဆီးသည်၊ အကုသိုလ်ကို မဖြစ်စေနိုင်၊ အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးမပြုနိုင်၊ ထို့ကြောင့် "ကုသလော အကုသလဿ"စသည်၌ လောကီကုသိုလ် သတ္တရသကိုသာ ကောက်ရသည်၊ လောကုတ္တရာကုသိုလ်ကို မကောက်ရပါ။

**ဆောင်။** ။ ပဏီတ–ဥတ္တမ လောကုတ္တရာ၊
အကုသိုလ်–မပွားစီးအောင်, ဖျက်ဆီးတတ်ပါ။
ပစ္စယု–အကုတဲ့ ဓမ္မာ, မပြုပါ ပကတ၊
သဘောညီ–လောကီစုကို, မှတ်ပြု ကောက်ရ။

ကံ, ကိလေသာတို့သည် ဗလဝဖြစ်သော်လည်းကောင်း, ဒုဗ္ဗလဖြစ်သော်လည်း ကောင်း အားရှိသောအကြောင်း ဖြစ်နိုင်ကြသည်သာ၊ ထို့ကြောင့် ဗလဝတရား ကလည်း ဒုဗ္ဗလတရားအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်၊ ဒုဗ္ဗလ–တရားကလည်း ဗလဝ–တရားအား ဥပနိဿယ–သတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။

**ဆောင်။** ။ ဖြစ်သမျှ–ကမ္မနှင့် ကိလေသာ၊
ဗလဝါ–ဒုဗ္ဗလငယ်, ဖြစ်ကြစေကာ။
ဗလဝ–ကာရဏာ, ဖြစ်နိုင်တာ မှန်ဘိ၊
ဗလဝါ–ဒုဗ္ဗလငယ်တို့, ပြန်လှန်ကာ ကျေးဇူးပြုကြတယ်, ဥပသတ္တိ။

ဗလဝ နာနာကမ္မပစ္စည်း၌ တစ်နည်းကား အကျယ်ကောက်လိုပါလျှင် ပြဆို ထားခဲ့သော အကျယ်ကောက်ဇယားလာ ရုပ်ပစ္စယုပ္ပန်များကို ချန်လှပ်၍ အဟိတ် ကုသလဝိပါက် ၈–ခု နာမက္ခန္ဓာအားတပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ–စသည်ဖြင့် နာမ်မျှကိုသာ ရွေးချယ်ထုတ်နုတ်၍ ကောက်ပါ။

## ဝတ္ထုပုရေဇာတမျိုး ပါဠိတော်

| ပဒ | ကတ္တား-ပစ္စည်း | ပဒါဝသာန် | သမ္ပဒါန်-ပစ္စယုပ္ပန် |
|---|---|---|---|
| ဇာ | စက္ခာယတန်-x .... x<br>ကာယာယတန်<br>ဝတ္ထု | ဇာ | စက္ခုဝိညာဏသ x ....x<br>ကာယဝိညာဏသ<br>ဝိ-ကြိယာဇာကတာန် ခန္ဓာန် |
| | ဝတ္ထု | ကု | ကုသလာန် ခန္ဓာန် |
| | ဝတ္ထု | အကု | အကုသလာန် ခန္ဓာန် |

*ဥပနိဿယပစ္စည်း၏ အပြားကို ရေတွက်ပြပါ ?။

ကုသလော ကုသလဿ ၃-ပါး [အာ၊ နန်၊ ပကတူ။]
ကုသလော အကုသလဿ ၂-ပါး
ကုသလော အဗျာကတဿ ၃-ပါး
အကုသလော အကုသလဿ ၃-ပါး
အကုသလော ကုသလဿ ၁-ပါး
အကုသလော အဗျာကတဿ ၂-ပါး
အဗျာကတော အဗျာကတဿ ၃-ပါး
အဗျာကတော ကုသလဿ ၃-ပါး
အဗျာကတော အကုသလဿ ၃-ပါး

ဤသည်တို့ကား ဥပနိဿယပစ္စည်းအပြား ၂၃-ပါးတို့ပေတည်း။

အခြားမျိုးကွဲရှိသော ပစ္စည်းများကိုလည်း ဤနည်းအားလျော်စွာ ရေတွက်ကြည့်ပါ၊ တေဝီသတိဝိဓေန ဥပနိဿယော ဘာဇိတော။ [၄-၄၄၉။]

သုခ, ဒုက္ခ, ဥတု, ဘောဇန, သေနာသနအရ နိဗ္ဗာန်မှတစ်ပါးသော အလုံးစုံသော စတုဘူမက အဗျာကတတရားကို ယူရမည်။ [ပညတ်-ပရမတ် ခွဲရန် အခြေခံဖြစ်သည်။]

ဝတ္ထုပုရေဇာတ်နှြယ်ဖြစ်က "စက္ခုန္ဒြိယံ စက္ခုဝိညာဏဿ"စသည်ဖြင့် သုဒ္ဓသချာအားလျော်စွာ ဆိုပါ။

## ဝတ္ထုပုရေဇာတမျိုး အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | ပဒါဝသာန် | သမ္ပဒါန်-ပစ္စယုပ္ပန် | ပစ္စည်း |
|---|---|---|---|---|
| ဗျာ | မဇ္ဈိမာယုက စက္ခုဝတ္ထု x · · x<br>မဇ္ဈိမာယုက ကာယဝတ္ထု | ဗျာ | စက္ခုဝိညာဉ်ဒွေး x · · · · x<br>ကာယဝိညာဉ်ဒွေး | ၇ |
| | စုတိမှ · · · · စက္ခုဝတ္ထု x · · · · x<br>စုတိမှ · · · · ကာယဝတ္ထု | | သန္ဓေအခါ စက္ခုဝိညာဉ်ဒွေး x · · x<br>သန္ဓေအခါ ကာယဝိညာဉ်ဒွေး | |
| | ပဋိအစရှိသော ရှေးရှေးသော<br>စိတ်နှင့် အတူဥ-ဟဒယဝတ္ထု | | ပဉ်-အရူပ ဒွေးကြဉ်ပ-ဘဝင်<br>အစရှိသော နောက်ဝိ-၂၂, ကြိ | |
| | ရှေ့စိတ္တက္ခဏတစ်ချက်ခန့်<br>ကာလဉ်ဖြစ်- ဟဒယဝတ္ထု | | နိရောဓသမာပတ်မှထသောအခါ<br>အနာဂါမိဖိုလ်, အရဟတ္တဖိုလ် | |
| | စုတိမှ · · · · ၁၇-ချက်မြောက်<br>စိတ်နှင့် · · · · ဟဒယဝတ္ထု | | သန္ဓေအခါ ပဉ်ဘဝင်-၁၅, ဒွန်း-၂,<br>သန်-၂,တီ-၃,ဂု,သန်ကြိဇ-၅,ရုံ, စု | |
| | ဝု, မ-ဒွန်း · · · · ဟဒယဝတ္ထု | ကု | ပဉ်-နောက်နောက်သောကု-၂၁ | ၆ |
| | စုတိမှ · · · · ဟဒယဝတ္ထု | | မရဏာသန္နကုဇော-၅ | |
| | ဝု, မ-ဒွန်း · · · · ဟဒယဝတ္ထု | အကု | ပဉ်-နောက်နောက်သောအကု-၁၂ | ၈ |
| | စုတိမှ · · · · ဟဒယဝတ္ထု | | မရဏာသန္နအကုဇော-၅ | |

### ကတ္တား-သမ္ပဒါန်

ကတ္တားပါဠိ အရကောက်များကို ဇယားမှာ ပြထားသည့်အတိုင်း စက္ခုဝိညာဉ်ဒွေးအားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု-စသည်ဖြင့် ကောက်ပါ။

သမ္ပဒါန်ပါဠိ၏ အရကိုမူ တရားအားလုံးကို စုပေါင်းလျက် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော *ပဌမဘဝင် အစရှိသော နောက်နောက်သော ဝိပါက်စိတ် ဗာတ္တိံသ ကြိယာစိတ် ဝီသ ရ၏။ [ဗျာ]

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်စိတ် ဧကဝီသ ပစ္စယုပ္ပန်တရား ရ၏။ [ကု]

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ် ဒွါဒသ ပစ္စယုပ္ပန်တရား ရ၏။ [အကု]

ဤသို့ ပဒါဝသာနအားလျော်စွာ ကောက်ပါ။

## ပစ္ဆာဇာတမျိုး ပါဠိတော်

| ပဒ | ကုသလ-ပစ္စည်း | ပါဠိသင်္ချာ | သမ္ပဒါန်-ပစ္စယုပ္ပန် |
|---|---|---|---|
| ကု | ပစ္ဆာဇာတာ ကုသလာ ခန္ဓာ | ဗျာ | ပုရေဇာတဿ ဣမဿ ကာယဿ |
| အကု | ။ အကုသလာ ခန္ဓာ | ဗျာ | ။ |
| ဗျာ | ။ ဝိ-ကြိယာကတာ ခန္ဓာ | ဗျာ | ။ |

**ပထမဘဝင် အစရှိသော–**

ရှေ့(၃၆)၌ ဆိုခဲ့ပြီးသည်အားလျော်စွာ ဟဒယဝတ္ထုသည် ပဋိသန္ဓေစိတ်အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးမပြုဘဲ သဟဇာတ, နိဿယသတ္တိဖြင့်သာ ကျေးဇူးပြုသောကြောင့် "ပထမဘဝင် အစရှိသော နောက်နောက်သော ဝိပါက်စိတ်ဇာတ္တိ'သ" ဟု ပဋိသန္ဓေကို ကြဉ်ကောက်ရသည်။

**ကရိဏ်း:–**

ပဒါဝသာနတိုင်းမှာ မရဏာသန္နအခါ ဝတ္ထုပုရေဇာတ ရက ဝတ္ထာရမဏလည်း ရနိုင်သည်၊ သို့သော် အကုန်လုံး ရနိုင်သည်ကား မဟုတ်ပါ၊ ဆိုင်ရာ ပစ္စယုပ္ပန်အား လျော်စွာသာ ရနိုင်ပါသည်၊ သို့ဖြစ်၍ ဤဝတ္ထုပုရေဇာတ–မျိုး၌ အာရမဏ–မျိုးမှ ရသင့်သော ပစ္စယသတ္တိများကိုလည်း ကရိဏ်းပါဠ်အရ ထည့်သွင်းကောက်ယူရိုး ပြုကြသည်။

ဝတ္ထုပုရေဇာတ ဗျာ+ဗျာ၌ မရဏာသန္နအခါ ပဝတ္တိကို ရသင့်သောကြောင့် ဝတ္ထုမျိုး ၆–ပစ္စည်းအပြင် အာရမဏ ပါဝင်လာ၍ ၇–ပစ္စယသတ္တိ ဖြစ်လာရသည်၊ ဝတ္ထုပုရေဇာတိန္ဒြိယ၌မူ ဝတ္ထုမျိုးသက်သက် ၆–ပစ္စယသတ္တိမျှသာ ဖြစ်သည်၊ ဗျာ+ကု၌ ဝတ္ထုမျိုးမှ ဣန္ဒြိယ မပါဝင်နိုင်စေကာမူ အာရမဏ ပါဝင်လာသောကြောင့် ၆–ပစ္စယသတ္တိ ဖြစ်ရသည်၊ ဗျာ+အကု၌လည်း ဣန္ဒြိယကို မရပါ၊ သို့သော် အာရမဏအပြင် ဝတ္ထာဓိ ပါဝင်လာ၍ ၈–ပစ္စယသတ္တိ ဖြစ်ရသည်၊ ပုတိ'၌ ကုသလ သမ္ပဒါန်–အရကို သုဒ္ဓသင်္ချာအားလျော်စွာ ဇယားထဲမှ ရွေးချယ်ထုတ်နုတ်၍ ကောက်ယူပါ။

## ပစ္စာဇာတမျိုး အရကောက်

| ပဒ | ကဏ္ဍား-ပစ္စည်း | ဒွါ-ဝိ | သမ္ဘဒါန်-ပစ္စယုပ္ပန် | ကြိမ် |
|---|---|---|---|---|
| ကု | ပဋ္ဌ . . . . နောက်ဖြစ်သော ကု-၂၁, စေ-၃၈ | ဗျာ | ၀ု,မ-ဇ္ဇန်းအစရှိသော ရှေးရှေးသော . . . .သော တိဇ, စတုဇ | ၄ |
| အကု | ပဋ္ဌ . . . .အကု-၁၂, စေ-၂၇ | ဗျာ | ။ | ၄ |
| ဗျာ | ပဋ္ဌ· · · ·အရူပိကြဉ် ပဘင်အစရှိသော . . . ဝိ-၃၆,ကြိ-၂၀,စေ | ဗျာ | ပဋိအစရှိ· · · ·ကေဇကာယ ဒွိဇ, တိဇ, စတုဇကာယ | ၄ |

## ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ပါဠိတော်

| ပဒ | ကဏ္ဍား-ပစ္စည်း | ဒွါ-ဝိ | သမ္ဘဒါန်-ပစ္စယုပ္ပန် |
|---|---|---|---|
| ကု | ကုသလာ စေတနာ | ဗျာ | ဝိပါကာန် ခန္ဓာန် ကဋတ္တာစရူပါန် |
| အကု | အကုသလာ စေတနာ | ဗျာ | ။ |

## ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ အရကောက်

| ပဒ | ကဏ္ဍား-ပစ္စည်း | ဒွါ-ဝိ | သမ္ဘဒါန်-ပစ္စယုပ္ပန် | ကြိမ် |
|---|---|---|---|---|
| ကု | ကာမကုသိုလ်စေတနာ-ဟုဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိကကမ္မ ပဉ်-ကုစေ-ဗ,ဒုဗ္ဗ | ဗျာ | ကာမကုသလဝိပါက်-၁၆ ကဋတ္တာရုပ် | ၁ |
| အကု | အကု-၁၂,စေ-ဒုဗ္ဗ ။ ပဉ်- ။ ဗ, ဒုဗ္ဗ | ဗျာ | အကုသလဝိပါက်-၇ ကဋတ္တာရုပ် | ၁ |

တစ်နည်းကား= "ကုသလော ဓမ္မော"ဟူသော ကဏ္ဍားပုဒ်၏ အရကား အဟိတ်ကုသလဝိပါက် ၈-ခု မဟာဝိပါက် ၈-ခု နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်အားတပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ -စသည်ဖြင့် ဇယား(၃၉)ကို ကြည့်ကောက်ပါ။

## ရူပအာဟာရမျိုး ပါဠိတော်နှင့် အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | ပါဠိတော် | သမ္ပဒါန်-ပစ္စယုပ္ပန် | ဖိုင်း |
|---|---|---|---|---|
| ဗျာ | ကဗဠီကာရော အာဟာရော | ဗျာ | ဣမဿ ကာယဿ | |
| ဗျာ | စတုသမုဋ္ဌာနိကသြဇာ | ဗျာ | ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် | ၃ |

## ရူပဇီဝိတိန္ဒြိယမျိုး ပါဠိတော်နှင့် အရကောက်

| ပဒ | ကတ္တား-ပစ္စည်း | ပါဠိတော် | သမ္ပဒါန်-ပစ္စယုပ္ပန် | ဖိုင်း |
|---|---|---|---|---|
| ဗျာ | ရူပဇီဝိတိန္ဒြိယံ | ဗျာ | ကဋတ္တာရူပါနံ | |
| ဗျာ | ရုပ်ဇီဝိတိန္ဒြေ | ဗျာ | ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉-ခု | ၃ |

ဤကမ္မသည် မျိုးကမ္မဖြစ်၏၊ မည်သည့်ပစ္စည်းနှင့်မျှ မပြိုင်နိုင်၊ တစ်ပစ္စည်းသာ ရ၏၊ ကာမနာမ်အားတပ်လျှင် ဒုဗ္ဗလသာတည်း၊ ဗလဝကို ဗလဝနာနာက္ခဏိကကမ္မ ပစ္စည်းက ယူခဲ့ပြီးဖြစ်သည်၊ ရုပ်အားတပ်လျှင် ကာမစေတနာဖြစ်က ဗလဝ, ဒုဗ္ဗလ ၂-မျိုး ဖြစ်သင့်သည်၊ ရူပစေတနာဖြစ်က ဗလဝတစ်မျိုးသာ ဖြစ်သင့်သည်။

ရုပ်အာဟာရ၌ ကဗဠီကာရ အာဟာရသည် အာဟာရဇရုပ်အား ဇနကသတ္တိ, ကြွင်းသော တိဇရုပ်အား ဥပတ္ထမ္ဘကသတ္တိ တပ်သည်။

**ဆောင်။** ။ ကဗဠီကာရ, ဟာရဇအား, ဇနသတ္တိ၊ တိဇကာယာ, ထမ္ဘကာ, စိတ်ဖြာခွဲယူကြ။

## သဟာပုရေဇာတ ပါဠိတော်

| ပဒ | ပစ္စည်း | ဒွါရ | ပစ္စယုပ္ပန် |
|---|---|---|---|
| ကုဇာ | ကုသလော ၁-စ ဝတ္ထုစ×၃-စ ဝတ္ထုစ×၂-စ ဝတ္ထုစ | ကု | ၃×၁×၂ |
| အကုဇာ | အကုသလော ၁-စ ဝတ္ထုစ×၃-စ ဝတ္ထုစ×၂-စ ဝတ္ထုစ | အကု | ၃×၁×၂ |

ကြာရိုး၌ရှိသော ရေသည် ကြာကို စောင့်သကဲ့သို့ ရုပ်ဇီဝိတိန္ဒြေသည် မိမိနှင့် ကလာပ်တူ ကမ္မဇရုပ်တို့ကို စောင့်ခြင်း, အစိုးရခြင်းလက္ခဏာ ပါလနသတ္တိ ရှိသည်။

ကုသလာဗျာကတော ကုသလဿ၌ ···· ကတ္တား-ကား အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ, ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။

သမ္ပဒါန်-ကား ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ကရိယာ်-ကား ပစ္စည်းရေအားလျော်စွာ ၃-ပစ္စယသတ္တိပင် ရသည်၊ ကောက်ပါ။

အကုသလာဗျာကတော အကုသလဿ၌····ကတ္တား-ကား အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ, ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော····ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။

သမ္ပဒါန်-ကား အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတမျိုး ဝတ္ထုပုရေဇာတမျိုးတို့ကို ရနိုင်သော နိဿယ, အတ္ထိ, အဝိဂတ ပစ္စည်းများ၌ ဟောသည်၊ သဟမျိုးကို "ခေါ ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"စသည်ဖြင့် ဟောသည်၊ ဝတ္ထုပုရေဇာတမျိုးကို "ဝတ္ထု ကုသလာနံ ခန္ဓာနံ"စသည်ဖြင့် ဟောသည်၊

## ပစ္ဆာဟာရမိဿက ပါဠိတော်

| ပဒ | ပစ္စည်း | ဝါရ | ပစ္စယုပ္ပန် |
|---|---|---|---|
| ကုဈာ | ပစ္ဆာဇာတာ ကုသလာခန္ဓာစ ကဗဠီကာရော အာဟာရောစ | ဈာ | ဣမဿ ကာယဿ |
| အကုဈာ | ပစ္ဆာဇာတာ အကုသလာခန္ဓာစ ကဗဠီကာရော အာဟာရောစ | ဈာ | ဣမဿ ကာယဿ |

## ပစ္ဆာဟာရမိဿက အရကောက်

| ပဒ | ကဏ္ဍား-ပစ္စည်း | ဝါရ | သမ္ဗဒါန်-ပစ္စယုပ္ပန် | ကြိမ် |
|---|---|---|---|---|
| ကုဈာ | ပဋ္ဌ....ကု-၂၁, စေ-၃၈,-ခန္ဓာ ၄, မ-ဇွန်း,....သော သြဇာ | ဈာ | ၄, မ-ဇွန်း....သော တိဇ, စတုဇကာယ | ၂ |
| အကုဈာ | ပဋ္ဌ....အကု-၁၂, စေ-၂၇-ခန္ဓာ ၄, မ-ဇွန်း....သော သြဇာ | ဈာ | ။ | ၂ |

## ပစ္ဆာဇာတိန္ဒြိယမိဿက ပါဠိတော်

| ပဒ | ကဏ္ဍား-ပစ္စည်း | ဝါရ | သမ္ဗဒါန်-ပစ္စယုပ္ပန် |
|---|---|---|---|
| ကုဈာ | ပစ္ဆာဇာတာ ကုသလာ ခန္ဓာစ ရူပဇီဝိတိန္ဒြိယဉ္စ | ဈာ | ကဋတ္တာရူပါနံ |
| အကုဈာ | ပစ္ဆာဇာတာ အကုသလာ ခန္ဓာစ ရူပဇီဝိတိန္ဒြိယဉ္စ | ဈာ | ကဋတ္တာရူပါနံ |

၂-မျိုးကို ရောနှောသည့်အခါမှာ “ဧကော ခန္ဓောစ ဝတ္ထုစ တိဏ္ဏန္နံ ခန္ဓာနံ”စသည်ဖြင့် ဖြစ်လာသည်၊ ပစ္ဆာဟာရ မိဿက-စသည်တို့ကိုလည်း နည်းတူပင် ကြံပါ။

## ပစ္ဆာဇာတိန္ဒြိယမိဿက အရကောက်

| ပဒ | ကတ္တား–ပစ္စည်း | ဝါရ | သမ္ပဒါန်–ပစ္စယုပ္ပန် | ပုစ္ဆာ |
|---|---|---|---|---|
| ကုဗျာ | ပဋ္ဌ····ကု၂၁, စေ–၃၈–ခန္ဓာ<br>ဝု, မ–ရွန်း····ရုပ်ဇီဝိတိန္ဒြေ | ဗျာ | ဝု, မ–ရွန်း····သော<br>ကမ္မဇကာယ | ၂ |
| အကုဗျာ | ပဋ္ဌ····အကု–၁၂, စေ–၂၇–န္ဓာ<br>ဝု, မ–ရွန်း····ရုပ်ဇီဝိတိန္ဒြေ | ဗျာ | ။ | ၂ |

### ဒေသနာစဉ် ဟောပုံ

**ဆောင်။** ။နိ မိ ဥ–ပု ကမ္မရယ်နဲ့, အာဟာရ ဣံ ဝိပ္ပာ၊
အတ် အဝီ–ဤဆယ်ပါးမှာ, မျိုးပြားပါလာ။
မိ ဥ ပု–ဝိပ်တို့မှာ, ပုဒ်တိုင်းပါ ဝိသေသ်၊
နိ ဟာ ဣံ–မထည့်ကြဖို့, ကမ္မဝယ်မျိုးကွဲရာပ,
အတ် အမှာ–လိုရာမျှငယ်, ကျနစိစစ်။

၂၄–ပစ္စည်းတို့ကို "မျိုးကွဲမရှိသော ပစ္စည်း, မျိုးကွဲရှိသော ပစ္စည်း"ဟု ၂–မျိုး ဝေဖန်ထားပါ၊ မျိုးကွဲမရှိသော ပစ္စည်းတို့ကို ပြဆိုခဲ့ပြီးသော ပါဠိတော် အရကောက်အတိုင်း ဟောရုံမျှသာ ဖြစ်သည်၊ မျိုးကွဲရှိသော ပစ္စည်းတို့ကိုမူ သုဒ္ဓ သချာလာ မျိုးစဉ်အတိုင်း ထိုထို ပဒ, ပဒါဝသာန (သချာ)တို့၌ ရသင့်သမျှသော မျိုးတို့ကို စပေါင်းထည့်သွင်းလျက် ဟောရမည်၊ သို့သော် ဝိသေသန ပါသင့်သည်, မပါသင့်သည်တို့ကိုမူကား စိစစ်ရန် လိုပါသေးသည်။

"အဓိပတိ, နိ, ဥပ, ပုရေ, အာဟာ, ကမ္မ, ဣံ, ဝိပ်, အတ်, အဝိ"ဤ ၁၀–ပစ္စည်းတို့၌ မျိုးကွဲ ပါရှိသည်၊ ယင်း ၁၀–မျိုးတို့တွင် "မိ, ဥ, ပု, ဝိပ်" ဤ ၄–ပစ္စည်းတို့၌ ၂–မျိုးဆိုင်, ၃–မျိုးဆိုင် သချာများ ဖြစ်ပါက အပေါင်းဝိသေသန, အစိတ်ဝိသေသန ထည့်ရမည်၊ တစ်မျိုးသာဆိုင်သော သချာများဖြစ်ပါက အစိတ် ဝိသေသနမျှသာ ထည့်သွင်းရမည်၊ အဓိပတိ ကု+ကုသချာ၌ "အာရမဏာဓိပတိ သဟဇာတာဓိပတိ၊ အာရမဏာဓိပတိ ဒါန် ဒတွာ"စသည်ဖြင့်လည်းကောင်း, ကု+အကု သချာ၌ "အာရမဏာဓိပတိ ဒါန် ဒတွာ"စသည်ဖြင့်လည်းကောင်း ထည့်သွင်း ဟောရမည်–ဟု ဆိုလိုပါသည်။

## မျိုးကွဲရှိသော ပစ္စည်းများ

| မျိုးကွဲရှိ ပစ္စည်း | မျိုးကွဲဝိသေသန | မျိုးကွဲသင်္ချာ | အပေါင်းသင်္ချာ |
|---|---|---|---|
| **အဓိပတိ** | အာရမ္မဏာဓိပတိ | ၇ | ၁၀ |
| | သဟဇာတာဓိပတိ | ၇ | |
| **နိဿယ** | သဟဇာတနိဿယ | ၉ | ၁၃ |
| | ဝတ္ထုပုရေဇာတနိဿယ | ၃ | |
| **ဥပနိဿယ** | အာရမ္မဏူပနိဿယော | ၇ | ၉ |
| | အနန္တရူပနိဿယော | ၇ | |
| | ပကတူပနိဿယော | ၉ | |
| **ပုရေဇာတ** | အာရမ္မဏပုရေဇာတံ | ၃ | ၃ |
| | ဝတ္ထုပုရေဇာတံ | ၃ | |
| **ကမ္မ** | သဟဇာတာ | ၇ | ၇ |
| | နာနာက္ခဏိကာ | ၂ | |
| **အာဟာရ** | နာမ်အာဟာရ | ၇ | ၇ |
| | ရုပ်အာဟာရ | ၁ | |
| **ဣန္ဒြိယ** | သဟဇာတိန္ဒြိယ | ၇ | ၇ |
| | ဝတ္ထုပုရေဇာတိန္ဒြိယ | ၁ | |
| | ရူပဇီဝိတိန္ဒြိယ | ၁ | |
| **ဝိပ္ပယုတ္တ** | သဟဇာတံ | ၃ | ၅ |
| | ပုရေဇာတံ | ၃ | |
| | ပစ္ဆာဇာတံ | ၃ | |
| **အတ္ထိ အဝိဂတ** | သဟဇာတံ | ၉ | ၁၃ |
| | အာပု / ဝတ်ပု } ပုရေဇာတံ | ၃ | |
| | ပစ္ဆာဇာတံ | ၃ | |
| | အာဟာရံ | ၁ | |
| | ဣန္ဒြိယံ | ၁ | |

"နိဿယ, အာဟာရ, ဣန္ဒြိယ" ဤ ၃-ပစ္စည်းတို့၌ မျိုးကွဲရှိသော သချ်ာများမှာသော်မှ ဝိသေသန ထည့်သွင်းဖွယ် မလိုပါ။

ကမ္မ၌မူ မျိုးကွဲရှိရာ ကု+ဗျာ, အကု+ဗျာ သချ်ာတို့၌သာ ဝိသေသန ထည့်ရမည်၊ အတ္ထိ, အဝိဂတတို့၌မူကား ကု+ဗျာ, အကု+ဗျာ, ဗျာ+ဗျာ, ဗျာ+ကု, ဗျာ+အကု, ကုဗျာ+ကု, ကုဗျာ+ဗျာ, အကုဗျာ+အကု, အကုဗျာ+ဗျာတို့၌သာ ဝိသေသနများကို သင့်လျော်သလို ထည့်သွင်းရမည်။

မျိုးကွဲရှိသော ပစ္စည်းများကို မျိုးကွဲဝိသေသနနှင့်တကွ အစိတ်သချ်ာ, အပေါင်းသချ်ာတို့ကိုပါ ထည့်သွင်းလျက် ဇယားဖြင့် ပြထားပါသည်၊ ဇယားကို ကြည့်ရှု၍ ရောက်လာသော အစဉ်အားလျော်စွာ ဟောသွားကြရန် ဖြစ်ပါသည်၊ သုဒ္ဓသချ်ာဝါရကိုလည်း ယင်းဇယားဖြင့်ပင် လေ့လာနိုင်ပါသည်။

**ပစ္စည်းအနုလုံ ဟောစဉ်**

နယလာ-နုလောမ, ဝိဘင်္ဂသချ်ာ၊
သုဒ္ဓသင်-မိဿကငယ်, ပြားရ နှစ်ဖြာ။
သဘာဂ-ဃဋနာ, မိဿကာ နှစ်ပါး၊
စစ်ဆေးကုန်-ပစ္စည်းစုံထောက်ကာချင့်လို့ရယ်, စဉ်သင့်ဟောကြား။

**ဟေတုပစ္စည်း**

သမ္ပယုတ္တဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဉှာဝါရကို ဟောတော်မူ၏၊ ထိုပဉှာဝါရ၌တုံသော်လည်း "ပစ္စည်းအနုလုံ, ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်းပစ္စနီယာနုလောမ"အားဖြင့် ၄-ပါး အပြားရှိ၏၊ ထို ၄-ပါးတို့တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ [နယလာ-နုလောမ။]

ထိုပစ္စည်းအနုလုံ၌တုံသော်လည်း "ဝိဘင်္ဂဝါရ, သချ်ာဝါရ"အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ [ ဝိဘင်္ဂသချ်ာ ။]

ထိုဝိဘင်္ဂဝါရ၌တုံသော်လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် ၂၄-ပါး အပြားရှိ၏၊ ထို ··· တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ [*ဟေတာဒိပစ္စည်း။]

ထိုဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၌တုံသော်လည်း "ကုသလပဒ, အကုသလပဒ, အဗျာကတပဒ"အားဖြင့် ၃-ပါး အပြားရှိ၏၊ ထို····တွင် ကုသလပဒကို ရှေးဦးစွာ

ဟောတော်မူ၏၊ ထို····၌တုံသော်လည်း "ကုသလပဒါဝသာန, အဗျာကတ ပဒါဝသာန, ကုသလာဗျာကတပဒါဝသာန"အားဖြင့် ၃-ပါး အပြားရှိ၏၊ ထို····တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို····၌တုံသော်လည်း "ဝိဓိ, အနုဝါဒ"အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို····တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။ [ *ပဒ ပဒါ ဝိ-အနုတို့ကိုလ။ ]

*ဤအမှတ်ပြထားသော ၂-ချက်ကို ဆဝါရ ဟောရိုးစစ်မှ ယူပြပါသည်။

ဟောဟန်ကား "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော"ဟူသည်တည်း။

ဝိဓိ-ကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒ-ကို ဟောတော်မူ၏၊ ဟောဟန်ကား "ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော" ဟူသည်တည်း။

[ အနက်ပေး, အဓိပ္ပာယ်ပြန်, အရကောက်, ခန္ဓာဝါရဖွဲ့, ပစ္စည်းတပ်ဟန် ဤအစီအစဉ်အတိုင်း အရကောက်စာအုပ်၌ ပြဆိုထားသည်၊ အပြည့်အစုံ လေ့လာလိုပါက အရကောက်နှင့် တွဲဖက်ကြည့်သင့်၏၊ ဤကျမ်း၌ကား ပါဠိတော်အရကောက်များကိုသာ ပဓာနထား၍ ပြဆိုထားပါသည်။ ]

"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော"ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဌ်၌ "ကုသလော ဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား ····၊ ပြဆိုခဲ့ပြီးသည့်အတိုင်း ဆက်ကောက်ပါ၊ ဤနည်းအတိုင်း ၂၄-ပစ္စည်းကုန်အောင် ဟောပါ။

### သချာဝါရ

ဝိဘင်္ဂဝါရကို ဒေသနာစဉ်အားဖြင့် ဟောပြီးပါက သချာဝါရကို ဆက်လက် ဟောနိုင်ပါပြီ၊ ယင်းသချာဝါရ၌ "သုဒ္ဓသချာဝါရ, မိဿကသချာဝါရ"ဟု ၂-မျိုး ပါဝင်သည်၊ ထို····တွင် သုဒ္ဓသချာဝါရကို ဟောလိုက မျိုးကွဲမရှိသော ပစ္စည်းများအတွက် သုဒ္ဓသချာကို ဆို၍ သချာတပ်ရုံမျှသာ၊ မျိုးကွဲရှိသော ပစ္စည်းများ အတွက်မူ ဇယားဖြင့် ပြထားခဲ့သော မျိုးကွဲများ၏ သုဒ္ဓသချာများကို အစဉ်အတိုင်း ဆိုပါ၊ စုပေါင်း၍ သချာတစ်ချက်တည်း တပ်ပါ၊ (၄၁)ကိုလည်း ရှုပါ။

## သုဒ္ဓသင်္ချာဝါရ

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သင်္ချာဝါရကို ဟောတော်မူ၏၊ ထိုသင်္ချာဝါရ၌တုံသော်လည်း "သုဒ္ဓသင်္ချာဝါရ, မိဿကသင်္ချာဝါရ"အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို····တွင် သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုသုဒ္ဓသင်္ချာဝါရ၌တုံသော်လည်း ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ, အာရမဏ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ အစရှိသောအားဖြင့် ၂၄-ပါး အပြားရှိ၏၊ ထို···· တွင် ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ [ သုဒ္ဓသင်-မိဿကငယ်, ပြားရ နှစ်ဖြာ။ ]

ထိုဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆-ပါး၊ ဤတရားတို့သည် ဟေတု ပစ္စည်း တပ်သော တရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့ လိုက်၍လည်းကောင်း, ဝါရသို့ လိုက်၍လည်းကောင်း, တိက်ပုဒ်၏အရသို့ လိုက်၍လည်းကောင်း, ကတ္တားသမ္ပဒါန်နေဟန်သို့ လိုက်၍လည်းကောင်း "ဟေတုယာ သတ္တ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ ဟေတုယာ ဟေတုပစ္စယေ-ဟေတု ပစ္စည်း၌၊ သတ္တ-၇-ပါးကုန်သော၊ ဝိဿဇ္ဇနာနိ-အဖြေတို့ကို၊ လဗ္ဘန္တိ-ရအပ်ကုန်၏၊ "သတ္တ"ဟူသော်ကား ကုသလော ကုသလဿ အစရှိသည်တည်း၊ ဝိဘင်္ဂဝါရ အတိုင်း ကောက်၍ ဝိဘင်းဟောပါ။

အဓိပတိသုဒ္ဓသင်္ချာဝါရ၌ "အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခု မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု၊ လောကုတ္တ ရာစိတ် ၈-ခုအား တပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄-ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၈-ခု၊ နိဗ္ဗာန်"ဟု ဆိုအပ်သော အာရမဏာဓိပတိပစ္စည်း။

"သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တစ်ပါးပါး"ဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း၊ ဤပစ္စည်းတရား ၂-ပါးတို့သည် အဓိပတိပစ္စည်းတပ်သော တရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရား···အဓိပတိယာ ဒသ····ဟောအပ်ကုန်၏။ (ပ) ။

## မိဿကသဘာဂဝါရ

သုဒ္ဓသဘာဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ မိဿကသဘာဂဝါရကို ဟောတော်မူ၏၊ ထိုမိဿကသဘာဂဝါရ၌တုံသော်လည်း ဟေတုပစ္စည်း၏ မိဿက သဘာဂဝါရ အစရှိသောအားဖြင့် ၂၄–ပါး အပြားရှိ၏၊ ထို···· တွင် ဟေတုပစ္စည်း၏ မိဿကသဘာဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို···၌တုံသော်လည်း "သဘာဂ, ဃဋနာ"အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို···· တွင် သဘာဂကို ရှေးဦးစွာ ဟောတော် မူ၏။ [ သဘာဂ–ဃဋနာ, မိဿကာ နှစ်ပါး။ ]

ထိုသဘာဂ၌တုံသော်လည်း "ဟေတုမူ အဓိပတိသဘာဂ, ဟေတုမူ သဟဇာတ သဘာဂ, အညမညသဘာဂ, နိဿယသဘာဂ, ဝိပါကသဘာဂ, ဣန္ဒြိယသဘာဂ, မဂ္ဂသဘာဂ, သမ္ပယုတ္တသဘာဂ, ဝိပ္ပယုတ္တသဘာဂ, အတ္ထိသဘာဂ, အဝိဂတ သဘာဂ"အားဖြင့် ၁၁–ပါး အပြားရှိ၏၊ ထို···တွင် ဟေတုမူ အဓိပတိသဘာဂကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဟေတုမူ အဓိပတိသဘာဂ၌···[ နောက်မှ ဆက်ဟောပါ၊ သဘာဂကို ဟောပြီးက ဃဋနာကို ဆက်ဟောရမည်၊ အလေ့လာရလွယ်ကူစေရန် သဘာဂ, ဃဋနာတို့ကို သီးသန့်ပြထားပါသည်၊ နောက်မှ ပေါင်းဟောပါ။ ]

### သဘာဂ

ပစ္စည်း, ပစ္စယုပ္ပန်တူမျှ ပြိုင်ဆိုင်နိုင်သော မျိုးတူပစ္စည်းများသည် "သဘာဂ" မည်၏၊ သို့ဖြစ်၍–

၁။ မူလပစ္စည်းနှင့် မျိုးတူဖြစ်ရခြင်း၊
၂။ ပစ္စည်း, ပစ္စယုပ္ပန် တရားအရချင်း တစ်စိတ်တစ်ဒေသ–အားဖြင့်ဖြစ်စေ, ထပ်တူညီမျှဖြစ်စေ တူညီရခြင်း၊

ဤလက္ခဏာ ၂–ပါးနှင့် ပြည့်စုံညီညွတ်သော ပစ္စည်းများကို သဘာဂထုတ်ယူ ရမည်–ဟု မှတ်ပါ။

**သဘာဂ ဟောပုံ–**

၁။ ဟောလိုသော ပစ္စည်းကို မူထား၍ သဘာဂပစ္စည်းများကို တစ်ခုပြီး တစ်ခု မူလီသွင်းပါ။

၂။ မူလ မူလီ ၂–မျိုးဆိုင် ပစ္စည်း,ပစ္စယုပ္ပန်တရားများကို မျိုးကွဲရှိကလည်း ရှိသည့်အလျောက် သုဒ္ဓသင်္ချာထဲမှ ရွေးထုတ်ဆိုပါ။

၃။ သဟမျိုးနှင့် အခြားမျိုးများ ရောနှောပါဝင်နေလျှင် သဟမျိုးကို ဦးစားပေးပါ၊ သဟမျိုး ပစ္စည်း,ပစ္စယုပ္ပန်ကို အလျင်ဆိုပါ။

၄။ ရလာသောပစ္စည်း,ပစ္စယုပ္ပန်တရားများ၏ ဖြစ်သင့်သော ပဒ,ပဒါဝသာန အားလျော်စွာ သင်္ချာထုတ်ပါ၊ အစိတ်သင်္ချာများ၏ ကတ္တား,သမ္ပဒါန်တို့ကို အရကောက်ပါ၊ ဝိဓိဝိဘင်းထုတ်ပါ။

ဤကား သဘာဂသင်္ချာဝါရဟောပုံ အကျဉ်းညွှန်ပြချက်တည်း၊ ဤသဘောတရားများကိုပင် အနည်းငယ် ချဲ့ထွင်၍ ပြပါဦးမည်။

**ဆောင်။** ။ မျိုးတူမှန်–စည်းပန်တရားငယ်တို့, နည်းအများ တူခဲ့လျှင်၊
သဘာဂါ–ထုတ်ကာပြလို့ရယ်, ဟောကြဖို့ပင်။
နှစ်ပါးလုံး–ပစ္စည်းတွင်, ပါဝင်ကြ စည်းပန်များ၊
ဖော်ထုတ်ကာ–သင်္ချာတပ်ရတယ်, ကောက်အပ် စိတ်များ။

**သဘာဂရွေးပုံ–**

၂၄–ပစ္စည်းတို့တွင် ပစ္စည်းတိုင်းမှာပင် မိမိဆိုင်ရာ သဘာဂများ ရှိကြသည်၊ ပစ္စည်းတစ်ပါးတစ်ပါး၏ သဘာဂပစ္စည်းများကို ရှာလိုပါက ယင်းပစ္စည်းသည် မျိုးကွဲရှိသောပစ္စည်း ဖြစ်သလား ?, မျိုးကွဲမရှိသောပစ္စည်း ဖြစ်သလား ? ဦးစွာ စစ်ဆေးကြည့်ရှုရမည်။

မျိုးကွဲမရှိသောပစ္စည်း ဖြစ်ခဲ့ပါလျှင် သုဒ္ဓသင်္ချာလာ (သဘာဂ) ပစ္စည်းရေ အားလျော်စွာ သဘာဂပစ္စည်းများကို ထုတ်ယူရမည်၊ သို့သော် "ဤနည်းအတိုင်း ပစ္စည်းအကုန်လုံးမှာ ထုတ်ယူရမည်"ဟု ဆိုလိုသည်ကား မဟုတ်ပါ၊ ယင်းသုဒ္ဓ သင်္ချာလာ ပစ္စည်းရေသည် သဘာဂ–သဘောအရ ပြထားသော တစ်ပြိုင်နက် ယထာရဟပစ္စည်းရေ ဖြစ်သလား ?, ဃဋနာ–သဘောအရ ပြထားသောပစ္စည်းရေ ဖြစ်သလား ? စိစစ်ဆင်ခြင်ရဦးမည်။

သဟငယ်မျိုး ပစ္စည်းများ၏ ပစ္စည်းရေကို သဘာဂ–သဘောအရ ပြထားသည်၊ ကြွင်းမျိုးပစ္စည်းတို့၏ ပစ္စည်းရေကို ဃဋနာ–သဘောအရ ပြထားသည်၊ ထိုတွင် သဘာဂ–သဘောအရ ပြထားသော သဟငယ်မျိုးပစ္စည်းများ ဖြစ်ပါက မူလ

အရင်းခံပစ္စည်းကို ပယ်နုတ်ထားရမည်၊ ကြွင်းသောပစ္စည်းများသည် ပယ်နုတ်ထားသော ယင်း–မူလ အရင်းခံပစ္စည်း၏ သဘာဂပစ္စည်းများ ဖြစ်ကြရတော့သည်။

ဟေတုပစ္စည်း၏ သဘာဂပစ္စည်းများကို ရှာကြည့်ကြဦးစို့၊ ဟေတုပစ္စည်း၏ သုဒ္ဓသချာမှာ "ပစ္စည်းရေ–၁၂"ဟု ပြထားသည်၊ ဟေတုသည် မျိုးကွဲမရှိသော သဟာငယ်မျိုးပစ္စည်း ဖြစ်သည်၊ ထို့ကြောင့် ဟေတုမှတစ်ပါးသော "အဓိ, သဟ, အည, နိ, ဝိပါ, ဣံ, မဂ်, သံ, ဝိပ်, အတ်, အ"အားဖြင့် ၁၁–ပစ္စည်းတို့သည် ဟေတုပစ္စည်း၏ သဘာဂပစ္စည်းများ ဖြစ်ကြသည်၊ ဟေတုသည် ဟေတု၏သဘာဂ မဖြစ်နိုင်၊ ထို့ကြောင့် ၄င်းကို ကြဉ်ထားရသည်။

ဃဋနာ–သဘောအရ ပြထားသော ပစ္စည်းရေများ ဖြစ်ခဲ့ပါမူ အခြားမျိုးတူ ပစ္စည်းများ၏ ပစ္စည်းရေထဲ၌ ပါဝင်သည်, မပါဝင်သည်ကို ဝေဖန်စစ်ဆေးရဦးမည်၊ "ပါဝင်နေပါက ယင်းမျိုးတူပစ္စည်းများသည်ပင် သဘာဂ ဖြစ်ကြရတော့သည်၊ မပါဝင်ပါက မည်သို့ပင် မျိုးတူနေစေကာမူ သဘာဂ မဖြစ်နိုင်"ဟု မှတ်ယူရမည်၊ "သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တ, အာသေဝနနှင့် ကမ္မ"စသည်တို့ကို ချိန်ထိုးစဉ်းစားကြည့်ပါ။

အာရမဏပစ္စည်းများ၏ သဘာဂပစ္စည်းများကို ရှာပြပါဦးမည်၊ အာရမဏပစ္စည်း၏ သုဒ္ဓသချာ၌ ပြိုင်ဘက်မရှိ၊ ပစ္စည်းရေ တစ်မျှသာ ပြထားသည်၊ သို့သော် ယင်း အာရမဏပစ္စည်းသည် အာရမဏမျိုး ပစ္စည်းတို့၏ ခေါင်းဆောင်ပစ္စည်း ဖြစ်သောကြောင့် အခြားမျိုးတူပစ္စည်း အကုန်လုံးတို့၏ ပစ္စည်းရေထဲမှာ ပါဝင်နေသည်ကို တွေ့ရပါလိမ့်မည်၊ ထို့ကြောင့် အာရမဏမှာ "ဓိ, နိ, ဥ, ပု, ဝိပ်, အတ်, အ"ဟု သဘာဂ ၇–ပစ္စည်း ရနိုင်သည်။

မျိုးကွဲရှိသော ပစ္စည်းများအတွက် မျိုးစဉ်အလိုက် ဖြစ်သင့်သမျှသော သဘာဂပစ္စည်းများကို ထုတ်၍ အဂ္ဃဟိတဂ္ဃဟဏနည်းအားဖြင့် ပေါင်းယူရေတွက်ရမည်၊ တစ်မျိုးတည်းမှာသာ ပါဝင်နိုင်သော သဘာဂပစ္စည်း, ၂–မျိုး ၃–မျိုး–စသည်မှာ ပါဝင်နိုင်သော သဘာဂပစ္စည်းတို့ကိုလည်း ခွဲခြားမှတ်သား ထားခဲ့ရမည်၊ သို့မှသာ တရားဖော်ထုတ်၍ သချာတပ်ရာ၌ လွယ်ကူမည်။

အဓိပတိပစ္စည်း၏ သဘာဂပစ္စည်းများကို ရွေးချယ်စိစစ်ပြပါဦးမည်၊ အဓိပတိပစ္စည်းသည် အာရမဏမျိုး, သဟဇာတမျိုးတို့မှာ ပါဝင်နေသည်၊ မျိုးကွဲရှိသောပစ္စည်းဖြစ်သည်၊ အာဓိ၏ သုဒ္ဓသင်္ချာမှာ ဃဋနာ–သဘောအရ တစ်ပြိုင်နက်ပစ္စည်းရေ ၃–မျှသာ ပြထားသည်။

"နိ, ပု"စသည်တို့လည်း ယထာရဟ ပါဝင်သင့်သည်၊ ဝတ္ထာဓိ၌ အဓိပတိကို ထည့်သွင်း၍ ပစ္စည်းရေ ၈–ဟု ပြထားသည်ကို သတိပြုပါ၊ ထို့ကြောင့် အာရမဏမျိုး၌ အဓိပတိပစ္စည်း၏ သဘာဂ "အာ, နိ, ဥ, ပု, ဝိပ်, အတ်, အ"ဟု ၇–ပစ္စည်း ရသည်။

သဟာဓိ၏ သုဒ္ဓသင်္ချာမှာ သဘာဂ–သဘောအရ (တစ်ပြိုင်နက် ယထာရဟ) ပစ္စည်းရေ–၁၃ ပြထားသည်၊ သို့ဖြစ်၍ သဟမျိုးမှ "ဟေ, သဟ, အည, နိ, ဝိ, ဟာ, ဣ, မဂ်, သံ, ဝိပ်, အတ်, အ"ဟု သဘာဂ ၁၂–ပစ္စည်း ရသည်။

မျိုး ၂–ခုမှ ယူထားသော သဘာဂပစ္စည်းများကို တိုက်ဆိုင်ကြည့်ရှုပါလျှင် "နိ, ဝိပ်, အတ်, အ"တို့မှာ အာရမဏမျိုး, သဟမျိုး ၂–ခုလုံးမှာပင် ပါဝင်နေသည်ကို တွေ့ရမည်၊ ထို့ကြောင့် အဂ္ဂဟိတဂ္ဂဏနည်းအားဖြင့် ယူပါက "ဟေ, အာ, သဟ, အည, နိ, ဥ, ပု, ဝိ, ဟာ, ဣ, မဂ်, သံ, ဝိပ်, အတ်, အ"ဟု သဘာဂ ၁၅–ပစ္စည်းမျှသာ ရနိုင်တော့သည်၊ သဟာဓိသဘာဂ ၁၂–ထဲ၌ "အာ, ဥ, ပု"တို့ကို ပေါင်းထည့်ရုံမျှသာ ဖြစ်ပါသည်။

ဤနည်းအတိုင်း ကြွင်းသောပစ္စည်းများ၏ ရသင့်သော သဘာဂပစ္စည်းများကို ရွေးချယ်ပါ၊ သုဒ္ဓသင်္ချာ ကျေညက်ခဲ့ပါက တစ်စုံတစ်ရာ ခက်ခဲဖွယ် ရှိမည်မထင်၊ လွယ်ကူစွာပင် ရွေးချယ်နိုင်ပါလိမ့်မည်၊ ယင်းသို့ ရွေးချယ်၍ ရလာသော ပစ္စည်းများသည် သဘာဂ သင်္ချာဝါရကို ဟောရန် မူလပစ္စည်းများ ဖြစ်ကြတော့သည်၊ တိုက်ဆိုင်ညှိနှိုင်း လေ့လာနိုင်စေရန် သဘာဂပစ္စည်းရေ ဆောင်ပုဒ်များကို ဆက်ပြပါဦးမည်။—

**ဆောင်။** ။ဆဲ့တစ် ဟေ ဟာ–အာ သတ္တနှင့်, ဓိပန္နရ–ပဥ္စ အာ။

[ က ] *နန် ဆ ကမ္မာ–ဝိပါကနှင့်, ဣ သ အည–စုဒ္ဒသာ၊

နိ ဝိပ် ဆဲ့ခွန်–ဈာန် ဒသမို့, ပုရေ အဋ္ဌ–သုံး ပဉ္စာ။

ဥ သံ တေရသ်, မဂ် ဒွါဒသ်, ဌာရသ် အတ် အမှာ၊

အဲဒါက·· ရထိုက်သမျှ သဘာဂ ပစ္စည်းရေပါ။

**ဆောင်။** ။ဟေ ဟာ ဆဲ့တစ်, အာ ခုနစ်, ပု ရှစ် ဓိ ဆဲ့ငါး။
[ ခ ] သ အဉ် ကမ္မ, ဣ္က ပါက, စုဒ္ဒ အာသေ ငါး၊
နို ဝိပ် ဆဲ့ခွန်, တစ်ဆယ် ဈာန်, ဥ သံ ဆဲ့သုံးပါး၊
ပစ် သုံး *နန် ဆ, မဂ် ဒွါဒ, အတ် အ ဆဲ့ရှစ်ထား။

[ *သနန်, နတ်, ဝိဂတ–တို့သည် နန်နှင့် တူကြ၏၊ နန်ကဲ့သို့ပင် ၆–ပစ္စည်း ရကြသည်၊ ဆောင်ပုဒ်များကို [ က ] [ ခ ] အမှတ် ခွဲပြထား ရာ၌ မိမိတို့ သဘောကျရာကို ရွေးကျက်နိုင်ပါသည်။ ]

**သဘာဂဆိုရိုး မှတ်ဖွယ်–**

သဘာဂပစ္စည်းများသည် သဟမျိုး ဖြစ်နေပါက မူလ, မူလီအားလျော်စွာ သုဒ္ဓသင်္ချာလာ တရားများကို ပြုပြင်ပြောင်းလဲ ဆိုရသည်၊ အခြားပစ္စည်းမျိုး ဖြစ်နေပါက ၂–ပါးဆိုင် သုဒ္ဓသင်္ချာကို ဆိုရုံမျှသာ ဖြစ်ပါသည်။

သဟလတ်ချင်းဖြစ်စေ, သဟလတ်နှင့် သဟယယ်တို့ဖြစ်စေ သဘာဂဖြစ်ကြ ရာ၌ မူလ,မူလီ ၂–ပါးလုံးမှာ တစ်ပြိုင်နက် ပါဝင်နိုင်အောင် ပစ္စည်းဘက်, ပစ္စ ယုပ္ပန်ဘက် ၂–ဖက်လုံးရှိ တရားများကို ညှိလျက် ပြုပြင်ပြောင်းလဲ ဆိုရသည်၊ ၂–ဖက်ရကို ရွေးဆိုရသည်။

သဟယယ်ချင်း သဘာဂဖြစ်ကြရာ၌ တရားကိုယ်အတူ ရှာလျက် အရနည်းသော ပစ္စည်း၏ သုဒ္ဓသင်္ချာအလိုက် ဆိုရမည်။

သဟကြီးနှင့် သဘာဂဖြစ်ကြရာ၌ကား ယင်း သဘာဂဖြစ်သော သဟလတ်, သဟယယ်ပစ္စည်းတို့၏ သုဒ္ဓသင်္ချာကို ဆိုရုံမျှသာ ဖြစ်သည်။

**သဟလတ်ချင်း သဘာဂဆိုရိုး**

**ညာ=ဝိ။** ။အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ ဟဒယဝတ္ထု အားလည်းကောင်း တပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိ သန္ဓေနာမက္ခန္ဓာ ၄–ပါး၊ ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ သင်္ချာ ဇကံ။

**ညာ=သံ။** ။အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ တိဏ္ဏိ။

ည=ဝိပ်॥ ॥ အချင်းချင်းအား တပ်သော ပဠ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟာဒယဝတ္ထု၊ ဇော်။

ဝိ=သံ॥ ॥ အချင်းချင်းအား တပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဇော်။

ဝိ=ဝိပ်॥ ॥ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဠ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ဒွေးပဥ္စဝိညာဉ်-၁၀ ရဟန္တာတို့ စုတိကြဉ်သော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ဟာဒယ ဝတ္ထုအား တပ်သော ပဠ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဇော်။

**သဟာလတ်နှင့် သဟယော် သဘာဂဆိုရိုး-**

ည=ဟော॥ ॥ သမ္ပယုတ္တက္ခန္ဓာ ဟာဒယဝတ္ထုအား တပ်သော ဟိတ် ၆-ပါး၊ သချာ တီကာ။

ည=ဓိ॥ ॥ သမ္ပယုတ္တက္ခန္ဓာအား တပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တစ်ပါးပါး၊ တီကာ။

ဝိ=ဟော॥ ॥ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ် ၃-ပါး၊ ဇော်။

ဝိ=ဓိ॥ ॥ သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဖိုလ် ၄-ခု၌ ရှိသော အဓိပတိတရားကိုယ် ၄-ပါးတို့တွင် တစ်ပါးပါး။ ဇော်။

သံ=ဟော॥ ॥ သမ္ပယုတ္တက္ခန္ဓာအား တပ်သော ဟိတ် ၆-ပါး၊ တီကာ။

ဝိပ်=ဟော॥ ॥ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆-ပါး၊ သချာ တီကာ။ [ အကြွင်းကို နည်းမှီ၍ ဆိုတတ်လောက်ပါပြီ။ ]

**သချာထုတ်ရာ၌ သတိပြုဖွယ်-**

သဟဇာတနှင့် ပုရေဇာတတို့ ရောနှောပါဝင်လာရာ၌ သဟပုရေမိဿကကို ရနိုင်သည်၊ ပစ္ဆာဇာတနှင့် ရုပ်အာဟာရ ပါလာလျှင် ပစ္ဆာဟာရမိဿကကို ရနိုင်သည်၊ ပစ္ဆာဇာတနှင့် ရူပဇီဝိတိန္ဒြိယတို့ ပါလာလျှင် ပစ္ဆာဇာတိန္ဒြိယမိဿကကို ရနိုင်သည်၊ ရလာသော မိဿကအားလျော်စွာ သချာတိုးနိုင်သည်, မတိုးနိုင်သည်ကို သတိ

ပြုရမည်၊ ဤသဘာဂ သချာဝါရနှင့် ဃဋနာသချာဝါရများမှာ မိဿကသုဒ္ဓသချာ များကို ရသင့်စေကာမူ ထည့်သွင်း၍ ဆိုရိုးမပြုကြပါ၊ သချာထုတ်ရုံမျှသာ အာရုံ ပြုရမည်။

ပစ္စည်းရေ ၁-သာ ရသော အာရမဏ-ပစ္စည်း, ပကတူပနိဿယ-ပစ္စည်း, ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မပစ္စည်းတို့၏ သုဒ္ဓသချာ ဆိုရိုးများကို ဤသဘာဂ, ဃဋနာ သချာခန်း၌ ထည့်သွင်း၍ဆိုရမည် မဟုတ်တော့ပါ၊ ထိုတွင် ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မပစ္စည်းသည် မည်သည့်ပစ္စည်းနှင့်မျှ မပြိုင်ဆိုင်နိုင်၊ သဘာဂမရှိသော မျိုးပစ္စည်း ဖြစ်သည်။

**သဟကြီး, လတ်တို့၏ သဘာဂပစ္စည်းရေ—**

သဘာဂသချာဝါရ၌ သဟကြီး, သဟလတ်တို့၏ သဘာဂအတွင်းမှာ သဟ ငယ်များကိုပါ ထည့်သွင်းရေတွက်ထားသည်၊ ထည့်သွင်းဟောထားသည်၊ ဃဋနာ သချာဝါရ၌မူ သဟကြီး, သဟလတ်တို့ အချင်းချင်းသာ ဟောတော့သည်၊ သဟငယ် များကို ထည့်သွင်း၍ မဟောတော့ပါ၊ ထို့ကြောင့် သဟဇာတပစ္စည်းမှာ သဘာဂ သချာဝါရ အလိုအားဖြင့် သဘာဂပစ္စည်းရေ ၁၄-ပစ္စည်း၊ ဃဋနာသချာဝါရအလို အားဖြင့် သဘာဂပစ္စည်းရေ ၇-ပစ္စည်း ဖြစ်သင့်သည်၊ ကြွင်းသော အညာ-စသည် တို့၏ သဘာဂပစ္စည်းရေကိုလည်း အလားတူပင် ခွဲခြားမှတ်သားသင့်၏။

**သဘာဂ ဃဋနာ အပြန်အလှန် ယူပုံ—**

ဤသဘာဂသချာဝါရသည် ဃဋနာနှင့်တကွ နောက်တွေ့ရမည့် သချာဝါရ များ၏ အခြေခံဖြစ်သည်၊ သဘာဂသချာဝါရကို ဟောရင်း ပစ္စည်း,ပစ္စယုပ္ပန်အရ တူသော ပစ္စည်းများကို စုပေါင်းလျက် သချာထုတ်ကြည့်ပါ၊ ဃဋနာသချာများ ဖြစ်ပေါ် လာသည်ကို တွေ့ရပါလိမ့်မည်၊ ဤကား သဘာဂမှ ဃဋနာဖြစ်လာပုံ အခြေခံမှု သဘောပေတည်း။

သဘာဂရွေးပုံ သဘာဂသချာဝါရ ဟောပုံတို့ကို အတော်အသင့် ပြည့်စုံအောင် ပြဆိုခဲ့ပြီးပါပြီ၊ ထို့ပြင် ဝိဘင်္ဂဝါရသက်ဆိုင်ရာ ကရိဏ်းပါဠိ အရကောက်များကို အဂ္ဂဟိတဂ္ဂဟဏနည်းအားဖြင့် ပေါင်းစုရေတွက် ကြည့်ပါကလည်း သဘာဂများကို ရနိုင်ပါလိမ့်မည်။

ဤကျမ်း၌ ဟေတုပစ္စည်းကို နမူနာပုံစံ အနေဖြင့် ထုတ်ဆောင်၍ သဘာဂ ဟောပုံ, သဘာဂမှ ဃဋနာဖြစ်လာပုံ, ဃဋနာမှ သဘာဂပြန်ယူပုံတို့ကို နည်းပေး

သွားပါမည်၊ အခြားပစ္စည်းများကိုမူ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် နည်းယူလေ့လာစေလိုပါသည်။

ဟေတုပစ္စည်း၏ သဘာဂဟောပုံကို အလေ့လာရ လွယ်ကူစေရန် ဇယားဖြင့် ပြပါဦးမည်။

**ဟေတုပစ္စည်း၏ သဘာဂ**

| သဘာဂ | ပစ္စည်း (တပ်သော) | ပစ္စယုပ္ပန် (အား) | သချာ |
|---|---|---|---|
| ဓိ | ဓိမ်သာဓိပတိပစ္စည်း | သံ-န္ဓာ, သာဓိပတိစိတ္တဇရုပ် | ၄ |
| သ | ဟိတ် ၆-ပါး | သံ-န္ဓာ, သဟိတ်-စိ, ၄ို-ရုပ် | ၇ |
| ည | ။ | ။ ဟဒယဝတ္ထု | ၃ |
| နိ | ။ | ။ သဟိတ်-စိ, ၄ို-ရုပ် | ၇ |
| ဝိ | ဝိပါက်ဟိတ် ၃-ပါး | ။ ။ ။ | ၁ |
| ဣံ | အမောဟ | ။ ။ ။ | ၄ |
| မဂ် | ။ | ။ ။ ။ | ၄ |
| သံ | ဟိတ် ၆-ပါး | သံ-န္ဓာအားသာ | ၃ |
| ဝိပ် | ။ | သဟိတ်-စိ, ၄ို-ရုပ် | ၃ |
| အတ် | ။ | သံ-န္ဓာ ။ ။ | ၇ |
| အ | ။ | ။ ။ ။ | ၇ |

သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဝိမံသာဓိပတိပစ္စည်း၊ ဤတရားတို့သည် ဟေတု, အဓိပတိ ပစ္စည်း ၂-ပါး တပ်သောတရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့လိုက်၍လည်းကောင်း, ဝါရသို့လိုက်၍လည်းကောင်း, တိက်ပုဒ်အရသို့ လိုက်၍လည်းကောင်း, ကတ္တား သမ္ဗဒါန်နေဟန်သို့ လိုက်၍လည်းကောင်း "ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ"ဟု သချာတပ်၍ ဟောအပ်ကုန်၏။ [ နောက်သဘာဂပစ္စည်းများကိုလည်း ဤနည်းအတိုင်း ဆိုရိုးကျ ဆိုပါ။ ]

ပစ္စည်း,ပစ္စယုပ္ပန် အရတူသော သဘာဂပစ္စည်းများကို ပေါင်းစုလျက် သချာတပ်၍ ဟောတော်မူသော ဝါရကို "ဃဋနာ သချာဝါရ"ဟု ခေါ်သည်၊ ဤဃဋနာ

သချာဝါရ၌ တရားအရများသော ပစ္စည်းစုကို ဦးစွာဟောသည်၊ ထို့နောက် အများ၊ အနည်း အစဉ်လိုက် ခွဲစိတ်ပေါင်းစုဟောသည်။

**ဆောင်။** ။ ရတူမျှ–သဘာဂ ပစ္စည်းကို၊
စုပေါင်းကာ–သချာတပ်လို့ရယ်, ဟောအပ်ညွှန်းဆို။
များအနည်း–ရသလို, စဉ်လျက်ကို ဟောကြား၊
သဘာဂါ–ဃဋနာ သချာစုငယ်, ဟောမှုဆန်းပြား။

ဟေတုပစ္စည်း သဘာဂ၌ သချာလည်းတူ, အရလည်းတူသည့်ပြင် တရားအရ အများဆုံးသော ပစ္စည်းများမှာ သ, နိ, အတ်, အဝိ–တို့ ဖြစ်ကြသည်၊ ထို့ကြောင့် ၄–ချက်လုံးကို ပေါင်းစုလျက် "ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ သတ္တ"ဟု ဟောတော်မူသည်။

ယင်း ဃဋနာမှ သဘာဂ ခွဲယူပါက "ဟေတုပစ္စယာ သဟဇာတေ သတ္တ၊ ဟေတုပစ္စယာ နိဿယေ သတ္တ၊ ဟေတုပစ္စယာ အတ္ထိယာ သတ္တ၊ ဟေတုပစ္စယာ အဝိဂတေ သတ္တ"ဟု ၄–ချက်ရသည်။

ဒုတိယ တရားအရ အများဆုံးသော ပစ္စည်းမှာ အညဖြစ်သည်၊ အညကို ရက သဟကြီး ၄–ပစ္စည်းတို့ကိုလည်း ဇကန်ရသည်၊ ထို့ကြောင့် "ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတန္တိ တီဏိ"ဟု ဟောတော်မူသည်။

ဤဃဋနာမှ "ဟေတုပစ္စယာ အညမညေ တီဏိ"ဟူသော သဘာဂကို ရသည်၊ သ, နိ, အတ်, အ–တို့ကို ရှေ့ဃဋနာက ယူခဲ့ပြီးဖြစ်၍ နောက်ထပ် မယူရတော့ပါ။

တတိယ တရားအရ အများဆုံးပစ္စည်းမှာ သံ–ဖြစ်သည်၊ သံကို ရက သဟကြီး ၄–ပစ္စည်းနှင့် အညတို့ကိုလည်း ဇကန်ရနိုင်သည်၊ ထို့ကြောင့် "ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ"ဟု ဟောတော်မူပြန်သည်။

ဤဃဋနာမှ "ဟေတုပစ္စယာ သမ္ပယုတ္တေ တီဏိ"ဟူသော သဘာဂကို ထုတ်ယူနိုင်သည်၊ အည–စသည်တို့ကိုမူ ရှေ့က ယူခဲ့ပြီးဖြစ်သည်။

စတုတ္ထ တရားအရ အများဆုံးသော ပစ္စည်းမှာ ဝိပ္ပယုတ္တ ဖြစ်သည်၊ ဝိပ္ပယုတ္တကို ရက သဟကြီး ၄–ပါးကိုလည်း ဇကန်ရနိုင်သည်၊ ထို့ကြောင့် "ဟေတု သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိ"ဟု ဟောတော်မူသည်။

ဤဃဋနာမှ "ဟေတုပစ္စယာ ဝိပ္ပယုတ္တေ တိဏိ"ဟူသော သဘာဂကို ထုတ်ယူနိုင်သည်၊ ဤဃဋနာ ၄-ချက်ကို ဝိပါကပစ္စည်းကို မသုံးသပ်ဘဲ ဟောကြားထားသောကြောင့် "အဝိပါက ဃဋနာ"ဟု ခေါ်သည်။

ဝိပါကသည် ဝိပါက်နာမက္ခန္ဓာမျှကိုသာ ရ၍ အခြား သဟလတ်, သဟကြီးတို့ထက် အရနည်းစေကာမူ သဟယေ်များထက်ကား အရများသေးသည်၊ ဝိပါကကို ရ၏ သဟကြီး ၄-ပါးကို ကေန်ရနိုင်သည်၊ အညု-စသည်တို့ကိုမူ ယထာရဟသာ ရနိုင်သည်၊ ထို့ကြောင့် "ဟေတု သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတန္တိ ဧကံ"ဟူသော ပထမ သဝိပါကဃဋနာကို ဟောတော်မူသည်။

ဤဃဋနာမှ "ဟေတုပစ္စယာ ဝိပါကေ ဧကံ"ဟူသော သဘာဂကို ထုတ်ယူနိုင်သည်။

ထို့နောင် အညပါဝင်နိုင်အောင် သမ္ပယုတ္တက္ခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဝိပါက်ဟိတ် ၃-ပါးကို ယူ၍ "ဟေတု သဟဇာတ အညမည နိဿယ ဝိပါက အတ္ထိ အဝိဂတန္တိ ဧကံ"ဟု ဃဋနာတစ်ချက်။

အညနှင့်သမ္ပယုတ္တပါဝင်အောင် သမ္ပယုတ္တက္ခန္ဓာအား တပ်သော ဝိပါက်ဟိတ် ၃-ပါးကို ယူ၍ "ဟေတု သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"ဟု ဃဋနာတစ်ချက်။

ဝိပ္ပယုတ္တပါဝင်အောင် သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ် ၃-ပါးကို ယူ၍ "ဟေတု သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"ဟု ဃဋနာတစ်ချက်။

အညနှင့်ဝိပ္ပယုတ္တပါဝင်အောင် ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ၌ ရှိသော ဝိပါက်ဟိတ် ၃-ပါးကို ယူ၍ "ဟေတု သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ ဧကံ"ဟု ဃဋနာတစ်ချက်။

ဤသို့ ၄-ချက် ဟောသေးသည်၊ ဤ ၄-ချက်မှ သဘာဂပစ္စည်း မရတော့ချေ၊ ရသင့်သည့်အလျောက် ခွဲစိတ်ပေါင်းစု ဟောထားခြင်းသာ ဖြစ်သည်၊ သဘောကျအောင် အထပ်ထပ် ကြံစည်လေ့လာပါ။

ဤသို့လျှင် အဝိပါက ၄-ချက်, သဝိပါက ၅-ချက်အားဖြင့် ဃဋနာ ၉-ချက် ဖြစ်လာသည်၊ ဤဃဋနာ ၉-ချက်ကို "သာမညဃဋနာ"ဟု ခေါ်သည်။

ဟေတု၏ သဘာဂဖြစ်သော သဟဇယ် ၃-ပစ္စည်းတို့တွင် ဣန္ဒြိယနှင့် မဂ္ဂ တို့သည် တရားအရ များကြသည့်အပြင် ဤနေရာ၌ ပစ္စည်း, ပစ္စယုပ္ပန်တရား များလည်း တူညီကြသည်၊ ယင်း ပစ္စည်းများနှင့် သဟကြီး ၄-ပစ္စည်းတို့သာ ပြိုင်နိုင်ကြသည်၊ သဟလတ်များမှာ ယထာရဟသာ ပါဝင်နိုင်ကြသည်၊ ထို့ကြောင့် သဟလတ်များပါ တစ်ပြိုင်နက် ပါဝင်နိုင်, ပြိုင်နိုင်အောင် အဝိပါက ၄-ချက်, သဝိပါက ၅-ချက် ခွဲ၍ ဃဋနာ ၉-ချက်ပင် ဟောသည်၊ ဤ ၉-ချက်ကို "သဣန္ဒြိယ မဂ္ဂဃဋနာ"ဟု ခေါ်သည်။

ထိုတွင် "ဟေတု သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ စတ္တာရိ" ဟူသော သဗ္ဗဋ္ဌာနိကဃဋနာမှ "ဟေတုပစ္စယာ ဣန္ဒြိယေ စတ္တာရိ၊ ဟေတုပစ္စယာ မဂ္ဂေ စတ္တာရိ"ဟူသော သဘာဂ ၂-ချက်ကို ရနိုင်သည်။

တရားအရ အနည်းဆုံး အဓိပတိကို နောက်ဆုံးထား၍ ဃဋနာဖွဲ့ရာ၌ အဓိပတိ တရားကိုယ်မှာ ဝီမံသာဓိပတိဖြစ်၍ သဟကြီး ၄-ပါးနှင့် ဣ မဂ္ဂတို့ ပြိုင်နိုင်ကြသည်၊ ထို့ကြောင့် သဟလတ်များပါ ပါဝင်နိုင်အောင် ဃဋနာ ခွဲဝေပေါင်းစုပါက အဝိ ပါက ၃-ချက်, သဝိပါက ၃-ချက်အားဖြင့် ၆-ချက်သာ ရတော့သည်၊ ဤ ၆-ချက်ကို "သာဓိပတိဣန္ဒြိယမဂ္ဂဃဋနာ"ဟု ခေါ်သည်။

အဓိပတိပစ္စည်းသည် ပဝတ္တိအခါ ဒွိဟိတ်ဇော, တိဟိတ်ဇောများမှာသာ ဖြစ်နိုင်သည်၊ ပဋိသန္ဓေအခါမှာ မဖြစ်နိုင်ချေ၊ ယင်းသို့ ပဋိသန္ဓေအခါမှာ မဖြစ် နိုင်သည့်အတွက် အဓိပတိ၏ ပစ္စယုပ္ပန်မှာ ဟဒယဝတ္ထု မပါနိုင်၊ ယင်းသို့ ဟဒယ ဝတ္ထု မပါနိုင်ခဲ့ပါလျှင် ဟဒယဝတ္ထု ပစ္စယုပ္ပန်ကို အကြောင်းပြု၍ ဖြစ်လာရသော အညမညဆိုင်ရာ ဃဋနာ ၃-ချက်ကိုလည်း မရနိုင်တော့ပါ၊ သို့ဖြစ်၍ အဓိပတိဆိုင်ရာ ဃဋနာများ၌ အညမညနှင့် သမ္ပယုတ္တတို့သည် အရတူ ဖြစ်ရတော့သည်၊ အည မညနှင့် ဝိပ္ပယုတ္တတို့လည်း ပြိုင်နိုင်ခွင့် မရှိတော့ပါ၊ ထို့ကြောင့် သာဓိပတိဣန္ဒြိယ မဂ္ဂဃဋနာ၌ ဃဋနာ ၆-ချက်သာ ရနိုင်ပါသည်။

ထိုတွင် "ဟေတု အဓိပတိ သဟဇာတ နိဿယ ဣန္ဒြိယ မဂ္ဂ အတ္ထိ အဝိဂတန္တိ စတ္တာရိ"ဟူသော သဗ္ဗဋ္ဌာနိက ဃဋနာမှ "ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ"ဟူသော သဘာဂကို ထုတ်ယူနိုင်သည်။

ဤသို့လျှင် "သာမညဃဋနာ ၉-ချက်, သဣန္ဒြိယမဂ္ဂဃဋနာ ၉-ချက်, သာဓိပတိဣန္ဒြိယမဂ္ဂဃဋနာ ၆-ချက်"အားဖြင့် ဟေတုဃဋနာပေါင်း ၂၄-ချက် ဖြစ်သတည်း။

ဃဋနာအသီးအသီးမှ ထုတ်ယူထားသော သဘာဂများကို ရေတွက်ကြည့်ပါလျှင် ၁၁-ပါး အတိအကျ ဖြစ်လာသည်ကို တွေ့ရမည်၊ ၎င်းတို့ကို ဒေသနာစဉ်ကျအောင် စီစဉ်ရန်သာ လိုတော့သည်။

ပြဆိုခဲ့ပြီးသမျှကို ကျေနပ်အားရအောင် လေ့လာပြီးပါက ဃဋနာသင်္ချာဝါရကို ဆက်လက်လေ့လာနိုင်ပါပြီ၊ ယင်းဃဋနာများမှပင် သဘာဂများကို ထုတ်ယူ၍ ဒေသနာစဉ်ကျအောင် ဟောပါ၊ ပစ္စည်းတစ်ခုတစ်ခု၌ သဘာဂသင်္ချာဝါရကို ဟောပြီးက ရသင့်သည်အားလျော်စွာ ဃဋနာသင်္ချာဝါရကို ဆက်လက် ဟောထားသည်၊ ယင်း သဘာဂနှင့် ဃဋနာတို့ကိုပင် "မိဿကသင်္ချာဝါရ"ဟု ခေါ်သည်၊ ဤသဘောကို နားလည်ထားပါက ပစ္စည်းတစ်ခုပြီးတစ်ခု ဆက်ဟောသွားရုံမျှသာ ရှိတော့သည်။

**ဃဋနာသင်္ချာဝါရ**

စည်း ပန်တူရာ-စိတ်ဓမ္မာမှာ, ပေါင်းဆုံပြိုင်ကြ-ပစ္စယာ၊
သတ္တိပေါင်းကို-ဃဋနာ့ဟု, မှတ်သားပါကြ-တိကျစွာ။
သဟ အာရမ်-စသည်ရောလျှင်, မိဿကောတဲ့-ဃဋနာ၊
သဟမနော-ပြိုးပြွမ်းဟော, မှတ်လော-ပကိဏ်းသာ။
အဲ-ဒါက····ဦးစွာညွှန်ပြ, ဃဋနာ့သဘာဝါ။

ပစ္စည်း, ပစ္စယုပ္ပန်တူညီသော အစိတ်အစိတ်ဖြစ်သော တရားများမှာ ပေါင်းဆုံစုပြိုင်ကြသော သဘာဂ ပစ္စယ သတ္တိပေါင်းကို "ဃဋနာ"ဟု ခေါ်သည်၊ ယင်းဃဋနာသည် "မိဿကဃဋနာ, ပကိဏ္ဏကဃဋနာ, သဟဇာတဃဋနာ"ဟု ၃-မျိုးရှိသည်။

ထိုတွင် မိဿကဃဋနာ၌ သဟဇာတမျိုးနှင့် အာရမ္မဏမျိုး-စသည်တို့ကို ရောနှောဟောသည်၊ ဝိဘင်္ဂဝါရက ပြဆိုခဲ့ပြီးသော မျိုးကွဲရှိသည့် ၁၀-ပစ္စည်းတို့တွင် သဟမျိုးပါဝင်သော ပစ္စည်းများမှာ "ဓိ, နိ, ကံ, ဟာ, ဣံ, ဝိပ်, အတ်, အ"ဟု ၈-ပစ္စည်းမျှသာ ဖြစ်ပါသည်။

သို့သော် ကမ္မ၌ "သဟဇာတကမ္မ, နာနာက္ခဏိကကမ္မ" ၂-မျိုးပါဝင်နေစေကာမူ ယင်း ၂-မျိုးလုံးနှင့် ပေါင်းဆုံနိုင်, ပြိုင်နိုင်သော သဘာဂပစ္စည်း မရှိ၊ ထို့ကြောင့် ယင်းကမ္မပစ္စည်းကို မိဿကဃဋနာ၌ မဟောပါ၊ ကျန် ၇-ပစ္စည်းကိုသာ ဟောပါသည်၊ မျိုးပစ္စည်း တစ်ခုမျှဖြင့် မိဿကဃဋနာ မဖွဲ့နိုင်ကြောင်းကို သတိပြုပါ။

ပကိဏ္ဏကဃဋနာ၌ သဟမျိုးကို ပယ်နုတ်၍ ကြွင်းသော မျိုးပစ္စည်းတို့ကို ရောပြွမ်းဟောတော်မူသည်၊ သို့ဖြစ်၍ သဟမျိုးနှင့်သာဆိုင်သော "ဟေ, သဟ, အည, ဝိပါ, ဈာ, မဂ်, သံ"၇-ပစ္စည်းတို့ကို ပယ်နုတ်လိုက်ပါက ၁၇-ပစ္စည်း ကျန်မည်၊ သို့သော် ရုပ်အာဟာရမျိုးနှင့် ရူပဇီဝိတိန္ဒြိယမျိုးတို့ကို ဒေသနာသံကိဏ္ဏ ဖြစ်ဖွယ်ရှိသောကြောင့် ဤပကိဏ္ဏကဃဋနာ၌ ဟောတော်မမူဘဲ ချန်လှပ်ထားခဲ့သည်၊ ထို့ပြင် ပြိုင်ဘက် မရှိ၊ ပစ္စည်းရေ တစ်မျှသာ ရသောကြောင့် ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မပစ္စည်းကိုလည်း ဟောတော်မမူပါ။

ဤသို့လျှင် ပကိဏ္ဏကဃဋနာ၌ ရုပ်အာဟာရမျိုးကို မဟောသည့်အတွက် အာဟာရပစ္စည်း လုံးဝမပါဝင်နိုင်တော့ပါ၊ ရူပဇီဝိတိန္ဒြိယမျိုး, ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုးတို့ကို မဟောသော်လည်း ပုရေဇာတိန္ဒြိယနှင့် ဗလဝကမ္မ, အနန္တရကမ္မတို့ ကျန်ရှိနေသေးသောကြောင့် ဣန္ဒြိယပစ္စည်းနှင့် ကမ္မပစ္စည်းတို့မှာ ပါဝင်နိုင်ပါသေးသည်။

ထို့ကြောင့် ပကိဏ္ဏကဃဋနာ၌ "အာ, ဓိ, နန်, သနန်, နိ, ဥ, ပု, ပစ္ဆာ, အာသေ, ကံ, ဣံ, ဝိပ်, အတ်, နတ်, ဝိ, အဝိ"ဟူသော ၁၆-ပစ္စည်းကို ဟောသည်၊ သဟဇာတဃဋနာ၌မူ သဟဇာတမျိုး ၁၅-ပစ္စည်းတို့ကိုပင် ဟောတော်မူသည်။

**ဃဋနာစိစစ်ချက်—**

ဆိုခဲ့ပြီးသည်အားလျော်စွာ "ဓိ, နိ, ဣံ, ဝိပ်, အတ်, အဝိ" ဤ ၆-ပစ္စည်းတို့သည် "မိဿကဃဋနာ, ပကိဏ္ဏကဃဋနာ, သဟဇာတဃဋနာ"ဟု ဆိုအပ်သော ဃဋနာ ၃-မျိုးလုံးမှာပင် ပါဝင်နိုင်ကြသည်။

အာဟာရပစ္စည်းသည် "မိဿကဃဋနာ, သဟဇာတဃဋနာ"အားဖြင့် ဃဋနာ ၂-မျိုးမှာသာ ပါဝင်နိုင်သည်။

ကမ္မပစ္စည်းသည် "ပကိဏ္ဏကဃဋနာ, သဟဇာတဃဋနာ"ဟူသော ဃဋနာ ၂-မျိုးမှာသာ ပါဝင်နိုင်သည်။

"အာ, နန်, သနန်, ဥ, ပု, ပစ္ဆာ, အာသေ, နတ်, ဝိ" ဤ ၉-ပစ္စည်းတို့သည် ပကိဏ္ဏကဃဋနာ တစ်မျိုးမှာသာ ပါဝင်နိုင်ကြသည်။

“ဟေ, သဟ, အညှ, ဝိပါ, ဈာ, မဂ်, သံ” ဤ ၇–ပစ္စည်းတို့သည် သဟဇာတ ဃဋနာမျိုးမှာသာ ပါဝင်နိုင်ကြသည်၊ ဤသို့လည်း ခွဲခြားဝေဖန် စိစစ်သင့်သေးသည်။

**ဆောင်။** ။ အဓိ နိ ဣံ–ဝိပ် အတ် အဝိ, သုံးမျိုးလုံးရ–ဃဋနာ၊
မိသ် သဟမှာ–အာဟာရနှင့်, ပကိဏ်းသဟ–ကမ္မမှာ။

[ က ] အာ ဥ ပု *နန်–ပစ် သေ ကိုးတို့, ပကိဏ်းတစ်မျိုး–ပြိုင်ရိုးပါ၊
ဟေ သ အညှ, ဝိ ဈာ မ, သမ္ပတို့မှာ သဟသာ။
အဲ–ဒါက ···· ရသင့်သမျှ, ပစ္စယဃဋနာ။

**ဆောင်။** ။ ဟေ သဟ–အညှရယ်တဲ့ ဝိပါကာ၊
[ ခ ] ဈာ မဂ် သံ–ပေါင်း သတ္တငယ်, သဟမျှသာ။
အာ နန် နန်–ဥပ နိရယ်နဲ့, နတ် ဝိ ပု ပစ္ဆာ, အာသေဝါပကိဏ်း၊
မိ နိ ဣံ–ဝိပ် အတ် အဝိတို့မှာလ, ဃဋနာ–သုံးဖြာရပါလို့,
ကမ္မမှာ–ကိဏ်း သဟငယ်နှင့်, ဟာရမှာ–မိသ် သဟကို,
ပြိုင်ကြမတိမ်း။

မိဿကဃဋနာ ၃၉–ချက်

| ပစ္စည်း | အတ္ထိ–၆ | သနိ၊ ပုနိ | သဟာဓိ၊ အာပုဓိ | သဟာဓိ၊ ဝတ္ထာဓိ | နာမ်ဟာ၊ ရုပ်ဟာ | ဣံ–၃ | သဟတိ်၊ ပုတိ် | ဝိပ်–၃ | သဟဝိပ်၊ ပုဝိပ် | သာဓိဝိပ်၊ ဝတ္ထာဓိ | သတိ်ဝိပ်၊ ပုတိ်ဝိပ် | ဃဋနာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဓိ | | | ။ | ။ | | | | | | ။ | | ၃ |
| နိ | | ။ | | ။ | | | ။ | | ။ | ။ | ။ | ၆ |
| ဟာ | | | | | ။ | | | | | | | ၁ |
| ဣံ | | | | | | ။ | ။ | | | | ။ | ၃ |
| ဝိပ် | | | | | | | | ။ | ။ | ။ | ။ | ၄ |
| အတ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၁ |
| အဝိ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၁ |
| သချာ | ၁၃ | ၁၃ | ၈ | ၈ | ၇ | ၇ | ၇ | ၅ | ၅ | ၄ | ၃ | ၃၉ |

"အတ္ထိ ၆–မျိုး၊ သဟနိ ပုရေနိ၊ သဟာဓိ အာပုဓိ၊ သဟာဓိ ဝတ္ထာဓိ၊ နာမ်ဟာ ရုပ်ဟာ၊ ဣ–၃၊ သဟတိ ပုတိ၊ ဝိပ်–၃၊ သဟဝိပ် ပုရေဝိပ်၊ သာဓိဝိပ် ဝတ္ထာဓိ၊ သဟတိ ဝိပ် ပုတိ ဝိပ်"ဟူသော ခေါင်းစဉ် ၁၁–ချက်ကို ရပါစေ၊ လက်ဝဲဘက် အထက်အောက်ပြထားသော ပစ္စည်းများကိုလည်း မှတ်မိပါစေ၊ ယင်းခေါင်းစဉ်များ မှပင် မိဿကဃဋနာ ၃၉–ချက် ဖြစ်လာပုံကို သဘောပေါက်အောင် ကြည့်ရှု လေ့လာပါ။

**ဆောင်။** ။ အတ္ထိခြောက်ဖြာ–သပုနိတဲ့, သဓိ ပုဓိ–ဝတ်ဓိလာ၊

[ က ] နာမ်ဟာ ရုပ်ဟာ–ဣ သုံးခုနှင့်, သဟတိ ပု–ဝိပ် သုံးဖြာ။

သဝိပ်ပုမှာ–သာဓိဝိပ်နှင့်, ဝတ္ထာဓိဝိပ်–တွဲဖက်ကာ၊

သတိ ဝိပ်မှာ–ပုတိ စွက်လို့, ဤဆဲ့တစ်ချက်–ခေါင်းစဉ်ပါ။

နိ ဓိ ဟာရ, ဣ ဝိပ္ပ, အတ် အ ပစ္စည်းလာ၊

အဲ–ဒါက···· သုံးဆဲ့ကိုးမျှ, မိဿကဃဋနာ။

**ဆောင်။** ။ အတ် နိ ဓိဒွေး, ဟာ ဣဒွေး, ဝိပ်လေးခေါင်းစဉ်ပါ၊

[ ခ ] ဓိ နိ ဟာရ, ဣ ဝိပ္ပ, အတ် အ ပစ္စည်းလာ၊

ဓိ ဣ သုံးချက်, နိခြောက်ချက်နှင့်, လေးချက်ဝိပ္ပ, ဟာဧက, အတ်အ ဧက်ဒသာ။

**ခေါင်းစဉ် ၁၁–ချက် ဆိုရိုး–**

**၁။ အတ္ထိ ၆–မျိုး။** ။ အလုံးစုံသော သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိပစ္စည်း။

[ အာပုနှင့် ဝတ္ထုကို ပေါင်းလျက် "ပုရေဇာတဣ"ဟု တစ်မျိုးတည်း ယူထားသောကြောင့် ၅–မျိုး ဖြစ်နေသည်။ ]

**၂။ သနိ၊ ပုနိ။** ။ အလုံးစုံသော သဟဇာတနိဿယ၊ ပုရေဇာတနိဿယ ပစ္စည်း။

**၃။ သဟာဓိ၊ အာပုဓိ။** ။ အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း၊ အလုံးစုံသော အာပုဓိပစ္စည်း။

**၄။ သဟာဓိ၊ ဝတ္ထာဓိ။** ။ အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း၊ ဝတ္ထာဓိပစ္စည်း။

**၅။ နာမ်ဟာ၊ ရုပ်ဟာ။** ။ အလုံးစုံသော နာမ်အာဟာရ ရုပ်အာဟာရ ပစ္စည်း။

**၆။ ဣန္ဒြိ-၃။** ။ အလုံးစုံသော သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပစ္စည်း။

**၇။ သဟာတိ၊ ပုတိ။** ။ အလုံးစုံသော သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယပစ္စည်း။

**၈။ ဝိပ်-၃။** ။ အလုံးစုံသော သဟဇာတဝိပ္ပယုတ္တ၊ ပုရေဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း။

**၉။ သဟာဝိပ်၊ ပုရေဝိပ်။** ။ အလုံးစုံသော သဟဇာတဝိပ္ပယုတ္တ၊ ပုရေဇာတဝိပ္ပယုတ္တပစ္စည်း။

**၁၀။ သာဓိဝိပ်၊ ပုရေဝိပ်။** ။ သာဓိပတိစိတ္တဇရုပ်အား တပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တစ်ပါးပါး -ဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း၊ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅-ချက်အား တပ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ .... ဝတ္ထာရမဏပစ္စည်း။

**၁၁။ သဟာတိဝိပ်၊ ပုတိ။** ။ "စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော နာမ်က္ခန္ဓာတရားကိုယ် ၈-ပါး"ဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း၊ ပုရေဇာတိန္ဒြိယပစ္စည်း။

[ အကျဉ်းမျှ ပြထားသည်ကို သုဒ္ဓသချာဆိုရိုးအတိုင်း အကျယ်ဆိုရန် ဖြစ်သည်။ ]

ဇယားဖြင့် သင်ပြနည်း—

၁။ ဟောလိုသောပစ္စည်း၏ လက်ယာဘက်တစ်တန်းတည်းမှာ ပါရှိသော ပုဒ်မအမှတ်များဖြင့် ယင်းနှာ အရေအတွက်ကို ပြသည်။

၂။ ထိုအမှတ်အသီးအသီးတို့၏ အထက်အောက် ပါရှိသော အမှတ်များဖြင့် ယင်းနှာတစ်ခုတစ်ခု၌ ပါဝင်နိုင်သော ပစ္စည်းရေကို ပြသည်။

၃။ ယင်း ပစ္စည်းရေပြ အမှတ်အသား အသီးအသီး၏ လက်ဝဲဘက်ရှိ ပစ္စည်းခေါင်းစဉ်များကို ရှုလျက် ဃဋနာ အမည်ပေးရမည်။ [ ဃဋနာ အမည်ပေးပုံကို နောက်၌ သီးသန့်ပြထားသည်။ ]

၄။ ဃဋနာအသီးအသီး၏ အပေါ်တည့်တည့်ရှိ ခေါင်းစဉ်က ညွှန်ပြသော သုဒ္ဓသင်္ချာကို ဆို၍ အောက်ဆုံးတည့်တည့်မှာ ပြထားသော ဂဏန်းများကို ရှုလျက် သင်္ချာတပ်ရမည်။

၅။ ယင်း သင်္ချာ၏ သခြေ်ယျများကိုလည်း ရေတွက်ပြရမည်၊ ထို့နောက် သင်္ချာ တစ်ခုတစ်ခု၏ ကတ္တား, သမ္ပဒါန်တို့ကို အရကောက်ရမည်၊ ရသင့်သော ဝိဓိအနုဝါဒပါဠိတို့ကို ထုတ်ပြရမည်။

ဤသို့ ဇယားအကူအညီဖြင့် ဦးစွာ သင်ယူပါ၊ ထို့နောက် ကြောင်းကျိုးဆင်ခြင် သဘောဉာဏ် သက်ဝင်လာအောင် တစ်ဆင့်တက်၍ ကြံစည်စဉ်းစားပါ၊ အလေ့ အလာ ပြုလုပ်ပါ။

**သဘာဂကို သုံးသပ်၍ သင်ပြနည်း**

အဓိပတိပစ္စည်းကို မူတည်၍ ကျန်ပစ္စည်းများနှင့် ဃဋနာတွဲစပ်ပုံကို ရှင်းပြပါမည်၊ အဓိပတိသည် သဟမျိုး, အာရမ်မျိုး၌ ပါဝင်၏၊ အဓိပတိနှင့် ဃဋနာ တွဲစပ်သော ပစ္စည်းများလည်း (အနည်းဆုံး) ထို ၂-မျိုး၌ ပါဝင်ကြရမည်၊ ယင်းပစ္စည်း များကို ရွေးချယ်ထုတ်နုတ်ပါက ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်းတို့ ဖြစ်ကြ ပါသည်။

ပစ္စည်း ပစ္စယုပ္ပန် အများအနည်းအလိုက် ဃဋာနာစဉ်ရမည်ဖြစ်သောကြောင့် အတ္ထိ, အဝိဂတပစ္စည်းများနှင့် ရှေးဦးစွာ တွဲစပ်ရပါမည်၊ အဓိပတိနှင့် အတ္ထိ, အဝိဂတပစ္စည်းများကို သဟမျိုး၌ သဘာဂလုပ်ကြည့်ပါ၊ ရရှိလာသော ပစ္စည်း ပစ္စယုပ္ပန်တရားများ (သဟာဓိသုဒ္ဓသင်္ချာ)ကို သင်္ချာတပ်ပါ၊ ထို့အတူ အာရမ်မျိုး ၌လည်း အဓိပတိပါသော အာရမဏာဓိပတိ သုဒ္ဓသင်္ချာအုပ်စုနှင့် အတ္ထိ, အဝိဂတ ပါသော အာရမဏပုရေဇာတ သုဒ္ဓသင်္ချာအုပ်စုကို သဘာဂလုပ်ပါ၊ ရရှိလာသော ပစ္စည်း ပစ္စယုပ္ပန်တရားများ (အာပုဓိသုဒ္ဓသင်္ချာ)ကို သင်္ချာတပ်ပါ၊ ယင်း ၂-ရပ် ကို ပေါင်းကြည့်ပါက သဟမျိုး၌ သင်္ချာ-၇, အာရမ်မျိုး၌ သင်္ချာ-၁ ရရှိပါမည်၊ ထို့ကြောင့် “အဓိပတိအတ္ထိအဝိဂတန္တိ အဋ္ဌ”ဟု ဖြစ်လာပုံကို နားလည်နိုင်ပါသည်။

ထို့အတူ နိဿယပစ္စည်းနှင့် တွဲစပ်ရာ၌လည်း သဟမျိုး၌ အဓိပတိနှင့်နိဿယကို သဘာဂလုပ်ပါ၊ ရရှိလာသော ပစ္စည်း ပစ္စယုပ္ပန်တရားများ (သဟာဓိသုဒ္ဓသင်္ချာ)ကို

သင်္ချာတပ်ပါ၊ အာရမ်မျိုး၌ အဓိပတိပါသော အာဓိသုဒ္ဓသင်္ချာနှင့်နိဿယ ပါသော ဝတ္ထာသုဒ္ဓသင်္ချာအုပ်စုတို့ကို သဘာဂလုပ်ပါ၊ ရရှိလာသော ပစ္စည်း ပစ္စယုပ္ပန်တရားများ (ဝတ္ထာဓိ)ကို သင်္ချာတပ်ပါ၊ သဟမျိုး၌ သင်္ချာ-၇, အာရမ်မျိုး၌ သင်္ချာ-၁ ရရှိပါမည်၊ ယင်း ၂-ရပ်ကို ပေါင်းပါက "အဓိပတိနိဿယအတ္ထိအဝိဂတန္တိ အဋ္ဌ"ဟု ဖြစ်လာပုံကို သဘောကျ နားလည်နိုင်ပါသည်။

ဝိပ္ပယုတ္တပစ္စည်းနှင့် တွဲစပ်ရာ၌လည်း သဟမျိုး၌ အဓိပတိနှင့်ဝိပ္ပယုတ္တကို သဘာဂလုပ်ပါ၊ ရရှိလာသော ပစ္စည်း ပစ္စယုပ္ပန်တရားများ (သဟာဓိဝိပ်သုဒ္ဓသင်္ချာ)ကို သင်္ချာတပ်ပါ၊ အာရမ်မျိုး၌ အဓိပတိနှင့်ဝိပ္ပယုတ္တကို သဘာဂလုပ်ပါ၊ ရရှိလာသော ပစ္စည်း ပစ္စယုပ္ပန်တရားများ (ဝတ္ထာဓိသုဒ္ဓသင်္ချာ)ကို သင်္ချာတပ်ပါ၊ သဟမျိုး၌ သင်္ချာ-၃, အာရမ်မျိုး၌ သင်္ချာ-၁ ရရှိပါမည်၊ ယင်းသင်္ချာ ၂-ရပ်ကို ပေါင်းစပ်ပါက "အဓိပတိနိဿယဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ စတ္တာရိ"ဟု ဃဋနာဖြစ်လာပုံကို နားလည်နိုင်ပါသည်။

ကျန်ပစ္စည်းများကိုလည်း တစ်ပစ္စည်းချင်း ရွေးချယ်စိစစ်၍ သဘောပေါက် နားလည်သည်အထိ ကြိုးစားပါ၊ သဘာဂ ကျေပွန်၍ ယခုညွှန်ပြသည့်အတိုင်း ဃဋ္ဋာနယူဆပုံကို သဘောကျပါက ခက်ခဲဖွယ် မရှိတော့ပါ။

အထူးမှတ်ရန်မှာ— နိဿယကို မူတည်၍ ကျန်ပစ္စည်းများနှင့် ဃဋနာတွဲစပ်ရာ၌ ရှေးဦးစွာ နိဿယနှင့်အဓိပတိ, နိဿယနှင့်ဝိပ္ပယုတ္တ, နိဿယနှင့်ဣန္ဒြိယ ပစ္စည်းများကို ညွှန်ပြခဲ့သည့်နည်းအတိုင်း တစ်ပစ္စည်းချင်း တွဲစပ်ပါ၊ တစ်ဖန် မူလီပစ္စည်းများဖြစ်ကြသော အဓိပတိနှင့်ဝိပ္ပယုတ္တတို့သည် သဟမျိုး, အာရမ်မျိုးတို့၌ သူတို့ချင်း သဘာဂဖြစ်နေကြပြန်သည်၊ ယင်း ၂-ပစ္စည်းတို့၏ သဘာဂဖြစ်သော ပစ္စည်း ပစ္စယုပ္ပန်များ (သုဒ္ဓသင်္ချာ)ကို စိစစ်ရွေးချယ်၍ နိဿယနှင့် တွဲစပ်လျှင် (ယင်း ၃-ပစ္စည်း၏ ၃-မျိုးဆိုင်, ၃-ဘက်ရ"သာဓိဝိပ်, ဝတ္ထာဓိ" သုဒ္ဓသင်္ချာကို ဆို၍) "သာဓိပတိဝိပ္ပယုတ္တဃဋနာ" ဖြစ်နိုင်ပါသည်။

ထို့အတူ မူလီပစ္စည်းများထဲမှ ဣန္ဒြိယနှင့်ဝိပ္ပယုတ္တပစ္စည်းတို့သည် သဟမျိုး, ဝတ္ထုပုရေဇာတမျိုးတို့၌ သူတို့ချင်း သဘာဂဖြစ်နေကြပြန်သည်၊ ယင်း ၂-ပစ္စည်း လုံးနှင့် တစ်ဖန် တွဲစပ်ပါက (သဟတိ ဝိပ်, ပုတိ ဝိပ်သုဒ္ဓသင်္ချာကို ဆို၍) "သဣန္ဒြိယ ဝိပ္ပယုတ္တဃဋနာ" ဖြစ်လာပုံကို သဘောကျ နားလည်နိုင်ပါသည်။

**ဆောင်။** ။(က) ဓိ-ဝိပ် နှစ်ဝ၊ ဣံ-ဝိပ္ပ၊ နိဿယနှင့် ထပ်၍ပြိုင်။
(ခ) အဓိ-ဝိပ္ပ၊ ဣံ-ဝိပ္ပဝယ်၊ နိဿယစွက်၊ ဤနှစ်ချက်၊ ဆက်လက် အထူးပြိုင်။

အတ္ထိ, အဝိဂတပစ္စည်းတို့ကို မူတည်၍ အခြားပစ္စည်းများနှင့် ဃဋနာတွဲစပ်ရာ၌လည်း ညွှန်ပြခဲ့သည်ကို နည်းမှီ၍ သဘောဉာဏ်သက်ဝင်အောင် ကြံဆပါ၊ မူလပစ္စည်းများ ဖြစ်ကြသည့် အဓိပတိ, နိဿယ, ဣန္ဒြိယ, ဝိပ္ပယုတ္တပစ္စည်းတို့ သက်ဆိုင်ရာ မျိုးတို့၌ အချင်းချင်း သဘာဂဖြစ်နေကြသည်ကို စိစစ်ဝေဖန်ကြည့်ပါ။

အတ္ထိကို မူတည်၍ အဓိပတိ, နိဿယ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အဝိဂတပစ္စည်းများနှင့် တစ်ပစ္စည်းချင်း ရှေးဦးစွာ ဃဋနာတွဲစပ်ပါ၊ ထို့နောက် နိဿယပါဝင်စေ၍ အဓိပတိ, ဣန္ဒြိယ,ဝိပ္ပယုတ္တတို့နှင့် တွဲစပ်ပါ၊ တစ်ဖန် နိဿယပါဝင်စေ၍ အဓိပတိ+ဝိပ္ပယုတ္တ, ဣန္ဒြိယ+ဝိပ္ပယုတ္တတို့နှင့် တွဲစပ်ပါ၊ အတ္ထိဃဋနာ ၁၁-ချက် ဖြစ်ပေါ်လာပါလိမ့်မည်၊ အာဟာရအတွက်ကား အထူးညွှန်ကြားဖွယ် မလိုတော့ပါ။

**ဆောင်။** ။ မိ ဣံ ဝိနှင့်, အဓိ+ဝိပ္ပ, ဣံ+ဝိပ္ပဝယ်, နိဿယစွက်, ဤ ၅-ချက်, ဆက်လက်အထူးပြိုင်။

**ဃဋနာအမည်မှည့်ပုံနှင့် ဆိုရိုး-**

၁။ ပါဝင်သမျှသော မူလပစ္စည်းတို့၏ အမည်ကို ဖော်ထုတ်၍ ရှေးဦးအစ ပထမဃဋနာ၏အမည်ကို ပေးရမည်။

၂။ ပထမဃဋနာ၏ မူလပစ္စည်းများသည် နောက်နောက်ဃဋနာသို့ လိုက်ပါလာလျှင် နောက်ထပ်တိုးလာသော ပစ္စည်းများ၏ အမည်ရှေ့မှာ "သ"ကို ကပ်ယှဉ်လျက် ဒုတိယ-စသော ဃဋနာကို အမည်မှည့်ရမည်။

၃။ ပထမဃဋနာက မူလပစ္စည်းများ နောက်ဃဋနာသို့ မလိုက်ပါလာလျှင် "သ"ယှဉ်ကပ်၍ အမည်ပေးရန် မလို၊ ရှေးဦးအစ ပထမဃဋနာကို ကဲ့သို့ မူလပစ္စည်းများ၏ အမည်မျှကိုသာ ဖော်ထုတ်လျက် အမည်မှည့်ရမည်။

၄။ ဤသို့ "သ"ယှဉ်သင့်, မယှဉ်သင့်ကို ထောက်ချင့်စဉ်းစား၍ နောက်၌ ရသင့်သမျှသော ဃဋနာများကိုလည်း အမည်မှည့်ရမည်။

**ဆောင်။** ။ ပထမ-ပါသမျှ မူလိပင်၊
လိုက်၍လာ-နောက်တိုးများမှာ, ရှေ့ဖျား"သ"ယှဉ်။
မလိုက်လျှင်-"သ"မယှဉ် ရှေ့လား၊
နောက်နောက်တွင်-"သ"ယှဉ်လျှင် သင့် မသင့်ကို, ထောက်ချင့် မှည့်သွား။

ဇယားမှာ အဓိပတိဃဋနာ ၃-ချက် ပြထားသည်၊ ပထမဃဋနာ၏ မူလိ ပစ္စည်းများမှာ "အတ်, အ"တို့ ဖြစ်ကြသည်၊ သို့ဖြစ်၍ ပထမဃဋနာကို "အတ္ထိ အဝိဂတဃဋနာ"ဟု အမည်ပေးပါ။

ယင်း ပထမဃဋနာ၏ "အတ်, အ"ဟူသော မူလိပစ္စည်းများသည် ဒုတိယ ဃဋနာသို့ အကုန်လိုက်ပါလာကြသည်၊ ဒုတိယဃဋနာ၌ နောက်ထပ်တိုးလာ သော ပစ္စည်းမှာ နိဿယတစ်ပစ္စည်းမျှသာ ဖြစ်သည်၊ ယင်း နောက်ထပ်တိုး လာသော နိဿယ၏ရှေ့မှာ "သ"ယှဉ်ကပ်လျက် "သနိဿယဃဋနာ"ဟု အမည် ပေးပါ။

ပထမဃဋနာက မူလိပစ္စည်းများသည် တတိယဃဋနာသို့လည်း လိုက်လာကြ ပြန်သည်၊ တတိယဃဋနာ၌ နောက်ထပ်တိုးလာသော ပစ္စည်းများမှာ နိဿယ, ဝိပ္ပယုတ္တတို့ ဖြစ်ကြသည်၊ ယင်း နောက်ထပ်တိုးလာသော နိဿယ, ဝိပ္ပယုတ္တ တို့၏ ရှေ့မှာ "သ"ယှဉ်ကပ်လျက် "သနိဿယဝိပ္ပယုတ္တဃဋနာ"ဟု အမည်မှည့်ပါ၊ ဤနည်းအတိုင်း အလားတူ ဃဋနာများကိုလည်း အမည်မှည့်ရမည်။

အတ္ထိအဝိဂတ ဃဋနာ၌ သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တစ်ပါးပါး-ဟု ဆိုအပ်သော သဟ ဇာတာဓိပတိပစ္စည်း၊ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ-ဟု ဆိုအပ်သော အာရမဏာဓိပတိပစ္စည်း၊ ဤတရားတို့သည် အဓိပတိ, အတ္ထိ, အဝိဂတတပ်သော ပစ္စည်း မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို "အဓိပတိ အတ္ထိ အဝိဂတန္တိ အဋ္ဌ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ အဋ္ဌ-ဟူသော်ကား ···· ဟူသည်တည်း။

"ကုသလော ကုသလဿ" အစရှိသော သင်္ချာတို့၏အရကို ပဒ,ပဒါဝသာန အားလျော်စွာ သရုပ်ခွဲလျက် ရသင့်သည့်အလျောက် ကောက်ရမည်၊ နောက်နောက် ဃဋနာများကိုလည်း ဤနည်းအတိုင်း ဖြစ်သင့်သည်အားလျော်စွာ ဆက်လက် ဟောရမည်။

## ပကိဏ္ဏကဃဋနာ ၆၄-ချက်

| ပစ္စည်း | ပစ္ဆာ | အာပု၊ ဝတ်ပု | ဝတ်ပု | အာဓိ | အာပု | ဝတ္ထာ | အာပုဓိ | ဝတ္ထာဓိ | ပုတိ | အနန် | အာသေ | နာနာကမ္မ | အနန်ကမ္မ | ဃဋနာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အာ | | | | ။ | ။ | ။ | ။ | ။ | | | | | | ၅ |
| အဓိပတိ | | | | ။ | | | ။ | ။ | | | | | | ၃ |
| အနန် | | | | | | | | | | ။ | ။ | | ။ | ၃ |
| သနန် | | | | | | | | | | ။ | ။ | | ။ | ၃ |
| နိဿယ | | | ။ | | | ။ | | ။ | ။ | | | | | ၄ |
| ဥပ | | | | ။ | | | ။ | ။ | | ။ | ။ | ။ | ။ | ၇ |
| ပုရေ | | ။ | ။ | | ။ | ။ | ။ | ။ | ။ | | | | | ၇ |
| ပစ္ဆာ | ။ | | | | | | | | | | | | | ၁ |
| အာသေ | | | | | | | | | | | ။ | | | ၁ |
| ကမ္မ | | | | | | | | | | | | ။ | ။ | ၂ |
| ဣန္ဒြိယ | | | | | | | | | ။ | | | | | ၁ |
| ဝိပ္ပ | ။ | | ။ | | | ။ | | ။ | ။ | | | | | ၅ |
| အတ္ထိ | ။ | ။ | ။ | | ။ | ။ | ။ | ။ | ။ | | | | | ၈ |
| နတ္ထိ | | | | | | | | | | ။ | ။ | | ။ | ၃ |
| ဝိဂတ | | | | | | | | | | ။ | ။ | | ။ | ၃ |
| အဝိဂတ | ။ | ။ | ။ | | ။ | ။ | ။ | ။ | ။ | | | | | ၈ |
| သချုပ် | ၃ | ၃ | ၃ | ၇ | ၃ | ၃ | ၁ | ၁ | ၁ | ၇ | ၃ | ၂ | ၁ | ၆၄ |

ဆောင်။ ။ ပစ္ဆာ ပုရေ-ဝတ်ပုပြလို့, အာမျိုးငါး၀-ပုတိ ပါ၊
[ က ] အနန် အာသေ-နာကမ္မနှင့်, အနန်ကမ္မ-ခေါင်းစဉ်ကာ။
အာ ဓိ နန် နန်-နိ ဥ ပုနှင့်, ပစ် သေ ကမ္မ-ဣ ဝိပ္ပာ၊
အတ် နတ် ဝိ အ, ပစ္စယ, ယှဉ်ကြ ရသင့်ရာ။
အဲ-ဒါက ···· ခြောက်ဆဲ့လေးမျှ, ပကိဏ္ဏကဃဋနာ။

အာဝိပ္ပ–ငါးချက်ရ ပကိဏ်းမှာ၊
ဓိ နန် နန်–နတ် ဝိများမှာ, သုံးပါးစီသာ။
ကမ္မ ဒွိ–နိ လေးဖြာ, ဥ ပုမှာ ခုနစ်၊
ပစ် အာသေ–က္လံ ဇကေရယ်နှင့်, အတ် အမှာ ရှစ်စီရတယ်, ကျနစိစစ်။

**ဆောင်။** ။ ပစ်ပု ဝတ်ပု, အာ ငါးခုနှင့်, ပုတိ' အနန်, အာသေ ကံ, အနန်
[ ၁ ] ကမ္မလာ၊
ပကတူ အနန်, ပစ် ရမ် ဝတ္ထု, မျိုးငါးခု, ပေါင်းစု ဆဲ့ခြောက်ဖြာ၊
အာ ဝိပ် ငါးရှိ, ဓိ *နန် တိနှင့်, နိမှာ စတု, ဥ ပု ခွန်သာ, ပစ္ဆာ
အာသေ, က္လခြေ့ ဇက, ရှစ် အတ် အ, ကမ္မနှစ်ချက်လာ။

**ဇယားအတွက် ညွှန်ကြားချက်–**

ဇယားခေါင်းစဉ် ဆိုရိုးများမှာ သုဒ္ဓသင်္ချာအတိုင်းပင် ဖြစ်ပါသည်၊ သုဒ္ဓသင်္ချာနှင့် မထူးလှတော့ပါ၊ အာပု ဝတ်ပုမှာ ထူးသလိုရှိသော်လည်း ပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာ(၂–မျိုးပေါင်း)ပင် ဖြစ်ပါသည်။

ဇယား၌ အာရမဏာဃဋနာ ၅–ချက် ပြထားသည်၊ ပထမဃဋနာ၏ မူလီများမှာ အဓိပတိနှင့် ဥပနိဿယတို့ ဖြစ်ကြသည်၊ "အဓိပတိ ဥပနိဿယဃဋနာ"ဟု အမည်မှည့်ပါ။

ယင်း ပထမဃဋနာမှ မူလီပစ္စည်းများသည် ဒုတိယဃဋနာသို့ မလိုက်ပါလာကြချေ၊ ဒုတိယဃဋနာ၏ မူလီများမှာ ပုရေဇာတ, အတ္ထိ, အဝိဂတ–တို့ ဖြစ်ကြသည်၊ ဒုတိယဃဋနာကိုလည်း "သ"မယုဥ်ဘဲ ပထမဃဋနာ သဘောအတိုင်း "ပုရေဇာတ အတ္ထိ အဝိဂတဃဋနာ"ဟု အမည်မှည့်ပါ။

ယင်း ဒုတိယဃဋနာမှ မူလီပစ္စည်းများကား နောက်နောက်ဃဋနာများသို့ လိုက်ပါလာကြသည်၊ သို့ဖြစ်၍ နောက်တိုးလာသော ပစ္စည်းများ၏ ရှေ့မှာ အသီးအသီး "သ"ယှဥ်ကပ်လျက် တတိယဃဋနာကို "သနိဿယဝိပ္ပယုတ္တဃဋနာ"ဟုလည်းကောင်း, စတုတ္ထဃဋနာကို "သာဓိပတိဥပနိဿယဃဋနာ"ဟုလည်းကောင်း ပဥ္စမဃဋနာကို "သာဓိပတိနိဿယ ဥပနိဿယဝိပ္ပယုတ္တဃဋနာ"ဟုလည်းကောင်း အသီးအသီး အမည်မှည့်၍ ဟောရမည်။

အဓိပတိ ဥပနိဿယဃဋနာ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈–ခု မဟာကုသိုလ် ၈–ခု မဟာကြိယာဉာဏသမ္ပယုတ် ၄–ခု လောကုတ္တရာစိတ် ၈–ခုအား တပ်သော ···· နိဗ္ဗာန်၊ ဤတရားတို့သည် “ အာရမဏ, အဓိပတိ, ဥပနိဿယ” ဤ ၃–ပစ္စည်းတပ်သော တရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ “အာရမဏ အဓိပတိ ဥပနိဿယန္တိ သတ္တ”ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

အာရမဏ အဓိပတိဥပနိဿယန္တိ–ဟူ၍၊ ဧတေသု တီသု ပစ္စယေသု–ထို ၃–ပစ္စည်းတို့ကို၊ ဃဋိတေသု–ပေါင်းအပ်ကုန်သည်ရှိသော်၊ အဓိပတိယာ–အဓိပတိပစ္စည်း၌၊ ဝုတ္တာနိ–ကုန်သော၊ သတ္တေဝ–သာလျှင်ဖြစ်ကုန်သော၊ ဝိဿဇ္ဇနာနိ လဗ္ဘန္တိ။

သုဒ္ဓသင်္ချာကိုအခြေခံ သဘာဂကိုသုံးသပ်၍ ဃဋနာယူဆပုံကို ရှင်းလင်း ပြပါဦးမည်၊ ဤပကိဏ္ဏကဃဋနာ၌ ဟောမည့်ပစ္စည်းများ ရွေးချယ်ထားပုံကို ဇယားနှင့် ဆောင်ပုဒ်မှာ ပြထားသည့်အတိုင်း သိပါ၊ ရှေးဦးစွာ အာရမဏပစ္စည်းနှင့် ကျန်သော ပစ္စည်းများ ဃဋနာတွဲစပ်ပုံကို ရှင်းပြပါမည်။

**အာရမဏပစ္စည်း**

အာရမဏပစ္စည်းသည် အာရမ်မျိုး တစ်မျိုးထဲ၌သာ ပါဝင်၏၊ အာရမ်မျိုး၌ မျိုးခေါင်းဆောင်ပစ္စည်း ဖြစ်၏၊ ပစ္စည်း ပစ္စယုပ္ပန် တရားအရ အများဆုံးဖြစ်သည်၊ အာရမ်မျိုးဝင် ပစ္စည်းအားလုံးနှင့် သဘာဂဖြစ်သည်၊ သဘာဂလုပ်၍ အုပ်စုဖွဲ့လျှင်—

| | |
|---|---|
| ၁။ အာဓိ | ၂။ အာပု |
| ၃။ ဝတ္ထာ | ၄။ အာပုဓိ |
| ၅။ ဝတ္ထာဓိ | |

ဤသို့ ဖြစ်လာပါသည်၊ အာရမ်မျိုး သုဒ္ဓသင်္ချာများတွင် အာရမဏသုဒ္ဓသင်္ချာ အုပ်စုမှတစ်ပါး ကျန် ၅–အုပ်စုပင် ဖြစ်ပါသည်၊ ဇယားအပေါ်ခေါင်းစဉ်းကိုလည်း ကြည့်ပါ။

အာရမဏသုဒ္ဓသင်္ချာအုပ်စုနှင့် အာဓိသုဒ္ဓသင်္ချာအုပ်စုကို သဘာဂလုပ်လျှင် အာဓိသုဒ္ဓသင်္ချာအုပ်စု အပြည့်အစုံပင် ဖြစ်ပါသည်၊ ယင်းသုဒ္ဓသင်္ချာကို ဆို၍ သင်္ချာတပ်လျှင် “အာရမဏာဓိပတိဥပနိဿယန္တိ သတ္တ”ဟု ဖြစ်ပါသည်၊ အဓိပတိ ဥပနိဿယဃဋနာ–ဟု အမည်ပေးပါ။

> [ သဘာဂ၌ “အာရမဏပစ္စယာ အဓိပတိယာ သတ္တ၊ အာရမဏပစ္စယာ ဥပနိဿယေ သတ္တ”သည်ပင် ဃဋနာ၌ (၃–ပစ္စည်းလုံး ပေါင်း၍) “အာရမဏာဓိပတိဥပနိဿယန္တိ သတ္တ”ဟု ဖြစ်လာပါသည်၊ သဘာဂနှင့် ဃဋနာ ဆက်စပ်ယူဆပုံကို နားလည်သဘောပေါက်ပါစေ။]

ထို့အတူ အာရမဏာသုဒ္ဓသချာနှင့် အာပုသုဒ္ဓသချာကို သဘာဂလုပ်လျှင် အာပုသုဒ္ဓသချာ အပြည့်အစုံပင် ရပါသည်၊ ယင်းသုဒ္ဓသချာကို ဆို၍ သချာတပ်လျှင် "အာရမဏပုရေဇာတအတ္ထိအဝိဂတန္တိ တီဏိ"ဟု ဖြစ်ပါသည်၊ ပုရေဇာတအတ္ထိ အဝိဂတဃဋနာ–ဟု အမည်ပေးပါ။

အာရမဏာသုဒ္ဓသချာနှင့် ဝတ္ထာသုဒ္ဓသချာကို သဘာဂလုပ်လျှင် ဝတ္ထာသုဒ္ဓသချာ အပြည့်အစုံ ရပါသည်၊ ယင်းသုဒ္ဓသချာကို ဆို၍ သချာတပ်လျှင် "အာရမဏပုရေဇာတနိဿယဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ တီဏိ"ဟု ဖြစ်ပါသည်၊ သနိဿယဝိပ္ပယုတ္တ ဃဋနာ–ဟု အမည်ပေးပါ။

ထို့ပြင် မူလိပစ္စည်းများထဲမှ အဓိပတိဥပနိဿယ–ပါသော အာဓိသုဒ္ဓသချာ အုပ်စုနှင့် ပုရေဇာတ–စသည်ပါသော အာပုသုဒ္ဓသချာ, ဝတ္ထာသုဒ္ဓသချာအုပ်စုတို့သည် သူတို့ချင်း သဘာဂဖြစ်ကြပြန်သည်၊ အာဓိသုဒ္ဓသချာနှင့် အာပုသုဒ္ဓသချာကို သဘာဂလုပ်လျှင် အာပုဓိသုဒ္ဓသချာ ရပါသည်၊ ယင်းသုဒ္ဓသချာကို ဆို၍ သချာ တပ်လျှင် "အာရမဏာဓိပတိဥပနိဿယပုရေဇာတအတ္ထိအဝိဂတန္တိ ဇေကံ"ဟု ဖြစ်ပါသည်၊ သာဓိပတိဥပနိဿယဃဋနာ–ဟု အမည်ပေးပါ။

အာဓိသုဒ္ဓသချာနှင့် ဝတ္ထာသုဒ္ဓသချာကို သဘာဂလုပ်လျှင် ဝတ္ထာဓိသုဒ္ဓသချာ ရပါသည်၊ ယင်းသုဒ္ဓသချာကို ဆို၍ သချာတပ်လျှင် "အာရမဏာဓိပတိနိဿယ ဥပနိဿယပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ ဇေကံ"ဟု ဖြစ်ပါသည်၊ သာဓိပတိ နိဿယဥပနိဿယဝိပ္ပယုတ္တဃဋနာ–ဟု အမည်ပေးပါ။

**အဓိပတိပစ္စည်း**

အဓိပတိပစ္စည်းကို မူတည်ရာ၌ အဓိပတိသည် အာရမ်မျိုး, သဟမျိုးတို့၌ ပါဝင်သော်လည်း ဤဃဋနာ၌ သဟမျိုးကို မဟောသောကြောင့် သဟမျိုးအတွက် စဉ်းစားဖွယ် မလိုတော့ပါ၊ အာရမ်မျိုး၌ သဘာဂလုပ်၍ အုပ်စုဖွဲ့လျှင်–

၁။ အာဓိ ၂။ အာပုဓိ ၃။ ဝတ္ထာဓိ–ဟု ဖြစ်ပါသည်။

အာဓိသုဒ္ဓသချာနှင့် အာရမ်သုဒ္ဓသချာကို သဘာဂလုပ်လျှင် အာဓိသုဒ္ဓသချာကို ရပါသည်၊ အုပ်စုတူ ဥပနိဿယနှင့် သဘာဂလုပ်လျှင်လည်း အာဓိသုဒ္ဓသချာကိုပင် ရပါသည်၊ ထို့ကြောင့် ယင်းအာဓိသုဒ္ဓသချာကို ဆို၍ သချာတပ်လျှင် "အဓိပတိ အာရမဏာဥပနိဿယန္တိ သတ္တ"ဟု ဖြစ်ပါသည်။

အာဓိသုဒ္ဓသချာနှင့် အာပုသုဒ္ဓသချာကို သဘာဂလုပ်လျှင် အာပုဓိသုဒ္ဓသချာကို ရပါသည်၊ ယင်းသုဒ္ဓသချာကို ဆို၍ သချာတပ်လျှင် "အဓိပတိအာရမဏာဥပနိဿယ ပုရေဇာတအတ္ထိအဝိဂတန္တိ ဇေကံ"ဟု ဖြစ်လာပုံကို သဘောကျနားလည်နိုင်ပါသည်။

အာဓိသုဒ္ဓသချာနှင့် ဝတ္ထာသုဒ္ဓသချာကို သဘာဂလုပ်လျှင် ဝတ္ထာဓိသုဒ္ဓသချာကို ရပါသည်၊ ယင်းသုဒ္ဓသချာကို ဆို၍ သချာတပ်လျှင် "အဓိပတိအာရမဏာနိဿယ ဥပနိဿယပုရေဇာတဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ ဇေကံ"ဟု ဖြစ်လာသည်ကို နားလည် နိုင်ပါသည်။

**အနန္တရပစ္စည်း**

အနန္တရကို မှတ်ညဉ်ရာ၌ အနန္တရ-မျိုး၌ သုဒ္ဓသချာ ၃-အုပ်စု ရှိသည်ကို သတိပြုပါ၊ အနန္တရကို အုပ်စုတူ သမနန္တရ-စသော ပစ္စည်းများနှင့် သဘာဂလုပ်ပါ၊ အနန္တရအုပ်စု သုဒ္ဓသချာကိုပင် ရပါသည်၊ ဒုတိယအာသေဝနသုဒ္ဓသချာနှင့် သဘာဂ လုပ်လျှင် အာသေဝနသုဒ္ဓသချာကိုပင် ရပါသည်၊ တတိယကမ္မသုဒ္ဓသချာနှင့် သဘာဂ လုပ်လျှင် ကမ္မသုဒ္ဓသချာကိုပင် ရပါသည်၊ ယင်းသုဒ္ဓသချာ ၃-အုပ်စုကို ဆို၍ အသီးအသီး ရသင့်သောသချာကို တပ်ရုံဖြင့် အနန္တရဃဋနာ ၃-ချက် ပြီးစီးနိုင် ပါသည်၊ သမနန္တရလည်း အနန္တရနှင့် လုံးဝတူပါသည်၊ နတ္ထိ, ဝိဂတပစ္စည်းများလည်း မျိုးတူ, အုပ်စုတူ ဖြစ်၍ အတူတူပင် ဖြစ်ပါသည်၊ ထို့ကြောင့် "ဓိနန်နန်-နတ်ဝိ များမှာ, သုံးပါးစီသာ"ဟု ဆိုခဲ့ရပေသည်။

**နိဿယပစ္စည်း**

နိဿယသည် အာရမ္မဏမျိုး, သဟမျိုး, ဝတ္ထုမျိုးတို့၌ ပါဝင်၏၊ ထိုတွင် သဟ မျိုးကို မဟောသောကြောင့် သဟမျိုးအတွက် စဉ်းစားဖွယ် မလိုတော့ပါ၊ နိဿယ သည် အာရမ္မဏမျိုး၌ ဝတ္ထာသုဒ္ဓသချာအုပ်စု၌ ပါဝင်၏၊ ဝတ္ထာသုဒ္ဓသချာနှင့် အာရမ္မဏ သုဒ္ဓသချာကို သဘာဂလုပ်လျှင် ဝတ္ထာသုဒ္ဓသချာကို ရပါသည်၊ အာဓိသုဒ္ဓသချာနှင့် သဘာဂလုပ်လျှင် ဝတ္ထာဓိသုဒ္ဓသချာကို ရပါသည်၊ (ရှေ့၌လည်း ပြခဲ့ပြီးပါပြီ၊) အာပုသုဒ္ဓသချာနှင့် သဘာဂလုပ်လျှင်ကား ဝတ္ထာသုဒ္ဓသချာကိုပင် ရ၍ မထူးတော့ပါ၊ ထို့ကြောင့် အာရမ္မဏမျိုး၌ သုဒ္ဓသချာ ၂-အုပ်စုသာ ရပါသည်။

ဝတ္ထုမျိုး၌ နိဿယသည် သုဒ္ဓသချာ ပထမအုပ်စု၌ ပါဝင်သည်၊ အုပ်စုတူ ပုရေဇာတ-စသော ပစ္စည်းများနှင့် သဘာဂလုပ်လျှင် ပထမသုဒ္ဓသချာအုပ်စုကိုပင် ရပါသည်၊ ဒုတိယ(ပုတိ)သုဒ္ဓသချာအုပ်စုနှင့် သဘာဂလုပ်လျှင် ပုတိသုဒ္ဓသချာ အုပ်စုကိုပင် ရပါသည်၊ ယင်းသို့လျှင် အာရမ္မဏမျိုး၌ ၂-အုပ်စု, ဝတ္ထုမျိုး၌ ၂-အုပ်စု အားဖြင့် သုဒ္ဓသချာ ၄-အုပ်စု ဖြစ်လာပါသည်၊ ပစ္စည်း ပစ္စယုပ္ပန် အများအနည်း အလိုက် ဃဋနာစဉ်လျှင်—

၁။ ဝတ်ပု ၂။ ဝတ္ထာ ၃။ ဝတ္ထာဓိ ၄။ ပုတိ-ဟု ဖြစ်ပါသည်။

အစဉ်အတိုင်း သုဒ္ဓသချာတို့ကို ဆို၍ ရသင့်သောသချာတပ်ရုံမျှဖြင့် နိဿယ ဃဋနာ ၄-ချက်ကို လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ပါသည်။

ကျန်သောပစ္စည်းများကိုလည်း ပြဆိုခဲ့သည့်နည်းအတိုင်း မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ကြံဆပါ၊ ဇယားအကူအညီဖြင့် ရွေးချယ်ထားသော ပစ္စည်းများနှင့် သဘာဂသုဒ္ဓသချာ များကို စိစစ်ပါ၊ တဖြည်းဖြည်း တွေးခေါ်ဉာဏ် ရင့်သန်လာပါလိမ့်မည်။

အထူးမှတ်ရန်မှာ—ပုရေဇာတပစ္စည်းကို မှတ်ညဉ်ရာ၌ ပုရေဇာတသည် အာရမ္မဏမျိုး, ဝတ္ထုမျိုးတို့၌ ပါဝင်၏၊ မျိုးအလိုက် သဘာဂလုပ်၍ အုပ်စုဖွဲ့ပါ၊ မူလီဖြစ်သော

အတ္တိ, အဝိဂတပစ္စည်းများသည်လည်း အာရမ်မျိုး, ဝတ္ထုမျိုးတို့၌ ပါဝင်ကြ၏၊ အာရမ်မျိုး၌ ပုရေဇာတနှင့် သဘာဂလုပ်လျှင် အုပ်စုတူ ဖြစ်၍ အာပုသုဒ္ဓသချာကိုပင် ရပါသည်၊ ဝတ္ထုမျိုး၌လည်း အုပ်စုတူပင် ဖြစ်၍ ပထမသုဒ္ဓသချာအုပ်စုကိုပင် ရပါသည်၊ ယင်းအာပု, ဝတ်ပုသုဒ္ဓသချာ ၂–မျိုးလုံးကို ဆို၍ သီးသန့်ဃဋနာတစ်ချက် ဖြစ်လာပါသည်၊ သဘာဂ၌ အာပု, ဝတ်ပုသုဒ္ဓသချာများကို ဆို၍ "ပုရေဇာတပစ္စယာ အတ္ထိယာ တီဏိ၊ ပုရေဇာတပစ္စယာ အဝိဂတေ တီဏိ"သည်ပင် ဃဋနာ၌ "ပုရေဇာတအတ္ထိ အဝိဂတန္တိ တီဏိ"ဟု ဖြစ်လာပါသည်။

အာရမ်မျိုး, ဝတ္ထုမျိုးတို့ကို သဘာဂလုပ်၍ အုပ်စုဖွဲ့လျှင်—

| | |
|---|---|
| ၁။ အာပု၊ ဝတ်ပု | ၂။ ဝတ်ပု |
| ၃။ အာပု | ၄။ ဝတ္ထာ |
| ၅။ အာပုဝိ | ၆။ ဝတ္ထာဝိ |
| ၇။ ပုတိ | |

ဤသို့လျှင် ပစ္စည်း ပစ္စယုပ္ပန် အများအနည်းအလိုက် ဃဋနာအစဉ် ဖြစ်လာပါသည်၊ သက်ဆိုင်ရာ သုဒ္ဓသချာများကို ဆို၍ သချာတပ်ပါ၊ အတ္တိ, အဝိဂတပစ္စည်းများကို မူတည်ရာ၌လည်း အာပု, ဝတ်ပုသုဒ္ဓသချာ ၂–မျိုးလုံးကို ဆို၍ သီးသန့် ဃဋနာ တစ်ချက် ဖြစ်လာပါလိမ့်ဦးမည်၊ ယခု ပြဆိုခဲ့သည့်နည်းအတိုင်း ယူဆတတ်ပါစေ။

## သဟကြီး, လတ်ဃဋနာ ၅၇–ချက်

**ဆောင်။** ။ အဝိပါကာ–ဝိပါကတွဲ, ခွဲစိတ်မှတ်ကြ–ရှေးဦးစွာ၊
[ က ] သဗ္ဗ အဉ် သံ–ဝိပ္ပယောနှင့်, အဉ် ဝိပ္ပယော–ငါးစီလာ။
သဟကြီးမှာ–ဆယ်ဖြာရလို့, လတ်မှာမည်မျှ–ပါလေရာ၊
"ဝိ"မသုံးသပ်, ဟောကြားလတ်, ခေါ်မှတ် အဝိပါ။
အဲ–ဒါက ···· ကြီး လတ်သဟ, သတ်ပဋ္ဌ ဃဋနာ။

တစ်ဆယ်ရ–ညီအမျှ ကြီးလေးတွင်၊
ညခြောက်သာ–ဝိပါကမှာ, ငါးမျှသာပင်။
နှစ်ပါးရ–သမ္ပတွင်, ပြိုင်စေချင် ဝိပ်လေး၊
ကြီးလတ်မှာ–သတ်ပဋ္ဌာ သချာထွက်အောင်, ပေါင်းဖက်စစ်ဆေး။

**ဆောင်။** ။ အဝိပါက, ဝိပါက, သဟတွေ့တိုင်းမှာ၊
[ ခ ] သဗ္ဗ အည, သမ် ဝိပ္ပ, အညဝိပ်–ဟုလာ။
စည်းပန်တရား, လျော့သောအား, ခွဲခြားယူလေပါ၊
ကြီးဒသ် ညဆ, ဒွေသမ္ပ, ပဋ္ဌဝိပါ ဝိပ်လေးသာ။

| ပစ္စည်း | အဝိပါက-၅ | | | | | သဝိပါက-၅ | | | | | သင်္ချာပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | သဟ | အည | သမ္ပ | သဟဝိပ် | အညဝိပ် | ဝိပါ | ဝိပါည | ဝိပါသံ | ဝိပါဝိပ် | ဝိပါညဝိပ် | |
| သဟဇာတ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၁၀ |
| အညမည | | ॥ | ॥ | | ॥ | | ॥ | ॥ | | ॥ | ၆ |
| နိဿယ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၁၀ |
| ဝိပါက | | | | | | ॥ | ॥ | ॥ | ॥ | ॥ | ၅ |
| သမ္ပယုတ္တ | | | ॥ | | | | | ॥ | | | ၂ |
| ဝိပ္ပယုတ္တ | | | | ॥ | ॥ | | | | ॥ | ॥ | ၄ |
| အတ္ထိ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၁၀ |
| အဝိဂတ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၁၀ |
| သင်္ချာ | ၉ | ၃ | ၃ | ၃ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၅၇ |

သဟ, အည, သမ္ပ, သဟဝိပ်, ဝိပါတို့ကို သုဒ္ဓသင်္ချာ၌ ပြခဲ့သည့်အတိုင်း ဆိုပါ၊ အညဝိပ်, ဝိပါည, ဝိပါသံတို့၏ ဆိုရိုးကို သဘာဂသင်္ချာခန်း (၉၅)၌ ပြခဲ့ပါပြီ၊ ဝိပါညဝိပ်ကို "ဟဒယဝတ္ထုအား တပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ"ဟု ဆိုပါ။

သဟကြီး လတ်တို့၏ ဃဋနာသည် "အဝိပါကဃဋနာ, သဝိပါကဃဋနာ"ဟု ၂-မျိုး ရှိသည်၊ ယင်း ၂-မျိုးလုံးမှာပင် သဟကြီးပစ္စည်းများ၏ ပထမဃဋနာကို "သဗ္ဗဋ္ဌာနိက ဃဋနာ"ဟု အမည်ပေးပါ၊ ဒုတိယ-အစရှိသော ဃဋနာများကို နောက်တိုးလာသမျှသော ပစ္စည်းများ၏ရှေ့မှာ "သ"ယှဉ်ကပ်လျက် "သအညမည ဃဋနာ, သအညမညသမ္ပယုတ္တဃဋနာ, သဝိပ္ပယုတ္တဃဋနာ, သအညမညဝိပ္ပယုတ္တဃဋနာ"ဟု အမည်ပေးပါ။

အညမှာလည်း ပထမဃဋနာကို "သဗ္ဗဋ္ဌာနိကဃဋနာ"ဟုပင် အမည်ပေးပါ၊ ဒုတိယ, တတိယဃဋနာတို့ကို နောက်တိုးလာသမျှသော ပစ္စည်းများ၏ရှေ့မှာ "သ"ယှဉ်ကပ်လျက် အမည်ပေးပါ။

သမ္ပယုတ္တ၌မူကား အဝိပါကတစ်ချက်, သဝိပါကတစ်ချက်စီမျှသာ ရသော ကြောင့် သဗ္ဗဋ္ဌာနိက–စသည်ဖြင့် နောက်ထပ် အမည်ပေးရန် မလိုတော့ပါ။

ဝိပါက၌ သဝိပါကတစ်မျိုးမျှသာ ရှိသော်လည်း ဃဋနာ ၅–ချက်ရသောကြောင့် အသီးအသီး အမည်မှည့်ပါ၊ ဝိပ္ပယုတ္တ၌ အညနည်းတူပင် အမည်ပေးပါ။

သဟငယ်များ၏ အစိတ်ဃဋနာများကိုလည်း ဤသဘောအတိုင်းပင် အမည် မှည့်ပါ၊ သို့သော် အဝိပါကဘက်၌ "သအညမညဝိပ္ပယုတ္တဃဋနာ" မရှိကြောင်း ကိုမူ သတိပြုရပါလိမ့်မည်။

**အဝိပါက–၅၊ သဝိပါက–၅**

ဇယားခေါင်းစည်းပါ အဝိပါက ၅–ချက်, သဝိပါက ၅–ချက် (သုဒ္ဓသချ်ာ အုပ်စုများ) ဖြစ်လာပုံကို ရှင်းပြပါဦးမည်၊ သဟကြီးလတ်တို့၌ သုဒ္ဓသချ်ာ ၅–အုပ်စု ရှိပါသည်၊ ယင်းတို့မှာ—

၁။ သဟကြီး, ၂။ အည, ၃။ ဝိပါက, ၄။ သမ္ပယုတ္တ, ၅။ ဝိပ္ပယုတ္တ– တို့ပင် ဖြစ်ကြပါသည်။

ထိုတွင် အဝိပါက ၅–ချက် ဖြစ်ပုံကို ရှေးဦးစွာ ရှင်းပြပါမည်၊ အဝိပါက– ဟု ဆိုသည့်အတိုင်း ပြခဲ့ပြီးသော ၅–အုပ်စုထဲမှ ဝိပါကကို ဖယ်ထုတ်ထားပါ၊ ကျန် ၄–အုပ်စုတို့တွင် အညနှင့် သမ္ပယုတ္တကို သဘာဂလုပ်ပါ၊ အဉ–သံ(သဘာဂ) သုဒ္ဓသချ်ာကို ရပါသည်၊ အညနှင့် ဝိပ္ပယုတ္တကို သဘာဂလုပ်ပါ၊ အဉ–ဝိပ်(သဘာဂ) သုဒ္ဓသချ်ာကို ရပါသည်၊ အဉ–သံ(သဘာဂ)သုဒ္ဓသချ်ာသည် သမ္ပယုတ္တပစ္စည်း၏ သုဒ္ဓသချ်ာပင် ဖြစ်၍ အရမထူးတော့ပါ၊ ထို့ကြောင့်—

၁။ သဟ၊ ၂။ အည၊ ၃။ သမ္ပယုတ္တ၊
၄။ သဟဝိပ်၊ ၅။ အညဝိပ်၊

ဤသို့ ၅–အုပ်စု ဖြစ်လာပါသည်။

သဝိပါက၌လည်း ယင်းအဝိပါက ၅–ချက်ကိုပင် မူတည်၍ ဝိပါက ပါဝင် နိုင်အောင် သဟနှင့်ဝိပါက သဘာဂလုပ်ပါ၊ ဝိပါကသုဒ္ဓသချ်ာကိုပင် ရပါသည်၊ ထို့အတူ အညနှင့်ဝိပါက, သမ္ပယုတ္တနှင့်ဝိပါက, ဝိပ္ပယုတ္တနှင့်ဝိပါက, အဉ်ဝိပ်နှင့် ဝိပါကတို့ကို သဘာဂလုပ်ပါ၊ ယင်းသို့လုပ်လျှင် ဇယားပါအတိုင်း:—

၁။ ဝိပါ၊ ၂။ ဝိပါည၊ ၃။ ဝိပါသံ၊
၄။ ဝိပါဝိပ်၊ ၅။ ဝိပါညဝိပ်၊

ဤသို့ သဝိပါက ၅–အုပ်စု ဖြစ်လာပါသည်။

**သဟဇာတပစ္စည်း**

ထိုသို့ အုပ်စုဖွဲ့ပုံ, ဖြစ်လာပုံတို့ကို နားလည်ပြီးလျှင် ဇယားမှာ စဉ်ပြထားသည့် အတိုင်း တစ်ပစ္စည်းချင်း ဟောသွားရုံသာ ဖြစ်ပါသည်၊ ရှေးဦးစွာ သဟဇာတပစ္စည်းကို ဟောပါ၊ သဘာဂသုဒ္ဓသချာ အုပ်စုများကို ရှု၍ အစဉ်အတိုင်း ဃဋနာအမည်ပေးပါ၊ သုဒ္ဓသချာများကို ဆို၍ သချာတပ်ပါလျှင်–

၁။ သဗ္ဗဋ္ဌာနိကဃဋနာ– သဟဇာတနိဿယအတ္ထိအဝိဂတန္တိ နဝ၊
၂။ သအညမညဃဋနာ– သဟဇာတအညမညနိဿယအတ္ထိအဝိဂတန္တိ တီဏိ၊
၃။ သသမ္ပယုတ္တဃဋနာ– သဟဇာတအညမညနိဿယသမ္ပယုတ္တအတ္ထိအဝိ ဂတန္တိ တီဏိ၊
၄။ သဝိပ္ပယုတ္တဃဋနာ– သဟဇာတနိဿယဝိပ္ပယုတ္တအတ္ထိအဝိဂတန္တိ တီဏိ၊
၅။ သအညမညဝိပ္ပယုတ္တဃဋနာ–သဟဇာတအညမညနိဿယဝိပ္ပယုတ္တအတ္ထိအဝိ ဂတန္တိ ဧကံ။

ဤသို့ အဝိပါကဃဋနာ ၅–ချက် ဖြစ်လာပါသည်၊ ထို့အတူ သဝိပါက ၅–ချက်ကိုလည်း ဖွဲ့ထားသော သုဒ္ဓသချာများကို ရှု၍ အစဉ်အတိုင်း ဃဋနာအမည် ပေးပါ၊ ရသင့်သောသချာတပ်ပါ၊ လွယ်ပါပြီ၊ အဝိပါက, သဝိပါက ၂–ရပ် ပေါင်းပါက သဟဇာတပစ္စည်းအတွက် ဃဋနာ ၁၀–ချက် ဖြစ်လာပါလိမ့်မည်၊ နိဿယ, အတ္ထိ, အဝိဂတ–တို့လည်း သဟဇာတနှင့် တူပါသည်၊ ထို့ကြောင့် "တစ်ဆယ်ရ–ညီအမျှ ကြီးလေးတွင်"ဟု ဆိုခဲ့ရပါသည်။

**အညမညပစ္စည်း**

အညမညနှင့် သဟဇာတကို သဘာဂလုပ်ပါ၊ အညမည–သုဒ္ဓသချာကိုပင် ရပါသည်၊ သမ္ပယုတ္တနှင့် သဘာဂလုပ်ပါ၊ သမ္ပယုတ္တသုဒ္ဓသချာကိုပင် ရပါသည်၊ ဝိပ္ပယုတ္တနှင့် သဘာဂလုပ်ပါ၊ အဉ်–ဝိပ် (သဘာဂ)သုဒ္ဓသချာကို ရပါသည်၊ ထို့ကြောင့်–

၁။ အည၊ ၂။ သမ္ပယုတ္တ၊ ၃။ အဉ်–ဝိပ်-ဟု သုဒ္ဓသချာ ၃–အုပ်စု ဖြစ်လာပါသည်။

သဝိပါက အတွက်လည်း ယင်း ၃–ချက်ကိုပင် ဝိပါကပါဝင်နိုင်အောင် သဘာဂ လုပ်ပါ၊ အဝိပါက သဝိပါက ၂–ရပ်ပေါင်းလျှင် အညမညအတွက် ဃဋနာ ၆–ချက် ဖြစ်ပါသည်၊ ဝိပါကပစ္စည်းအတွက်ကား– ဝိပါက–ဟု ဆိုသည့်အတိုင်း သဝိပါက

၅-ချက်ကို ဆိုရုံမျှသာ ဖြစ်ပါသည်၊ ထို့ကြောင့် "ညခြောက်သာ-ဝိပါကမှာ ငါးမျှသာပင်"ဟု ဆိုခဲ့ရပေသည်။

ကျန်သော (သမ္ပယုတ္တ, ဝိပ္ပယုတ္တ)ပစ္စည်းများကိုလည်း ရသင့်သလို သဘာဂ လုပ်ပါ၊ အုပ်စုဖွဲ့ပါ၊ သဘာဂသုဒ္ဓသင်္ချာများကို ဆို၍ ဖြစ်သင့်သောသင်္ချာ တပ်ပါ၊ ညွှန်ပြခဲ့သည်တို့ကို သဘောကျ ကျေနပ်သည်အထိ လေ့လာပါလျှင် ခက်ခဲဖွယ် မရှိတော့ပါ။

## သဟဇေယျယှဉ်ရာ ၂၅၅-ချက်

| ပစ္စည်း | သာမည | ဝိ,သ,ဓ,ပဉ် | ဝေ, ဓ | ဝိ, ဓ | ဓ | စေတနာ | ဝိညာဉ် | ဆန္ဒာဓိ | စိတ္တာဓိ | ဝီရိယာဓိ | အမောဟ | ဝီမံသာဓိ | ယှဉ်ရာပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဟေ | ။ | | | | | | | | | | ။ | ။ | ၂၄ |
| ဝိ | | | | | | | | ။ | ။ | ။ | | ။ | ၂၄ |
| ကံ | | | | | | ။ | | | | | | | ၉ |
| ဟာ | ။ | | | | | ။ | ။ | | ။ | | | | ၃၃ |
| ဣံ | ။ | ။ | ။ | | ။ | | ။ | | ။ | ။ | ။ | ။ | ၇၂ |
| ဈာ | ။ | | ။ | ။ | ။ | | | | | | | | ၃၆ |
| မဂ် | ။ | ။ | | ။ | ။ | | | | | ။ | ။ | ။ | ၅၇ |
| သင်္ချာ | ( ၇၊၃၊၃x၄၊၂၊၂ ) | | | | | | | | | | | | ၂၅၅ |

အပေါ်ခေါင်းစဉ်နှင့် အောက်တည့်တည့် အမှတ်ရှိရာ လက်ဝဲဘက်ပစ္စည်းများကို ပူးတွဲလျက် ကျက်ထားပါ၊ မည်သို့ ကျက်ရမည်ကို အောက်၌ ပြထားပါသည်၊ သို့မဟုတ် ဆောင်ပုဒ်ကို ကျက်ပါ။

**ဆောင်။** ။၁။ ဟေ ဟာ ဣံ ဈာ, မဂ္ဂမှာ, ပြိုင်ပါသာမည၊
၂။ ဝိသ ဓေဂ်, ပညာစွက်, နှစ်ချက် ဣံ မဂ္ဂ၊
၃။ ဝေ ဓ ဣံ ဈာ, ဝိ ဓျော, ဈာနာ မဂ္ဂရ၊

၄။ ဧ ဏ္ဍံ ဈာ မဂ်, စေအတွက်, ထည့်စွက် ကံဟာရ၊
၅။ ဝိဉ် ဟာ ဣန္ဒြိ, ဆန္ဒ မိ, စိတ် မိ ဟာရ-ဣန္ဒြိယ၊
၆။ ဝီ မိ ဏ္ဍံ မဂ်, သုံးချက်ပြိုင်ပါ, အမောဟာ, ဟေတာ ဏ္ဍံ မဂ္ဂ၊
၇။ ဝီ မံ ဟေ မိ, ဏ္ဍံ မဂ်သိ, ပြိုင်ဘိလွယ်ကူလှ၊
၈။ အမိခြောက်ပါး, ကြွင်းကိုးပါး, ပိုင်းခြားမှတ်လေကြ၊
၉။ အမိ ဟေတု, စတုဝီသ, ကမ္မကိုးသာ, အာဟာ တေတ္တိံ,
ဒွါသတ်ဏ္ဍံနှင့်, ဆတ္တိံ ဈာနာ, ဃဋနာ, မဂ်မှာ သတ်ပဥ္စ။
၁၀။ သာမဉ်-စရှိ, သတ္တသိ, တီဏိ ဧက, လျော့စွာပ၊
၁၁။ အမော ပညာ, ဝီမံသာ, စတ္တာ ဒွေ ဧက။

၁။ သာမည= ဟေ, ဟာ, ဏ္ဍံ, ဈာ, မဂ်၊
၂။ ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ= ဏ္ဍံ, မဂ်၊
၃။ ဝေဒနာ, ဧကဂ္ဂတာ= ဏ္ဍံ, ဈာ၊
၄။ ဝိတက်, ဧကဂ္ဂတာ= ဈာ, မဂ်၊
၅။ ဧကဂ္ဂတာ= ဏ္ဍံ, ဈာ, မဂ်၊
၆။ စေတနာ= ကံ, ဟာရ၊
၇။ ဝိညာဉ်= ဟာ, ဏ္ဍံ၊
၈။ ဆန္ဒာမိ= မိ၊
၉။ စိတ္တာမိ= မိ, ဟာ, ဏ္ဍံ၊
၁၀။ ဝီရိယာမိ= မိ, ဏ္ဍံ, မဂ်၊
၁၁။ အမောဟ= ဟေ, ဏ္ဍံ, မဂ်၊
၁၂။ ဝီမံသာမိ= ဟေ, မိ, ဏ္ဍံ, မဂ်။

ယင်း ၁၂-ချက်ထဲမှ မိမိဟောလိုသောပစ္စည်း ပါဝင်ရာ အချက်များကို ရွေးထုတ်ပါ၊ မိ, ကံမှ တစ်ပါးသော ပစ္စည်းများ၌ ပထမအချက်ကို "သာမည ဃဋနာ"ဟု မှတ်ထားပါ၊ နောက်အချက်များ၌ တွဲဖက်ပါဝင်လာသော ပစ္စည်းများ၏ ရှေ့မှာ "သ"ယှဉ်ကပ်ထည့်သွင်း၍ ဃဋနာအမည် ပေးရုံမျှသာ ဖြစ်သည်၊ ဟေတုပစ္စည်း၌ "သာမညဃဋနာ, သဣန္ဒြိယမဂ္ဂဃဋနာ, သာဓိပတိဣန္ဒြိယမဂ္ဂဃဋနာ"ဟု အခြေခံဃဋနာ ၃-ချက် ရသည်၊ ဤသို့-စသည်ဖြင့် ဃဋနာအမည် ပေးရမည်-ဟု ဆိုလိုပါသည်။

ရသင့်သမျှ တရားကိုယ်အားလုံး ပါဝင်သော ဃဋနာကို "သာမညဃဋနာ"ဟု ခေါ်သည်၊ "သာဓာရဏသုဒ္ဓိက"ဟုလည်း ခေါ်သေးသည်၊ ဤဃဋနာကို တရားကိုယ် ၃-ပါး ၄-ပါး-စသည်ရှိသော ဟေ, ဟာ, ဏ္ဍံ, ဈာ, မဂ်တို့၌သာ ရနိုင်ပါသည်။

အဓိပတိပစ္စည်းမှာ တရားကိုယ် ၄-ပါး ပါရှိသည်ကား မှန်ပါ၏၊ သို့သော် အဓိပတိတရားကိုယ်များသည် ပြိုင်တူဖြစ်ရိုး မရှိကြပါ၊ အသီးအခြားစီသာ ဖြစ်ကြပါသည်၊ ထို့ကြောင့် ၄င်းတို့ကို စုပေါင်း၍ "သာမညဃဋနာ" မဖွဲ့ရ၊ တိုးလာသော ပစ္စည်းများ၏ရှေ့မှာ "သ"ယှဉ်ကပ်ထည့်သွင်း၍ နောက်နောက်ဃဋနာများကို အမည်ပေးရန်လည်း မလို၊ ဆန္ဒာဓိပတိဃဋနာ, ဝီရိယာဓိပတိဃဋနာ-စသည်ဖြင့် အသီးအသီးသာ အမည်ပေးရပါသည်။

ကမ္မမှာမူ တရားကိုယ်တစ်ပါးမျှသာ ရသည်၊ ထို့ကြောင့် သာမည, ဝိသေသ မည်သည့်အမည်ကိုမျှ မှည့်စရာ မလိုပါ၊ သဟဇာတဃဋနာဆိုက လုံလောက်ပါပြီ၊ ဤဃဋနာများမှာ သဘာဂ သဟယောဂ်များကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော အခြေခံ(မူလ) ဃဋနာများ ဖြစ်ကြပါသည်။

၄င်းအခြေခံမူလ ဃဋနာ အသီးအသီးကို သဘာဂ သဟကြီး, လတ်များဖြင့် အသီးအသီး ခွဲစိတ်ဝေဖန်ရဦးမည်၊ သဟကြီး လတ်ဃဋနာမှာ ပြဆိုခဲ့ပြီးသည့် အတိုင်း အဝိပါက, သဝိပါက, သဗ္ဗဋ္ဌာနိက, သအညမည အစရှိသော ဃဋနာများဖြင့် ထပ်မံခွဲစိတ်ဝေဖန်ရဦးမည်-ဟု ဆိုလိုပါသည်၊ သို့သော် သဟယောဂ်ပစ္စည်းတို့၏ တရားကိုယ်မှာ ဟဒယဝတ္ထု မပါရှိသည့်အတွက် (အဝိပါက) သအညမည ဝိပ္ပယုတ္တဃဋနာကို မရနိုင်ချေ၊ ပစ္စယုပ္ပန်ဘက်၌မူ ဟဒယဝတ္ထု ပါဝင်နိုင်သည့် အတွက် (သဝိပါက) သအညမည ဝိပ္ပယုတ္တဃဋနာကို ရနိုင်ပေသည်၊ သို့ဖြစ်၍ အဓိပတိ မပါဝင်သော ဃဋနာများ၌ အဝိပါက ၄-ချက်, သဝိပါက ၅-ချက် အားဖြင့် အစိတ်ဃဋနာ ၉-ချက်စီသာ ရနိုင်ပါသည်။

အဓိပတိပါဝင်ရာ၌မူကား ပစ္စည်းဘက်မှာရော ပစ္စယုပ္ပန်ဘက်မှာပါ ဟဒယဝတ္ထု မပါသောကြောင့် အဝိပါက ၃-ချက်, သဝိပါက ၃-ချက်အားဖြင့် အစိတ်ဃဋနာ ၆-ချက်စီသာ ရနိုင်ပါသည်၊ သဘာဂသချာခန်း(၁၀၁)၌လည်း ပြဆိုခဲ့ပြီးပါပြီ။

## သဟာငယ်ဃဋနာ ဆိုရိုး

| ဃဋနာအမည် | အဝိပါက | သဝိပါက |
|---|---|---|
| သဗ္ဗဋ္ဌာနိက | သံ–န္တာ, စိ–ရုပ်, ဋိ–ရုပ် | သံ–န္တာ, စိ–ရုပ်, ဋိ–ရုပ် |
| သအညမည | ။ ဟာဒယဝတ္ထု | ။ ဟာဒယဝတ္ထု |
| သအည–သံ | ။ | ။ |
| သဝိပ္ပယုတ္တ | စိ–ရုပ်, ဋိ–ရုပ် | စိ–ရုပ်, ဋိ–ရုပ် |
| သအည–ဝိပ် | x x x | ဟာဒယဝတ္ထု |

သဝိပါကဃဋနာ၌ ပစ္စည်းက ဝိညာဉ်ဖြစ်လျှင် "ဝိပါက်"ဟု ဆိုအပ်သော–ဟုလည်းကောင်း, စိတ္တာဓိပတိဖြစ်လျှင် "ဖိုလ် ၄–ခု"ဟု ဆိုအပ်သော–ဟုလည်းကောင်း, စေတသိက်တရားကိုယ်ဖြစ်လျှင် "ဝိပါက်၌ရှိသော"ဟုလည်းကောင်း, "ဖိုလ် ၄–ခု၌ရှိသော"ဟုလည်းကောင်း အရာဌာနအားလျော်စွာ တရားကိုယ်၏ ရှေ့မှာ ဝိသေသန ထည့်ဆိုရမည်။

ဟေတုပစ္စည်း သာမညဃဋနာ၌ အဝိပါက ၄–ချက် ရှိသည့်အနက် သဗ္ဗဋ္ဌာနိက ဃဋနာ၏ တရားများသည် ဟေတုပစ္စည်း သုဒ္ဓသင်္ချာ အတိုင်းပင် ဖြစ်သည်၊ [ နောက်နောက်ဃဋနာ အကုန်လုံးသို့ လိုက်နိုင်သော ပစ္စည်းများ၏ တည်ရှိ(ပါဝင်)ရာ ဃဋနာကို "သဗ္ဗဋ္ဌာနိကဃဋနာ"ဟု ခေါ်သည်။ ]

သအညမညဃဋနာ, သအညမညသမ္ပယုတ္တဃဋနာ, သဝိပ္ပယုတ္တဃဋနာ, သဝိပါက သဗ္ဗဋ္ဌာနိကဃဋနာတို့၏ တရားများကို သဘာဂ(၉၆)၌ ဆိုခဲ့ပြီးပါပြီ။

ဤနည်းအတိုင်း ကြွင်းသောဃဋနာများ၏ တရားတို့ကို ဖော်ထုတ်လျက် သင်္ချာတပ်ဟောပါ၊ ထိုထိုဃဋနာများမှာ ပါရှိသော ပစ္စည်းတို့ တစ်ပြိုင်နက် တပ်နိုင်သော တရားများကို ဖော်ထုတ်လျက် သင်္ချာတပ်ဟောရုံမျှသာ ဖြစ်ပါသည်၊ သုဒ္ဓသင်္ချာကျေညက်ခဲ့ပါက တစ်စုံတစ်ရာ ခက်ခဲဖွယ် မရှိတော့ပါ။

ယင်းသို့ အခြေခံသဘောတရားများကို နားလည်ပြီးလျှင် သဟာငယ်ပစ္စည်းများ ဟောပုံ, ဃဋနာ ယူဆပုံတို့ကို ဆက်လက် ရှင်းပြပါဦးမည်။

**ဟေတုပစ္စည်း**

ဟေတု၏တရားကိုယ် ပစ္စည်းတရားများကား ဟိတ် ၆-ပါး ဖြစ်၍ သဘာဂ ပစ္စည်းများကား- အဓိပတိ, ဣန္ဒြိယ, မဂ္ဂ-တို့ ဖြစ်ကြသည်၊ အဓိပတိနှင့် ပြိုင်သည့် အခါ ဝီမံသာဓိပတိနာမည်ဖြင့် ပြိုင်ပါ၊ ဣန္ဒြိယ, မဂ္ဂ-တို့နှင့် ပြိုင်သည့်အခါမှာ အမောဟ(ပညာ)နာမည်ဖြင့် ပြိုင်ပါ၊ ဝီမံသာဓိပတိသည် တိဟိတ်ဇောမှာသာ ဖြစ်သောကြောင့် အရနည်းသည်ကို သတိပြုပါ။

ဤသို့လျှင်-
၁။ ဟိတ် ၆-ပါး- သာမညဃဋနာ၊
၂။ အမောဟ(ဣံ, မဂ်)- သဣန္ဒြိယမဂ္ဂဃဋနာ၊
၃။ ဝီမံသာဓိပတိ(ဓိ, ဣံ, မဂ်)- သာဓိပတိဣန္ဒြိယမဂ္ဂဃဋနာ၊-

ဤသို့ ဖြစ်လာပါသည်၊ ယင်း ၃-ချက်ကို ရှေ့၌ဖွဲ့ထားခဲ့သော အဝိပါက ၄-ချက်, သဝိပါက ၅-ချက်တို့ဖြင့် ဖြစ်သင့်သလို ဟောပါ၊ သာမညဃဋနာ ၉-ချက်, သဣန္ဒြိယမဂ္ဂဃဋနာ ၉-ချက်, သာဓိပတိဣန္ဒြိယမဂ္ဂဃဋနာ ၆-ချက်=အားဖြင့် ဟေတုဃဋနာ ၂၄-ချက် ဖြစ်လာပါလိမ့်မည်။

**အဓိပတိပစ္စည်း**

အဓိပတိ၏ ပစ္စည်းတရားများမှာ အဓိပတိတရားကိုယ် ၄-ပါး ဖြစ်၍ သဘာဂ ပစ္စည်းများမှာ ဟေ, ဟာ, ဣံ, မဂ်-တို့ ဖြစ်ကြပါသည်၊ ထိုတွင် ဆန္ဒာဓိပတိသည် မည်သည့်တရားကိုယ်နှင့်မျှ သဘာဂမဖြစ်၊ စိတ္တာဓိပတိသည် အာဟာရ, ဣန္ဒြိယ တို့နှင့် သဘာဂ ဖြစ်သည်၊ ဝီရိယာဓိပတိသည် ဣန္ဒြိယ, မဂ္ဂ-တို့နှင့် သဘာဂ ဖြစ်သည်၊ ဝီမံသာဓိပတိသည် ဟေတု, ဣန္ဒြိယ, မဂ္ဂ-တို့နှင့် သဘာဂဖြစ်သည်။

ဤသို့လျှင်-
၁။ ဆန္ဒာဓိပတိ- ဆန္ဒာဓိပတိဃဋနာ၊
၂။ စိတ္တာဓိပတိ-(ဟာ, ဣံ) စိတ္တာဓိပတိဃဋနာ၊
၃။ ဝီရိယာဓိပတိ-(ဣံ, မဂ်) ဝီရိယာဓိပတိဃဋနာ၊
၄။ ဝီမံသာဓိပတိ-(ဟေ, ဣံ, မဂ်) ဝီမံသာဓိပတိဃဋနာ၊-

ဤသို့ ဖြစ်လာပါသည်၊ ယင်း ၄-ချက်ကို အဓိပတိအတွက်ဖြစ်သော အဝိပါက, သဝိပါက ၆-ချက်တို့ဖြင့် ဟောပါလျှင် အဓိပတိ၌ ဃဋနာ (၄x၆=)၂၄-ချက် ဖြစ်ပါသည်၊ ထို့ကြောင့် "အဓိ ဟေတု စတုဝီသ"ဟု ဆိုခဲ့ရပေသည်။

**ကမ္မပစ္စည်း**

ကမ္မ၏တရားကိုယ် ပစ္စည်းတရားကား စေတနာဖြစ်သည်၊ သဘာဂပစ္စည်းကား အာဟာရ ဖြစ်သည်၊ ဖွဲ့ထားသော ၉-အုပ်စုဖြင့် ဟောပါ၊ ဃဋနာ ၉-ချက်ပင် ဖြစ်ပါသည်၊ "ကမ္မကိုးသာ"ဟု ဆိုခဲ့သည်ကို သတိရပါစေ။

ကျန်သော ပစ္စည်းများကိုလည်း ညွှန်ပြသည့် နည်းအတိုင်း ရွေးချယ်စိစစ်၍ ဟောပါ၊ သဘောတရား အယူအဆ ခက်သည့် နေရာများ၌ ဆောင်ပုဒ်အကူအညီဖြင့် ဖြေရှင်းပါ၊ သို့မဟုတ် တရားကိုယ်နှင့် ပစ္စည်းများ တွဲပြထားသည်ကို ကြည့်ရှု၍ သဘောပေါက်အောင် ကြံဆပါ။

**ပစ္စည်းတစ်ခုတစ်ခု၌ ရသင့်သော ဃဋနာပေါင်း–**

ဓိ တိံသ–နိဿယ ဝီသံ၊
ဣန္ဒြေ–ဆသတ္တတယ်, ဝိပ် တေရကြဲ။
အတ်နှင့်အ–ဧကူနတိံသံ, ကမ္မမှန် ဧကဒသ်၊
စတုတ္တိံ–အာဟာရပါတဲ့, အကြွင်းကို ဆိုင်ရာမှငယ်, ယူကြံမချွတ်။

**ဓိတိံသ=** အဓိပတိပစ္စည်း၌ မိဿကဃဋနာ ၃–ချက်, ပကိဏ္ဏကဃဋနာ ၃–ချက်, သဟာငယ်ဃဋနာ ၂၄–ချက်အားဖြင့် ဃဋနာသင်္ချာ–၃၀ ရသည်။

**နိဿယဝီသံ=** နိဿယပစ္စည်း၌ မိဿကဃဋနာ ၆–ချက်, ပကိဏ္ဏကဃဋနာ ၄–ချက်, သဟာကြီးဃဋနာ ၁၀–ချက်အားဖြင့် ဃဋနာသင်္ချာ–၂၀ ရသည်။

**ဣန္ဒြေဆသတ္တတယ်=** ဣန္ဒြိယပစ္စည်း၌ မိဿကဃဋနာ ၃–ချက်, ပကိဏ္ဏကဃဋနာ တစ်ချက်, သဟာငယ်ဃဋနာ ၇၂–ချက်အားဖြင့် ၇၆–ပါး ရသည်။

**ဝိပ် တေရကြဲ=** ဝိပ္ပယုတ္တပစ္စည်း၌ မိဿကဃဋနာ ၄–ချက်, ပကိဏ္ဏကဃဋနာ ၅–ချက်, သဟာဃဋနာ ၄–ချက်အားဖြင့် ၁၃–ချက် ရသည်။

**အတ်နှင့်အ–ဧကူနတိံသံ=** အတ္ထိပစ္စည်း, အဝိဂတပစ္စည်းတို့၌ မိဿက ၁၁–ချက်, ပကိဏ်း ၈–ချက်, သဟ ၁၀–ချက်အားဖြင့် ၂၉–ချက်စီ ရကြသည်။

**ကမ္မမှန် ဧကဒသ်=** ကမ္မပစ္စည်း၌ ပကိဏ္ဏကဃဋနာ ၈–ချက်, သဟာငယ်ဃဋနာ ၉–ချက်အားဖြင့် ၁၁–ချက် ရသည်။

**စတုတ္တိံ–အာဟာရပါတဲ့=** အာဟာရပစ္စည်း၌ မိဿကဃဋနာ တစ်ချက်, သဟာငယ်ဃဋနာ ၃၃–ချက်အားဖြင့် ၃၄–ချက် ရသည်။

**အကြွင်းကို–ဆိုင်ရာမှငယ်, ယူကြံမချွတ်=** "ဟေသဟ–အညရယ်တဲ့ ဝိပါ၊ ဈာန်မဂ်သံ–ပေါင်းသတ္တငယ်, သဟာမျှသာ။ အာ နန် နန်–ဥပ နိရယ်နဲ့, နတ် ဝိ ပု ပစ္ဆာ, အာသေဝါ ပကိဏ်း"ဟု ဆိုခဲ့သည်အားလျော်စွာ ဟေတု အစရှိသော ၇–ပစ္စည်းတို့ကို သဟဇာတဃဋနာမှ ယူပါက ဟေတု ၂၄–ချက်, သဟဇာတ ၁၀–ချက်, အညမည ၆–ချက်,

ဝိပါက ၅-ချက်, ဈာန ၃၆-ချက်, မဂ္ဂ ၅၇-ချက်, သမ္ပယုတ္တ ၂-ချက် အသီးအသီး ရကြပါသည်။

အနန္တရ အစရှိသော ၉-ပါးတို့ကို ပကိဏ္ဏကဃဋနာမှ ယူပါက အာရမ္မဏ ၅-ချက်, အနန္တရ သမနန္တရ နတ္ထိ ဝိဂတ ၃-ချက်စီ, ဥပနိဿယ ၇-ချက်, ပုရေဇာတ ၇-ချက်, ပစ္ဆာဇာတ တစ်ချက်, အာသေဝနတစ်ချက် အသီးအသီး ရကြသည်။

**ဃဋနာမှ သဘာဂယူနည်း—**

ဃဋနာနှင့် သဘာဂတို့မှာ ထူးခြားလှသည် မဟုတ်ပါ၊ သဘာဂကို နားလည်ပြီးပါက ဃဋနာကိုလည်း နားလည်နိုင်ပါသည်၊ ဃဋနာကို နားလည်ပြီးပါက သဘာဂကိုလည်း နားလည်နိုင်ပါသည်၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေကြသည်၊ သဘာဂမှာ ဒုကမျှသာ ဟော၍ ဃဋနာမှာ ဒုက, တိက-စသည်ဖြင့် ရသင့်သမျှကို စုပေါင်း၍ ဟောသည်၊ ဤမျှသာ ထူးခြားမှု ရှိကြသည်။

၁။ ဃဋနာမှ သဘာဂကို ထုတ်ယူပါလျှင် မိမိဟောလိုသော ပစ္စည်းသည် မိဿကဃဋနာ, ပကိဏ္ဏကဃဋနာ, သဟဇာတဃဋနာတို့တွင် မည်သည့် ဃဋနာများမှာ ပါဝင်နိုင်သည်ကို ကြည့်ရှုစိစစ်ထားရမည်၊ (၉၇)ကိုလည်း ရှုပါ။

၂။ ဃဋနာစဉ်အတိုင်း ရသင့်သော သဘာဂပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်ယူရမည်၊ [ ပစ္စည်း, ပစ္စယုပ္ပန်တရားအရ ဆိုရိုးများမှာ ထုတ်ယူခဲ့ရာ ဃဋနာ၏ ဆိုရိုးအတိုင်းပင် ဖြစ်သည်။ ]

၃။ ရှေ့ရှေ့ဃဋနာက ထုတ်ယူပြီးသော ပစ္စည်းများကို နောက်နောက်ဃဋနာများမှာ တွေ့နေစေကာမူ ထပ်မထုတ်ရ၊ အသစ်အသစ်ဖြစ်သော ပစ္စည်းများကိုသာ ထုတ်ယူရမည်။

**ဆောင်။** ။ သဘာဂ-ထုတ်လိုကြပါလျှင်၊
ဃဋနာ-စဉ်မမှားအောင်, စစ်ထားကြိုတင်။
ပစ္စည်းသစ်-တွေ့တိုင်းပင်, ယူငင်ကာ ထုတ်ဘိ၊
ဟောင်းတွေ့မူ-မယူထားလို့ရယ်, ထုတ်သွားဆုံးထိ။

ပစ္စည်းအကုန်လုံး၏ သဘာဂသချာ်များကို ဤသဘောသွားအတိုင်းပင် ထုတ်ယူနိုင်ပါသည်၊ သဟဇယ်ဃဋနာ၌ အနည်းငယ် ထူးခြားမှုရှိသော အဓိပတိပစ္စည်း၏ သဘာဂကို နမူနာ ပုံစံအနေဖြင့် ထုတ်ပြပါမည်၊ ယင်းအဓိပတိပစ္စည်းသည် မိဿကအစရှိသော ဃဋနာ ၃–ပါးလုံးမှာ ပါဝင်နိုင်သည်ကိုလည်း သတိပြုထားစေလိုပါသည်။

**မိဿကဃဋနာ–၃** အဓိပတိဆိုင်ရာ မိဿကဃဋနာ ၃–ပါးတို့တွင် "အဓိပတိ အတ္ထိ အဝိဂတန္တိ အဋ္ဌ"ဟူသော အတ္ထိအဝိဂတဃဋနာမှ "(၁) အဓိပတိပစ္စယာ အတ္ထိယာ အဋ္ဌ၊ (၂) အဓိပတိပစ္စယာ အဝိဂတေ အဋ္ဌ" ဟူသော သဘာဂသချာ ၂–ချက်ရသည်၊ ဃဋနာဇယားနှင့် တွဲဖက်လေ့လာပါ။

"အဓိပတိ နိဿယ အတ္ထိ အဝိဂတန္တိ အဋ္ဌ"ဟူသော သနိဿယဃဋနာမှ "(၃) အဓိပတိပစ္စယာ နိဿယေ အဋ္ဌ"ဟု တစ်ချက်သာ ရသည်၊ အတ္ထိနှင့် အဝိဂတတို့ကို ရှေ့ဃဋနာက ယူခဲ့ပြီ။

"အဓိပတိ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ စတ္တာရိ"ဟူသော သနိဿယ ဝိပ္ပယုတ္တဃဋနာမှ "(၄) အဓိပတိယာ ဝိပ္ပယုတ္တေ စတ္တာရိ"ဟု တစ်ချက်သာ ရသည်၊ အကြွင်းကို ယူခဲ့ပြီ။

**ပကိဏ္ဏကဃဋနာ–၃** အဓိပတိဆိုင်ရာ ပကိဏ္ဏကဃဋနာ ၃–ပါးတို့တွင် "အဓိပတိ အာရမ္မဏ ဥပနိဿယန္တိ သတ္တ"ဟူသော အာရမ္မဏ ဥပနိဿယဃဋနာမှ "(၅) အဓိပတိပစ္စယာ အာရမ္မဏေ သတ္တ၊ (၆) အဓိပတိယာ ဥပနိဿယေ သတ္တ"ဟု ၂–ချက်ရသည်။

"အဓိပတိ အာရမ္မဏ ဥပနိဿ ပုရေဇာတ အတ္ထိ အဝိဂတန္တိ ဧကံ"ဟူသော သဟပုရေဇာတအတ္ထိအဝိဂတဃဋနာမှ "(၇) အဓိပတိပစ္စယာ ပုရေဇာတေ ဧကံ" ဟု တစ်ချက်သာ ရသည်၊ အကြွင်းကို ယူခဲ့ပြီ။

သနိဿယ ပုရေဇာတဝိပ္ပယုတ္တ အဝိဂတဃဋနာမှ ယူစရာပစ္စည်း မရှိတော့ချေ၊ ယူခဲ့ပြီး ပစ္စည်းချည်းသာ ဖြစ်ပေသည်။

**သဟဇယ်ဃဋနာ–၂၄** အဓိပတိတရားကိုယ်များမှာ တစ်ပါးစီသာ ပစ္စည်း တပ်လေ့ရှိသောကြောင့် တရားကိုယ် ၄–ပါးကို ပေါင်းစု၍ ဃဋနာဖွဲ့ကာ မဟာစေကာမူ သဘာဂ၌ အဓိပတိတရားကိုယ်

၃-ပါး ၄-ပါးတို့တွင် တစ်ပါးပါး-စသည်ဖြင့် အပေါင်းမှ အစိတ်ထုတ်၍ ဟောထားသောကြောင့် ဆန္ဒာဓိပတိ-စသော ဃဋနာ ၄-မျိုးလုံးကို ပေါင်းစုလျက် ရသင့်သည်အားလျော်စွာ သဘာဂသချံာများကို ရွေးချယ်ထုတ်ယူရမည်၊ "အဓိပတိပစ္စယာ ဣန္ဒြိယေ သတ္တ၊ အဓိပတိပစ္စယာ မဂ္ဂေ သတ္တ" အစရှိသော သဘာဂများကိုပင် အထောက်အထား ပြုပါသည်။

အဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ ၄-ချက်မှ "(၈) အဓိပတိပစ္စယာ သဟဇာတေ သတ္တ"ဟု တစ်ချက်မျှသာ ရသည်၊ နိဿယ, အတ္ထိ, အဝိဂတတို့ကို မိဿကဃဋနာက ယူခဲ့ပြီ၊ ဣန္ဒြိယ, မဂ္ဂ အစရှိသည်တို့ကိုလည်း ဃဋနာ ၄-ချက်လုံး၌ မပါဝင်နိုင်သောကြောင့် မယူရသေးပါ။

သအညမညသမ္ပယုတ္တဃဋနာ ၄-ချက်မှ "(၉) အဓိပတိယာ အညမညေ တီဏိ၊ (၁၀) အဓိပတိယာ သမ္ပယုတ္တေ တီဏိ"ဟု ၂-ချက်ရသည်၊ သဝိပ္ပယုတ္တဃဋနာများမှ တစ်ချက်မျှ မရတော့ပါ၊ အကုန်လုံး ယူခဲ့ပြီးချည်းသာ ဖြစ်ပါသည်။

သဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ ၄-ချက်မှ "(၁၁) အဓိပတိပစ္စယာ ဝိပါကေ ဧကံ"ဟု တစ်ချက်သာ ရသည်၊ အကြွင်းယူခဲ့ပြီး ဖြစ်သည်။

စိတ္တာဓိပတိ, ဝီရိယာဓိပတိ, ဝိမံသာဓိပတိ အဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ ၃-ချက်မှ "(၁၂) အဓိပတိယာ ဣန္ဒြိယေ သတ္တ"ဟု တစ်ချက်ရသည်။ [ တရားကိုယ်တူရာကို ပေါင်းစုယူသည်။ ]

ဝီရိယာဓိပတိ, ဝိမံသာဓိပတိ, အဝိပါက သဗ္ဗဋ္ဌာနိကဃဋနာ ၂-ချက်မှ "(၁၃) အဓိပတိပစ္စယာ မဂ္ဂေ သတ္တ"ဟု တစ်ချက်ရသည်။

စိတ္တာဓိပတိ အဝိပါက သဗ္ဗဋ္ဌာနိကဃဋနာမှ "(၁၄) အဓိပတိပစ္စယာ အာဟာရေ သတ္တ"ဟု တစ်ချက်ရသည်။

ဝိမံသာဓိပတိ အဝိပါကသဗ္ဗဋ္ဌာနိဃဋနာမှ "(၁၅) အဓိပတိပစ္စယာ ဟေတုယာ စတ္တာရိ"ဟု တစ်ချက်ရသည်၊ အကြွင်းမှာ ယူခဲ့ပြီးဖြစ်သည်။

ဤသို့ ဃဋနာအသီးအသီးမှ ထုတ်ယူခဲ့ပြီးသော ပစ္စည်းများကို စုပေါင်းရေတွက်ပါက ၁၅-ပစ္စည်း ရပါသည်၊ အဓိပတိပစ္စည်း၏ သဘာဂမှာလည်း ၁၅-ပစ္စည်းပင်

ဖြစ်ပါသည်၊ ၄င်းတို့ကို အဓိပတိယာ ဟေတုယာ စတ္တာရိ, အာရမဏေ သတ္တ အစရှိသည်ဖြင့် ဒေသနာစဉ်ကျအောင် ဟောပါ၊ ဆိုရိုးများကိုလည်း သက်ဆိုင်ရာ ဃဋနာက ညွှန်ပြထားသည့်အတိုင်း ဆိုသွားရုံမျှသာ ရှိပါတော့သည်၊ သဘာဂပြီးက ဃဋနာကို ဆက်ဟောပါ၊ အဓိပတိပစ္စည်း၏ မိဿကသင်္ချာဝါရသည် ဒေသနာစဉ် အတိုင်းပင် ဖြစ်လာပါလိမ့်မည်၊ ကြွင်းသော ပစ္စည်းများကိုလည်း ဤနည်းအတိုင်းပင် ဆက်လက်လေ့လာစေလိုပါသည်၊ ဟေတုပစ္စည်း၏ သဘာဂ ဃဋနာတို့ကို သဘာဂ သင်္ချာခန်း(၉၈)၌ အပြန်အလှန် ယှဉ်ပြခဲ့ပါပြီ၊ ပြန်လည်ကြည့်ရှုပါက ပိုမိုအကျိုး သက်ရောက်မှု ရှိပါလိမ့်မည်။

ဆိုခဲ့ပြီးသည့်အတိုင်း ဃဋနာစဉ်အားဖြင့် မထုတ်ဘဲ ဒေသနာစဉ်ကျအောင် တစ်ခါတည်း ထုတ်ယူလိုပါက ဟောလိုသော ပစ္စည်း၏ သဘာဂ ပစ္စည်းရေ များကို–

၁။ "မိဿကဃဋနာမှာ ပါဝင်နိုင်သောပစ္စည်း,
၂။ ပကိဏ္ဏကဃဋနာမှာသာ ပါဝင်နိုင်သောပစ္စည်း,
၃။ သဟဇာတဃဋနာမှာသာ ပါဝင်နိုင်သောပစ္စည်း"ဟု ရသင့်သည်အား လျော်စွာ ခွဲဝေထားပါ။

ယင်းသို့ ခွဲဝေထားပြီးသည့်နောက် မိဿကဃဋနာမှာ ပါဝင်နိုင်သော ပစ္စည်း များ၏ သဘာဂသင်္ချာကို မိဿကဃဋနာမှလည်းကောင်း, ပကိဏ္ဏကဃဋနာမှာသာ ပါဝင်သော ပစ္စည်းများ၏ သဘာဂသင်္ချာကို ပကိဏ္ဏကဃဋနာမှလည်းကောင်း, သဟဇာတဃဋနာမှာသာ ပါဝင်သော ပစ္စည်းများ၏ သဘာဂသင်္ချာကို သဟဇာတ ဃဋနာမှလည်းကောင်း အသီးအသီး ထုတ်ယူဟောသွားရုံမျှသာ ဖြစ်သည်။

အဓိပတိ၏ သဘာဂ ၁၅–ပစ္စည်းတို့တွင် "နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ" ဤ ၄–ပစ္စည်းတို့သည် "သဟဇာတမျိုး, အာရမဏာမျိုး" ၂–ပါး လုံးမှာ သဘာဂဖြစ်နိုင်ကြသည့်အတွက် မိဿကဃဋနာမှာ ပါဝင်နိုင်ကြသည်။

"အာရမဏ, ဥပနိဿယ, ပုရေဇာတ" ဤ ၃–ပစ္စည်းတို့သည် အာရမဏ တစ်မျိုးတည်းမှာသာ သဘာဂဖြစ်ကြသည့်အတွက် ပကိဏ္ဏကဃဋနာမှာသာ ပါဝင် နိုင်ကြသည်။

"ဟေတု, သဟဇာတ, အညမည, ဝိပါက, အာဟာရ, ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ" ဤ ၈–ပစ္စည်းတို့သည် သဟတစ်မျိုးထဲမှာသာ သဘာဂဖြစ်ကြသည့်အတွက်

သဟဇာတဃဋနာမှာသာ ပါဝင်နိုင်ကြသည်၊ ဤသို့ ခွဲစိတ်ဝေဖန်ထားပြီးသည့်နောက် ဒေသနာစဉ်အတိုင်း သက်ဆိုင်ရာ ဃဋနာမှ ထုတ်နုတ်ပောာသွားရမည်။

## ပစ္စယုဒ္ဓါရ

| မျိုးပစ္စည်းများ | | | | ကု | အကု | ဗျာ | ကုဗျာ | အကု | ကု | ဗျာ | အကုဗျာ | ဗျာ | ကု | အကု | ကု | ဗျာ | အကု | ဗျာ | သချာပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကု | ။ | ။ | ။ | အကု | ။ | ။ | ။ | ဗျာ | ။ | ။ | ကုဗျာ | ။ | အကုဗျာ | ။ | |
| အာရမ္မဏ | | အာ | ၁ | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | ၉ |
| | | ဝိ ဥ | ၂ | ॥ | ॥ | ॥ | | ॥ | | | | ॥ | ॥ | ॥ | | | | | ၇ |
| | | အာပုဝဏ္ဏာ | ၅ | | | | | | | | | ॥ | ॥ | ॥ | | | | | ၃ |
| | | အာပုဗိ ဝဏ္ဏာဗိ | | | | | | | | | | ॥ | | | | | | | ၁ |
| သဟဇာတ | | ငယ် | ၇ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | | | ၇ |
| | | ကြီး | ၄ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | ॥ | | ॥ | ၉ |
| | | ညသံ | ၂ | ॥ | | | | ॥ | | | | ॥ | | | | | | | ၃ |
| | | ဝိပါ | ၁ | | | | | | | | | ॥ | | | | | | | ၁ |
| | | ဝိပ် | ၁ | | | ॥ | | | | ॥ | | ॥ | | | | | | | ၃ |
| ဥပနိဿယ | အနန္တရ | နန် | ၅ | ॥ | | ॥ | | ॥ | | ॥ | | ॥ | ॥ | ॥ | | | | | ၇ |
| | | သေ | ၁ | ॥ | | | | ॥ | | | | ॥ | | | | | | | ၃ |
| | | ကံ | ၁ | | | ॥ | | | | ॥ | | | | | | | | | ၂ |
| | ပကတူ | ပကတူ | ၁ | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | ၉ |
| | | ဗလက် | ၁ | | | ॥ | | | | ॥ | | | | | | | | | ၂ |
| ပုရေ | | ဝတ္ထုပု | ၅ | | | | | | | | | ॥ | ॥ | ॥ | | | | | ၃ |
| | | ပုတိ | ၁ | | | | | | | | | ॥ | | | | | | | ၁ |
| ပစ္ဆာ | | | ၄ | | | ॥ | | | | ॥ | | ॥ | | | | | | | ၃ |
| ကံ (ဗ+၃) | | | ၁ | | | ॥ | | | | ॥ | | | | | | | | | ၂ |
| ဟာ (ရူပ) | | | ၃ | | | | | | | | | ॥ | | | | | | | ၁ |
| ဣံ (ရူပ) | | | ၃ | | | | | | | | | ॥ | | | | | | | ၁ |
| သဟဇာတ ပုရေဇာတ | | | ၃ | | | | | | | | | | | | ॥ | | ॥ | | ၂ |
| ပစ္ဆာဇာတ အာဟာရံ | | | ၂ | | | | | | | | | | | | | ॥ | | ॥ | ၂ |
| ပစ္ဆာဇာတ ဣန္ဒြိယံ | | | ၂ | | | | | | | | | | | | | ॥ | | ॥ | ၂ |
| ပစ္စယုဒ္ဓါရ | | | | ၃ | ၂ | ၅ | ၁ | ၃ | ၂ | ၅ | ၁ | ၇ | ၃ | ၃ | ၁ | ၃ | ၁ | ၃ | * |

## ဟောပုံနည်းပြ

ပဋိစ္စဝါရ ပစ္စနိက် အစရှိသည်တို့၌ "အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ" အစရှိသော ဝိဘင်းကို ဟောသကဲ့သို့ ဤပဋ္ဌာဝါရ ပစ္စနိက်၌ ဝိဘင်းကို ဟောတော်မမူပါ။

ထိုသို့ ဟောတော်မမူသော်လည်း ထိုပစ္စနိက်လက္ခဏာ အကျဉ်းအားဖြင့် ပစ္စနိက်ကို ပြအံ့သောငှာ သင်္ဂါယနာတင်ဆရာတို့သည် ပစ္စယုဒ္ဓါရကို ထားတော်မူကုန်၏၊ ထိုပစ္စယုဒ္ဓါရ၌ ကုသလပဒ, အကုသလပဒ····[ဇယားကို ကြည့်စစ်ပါ။]

ဟောဟန်ကား– "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သဟဇာတပစ္စယေန ပစ္စယော၊ ဥပနိဿယပစ္စယေန ပစ္စယော" ဟူသည်တည်း။ [အနက်ပေး။]

ကုသလော ကုသလဿ၌ "အာရမ္မဏ, သဟဇာတ, ဥပနိဿယ" ဤ ၃–ပစ္စည်းကို ထုတ်အပ်၏။

ထိုတွင် အာရမ္မဏဖြင့် "အာရမ္မဏမတ္တ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ" ဤ ၃–ပစ္စည်းကို ပြအပ်၏။

ထိုတွင် အာရမ္မဏမတ္တဖြစ်အံ့ ····ကတ္တား····ကား အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ စေတသိက်အဋ္ဌတ္တိံသ ပစ္စည်းတရား ရ၏၊ သမ္ပဒါန်····ကား မဟာကုသိုလ်စိတ် ၈–ခု, ဝိညာ–ကု, နေဝ–ကု, ဣ, စေ, ပု, ယထာ, အနာဂတံသ ကုသိုလ်အဘိညာဉ်, ဝိရတိအပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ ပစ္စယုပ္ပန်တရား ရ၏၊ ထို့ကြောင့် ထိုတရားတို့၏ ဝိမိဝိဘင်းကို "ကုသလော····ပစ္စယော၊ ဒါနံ ဒတွာ သီလံ ····ပစ္စယော"ဟု ဟောအပ်၏၊ အာဓိ, အာရမ္မဏူတို့ကိုလည်း အရကောက်၍ ဝိဘင်းကို ဟောရမည်။

သဟဇာတဖြင့် "သဟဇာတမတ္တ, ဟေတု, သဟဇာတာဓိပတိ, အညမည, သဟဇာတနိဿယ, သဟဇာတကမ္မ, သဟဇာတာဟာရ, သဟဇာတိန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, သဟဇာတတ္ထိ, သဟဇာတအဝိဂတ" ဤ ၁၃–ပစ္စည်းကို ပြအပ်၏၊ ထိုတွင် သဟဇာတမတ္တဖြစ်အံ့ ···· စသည်ဖြင့် ဆိုပါ၊ အရကောက်ပါ၊ ဝိမိဝိဘင်းကိုလည်း ယထာရဟ ဟောပါ။

အာရမ္မဏဖြင့် အာရမ္မဏူပနိဿယကို ပြပြီးဖြစ်သောကြောင့် ဥပနိဿယဖြင့် "အနန္တရူပနိဿယ, ပကတူပနိဿယ"၂–ပစ္စည်းကို ပြအပ်၏၊ ထိုတွင် အနန္တရူပ

နိဿယဖြင့် "အနန္တရူပနိဿယ, အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ" ဤ ၆–ပစ္စည်းကို ပြအပ်၏၊ ထိုတွင် ···· ပကတူပနိဿယဖြင့် ပကတူပပစ္စည်းကို ပြအပ်၏။ [ အရကောက်၍ ဝိဘင်း ဟောပါ။ ]

ကြွင်းသော ပဒ,ပဒါဝသာနတို့ကိုလည်း ဇယားကို ကြည့်ဟောပါ၊ လွယ်ပါပြီ၊ ဇယားကို အထက်အောက်ကြည့်လျက် အမှတ်တွေ့ရာ လက်ဝဲဘက် ခေါင်းဆောင် ပစ္စည်းများကို ရှုဆင်ခြင်ပြီးလျှင် ပါဠိတော်ကို ဆိုပါ၊ ပစ္စည်းရေကို ပြသည့်အခါ အမှတ်ရှိသမျှ ပစ္စည်းရေကို အစဉ်ကျအောင် ရေတွက်ပြပါ။

ဇယားကို လက်ဝဲလက်ယာ ကြည့်ပါက သုဒ္ဓသချာ ဖြစ်လာမည်၊ သချာများကို ပေါင်းကြည့်ပါ၊ ၁၅–မျှသာ တွေ့ရမည်၊ ကုသလတိက်–၌ အလွန်ဆုံး သချာ ၁၅–ပါးမျှသာ ရနိုင်သည်–ဟု မှတ်ပါ၊ ယင်း သချာများကိုပင် အခြေခံ၍ နောက်ဝါရ များကို ပြမည်။

**ပစ္စနီယာဒိ ပါဒသိက္ခာ**

"ပစ္စည်း ပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်း ပစ္စနီယာနုလောမ" ဟူသော နယ ၃–ပါးတို့ကိုလည်း ဤပစ္စယဒ္ဓါရ ဇယားဖြင့်ပင် ပြပါမည်။

ပစ္စနိက်၌ ဟေတုပစ္စည်း မတပ်သောတရား–စသည်တို့ကိုလည်းကောင်း, ဟေတု အာရမဏ ၂–ပစ္စည်း မတပ်သောတရား–စသည်တို့ကိုလည်းကောင်း "သုဒ္ဓ, ဒုကာဒိ"စသည်ဖြင့် ဟောထားသည်။

ပစ္စည်းအနုလောမ ပစ္စနိက်၌ ဟေတုပစ္စည်းသာ တပ်၍ အာရမဏပစ္စည်း မတပ်သောတရား–စသည်တို့ကို "ဒုက, ဃဋနာ" ၂–မျိုးခွဲ ဟောထားသည်။

ပစ္စည်းပစ္စနီယာနုလောမ၌ "ဟေတုပစ္စည်း မတပ်မူ၍ အာရမဏပစ္စည်း တပ်သောတရား, ဟေတု အာရမဏ ၂–ပစ္စည်း မတပ်မူ၍ အဓိပတိပစ္စည်းတပ်သော တရား"စသည်ဖြင့် ဒုကမှ ဗာဝီသကထိအောင် ဟောထားသည်။

ထိုတွင် ဟေတုပစ္စည်း မတပ်သောတရား–စသည်တို့ကို ပစ္စယဒ္ဓါရ ဇယား၌ ပြထားသော ၈–ပစ္စည်း ၉–မျိုး ခေါင်းဆောင်ပစ္စည်းတို့၏ သုဒ္ဓသချာမှပင် ရထိုက်သည်အားလျော်စွာ ထုတ်ယူရမည်၊ မိမိ ဟောလိုသော ပစ္စည်းများ၏ ပစ္စည်း ပစ္စယုပ္ပန်တရားတို့ကို မျိုးတူ ခေါင်းဆောင်ပစ္စည်းများ၏ သုဒ္ဓသချာမှ

ပယ်နုတ်ထား၍ သင်္ချာတပ်ရမည်၊ ဟောရမည့်ပစ္စည်းသည် ခေါင်းဆောင်ပစ္စည်းသော်လည်းကောင်း, ခေါင်းဆောင်ပစ္စည်းနှင့် အလားတူပစ္စည်းသော်လည်းကောင်း ဖြစ်နေပါလျှင် တစ်မျိုးလုံးကို ရနိုင်တော့မည် မဟုတ်ချေ၊ တစ်မျိုးလုံးပင် ပြုတ်ကျန်နေရစ်ပေတော့မည်၊ ကျန်သောတရားများကိုသာ အစဉ်အတိုင်းဆို၍ သင်္ချာတပ်ရမည်။

ဟေတုပစ္စည်းသာ တပ်၍ အာရမဏပစ္စည်း မတပ်သောတရား–စသည်တို့၌ "မူ"ဖြစ်သော ပစ္စည်းနှင့် "မူလီ"ဖြစ်သော ပစ္စည်းတို့သည် သဘာဂပစ္စည်းများ ဖြစ်နေကြပါလျှင် "န"မပါသော (အနုလုံ)ပစ္စည်း၏ သုဒ္ဓသင်္ချာကို ဖော်ဆို၍ သင်္ချာတပ်ရုံမျှသာ၊ အကယ်၍ သဘာဂပစ္စည်းများ ဖြစ်နေကြပါက အနုလုံးပစ္စည်း၏ သုဒ္ဓသင်္ချာမှ "န"ပါသော (ပစ္စနိက်)ပစ္စည်း၏ သုဒ္ဓသင်္ချာကို ပယ်နုတ်၍ ကျန်သောတရားအားလျော်စွာ သင်္ချာတပ်ရမည်။

သို့ဖြစ်၍ သဘာဂပစ္စည်းချင်း နုတ်ပုံကို မျိုးစဉ်အလိုက် ပြဆိုပါဦးမည်၊ သို့သော် နုတ်တက်အာဂုံကျက်ရန်ကား မဟုတ်ပါ၊ သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်၍ မည်သို့မည်ပုံ နုတ်ရသည်ကို သဘောကျအောင် ကြည့်ရှုလေ့လာထားရန်မျှသာ ဖြစ်ပါသည်၊ သဘောကျသွားပါက အလိုအလျောက်ပင် ဆိုတတ်လာပါလိမ့်မည်။

**သဘာဂပစ္စည်းချင်း နုတ်ပုံ–**

၁။ မျိုးတူ သဘာဂပစ္စည်းချင်း အနည်းမှ အများကို နုတ်ရာ၌လည်းကောင်း, အရေတူပစ္စည်းချင်း နုတ်ရာ၌လည်းကောင်း တရားကြွင်းမရှိ–ဟု မှတ်ယူရမည်။

၂။ အများမှ အနည်းကို နုတ်ရာ၌သာ တရားကြွင်း ရှိနိုင်သည်။

၃။ မူလပစ္စည်းနှင့် မူလီပစ္စည်းတို့ အချို့အဝက် အရေတူ၍ အချို့အဝက် အရေမတူရာ၌ အပြန်အလှန်ပင် နုတ်နိုင်သည်။

၄။ မျိုးပင် တူစေကာမူ သဘာဂမဖြစ်က မနုတ်ရ။

၅။ မျိုးမတူစေကာမူ သဘာဂဖြစ်နိုင်လျှင် နုတ်ရသေးသည်။

၆။ နုတ်ပါလျက် တရားအရ ထူးထူးခြားခြား လျော့မသွားရာ၌ အပါဒါန်ခံ၍ နုတ်ရသည်။

၇။ တရားအရ ထူးထူးခြားခြား လျော့သွားရာ၌မူ အများအားဖြင့် နုတ်ကြွင်း တရားကို ထုတ်ဖော်ပြရသည်၊ လွယ်ကူသက်သာစေရန် ရံခါ အပါဒါန် ခံ၍လည်း နုတ်နိုင်သေးသည်။

ဤအခြေခံသဘောကို နှလုံးသွင်းလျက် အောက်၌ နုတ်ပြထားသည်တို့ကို ကြည့်ရှုလေ့လာစေလိုပါသည်။

**အာရမဏမျိုး**

**အာ–နာဝိ** အလေးအမြတ်ပြုတတ်သော ကာမစိတ် စတုပဉ္စာသ အဘိညာဉ်ဒွေး ဝိညာဏဉ္စာယတစိတ် ၃–ခု နေဝသညာနာသညာယတနစိတ် ၃–ခု အား တပ်သော အလေးအမြတ် မပြုအပ်သော စိတ်–၈၉, စေတသိက်–၅၂, ရုပ်–၂၈, နိဗ္ဗာန်–ဟု ဆိုအပ်သော အာရမဏပစ္စည်း၊ သင်္ချာ နဝ။

[ နိဗ္ဗာန်သည် လောကုတ္တရာစိတ် ၈–ခုအား အာရမဏာဓိပတိ ဧကန် တပ်သည်၊ ထို့ကြောင့် ပစ္စယုပ္ပန်၌ လောကုတ္တရာကို ကြဉ်ထားခဲ့သည်။ ]

**အာ–နပု** မနောဒွါရာဝဇ္ဇန်း, ကာမဇော တစ်ခုယုတ်သုံးဆယ်, တဒါရုံဧကာ ဒသ, ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်မှ တစ်ပါး အဘိညာဉ်ဒွေး, ဝိညာ–၃, နေဝ–၃, လောကုတ္တရာစိတ် ၈–ခုအား တပ်သော စိတ်–၈၉, စေ–၅၂, ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသမှတစ်ပါး ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်–ဟု ဆိုအပ်သော အာရမဏပစ္စည်း၊ သင်္ချာ နဝ။

**အာ–န နိဿယ** မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော ၅–ချက်, တဒါရုံအား တပ်သော စုတိမှ ····ဟဒယဝတ္ထု–ဟု ဆိုအပ်သော ဝတ္ထာ ရမဏမှ တစ်ပါး အာရမဏပစ္စည်း၊ သင်္ချာ နဝ။

**အာဓိ–နပု** အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈–ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသမှ တစ်ပါး အာရမဏာဓိပတိပစ္စည်း၊ သင်္ချာ သတ္တ။

**သဟဇာတမျိုး**

**သဟ–န အည** စိတ္တဇရုပ် ဟဒယဝတ္ထုမှ တစ်ပါး ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး, ဥပါဒါရုပ်အား တပ်သော မဟာဘုတ် ၄–ပါး–ဟု ဆိုအပ်သော သဟဇာတပစ္စည်း၊ သင်္ချာ ပဉ္စ။

**သဟ–နှ ဝိပါ** အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားလည်းကောင်း တပ်သော ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်း တပ်သော မဟာဘုတ် ၄–ပါး၊ ပဋိသန္ဓေနာမက္ခန္ဓာအား တပ်သော ဟဒယဝတ္ထု–ဟု ဆိုအပ်သော သဟဇာတပစ္စည်း၊ သင်္ချာ နဝ။

**သဟ–နှ သံ** စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဋ္ဌဝေါကာရ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်း တပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု–ဟု ဆိုအပ်သော သဟဇာတပစ္စည်း၊ သင်္ချာ ပဉ္စ။

**သဟ–နှ ဝိပ်** အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်း တပ်သော မဟာဘုတ် ၄–ပါး–ဟု ဆိုအပ်သော သဟဇာတပစ္စည်း၊ သင်္ချာ တိဏိ။

**အည–နှ ဝိပါ** အချင်းချင်းအား တပ်သော အလုံးစုံသော ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအား တပ်သော မဟာဘုတ် ၄–ပါး၊ ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာအား တပ်သော ဟဒယဝတ္ထု၊ သင်္ချာ တိဏိ။

**အည–နှ သံ** အချင်းချင်းအား တပ်သော မဟာဘုတ် ၄–ပါး၊ အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ သင်္ချာ ဧကံ။

**အည–နှ ဝိပ်** အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအား တပ်သော မဟာဘုတ် ၄–ပါး၊ သင်္ချာ တိဏိ။

**ဝိပါ–နှ အည** စိတ္တဇရုပ် ဟဒယဝတ္ထုမှ တစ်ပါး ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဋ္ဌဝေါကာရ ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ သင်္ချာ ဧကံ။

**ဝိပါ–နှ သံ** စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပစ္ဆာဇာတ ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဟဒယဝတ္ထုအား တပ်သော ပစ္ဆာဇာတ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ သချာ ဇက်။

**ဝိပါ–နှ ဝိပ်** အချင်းချင်းအား တပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ သချာ ဇက်။

**သံ–နှ ဝိပါ** အချင်းချင်းအား တပ်သော အလုံးစုံသော ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ ၄–ပါး၊ သချာ တီဏိ။

**ဝိပ်–နှ အညှ** စိတ္တဇရုပ် ဟဒယဝတ္ထုမှ တစ်ပါး ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပစ္ဆာဇာတ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ သချာ တီဏိ။

**ဝိပ်–နှ ဝိပါ** စိတ္တဇရုပ်အား တပ်သော ပစ္ဆာဇာတ ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ ၄–ပါး၊ ပစ္ဆာဇာတ ပဋိသန္ဓေနာမက္ခန္ဓာ အားတပ်သော ဟဒယဝတ္ထု၊ သချာ တီဏိ။

**သဟ–နှ ဟေ** အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇ ရုပ်အားလည်းကောင်း တပ်သော ဟိတ် ၆–ပါးမှ တစ်ပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်း တပ်သော မဟာဘုတ် ၄–ပါး၊ အချင်းချင်းအား တပ်သော ဟိတ် ၃–ပါးမှ တစ်ပါး ပစ္ဆာဇာတ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ သချာ နဝ။

**အညှ–နှ ဟေ** အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ ဟဒယ ဝတ္ထုအားလည်းကောင်း တပ်သော ဟိတ် ၆–ပါးမှ တစ်ပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအား တပ်သော မဟာဘုတ် ၄–ပါး၊ အချင်းချင်းအား တပ်သော ဟိတ် ၃–ပါးမှ တစ်ပါး ပစ္ဆာဇာတ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ သချာ တီဏိ။

**ဝိပါ–နှ ဟေ** ဟိတ် ၃–ပါးမှ တစ်ပါး ဝိပါကပစ္စည်း၊ သချာ ဇက်။

**သံ–နှ ဟေ** အချင်းချင်းအား တပ်သော ဟိတ် ၆–ပါးမှ တစ်ပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ သချာ တီဏိ။

**ဝိပ်–န ဟေ** စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆–ပါးမှ တစ်ပါး ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအား တပ်သော ဟိတ် ၃–ပါးမှ တစ်ပါး ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ သချာ် တီဏိ။

**ဟေ–န ည** သဟိတ်စိတ္တဇရုပ်, ဟဒယဝတ္ထုမှတစ်ပါး သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆–ပါး၊ သချာ် တီဏိ။

**ဟေ–န ဝိပါ** သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်အား တပ်သော ကုသိုလ် အကုသိုလ် ကြိယာ ဟိတ် ၆–ပါး၊ သချာ် သတ္တ။

**ဟေ–န သံ** သဟိတ်စိတ္တဇရုပ် သဟိတ်စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆–ပါး၊ သချာ် တီဏိ။

**ဟေ–န ဝိပ်** သမ္ပယုတ္တက္ခန္ဓာအား တပ်သော ဟိတ် ၆–ပါး၊ သချာ် တီတိ။

[ မိ, ကံ, ဟာ, ဣံ, ဈာ, မဂ်–တို့ကိုလည်း ရထိုက်သည်အား လျော်စွာ ဆိုပါ၊ သဟဇာယ်ချင်း၌မူ ဆိုင်ရာ သဘာဂဖြစ်သော တရားမျှကိုသာ နုတ်ရမည်။ ]

**ဟေ–နာဓိ** သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝီမံသာဓိပတိမှ တစ်ပါး ဟိတ် ၆–ပါး၊ သချာ် သတ္တ။

**ဓိ–န ဟေ** ဝီမံသာဓိပတိမှတစ်ပါး သဟဇာတာဓိပတိပစ္စည်း၊ သချာ် သတ္တ။[ ကြွင်းသော ပစ္စည်းများကိုလည်း နည်းမှီ၍ ဆိုပါ။]

**သဟ–န အည န ဟေ** စိတ္တဇရုပ် ဟဒယဝတ္ထုမှ တစ်ပါးသော ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆–ပါးမှ တစ်ပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဥပါဒါရုပ်အား တပ်သော မဟာဘုတ် ၄–ပါး၊ သချာ် ပဉ္စ။

**သဟ–န ဟေ နာဓိ** ဟေတုပစ္စည်း သဟဇာတာဓိပတိပစ္စည်းမှ တစ်ပါး အလုံးစုံသော သဟဇာတပစ္စည်း၊ သချာ် နဝ။ [ အကြွင်းကို နည်းယူ လေ့လာပါ။ ]

**အနန်-န အာသေ** ပထမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောကေပညာသအား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသမှတစ်ပါး အနန္တရူပနိဿယပစ္စည်း၊ သင်္ချာ ပဥ္စ။ [ ကု+အကု၊ အကု+အကု လျော့သည်။ ]

**အနန်-န ကမ္မ** မဂ္ဂါနန္တရဖိုလ်အား တပ်သော မဂ်စေတနာမှတစ်ပါး အနန္တရူပ နိဿယပစ္စည်း၊ သင်္ချာ သတ္တ။

## ပကတူပမျိုး

**ပကတူ-န ကမ္မ** ဝိပါက် နာမက္ခန္ဓာအား တပ်သော ဗလဝနာနာက္ခဏိကကမ္မမှ တစ်ပါး ပကတူပနိဿယပစ္စည်း၊ သင်္ချာ နဝ။

**ပကတူ-န အနန်** မဂ္ဂါနန္တရဖိုလ်အား တပ်သော မဂ်စေတနာမှတစ်ပါး ပကတူပ နိဿယပစ္စည်း၊ သင်္ချာ နဝ။ [မျိုးမတူသော်လည်း သဘာဂရှိ၍ နုတ်နိုင်သည်။ ]

## ဝတ္ထုပုရေဇာတမျိုး

**ပု-န ဣံ** ပုရေဇာတိန္ဒြိယပစ္စည်းမှ တစ်ပါး ဝတ္ထုပုရေဇာတပစ္စည်း၊ သင်္ချာ တီဏိ။

**ပု-န အာရမ်** ဝတ္ထာရမဏမှတစ်ပါး ပုရေဇာတနိဿယပစ္စည်း၊ သင်္ချာ တီဏိ။ [မျိုးမတူသော်လည်း သဘာဂရှိသောကြောင့် နုတ်ရသည်။ ]

## ပစ္စနီယာဒိသင်္ချာထုတ်ပုံ

သဘာဂပစ္စည်းချင်း နုတ်ပုံကို ကျေနပ်အားရအောင် လေ့လာပြီးပါက သင်္ချာ ထုတ်ပုံကို ဆက်လက် လေ့လာနိုင်ပါပြီ၊ မိမိ ဟောလိုသော ပစ္စည်းကို ပစ္စယုဒ္ဓါရ ဇယားလာ ၈-ပစ္စည်း ၉-မျိုးတို့၏ မျိုးတူသုဒ္ဓသင်္ချာများမှ နုတ်ပယ်လျက် ကျန်သော တရားအားလျော်စွာ သင်္ချာ ထုတ်ရမည်၊ သို့ဖြစ်၍ သင်္ချာ ၁၅-ချက်ကို "အာရမ

ဏာမျိုး ပကတူပနိဿယမျိုးတို့မှာသာ ပါသောသင်္ချာ, သဟဇာတမျိုးမှာသာ ပါသော သင်္ချာ"စသည်ဖြင့် ဇယားကို ရှုလျက် ကျေနပ်အားရအောင် လေ့လာထားသင့်ပါသည်။

**သင်္ချာထုတ်ရန် ဥပဒေသ—**

၁။ သ အဉ် နိ သံ–ဇော်ဒသတဲ့, ပုရေ တေရ–မှတ်ကြပါ၊
ဝိပ် အတ် အမှာ–နဝါမှတ်တော့, ကြွင်းပန္နရသ်–သုဒ္ဓမှာ။
အာ ဥ နှစ်ဖြာ–မပါကလျှင်, သင်္ချာတေရ–ထုတ်ကြရာ၊
ပဋ္ဌာ သဟ, မရက, နဝ သင်္ချာလာ။
အဲ–ဒါက· · · ·သုဒ္ဓ ဒုက ပစ္စနီက သင်္ချာပါ။

၂။ အာ ဥ ပုရေ–လျော့ နဝတဲ့, အာ ဥ သဟ သတ္တလာ၊
အာ ဥ အညာ–လျော့ သတ္တနှင့်, အာ ဥ သမ္ပ သတ္တပါ။
အာ ဥ သဟာ–ပုပဥ္စနှင့်, အာ ဥ ဝိပ္ပ ပဥ္စသာ၊
အာ ဥ သဟ, ပစ်လျော့က, ပဥ္စထုတ်ကြရာ။
အဲ–ဒါက· · · ·တိကာဒိက, ပစ္စနီက သင်္ချာပါ။

**သ အဉ် နိ သံ–ဇော်ဒသတဲ့** သဟဇာတသည် သဟဇာတမျိုးမှာ ခေါင်းဆောင် ပစ္စည်း ဖြစ်သည်၊ န သဟဇာတ–ဆိုသောကြောင့် သဟမျိုးကို လုံးဝပယ်နုတ်ပြီး ဖြစ်သည်၊ သဟကို မရပါက သဟပုရေမိဿက ကိုလည်း မရနိုင်တော့ပါ၊ သဟနှင့် သဟပုရေမိဿကကို မရပါလျှင် ၎င်းတို့နှင့်သာ သက်ဆိုင်သော "ကု+ကုဗျာ၊ အကု+အကုဗျာ၊ ကုဗျာ+ကု၊ အကုဗျာ+အကု" ဤသင်္ချာ ၄–ချက်ကိုလည်း မရနိုင်တော့ချေ၊ ထို့ကြောင့် "န သဟဇာတေ ဓောဒသ" ဟု ဟောတော်မူသည်၊ တစ်နည်းအားဖြင့် ဆိုရပါမူ အာရမဏနှင့် ပကတူပနိဿယ သင်္ချာ နဝတွင် ပစ္ဆာဟာရမိဿကနှင့် ပစ္ဆာဣန္ဒြိယမိဿကသင်္ချာ ကုဗျာ+ဗျာ၊ အကုဗျာ+ဗျာတို့ကို ပေါင်းထည့်၍ ဓောဒသ ဖြစ်လာရသည်၊ အနန်နှင့် ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣ–တို့၏ သင်္ချာများမှာ အာရမဏနှင့် ပကတူပနိဿယတို့၏ သင်္ချာအတွင်း၌ ပါဝင်သွားပါသည်။

သဟမှ အညကို နုတ်ပါက စိတ္တဇရုပ် ဟဒယဝတ္ထုမှ တစ်ပါးသော ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဥ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ, ဥပါဒါရုပ်အား တပ်သော မဟာဘုတ် ကျန်သည်၊ "ကု+ဗျာ၊ အကု+ဗျာ၊ ဗျာ+ဗျာ၊ ကုဗျာ+ဗျာ၊

အကုဗျာ+ဗျာ"သချ်ာ ၅–ချက်သာ ရသည်၊ ယင်း ၅–ချက်မှာ အာရမဏ ပကတူပနိဿယနှင့် မိဿကသချ်ာများ၏ အတွင်းမှာ ပါဝင်ပြီး ဖြစ်နေသည်၊ ကု, အကု ပစ္စယုပ္ပန် မပါသောကြောင့် သဟပုရေမိဿကကိုလည်း မရနိုင်တော့ပါ၊ ထို့ကြောင့် "န အညမညေ ကောဒသ"ဟုပင် ဟောတော်မူသည်။

သဟမှ သမ္ပယုတ္တကိုနုတ်၍ ကြွင်းကျန်နေသောတရားများ၏ သချ်ာမှာ အညနုတ်ကြွင်းသချ်ာနှင့် မထူးတော့ပါ၊ ထို့ကြောင့် "န သမ္ပယုတ္တေ ကောဒသ"ပင် ဖြစ်ရပြန်သည်။

န နိဿယ–၌ သဟနှင့် ပုရေတို့ကို မရစေကာမူ အာရမဏ, ဥပနိဿယ, မိဿကတို့ ကျန်နေသောကြောင့် သဟနည်းတူ ကောဒသပင် ရသည်၊ ထို့ကြောင့် "န နိဿယေ ကောဒသ"ဟု ဟောတော်မူသည်။

**ပုရေ တေရ–မှတ်ကြပါ** ပုရေကို မရက သဟပုရေမိဿကကိုလည်း မရနိုင်၊ သဟပုရေမိဿကဆိုင်ရာ ကုဗျာ+ကု၊ အကုဗျာ+အကု လျော့သည်၊ ထို့ကြောင့် "န ပုရေဇာတေ တေရသ"ဟု ဟောတော်မူသည်။

**ဝိပ်အတ်အမှာ–နဝါမှတ်တော့** န ဝိပ္ပယုတ္တအရ သဟမျိုးမှ အချင်းချင်းအား တပ်သော နာမက္ခန္ဓာနှင့် မဟာဘုတ်ပစ္စည်းတရားကို ရစေကာမူ အာရမ်, ဥပတို့၏ သချ်ာအတွင်း၌ပင် ပါဝင်သွားသည်၊ သချ်ာ တိုးမလာနိုင်ပါ၊ ထို့ပြင် ပုရေပစ္ဆာတို့ကို မရသည့်အတွက် မိဿကများကိုလည်း မရနိုင်တော့ပါ၊ အာရမ်, ဥပ, ကံ, ဟာ, ဣံ–တို့ကိုသာ ရသည်၊ ထို့ကြောင့် "န ဝိပ္ပယုတ္တေ နဝ"ဟု ဟောတော်မူပါသည်။

နော အတ္ထိ, နော အဝိဂတအရ အာရမ်, ဥပ, ကံမျှသာ ဖြစ်သည်၊ ထို့ကြောင့် "နော အတ္ထိယာ နဝ၊ နော အဝိဂတေ နဝ"ဟု ဟောတော်မူပါသည်။

**ကြွင်းပန္နရသ်–သုဒ္ဓမှာ** ဆိုခဲ့ပြီးသည်မှ ကြွင်းသော "နဟေ, နအာ, နာဓိ, နာနန်, နသမနန်, နဥပ, နပစ္ဆာ, နာသေ, နကံ, နဝိပါ, နဟာ, နဣံ, နဈာ, နမဂ္ဂ, နောနတ္ထိ, နောဝိဂတ" ဤ ၁၆–ပစ္စည်းတို့၏ သုဒ္ဓသချ်ာများကို "န ဟေတုယာ ပန္နရသ"စသည်ဖြင့် ဟောတော်မူသည်။

**အာဥနှစ်ဖြာ-မပါကလျှင် သချိာ်တေရ-ထုတ်ကြရာ** ကု+အကု၊ အကု+ကု-ဟူသော သချိာ ၂-ခုသည် အာရမ်နှင့် ဥပမှာသာ ပါရှိသည်၊ "အာရမ်, ဥပ" ၂-ပါးနှင့်သာ ဆိုင်သည်၊ အခြား ပစ္စည်းများနှင့် မဆိုင်၊ "အာရမ်, ဥပ" ၂-ပစ္စည်းကို မရပါက ယင်း သချိာ ၂-ချက်ကိုလည်း မရနိုင်တော့ပါ၊ ထို့ကြောင့် အာရမ်, ဥပ ၂-ပါးလုံးကို မရသည့်အခါမှာ "သချိာ တေရသ" ထုတ်ရသည်။

**ပစ္ဆာသဟ, မရက, နဝ သချိာ်လာ** သဟမျိုးနှင့် ပစ္ဆာမျိုးတို့ကို မရပါက မိဿက ၃-မျိုးတို့ကိုလည်း မရနိုင်တော့ပါ၊ အာရမ်, ဥပ သချိာမျှသာ ကျန်ပါတော့သည်၊ ပုရေ, ကံ, ဟာ, ဣံ-တို့မှာ အာရမ်, ဥပသချိာအတွင်း၌ ပါဝင်သွားကြသည်၊ ထို့ကြောင့် သဟမျိုးနှင့် ပစ္ဆာမျိုး တို့ကို မရသည့်အခါမှာ သချိာ "နဝ"သာ ထုတ်ရတော့သည်။

## တိကာဒိ

**အာ ဥ ပုရေ-လျော့ နဝတဲ့** အာရမ်, ဥပ, ပုရေ လျော့သွားပါက သဟ ပုရေမိဿကသချိာများကိုလည်း မရတော့ပါ၊ သဟ, ပစ္ဆာ, ကံ, ဟာ, ဣံ-မျှသာ ကျန်ပါသည်၊ ပစ္ဆာ-စသည်တို့၏ သချိာများမှာ သဟအတွင်း၌ ပါဝင်ပြီး ဖြစ်ပါသည်၊ ထို့ကြောင့် သချိာ "နဝ"မျှသာ ရတော့သည်။

**အာ ဥ သဟ-သတ္တလာ** အာရမ်, ဥပ, သဟ လျော့သွားပါက ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣံ ကျန်သည်၊ ပစ္ဆာနှင့် ပုရေ သချိာတို့ကိုပေါင်းက "ကု+ဗျာ၊ အကု+ဗျာ၊ ဗျာ+ဗျာ၊ ဗျာ+ကု၊ ဗျာ+အကု"ဟု သချိာ ၅-ချက် ရသည်၊ ထိုတွင် ပစ္ဆာဟာရမိဿက, ပစ္ဆာဣန္ဒြိယမိဿကသချိာ ကုဗျာ+ဗျာ၊ အကုဗျာ+ဗျာတို့ကို ပေါင်းထည့်၍ သချိာ "သတ္တ" ဖြစ်လာရသည်။

**အာ ဥ အညာ-လျော့ သတ္တနှင့်** အာရမ်, ဥပ, အည လျော့လျှင် သဟမျိုးမှ စိတ္တဇရုပ် ဟဒယဝတ္ထုမှတစ်ပါး ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဋ္ဌဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး, ဥပါဒါရုပ်အား တပ်သော မဟာဘုတ် ၄-ပါး ကျန်သည်၊ ပုရေ, ပစ္ဆာ, ကံ, ဟာ,

ဏ္ဍလည်း ကျန်သည်၊ သဟပုရေဇာတမိဿကကိုမူ မရနိုင်တော့ပါ၊ အညနုတ်ကြွင်း သဟသချာ ၅-ချက်သည် ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣ္ကတို့၏ သချာနှင့် မထူးခြားတော့ချေ၊ ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣ္က-(စသည်)တို့၏ သချာအတွင်း၌ပင် ပါဝင်သွားနိုင်ပေသည်၊ ထို့ကြောင့် သချာ "သတ္တ"မျှသာ ရတော့သည်။

**အာ ဥ သမ္ပ-သတ္တပါ** အာရမ်, ဥပ, သမ္ပတို့လျော့လျှင်လည်း အာရမ်, ဥပ, အည လျော့သည့်နည်းတူ သချာ "သတ္တ"ပင် ဖြစ်ရတော့သည်။

**အာ ဥ သဟာ-ပု ပဉ္စနှင့်** အာရမ်, ဥပ, သဟ, ပုရေ လျော့က ပစ္ဆာ, ကံ, ဟာ, ဣ္ကတို့သာ ကျန်သည်၊ ပစ္ဆာ တိကမှာ မိဿကဒွေကို ပေါင်းထည့်၍ သချာ "ပဉ္စ" ဖြစ်လာရသည်။

**အာ ဥ ဝိပ္ပ-ပဉ္စသာ** အာရမ်, ဥပ, ဝိပ္ပယုတ္တ နုတ်က သဟမှ အချင်းချင်းအား တပ်သော နာမက္ခန္ဓာ ၄-ပါး, မဟာဘုတ် ပစ္စည်းတရား ကျန်သည်၊ နောက်ပိုင်းမှ ကံ, ဟာ, ဣ္က ကျန်သည်၊ သဟနုတ်ကြွင်း "ကု+ကု၊ အကု+အကု၊ ဗျာ+ဗျာ" သချာ ၃-ချက်မှာ ကံသချာ "ကု+ဗျာ၊ အကု+ဗျာ" ၂-ချက်ကို ပေါင်းထည့်၍ "ပဉ္စ" ဖြစ်လာရသည်။

**အာ ဥ သဟ, ပစ်လျော့က, ပဉ္စထုတ်ကြရာ** အာရမ်, ဥပ, သဟ, ပစ္ဆာ လျော့က ပုရေ, ကံ, ဟာ, ဣ္က မျှသာ ကျန်သည်၊ ပုရေ တိကမှာ ကံဒွေကို ပေါင်းထည့်၍ သချာ "ပဉ္စ"ဖြစ်လာရသည်၊ ဟာ, ဣ္က သချာမှာ ပုရေသချာထဲ၌ ပါဝင်သည်၊ ကြွင်းသော သချာများကိုလည်း တရားကြွင်းကို ကြည့်ရှုဆင်ခြင်၍ ထုတ်ပါ၊ ဆိုခဲ့ပြီးသော သဘောများကို ပိုင်နိုင်အောင် လေ့လာထားပါက နောက်ဝါရများ၌ အံ့ဩဖွယ်ရာ သက်သာလွယ်ကူလာပါလိမ့်မည်။

**ပစ္စည်း ပစ္စနိက်**

သုဒ္ဓသင်-ဒုကာဒိ, နှစ်မျိုးရှိ နိက်မှာ၊
ကိုးမျိုးတွင်-သဘာဂကို, နုတ်ကြ သချာ။
ကျန်တရား-အားလျော့စွာ, သချာကို မှတ်သား၊
မျိုးခေါင်းဆောင်-လားတူဖြစ်လျှင်တော့,
မျိုးလုံးပင်-ပြုတ်ကျန်ရစ်တယ်, စိစစ်ဟောသွား။

၁။ ပစ္စည်း ပစ္စနိက်၌ "သုဒ္ဓသင်္ချာဝါရ, ဒုကာဒိသင်္ချာဝါရ"ဟု ၂–မျိုး ပါဝင်သည်၊ ဒုကာဒိ၌ "မူ, မူလီ" ၂–ပါးလုံးကိုပင် နယအားလျော်စွာ ပစ္စနိက်ထား ဟောရမည်။

၂။ မိမိဟောလိုသော ပစ္စည်း၏ ပစ္စည်း,ပစ္စယုပ္ပန် တရားများကို သဘာဂ ဖြစ်သော (ပစ္စယုဒ္ဓါရဇယားလာ) ၈–ပစ္စည်း ၉–မျိုး ခေါင်းဆောင်ပစ္စည်း တို့၏ ပစ္စည်း,ပစ္စယုပ္ပန်တရားမှ ပယ်နုတ်ရမည်။

၃။ ကြွင်းကျန်သော တရားအားလျော်စွာ သင်္ချာတပ် ဟောရမည်။ [နုတ်ပုံ, သင်္ချာယူပုံကို ပြထားခဲ့ပြီ။]

၄။ ဟောလိုသောပစ္စည်းသည် ခေါင်းဆောင်ပစ္စည်းသော်လည်းကောင်း, ခေါင်းဆောင်ပစ္စည်းနှင့် အလားတူပစ္စည်းသော်လည်းကောင်း ဖြစ်နေ ပါလျှင် သက်ဆိုင်ရာ တစ်မျိုးလုံးကို ရနိုင်တော့မည် မဟုတ်ချေ၊ တစ်မျိုး လုံးပင် ပြုတ်ကျန်နေရစ်ပေတော့မည်၊ ကြွင်းကျန်သော တရားများကိုသာ မျိုးစဉ်အလိုက် ဆို၍ သင်္ချာတပ်ရမည်။

န ဟေတု–

ပစ္စည်းအနုလုံကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်းပစ္စနိက်ကို ဟောတော် မူ၏၊ ထို .... ၌တုံသော်လည်း "သုဒ္ဓသင်္ချာဝါရ, ဒုကာဒိသင်္ချာဝါရ"အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို····တွင် သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏၊ [သုဒ္ဓသင်–ဒုကာဒိ, နှစ်မျိုးရှိ နိက်မှာ။]

ထိုသုဒ္ဓသင်္ချာဝါရ၌တုံသော်လည်း န ဟေတု–ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ အစရှိသောအားဖြင့် ၂၄–ပါး အပြားရှိ၏၊ ထို····တွင် န ဟေတု–ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။

ထို န ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ကာမစိတ်စတုပညာသ အဘိညာဉ် ဒွေး····ရုပ်အဠဝီသ နိဗ္ဗာန်–ဟု ဆိုအပ်သော အာရမဏပစ္စည်း။

အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း တပ်သော ဟိတ် ၆–ပါးမှ တစ်ပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအားလည်းကောင်း, ဥပါဒါ ရုပ်အားလည်းကောင်း တပ်သော မဟာဘုတ် ၄–ပါး၊ အချင်းချင်းအား တပ်သော ဟိတ် ၃–ပါးမှ တစ်ပါး ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု–ဟု ဆိုအပ်သော သဟဇာတပစ္စည်း။ [သဟမှ ဟေကို နုတ်ထားသည်။]

ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား: တပ်သော ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာ ၄-ပါး-ဟု ဆိုအပ်သော အနန္တရူပနိဿယပစ္စည်း။

စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသအား: တပ်သော ဗလဝ ဖြစ်သော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသ ရုပ်အဋ္ဌဝီသ-ဟု ဆိုအပ်သော ပကတူပနိဿယပစ္စည်း။

ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ်အား: တပ်သော ဆဝတ္ထု-ဟု ဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်း။

ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော စေဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား: တပ်သော ပဥ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄-ခုကြဉ်သော ပထမဘဝင် အစရှိသော နောက် နောက်ဖြစ်သော နာမက္ခန္ဓာ ၄-ပါး-ဟု ဆိုအပ်သော ပစ္ဆာဇာတပစ္စည်း။

ကာမဝိပါက်စေတဝီသအား: တပ်သော ဒုဗ္ဗလနာနာက္ခဏိကကမ္မ, ကဋတ္တာ ရုပ်အား: တပ်သော ဗလဝ ဒုဗ္ဗလနာနာက္ခဏိကကမ္မပစ္စည်း။

ကလာပ်တူ ကလာပ်ပြားဖြစ်သော အဇ္ဈတ္တ ဗဟိဒ္ဓသြဇာ-ဟု ဆိုအပ်သော ရုပ်အာဟာရပစ္စည်း။

ကလာပ်တူ ကမ္မဇရုပ် ၉-ခုအား: တပ်သော ရုပ်ဇီဝိတိန္ဒြေ-ဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။

ဤပစ္စည်းတရား ၈-ပါးတို့သည် န ဟေတု-ပစ္စည်းတပ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နယသို့ လိုက်၍လည်းကောင်း, ....ကတ္တား သမ္ပဒါန်နေဟန်သို့ လိုက်၍လည်းကောင်း "န ဟေတုယာ ပန္နရသ" ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ [ အနက်ပေး ။ ]

"ပန္နရသ"ဟူ သော်ကား: "ကုသလော ကုသလဿ ····အကုသလာဗျာက တဿ"ဟူ သည်တည်း။

ကုသလော ကုသလဿ၌ "အာရမဏ, သဟဇာတ, ဥပနိဿယ" ဤ ၃-ပစ္စည်းကို ထုတ်အပ်၏၊ ထို····တွင် အာရမဏဖြင့် "အာရမဏမတ္တ, အာရ

မဂ္ဂါဓိပတိ, အာရမ္မဏူပနိဿယ" ဤ ၃-ပစ္စည်းကို ပြအပ်၏၊ [ ဤသို့-စသည်ဖြင့် ပစ္စယုဒ္ဓါရအတိုင်း ထုတ်ဟောပါ၊ သဟ-စသည်တို့မှာ ဟိတ်ကို နုတ်၍ ဟောရုံမျှသာ ဖြစ်သည်။ ]

**န အာရမ္မဏ—**

န ဟေတုသုဒ္ဓကို ဟောတော်မူသည်၏ အခြားမဲ့၌ န အာရမ္မဏသုဒ္ဓကို ဟောတော်မူ၏၊ ထို. . . .၌ "အလုံးစုံသော သဟဇာတပစ္စည်း, အနန္တရူပကတူပနိဿယပစ္စည်း, ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣန္ဒြိ-ပစ္စည်း" ဤပစ္စည်းတရား ၇-ပါးတို့သည် န အာရမ္မဏပစ္စည်းတပ်သော တရားမည်ကုန်၏၊ ထို့ကြောင့်. . . . န အာရမ္မဏေ ပန္နရသ၊. . . .။ [ ပြီးလွယ်အောင် အကျဉ်းဆိုနည်း၊ အာရမ္မဏသည် ခေါင်းဆောင်ပစ္စည်း ဖြစ်သောကြောင့် အာရမ်တစ်မျိုးလုံး ပြုကျန်ရစ်သည်။ ]

**ဒုကာဒိ—**

သုဒ္ဓသချ်ာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိသချ်ာဝါရကို ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း န ဟေတုဒုကာဒိ အစရှိသောအားဖြင့် ၂၄-ပါး အပြားရှိ၏၊ ထို. . . .တွင် န ဟေတုဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း န ဟေတုမူ, န အာရမ္မဏဒုက အစရှိသောအားဖြင့် ၂၃-ပါး အပြားရှိ၏၊ ထို. . . .တွင် န ဟေတုမူ, န အာရမ္မဏဒုကာကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုန ဟေတုမူ န အာရမ္မဏဒုက၌ "ဟိတ် ၆-ပါးမှ တစ်ပါး အလုံးစုံသော သဟဇာတပစ္စည်း, အနန္တရူ ပကတူပနိဿယပစ္စည်း, ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣန္ဒြိ-ပစ္စည်း" ဤပစ္စည်းတရား ၇-ပါးတို့သည် န ဟေတု န အာရမ္မဏပစ္စည်း ၂-ပါး တပ်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌. . . .န ဟေတုပစ္စယာ န အာရမ္မဏေ ပန္နရသ. . . .၏။

န ဟေတု န အာရမ္မဏ န အဓိပတိမူ န အနန္တရစတုက္က၌ "ဟေတုပစ္စည်း သဟဇာတာဓိပတိပစ္စည်းမှ တစ်ပါး အလုံးစုံသော သဟဇာတပစ္စည်း, မဂ္ဂါနန္တရ ဖိုလ်အား တပ်သော မဂ် ၄-ခု စေတနာမှ တစ်ပါး ပကတူပနိဿယပစ္စည်း, ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣန္ဒြိ-ပစ္စည်း" ဤ ပစ္စည်းတရား ၇-ပါးတို့သည်. . . . န ဟေတုပစ္စယာ န အာရမ္မဏပစ္စယာ န အဓိပတိပစ္စယာ န အနန္တရေ ပန္နရသ . . . .၏။ [ အကြွင်းကိုလည်း ပြဆိုခဲ့ပြီးသည်အားလျော်စွာ ဟောပါ။ ]

**ပစ္စည်းအနုလောမပစ္စနိက်**

စတုဝိ–နှစ်စိပြ, ဒုကနှင့် ဃဋနာ၊
မူ မူလီ–ညီအောင် ပြုရတယ်, နု–နိက် နယာ။
မူလိက–ဝိသဘာ, မူသင်္ချာ မယွင်း၊
သဘာဂါ–မူမှာနုတ်လို့ရယ်, ထုတ်ရအကြွင်း။

၁။ ဤအနုလောမ ပစ္စနိက်၌ ပစ္စည်း ၂၄–ပါးလုံးကိုပင် “ဒုက, ဃဋနာ”ဟု ၂–မျိုးစီ ခွဲဟောသည်။

၂။ “အနုလောမပစ္စနိက”ဟူသော နယအားလျော်စွာ မူဘက်မှ အနုလုံ, မူလီဘက်မှ ပစ္စနိက်ချည်း ထားရမည်။ [ဟေတုပစ္စယာ နာရမဏေ –စသည်။]

၃။ မူလီပစ္စည်းများကို “မူနှင့် သဘာဂဖြစ်သောပစ္စည်း, ဝိသဘာဂဖြစ်သော ပစ္စည်း”ဟု ၂–မျိုးခွဲခြား ဝေဖန်ထားရမည်။

၄။ မူလီပစ္စည်းသည် ဝိသဘာဂပစ္စည်း ဖြစ်နေပါလျှင် မူပစ္စည်း၏ သုဒ္ဓ သင်္ချာကို ဖော်ထုတ်၍ သင်္ချာတပ်ဟောရုံမျှသာ ဖြစ်သည်။

၅။ မူလီပစ္စည်းသည် သဘာဂပစ္စည်း ဖြစ်နေခဲ့ပါမူ မူအရတရားထဲမှ မူလီ အရ သဘာဂများကို နုတ်၍ ကြွင်းကျန်သော တရားအားလျော်စွာ သင်္ချာထုတ်ရမည်။ [ နုတ်ကြွင်းမရှိသော ပစ္စည်းများကို မူလီမသွင်းရ၊] ဃဋနာများမှာ ပစ္စည်းအနုလုံက ပြဆိုခဲ့ပြီးသော ဃဋနာများပင် ဖြစ်သည်။

၆။ နယအားလျော်စွာ ဃဋနာ၌ မပါဝင်သော ပစ္စည်းများကို ရှေ့မှ “န” ယှဉ်ကပ်ပြီးလျှင် အသီးအသီး မူလီသွင်းလျက် သင်္ချာတပ်ဟောရမည်။

၇။ မူလီပစ္စည်းသည် ဃဋနာနှင့် အရမတူသော ဝိသဘာဂပစ္စည်း ဖြစ်နေ ခဲ့ပါလျှင် ဃဋနာသင်္ချာအတိုင်းပင် သင်္ချာတပ်ရမည်။

၈။ ဃဋနာနှင့် တစ်စိတ်တစ်ဒေသ အရတူညီနေသော သဘာဂမူလီပစ္စည်းမျိုး ဖြစ်ခဲ့ပါလျှင် ဃဋနာအရတရားထဲမှ သဘာဂတရားများကို ပယ်နုတ် လျက် ကြွင်းကျန်နေသော တရားအားလျော်စွာ သင်္ချာတပ်ရမည်။

သက်ဆိုင်ရာ အနုလုံဃဋနာဇယားနှင့် ပစ္စယုဒ္ဓါရဇယားတို့ကို တွဲစပ် ကြည့်ရှု ဟောပါ။

ပစ္စည်းပစ္စနိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်းအနုလောမပစ္စနိက်ကို ဟောတော်မူ၏၊ ထို . . .၌တုံသော်လည်း ဟေတုပစ္စည်း၏ အနုလောမပစ္စနိက် အစရှိသောအားဖြင့် ၂၄–ပါး အပြားရှိ၏၊ ထို . . . တွင် ဟေတုပစ္စည်း၏ အနုလောမ ပစ္စနိက်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို . . .၌တုံသော်လည်း "ဒုက, ဃဋနာ" အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို . . .တွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ [ စတုဝီ–နှစ်စီပြ, ဒုကနှင့် ဃဋနာ။ ]

ထို . . .၌တုံသော်လည်း ဟေတုမူ န အာရမဏဒုက အစရှိသောအားဖြင့် ၁၉–ပါး အပြားရှိ၏၊ [ သဟကြီး ၄–ပစ္စည်းကို နုတ်ကြွင်းမရှိ၍ ချန်ထားသည်၊ ] ထို . . .တွင် ဟေတုမူ န အာရမဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ [ မူ မူလီ– ညီအောင် ပြုရတယ်, နု–နိက် နယာ။ ]

ထို . . .၌ အလုံးစုံသော ဟေတုပစ္စည်း ဤတရားတို့သည် ဟေတု န အာရမဏ ပစ္စည်း ၂–ပါး တပ်ကုန်၏၊ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ န အာရမဏေ သတ္တ" . . . ၏။

ဟေတုမူ န အဓိပတိဒုက၌ ဝိမံသာဓိပတိမှ တစ်ပါး ဟေတုပစ္စည်း ဤတရား တို့သည် "ဟေတုပစ္စယာ န အဓိပတိယာ သတ္တ" . . . ၏။ [ ဤနည်းအားလျော်စွာ ကြွင်းသော မူလီများကိုလည်း ယထာရဟ ဟောပါ။ ]

ဒုကကို ဟောတော်မူသည်၏ အခြားမဲ့၌ ဃဋနာကို ဟောတော်မူ၏၊ ထို . . .၌တုံသော်လည်း "သာမညဃဋနာ, သဗ္ဗိန္ဒြိယမဂ္ဂဃဋနာ, သာဓိပတိဣန္ဒြိယ မဂ္ဂဃဋနာ"အားဖြင့် ၃–ပါး အပြားရှိ၏၊ ထို . . .တွင် သာမညဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို . . .၌တုံသော်လည်း "အဝိပါက, သဝိပါက"အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို . . .တွင် အဝိပါကကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို . . .၌ တုံသော်လည်း "သဗ္ဗဋ္ဌာနိကဃဋနာ, သအညမညဃဋနာ, သအညမညသမ္ပယုတ္တ ဃဋနာ, သဝိပ္ပယုတ္တဃဋနာ"အားဖြင့် ၄–ပါး အပြားရှိ၏၊ ထို . . .တွင် သဗ္ဗဋ္ဌာနိက ဃဋနာကို ရှေးဦးစွာ ဟောတော်မူ၏။

ထို . . .၌ သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆–ပါး ဤတရားတို့သည် ဟေတု, သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတပစ္စည်းသာ တပ်၍ အာရမဏ, အဓိပတိ, အနန္တရ, သမနန္တရ, အညမည အစရှိသော ၁၉–ပစ္စည်း မတပ်ကုန်၊ ထို့ကြောင့် ထိုတရားတို့ကို "ဟေတု

သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ န အာရမဏေ သတ္တ၊ န အဓိပတိယာ သတ္တ၊ န အနန္တရေ သတ္တ၊ န သမနန္တရေ သတ္တ၊ န အညမညေ တီဏိ၊ န ဥပနိဿယေ သတ္တ၊ န ပုရေဇာတေ သတ္တ၊ န ပစ္ဆာဇာတေ သတ္တ၊ န အာသေဝနေ သတ္တ၊ န ကမ္မေ သတ္တ၊ န ဝိပါကေ သတ္တ၊ န အာဟာရေ သတ္တ၊ န ဣန္ဒြိယေ သတ္တ၊ န ဈာနေ သတ္တ၊ န မဂ္ဂေ သတ္တ၊ န သမ္ပယုတ္တေ တီဏိ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နော နတ္ထိယာ သတ္တ၊ နော ဝိဂတေ သတ္တ"ဟု ဟောအပ်ကုန်၏။

ထို့နောင် သအညမညဃဋနာကို ဟောတော်မူ၏၊ ထို . . .၌ သမ္ပယုတ္တကန္ဓာ ဟဒယဝတ္ထုအား တပ်သော ဟိတ် ၆-ပါး၊ ဤတရားတို့သည် ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတပစ္စည်းသာ တပ်၍ ကြွင်းသော အာရမဏ အစရှိသော ၁၈-ပစ္စည်း မတပ်ကုန်၊ ထို့ကြောင့် ဤအနုလောမပစ္စနိက်၌ "ဟေတု သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတန္တိ န အာရမဏေ တီဏိ၊ န အဓိပတိယာ တီဏိ၊. . . .၊ န မဂ္ဂေ တီဏိ၊ န သမ္ပယုတ္တေ ဧကံ၊ န ဝိပ္ပယုတ္တေ တီဏိ၊ နော နတ္ထိယာ တီဏိ၊ နော ဝိဂတေ တီဏိ" . . . .၏။

[ အကြွင်းကို နည်းမှီ၍ သိမြင်နိုင်လောက်ပါပြီ၊ ပြဆိုခဲ့ပြီးသော သင်ခန်းစာများကို ကျေညက်နားလည်ခဲ့ပါက တစ်စုံတစ်ရာ ခက်ခဲဖွယ် မရှိတော့ပါ။ ]

**ပစ္စည်းပစ္စနီယာနုလောမ**

စည်းတိုင်းမှာ-ဒုကာဒိ, ပစ္စနီနုလောတွင်၊
မူ မူလီ-ညီအောင်ထားလို့ရယ်, ဟောကြားအစဉ်။
မူဘက်မှ-ဝိတွေ့မြင်, မူလီပင် မယှဉ်း၊
သဘာဂါ-မူလီနုတ်လို့ရယ်, ထုတ်ရအကြွင်း။

၁။ ဤပစ္စနီယာနုလောမ၌ ဒုက, တိက အစရှိသည်ဖြင့် ရသင့်သည်အား လျော်စွာ ဟောသည်။

၂။ "ပစ္စနီယ အနုလောမ"ဟူသော နယအားလျော်စွာ မူဘက်မှ ပစ္စနိက်, မူလီဘက်မှ အနုလုံထား ဟောသည်။

၃။ မူပစ္စည်းများကို "မူလီနှင့်ဝိသဘာဂဖြစ်သောပစ္စည်း, သဘာဂဖြစ်သော ပစ္စည်း"ဟု ၂-မျိုး ဝေဖန်ထားရမည်။

၄။ ဝိသဘာဂပစ္စည်းများဖြစ်က မူလီပစ္စည်း၏ သုဒ္ဓသချာအတိုင်း သချာတပ် ဟောရမည်။

၅။ သဘာဂပစ္စည်းများ ဖြစ်ပါက မူလီမှ သဘာဂကို နုတ်၍ နုတ်ကြွင်း မူလီတရားကျန်အားလျော်စွာ သချာတပ် ဟောရမည်။

ပစ္စည်းအနုလောမ ပစ္စနိက်ကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္စည်းပစ္စနီယာ နုလောမကို ဟောတော်မူ၏၊ ထို· · · ·၌တုံသော်လည်း န ဟေတုပစ္စည်း၏ ပစ္စနီယာ နုလောမ, န အာရမဏပစ္စည်း၏ ပစ္စနီယာနုလောမ အစရှိသောအားဖြင့် ၂၄–ပါး အပြားရှိ၏၊ ထို· · ·တွင် န ဟေတုပစ္စည်း၏ ပစ္စနီယာနုလောမကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို· · · ·၌တုံသော်လည်း "ဒုက, တိက· · · ·ဗာဝီသက"အားဖြင့် ၂၁–ပါး အပြားရှိ၏၊ ထို· · · ·တွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို· · · ·၌ တုံသော်လည်း န ဟေတုမူ အာရမဏဒုက အစရှိသောအားဖြင့် ၂၃–ပါး အပြား ရှိ၏၊ ထို · · · တွင် န ဟေတုမူ အာရမဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏။ [ စည်းတိုင်းမှာ–ဒုကာဒိ, ပစ္စနိ နုလောတွင်။ ]

ထို· · · ·၌ အလုံးစုံသော အာရမဏပစ္စည်း. . . ."န ဟေတုပစ္စယာ အာရမဏေ နဝ"· · · ·၏။ [ မူ မူလီ–ညီအောင် တားလို့ရယ်, ဟောကြားအစဉ်။ ]

အမောဟမှတစ်ပါး အဓိပတိပစ္စည်း. . . ."န ဟေတုပစ္စယာ အဓိပတိယာ ဒသ"· · · ·၏။ [ သဘာဂ ၁၁–ပစ္စည်းမှ တစ်ပါးသော ပစ္စည်းတို့ကို အလုံးစုံဆို၊ သဘာဂဖြစ်မှသာ နုတ်ပါ။ ]

**တိကသချာဝါရ–**

ဒုကကို ဟောတော်မူသည်၏ အခြားမဲ့၌ တိကကို ဟောတော်မူ၏၊· · · · န ဟေတု န အာရမဏမူ အဓိပတိတိက၌ အမောဟမှတစ်ပါး သဟဇာတာ ဓိပတိပစ္စည်း၊ "န ဟေတုပစ္စယာ န အာရမဏပစ္စယာ အဓိပတိယာ သတ္တ"။

အလုံးစုံသော အနန္တရပစ္စည်း· · · ·"အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ"။

ဟေတုမှတစ်ပါး သဟဇာတပစ္စည်း. . . ."သဟဇာတေ နဝ"။

ဟေတုမှတစ်ပါး အညမညပစ္စည်း· · · ·"အညမညေ တီဏိ"။

ဟေတုပစ္စည်း, ဝတ္ထာရမဏမှ တစ်ပါး နိဿယပစ္စည်း. . . ."နိဿယေ· တေရသ"။

အနန္တရ ပကတူပနိဿယပစ္စည်း· · · ·"ဥပနိဿယေ နဝ"။

ဝတ္ထုပုရေဇာတပစ္စည်း· · · ·"ပုရေဇာတေ တီဏိ"။

ပစ္ဆာဇာတပစ္စည်း· · · ·"ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ"။

ဟေတုပစ္စည်းမှ တစ်ပါး သဟဇာတဝိပ္ပယုတ္တပစ္စည်း, ဝတ္ထာရမဏမှ တစ်ပါး ပုရေဇာတဝိပ္ပယုတ္တပစ္စည်း, ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း· · · ·"ဝိပ္ပယုတ္တေ ပဥ္စ"။

ဟေတုပစ္စည်းမှ တစ်ပါး သဟဇာတတ္ထိ, ဝတ္ထုပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိပစ္စည်း· · · ·"အတ္ထိယာ တေရသ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ၊ အဝိဂတေ တေရသ"· · · ·၏။

**သတ္တက—**

န ဟေတု, န အာရမဏ, န အဓိပတိ, န အနန္တရ, န သမနန္တရ, န သဟဇာတမှ နိဿယသတ္တကဥ္စ [အညမည သတ္တက မရ၊] ဝတ္ထုပုရေဇာတ နိဿယပစ္စည်း· · · ·"န ဟေတုပစ္စယာ· · · ·နိဿယေ တီဏိ"။

မဂ္ဂါနန္တရဖိုလ် ၄–ခုအား တပ်သော စေတနာမှတစ်ပါး ပကတူပနိဿယပစ္စည်း "ဥပနိဿယေ နဝ"၊ ဝတ္ထုပုရေဇာတပစ္စည်း "ပုရေဇာတေ တီဏိ"၊ "ပစ္ဆာဇာတေ တီဏိ"၊ မဂ္ဂါနန္တရဖိုလ်အား တပ်သော မဂ်စေတနာမှတစ်ပါး နာနာက္ခဏိကကမ္မ ပစ္စည်း "ကမ္မေ ဒွေ"၊ ရုပ်အာဟာရပစ္စည်း "အာဟာရေ ဧကံ"၊ ပုရေဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယပစ္စည်း "ဣန္ဒြိယေ ဧကံ"၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စည်း "ဝိပ္ပယုတ္တေ ပဥ္စ"၊ ဝတ္ထုပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိပစ္စည်း "အတ္ထိယာ သတ္တ"၊ "အဝိဂတေ သတ္တ"။ [ကြွင်းသော မူ မူလီ တို့ကိုလည်း နည်းမှီ၍ ဟောပါ။]

### ပဉှာဝါရ ပစ္စည်းတွန်း

ပ အချက်–မူဘက်မှ, "န"သွင်းပယ်၊
ဒု မူလီ–တ နှစ်ဖက်ငယ်, မစွက် စ ဝယ်။
စဉ်သင့်မှတ်–ပါဌ်လေးသွယ်, နယဝယ် ချသွင်း၊
ပ ဒုမှာ–"န"ဆိုင်ရာ, ရှုကာတွန်းရတယ်, ညွှန်းပြရှင်းလင်း။

"ပစ္စည်းတွန်း"ဟူသည်မှာ ထူးဆန်းလှသည် မဟုတ်ပါ၊ ၄–ချက်သေ စက်လှည့်၍ သရုပ်ခွဲခြင်း တစ်မျိုးမျှသာ ဖြစ်ပါသည်၊ သို့ဖြစ်၍ ပစ္စည်းတွန်းလိုသည့်အခါမှာ မူလ,မူလီပစ္စည်းများကိုပင် "ပထမအချက်, ဒုတိယအချက်, တတိယအချက်, စတုတ္ထအချက်"ဟု ၄–ချက် ၄–မျိုးဖြစ်အောင် ခွဲစိတ်ဝေဖန်ယူရမည်။

၁။ မူပစ္စည်းမှာ "န"မရှိသေးက "န"ကိုသွင်း၊ "န"ရှိပြီးဖြစ်က "န"ကို ပယ်၊ ပထမအချက် ဖြစ်၏။

၂။ မူလီပစ္စည်းမှာ "န"မရှိသေးက "န"ကိုသွင်း၊ "န"ရှိပြီးဖြစ်က "န"ကို ပယ်၊ ဒုတိယအချက်ဖြစ်၏။

၃။ "မူလ, မူလီ"၂–ဖက်လုံးမှာ "န"မရှိသေးက "န"ကိုသွင်း၊ "န"ရှိပြီး ဖြစ်က "န"ကိုပယ်၊ တတိယအချက်ဖြစ်၏။

၄။ မူလ, မူလီ ၂–ဖက်လုံးကို တစ်စုံတစ်ရာ ပယ်ဖျက်ပြောင်းလဲမှု မပြုဘဲ ပါဠိတော်လာတိုင်းထား၊ စတုတ္ထအချက် ဖြစ်၏။

ရှိပြီး"န"ကို ပယ်ရခြင်းမှာ "န"သွင်းခြင်းနှင့် အလားတူပင် ဖြစ်သည်၊ မှန်၏= ရှိနေပြီး "န"အပြင် နောက်ထပ်"န"တစ်ခု ဝင်လာပါက "န" ၂–ခု ဖြစ်လာပါမည်၊ ယင်းသို့ ဖြစ်လာသည့်အခါ "ပဋိသေဓ နှစ်ချက်ဆက်, မူလ အနက်ထွက်"ဟူသော ဥပဒေသအားလျော်စွာ အနက်ထူး မရှိတော့သည့်အတွက် "န" ၂–လုံးကို ပယ်ဖျက်ရခြင်းမျှသာ ဖြစ်ပါသည်၊ သို့ဖြစ်၍–

၁။ မူမှာ "န"သွင်း ပထမအချက်၊
၂။ မူလီမှာ "န"သွင်း ဒုတိယအချက်၊
၃။ မူ မူလီ ၂–ပါးလုံးမှာ "န"သွင်း တတိယအချက်၊
၄။ ပါဠိတော်လာတိုင်းထား စတုတ္ထအချက်၊–

ဟူ၍လည်း ခွဲစိတ်ဝေဖန်နိုင်ပါသည်။

ယင်းသို့ ခွဲစိတ်ဝေဖန်လိုက်ပါလျှင် ပါဠ် ၄–မျိုး အစဉ်အတိုင်း ထွက်ပေါ်လာမည်၊ ယင်းပါဠ် ၄–မျိုးကိုပင် ပစ္စည်းအနုလုံ–စသော နယ ၄–ပါးမှာ လျော်စွာသွင်း၍ ဟောရမည်၊ ပထမအချက်မှာ "န"သွင်း "န"ထုတ် ပြုလုပ်ရသော မူပစ္စည်းကို တွန်းရမည်၊ ဒုတိယမှာ မူလီပစ္စည်းကို တွန်းရမည်၊ ထို့ကြောင့်ပင် ဆဋ္ဌမူအရကောက် (၂၃၈)ဠ်လည်း–

"အနုလုံမှာ ပစ္စနီယာနုလောမကို စ၍ တွန်းသည်၊
ပစ္စနိက်မှာ အနုလောမပစ္စနိက်ကို စ၍ တွန်းသည်၊
အနုလောမပစ္စနိက်မှာ ပစ္စနိက်ကို စ၍ တွန်းသည်၊
ပစ္စနီယာနုလောမမှာ အနုလုံကို စ၍ တွန်းသည်။-

ဤသည်လျှင် အထူးတည်း"ဟု မိန့်ဆိုထားပါသည်၊ နယ ၄-ပါး ပုံစံများကို အစဉ်အတိုင်း ပြပါဦးမည်။

**အနုလုံ**

ဟေတု, အဓိပတိ
- ပ= န ဟေတုပစ္စယာ အဓိပတိပစ္စယာ၊ [နို-နု]
- ဒု= ဟေတုပစ္စယာ နာဓိပတိပစ္စယာ၊ [နု-နိုက်]
- တ= န ဟေတုပစ္စယာ နာဓိပတိပစ္စယာ [ပစ္စနိက်]
- စ= ဟေတုပစ္စယာ အဓိပတိယာ၊ [အနုလုံ]

ပထမ — အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခု မဟာကုသိုလ် ၈-ခု မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု လောကုတ္တရာစိတ် ၈-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ဒေါသမူဒွေး မောဟမူဒွေး ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄-ခု ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြည်ဉ်သော စေတသိက် ၄၇-ခု နိဗ္ဗာန်-ဟု ဆိုအပ်သော အာရမဏာဓိပတိပစ္စည်း၊ သမ္ပယုတ္တက္ခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိမှ တစ်ပါး အဓိပတိတရားကိုယ် ၃-ပါး တို့တွင် တစ်ပါးပါး-ဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း၊ ဤတရားတို့သည် အဓိပတိပစ္စည်းသာ တပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အဓိပတိယာ ဒသ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ ဒသ-ဟူသော်ကား "ကုသလော ကုသလဿ ··· အဗျာကတော အကုသလဿ"ဟူသည်တည်း။

ဒုတိယ — သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝီမံသာဓိပတိမှတစ်ပါး ဟိတ် ၆-ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ အဓိပတိပစ္စည်း မတပ်သောကြောင့် အဓိပတိပစ္စည်း

တွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာဓိပတိယာ သတ္တ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ သတ္တ–ဟူသော်ကား–

**တတိယ** အလေးအမြတ် မပြုတတ်သော ကာမစိတ် စတုပညာသ ဝိညာဏဓာတု ယတနစိတ် ၃–ခု နေဝသညာနာသညာယတနစိတ် ၃–ခု အဘိညာဉ် ၆ွေးအား တပ်သော အလေးအမြတ် မပြုအပ်သော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသ ရုပ်အဋ္ဌဝီသနိဗ္ဗာန်–ဟု ဆိုအပ်သော အာရုမဏပစ္စည်း။

အချင်းချင်းအားလည်းကောင်း, အချင်းချင်းနာမက္ခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း တပ်သော ဟိတ် ၆–ပါး အဓိပတိတရားကိုယ် ၄–ပါးမှတစ်ပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး၊ အချင်းချင်းအား လည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်း တပ်သော မဟာဘုတ် ၄–ပါး၊ အချင်းချင်းအား တပ်သော ပဋိသန္ဓေ ဟိတ် ၃–ပါးမှ တစ်ပါး ပဉ္စဝေါကာရ ပဋိ သန္ဓေနာမက္ခန္ဓာ ဟာဒယဝတ္ထု–ဟု ဆိုအပ်သော သဟဇာတပစ္စည်း။

ရုပက္ခန္ဓာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား တပ်သော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော စိတ်,စေတသိက် နာမက္ခန္ဓာ–ဟု ဆိုအပ်သော အနန္တရူပနိဿယပစ္စည်း၊ စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသအား တပ်သော ဗလဝဖြစ်သော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေးပညာသ ရုပ်အဋ္ဌဝီသ–ဟု ဆိုအပ်သော ပကတူပနိဿယပစ္စည်း။

ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄–ခုကြဉ်သော သတ္တဝိညာဏဓာတ်အား တပ်သော ဆဝတ္ထု–ဟု ဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်း။

ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား တပ်သော ပဉ္စဝေါကာ ရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄–ခုကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော နာမက္ခန္ဓာ ၄–ပါး–ဟု ဆိုအပ်သော ပစ္ဆာဇာတပစ္စည်း။

ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတ္တိံသ နာမက္ခန္ဓာ ကဋတ္တာရုပ်အား တပ်သော နာနာက္ခဏိက စေတနာ–ဟု ဆိုအပ်သော ကမ္မပစ္စည်း။

ကလာပ်တူ ကလာပ်ပြားဖြစ်သော အဇ္ဈတ္တစတုသမုဋ္ဌာနိကရုပ်အား တပ်သော အဇ္ဈတ္တဗဟိဒ္ဓါဩဇာ–ဟု ဆိုအပ်သော ရုပ်အာဟာရပစ္စည်း။

ကလာပ်တူ ကမ္မဇရုပ် ၉–ခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေ–ဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။

ဤပစ္စည်းတရား ၈–ပါးတို့သည် “ဟေတု, အဓိပတိ”၂–ပါး မတပ်ကုန်၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ “န ဟေတုပစ္စယာ နာဓိပတိယာ ပန္နရသ”ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ “ပန္နရသ”ဟူ သော်ကား–

**စတုတ္ထ** သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော ဝီမံသာဓိပတိ ပစ္စည်း၊ ဤတရားတို့သည် “ဟေတု, အဓိပတိပစ္စည်း”၂–ပါး တပ်သော တရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့ လိုက်၍လည်းကောင်း, ဝါရသို့ လိုက်၍လည်းကောင်း, တိက်ပုဒ်အရသို့ လိုက်၍ လည်းကောင်း, ကတ္တား သမ္ဗန္ဓနေဟန်သို့ လိုက်၍လည်းကောင်း “ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ”ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ “စတ္တာရိ”ဟူသော်ကား–

**ပစ္စနိက်**

| | | |
|---|---|---|
| န ဟေတု, နာရမ္မဏ | ပ= ဟေတုပစ္စယာ နာရမ္မဏေ၊ | [နု–နိက်၊] |
| | ဒု= န ဟေတုပစ္စယာ အာရမ္မဏေ၊ | [နိ–နု၊] |
| | တ= ဟေတုပစ္စယာ အာရမ္မဏေ၊ | [အနုလုံ၊] |
| | စ= န ဟေတုပစ္စယာ နာရမ္မဏေ၊ | [ပစ္စနိက်၊] |

**ပထမ** သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆–ပါး၊ ဤတရားတို့သည် နာရမ္မဏပစ္စည်းသာ တပ်၍ နဟေတုပစ္စည်း မတပ်သောကြောင့် န ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ “ဟေတုပစ္စယာ နာရမ္မဏေ သတ္တ”....၏။

**ဒုတိယ** အလုံးစုံသော အာရမ္မဏပစ္စည်းတရားတို့သည် န ဟေတုပစ္စည်းသာ တပ်၍ နာရမ္မဏပစ္စည်း မတပ်သောကြောင့် နာရမ္မဏပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ပစ္စနီယာနုလောမ၌ “န ဟေတုပစ္စယာ အာရမ္မဏေ နဝ”....၏။

**တတိယ** န ဟေတု နာရမဏပစ္စည်း ၂-ပါး မတပ်သော တရားကား မရှိ၊ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အာရမဏေ-စသည်ဖြင့် မဟောရသတည်း။

**စတုတ္ထ** "ဟိတ် ၆-ပါးမှတစ်ပါး အလုံးစုံသော သဟဇာတပစ္စည်း, အနန္တရူပကတူပနိဿယပစ္စည်း, ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣန္ဒြိယပစ္စည်း" ဤပစ္စည်း ၇-ပါးတို့သည် "န ဟေတု, နာရမဏပစ္စည်း"၂-ပါး တပ်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌ "န ဟေတုပစ္စယာ နာရမဏေ ပန္နရသ"....၏။

## အနုလောမ ပစ္စနိက်

| | | |
|---|---|---|
| ဟေတု, နာရမဏ | ပ= န ဟေတုပစ္စယာ နာရမဏေ၊ | [ပစ္စနိက်၊] |
| | ဒု= ဟေတုပစ္စယာ အာရမဏေ၊ | [အနုလုံ၊] |
| | တ= န ဟေတုပစ္စယာ အာရမဏေ၊ | [နိ-နု၊] |
| | စ= ဟေတုပစ္စယာ နာရမဏေ၊ | [နု-နိက်၊] |

**ပဌမ** "ဟေတုပစ္စည်းမှတစ်ပါး အလုံးစုံသော သဟဇာတပစ္စည်း, အနန္တရူပကတူပနိဿယပစ္စည်း, ပုရေ, ပစ္ဆာ, ကံ, ဟာ,ဣန္ဒြိယပစ္စည်း" ဤပစ္စည်း ၇-ပါးတို့သည် နာရမဏပစ္စည်းသာ တပ်၍ ဟေတုပစ္စည်း မတပ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌ "န ဟေတုပစ္စယာ နာရမဏေ ပန္နရသ"....၏။

**ဒုတိယ** ဟေတုပစ္စည်းသာ တပ်၍ နာရမဏပစ္စည်း မတပ်သောတရားကား မရှိ၊ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အာရမဏေ အစရှိသည်ဖြင့် မဟောရသတည်း။

**တတိယ** အလုံးစုံသော အာရမဏပစ္စည်း၊ ဤတရားတို့သည် "ဟေတု,နာရမဏပစ္စည်း"၂-ပါး မတပ်ကုန်၊ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာအာရမဏေ နဝ"....၏။

**စတုတ္ထ** အလုံးစုံသော ဟေတုပစ္စည်း၊ ဤတရားတို့သည် "ဟေတု, နာရမဏပစ္စည်း"၂-ပါး တပ်ကုန်၏၊ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာရမဏေ သတ္တ"....၏။

**ပစ္စနီယာနုလောမ**

န ဟေတု, အာရမ္မဏ {
ပ= ဟေတုပစ္စယာ အာရမ္မဏေ၊ [အနုလုံ၊]
ဒု= န ဟေတုပစ္စယာ နာရမ္မဏေ၊ [ပစ္စနိက်၊]
တ= ဟေတုပစ္စယာ နာရမ္မဏေ၊ [နု-နိက်၊]
စ= န ဟေတုပစ္စယာ အာရမ္မဏေ၊ [နိ-နု၊]
}

**ပထမ** အာရမ္မဏပစ္စည်းသာ တပ်၍ န ဟေတုပစ္စည်း မတပ်သောတရားကား မရှိ၊ ထို့ကြောင့် အနုလုံ၌ ဟေတုပစ္စယာ အာရမ္မဏေ အစရှိသည်ဖြင့် မဟောရသတည်း။

**ဒုတိယ** "ဟေတုပစ္စည်းမှတစ်ပါး သဟဇာတပစ္စည်း, အနန္တရ ပကတူပနိဿယပစ္စည်း, ဝတ္ထုပုရေဇာတပစ္စည်း, ပစ္ဆာဇာတပစ္စည်း, နာနာက္ခဏိကကမ္မပစ္စည်း, ရုပ်အာဟာရပစ္စည်း, ရူပဇီဝိတိန္ဒြိယပစ္စည်း" ဤပစ္စည်းတရား ၇-ပါးတို့သည် န ဟေတုစ္စည်းသာ တပ်၍ အာရမ္မဏပစ္စည်း မတပ်သောကြောင့် အာရမ္မဏပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌ "န ဟေတုပစ္စယာ နာရမ္မဏေ ပန္နရသ"····၏။

**တတိယ** သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ် ၆-ပါး၊ ဤတရားတို့သည် "န ဟေတု, အာရမ္မဏပစ္စည်း" ၂-ပါး မတပ်ကုန်၊ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာရမ္မဏေ သတ္တ"····၏။

**စတုတ္ထ** အလုံးစုံသော အာရမ္မဏပစ္စည်း၊ ဤတရားတို့သည် "န ဟေတု, အာရမ္မဏပစ္စည်း" ၂-ပါး တပ်ကုန်၏၊ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အာရမ္မဏေ နဝ"····၏။

**တိကတွန်း**

**န ဟေတု, နာရမ္မဏမှ နာဓိပတိ တိက—**

ပ= ဟေတုပစ္စယာ အာရမ္မဏပစ္စယာ နာဓိပတိယာ၊ [နု-နိက်၊]
ဒု= န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ အဓိပတိယာ၊ [နိ-နု၊]
တ= ဟေတုပစ္စယာ အာရမ္မဏပစ္စယာ အဓိပတိယာ၊ [အနုလုံ၊]
စ= န ဟေတုပစ္စယာ နာရမ္မဏပစ္စယာ နာဓိပတိယာ၊ [ပစ္စနိက်၊]

**ပဌမ** နာဓိပတိပစ္စည်းသာ တပ်၍ "န ဟေတု နာရမဏပစ္စည်း"၂-ပါး မတပ်သောတရားကား မရှိ၊ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ အာရမဏပစ္စယာ နာဓိပတိယာ" အစရှိသည်ဖြင့် မဟောရသတည်း။

**ဒုတိယ** ဝီမံသာဓိပတိမှတစ်ပါး အလုံးစုံသော သဟဇာတာဓိပတိပစ္စည်း၊ ဤတရားတို့သည် န ဟေတု, နာရမဏပစ္စည်းသာ တပ်၍ နာဓိပတိပစ္စည်း မတပ်သောကြောင့် နာဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏၊ "န ဟေတုပစ္စယာ နာရမဏပစ္စယာ အဓိပတိယာ သတ္တ"····၏။

**တတိယ** န ဟေတု, နာရမဏ, နာဓိပတိပစ္စည်း ၃-ပါး မတပ်သော တရားကား မရှိ၊ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အာရမဏပစ္စယာ အဓိပတိယာ"အစရှိသည်ဖြင့် မဟောရသတည်း။

**စတုတ္ထ** "ဟေတုပစ္စည်း, သဟဇာတာဓိပတိပစ္စည်းမှတစ်ပါး အလုံးစုံသော သဟဇာတပစ္စည်း, အနန္တရ ပကတူပနိဿယပစ္စည်း, ပုရေ, ပစ္ဆာ, ကံ, ဟာ, ဣန္ဒြိယပစ္စည်း" ဤပစ္စည်းတရား ၇-ပါးတို့သည် န ဟေတု, နာရမဏ, နာဓိပတိပစ္စည်း ၃-ပါး တပ်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌ "န ဟေတုပစ္စယာ နာရမဏပစ္စယာ နာဓိပတိယာ ပန္နရသ"····၏။

[ စတုက္က-စသည်တို့ကိုလည်း နည်းယူ၍ တွန်းပါလေ၊ သိလွယ်ပါပြီ။ ]

ပဋ္ဌာဝါရ ပြီးပါပြီ။

# ပစ္စယနိဒ္ဒေသ

ပဉ္စပြ–သုဒ္ဓရယ်တဲ့ သချာ၊
ခွဲဝေဖန်–ပစ္စည်းရကို, ကောက်ကြ ကတ္တာ။
ပန်အရ–တရားမှာ, သမ္ဗဒါညှိနှိုင်း၊
သဘာဂါ–သင့်ရာလျောက်ကာပ,
ဃဋနာ–ချင့်ကာထောက်လို့ရယ်, ကောက်ရကရိုဏ်း။

၁။ မိမိဟောလိုသော ပစ္စည်း၏ (ပဉ္စဝါရက ပြဆိုခဲ့သော) သုဒ္ဓသချာ တရားများကို ပစ္စည်း,ပစ္စယုပ္ပန် ခွဲစိတ်ဝေဖန်ထားပါ၊ မျိုးကွဲရှိကလည်း ရှိသည်အလျောက် ဝေဖန်ပါ။

၂။ ကတ္တား၏အရ ပစ္စည်းတရားများကို ရထိုက်သည်အားလျော်စွာ ကောက်ပါ။

၃။ သမ္ဗဒါန်အရ ပစ္စယုပ္ပန်တရားများကို ကောက်ပါ။

[ အချို့ပစ္စည်းများ၏ အရကို သုဒ္ဓသချာတရားအတိုင်း ပစ္စည်း, ပစ္စယုပ္ပန် ခွဲကောက်ရုံမျှသာ ဖြစ်သည်၊ အချို့ပစ္စည်းများ၏ အရကိုမူ ရသင့်သည့်အလျောက် ခွဲစိတ်ဝေဖန် ကောက်ယူရသည်၊ ထို့ပြင် ပါဠိတော်အသွားကိုလည်း ပစ္စည်း, ပစ္စယုပ္ပန်တရားများနှင့် ညှိနှိုင်းလေ့လာပါ၊ အချို့ပစ္စည်းများမှာ ထပ်တူထပ်မျှ ရ၍ အချို့ပစ္စည်းများမှာ တရားကျန်နေသည်ကို တွေ့ရမည်၊ ယင်းသို့ တရားကျန်နေသည်ကို တွေ့ရပါက သာဝသေသအားဖြင့် ဟောသောပစ္စည်း–ဟု မှတ်ယူပါ။ ]

၄။ ကရိုဏ်းပါဠိ အရကောက်ကိုမူ သဘာဂပစ္စည်းများကို ရသင့်သည့် အလျောက် ကောက်ပါ။

၅။ တစ်နည်းကား အရကောက်ကိုမူ ရသင့်သော ဃဋနာအားလျော်စွာ တစ်ပြိုင်နက် ပစ္စည်းရေများကို ခွဲခြားကောက်ပါ။

[ ကရိုဏ်းပါဌ်အရကို "သဘာဂ သဘောအရ တစ်ပြိုင်နက် ယထာရုပ အရကောက်, ယင္ခနာသဘောအရ တစ်ပြိုင်နက် အရကောက်"ဟု အရာဌာန အားလျော်စွာ ၂-မျိုးခွဲကောက်ပါ-ဟု ဆိုလိုသည်။ ]

## ဟေတုပစ္စည်း ပါဠိတော်နှင့်အရကောက်

| နိဒ္ဒိသိတဗ္ဗ | နိဒ္ဒသနာကာရ | | ဟေတုပစ္စယုဒ္ဒေသ |
|---|---|---|---|
| | ကတ္တား-ပစ္စည်း | သမ္ပဒါန်-ပစ္စယုပ္ပန် | |
| ဟေတုပစ္စယောတိ | ဟေတူ | ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ<br>တံ သမုဋ္ဌာနာနဉ္စ ရူပါနံ | |
| | ဟိတ် ၆-ပါး | သဟိတ်စိတ်-၇၁၊ မောဟ်မောကြည် စေ-၅၂<br>သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၁၂<br>၂၄ |

ပစ္စယ-ဥဒ္ဒေသ နိဒ္ဒေသာ၊
ဟေ အာရမ်-စသည်များငယ်, ပြားရလေပါ။
နိဒ္ဒိသိ-နိဒသနာ, နိဒ္ဒေမှာ နှစ်ပါး၊
ဣတိညွှန်-နိဒ္ဒိမှတ်ပါလို့,
နောက်ဝေဖန်-ပါဠိရပ်ကို, နိဒသ်မှတ်သား။

ပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ [ ပစ္စယ-ဥဒ္ဒေသ နိဒ္ဒေသာ၊ ]

ထိုပစ္စယနိဒ္ဒေသသည်၌တုံသော်လည်း ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသ, အာရမဏ ပစ္စည်း၏ ပစ္စယနိဒ္ဒေသ အစရှိသောအားဖြင့် ၂၄-ပါး အပြားရှိ၏၊ ထို ၂၄-ပါး တို့တွင် ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ [ ဟေ အာရမ်-စသည်များငယ်, ပြားရလေပါ။ ]

ထိုဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသသည်၌တုံသော်လည်း "နိဒ္ဒိသိတဗ္ဗ, နိဒသနာ ကာရ"အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် နိဒ္ဒိသိတဗ္ဗကို ရှေးဦးစွာ ဟောတော်မူ၏။ [ နိဒ္ဒိသိ-နိဒသနာ, နိဒ္ဒေမှာ နှစ်ပါး။ ]

ဟောဟန်ကား "ဟေတုပစ္စယောတိ" ဟူသည်တည်း။ [ ဣတိည္ဝန်-နိဒ္ဒိမှတ်ပါလို့။ ]

ထို့နောင် နိဒ္ဒေသနာကာရကို ဟောတော်မူ၏၊ ဟောဟန်ကား "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော" ဟူသည်တည်း။ [ နောက်ဝေဖန်-ပါဠိရပ်ကို, နိဒ္ဒေသ်မှတ်သား။ ]

ပစ္စယုဒ္ဒေသေ-ပစ္စည်းတို့ကို အကျဉ်းပြရာ၌၊ ယော ယာဒိသော-အကြင်သို့ သဘောရှိသော၊ ပစ္စယော-ပစ္စည်းကို၊ ဟေတုပစ္စယောတိ-ဟေတုပစ္စည်းဟူ၍၊ ဘဂဝတာ-သည်၊ ဥဒ္ဒိဋ္ဌော-အကျဉ်းပြတော်မူအပ်ပြီ၊ သော တာဒိသော-ထိုသို့ သဘောရှိသော၊ ပစ္စယော-ကို၊ ပစ္စယနိဒ္ဒေသေ-ပစ္စည်းတို့ကို မကျဉ်းမကျယ် ပြရာ၌၊ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောတိ-ယော ဟူ၍၊ ဘဂဝတာ-သည်၊ နိဒ္ဒိဋ္ဌော-မကျဉ်းမကျယ် ပြအပ်ပြီ၊ ဟေတူ-ဟိတ် ၆-ပါးတို့သည်၊ ဟေတုသမ္ပယုတ္တကာနံ-ဟိတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဥ္စ-သဟိတ်စိတ် စေတသိက်တို့ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေးပညာသတို့အားလည်းကောင်း၊ တံ သမုဋ္ဌာနံ-ထိုဟိတ် ဟိတ်နှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်း ရှိကုန်သော၊ ရူပါနဥ္စ-စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဟေတုပစ္စယေန-ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော-ကျေးဇူးပြုသည်၊ ဟောတိ-၏။

ထိုပါဠိတို့တွင် "ဟေတုပစ္စယောတိ" ဟူသော ပါဠိဖြင့် နိဒ္ဒိသိတဗ္ဗကို ပြတော်မူ၏၊ "ဟေတူ····ပစ္စယော" ဟူသောပါဠိဖြင့် နိဒ္ဒေသနာကာရကို ပြတော်မူ၏။

ထိုနိဒ္ဒေသနာကာရပါဠိတို့တွင် "ဟေတူ" ဟူသော ကတ္တားပါဠိဖြင့် ဟိတ် ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏။

"ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ" ဟူသော သမ္ပဒါန် ပါဠိဖြင့် သဟိတ်စိတ် စေတသိက်တို့ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေးပညာသ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"ဟေတုပစ္စယေန" ဟူသော ကရိုဏ်းပါဠိဖြင့် တစ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော "ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက,

ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ” ဤ ၁၂–ပစ္စယသတ္တိတို့တွင် “ဟေတုသတ္တိ”ဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ [ သဘာဂအတိုင်း။ ]

တစ်နည်းကား= “ဟေတုပစ္စယေန”ဟူသော ကရိုဏ်းပါဌ်ဖြင့် သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ် ၆–ပါး ဖြစ်အံ့ “ဟေတု, သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ” ဤ ၅–ပစ္စယသတ္တိတို့တွင် “ဟေတုသတ္တိ”ဟု ဆိုအပ်သော သတ္တိဝိသေသ။

သမ္ပယုတ္တက္ခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဟိတ် ၆–ပါး ဖြစ်အံ့ “ဟေတု, သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ” ဤ ၆–ပစ္စယသတ္တိတို့တွင် “ဟေတုသတ္တိ”ဟု ဆိုအပ်သော သတ္တိဝိသေသ။

[ ဟေတုဃဋနာ ၂၄–ချက် ကုန်အောင် ဤနည်းအတိုင်း ဆိုကောက်ပါ၊ ပဋ္ဌာဝါရကို လေ့လာပြီး သင်ယူပြီးဖြစ်ပါက တစ်စုံတစ်ရာ ခက်ခဲဖွယ်ရာ မရှိတော့ပါ။ ]

**ရှုမှတ်ကြဖွယ် အခိပ္ပာယ်–**

*“ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ”မျှသာ မဟောဘဲ အဘယ့်ကြောင့် “ဟေတူ ဟေတုသမ္ပယုတ္တကာနံ ခန္ဓာနံ”ဟု ဟောရပါသနည်း ?။

အဟိတ်စိတ္တုပ္ပာဒ်သည်လည်း သမ္ပယုတ္တပစ္စည်း သာမညဖြစ်ရကား ထိုအဟိတ်စိတ္တုပ္ပာဒ်ကို စင်စေလို၍ (တားမြစ်လို၍) “ဟေတူ ဟေတုသမ္ပယုတ္တကာနံ ခန္ဓာနံ” ဟု ဟောတော်မူရပါသည်။

**ဆောင်။** ။ အဟိတ်စိတ်စေ, သမ်ဖြစ်ပေ၍, နစ်စေခြင်းငှာ, ရှေ့နားမှာ, ထည့်ကာ ဟေတုဟော။

စိတ်, စေတသိက် ၂–ပါးတို့ကြောင့် ဖြစ်ရပါလျက် အဘယ့်ကြောင့် “စိတ္တဇရုပ်”ဟုသာ ဆိုရပါသနည်း ?။

လောကီတရားတို့ကို ဟောပြရာ၌ စိတ်သာလျှင် ပဓာန, စိတ်သာလျှင် အဓိက ဖြစ်သောကြောင့် “စိတ္တဇရုပ်”ဟုသာ ဆိုရပါသည်။

**ဆောင်။** ။ လောကီဆိုင်ရာ, ဒေသနာဝယ်, စိတ်သာ ပဓာန, ကြောင်းထောက်ဆ, စိတ္တဇရုပ်သာဆို။

*အဘယ့်ကြောင့် စိတ်က ပဋိသန္ဓေကမ္မဇရုပ်အားသာ သဟဇာတပစ္စည်း တပ်၍ ပဝတ္တိကမ္မဇရုပ်အား သဟဇာတပစ္စည်း မတပ်ရပါသနည်း ?။

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေအခါမှာ စိတ်နှင့်စပ်၍သာ ဖြစ်ကုန်၏၊ စိတ်နှင့်ကင်း၍ မဖြစ်ကြကုန်၊ ပဝတ္တိအခါမှာမူ စိတ်နှင့်ကင်းသော်လည်း (နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ သန္တာန်၌) ဖြစ်ကုန်၏၊ ထို့ကြောင့် စိတ်က ပဋိသန္ဓေ ကမ္မဇရုပ်အားသာ သဟဇာတပစ္စည်းတပ်၍ ပဝတ္တိကမ္မဇရုပ်အား သဟဇာတပစ္စည်း မတပ်ပါ။

**ဆောင်။** ။ သန္ဓိအခါ, စိတ်နှင့်ကွာ၍, ဖြစ်ရာမထင်၊ ပဝတ်တွင်မူ, စိတ်ပင်ကင်းနေ, ဖြစ်ရလေ၍, သန္ဓေခါမျှ, ကမ္မဇ, သဟပစ္စည်းတပ်။

*ပဋိသန္ဓေစိတ်သည် အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါသနည်း ?၊ ပဋိသန္ဓေအခါ ကံအဟုန် ပစ်ချအပ်သောကြောင့်လည်းကောင်း, မိမိနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီရသောကြောင့်လည်းကောင်း အားနည်းသည်ဖြစ်၍ ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ပါ။ (ထို့ကြောင့် သဟဇာတရူပအရ ပဝတ္တိအခါ စိတ္တဇရုပ်, ပဋိသန္ဓေအခါ ကမ္မဇရုပ်ကိုသာ ယူရသည်။ )

**ဆောင်။** ။ ကံဟုန်ပစ်အပ်, တူဥပါဒ်သည့်, ဝတ္ထုမှီရ, အားနည်းလှဘိ, အကြောင်းရှိ၍, ပဋိဝိညာဏ်, ရုပ်ဖြစ်ရန်, ဇကန် မစွမ်းပေ။

(ပဝတ္တိခါ, စိတ္တဇာ, ဋိခါကမ္မ–သဟဇ။)

## အာရမဏပစ္စည်း

| ကတ္တား-ပစ္စည်း | သမ္ပဒါန်-ပစ္စယုပ္ပန် | ကရိုဏ်း |
|---|---|---|
| ရူပါယတနံ (ပ) | စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | အာရမဏပစ္စယေန |
| ဖောဋ္ဌဗ္ဗာယတနံ | ကာယဝိညာဏ ။ | |
| ရူပါ,သဒ္ဒါ,ဂန္ဓာ,ရသာ,ဖောဋ္ဌဗ္ဗာ | မနောဓာတုယာ ။ | |
| သဗ္ဗေ ဓမ္မာ | မနောဝိညာဏဓာတုယာ ။ | |
| ယံ ယံ ဓမ္မံ အာရဗ္ဘ တေ တေ ဓမ္မာ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာ ဓမ္မာ တေသံ တေသံ ဓမ္မာနံ | |
| ပစ္စုပ္ပန်ရူပါရုံ (ပ) ဖော-ရုံ | စက္ခုဝိညာဉ်ဒွေး, စေ-၇၊ (ပ) ကာ-ဒွေး, စေ-၇ | ၄ |
| ပစ္စုပ္ပန်ပဉ္စာရုံ | မနောဓာတ်-၃,ဆန္ဒ,ပီ,ဝီကြဉ်အညသမာန်း-၁၀ | ၄ |
| စိတ်-၈၉,စေ-၅၂,ရုပ်-၂၈, နိဗ္ဗာန်,ပညတ်=အာ-၆* | မနောဝိညာဏဓာတ်-၇၆, စေ-၅၂ | ၈<br>၅ |
| အနိယမအားဖြင့် အာ-၆<br>နိယမအားဖြင့် အာ-၆ | အနိယမအားဖြင့် အာရမဏိကပန် ×နာ-န္ဓာသရုပ်<br>နိယမအားဖြင့် အာရမဏိက | ၈<br>၅ |

"ယံ ယံ ဓမ္မံ"ဟူသော ပါဌ်ဖြင့် အနိယမအားဖြင့် အာရုံ ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏၊ "ယေ ယေ ဓမ္မာ"ဟူသော ပါဌ်ဖြင့် အနိယမအားဖြင့် အာရမဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏၊ "စိတ္တစေတသိကာ ဓမ္မာ"ဟူသော ပါဌ်ဖြင့် အာရမဏိက ပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏၊ "တေ တေ ဓမ္မာ"ဟူသော ကတ္တားပါဌ်ဖြင့် နိယမအားဖြင့် "ယံ ယံ ဓမ္မံ"ဟူသော ပါဌ်ဖြင့် မှတ်သားအပ်ပြီးသော အာရုံ ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏၊ "တေသံ တေသံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် နိယမအားဖြင့် "ယေ ယေ ဓမ္မာ"ဟူသော ပါဌ်ဖြင့် မှတ်အပ်ပြီးသော အာရမဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"အာရမဏပစ္စယေန"ဟူသော ကရိုဏ်းပါဌ်ဖြင့် တစ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော "အာရမဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ" ဤ ၈-ပစ္စယသတ္တိတို့တွင် . . . ၏။ [တစ်နည်းကား ကောက်ဦး။]

အကျယ်တစ်နည်းကား အရကောက်ကို ပဥ္စဝါရ(၁၀)၌ ပြထားခဲ့သော အာရမဏ အကျယ်ဆိုရိုး အရကောက်အတိုင်း ရသင့်သမျှ ပညတ်ကိုပါ ထည့်သွင်း၍ ကောက်ပါ။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်–**

* "ရူပါရမဏာ"အစရှိသောပါဌ်ဖြင့် အာရုံ, အာရမဏာကိုကအဖြစ်သည် ပြီးကောင်းပါလျက် အဘယ့်ကြောင့် "ယံ ယံ ဓမ္မံ" အစရှိသည်ကို ဆက်ဟောရပါသနည်း ?။

အာရုံပြု၍ဖြစ်သောခဏ္ဍာသာ ထိုအာရုံ ၆–ပါးတို့သည် ၇–ပါးသော ဝိညာဏဓာတ်တို့၏ အာရမဏပစ္စည်း ဖြစ်ကုန်၏၊ ထိုသို့ပင် ဖြစ်သော်လည်း တကွနက် မဖြစ်ကုန်၊ အသီးအသီးသော အာရုံ ၆–ပါးတို့သည် သတ္တဝိညာဏဓာတ်တို့၏ အာရမဏပစ္စည်း ဖြစ်ကုန်၏–ဟု ပြလိုသောကြောင့် "ယံ ယံ ဓမ္မံ" အစရှိသည်ကို ဆက်ဟောရပါသည်။

**ဆောင်။** ။ အာရုံဖြစ်ခိုက်, ခဏ္ဍသာ, ဖြစ်ထိုက် ပစ္စယ၊ သို့ဖြစ်ရလည်း, တကွမဖြစ်, သီးသီးဖြစ်–ဟု, စိစစ်ပြလို, ယံ ယံ–ကို, မြွက်ဆို ထပ်ကာပြ။

**အဓိပတိပစ္စည်း**

| ကဏ္ဍား–ပစ္စည်း | သမ္မဒါန်–ပစ္စယုပ္ပန် | မျက်နှာ |
|---|---|---|
| ဆန္ဒာဓိပတိ | ဆန္ဒသမ္ပယုတ္တကာနံဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ | အဓိပတိပစ္စယော |
| ဝိ×စိ×ဝိမံသာဓိပတိ | ဝိ×စိ×ဝိမံသ ။ | |
| ယံ ယံ ဓမ္မံ ဂရုံ ကတွာ တေ တေ ဓမ္မာ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာ ဓမ္မာ တေသံ တေသံ ဓမ္မာနံ | |
| သာဓိဇော ၅၂–ရှိ ဆန္ဒာဓိ | သာဓိဇော–၅၂,ဆန္ဒဝိစိကြဉ်စေ–၅၀,သာဓိ–ရုပ် | ၉ |
| ။ ဝိ–ဓိ | ။ ဝိ ။ | ၁၁ |
| သာဓိဇော ၅၂–ဟုဆို စိ–ဓိ | ဝိစိကိစ္ဆာကြဉ်သောစေ–၅၁, သာဓိ–ရုပ် | ၁၁ |
| သာဓိတိဇော ၃၄–ရှိ ဝိ– | သာဓိတိဇော–၃၄,ဝိမံကြဉ်စေ–၃၇,သာဓိ–ရုပ် | ၁၂ |

သဟာဓိ အရကောက်မှာ သိသာ ထင်ရှားပါပြီ၊ ဃဋနာများမှာ အသီးအသီး ၆–ချက်စီမျှသာ ဖြစ်သည်။

"ယံ ယံ ဓမ္မံ"ဟူသောပါဌ်ဖြင့် အနိယမအားဖြင့် အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ. . . .နိဗ္ဗာန်–ဟု ဆိုအပ်သော အာရမဏာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏၊ "ယေ ယေ ဓမ္မာ"ဟူသော ပါဌ်ဖြင့် အနိယမအားဖြင့် အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈–ခု. . . .စေတသိက် ၄၅–ခု

ပစ္စယုပ္ပန်တရားကို ပြတော်မူ၏၊ "စိတ္တစေတသိကာ ဓမ္မာ"ဟူသော ပါဠိဖြင့် အလေးအမြတ် ပြုတတ်သော အာရမဏကြိက ပစ္စယုပ္ပန် နာမက္ခန္ဓာ သရုပ်ကို ပြတော်မူ၏။

"တေ တေ ဓမ္မာ"ဟူသော ကတ္တားပါဠိဖြင့် နိယမအားဖြင့် "ယံ ယံ ဓမ္မံ" ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော အလေးအမြတ် ပြုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏၊ "တေသံ တေသံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠိဖြင့် နိယမအားဖြင့် "ယေ ယေ ဓမ္မာ"ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော အာရမဏကြိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"အဓိပတိပစ္စယေန"ဟူသော ကရိဏ်းပါဠိဖြင့် တစ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော "အဓိပတိ, အာရမဏ, နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ" ဤ ၈-ပစ္စယ • • • • ၏။

တစ်နည်းကား= အလုံးစုံသော အာရမဏာဓိပတိ ဖြစ်အံ့ "အဓိပတိ, အာရမဏ, ဥပနိဿယ" ဤ ၃-ပစ္စယသတ္တိတို့တွင် "အဓိပတိသတ္တိ"ဟု ဆိုအပ်သော သတ္တိ ဝိသေသ,

အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခုအား တပ်သော အလေး အမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ-ဟု ဆိုအပ်သော အာရမဏပုရေဇာတပစ္စည်း ဖြစ်အံ့ "အဓိပတိ, အာရမဏ, ဥပနိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ" ဤ ၆-ပစ္စယသတ္တိတို့တွင် "အဓိပတိသတ္တိ"ဟု ဆိုအပ်သော သတ္တိဝိသေသ,

အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅-ချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော အလေးအမြတ် ပြုအပ်သော ("ဟဒယဝတ္ထု"ဟု ဆိုအပ်သော) ဝတ္ထာ ရမဏ ဖြစ်အံ့ အဓိပတိ, အာရမဏ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ" ဤ ၈-ပစ္စယသတ္တိတို့တွင် "အဓိပတိသတ္တိ"ဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်–**

* "ဟေတူ ဟေတုသမ္ပယုတ္တကာနံ"ဟု ဟောတော်မူသကဲ့သို့ "အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ"ဟု ဟောတော်မမူဘဲ "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ" အစရှိသည်ဖြင့် အဘယ့်ကြောင့် အသီးအသီး ဟောတော်မူရပါသနည်း ?။

"အဓိပတိတရား ၄-ပါးတို့သည် တစ်ပြိုင်နက် ပစ္စည်းမတပ်ကုန်၊ အသီး အသီးသာ တပ်ကုန်သည်"ဟု ပြတော်မူလိုသောကြောင့် အသီးအသီး ဟောတော် မူပါသည်။

ဆောင်။ ။ တကွမဖြစ်, သီးသီးဖြစ်-ဟု, စိစစ်ပြရန်, ဓိလေးတန်, ဝေဖန် ခွဲဟောရ။

**အနန္တရ(သမနန္တရ)ပစ္စည်း**

| ကဏ္ဍား-ပစ္စည်း | သမ္ပဒါန်-ပစ္စယုပ္ပန် | ကွင်း |
|---|---|---|
| စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ | မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | အနန္တရပစ္စယေန |
| မနောဓာတု ။ | မနောဝိညာဏဓာတုယာ ။ | |
| သော-မ×ဃာ-မ×ဇိ-မ×ကာ-မ | မ×မ ။ | |
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ×၂ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကု-နံ×ဗျာ-နံ | |
| ။ အကုသလာ ဓမ္မာ×၂ | ။ အကု-နံ×ဗျာ-နံ | |
| ။ အဗျာကတာ ဓမ္မာ×၃ | ။ ဗျာ×ကု×အကု-နံ | |
| ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ | ဥပ္ပဇ္ဇန္တိ၊ စိတ္တစေ-ဓမ္မာ တေသံ တေသံ ဓမ္မာနံ | |
| စက်-၂, စေ-၇ | "ရှိုင်း-၂"ဟု မနောဓာတ်-၂, စေ-၁၀ | ၅ |
| "ရှိုင်း-၂"ဟု မနောဓာတ်, စေ-၁၀ | "တီ-၃"ဟု-ဏာဓာတ်, ဆန္ဒဝီကြဉ်စေ-၁၁ | ၅ |

ပုရိမာ ပုရိမာ အစရှိသည်တို့၏ အရကောက်မှာ ပဉ္စာဝါရက ပြဆိုခဲ့ပြီးသော အရကောက်များနှင့် မထူးတော့ပါ။

"ယေသံ ယေသံ ဓမ္မာနံ"ဟူသော ပါဠ်ဖြင့် အနိယမအားဖြင့် ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

“ယေ ယေ ဓမ္မာ”ဟူသော ပါဠိဖြင့် အနိယမအားဖြင့် ရဟန္တာတို့ စုတိနှင့် တကွ နောက်နောက်သော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက် ဒွေးပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏၊ “စိတ္တစေတသိကာ ဓမ္မာ”ဟူသော ပါဠိဖြင့် အနန္တရပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။

“တေ တေ ဓမ္မာ”ဟူသော ကတ္တားပါဠိဖြင့် နိယမအားဖြင့် “ယေသံ ယေသံ ဓမ္မာနံ”ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့စုတိကြဉ်သော စိတ်တစ်ခုယုတ် ကိုးဆယ် စေတသိက်ဒွေးပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

“တေသံ တေသံ ဓမ္မာနံ”ဟူသော သမ္ပဒါန်ပါဠိဖြင့် နိယမအားဖြင့် “ယေ ယေ ဓမ္မာ”ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့စုတိနှင့်တကွ နောက် နောက်သော စိတ်တစ်ခုယုတ်ကိုးဆယ် စေတသိက်ဒွေးပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

“အနန္တရပစ္စယေန”ဟူသော ကရိဏ်းပါဠိဖြင့် တစ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော “အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, ကမ္မ, နတ္ထိ, အဝိဂတ” ဤ ၇–ပစ္စယသတ္တိတို့တွင်····၏။

တစ်နည်းကားအရကို ဃင်္ဂနာ ၃–ချက်စုံအောင် ကောက်ပါ၊ သမနန္တရ ပစ္စည်းလည်း မထူးတော့ပါ၊ အနန္တရနေရာ၌ သမနန္တရကို ထည့်သွင်း၍ ဆိုရုံ မျှသာ ဖြစ်သည်။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်–**

*“ယေသံ ယေသံ ဓမ္မာနံ”အစရှိသော ပါဠိကို အဘယ်အကျိုးငှာ မိန့်ဆို အပ်ပါသနည်း ?။

ခပ်သိမ်းသော အနန္တရပစ္စည်းတို့၏ သဓေပလက္ခဏာကို ပြအံ့သောငှာ “ယေသံ ယေသံ ဓမ္မာနံ”အစရှိသော ပါဠိကို မိန့်ဆိုအပ်ပါသည်။

**ဆောင်။** ။ လုံးစုံ နန္တရ, ပစ္စယ၏, သဓေပလက္ခဏာ, ပြရန်သာ, ဟောပါ ယေသံ–စသည်ကို။

*စက္ခုဝိညာဏဓာတု–စသည်ဖြင့် စက္ခုဝိညာဉ်က သမ္ပဋိစ္ဆိုင်း၊ သမ္ပဋိစ္ဆိုင်းက သန္တီရဏအား ကျေးဇူးပြုပုံ–စသည်မျှကိုသာ ပြ၍ သန္တီရဏက ဝုဋ္ဌောအား ကျေးဇူး ပြုပုံ–စသည်ကို ဆက်လက်မပြဘဲ အဘယ့်ကြောင့် ဒေသနာတော်ကို ချုံးထား ရပါသနည်း ?။

သန္တိရဏက ဝုဋ္ဌောအား ကျေးဇူးပြုပုံ–စသည်ကို မပြသော်လည်း "ဆိုအပ်ပြီးသော နည်းဖြင့်ပင် သိမြင်နိုင်လောက်ပြီ"ဟု နှလုံးသွင်း၍ ဒေသနာတော် ချုံးချဉ်းထားရပါသည်၊ တစ်နည်းကား= ပုရိမာ ပုရိမာ အစရှိသောနည်း၌ သွင်းယူနိုင်သောကြောင့် ဆက်လက်မဟောဘဲ ချုံးချဉ်းထားရပါသည်။

**ဆောင်။** ။ ဝုဋ္ဌော–စသား, မဟောကြားလည်း, ပြထားနည်းဖြင့်, သိမြင်သင့်ဟု, မျှော်လင့် ဒေသနာ, ချုံးထားပါ၏၊ ပုရိမာ–စသား, နောက်နည်းများဝယ်, ပေါင်းထားယူငင်, အကြောင်းထင်သည်· · · ·ဤလျှင်မှတ်ဖွယ် တစ်နည်းတည်း။

**သဟဇာတပစ္စည်း**

| ကတ္တား–ပစ္စည်း | သမ္ပဒါန်–ပစ္စယုပ္ပန် | [illegible] |
|---|---|---|
| စတ္တာရော ခန္ဓာ အရူပိနော | အညမည့် | သဟဇာတပစ္စယေန |
| စတ္တာရော မဟာဘူတာ | ။ | |
| ဩက္ကန္တိက္ခဏေ နာမရူပံ | ။ | |
| စိတ္တစေတသိကာ ဓမ္မာ* | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | |
| မဟာဘူတာ | ဥပါဒါရူပါနံ | |
| ရူပိနော ဓမ္မာ | အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ ကိဉ္စိကာလေ န | |
| ၁၊၃x၂ နာမက္ခန္ဓာ | ၃x၁x၂ နာမက္ခန္ဓာ | ၆ ၇ |
| ၁၊၃x၂ မဟာဘုတ် | ၃x၁x၂ မဟာဘုတ် | ၅ |
| ပဋိ–ပဋိ–ခန္ဓာ, ဟဒယဝတ္ထု | ပဋိ–ပဋိ–နာမက္ခန္ဓာ, ဟဒယဝတ္ထု | ၆ ၇ |
| ပဋိ–စိတ် ၇၅, စေ–၅၂ | စိတ္တဇရုပ် (*ဋိ–ကမ္မဇရုပ်) | ၅ ၆ |
| မဟာဘုတ် ၄–ပါး | ဥပါဒါရုပ် | ၄ |
| ဟဒယဝတ္ထု | ပဋိ–ပဋိ–နာမက္ခန္ဓာ | ပြ ၈ |

*အဋ္ဌကထာနည်းအရ စိတ္တဇရုပ်မျှကိုသာ ကောက်ရမည်၊ အာစရိယဝါဒအရ ပဋိသန္ဓေ ကမ္မဇရုပ်ကိုပါ ထည့်သွင်းကောက်ရမည်။

"စတ္တာရော ခန္ဓာ အရူပိနော"ဟူသော ကတ္တားပါဠ်ဖြင့် ၃-ပါး ၃-ပါးသော နာမက္ခန္ဓာအား တပ်သော တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ, တစ်ပါးတစ်ပါးသော နာမက္ခန္ဓာအား တပ်သော ၃-ပါး ၃-ပါးသော နာမက္ခန္ဓာ, ၂-ပါး ၂-ပါးသော နာမက္ခန္ဓာအား တပ်သော ၂-ပါး ၂-ပါးသော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။

"အညမည်"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် ၃-ပါး ၃-ပါးသော နာမက္ခန္ဓာ, တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ, ၂-ပါး ၂-ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

[သချာ ၂-မျိုးတွေ့ရာ၌ ကရိဏ်းပါဠ်အရကို အဝိပါက, သဝိပါက ခွဲ၍ တစ်ပြိုင်နက် တပ်ကောင်းသော ပစ္စည်းများကို ကောက်ပါ၊ တစ်မျိုးမျှသာ တွေ့ရာ၌ ခွဲရန် မလိုပါ။]

"ရူပိနော ဓမ္မာ"ဟူသော ကတ္တားပါဠ်ဖြင့် ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

"အရူပိနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"ကိဉ္စိကာလေ သဟဇာတပစ္စယေန"ဟူသော ကရိဏ်းပါဠ်ဖြင့် ပဋိသန္ဓေ ကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"ကိဉ္စိကာလေ န သဟဇာတပစ္စယေန"ဟူသော ကရိဏ်းပါဠ်ဖြင့် ပဝတ္တိ ကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုဟန်ကို ပြတော်မူ၏။

## အညမညပစ္စည်း

သဟဇာတပါဠိတော် ရှေ့ ၃-ချက်တွင် အညမည်-ကို ပယ်ဖြုတ်၍ ဆိုပါ၊ အညမည်-ကို ချေထားပါသည်၊ အနက်ပေးရာ, အရကောက်ရာ၌ ဖော်ထုတ်၍ အနက်ပေးရသည်၊ အရကောက်ရသည်၊ ဤမျှသာ ထူးခြားမှု ရှိသည်။

# နိဿယပစ္စည်း

| ကတ္တား–ပစ္စည်း | သမ္ပဒါန်–ပစ္စယုပ္ပန် | ကရိုဏ်း |
|---|---|---|
| စတ္တာရော မဟာဘူတာ..ကာယာယတနံ | စတ္တုန္နံ–ဓာတူနံ တံ သမ္ပယုတ္တကာနဉ္စ..ကာ... | နိဿယပစ္စယေန |
| ယံ ရူပံ နိဿာယ<br>တံ ရူပံ | မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊<br>မနောဓာတုယာစ–ဓာတုယာစ တံသမ္ပ–နဥ္စ<br>ဓမ္မာနံ | နိဿယပစ္စယေန |
| မဇ္ဈိ–စက္ခုဝတ္ထု...ကာ–ဝတ္ထု | စက္ခုဝိညာဉ်–၂, စေ–၇...ကာ–၂, စေ–၇ | ၆ |

"စက္ခာယတနံ"အစရှိသည်ဖြင့် ရုပ်က နာမ်အား နိဿယပစ္စည်းတပ်ပုံကို ဟောထားသည်၊ ထို့ကြောင့် သဟဇာတနိဿယ၌ ကိစ္စကာလေ ပါဝင်သော ဆဋ္ဌအချက်ကို မရ၊ ကြွင်း ၅–ချက်ကို သဟဇာတမှ ယူဟောပါ၊ သဟနည်းတူပင် အရကောက်ပါ။

"ယံ ရူပံ"ဟူသောပါဌ်ဖြင့် အနိယမအားဖြင့် ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

"နိဿာယ မနောဓာတုယာစ .... ဝတ္တန္တိ"ဟူသောပါဌ်ဖြင့် မနောဓာတ် ၃–ခု အရူပဝိပါက် ၄–ခုကြဉ်သော မနောဝိညာဏဓာတ် ၇၂–ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"တံ ရူပံ"ဟူသော ကတ္တားပါဌ်ဖြင့် နိယမအားဖြင့် "ယံ ရူပံ"ဟူသောပါဌ်ဖြင့် မှတ်အပ်ပြီးသော ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

"မနောဓာတုယာစ ...ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် မနောဓာတ် ၃–ခု အရူပဝိပါက် ၄–ခုကြဉ်သော မနောဝိညာဏဓာတ် ၇၂–ခု စေတသိက်ဒွေးပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"နိဿယပစ္စယေန"ဟူသော ကရိုဏ်းပါဌ်ဖြင့် တစ်ပြိုင်နက် ယထာရဟ တပ်ကောင်းသော "နိ, အာ, မိ, ဥ, ပု, ဝိပ်, အတ်, အ" ဤ ၈–ပစ္စယ....၏။

တစ်နည်းကား အရကို "ဝတ္ထု, ဝတ္ထာ, ဝတ္ထာဓိ" ဃငှာ ၃–ချက် ခွဲကောက်။

## ဥပနိဿယပစ္စည်း

| ကတ္တား–ပစ္စည်း | သမ္ဗန္ဓ–ပစ္စယုပ္ပန် | ပစ္စည်း |
|---|---|---|
| ပုရိမာ ပုရိမာ ကုသလာ ဓမ္မာxၡ | ပစ္ဆိမာနံ–ကုxအကု *ကေသဉ္စိxဗျာ–နံ | ဥပနိဿယပစ္စယော |
| ॥ အကုသလာ ဓမ္မာxၡ | ॥ အကုxကု *ကေသဉ္စိxဗျာ–နံ | |
| ॥ အဗျာကတာ ဓမ္မာxၡ | ॥ ဗျာ–xကုxအကုသလာနံ ဓမ္မာနံ | |
| ဥတုဘောဇနမ္ပိ xပုဂ္ဂလောပိ xသေနာသနမ္ပိ | | |

အရကောက်မှာ ပဋ္ဌာဝါရက ပြခဲ့ပြီးသော အရကောက်နှင့် မထူးခြားတော့ချေ၊ ပဋ္ဌာဝါရ အရကောက်အတိုင်းပင် ဖြစ်ပေသည်။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်–**

*"ကုသလော ကုသလဿ" အစရှိသည်တို့၌ ကေသဉ္စိသဒ္ဒါကို ထည့်မဟောဘဲ ကုသလော အကုသလဿ၊ အကုသလော ကုသလဿတို့၌သာ အဘယ့်ကြောင့် ထည့်ဟောရပါသနည်း ?။

ကေသဉ္စိသဒ္ဒါဖြင့် အနန္တရူပနိဿယကို စင်စေသည်၊ ကုသလော ကုသလဿ အစရှိသည်တို့၌ အနန္တရူပနိဿယကို ရနိုင်သည်၊ ကုသလော အကုသလဿ၊ အကုသလော ကုသလဿတို့၌မူကား အနန္တရူပနိဿယကို မရနိုင်၊ ထို့ကြောင့် ကုသလော ကုသလဿ အစရှိသည်တို့၌ ကေသဉ္စိသဒ္ဒါကို ထည့်မဟောဘဲ ကုသလော အကုသလဿ၊ အကုသလော ကုသလဿ–တို့၌သာ ထည့်ဟောရ ပါသည်။

**ဆောင်။** ॥ ကေသဉ္စိဟူ, နန္တရူ, မယူ စင်စေ၏ ॥

*ပကတူပနိဿယ ဖြစ်ခဲ့ပါလျှင် ကုသလော ကုသလဿ၊ အဗျာကတော ကုသလဿတို့၌ ပစ္စည်းဘက်မှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ကြဉ်သင့်၊ မကြဉ်သင့် စိစစ်ပြပါ။

မိမိသန္တာန်၌ ဖြစ်ဖူးသော ပစ္စည်းတရားကို ရည်ရွယ်ပါလျှင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကြည့်ရပါမည်၊ သူတစ်ပါးသန္တာန်မှာ ဖြစ်သော ပစ္စည်းတရားကို ယူသော် ကုသိုလ်စိတ်ဇောဝီသ ဝိပါက်စိတ်ဆတ္တိ သပင် ရသင့်ပါသည်၊ အနာဂတ် ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို တောင့်တ၍ ဒါန, သီလ အစရှိသော ကုသိုလ်ကို ပြုလုပ်သည့်အခါ မိမိသန္တာန်မှာ ဖြစ်မည့် အရဟတ္တမဂ် အရဟတ္တဖိုလ် ကိုလည်း ရသင့်ပါသည်၊ ကြည့်ရန် မလိုပါ။

**ဆောင်။** ။ ဖြစ်ပြီးမှတ်–အရဟတ် မဂ်ဖိုလ်၊
ပကတူ–သတ္တိကပ်လို့ရယ်, မတပ်ကုသိုလ်။
သူတစ်ပါး–ရထားတဲ့ ယင်းမဂ်ဖိုလ်, ကိုယ့်ကုသိုလ် တပ်ထိုက်၊
နောင် ရလို–ကုသိုလ်ပြုကြလျှင်, တပ်ရကိုယ်၌။

*ဥတုဘောဇနမ္ပိ, ပုဂ္ဂလောပိ, သေနာသနမ္ပိကို အကြောင်းလုံလောက်အောင် ပြ၍ ပရမတ် ပညတ် ခွဲပြပါ။

ဘုရားရှင်သည် ပဋ္ဌာဝါရပါဠိတော်၌ ခန္ဓာထိုက်သော ပရမတ်တရားတို့ကိုသာ ဟောတော်မူပါသည်၊ ပညတ်တရားတို့ကို ဟောတော်မမူပါ၊ ယင်းသို့ ပရမတ်ကိုသာ ဟော၍ ပညတ်ကို မဟောသော ပဋ္ဌာဝါရပါဠိတော်၌ "ဥတု, ဘောဇနံ, သေနာ သနံ"ဟုသာ ဟောတော်မူပါသည်၊ "ပုဂ္ဂလော"ဟုကား ဟောတော်မမူပါ၊ ထို့ကြောင့် ဥတု, ဘောဇန, သေနာသနတို့သည် ပရမတ်ဖြစ်ကြ၍ ပုဂ္ဂလသည် ပညတ်ဖြစ်ပါသည်။

**ဆောင်။** ။ ပုဂ္ဂလမှာ, ပညတ်ပါ, သေသာပရမတ်။

*ပုဂ္ဂလောပိ, သေနာသနမ္ပိတို့၌ ပါသော "ပိ"သဒ္ဒါဖြင့် ပေါင်းယူအပ်သော အနက်တို့ကို ပြပါ။

"ပိ"သဒ္ဒါဖြင့် သက်နီး, တောင်, သစ်ပင်, တော, ချုံ အစရှိသော ပကတူပ တပ်ကောင်းသမျှကို ပေါင်းယူအပ်ပါသည်။

**ဆောင်။** ။ ပကတူပ, တပ်သမျှ, ပေါင်းပြ ပိသဒ္ဒါ။

*အရည, ပဗ္ဗတ, အစရှိသည်တို့ကို မဟောဘဲ အဘယ့်ကြောင့် "ပုဂ္ဂလ, သေနာသန" ၂–ပါးကို ဦးတည်၍ ဟောရပါသနည်း?။

ကုသိုလ်,အကုသိုလ် ဖြစ်ခြင်း၌ အားကြီးသော အကြောင်းဖြစ်သောကြောင့် "ပုဂ္ဂလ, သေနာသန" ၂-ပါးကို ဦးတည်၍ ဟောရပါသည်။

**ဆောင်။** ။ ကုနှင့်အကု, ဖြစ်စေမှု၌, ကြောင်းပြုခွန်အား, လွန်ကြီးမား၍, ဦးစားပေးကာ, ပုဂ္ဂလာ, သေနာသန-ဟောပေရ။

*ပကတူပနိဿယ ပစ္စည်းထိုက်သော ပညတ်, ပစ္စည်းမထိုက်သော ပညတ်တို့ကို ခွဲခြားဝေဖန်ပြပါ။

အသုဘပညတ်, ကောဋ္ဌာသပညတ်, ကသိုဏ်းပညတ် အစရှိသည်တို့ကို "ပကတူပနိဿယ"ဟု အဆို မရှိပါ၊ "ပုဂ္ဂိုလ်"ဟူသော သတ္တပညတ်, နေရာထိုင်ခင်း-စသော ပညတ်စုတို့ကိုသာ "ပကတူပနိဿယ"ဟု အဆို ရှိပါသည်။

**ဆောင်။** ။ အသုဘ-ကောဋ္ဌာသ ကသိဏ်၊
စသည်မှု-ပကတူပငယ်, မပြဟောညွှန်၊
ပုဂ္ဂလ်-စရှိပြန် ပညတ်၊
ပကတူ-နိဿယရယ်လို့,
ဟောတော်မူ-ညွှန်းကာပြတော့တယ်, ခွဲကြ နှစ်ရပ်။

**ပုရေဇာတပစ္စည်း**

| ကတ္တား-ပစ္စည်း | သမ္ဗန္ဓ-ပစ္စယုပ္ပန် | ကရိုဏ်း |
|---|---|---|
| စက္ခာယတနံ···· ကာ | စက္ခု-ဓာတုယာ တံသမ္ပ-နုတ္တ ဓမ္မာနံ····ကာ- | ပုရေဇာတပစ္စယေန |
| ရူပါယတနံ···· ဖော | ။ ။ ။ | |
| ရူ, သဒ္ဒ, ဂန္ဓ, ရ, ဖော | မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ယံ ရူပံ နိဿာယ | မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ | |
| တံ ရူပံ | မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ<br>မနောဝိ-တုယာ တံ သမ္ပ-နံ ကိဉ္စိကာလေ<br>ကိဉ္စိကာလေ န | |

အရကောက်မှာ သိသာထင်ရှားပါပြီ၊ စက္ခာယတနံ အစရှိသည်ကို ပုရေဇာတနိဿယအတိုင်း, ရူပါယတနံ အစရှိသည်ကို အာရမဏအတိုင်း ကောက်ပါ။

**ရှုမှတ်ကြဖွယ် အမိပ္ပာယ်–**

*"ရူပါယတနံ စက္ခုဝိညာဏဓာတုယာ" အစရှိသည်ဖြင့် ပဉ္စဒွါရမျှကိုသာ ဟောထားသောကြောင့် "မနောဒွါရ၌ အာရမဏ, ပုရေဇာတပစ္စည်းကို မရသင့်"ဟု မှတ်ရပါမည်လော၊ သာဓကနှင့်တကွ ပြပါ ?။

"စက္ခုံ အနိစ္စတော" အစရှိသည်ဖြင့် ပဉှာဝါရ၌ ဟောထားသောကြောင့် မနောဒွါရ၌ အာရမဏ, ပုရေဇာတပစ္စည်းကို မရသင့်သည် မဟုတ်၊ ရသင့်သည်သာ။

**ဆောင်။** ။ စက္ခုံ အနိစ္စတော, စသည် ဟော၍, မနောဒွါရာ, ရသင့်ပါ, အာ–ပုပစ္စယ။

*ရသင့်ပါလျက် အဘယ့်ကြောင့် မနောဒွါရ၌ အာရမဏ, ပုရေဇာတကို မဟောပါသနည်း ?။

သာဝသေသ ဒေသနာတော်ကို ပြလိုသောကြောင့် မဟောပါ။

**ဆောင်။** ။ သာဝသေသ, ချုံးကာပြ၍, ရသင့်စေကာ, မနောဒွါ, အာ–ပု မဟောမှတ်။

*အဘယ့်ကြောင့် သာဝသေသအားဖြင့် ဟောကြားရပါသနည်း ?။

ပစ္စယနိဒ္ဒေသ၏ မကျဉ်းမကျယ် ဖြစ်သောကြောင့်တည်း။

**ဆောင်။** ။ မကျဉ်းမကျယ်, ကြောင်းနှီးနွယ်၍, ကျယ်မပြသာ, ခြွင်းချန်ကာ, ဟောပါ သာဝသေ။

အကျဉ်းကောက်မှာ သိသာပါပြီ၊ အကျယ်ကောက်ကိုမျှ နည်းရုံ ပြပါမည်။

**အကျယ်တစ်နည်းကား–**

ပဋိသန္ဓေ နာမက္ခန္ဓာနှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော "ကမ္မဇရုပ်"ဟု ဆိုအပ်သော ဧကဇကာယအား တပ်သော ပထမဘဝင် နာမက္ခန္ဓာ၊ တစ်နည်းကား= "ကမ္မဇရုပ်, ဥတုဇရုပ်"ဟု ဆိုအပ်သော ဒွိဇကာယအား တပ်သော ပထမဘဝင် နာမက္ခန္ဓာ၊ ပထမ အစရှိသော ရှေးရှေးသော ဘဝင် နာမက္ခန္ဓာနှင့် အတူဥပါဒ်၍

## ပဋ္ဌာဇာတပစ္စည်း

| ကဏ္ဍား–ပစ္စည်း | သမ္ပဒါန်–ပစ္စယုပ္ပန် | ပုဒ်ရေ |
| --- | --- | --- |
| ပဋ္ဌာဇာတာ စိတ္တစေတသိကာ ဓမ္မာ | ပုရေဇာတဿ ဣမဿ ကာယဿ | ၅၆ |
| ပဉ်····နောက်သော စိ–၈၅, စေ–၅၂ | ပဋိ–စသော ···ဧ,ဒွိ,တိ,စ–ကာယ | ၄ |

**အကျယ်တစ်နည်းကား**

| | | အာဟာရဇရုပ် မဥပါဒ်မီ | | | | | | ဥပ္ပါဒ | အာဟာရဇရုပ် ဥပါဒ်သောအခါ | | | | | | | |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| ပဋ္ဌာဇာတစိတ် | | ပဋိ | | ဘဝင် | | ဘဝင် | | | ဘဝင် | | မနော / ပဉ် | | ပဉ္စဝိ | | ဆုံ်ငြိမ်း | |
| ခဏ | | ဥ | ဌီဘ | ဥ | ဌီဘ | ဥ | ဌီဘ | | ဥ | ဌီဘ | ဥ | ဌီဘ | ဥ | ဌီဘ | ဥ | ဌီဘ |
| ပဋိသန္ဓေ | ကာမ | ဧ | ဒွိ | တိ | ဒွိ | တိ | ဒွိ | | စ | တိ | စ | တိ | တိ | တိ | စ | တိ |
| | ရူပ | ဧ | ဒွိ | တိ | ဒွိ | တိ | ဒွိ | | တိ | ဒွိ | တိ | ဒွိ | ဒွိ | ဒွိ | တိ | ဒွိ |

ရုပ်၏ဌီသို့ ရောက်သော တိဇကာယအား တပ်သော ဒုတိယ အစရှိသော နောက်နောက်သော ဘဝင် နာမက္ခန္ဓာ၊ အာဟာရဇရုပ် ဥပါဒ်သောအခါ ရှေးရှေး ဖြစ်သောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော စတုဇကာယအား တပ်သော အမှတ်မဲ့ နောက်ဖြစ်သော နာမက္ခန္ဓာ၊ ပဉ္စဝေါကာရဘဝင် ၁၅–ခုနှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော တိဇကာယ စတုဇကာယအား တပ်သော အာဝဇ္ဇန်းဒွေး၊ [ရူပကိုရည်၍ တိဇ, ကာမကိုရည်၍ စတုဇ–ဟု ဆိုသည်၊] ပဉ္စဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော တိဇကာယ စတုဇကာယအား တပ်သော ပဉ္စဝိညာဉ် နာမက္ခန္ဓာ၊ ပဉ္စဝိညာဉ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဒွိဇကာယ တိဇကာယအား တပ်သော သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ၊ [စိတ္တဇရုပ်ကို မရ၊]– ဤသို့–စသည်ဖြင့် ဆိုပါ။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်–**

*ပဋ္ဌာဇာတသည် ဥပါဒ်ခဏ, ဌီခဏတို့တွင် အဘယ်ခဏ၌ ကျေးဇူးပြုပါသနည်း ?။

ပစ္ဆာဇာတသည် ဥပါဒ်ခဏ၌ ကျေးဇူးမပြု၊ ဌီခဏ၌သာ ကျေးဇူးပြုပါသည်၊ ဌီခဏ၌သော်မှလည်း ရှေးရှေးသော စိတ်၏ ဌီခဏ ဘင်ခဏမှာ ကျေးဇူးပြု မခံရသေး၊ နောက်နောက်သောစိတ်၏ ဥပါဒ်ခဏသို့ ရောက်မှသာ ကျေးဇူးပြု ခံရပါသည်။

**ဆောင်။** ။ ရှေ့ရှေ့ဖြစ်ပွား, ရုပ်တရားတို့, နောက်နှားစိတ်ဓာတ်, ဥပါဒ်ရောက်လာ, ဌီ ခိုက်မှာ, ပစ္ဆာဇာတ ရ။

**အာသေဝနပစ္စည်း**

| ကဏ္ဍား-ပစ္စည်း | သမ္ပဒါန်-ပစ္စယုပ္ပန် | ပုဒ်ရေ |
|---|---|---|
| ပုရိမာ ပုရိမာ ကုသအကုသလာ ဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသအကုသလာနံ | ၁၈၉၃– |
| ။ ကြိယာဗျာကတာ ဓမ္မာ | ။ ကြိယာဗျာ–ဓမ္မာနံ | |

အရကောက်မှာ ပဋ္ဌာဝါရ(၇၂)က ပြခဲ့ပြီးသည်နှင့် မထူးတော့ပါ၊ တစ်နည်းကား အရကောက်ကိုလည်း ပဋ္ဌာဝါရက ဆိုခဲ့ပြီးသည့်အတိုင်းပင် ကောက်ပါ။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်—**

*ကုသိုလ် အကုသိုလ်တို့က ဝိပါက် ကြိယာအား အဘယ့်ကြောင့် အာသေဝနပစ္စည်း မတပ်ကြပါသနည်း ?။

မိမိသဘောကို မယူစေနိုင်သောကြောင့် မတပ်ကြပါ။

အဘယ့်ကြောင့် မိမိသဘောကို မယူစေနိုင်ကြပါသနည်း ?။

ဇာတ်မတူသောကြောင့် မယူစေနိုင်ကြပါ။

**ဆောင်။** ။ ဘိန္နဇာတိ, သဘောရှိ၍, မိမိသဘော, ယူစိမ့်သောငှာ, မစွမ်းပါ၍, ကုဗျာ အကု, ဗျာအစု, တပ်မှု အာသေကင်း။

*ဝိပါက်ချင်း အဘယ့်ကြောင့် အာသေဝနပစ္စည်း မတပ်ပါသနည်း ?။

( မိမိနှင့်တူသော သဘောကို ယူစေခြင်း–ဟု ဆိုအပ်သော) ထုံခြင်းသဘော မရှိသောကြောင့် ဝိပါက်ချင်း အာသေဝနပစ္စည်း မတပ်ပါ။

**ဆောင်။** ။ ထုံခြင်းမရှိ, ဖြစ်တုံဘိ, ဝိပါက် အာသေကင်း။

* ဝိပါက်၌ ထုံခြင်းမရှိပုံကို ရှင်းလင်းပြပါ ?။

"ဝိပါက်"ဟူသည် ကံကြောင့် ဖြစ်လာရသော အကျိုးတရားဖြစ်၍၊ အားထုတ်မှု မရှိ၊ အားနည်းလှ၏၊ ထို့ကြောင့် ရှေ့ဝိပါက်က နောက်ဝိပါက်အား အာသေဝန သတ္တိဖြင့် ကျေးဇူးမပြုနိုင်၊ ကံအဟုန် ပစ်ချလိုက်သည့်အတွက် ကျရောက်လာရ သကဲ့သို့ ဖြစ်သောကြောင့် ရှေ့ဝိပါက်ထံမှလည်း အာသေဝနသတ္တိကို မရယူနိုင်၊ ဤဆိုအပ်ခဲ့ပြီးသော သဘောအရ ဝိပါက်မှာ ဘယ်နည်းနှင့်မှ ထုံခြင်းသဘော မရှိနိုင်။

**ဆောင်။** ။ ကံကြောင့်ဖြစ်ပွား, ကျိုးတရားမို့, ခွန်အားနည်းလှ, ကံပစ်ချ၍, ဖြစ်ရသည့်ဟန်, ဝိပါက်မှန်, ဧကန်ထုံခြင်းကင်း။

**ကမ္မပစ္စည်း**

| ကတ္တား-ပစ္စည်း | သမ္ဗန္ဓါန်-ပစ္စယုပ္ပန် | ဂိုဏ်း |
|---|---|---|
| ကုသလာကုသလ ကမ္မံ | ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ | ကမ္မပစ္စ- |
| စေတနာ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံ-နမုဋ္ဌာန ရူပါနံ | |
| အကု-၁၂, ကု-၂၁ ၌ရှိ နာနာက္ခဏိကစေတနာ | ဝိ-၃၆, ပဋိ-ကမ္မဇ, ပဝတ္တိကမ္မဇ, အသညသတ်ကမ္မဇရုပ် | ၆ |
| | | ၂ |
| စိတ်-၈၉ ၌ရှိသော စေတနာ | စိတ်-၈၉, စေကြဉ်စေ-၅၁, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ၁၀ |
| | | ၈ |

**သိမှတ်ဖွယ် အဓိပ္ပာယ်-**

နာနာက္ခဏိကကမ္မကို ပဋ္ဌာန်ပါဠိ၌ ပြခဲ့သည့်အတိုင်း တစ်နည်းကားပါမကျန် ကောက်ပါ၊ ဃဋနာ ၂-မှာ ဗလဝကမ္မနှင့် အနန္တရကမ္မသာတည်း။

နာနာက္ခဏိကကမ္မသည် အဘယ်အခါမျိုးမှာ အကျိုးပေးပါသနည်း ?။

*နာနာက္ခဏိကကမ္မသည် မိမိဖြစ်ဆဲသော ကာလ၌ အကျိုးမပေးပါ၊ ချုပ်သွား ပြီးနောက်၌သာ အကျိုးပေးပါသည်။

**ဆောင်။** ။ ချုပ်ပြီးနောက်သာ, ကျိုးပေးပါ, နာနာကမ္မမှတ်။

*ချုပ်သွားပြီးနောက်၌သာ အကျိုးပေးပုံကို သဘာဝယုတ္တိ နှိုင်းညှိပြပါ ?။

ကုသိုလ်, အကုသိုလ်ကံသည် အကယ်၍ မိမိဖြစ်ခိုက်မှာ အကျိုးပေးခဲ့ပါလျှင် နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကောင်းမှု ပြုသောသူသည် ချက်ချင်းပင် နတ်ဖြစ်လေရာ၏၊ ယင်းသို့ ဖြစ်ရိုးကား မရှိပါပေ၊ ထို့ကြောင့် "ကံပြုရာခဏမှ တစ်ပါးသော နောက်ကာလ၌သာ အကျိုးပေးသည်"ဟု မှတ်ရပါမည်။

**ဆောင်။** ။ ဖြစ်ခိုက်မှာသာ, ကျိုးပေးပါလျှင်, နတ်ရွာရောက်ကြောင်း, ကောင်းမှုပြုက, ထိုခဏဝယ်, ဒေဝဇေကန်, ဖြစ်သင့်တန်၏၊ ဖြစ်ရန်ကင်းဝေး, မျှော်ထောက်တွေးလျက်, ကျိုးပေးနောက်သာ, မှတ်သင့်ပါသည် . . . . နာနာကမ္မ သဘောတည်း။

*ကံသည် ချုပ်သွားပြီး ဖြစ်ပါလျက် အကျိုးပေးနိုင်ပုံကို ဥပမာဖြင့် ပြပါ ?။

ရှေးက သင်ယူပြီးဖြစ်သော အတတ်ပညာ-စသည်တို့သည် ချုပ်သွားပြီး ဖြစ်ပါသော်လည်း နောက်နောက်သော အတတ်ပညာ အစရှိသည်တို့အား ကျေးဇူးပြုသကဲ့သို့တည်း။

**ဆောင်။** ။ ရှေးကသင်ထား, ပညာများသည်, ချုပ်သွားစေကာ, နောက်ပညာအား, လျှင်စွာသိမှု, ကျေးဇူးပြုသို့, ကု အကုမှာ, ချုပ်ပြီးပါလည်း, နောက်ခါအကြောင်း, စုပေါင်းဆုံကာ, ကျိုးပေးပါသည် . . .နာနာကမ္မ သဘောတည်း။

ဝိပါကပစ္စည်း

| ကဏ္ဍား-ပစ္စည်း | သမ္ဗန္ဓါန်-ပစ္စယုပ္ပန် | ပိုဒ်ရေ |
|---|---|---|
| ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော | အညမည် | ၁၀– |
| ၁၃x၂ ဝိပါက်နာမက္ခန္ဓာ | ၃၈x၂ ဝိပါက်-နာ | ၇ |

အရကောက်ကို သဟဇာတက ဆိုခဲ့ပြီးသည်ကို နည်းမှီ၍ ကောက်ပါ၊ လွယ်ပါပြီ။

**သိမှတ်ကြဖွယ် အဓိပ္ပာယ်–**

*ဝိပါကပစ္စည်း၌ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ပစ္စည်းတပ်ဟန်ကို အဘယ့်ကြောင့် မဟောပါသနည်း ?။

မကျဉ်းမကျယ်ပြသော အရာဖြစ်၍ သာဝသေသအားဖြင့် ပြလိုသောကြောင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ပစ္စည်းတပ်ဟန်ကို မဟောပါ။

**ဆောင်။** ။ မကျဉ်းမကျယ်, အလယ်ညွှန်ပြ, နိဒ္ဒေသမို့, နာမ်က နာမ်သာ, ရုပ်မပါ, ဝိပါ သာဝသေ။

**အာဟာရပစ္စည်း**

| ကတ္တား–ပစ္စည်း | သမ္ပဒါန်–ပစ္စယုပ္ပန် | အမျိုး |
|---|---|---|
| ကဗဠီကာရော အာဟာရော | ဣမဿ ကာယဿ | [illegible] |
| အရူပိနော အာဟာရာ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာ–ရူပါနံ | |
| စတုသမုဋ္ဌာနိကဩဇာ | (ကလာပ်တူကလာပ်ပြား) စတုသမုဋ္ဌာနိကရုပ် (တစ်နည်းကား) | ၃ |
| ဖဿ,စေ,ဝိ°–နာမ်ဟာ–၃ | စိတ်–၈၉, စေ, စိ, ပဋိ–ရုပ် | ၁၂<br>၃၃ |

ရုပ်အာဟာရ၌ တစ်နည်းကားအရ "ကမ္မဇကလာပ် ၉–စည်းတို့တွင် စက္ခုဒသကကလာပ်၌ ဩဇာကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉–ခု ကလာပ်ပြား ၂၀–သော ရုပ်ကလာပ်တို့အား တပ်သော စက္ခုဒသကကလာပ်၌ရှိသော ဩဇာ" ဤသို့ အစရှိသည်ဖြင့် ကလာပ် ၂၁–စည်း ကုန်အောင် ကောက်ပါ။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်–**

*"ကဗဠီကာရော အာဟာရော"ဟု ဟောထားသောကြောင့် အာဟာရအရ ဗဟိဒ္ဓဥတုဇသြဇာမျှကိုသာ ယူရမည်လော၊ အဘယ်ကို ယူရပါမည်နည်း ?။

"ကဗဠီကာရ အာဟာရ"ဟုပင် ဆိုသော်လည်း အာဟာရအရ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ဥတုဇသြဇာမျှကိုသာ မယူရ၊ စတုသမုဋ္ဌာနိကသြဇာကို ယူရပါမည်။

**ဆောင်။** ။ ကဗဠီကာရော, အာဟာရော–ဟု, ဟောထားစေကာ, ကြောင်းလေးဖြာကြောင့်, ဖြစ်လာသမျှ, ရုပသြဇာ, အာဟာရာ, မည်ပါသတိပြု။

*(သို့ဖြစ်ခဲ့ပါလျှင်) အာဟာရောမျှသာ ဟောတော်မမူဘဲ အဘယ့်ကြောင့် "ကဗဠီကာရော"ဟု ဖြည့်စွက်ဟောရပါသနည်း ?။

"အလုတ်အလွေးကို ပြု၍ မျိုသုံးစားသောက်မှသာ အာဟာရကိစ္စကို ပြုလုပ်နိုင်သည်၊ အပြင်အပ၌ ရှိနေရုံမျှဖြင့် မပြုလုပ်နိုင်"ဟူသော အနက်အဓိပ္ပာယ်ထူးကို ပြလိုသောကြောင့် "ကဗဠီကာရော အာဟာရော"ဟု ဖြည့်စွက်ဟောရပါသည်။

**ဆောင်။** ။ လုတ်လွေးပြုကာ, မျိုမှသာလျှင်, အာဟာကိစ္စ, ဆောင်ရွက်ရ၏၊ ပြင်ပတည်ကာ, မဆောင်ပါ၍, အာဟာရောမျှ, မမြွက်ဟ, ဆက်ပြကဗဠီ–စသည်ကို။

*ရုပ်အာဟာရ၏ ဇနက, ဥပတ္ထမ္ဘကသတ္တိ တပ်ပုံကို ယထာရဟ ယှဉ်တွဲပြပါ ?။

ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇသြဇာသည် အာဟာရဇရုပ်အား ဇနက၊ ကြွင်းသော တိဇရုပ်အား ဥပတ္ထမ္ဘက၊ ကမ္မဇ, စိတ္တဇ, အာဟာရဇသြဇာ(တိဇသြဇာ)သည် စတုသမုဋ္ဌာနိကရုပ်အား ဥပတ္ထမ္ဘကတည်း၊ တစ်နည်းကား= ကလာပ်တူအား ဇနက၊ ကလာပ်ပြားအား ဥပတ္ထမ္ဘကတည်း။

**ဆောင်။** ။ ဗဟိဒ္ဓ–ဥတုဇ သြဇာ၊
ရုပ်အာဟာ–ဇနကငယ်, တိဇ ထမ္ဘာ။
ကြွင်းတိဇသြဇာ, စတုဇာထမ္ဘော၊
ကလာပ်တူ–ဇနကပါတဲ့, ပြားပြန်မူ ဇနကငယ်, တပ်ရသကော။

## ဣန္ဒြိယပစ္စည်း

| ကဗျာ:-ပစ္စည်း | သမ္ဗန္ဓ-ပစ္စယုပ္ပန် | ကရိုဏ်း |
|---|---|---|
| စက္ခုန္ဒြိယံ···· ကာယိန္ဒြိယံ | စက္ခုဝိညာဏဓာတုယာ တံ-နဉ္စ ဓမ္မာနံ-ကာ | ဣန္ဒြိယပစ္စယေန |
| ရူပဇီဝိတိန္ဒြိယံ | ကဋတ္တာရူပါနံ | |
| အရူပိနော ဣန္ဒြိယာ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ | |
| မရှိ ····စက္ခုန္ဒြေ····ကာ | စက္ခု-၂, စေ-၇၊ ···ကာ-၂, စေ-၇ | ၆ |
| ရုပ်ဇီဝိတိန္ဒြေ-တစ်နည်း | ရုပ်ဇီ-ကြဉ် ကလာပ်တူကမ္မဇရုပ် ၉-ခု | ၃ |
| ····နာမ်ဣန္ဒြေတရားကိုယ်-၈ | စိတ်, စေ, စိတ္တဇ, ပဋိ-ကမ္မဇရုပ် | ၁၄<br>၇၂ |

တစ်နည်းကား= ကမ္မဇကလာပ် ၉-စည်းတို့တွင် စက္ခုဒသကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ် ၉-ခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေ၊ (သောတဒသက-စသည် နည်းတူဆိုပါ၊) ဇီဝိတနဝကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ် ၈-ခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားကို ပြတော်မူ၏။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်–**

*ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည် ဣန္ဒြေဖြစ်ကြပါလျက် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်ကြပါသနည်း ?။

ကလလအခါ-စသည်တို့၌ ဣတ္ထိလိင် အစရှိသည်တို့ မရှိသောကြောင့် ဣန္ဒြိယပစ္စည်း မတပ်ကြပါ။

**ဆောင်။** ။ ကလလာ-စသောခါကာလ၊
ဣတ္ထိလိင်-စသည်ကင်းတာမို့,
ပစ္စည်းဣ-တပ်မှုယွင်းတော့တယ်, ကင်းဘိဘာဝ။

ဣတ္ထိလိင်-စသည်တို့၌ အုပ်စိုးလွှမ်းမိုးနိုင်သည်၏ အဖြစ်ကြောင့်သာ ဘာဝရုပ် ၂-ခုကို "ဣန္ဒြေ"ဟု ဟောထားသည်၊ ဣတ္ထိလိင်-စသည်တို့ကို ဖြစ်စေနိုင်သောကြောင့် ဟောထားသည်မဟုတ်၊ ယင်းဣတ္ထိလိင်-စသည်တို့ကို ကံ, စိတ်, ဥတု, အာဟာရတို့ကသာ ဖြစ်စေနိုင်ကြသည်။

## ဈာနပစ္စည်း

| ကဏ္ဍ-ပစ္စည်း | သမ္မဒါန်-ပစ္စယုပ္ပန် | ပုဒ်ရေ |
|---|---|---|
| ဈာနင်္ဂါနိ | ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ-ဋ္ဌ ရူပါနံ | ဈာန်– |
| ···· တရားကိုယ်-၅ | ဒွေးပဉ်-၁၀ ကြဉ်စိတ်-၇၉, စေ, စိ, ပဋိ-ရုပ် | ၁၁ ၃၆ |

*ဒွေးပဉ္စဝိညာဉ် ၁၀-၌ရှိသော ဥပေက္ခာဝေဒနာ, သုခဝေဒနာ, ဒုက္ခဝေဒနာ တို့သည် အဘယ့်ကြောင့် ဈာနပစ္စည်း မတပ်ကြပါသနည်း ?။

ပဉ္စဝိညာဉ်တို့သည် အာရုံ၌ ကျကာမတ္တ သဘောမျှသာ ရှိသောကြောင့် ထို ပဉ္စဝိညာဉ်တို့၌ရှိသော ဥပေက္ခာ, သုခ, ဒုက္ခဝေဒနာတို့သည် အာရုံ၌ကပ်၍ရှုခြင်း သဘော မရှိရကား ဈာနပစ္စည်း မတပ်ကြပါ။

**ဆောင်။** ။ အာရုံသို့ချဉ်း, ရှုခြင်းကင်း၍, မယှဉ်းဈာနင်, ဆယ်ဝိညာဉ်, တွဲယှဉ် ဝေဒနာ။

## မဂ္ဂပစ္စည်း

| ကဏ္ဍ-ပစ္စည်း | သမ္မဒါန်-ပစ္စယုပ္ပန် | ပုဒ်ရေ |
|---|---|---|
| မဂ္ဂင်္ဂါနိ | မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံ-နဋ္ဌ ရူပါနံ | မဂ်– |
| တရားကိုယ်-၉ | သဟိတ်စိတ်-၇၁, စေ-၅၂, သဟိတ်စိ, ပဋိ-ရုပ် | ၁၃ ၅၇ |

*အဟိတ်စိတ် အဌာရသ၌ အဘယ့်ကြောင့် မဂ္ဂပစ္စည်း မတပ်ပါ သနည်း ?။

အဟိတ်စိတ်၌ ရှိသော ဝိတက်, ဝီရိယ, ဧကဂ္ဂတာ–တို့သည် ဟိတ်မရှိသောကြောင့် မဂ္ဂပစ္စည်း မတပ်ကြပါ။

**ဆောင်။** ။ ဟိတ်နှင့်မယှဉ်, အကြောင်းထင်, မဂ္ဂင်မှဆိတ် အဟိတ်စိတ်။

## သမ္ပယုတ္တပစ္စည်း

သဟဇာတပစ္စည်း ပထမအချက်အတိုင်း ဟောပါ၊ အရကောက်ပါ၊ လွယ်ပါပြီ၊ ကရိုဏ်းပါင်၌၏ အရကိုလည်း သဟနည်းတူ အဝိပါက, သဝိပါက ခွဲ၍ ကောက်ပါ။

## ဝိပ္ပယုတ္တပစ္စည်း

| ကတ္တား–ပစ္စည်း | | သမ္ပဒါန်–ပစ္စယုပ္ပန် | [illegible] |
|---|---|---|---|
| ရူပိနော ဓမ္မာ | | အရူပိနံ ဓမ္မာနံ | [illegible] |
| အရူပိနော ဓမ္မာ | | ရူပီနံ ဓမ္မာနံ | |
| သဟ | ပဉ်–ပဋိအတူဥပါဒ်–ဟဒယဝတ္ထု | ပဉ်–ပဋိ–နာမက္ခန္ဓာ | ၆ |
| ပုရေ | ဆဝတ္ထု | အရူပဝိကြဉ် သတ္တဝိညာဏဓာတ် | ၉ ၄ |
| ပုရေသဟ | ပဉ္စ····စိတ်–၇၅, စေ–၅၂, ပဝတ္တိ၊ ပဋိ | စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ၇ |
| ပစ္ဆာ | ပဉ္စ····နောက်နောက်သော စိတ်–၈၅, စေ–၅၂ | ပဋိ···ဌီသို့ရောက်သော ဧ, ဒွိ, တိ,စတုဇကာယ | ၄ |

အရကောက် ၂–မျိုးစီ ခွဲပြထားသည်ကို သတိပြုပါ၊ ပုရေဝိပ်၌ ဝတ္ထုရုပ် ၆–ပါးကို အသီးအသီးခွဲ၍ အကျယ်ကောက်ပါ၊ အရကောက်၌ “အကျယ်ကား ပုရေဇာတ၌ ယံ ရူပံ နိဿာယ–အတိုင်း ပြလေ”ဟု မိန့်ဆိုထားသည်၊ စဉ်းစားပါ၊ ယင်းနှာ ၄–ချက် ပြထားသည်ကို “ဝတ်ပု, ဝတ္ထာ, ဝတ္ထာဓိ, ပုတိ”ဟု အစဉ်အတိုင်း ဆိုပါ။

*ရူပါရုံ အစရှိသော အာရုံတရားတို့သည် အာရမဏိကတရားတို့နှင့် ဝိပ္ပယုတ် တရားများ ဖြစ်ကုန်ကြပါလျက် အဘယ့်ကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ မဟောပါ သနည်း ?။

ရူပါရုံ-စသည်တို့သည် အာရမဏိကတရားတို့နှင့် ဝိပ္ပယုတ်ဧကန် ဖြစ်ကြသည်၊ "သမ္ပယုတ်လေလား"ဟု ယုံမှားစရာ မရှိ၊ ထို့ကြောင့် ဝိပ္ပယုတ္တ ပစ္စည်း၌ မဟောပါ။

**ဆောင်။** ။ သမ္ပယုတ်လား, ယုံမှားစရာ, မရှိပါ, အာပုဝိပ်မှလွတ်။

* ဝိပ္ပယုတ္တပစ္စည်း၌ ဝတ္ထုပုရေဇာတကို ဟောတော်မူရခြင်း၏ အကြောင်းကို ပြပါ ?။

နာမက္ခန္ဓာ ၄-ပါးတို့သည်*စက္ခု-စသည်တို့၏ အတွင်းမှထွက်လာရသကဲ့သို့ ဖြစ်ကုန်၏၊ ထိုနာမက္ခန္ဓာတို့နှင့် ဝတ္ထုများ၌ "သမ္ပယုတ်လား, ဝိပ္ပယုတ်လား"ဟု ယုံမှားဖွယ်ရာ ရှိနိုင်ပါသည်၊ ထို့ကြောင့် ၄င်းတို့ကို ဝိပ္ပယုတ္တပစ္စည်း၌ ဟောရ ပါသည်။

**ဆောင်။** ။ သံလား-ဝိပ်လား, ယုံမှားရှိမှု, အကြောင်းပြု, ဝတ္ထုဝိပ္ပ တပ်။

## အတ္ထိပစ္စည်း

သဟဇာတတ္ထိသည် သဟဇာတ ရှေ့ ၅-ချက်အတိုင်း ဖြစ်သည်၊ ပုရေဇာ တတ္ထိလည်း ပုရေဇာတအတိုင်းပင် ဖြစ်သည်၊ သို့သော် နောက်ဆုံးအချက်ကို····

"ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊
တံ ရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ"ဟု "ကိဉ္စိကာလေ"ကို ပယ်ဖြုတ်၍ ဟောရမည်။

"ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ" ဤ ၃-ပါးကို သာဝသေသ အကြွင်းထား၍ ဟောတော်မူသည်၊ အဝိဂတလည်း မထူးတော့ပါ၊ အတ္ထိနှင့် အလားတူပင် ဖြစ်ပါသည်။

## နတ္ထိပစ္စည်း

| ကတ္တား-ပစ္စည်း | သမ္ပဒါန်-ပစ္စယုပ္ပန် | ပုဒ် |
|---|---|---|
| သမနန္တရနိရုဒ္ဓါ (ဝိဂတာ) စိတ္တစေတသိကာ ဓမ္မာ | ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ | ၁၀၈– |
| ရုပ်နာမ်တို့၏စုတိကြည့် ရှေးရှေးသော စိတ်–၈၉, စေ–၅၂ | ရုပ်နာမ်တို့၏စုတိနှင့်တကွ နောက်နောက်သော စိတ်–၈၉, စေ–၅၂ | ၇၃ |

ဖယား၌ နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းတို့ကို ပေါင်းပြထားပါသည်၊ နတ္ထိပစ္စည်းကို ဟောလိုက "သမနန္တရနိရုဒ္ဓါ"ဟု ဆိုပါ၊ ဝိဂတပစ္စည်းကို ဟောလိုပါက "သမနန္တရဝိဂတာ"ဟု ဆိုပါ၊ ဤမျှသာ ထူးပါသည်။

ပစ္စယနိဒ္ဒေသ ပြီးပါပြီ။

# ပုစ္ဆာဝါရ

ဓမ်စတု–ခြောက်ခုရယ်တဲ့ ပဋ္ဌာန်းမှာ၊
တိက်ဗာဝီ–ခွန်ဝါရငယ်, နယလေးဖြာ။
သုဒ္ဓနှင့်–*ဒုကာ, ဟောတာဒိပစ္စည်း၊
ပဒ ပဒါ–ခွန်စီမှတ်လို့ရယ်, ဟောရှုတ်မေးချည်း။

[ "ဒုကာဒိ"ဟု ဆိုလိုလျက် ဝါစာသိလိဌ အကျိုးငှာ အာဒိသဒ္ဒါကို ချေထားသည်၊ တေဝီသတိကအထိ ဆိုပါ၊ စစ်ပါ။ ]

နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပုစ္ဆာဝါရကို ဟောတော်မူ၏၊ ထိုပုစ္ဆာဝါရ၌တုံသော်လည်း "ဓမ္မအနုလုံ, ဓမ္မပစ္စနိက်, ဓမ္မအနုလောမပစ္စနိက်, ဓမ္မပစ္စနီယာနုလောမ"အားဖြင့် ၄–ပါးအပြား ရှိ၏၊ ထို· · ·တွင် ဓမ္မအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ [ ဓမ်စတု– ]

ထိုဓမ္မအနုလုံ၌တုံသော်လည်း "တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်း"အားဖြင့် ၆–ပါးအပြား ရှိ၏၊ ထို · · ·တွင် တိကပဋ္ဌာန်းကို ရှေးဦးစွာ ဟောတော်မူ၏။ [ ခြောက်ခုရယ်တဲ့ ပဋ္ဌာန်းမှာ။ ]

**ဆောင်။** ။ တိက ဒုက, ဒုတိက, တိကဒုကထား၊
တိကတိက, ဒုဒုက, ခြောက်ဝ ပဋ္ဌာန်းပြား။

ထိုတိကပဋ္ဌာန်း၌တုံသော်လည်း "ကုသလတိက်, ဝေဒနာတိက်"အစရှိသော အားဖြင့် ၂၂–ပါး အပြားရှိ၏၊ ထို ၂၂–ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။ [တိက်ဗာဝီ– ]

ထိုကုသလတိက်၌တုံသော်လည်း "ပဋိစ္စဝါရ, သဟဇာတဝါရ, ပစ္စယဝါရ, နိဿယဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ, ပဉှာဝါရ"အားဖြင့် ခုနစ်ပါး အပြား ရှိ၏။ [ ခွန်ဝါရငယ်၊ ]

**ဆောင်။** ။ ပဋိစ္စ–သဟာရယ်နှင့် ပစ္စယာ၊
နိဿယံ–သံသဋ္ဌယ်, သမ္ပ ပဉ္စာ။
ဝါရပေါင်း–ခုနစ်ဖြာ, စဉ်တိုင်းသာ ဟောကြား၊
စုံလိုက်သာ–တူပါဘိတယ်, ရှေးရှိခြောက်ပါး။

ထိုပဋိစ္စဝါရ၌တုံသော်လည်း "ပစ္စည်းအနုလုံ, ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်းပစ္စနီယာနုလောမ"အားဖြင့် ၄–ပါး အပြားရှိ၏၊ ထို ၄–ပါးတို့တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ [ နယလေးဖြာ၊ ]

ထိုပစ္စည်းအနုလုံ၌တုံသော်လည်း "သုဒ္ဓ, ဒုကာဒိ"အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို· · ·တွင် သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏။ [ သုဒ္ဓနှင့်ဒုကာ၊ ]

ထိုသုဒ္ဓ၌တုံသော်လည်း ဟေတုပစ္စည်း၏သုဒ္ဓ, အာရမ္မဏပစ္စည်း၏သုဒ္ဓ အစရှိသောအားဖြင့် ၂၄–ပါး အပြားရှိ၏၊ ထို· · ·တွင် ဟေတုပစ္စည်း၏သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏။ [ ဟေတာဒိပစ္စည်း၊ ]

ထိုဟေတုပစ္စည်း၏သုဒ္ဓ၌တုံသော်လည်း "ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတပဒ, ကုသလာကုသလပဒ, ကုသလာကုသလာဗျာကတပဒ"အားဖြင့် ခုနစ်ပါး အပြားရှိ၏၊ ထို· · ·တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကုသလပဒ၌တုံသော်လည်း ကုသလပဒါဝသာန, အကုသလပဒါဝသာန အစရှိသောအားဖြင့် ၇–ပါး အပြား ရှိ၏၊ ထို· · · ·တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ [ ပဒ ပဒါ–ခွန်စီ မှတ်လို့ရယ်၊ ]

**ဟောပုံနည်းပြ**

| ပဒ | ပဒါဝသာန | ကြိယာ | ဟိတ် |
|---|---|---|---|
| ၁။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ | ကုသလော ဓမ္မော | ဥပ္ပဇ္ဇေယျ | ဟေတုပစ္စယာ |
| ၂။ ။ | အကုသလော ဓမ္မော | | |
| ၃။ ။ | အဗျာကတော ဓမ္မော | | |
| ၄။ ။ | ကုသလောစ အဗျာကတောစ ဓမ္မာ | ဥပ္ပဇ္ဇေယျုံ | |
| ၅။ ။ | အကုသလောစ အဗျာကတောစ ဓမ္မာ | | |
| ၆။ ။ | ကုသလောစ အကုသလောစ ဓမ္မာ | | |
| ၇။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ | ကု–စ အကု–စ အဗျာကတောစ ဓမ္မာ | | |

ဟောဟန်ကား– "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" ဟူသည်တည်း။ [ ဟောရွတ်မေးချည်း။ ]

ယော ယာဒိသော–အကြင်သို့ သဘောရှိသော၊ ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလံ–ကုသိုလ်ဖြစ်သော၊ ဓမ္မံ–တရားကို၊ ပဋိစ္စ ပဋိဂ္ဂန္တွာ–တကွဖြစ်ခြင်း–ဟု ဆိုအပ်သော တူသောအဖြစ်ဖြင့်ရောက်၍၊ သိယာ–ဖြစ်ရာသလော၊ သော တာဒိသော–ထိုသို့ သဘောရှိသော၊ ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ ဟေတုပစ္စယာ–ဟေတုပစ္စည်းကြောင့်၊ ဥပ္ပဇ္ဇေယျကိံ–ဖြစ်ရာသလော၊ ကုသလံ–သော၊ ဓမ္မံ–ကို၊ ပဋိစ္စ–၍၊ ကုသလော–သော၊ ဓမ္မော–သည်၊ ဟေတုပစ္စယာ–ကြောင့်၊ သိယာ ဥပ္ပဇ္ဇေယျကိံ–ဖြစ်ရာသလော။

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒါဝသာနကို ဟောတော်မူ၏၊ ဟောဟန်ကား– "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ···· ဟေတုပစ္စယာ"ဟူသည်တည်း၊ အနက်ပေးပါ၊ လွယ်ပါပြီ။

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒါဝသာနကို ဟောတော်မူ၏၊ ဟောဟန်ကား– "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော···· ဟေတုပစ္စယာ"ဟူသည်တည်း။

အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလာဗျာကတပဒါဝသာနကို ဟောတော်မူ၏၊ ဟောဟန်ကား– "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ"ဟူသည်တည်း။

ကုသလောစ–ကုသိုလ်လည်းကောင်း၊ အဗျာကတောစ–အဗျာကတလည်းကောင်း၊ ဣတိ–ဤသို့၊ ယေ ယာဒိသာ–အကြင်သို့ သဘောရှိကုန်သော၊ ဓမ္မာ–တို့သည်၊ သိယာ သိယုံ–ဖြစ်ကုန်ရာသလော၊ တေ တာဒိသာ–ထိုသို့ သဘောရှိကုန်သော၊ ဓမ္မာ–တို့သည်၊ ဟေတုပစ္စယာ–ဟေတုပစ္စည်းကြောင့်၊ ဥပ္ပဇ္ဇေယျုံကိံ–ဖြစ်ကုန်ရာသလော။ [ ဤနည်းတူ သုဒ္ဓကုန်အောင် ဟောပါ ။ ]

သုဒ္ဓကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိကို ဟောတော်မူ၏၊ ထိုဒုကာဒိ၌တုံသော်လည်း ဟေတုပစ္စည်း၏ ဒုကာဒိ, အာရမ္မဏပစ္စည်း၏ ဒုကာဒိ အစရှိသောအားဖြင့် ၂၄–ပါး အပြားရှိ၏၊ ထို···· တွင် ဟေတုပစ္စည်း၏ ဒုကာဒိကို ရှေးဦးစွာ

ဟောတော်မူ၏၊ ထို····ဌ်တုံသော်လည်း "ဒုက, တိက····တေဝီသက"အားဖြင့် ၂၃–ပါး အပြားရှိ၏၊ ထို···· တွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏။

ထို····ဌ်တုံသော်လည်း အာရမဏဒုက အစရှိသောအားဖြင့် ၂၃–ပါး အပြား ရှိ၏၊ ထို···· တွင် အာရမဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို····ဌ်တုံ သော်လည်း ကုသလပဒ, အကုသလပဒ အစရှိသောအားဖြင့် ၇–ပါး အပြား ရှိ၏၊ ထို····တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကုသလပဒဌ် တုံသော်လည်း ကုသလပဒါဝသာန အစရှိသောအားဖြင့် ၇–ပါး အပြားရှိ၏၊ ထို···· တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား– "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ အာရမဏပစ္စယာ"ဟူသည်တည်း။ [ အကြွင်းမှာ သိလွယ်ပါပြီ။ ]

**ပဋ္ဌာန်း ၂၄–ကျမ်း–**

ဓမ္မအနုလုံဌ် တိကပဋ္ဌာန်း–စသော ၆–ကျမ်း၊ ဓမ္မပစ္စနိက်ဌ်လည်း ၆–ကျမ်း၊ ဓမ္မအနုလောမပစ္စနိက်ဌ်လည်း ၆–ကျမ်း၊ ဓမ္မပစ္စနီယာနုလောမဌ်လည်း ၆–ကျမ်း အားဖြင့် "ပဋ္ဌာန်း ၂၄–ကျမ်း"ဖြစ်သတည်း။

**ဆောင်။** ။ ဓမ္မာနုလော, စသော လေးပါး, တစ်ပါးပါးမှာ, ခြောက်စီသာ, ဖြစ်လာ နှစ်ဆဲ့လေး။

---

**ပုဋ္ဌာနပါဠိ ပြီးပါပြီ။**

# ဆ–ဝါရ

**ပါဒသိက္ခာ**

[ က ] ပဋိစ္စ–သဟာရယ်တဲ့ နှစ်ဝါရာ၊
သဟဇာ–ဝိဘင်္ဂေါကို, ဟောရပြန်ကာ။
ပစ် နိဿ်မှာ–နိဿယာ ဝိဘင်း၊
သံနှင့်သမ်–သမ္ပယုတ်ငယ်, ဟောထုတ်မယွင်း။

[ ခ ] ပဋိစ် သဟာ–နှစ်ဝါရမှာ, ပဉ္စသဟ–ဝိဘင်္ဂါ၊
ကံ ကတ္တားသာ–ပြန်ကာ ဟောသတဲ့, ပစ္စယောနှင့်–နိဿယာ။
နိဿ် ဝိဘင်္ဂါ–နည်းတူဟောလို့, သံသဠ်သမ္ပယော–ထိုနှစ်ဖြာ၊
သမ္ပယုတ္တ, ဝိဘင်္ဂ, ပြန်ရ ကံ ကတ္တာ။
အဲ–ဒါက ····ဝါရခြောက်ပါး, သဘောသွား မှတ်စရာ။

ပဉ္စဝါရ၌ ပစ္စည်းကို ပဓာနထား ဟောသည်၊ သုဒ္ဓသင်္ချာမှာလည်း ပစ္စည်း, ပစ္စယုပ္ပန် တွဲဖက် ပြဆိုထားသည်၊ ဆိုင်ရာ ပစ္စည်း,ပစ္စယုပ္ပန်ကို တွဲစပ်၍ ပဒ, ပဒါဝသာန ခွဲလျက် သင်္ချာထုတ်ရုံမျှသာ ဖြစ်သည်၊ သို့ဖြစ်၍ သင်္ချာထုတ်ရာ၌ တစ်စုံတစ်ရာ ပြဿနာ မပေါ်ခဲ့ပါ။

ဆဝါရ၌မူကား– ပစ္စယုပ္ပန်ကို ပဓာနထား ဟောသည်၊ သုဒ္ဓသင်္ချာမှာလည်း ပစ္စယုပ္ပန်မျှကိုသာ ပြဆိုထားသည်၊ သို့ဖြစ်၍ "ပဒ, ပဒါဝသာန ဘယ်လို ခွဲရပါမည်နည်း၊ သင်္ချာ ဘယ်လိုထုတ်ရပါမည်နည်း"ဟူသော ပြဿနာသည် မလွဲသာ မရှောင်သာ ဧကန်ပင် ပေါ်ပေါက်လာရတော့သည်။

ထိုပြဿနာကို ဆက်လက်ပြဆိုထားသော သဘောတရားများကပင် ဖြေရှင်းပေးပါလိမ့်မည်။

၁။ ပဋိစ္စ, သဟဇာတ ဤ ၂–ဝါရတို့၌ ပဉ္စဝါရ သဟဇာတပစ္စည်း၏ ဝိဘင်းမှ ကတ္တား, သမ္ပဒါန်တို့ကို ကံ, ကတ္တား ပြန်လှန်လျက် ဟောသည်၊ သို့ဖြစ်၍ ဆိုင်ရာ ပစ္စယုပ္ပန်(သုဒ္ဓသင်္ချာ)တရားအား သဟဇာတပစ္စည်း

တပ်သမျှသော တရားများကို ဖော်ထုတ်လျက် ပဒအရ ယူရသည်၊ ပဒါဝသာနမှာ ဆိုင်ရာ ဆိုင်ရာ ပစ္စယုပ္ပန် (သုဒ္ဓသချာ)တရားများပင် ဖြစ်သည်။

၂။ ပစ္စယ, နိဿယ ၂-ဝါရမှာ ပဉှာဝါရ နိဿယပစ္စည်း၏ ဝိဘင်းကို ကံ,ကတ္တား ပြန်ဟောသည်၊ သို့ဖြစ်၍ ထိုထိုပစ္စယုပ္ပန်တရားအား နိဿယ ပစ္စည်းတပ်သော တရားများကို ပဒအရ ယူရမည်။

၃။ သံသဋ္ဌ, သမ္ပယုတ္တ ၂-ဝါရတို့၌ ပဉှာဝါရ သမ္ပယုတ္တပစ္စည်း၏ ဝိဘင်းကို ကံ,ကတ္တား ပြန်ဟောသည်၊ သို့ဖြစ်၍ သုဒ္ဓသချာလာ ပစ္စယုပ္ပန်တရားအား သမ္ပယုတ္တပစ္စည်းတပ်သော တရားများသည် ပဒအရဖြစ်သည်၊ ပဒါဝသာနအရမှာ ဆိုင်ရာ သုဒ္ဓသချာများပင် ဖြစ်သည်၊ ဤသည်ကိုပင် အထောက်အထားပြု၍ ဤ ၂-ဝါရ၏ သုဒ္ဓသချာများမှာ ရုပ်မရသင့်ကြောင်းကိုလည်း သဘောသက်ဝင် ဆင်ခြင်ဆုံးဖြတ်နိုင်ပါစေ။

ဤသို့ ဝါရ ၆-ပါး သဘောသွားကို မှတ်သားလျက် ထိုထိုပစ္စယုပ္ပန်တရားအား လျော်စွာ ဝါရအလိုက် ပဒ,ပဒါဝသာန ခွဲလျက် သချာထုတ်ယူရပုံကို ကျေနပ်အားရအောင် လေ့လာထားစေလိုပါသည်။

ထို့ကြောင့်ပင် အရကောက် (၃၃၅)၌လည်း-

"ဆဝါရ၌ ပစ္စယုပ္ပန်ကို ပဓာနအားဖြင့် ဟောတော်မူသည်၊ ပဉှာဝါရ၌ ပစ္စည်းကို ပဓာနအားဖြင့် ဟောတော်မူသည်၊" ထို့ကြောင့်-

ပဉှာဝါရ ကုသလော ကုသလဿ၌ ကုသလောကား ပစ္စည်း၊ ကုသလဿကား ပစ္စယုပ္ပန်တည်း။

ယင်း "ကုသလဿ"ဟူသော သမ္ပဒါန်ပုဒ်၏ အရကို ဆဝါရ၌ ပဋိစ္စဝါရ, သဟဇာတဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ ဖြစ်အံ့ ကုသလေန ကုသလံ၌ ဟောအပ်၏။

ပစ္စယဝါရ, နိဿယဝါရ ဖြစ်အံ့ "ကုသလေန ကုသလံ, အဗျာကတေန ကုသလံ, အဗျာကတေန ကုသလာဗျာကတံ၌ တစ်စိတ်, ကုသလာဗျာကတေန ကုသလံ, ကုသလာဗျာကတေန ကုသလာဗျာကတံ၌ တစ်စိတ်" ဤ ၅-ချက်ကို ထုတ်၍ ဟောအပ်၏။

ကုသလော အဗျာကတဿ၌ ကုသလောကား -ပစ္စည်း၊ အဗျာကတဿကား ပစ္စယုပ္ပန်တည်း။

ထို အဗျာကတသာ အရဖြစ်သော ပစ္စယုပ္ပန် စိတ္တဇရုပ်ကို ဆဝါရ၌ ပဋိစ္စဝါရ, သဟဇာတဝါရ ဖြစ်အံ့ "ကုသလေန အဗျာကတံ, ကုသလာဗျာကတေန အဗျာကတံ" ဤ ၂-ချက်ကို ထုတ်၍ ဟောအပ်၏။

ပစ္စယဝါရ, နိဿယဝါရ ဖြစ်အံ့ "ကုသလေန အဗျာကတံ, ကုသလာဗျာကတေန အဗျာကတံ, ကုသလာဗျာကတေန ကုသလာဗျာကတံ၌ တစ်စိတ်" ဤ ၃-ချက်ကို ထုတ်၍ ဟောအပ်၏၊ အကုသလပဒ, အဗျာကတပဒတို့၌လည်း ဤနည်းကို မှီ၍ ကြံလေ-ဟု မိန့်ဆိုထားပါသည်။

ဆဝါရ၌ "အနုလုံသုဒ္ဓသချာ, ပစ္စနိကသုဒ္ဓသချာ"ဟု ၂-မျိုး ရှိသည်၊ အနုလုံသုဒ္ဓသချာ၌ သက်ဆိုင်ရာ ပစ္စည်းများ၏ ပစ္စယုပ္ပန်တရားတို့ကို ဟောသည်၊ ပစ္စနိကသုဒ္ဓသချာ၌ ထိုထိုပစ္စည်းတို့၏ ပစ္စယုပ္ပန်မှာ မပါဝင်သော တရားတို့ကို ဟောသည်။

ထို့ကြောင့် ပစ္စနိကသုဒ္ဓသချာကို သိလိုက ပစ္စယုပ္ပန် ဖြစ်သင့်သမျှသော စိတ်-၈၉, စေတသိက်-၅၂, ရုပ်-၂၈-မှ မိမိ သိလိုသော ပစ္စည်း၏ ပစ္စယုပ္ပန်တရားများကို နုတ်ကြည့်ပါ၊ ကြွင်းကျန်သမျှသော တရားများသည် မိမိ သိလိုသော ပစ္စည်း၏ ပစ္စနိကသုဒ္ဓသချာ တရားများ ဖြစ်ကြတော့သည်။

သရုပ်ခွဲနှင့်တကွ ယင်း သုဒ္ဓသချာများကို အထူးကျေညက်အောင် လေ့လာထားစေလိုပါသည်။

**အနုလုံသုဒ္ဓသချာ**

ဟေတုပစ္စည်း၏ သုဒ္ဓသချာဝါရ၌ သဟိတ်စိတ် ၈ေသတ္တတိ၊ မောဟမူဒွေး၌ မောဟကြဉ်သော သဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နယသို့ လိုက်၍လည်းကောင်း, ဝါရသို့ လိုက်၍လည်းကောင်း, တိကပုဒ်၏အရသို့ လိုက်၍လည်းကောင်း, ကံ-ကတ္တားနေဟန်သို့ လိုက်၍လည်းကောင်း "ဟေတုယာ နဝ၊ သတ္တရသ၊ တိံသ"ဟု သချာတပ်၍ ဟောအပ်ကုန်၏၊ နဝ-ဟူသော်ကား-
[ သရုပ်ခွဲကို ကြည့်ရှု ရေတွက်ပါ။ ]

အာရမဏ, အနန္တရ, သမနန္တရ, ဥပနိဿယ, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ ....၌ စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေးပညာသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် ....ကုန်၏၊ သချာ တိံသ၊ သတ္တ၊ တိံသ။

အဓိပတိ . . . . ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂–ခု နာမက္ခန္ဓာ၊ သာဓိပတိ စိတ္တဇရုပ်၊ သချာ နဝ၊ သတ္တရသ၊ တိဏိ။

သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ . . . . ၌ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ သချာ နဝ၊ သတ္တရသ၊ တိဏိ။

အညမည . . . . ၌ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး, ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု, အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိယမဟာဘုတ် အာဟာရဇ မဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇ မဟာဘုတ်၊ သချာ တိဏိ၊ သတ္တ၊ တိဏိ။

ပုရေဇာတ . . . . ၌ အရူပဝိပါက် ၄–ခုကြဉ်သော ပဥ္စဝေါကာရ ပဝတ္တိ နာမက္ခန္ဓာ ၄–ပါး၊ သချာ တိဏိ၊ သတ္တ၊ တိဏိ။

အာသေဝန . . . . ၌ အကုသိုလ်ဒွါဒသ ဟသိတုပ္ပာဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ် ၄–ခု နာမက္ခန္ဓာ၊ သချာ တိဏိ၊ သတ္တ၊ တိဏိ။

ကမ္မ . . . . ၌ ကုသိုလ် အကုသိုလ် ကြိယာစေတနာကြဉ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ သချာ နဝ၊ သတ္တရသ၊ တိဏိ။

ဝိပါက . . . . ၌ အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး ဝိပါက်ပြုအပ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ သချာ ဧကံ၊ ဧကံ၊ ဧကံ။

အာဟာရ . . . . ၌ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အာဟာရဇရုပ်၊ သချာ နဝ၊ သတ္တရသ၊ တိဏိ။

ဣန္ဒြိယ . . . . ၌ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ သချာ နဝ၊ သတ္တရသ၊ တိဏိ။

ဈာန.... ၌ ဒွေးပဥ္စဝိညာဉ် ၁၀–ကြဉ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ သချာ နဝ၊ သတ္တရသ၊ တိကာ။

မဂ္ဂ.... ၌ သဟိတ်စိတ် ကေသတ္တတိ စေတသိက် ဒွေးပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ သချာ နဝ၊ သတ္တရသ၊ တိကာ။

ဝိပ္ပယုတ္တ.... ၌ အရူပဝိပါက် ၄–ခုကြဉ်သော ပဥ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ သချာ နဝ၊ သတ္တရသ၊ တိကာ။

## သုဒ္ဓသချာ–သရုပ်ခွဲ
## ဟေတု

| စဉ် | ပဒ–တပ်သော (ကို) | ပဒါဝသာန–အား (စွဲ၍ဖြစ်) |
|---|---|---|
| ၁ | မောဟ၌မောကြဉ် သဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄–ပါး | အချင်းချင်း |
| ၂ | ။ | အချင်းချင်း နာမက္ခန္ဓာ, သဟိတ်–စိ–ရုပ်, ပဋိ–ရုပ် |
| ၃ | သဟိတ်စိတ္တဇ မဟာဘုတ်, အဟိတ် ပဋိ–မဟာဘုတ် | အချင်းချင်းအားလည်းကောင်း, ဥပါဒါရုပ်အားလည်းကောင်း |
| ၄ | သဟိတ်ပဥ္စဝေါကာရ ပဋိ–နာ, ဟဒယဝတ္ထု | အချင်းချင်း |
| ၅ | ဟဒယဝတ္ထု | ပဥ္စ ....အရူ–ဝိ မောဟ၌မောကြဉ် သဟိတ် (မနောဝိညာဏဓာတ်) |

ဇယား၌ ပဒါဝသာနဘက်ရှိ တရားများသည် ဟေတုပစ္စည်း၏ သုဒ္ဓသချာ (ပစ္စယုပ္ပန်တရား)များ ဖြစ်ကြသည်၊ ပဒဘက်ရှိ တရားများမှကား ယင်းသုဒ္ဓသချာ တရားများအား ယထာရဟ သမ္ပယုတ္တပစ္စည်း တပ်သောတရား, သဟဇာတပစ္စည်း တပ်သောတရား, နိဿယပစ္စည်းတပ်သောတရားများ ဖြစ်ကြသည်။

ပထမတရားများသည် ဟေတုပစ္စယုပ္ပန်တရားများအား သမ္ပယုတ္တပစ္စည်း တပ်သော တရားများ ဖြစ်ကြသည်၊ ယင်းကို ပဒ,ပဒါဝသာန ခွဲ၍ သချာထုတ်ပါက

"ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ" ဟု ၃-ချက် ရသည်၊ သံသဋ္ဌနှင့် သမ္ပယုတ္တ ၂-ဝါရအတွက် သချာများ ဖြစ်ကြသည်။

ပထမ, ဒုတိယ, တတိယ, စတုတ္ထတရားများသည် ဟေတုပစ္စယုပ္ပန် တရားအား သဟဇာတပစ္စည်းတပ်သော တရားများ ဖြစ်ကြသည်၊ ၄င်းတို့ကို ပဒ,ပဒါဝသာန ခွဲ၍ သချာထုတ်ပါက ပဉှာဝါရ သဟဇာတသချာ အတိုင်း "ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာဗျာကတံ၊ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံ၊ အကုသလေန အကုသလာဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ"ဟု ၉-ချက်ပင် ရသည်၊ ပဋိစ္စ, သဟဇာတ ၂-ဝါရအတွက် သချာများ ဖြစ်ကြသည်။

ဖယား၌ ပြထားသမျှသော သချာ ၅-ချက်လုံးသည် ဟေတုပစ္စယုပ္ပန်တရားအား နိဿယပစ္စည်းတပ်သော တရားများ ဖြစ်ကြသည်၊ ရှေ့ ၄-ချက်မှာ သဟဇာတ နိဿယဖြစ်၍ နောက်ဆုံး ပဉ္စမအချက်မှာ ပုရေဇာတနိဿယ ဖြစ်သည်၊ "သဟ, ပုရေ" ၂-ပါးလုံးကို ရပါက သဟပုရေမိဿကကိုလည်း ရနိုင်သည်၊ ထို့ပြင် "ပုရေသဟမိဿက, သဟပုရေသဟမိဿက"တို့ကိုလည်း သချာပြုလုပ် ဟောထားသေးသည်၊ ထို့ကြောင့် ပစ္စယဝါရနှင့် နိဿယဝါရတို့မှာ သချာ "သတ္တရသ" ဖြစ်လာရသည်၊ သတ္တရသ ဖြစ်လာရပုံကို ဆက်လက် ပြပါဦးမည်၊ ကျေနပ်အားရ သဘောကျအောင် လေ့လာထားစေလိုပါသည်။

ဖယားလာ တရား ၅-မျိုးကို ပဒ-ခွဲဝေပါလျှင် "ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတပဒ"ဟု ၅-မျိုးပင် ရသည်။

ကုသလပဒ၌ ပဒါဝသာန ၃-ချက်, အကုသလပဒ၌ ပဒါဝသာန ၃-ချက် အသီးအသီး ရကြသည်၊ ဤသချာ ၆-ချက်မှာ သဟာသီးသန့်သချာ ဖြစ်သည်၊ ပဋိစ္စဝါရ, သဟဇာတဝါရ သချာများနှင့် တစ်စုံတစ်ရာ ထူးခြားချက် မရှိပါ၊ ပါဠိတော် အရကောက် အကုန်တူမျှသည်။

အဗျာကတပဒ၌မူ သဟ, ပုရေ ၂-မျိုး ရောနှောပါဝင်လာသည်၊ သဟာမှ မဟာဘုတ်နှင့် ပုရေမှ ဟဒယဝတ္ထုတို့ ပဒအတွင်းမှာ ပါဝင်လာကြသည်၊ ထို့ကြောင့် အဗျာကတပဒ၌—

အဗျာကတေန အဗျာကတံ။ [သဟ, ပုရေ ၂-မျိုးဆိုင်။]

အဗျာကတေန ကုသလံ။ [ပုရေသာ။]

အဗျာကတေန အကုသလံ။ [ပုရေသာ။]

အဗျာကတေန ကုသလာဗျာကတံ။ ["ဗျာ+ကု"ဟူသော ပုရေသချိုနှင့် "ဗျာ+ဗျာ"ဟူသော ဘုတ်ပစ္စည်း, စိတ္တဇရုပ် ပစ္စယုပ္ပန် သဟာသချိုတို့ကို ပေါင်းစပ်ထားသည့် ပုရေသဟာမိဿကတည်း။]

အဗျာကတေန အကုသလာဗျာကတံ။ [ရှေးနည်းတူ ပေါင်းစပ်ထားသော ပုရေသဟာမိဿက သချိုပင် ဖြစ်သည်။]

ဤသို့ ပဒါ၀သာန ၅-ချက် ရသည်။

**ကုသလာဗျာကတပဒဌ်-**

ကုသလာဗျာကတေန ကုသလံ။ ["ကု+ကု"ဟူသော သဟာသချိုနှင့် "ဗျာ+ကု" ဟူသော ပုရေသချိုတို့ကို ပေါင်းစပ်သောအားဖြင့် ဖြစ်ပေါ်လာသော သဟပုရေမိဿကသချို ဖြစ်သည်။]

ကုသလာဗျာကတေန အဗျာကတံ။ ["ကု+ဗျာ"ဟူသော သဟာသချိုနှင့် "ဗျာ+ဗျာ"ဟူသော ဘုတ်ပစ္စည်း စိတ္တဇရုပ် ပစ္စယုပ္ပန် သဟာသချိုတို့ကို ရောထားသော သဟာသဟာမိဿကသချိုဖြစ်သည်၊ ပဋိစ္စဝါရ, သဟဇာတဝါရတို့မှာလည်း ဤသချိုကို ရသည်။]

ကုသလာဗျာကတေန ကုသလာဗျာကတံ။ [သဟပုရေမိဿက "ကုဗျာ+ကု" သချိုနှင့် သဟာသဟာမိဿက "ကုဗျာ+ဗျာ" သချိုတို့ကို ထပ်ရောထားသော သဟပုရေသဟာမိဿက ဖြစ်သည်။]

ဤသို့ ပဒါ၀သာန ၃-ချက် ရသည်။

အကုသလာဗျာကတပဒဌ်လည်း အလားတူပင် ပဒါ၀သာန ၃-ချက်ရသည်။

ဤသို့လျှင် ကုသလပဒ ၃-ချက်, အကုသလပဒ ၃-ချက်, အဗျာကတပဒ ၅-ချက်, ကုသလာဗျာကတပဒ ၃-ချက်, အကုသလာဗျာကတပဒ ၃-ချက်အားဖြင့် သချို "သတ္တရသ" ဖြစ်သတည်း။

ထို့ပြင် "အချင်းချင်းအား တပ်သော မောဟမူဒွေး၌မောဟကြဉ်သော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး"စသည်ဖြင့် ပဉ္စာဝါရအားလျော်စွာ သရုပ်ခွဲရသည်ကို "မောဟမူဒွေး၌မောဟကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာကို စွဲ၍ဖြစ်သော မောဟမူဒွေး၌မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး" အစရှိသည်ဖြင့် ထိုထိုဝါရအားလျော်စွာ သရုပ်ခွဲပါ။

မှန်၏၊ ပဋိစ္စဝါရကိုရည်၍ "စွဲ၍ဖြစ်သော"ဟု ဆိုထားခဲ့သည်၊ သဟဇာတဝါရ ဖြစ်ပါက "နှင့်တကွဖြစ်သော" ပစ္စယဝါရ, နိဿယဝါရ ဖြစ်ပါက "ကို သဟဇာတနိဿ ပစ္စည်းပြု၍ဖြစ်သော, ကို ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော" သံသဋ္ဌဝါရ ဖြစ်ပါက "နှီးနှော၍ဖြစ်သော" အစရှိသည်ဖြင့် ထိုက်သည်အားလျော်စွာ ဆိုပါ၊ ဝါရအားလျော်စွာ သရုပ်ခွဲပါ၊ ထို့နောက် ပဒ, ပဒါဝသာနအားလျော်စွာ ထပ်မံခွဲစိတ် လေ့လာပါ၊ ပါဠိတော်နှင့်တကွ အရကောက်အတွက်ပါ နားလည်ပြီး ဖြစ်လာပါလိမ့်မည်။

**အာရမဏာဒိ**

| ပဒ-တပ်သော (ကို) | ပဒါဝသာန-အား (စွဲ၍ဖြစ်) |
|---|---|
| အလုံးစုံသော-တ္တိ, ပဋိ-န္ဓာ ၄-ပါး | အချင်းချင်း |
| ဟာဒယဝတ္ထု | ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ |
| ဆဝတ္ထု | ပဥ္စ . . . . အရူပကြဉ် သတ္တဝိညာဏဓာတ် |

ပဋိစ္စဝါရနှင့် သဟဇာတဝါရ ဖြစ်က ပထမနှင့် ဒုတိယတရားအားလျော်စွာ သင်္ချာ "တိကဝီ" ထွက်သည်။

ပစ္စယဝါရနှင့် နိဿယဝါရ ဖြစ်ပါက ၃-ချက်လုံးကို ပဒ,ပဒါဝသာန ခွဲ၍ သင်္ချာထုတ်ရမည်၊ "ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတပဒ"ဟု ပဒ ၅-ချက် ရသည်၊ "ကုသလေန

ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ ကုသလာဗျာကတေန ကုသလံ၊ အကုသလာ ဗျာကတေန အကုသလံ"ဟု သင်္ချာ "သတ္တ" ဖြစ်လာရသည်။

သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရ ဖြစ်ပါက ပထမတရားအားလျော်စွာ သင်္ချာ "တီဏိ"ထွက်သည်၊ ဝါရအားလျော်စွာ ဆိုရိုးကျ ဆိုပါ၊အသေးစိတ် သရုပ်ခွဲပါ။

**အဓိပတိ**

| ပဒ-တပ်သော (ကို) | ပဒါဝသာန-အား (စွဲ၍ဖြစ်) |
|---|---|
| ဓိ-တရားကိုယ်ကြည့် သာဓိဇော-၅၂ နာမက္ခန္ဓာ | အချင်းချင်း |
| ။ | အချင်းချင်း-န္ဓာ, သာဓိ-ရုပ် |
| သာဓိပတိ စိတ္တဇမဟာဘုတ် | အချင်းချင်းအားငှင်း, ဥပါဒါ-ငှင်း |
| ဟဒယဝတ္ထု | ပဉ်-သာဓိဇော-၅၂ |

ပဋိစ္စဝါရ, သဟဇာတဝါရ ဖြစ်ပါက ပထမ, ဒုတိယတရားအားလျော်စွာ သင်္ချာ "နဝ" ဖြစ်သည်၊ ပစ္စယဝါရ, နိဿယဝါရဖြစ်က ပထမ, ဒုတိယ, တတိယ, စတုတ္ထတရားအားလျော်စွာ သင်္ချာ "သတ္တရသ"ဖြစ်သည်၊ သံသဋ္ဌဝါရ, သမ္ပယုတ္တ ဝါရဖြစ်က ပထမတရားအားလျော်စွာ သင်္ချာ "တီဏိ"ဖြစ်သည်။

**သဟဇာတာဒိ**

| ပဒ-တပ်သော (ကို) | ပဒါဝသာန-အား (စွဲ၍ဖြစ်) |
|---|---|
| အလုံးစုံ-တွဲ, ပဋိ-န္ဓာ ၄-ပါး | အချင်းချင်း |
| ။ | အချင်း-န္ဓာ, စိ-ရုပ်, ပဋိ-ရုပ် |
| အလုံးစုံသော မဟာဘုတ် ၄-ပါး | အချင်း-ငှင်း, ဥပါဒါ-ငှင်း |
| ပဉ်-ပဋိ-န္ဓာ, ဟဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | ပဥ္စ ....အရူပဝိကြဉ် သတ္တဝိညာဏဓာတ် |

ဟောတုပစ္စည်း၌ ပြဆိုခဲ့ပြီးသည့်အားလျော်စွာ သချာ်ထွက်ပုံကို ကြံဆပါ၊ လွယ်ပါပြီ၊ "အား တပ်သော"အစရှိသည်ဖြင့် ပစ္စည်းကို ပဓာနထား၍ ပဉ္စဝါရ အတိုင်း ဦးစွာ သရုပ်ခွဲဆိုရိုးကို ဆိုပါ၊ ထို့နောက် "စွဲ၍ဖြစ်သော"အစရှိသည်ဖြင့် ဝါရအားလျော်စွာ ဆိုရိုးကျ ဆိုပါ၊ ပဒ,ပဒါဝသာနအရ အသေးစိတ် ထပ်ခွဲပါ။

**အညမည**

| **ပဒ–တပ်သော (ကို)** | **ပဒါဝသာန–အား (စွဲ၍ဖြစ်)** |
|---|---|
| အလုံးစုံ–တွိ, ပဋိ–န္ဓာ ၄–ပါး | အချင်းချင်း |
| ပဉ်–ပဋိ–န္ဓာ | အချင်း–၄င်း, ဟဒယဝတ္ထု–၄င်း |
| အလုံးစုံသော မဟာဘုတ် | အချင်းချင်း |
| ပဉ်–ပဋိ, ဟဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | ပဋ္ဌ....အရူပိကြဉ် သတ္တဝိညာဏဓာတ် |

နာမက္ခန္ဓာကို စွဲ၍ဖြစ်သော စိတ္တဇရုပ် မပါသောကြောင့် အာရမဏသချာ်အတိုင်း "တိဏိ၊ သတ္တ၊ တိဏိ" ထွက်သည်။

**ပုရေဇာတ**

| **ပဒ–တပ်သော (ကို)** | **ပဒါဝသာန–အား (စွဲ၍ဖြစ်)** |
|---|---|
| အရူပိကြဉ် ပဉ်–တွိ–န္ဓာ ၄–ပါး | အချင်းချင်း |
| ဆဝတ္ထု | ပဋ္ဌ–အရူပိကြဉ် သတ္တဝိညာဏဓာတ် |

**အာသေဝန**

| ပဒ-တပ်သော (ကို) | ပဒါဝသာန-အား (စွဲ၍ဖြစ်) |
|---|---|
| အကု ဒွါဒသ မဂ် ၄-ခု-နှာ | အချင်းချင်း |
| ဟာဒယဝတ္ထု | ပဉ်-အကု ဒွါဒသ···· မဂ် ၄-ခု |

**ကမ္မ**

| ပဒ-တပ်သော (ကို) | ပဒါဝသာန-အား (စွဲ၍ဖြစ်) |
|---|---|
| ကု, အကု, ကြိ-စေကြဉ် အလုံးစုံသော ပဝတ္တိ, ပဋိ-နှာ ၄-ပါး | အချင်းချင်း |
| ‖ | အချင်း-နှာ, စိ-ရုပ်, ပဋိ-ရုပ် |
| စိ,ပဋိ,သဉ်,ပဝတ္တိကမ္မဇမဟာဘုတ် | အချင်း-၄င်း, ဥပါဒါ-၄င်း |
| ပဉ်-ပဋိ-နှာ, ဟာဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | ပဉ္စ-အရူပိ, ကု, အကု, ကြိ-စေတနာ ကြဉ်သော သတ္တဝိညာဏဓာတ် |

**ဝိပါက**

| ပဒ-တပ်သော (ကို) | ပဒါဝသာန-အား (စွဲ၍ဖြစ်) |
|---|---|
| အလုံးစုံသော ဝိ-တ္တိ, ပဋိ-နှာ ၄-ပါး | အချင်းချင်း |
| ‖ | အချင်း-နှာ, စိ-ရုပ်, ပဋိ-ရုပ် |
| ဝိပါက်ပြုအပ်သော စိတ္တဇမဟာဘုတ်, ပဋိသန္ဓေကမ္မဇမဟာဘုတ် | အချင်းချင်းအား၄င်း, ဥပါဒါရုပ်အား၄င်း |
| ပဉ်-ပဋိ-နှာ, ဟာဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | ပဉ္စ-အရူပိကြဉ် ဝိပါက်-၃၂ |

သချာများကို သရုပ်ခွဲဖြင့် သဘောကျအောင် ကြံပါ၊ ဝိပါကဌ် ပဒ,ပဒါဝသာန ၂-ဖက်လုံးမှာပင် အဗျာကတချည်း ဖြစ်သည်၊ ထို့ကြောင့် ဝါရ ၆-ပါးလုံးမှာ သချာ "ဇကံ"သာ ထွက်ရတော့သည်။

**အာဟာရ**

| ပဒ-တပ်သော (ကို) | ပဒါဝသာန-အား (ခွဲ၍ဖြစ်) |
|---|---|
| အလုံးစုံသော-တ္တိ, ပဋိ-န္တာ ၄-ပါး | အချင်းချင်း |
| ॥ | အချင်း-န္တာ, စိ-ရုပ်, ပဋိ-ရုပ် |
| စိ,ပဋိ, အာဟာရဇမဟာဘုတ် | အချင်း-၄င်း, ဥပါဒါ-၄င်း |
| ပဥ်-ပဋိ-န္တာ, ဟဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | ပဋ္ဌ-အရူပိကြဉ် သတ္တဝိညာဏဓာတ် |

**ဣန္ဒြိယ, ဈာန, မဂ္ဂ**

ဣန္ဒြိယပစ္စည်း၌ ရသင့်သောရုပ်များကို သက်ဆိုင်ရာ၌ ထည့်သွင်း သရုပ်ခွဲရုံမျှသာ ဖြစ်သည်၊ ဈာနပစ္စည်း၌ ဒွေးပဥ္စဝိညာဉ်-၁၀ မပါသောကြောင့် ပဋ္ဌမအချက်၌ ဆဝတ္ထု မရ၊ ဟဒယဝတ္ထုမျှသာ ရသည်၊ ရုပ်များကိုလည်း သုဒ္ဓသချာမှာ ပါသလောက်သာ ထည့်ခွဲပါ၊ မဂ္ဂပစ္စည်းသည် ဟေတုနှင့် မထူးလှပါ၊ မောဟမူဒွေး၌ မောဟကို မကြဉ်ရုံမျှသာ ထူးသည်။

**ဝိပ္ပယုတ္တ**

| ပဒ-တပ်သော (ကို) | ပဒါဝသာန-အား (ခွဲ၍ဖြစ်) |
|---|---|
| အရူပိကြဉ် ပဥ်-တ္တိ,ပဋိ-န္တာ ၄-ပါး | အချင်းချင်း |
| ॥ | အချင်း-န္တာ, စိ-ရုပ်, ပဋိ-ရုပ် |
| စိ-မဟာဘုတ်, ပဋိ-မဟာဘုတ် | အချင်း-၄င်း, ဥပါဒါ-၄င်း |
| ပဥ်-ပဋိ-န္တာ, ဟဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | အရူပိကြဉ် ပဥ်-တ္တိ နာမက္ခန္ဓာ ၄-ပါး |

*အာဟာရပစ္စည်း၌ ပဉ္စဝါရမှာကဲ့သို့ စတုဇရုပ်ကို မယူမူ၍ ဤဆဝါရမှာ အဘယ့်ကြောင့် အာဟာရဇရုပ်တစ်မျိုးကိုသာ ယူရပါသနည်း ?။

ဩဇာသည် အာဟာရဇရုပ်အား ဇနကသတ္တိဖြင့် ကျေးဇူးပြုသည်၊ ကြွင်းတိဇရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုသည်၊ ဤဆဝါရ အနုလုံမှာလည်း ဇနကသတ္တိကိုသာ ဟောသည်၊ ဥပတ္ထမ္ဘကသတ္တိကို မဟော၊ ထို့ကြောင့် အာဟာရဇရုပ် တစ်မျိုးကိုသာ ယူရပါသည်၊ ပဉ္စဝါရမှာကဲ့သို့ စတုဇရုပ်ကို မယူရပါ။

**ဆောင်။** ။ ဇနကသာ, ဟောသည့်ရာမို့, အာဟာရဇ, တစ်ခုမျှ, ယူရဆဝါရာ။

*ဆဝါရ၌ အဘယ့်ကြောင့် အာရမဏပုရေဇာတကို မဟောပါသနည်း ?။

ရူပါရုံ–စသည်တို့သည် စက္ခုဝိညာဉ်–စသည်တို့အား အာရမဏ ပုရေဇာတ ဧကန် တပ်ကြသည်၊ မနောဝိညာဏဓာတ်တို့အား မတပ်ကြချေ၊ မနောဝိညာဏဓာတ် တို့သည် အတိတ်အနာဂတ် တရားများကိုလည်း အာရုံပြုကြသေးသည်၊ ထိုသို့ မနောဝိညာဏဓာတ်တို့မှာ အာရမဏ ပုရေဇာတသတ္တိ ဧကန် မရှိသောကြောင့် အာရမဏ ပုရေဇာတကို မဟောပါ။

**ဆောင်။** ။ မနောဝိညာ, ဓာတ်တို့မှာလျှင်, အာပုနိစ္စ, မရကြ၍, ဆဝါရမှာ, မဟောပါ, အာပုပစ္စယ။

*ဆဝါရအနုလုံ၌ ပစ္ဆာဇာတကို အဘယ့်ကြောင့် မဟောပါသနည်း ?။

ပစ္ဆာဇာတပစ္စည်းသည် မိမိ၏ ပစ္စယုပ္ပန်ဖြစ်သော စတုဇကာယအား ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြုသည်၊ ဇနကသတ္တိဖြင့် ကျေးဇူးမပြု၊ ထို့ကြောင့် ပစ္ဆာဇာတကို ဆဝါရ အနုလုံ၌ မဟောပါ။

တစ်နည်း= "ဥပ္ပဇ္ဇတိ"ဟူသော ကြိယာနှင့် မတန်သောကြောင့် မဟောပါ။

*ဥပ္ပဇ္ဇတိ ကြိယာနှင့် အဘယ်ကြောင့် မတန်ပါသနည်း ?။

ပဉ္စာဇာတ ပစ္စည်းသည် ရုပ်အား ဥပါဒ်ဆဲ ခဏ၌ ကျေးဇူးမပြု၊ ဌီသို့ ရောက်မှသာ ကျေးဇူးပြုသောကြောင့် မတန်ပါ၊ ဥပ္ပန္နိတ္တ ကြိယာဖြင့် ဟောသော်ကား ဟောနိုင်ဖွယ်ရာ ရှိပါသည်။ [ ဥပ္ပဇ္ဇတိအရ နာမက္ခန္ဓာဖြစ်အံ့ ဥပါဒ်, ဌီ, ဘင်၊ ရူပက္ခန္ဓာဖြစ်အံ့ ဥပါဒ်၊ ဤသို့ အထူးကို သိစေသည်။ ]

**ဆောင်။** ။ ဇနသတ်–ကင်းကွာလတ် ပဉ္စာ၊
ဆဝါရာ–နှလုံတွင်း, သွင်းမဟောပါ။
ဥပ္ပဇ္ဇတိကြိယာ, မတန်ပါ စင်စစ်၊
နာမ်ခန္ဓာ–ခဏတ္တယယ်နှင့်, ရုပ်ခန်မှာ ဥပါဒ်မျှကို, ယူရဥပ္ပဇ်။

## ပစ္စနိက်သုဒ္ဓသချာ

န ဟေတု····၌ မောဟမူဒွေး၌မောဟ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မရုပ်၊ သချာ ဒွေ၊ စတ္တာရိ၊ ဒွေ။

နာရမဏ, နာနန္တရ, န သမနန္တရ, န ဥပနိဿယ, န သမ္ပယုတ္တ, နတ္ထိ, နော ဝိဂတ ····၌ စိတ္တဇရုပ်···· ပဝတ္တိကမ္မဇရုပ်၊ သချာ ပဉ္စ၊ ပဉ္စ၊ x။

နာဓိပတိ····၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသော အခါ အကုသိုလ်ဒွါဒသ အဟိတ်ကြိယာ မဟာကုသိုလ် မဟာကြိယာ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး နိရာဓိပတိ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ သချာ န၀၊ သတ္တရသ၊ တိဏိ။

န အညမည····၌ နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်, ဟဒယဝတ္ထုမှ တစ်ပါး ပဋိသန္ဓေကမ္မဇရုပ်, မဟာဘုတ်မှ ထောက်အပ်သော စိတ္တဇဥပါဒါ ပဋိသန္ဓေ ကမ္မဇဥပါဒါ···· ပဝတ္တိကမ္မဇဥပါဒါရုပ်၊ သချာ ပဉ္စ၊ ပဉ္စ၊ x။

န ပုရေဇာတ. . . . ၌ အရူပဝိပါက် ၄–ခု အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ် ၃–ခု ဖိုလ် ၄–ခု နာမက္ခန္ဓာ၊ ပစ္ဆာဇာတ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ်. . . . ပဝတ္တိကမ္မရုပ်၊ သင်္ချာ သတ္တ၊ သတ္တ၊ တိဏ်။

န ပစ္ဆာဇာတ. . . . ၌ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ်. . . . ပဝတ္တိကမ္မဇရုပ်၊ သင်္ချာ နဝ၊ သတ္တရသ၊ တိဏ်။

နာသေဝန. . . . ၌ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပထမဇော အာဝဇ္ဇန်းဒွေး ဝိပါက်စိတ် ဆတ္တိံသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး စိတ္တဇရုပ်. . . . ပဝတ္တိကမ္မဇရုပ်၊ သင်္ချာ နဝ၊ သတ္တရသ၊ တိဏ်။

န ကမ္မ. . . . ၌ ကုသိုလ် အကုသိုလ် ကြိယာစေတနာ ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ်၊ သင်္ချာ တိဏ်၊ သတ္တ၊ တိဏ်။

န ဝိပါက. . . . ၌ ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇရုပ် ဗာဟိယရုပ်. . . . ပဝတ္တိကမ္မဇရုပ်၊ သင်္ချာ နဝ၊ သတ္တရသ၊ တိဏ်။

န အာဟာရ. . . . ၌ ဗာဟိယရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ သင်္ချာ ဧကံ၊ ဧကံ၊ x။

န ဣန္ဒြိယ. . . . ၌ ဗာဟိယရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ရုပ် ဇီဝိတိန္ဒြေ ပဝတ္တိကမ္မဇရုပ် ဇီဝိတိန္ဒြေ၊ သင်္ချာ ဧကံ၊ ဧကံ၊ x။

န ဈာန. . . . ၌ ဒွေးပဉ္စဝိညာဉ်–၁၀ နာမက္ခန္ဓာ ဗာဟိယရုပ်. . . . ပဝတ္တိကမ္မဇရုပ်၊ သင်္ချာ ဧကံ၊ ဧကံ၊ ဧကံ။

န မဂ္ဂ. . . . ၌ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်. . . . ပဝတ္တိကမ္မဇရုပ်၊ သင်္ချာ ဧကံ၊ ဧကံ၊ ဧကံ။

န ဝိပ္ပယုတ္တ. . . . ၌ အရူပဝိပါက် ၄–ခု အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ မောဟမူ. . . . ဖိုလ် ၄–ခု နာမက္ခန္ဓာ ဗာဟိယရုပ်. . . . ပဝတ္တိကမ္မဇရုပ်၊ သင်္ချာ တိဏ်၊ တိဏ်၊ တိဏ်။

## သုဒ္ဓသချာ–သရုပ်ခွဲ

### နှ ဟေတု

| ပဒ | ပဒါဝသာန |
|---|---|
| ဝိစိ–ဂုတ်,ဥဒ္ဓစ္စသဟဂုတ်–န္ဓာ | မောဟမှူဒွေး၌မောဟ |
| အဟိတ်ပဝတ္တိ,ပဋိ–န္ဓာ ၄–ပါး | အချင်းချင်း |
| ။ | အချင်း–န္ဓာ,အဟိတ်စိ–ရုပ်,ပဋိ–ရုပ် |
| အဟိတ်စိ–ဘုတ်,အဟိတ်ပဋိ–ဘုတ်,ဟာ,<br>အာ,ဥ,သဉ်,ပဝတ္တိကမ္မဇမဟာဘုတ် | အချင်းချင်းအား၄င်း,<br>ဥပါဒါရုပ်အား၄င်း |
| အဟိတ်–ပဋိ–န္ဓာ, ဟဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | ပဉ်–မော၌မော အဟိတ်–တ္တိ–န္ဓာ |

အဟိတ်စိတ္တဇရုပ်အား တပ်ရာ၌ မောဟမှူဒွေး၌မောဟ မပါသင့်၊ ယင်းမောဟမှူဒွေး၌ရှိသော မောဟကြောင့်ဖြစ်သော ရုပ်သည် အဟိတ်စိတ္တဇရုပ် မဟုတ်၊ သဟိတ်စိတ္တဇရုပ်သာတည်း။

ပဋိစ္စဝါရ, သဟဇာတဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရတို့၌ "အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ"ဟု သချာ ၂–ချက် ထွက်သည်၊ ပစ္စယဝါရနှင့် နိဿယဝါရတို့၌ "အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ အဗျာကတေန အကုသလံ၊ အကုသလာဗျာကတေန အကုသလံ"ဟု သချာ ၄–ချက် ထွက်သည်။

### နှ အာရမဏာဒိ

| ပဒ | ပဒါဝသာန |
|---|---|
| ပဉ်–အရူပိ ဒွေးပဥ္စ–၁၀ ရဟန္တာစုတိကြဉ် | စိတ္တဇရုပ် |
| ကု,အကု,ဝိ,ကြိ–နာမက္ခန္ဓာ | ပဋိသန္ဓေကမ္မဇရုပ် |
| အလုံးစုံသော မဟာဘုတ် ၄–ပါး | အချင်း–၄င်း, ဥပါဒါ–၄င်း |
| ပဉ်–ပဋိ–နာမက္ခန္ဓာ | ဟဒယဝတ္ထု |

## နာဓိပတိ

| ပဒ | ပဒါဝသာန |
|---|---|
| ဓိ-ကို ရသောအခါ သာဓိဇော-၅၂ | ဓိ-ကို ရသောအခါ ဓိ-တရားကိုယ် |
| မရသောအခါ အကု-၁၂....ကိ-ဝိ-ပဝတ္တိ, ပဋိ-နှာ ၄-ပါး | အချင်းချင်း |
| ။ | အချင်း-နှာ, နိရာဓိ-စိ-ရုပ် |
| နိရာဓိ-စိ,ပဋိ.... တ္တိ ကမ္မဇမဟာဘုတ် | အချင်း-၄င်း, ဥပါဒါ-၄င်း |
| ပဉ္စ....ပဋိ-နှာ, ဟဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | ပဉ်-၌ ဓိရ-ဓိတရားကိုယ်, မရ-အရူပိကြဉ် အကု-၁၂....ကိဝိ-တ္တိ-နှာ |

နိရာဓိပတိ စိတ္တဇရုပ်ကို ကျေးဇူးပြုရာ၌ အဓိပတိတရားကိုယ်ကို မပါဝင်စေသင့်၊ အဓိပတိတရားကိုယ်ပြုသော ရုပ်မှာ နိရာဓိပတိစိတ္တဇရုပ် မဖြစ်နိုင်၊ သာဓိပတိ စိတ္တဇရုပ်သာ ဖြစ်နိုင်သည်၊ သချာမှာ သိသာပြီ။

## န အညမည

| ပဒ | ပဒါဝသာန |
|---|---|
| ပဉ်-ပဝတ္တိ, ပဋိ-နှာ ၄-ပါး | စိ-ရုပ်, ဟဒယဝတ္ထုမှတစ်ပါး ပဋိ-ရုပ် |
| မဟာဘုတ် | ဥပါဒါရုပ် |

န အညမညကို ရုပ်ချည်းဖြစ်သောကြောင့် သံသဋ္ဌ, သမ္ပယုတ္တ ၂-ဝါရတို့၌ မဟော၊ ပုရေမျိုးလည်း မရ၊ ထို့ကြောင့် ၄-ဝါရ၌ “ကု+ဗျာ၊ အကု+ဗျာ၊ ဗျာ+ဗျာ၊ ကုဗျာ+ဗျာ၊ အကုဗျာ+ဗျာ”ဟု သချာ ၅-ချက် အညီအမျှ ထွက်သည်။

**န ပုရေဇာတ**

| ပဒ | ပဒါဝသာန |
|---|---|
| အရူပိ–၄ အရူပဘုံ၌ ဖြစ်သောအခါ လော....ဖိုလ် ၄–ခု နာမက္ခန္ဓာ | အချင်းချင်း |
| ပဉ်–ပဋိ–နာမက္ခန္ဓာ ၄–ပါး | အချင်း–န္ဓာ, ပဋိ–ကမ္မဇရုပ် |
| ပဉ်–ပဝတ္တိ နာမက္ခန္ဓာ ၄–ပါး | စိတ္တဇရုပ် |
| အလုံးစုံသော မဟာဘုတ် ၄–ပါး | အချင်း–၄င်း, ဥပါဒါ–၄င်း |
| ပဉ်–ပဋိ–န္ဓာ, ဟဒယဝတ္ထု | အချင်းချင်း |

ရှေ့ ၄–ဝါရ(စတုဝါရ)၌ "ကု+ကု၊ ကု+ဗျာ၊ အကု+အကု၊ အကု+ဗျာ၊ ဗျာ+ဗျာ၊ ကုဗျာ+ဗျာ၊ အကုဗျာ+ဗျာ"ဟု သင်္ချာ သတ္တ ဖြစ်သည်။

**န အာသေဝန**

| ပဒ | ပဒါဝသာန |
|---|---|
| အကု....ဝိ–ဆတ္တိံသ–န္ဓာ ၄–ပါး | အချင်းချင်း |
| ။ | အချင်း–န္ဓာ, စိ–ရုပ်, ပဋိ–ရုပ် |
| အလုံးစုံသော မဟာဘုတ် ၄–ပါး | အချင်း–၄င်း, ဥပါဒါ–၄င်း |
| ပဉ်–ပဋိ–န္ဓာ, ဟဒယဝတ္ထု | အချင်းချင်း |
| ဆဝတ္ထု | ပဉ်–အကု....အရူပိကြဉ် ဝိ–ဗာတ္တိံသ |

**၁ ကမ္မ**

| ပဒ | ပဒါဝသာန |
|---|---|
| ကု, အကု, ကြိယာ နာမက္ခန္ဓာ | ကု, အကု, ကြိယာ စေတနာ |
| ဗာ, အာ, ဥ-မဟာဘုတ် | အချင်း-၄င်း, ဥပါဒါ-၄င်း |
| ဟဒယဝတ္ထု | ပဋိ-ကု, အကု, ကြိယာ စေတနာ |

**၁ ဝိပါက**

| ပဒ | ပဒါဝသာန |
|---|---|
| ကု, အကု, ကြိယာ နာမက္ခန္ဓာ | အချင်းချင်း |
| ။ | အချင်း-နှာ, စိတ္တဇရုပ် |
| ကု, အကု, ကြိယာပြု စိ....တ္တိ-ဘုတ် | အချင်း-၄င်း, ဥပါဒါ-၄င်း |
| ဟဒယဝတ္ထု | ပဋိ-ကု, အကု, ကြိယာ နာမက္ခန္ဓာ |

၁ အာဟာရ, ၁ ဣန္ဒြိယ, ၁ ဈာန, ၁ မဂ္ဂတို့မှာ သိသာထင်ရှားပါပြီ။

**၁ ဝိပ္ပယုတ္တ**

| ပဒ | ပဒါဝသာန |
|---|---|
| အရူပိ-၄, အရူဋ္ဌဖြစ်....ဖိုလ်-၄-နှာ | အချင်းချင်း |
| ဗာ....ပဝတ္တိကမ္မဇမဟာဘုတ် | အချင်း-၄င်း, ဥပါဒါ-၄င်း |

## ဆဝါရ သချ်ာထုတ်ရာ၌ မှတ်ဖွယ်

| သဟိတ်နာမ် (နာမ်ကုန်) | တိကာ | သတ္တ | တိကာ |
|---|---|---|---|
| သဟိတ်စိတ္တဇရုပ် (စိတ္တဇရုပ်ကုန်) | ပဉ္စ | ပဉ္စ | x |
| သဟိတ်နာမ်, သဟိတ်ရုပ် (နာမ်ကုန်,ရုပ်ကုန်) | နဝ | သတ္တရသ | တိကာ |
| အရူပနာမ် | တိကာ | တိကာ | တိကာ |
| အရူပနာမ်နှင့် စိတ္တဇရုပ် | သတ္တ | သတ္တ | တိကာ |
| မောဟမူဒွေး၌မောဟ | ဧကံ | တိကာ | ဧကံ |
| မောဟမူဒွေး၌မောဟ, အဟိတ်နာမ်, အဟိတ်ရုပ် | ဒွေ | စတ္တာရိ | ဒွေ |
| ကြွင်းသောဝိပါက်, အဟိတ်နာမ်ရုပ်,<br>ပဋိ-စိတ်, မဟာဘုတ်, ဥပါဒါရုပ် | ဧကံ | ဧကံ | ဧကံ |
| အရူပဘုံ၌ မောဟ | ဧကံ | ဧကံ | ဧကံ |

**ဆောင်။** ။ သဟိတ်နာမ်မှာ-တိ သတ္တတဲ့, သဟိတ်ရူပ-ပဉ္စသာ၊
နှစ်မျိုး နဝါ-သတ္တရသ်နှင့်, အရူနာမ်ဓာတ်-တိကာလာ။
ယင်းနှင့် စိရူ-ပေါင်းသတ္တမို့, မောဟဧက-တိကာပါ၊
အဟိတ်နှင့် ယင်း, ဒွေစတ်သွင်း, အကြွင်း ဧကန်သာ။
အဲ-ဒါက. . . .ဝါရခြောက်ပါး, တရားသချ်ာပါ။

[ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရ သချ်ာများမှာ သိသာထင်ရှားသော ကြောင့် ဆောင်ပုဒ်အတွင်း၌ ထည့်သွင်းပြဆိုမှုကို မပြုပါ။ ]

### ဝိဘင်္ဂပါဠိတော် ဟောပုံ

ဆဝါရ ပါဠိတော်နှင့် အရကောက်အတွက် သုဒ္ဓသချ်ာများကို ကြိုတင်ပြဆို ထားခဲ့ပါသည်၊ ယင်း သုဒ္ဓသချ်ာများမှပင် ပါဠိတော်များ ပေါ်ထွက်လာပြီး အရ ကောက်များ ဖြစ်ပေါ်လာအောင် ဆက်လက် လေ့လာစေလိုပါသည်။

၁။ ဟောလိုသော သချ်ာကို ဝါရနှင့် ပစ္စည်းအားလျော်စွာ "ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ" အစရှိသည်ဖြင့် ဝိဓိပါဠိတော် ပြုလုပ်ပါ။

[ ပဋိစ္စဝါရကို ဟောလို၍ "ပဋိစ္စ"ဟု ထည့်ရသည်၊ သဟဇာတဝါရ-စသည် ဖြစ်ပါက "သဟဇာတော"စသည်ကို ထည့်ရမည်၊ ထို့ပြင် ဟေတုပစ္စည်းကို ဟောလို၍ "ဟေတုပစ္စယာ"ဟု ထည့်သွင်းထားသည်၊ အာရမဏပစ္စည်း-စသည် ဖြစ်ပါက "အာရမဏပစ္စယာ"စသည်ကို ထည့်သွင်းရမည်။ ]

၂။ ပြဆိုခဲ့ပြီးသော သုဒ္ဓသချ်ာ (သရုပ်ခွဲဇယား)မှ ပဒအရတရား, ပဒါဝသာန အရတရားတို့ကို သချ်ာအားလျော်စွာ ခွဲထုတ်ယူပါ၊ ၄င်းတရားများ သည်ပင် ကတ္တားအရကောက် ဖြစ်လာပါလိမ့်မည်။

၃။ အစိတ်အစိတ် ဖြစ်သင့်သည်၊ အစိတ်အပေါင်း ဖြစ်သင့်သည်ကို စိစစ် လျက် အနုဝါဒပါဠိ ပြုလုပ်ပါ။

[ ပဒ, ပဒါဝသာန-တို့တွင် တစ်ခုခုသည် ရုပ်သက်သက်သော် လည်းကောင်း, စေတသိက်သော်လည်းကောင်း ဖြစ်နေပါလျှင် "အစိတ် အပေါင်း ဖြစ်သင့်သည်"ဟု အကြမ်းအားဖြင့် မှတ်သားပါ။ ]

၄။ သုဒ္ဓသချ်ာအားလျော်စွာ (အဟေတုကံ, အရူပေ အစရှိသော) ဝိသေသန များကို လိုအပ်သော ပါဠိရပ်များမှာ ဖြည့်စွက်ထည့်ပေးပါ။

ဤသဘောအတိုင်း သုဒ္ဓသချ်ာမှပင် ပါဠိတော်များ ပေါ်ထွက်လာအောင် ကြံစည်ပါ၊ ကြိုးစားအားထုတ်ပါ။

တရားအရ အများဆုံးဖြစ်သော နာမ်ကုန်,ရုပ်ကုန် ရသော သဟဇာတပစ္စည်း၏ ဝိဘင်္ဂပါဠိတော်ကို ဇယားဖြင့် ပြပါမည်၊ ကြွင်းသော ပစ္စည်းများ၏ ပါဠိတော် များမှာ ယင်း သဟဇာတပစ္စည်း၏ ပါဠိတော်၌ပင် အတွင်းဝင်ပြီး ဖြစ်ပါသည်၊ မိမိ မိမိတို့၏ သုဒ္ဓသချ်ာအားလျော်စွာ ရသင့်သော အနုဝါဒပါဠိများကို ထုတ်နုတ် ဟောရွတ်ရုံမျှသာ ဖြစ်တော့သည်။

## ပဋိစ္စဝါရ အနုလုံ ဝိဘင်္ဂပါဠိတော်

| ပဒ | ကံ-ပစ္စည်း | ပဒါဝသာန | ကတ္တား-ပစ္စယုပ္ပန် |
|---|---|---|---|
| ကု | ကုသလံ ၁x၃x၂ | ကု | ၃xသx၂ |
| | ကုသလေ ခန္ဓေ | ဗျာ | စိတ္တသမုဋ္ဌာနံ ရူပံ |
| | ကုသလံ ၁x၃x၂ | ကုဗျာ | ၃xသx၂ ။ နဉ္စ ရူပံ |
| ဗျာ | ဝိ,ကြိယာကတံ ၁x၃x၂ | ဗျာ | ၃xသx၂ ။ နဉ္စ ရူပံ |
| | ဋိ-ဝိပါကတံ ၁x၃x၂ | | ၃xသx၂ ကဋတ္တာစ ရူပံ (ဝတ္ထုစ) |
| | ခန္ဓေ x ဝတ္ထုံ | | ဝတ္ထု x ခန္ဓာ |
| | ၁x၃x၂ မဟာဘူတေ | | ၃xသx၂ စိ-ရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ |
| | ဗာဟိယံ ၁x၃x၂ မဟာဘူတေ | | ၃xသx၂ ဥပါဒါရူပံ |
| | အာဟာရသမုဋ္ဌာနံ ၁x၃x၂ မဟာဘူတေ | | ၃xသx၂ ဥပါဒါရူပံ |
| | ဥတုသမုဋ္ဌာနံ ၁x၃x၂ မဟာဘူတေ | | ၃xသx၂ ဥပါဒါရူပံ |
| | အသညသတ္တာနံ ၁x၃x၂ မဟာဘူတေ | | ၃xသx၂ ကဋတ္တာရူပံ ဥပါဒါရူပံ |
| ကုဗျာ | ကုသလေ ခန္ဓေစ မဟာဘူတေစ | ဗျာ | စိတ္တသမုဋ္ဌာနံ ရူပံ |

အကုသလပဒ ၃-ချက်ကို ကုသလပဒ ၃-ချက်နှင့် အလားတူပင် ဟောပါ၊ အကုဗျာပဒကိုလည်း ကုဗျာပဒ နည်းတူပင် ဟောပါ၊ "ကု"နေရာ၌ "အကု"ကို အစားထိုး ထည့်သွင်းရုံမျှသာ ဖြစ်သည်။

## ဝိပ္ပယုတ္တနောက်ဆက်တွဲ ပါဠိ

| | | |
|---|---|---|
| နာမ်ကတ္တား ဖြစ်လျှင် | | ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ |
| ရုပ်ကတ္တား ဖြစ်လျှင် | | ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ |
| နာမ်ရုပ်ကတ္တား ဖြစ်လျှင် | ပဝတ္တိ | ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ<br>စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ |
| | ပဋိ | ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ<br>ကဋတ္တာရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ |
| ခန္ဓေ ပဋိစ္စ ဝတ္ထု<br>ဝတ္ထုံ ပဋိစ္စ ခန္ဓာ | | ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ<br>ဝတ္ထု ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ |

အနုလုံ၌ ကုသလပဒ ၃-ချက်, အကုသလပဒ ၃-ချက်တို့သည် ရထိုက်သမျှသော ပစ္စည်းတိုင်းမှာ ထပ်တူထပ်မျှပင် ဖြစ်ကြသည်၊ တစ်စုံတစ်ရာ ထူးခြားပြောင်းလဲမှု မရှိပါ။

အဗျာကတပဒ အစရှိသည်တို့၌မူ သုဒ္ဓသင်္ချာအားလျော်စွာ ထူးခြားပြောင်းလဲမှု ရှိနိုင်သည်၊ ထို့ပြင် ပုရေဇာတ၌ အာ ပုကို မဟော၊ ဝတ် ပုကိုသာ ဟောသည်၊ ဤသဘော ထင်ရှားစေရန် သင်္ချာ ၃-ချက်လုံး၏ အနုဝါဒပါဠိတော် အဆုံးမှာ "ဝတ္ထုံ ပုရေဇာတပစ္စယာ"ဟု ထည့်သွင်းပေးရသေးသည်။

ဝိပ္ပယုတ္တပစ္စည်း၌ နာမ်က ကတ္တားဖြစ်လျှင် ပုရေဝိပ်ကို ရသည်၊ ရုပ်က ကတ္တားဖြစ်လျှင် သဟာဝိပ်ကို ရသည်၊ "နာမ်, ရုပ်" ၂-ပါး ကတ္တားဖြစ်လျှင် ယထာရဟ ပုရေဝိပ်, သဟာဝိပ်တို့ကို ရသည်၊ ထို့ကြောင့် ဇယား၌ ပြထားသည့် အတိုင်း နောက်ဆက်တွဲ ပါဠိကို ထည့်သွင်းရခြင်း ဖြစ်သည်၊ ပစ္ဆာဝိပ်ကို မရကြောင်းကိုမူ ဆိုခဲ့ပြီးပါပြီ။

အညမည. . . .၌ ပဋိသန္ဓေအခါမှာ ဟဒယဝတ္ထုမျှသာ ရသည်၊ သို့ဖြစ်၍ "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ဝတ္ထု စ" အစရှိသည်ဖြင့် ဆိုပါ၊ ရုပ်သက်သက်၌လည်း ဥပါဒါရုပ်ကို မရ၊ ဘုတ်မျှကိုသာ ရသည်၊ "ဧကံ မဟာဘူတံ"စသည်ဖြင့် ဘုတ်မျှကိုသာ ရွေးဆိုပါ၊ အကြွင်း သိလွယ်ပါပြီ။

## ပစ္စယဝါရ ထူးရာပါဠိ

| ပဒ | ကံ–ပစ္စည်း | [illegible] | ကတ္တား–ပစ္စယုပ္ပန် |
|---|---|---|---|
| ဖျာ | စက္ခာယတနံ....ကာယာယတနံ | ဖျာ | စက္ခုဝိညာဏံ....ကာ–ဏံ |
| | ဝတ္ထု | | ဝိ–ကြိဖျာကတာ ခန္ဓာ |
| | ဝတ္ထုံ | ကု | ကုသလာ ခန္ဓာ |
| | ဝတ္ထုံ | အကု | အကုသလာ ခန္ဓာ |
| | ဝတ္ထုံ<br>မဟာဘူတေ | ကုဖျာ | ကုသလာ ခန္ဓာ<br>စိတ္တသမုဋ္ဌာနံ ရူပံ |
| | ဝတ္ထုံ<br>မဟာဘူတေ | အကုဖျာ | အကုသလာ ခန္ဓာ<br>စိတ္တသမုဋ္ဌာနံ ရူပံ |
| ကုဖျာ | ကု–၁ ခ×၃ ခ×၂ ခ= ဝတ္ထုံစ | ကု | ၃×၁×၂ |
| | ကုသလေ ခန္ဓေစ မဟာဘူတေစ | ဖျာ | စိတ္တသမုဋ္ဌာနံ ရူပံ |
| | ကု–၁ ခ×၃ ခ×၂ ခ= ဝတ္ထုံစ<br>ကုသလေ ခန္ဓေစ မဟာဘူတေစ | ကုဖျာ | ၃×၁×၂<br>စိတ္တသမုဋ္ဌာနံ ရူပံ |

ကုသလပဒ ၃–ချက်, အကုသလပဒ ၃–ချက်, ဖျာ+ဖျာ= ပဝတ္တိ ပဋိသန္ဓေ ရုပ် သက်သက်တို့မှာ ပဋိစ္စဝါရက ဆိုခဲ့ပြီးသည်နှင့် မထူးတော့ပါ၊ ထို့ကြောင့် ဖျာ+ဖျာ–၏ ဝတ္ထု ကံနေရာမှသာ စ၍ပြထားပါသည်၊ ကုဖျာ+ဖျာ–မှာ ပဋိစ္စဝါရက ပြခဲ့ပြီးသည်နှင့် မထူးသော်လည်း နောက်မိဿကသချာအတွက် အမြင်ရှင်းအောင် ထပ်ထည့်ထားပါသည်၊ အကုဖျာပဒ ၃–ချက်ကိုလည်း ကုဖျာပဒ ၃–ချက်အတိုင်းပင် ဟောပါ။

"သံသဋ္ဌ, သမ္ပယုတ္တ" ၂–ဝါရတို့၌ ရုပ်ကို ချန်လှပ်၍ ဟောရုံမျှသာ ဖြစ်ပါသည်၊ ပဋိစ္စဝါရ ဇယားကို ကြည့်ဟောပါ၊ ရသင့်သည်အားလျော်စွာ ထုတ်ယူရုံမျှသာ ဖြစ်ပါသည်။

## ပစ္စနိက်ထုးရာ၌ ပါဠိတော်

| ပဒ | ပစ္စည်း | ကံ–ပစ္စည်း | ဝိ-ဒု | ကဏ္ဍား–ပစ္စယုပ္ပန် |
|---|---|---|---|---|
| ကု | န ပု၊ န ဝိပ် | အရူပေ ကု ၁×၃×၂ | ကု | ၃×၁×၂ |
| | န ကမ္မ | ကုသလေ ခန္ဓေ | | ကုသလာ စေတနာ |
| | န ဟေ | ဝိ–ဥ–သဟဂတေ ခန္ဓေ | | ဝိ–ဥ–ဂတော မောဟော |
| အကု | န ပု၊ န ဝိပ် | အရူ–အကု ၁×၃×၂ | အကု | ၃×၁×၂ |
| | န ကမ္မ | အကုသလေ ခန္ဓေ | | အကုသလာ စေတနာ |
| | န ဟေ | ဝတ္ထုံ | | အဟေ–ဝိ–ကြိ–ဗျာ–နွာ |
| | | ဝိ–ကြိ–ဗျာ–ခန္ဓေ | | စိတ္တသမုဋ္ဌာနံ ရူပံ |
| | နာရမဏ | ငို–ဝိ–ဗျာ–ခန္ဓေ | | ကဋတ္တာရူပံ |
| | | ခန္ဓေ | | ဝတ္ထု |
| | | မဟာဘူတေ | | စိ–ကဋတ္တာရူပံ ဥပါဒါရူပံ |
| | န အညမည | ဗာ–အာ–ဥ–ဋ္ဌာနေ–တေ | | ဥပါဒါရူပံ |
| ဗျာ | | အသညသတ္တာနံ မဟာဘူတေ | ဗျာ | ကဋတ္တာရူပံ ဥပါဒါရူပံ |
| | န ပု၊ န ဝိပ် | အရူ–ဝိ–ကြိ ၁×၃×၂ | | ၃×၁×၂ |
| | န ပုရေ | ဝိ–ကြိ–ဗျာ–ခန္ဓေ | | စိတ္တသမုဋ္ဌာနံ ရူပံ |
| | န ကမ္မ | ကြိ–ဗျာ–ခန္ဓေ | | ကြိယာ စေတနာ |
| | န ဈာနဝိ | အသညသတ္တာနံ မဟာဘူတေ | | ရူပဇီဝိတိန္ဒြိယံ |
| | န ဈာန | ပဥ္စဝိ°–ဂတံ ၁×၃×၂ | | ၃×၁×၂ |
| | န ကမ္မ | ဝတ္ထုံ | ကု | ကုသလာ စေတနာ |
| | န ဟေတု | ဝတ္ထုံ | အကု | ဝိ–ဥ–ဂတော မောဟော |
| ကုဗျာ | န ကမ္မ | ကု–ခန္ဓေစ ဝတ္ထုံစ | ကု | ကုသလာ စေတနာ |
| အကုဗျာ | န ဟေ | ဝိ–ဥ–ခန္ဓေစ ဝတ္ထုံစ | အကု | ဝိ–ဥ–ဂတော မောဟော |

ဤမျှဖြင့်ပင် ဆဝါရ အနုလုံ, ပစ္စနိက် ဝိဘင်း အသွားအလာကို နည်းယူ သိမြင်နိုင်လောက်ပါပြီ။

## ဝါရ ၆-ပါး ယောနည်းပြ

**ပဋိစ္စ။** ။ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

**သဟဇာတ။** ။ကုသလံ ဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ။

**ပစ္စယ။** ။ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ။

**နိဿယ။** ။ကုသလံ ဓမ္မံ နိဿာယ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ နိဿာယ တယော ခန္ဓာ၊ တယော ခန္ဓေ နိဿာယ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ နိဿာယ ဒွေ ခန္ဓာ။

**သံသဋ္ဌ။** ။ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သံသဋ္ဌာ တယော ခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။

**သမ္ပယုတ္တ။** ။ကုသလံ ဓမ္မံ သမ္ပယုတ္တော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ သမ္ပယုတ္တာ တယော ခန္ဓာ၊ တယော ခန္ဓေ သမ္ပယုတ္တော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သမ္ပယုတ္တာ ဒွေ ခန္ဓာ။

### ဆဝါရ အတ္ထယောဇနာ

ပဋိစ္စဝါရ အနက်ကို ပုစ္ဆာဝါရ၌ ပြခဲ့ပါပြီ၊ ကုသလံ-သော၊ ဓမ္မံ-ကို၊ (ပဋိစ္စ-စွဲ၍၊ ပဋိစ္စ ပဋိဂန္တွာ-တကွဖြစ်ခြင်း-ဟု ဆိုအပ်သော တူသောအဖြစ်ဖြင့် ရောက်၍၊ တေန-ထိုကုသိုလ်ဓမ္မနှင့်၊) သဟဇာတော-တကွဖြစ်သော၊ ကုသလော-

ကုသလ်–သော၊ ဓမ္မံ–ကို၊ ပစ္စယာ နိဿယယတ္တေန ပစ္စယ် ကတ္တာ–မိုရာဟူသော အနက်ဖြင့် အကြောင်းပြု၍၊ ကုသလော–

ကုသလ်–သော၊ ဓမ္မံ–ကို၊ နိဿာယ ပတိဋ္ဌတ္တေန ပစ္စယ် ကတ္တာ–မှီရာ ဟူသော အနက်ဖြင့် ပစ္စည်းပြု၍၊ ကုသလော–

ကုသလ်–သော၊ ဓမ္မံ–ကို၊ သံသဋ္ဌော–ဇကုပ္ပာဒါဒိလက္ခဏာဟူသော သမ္ပယောဂ သဘောအားဖြင့် ပစ္စည်းကို ပြု၍၊ တစ်နည်းကား= ကုလ်–သော၊ ဓမ္မံ–ကို၊ (ပဋိစ္စ–၍၊ တေန–ထိုကုသိုလ်ဓမ္မနှင့်၊) သံသဋ္ဌော–ဇကုပ္ပာဒအစရှိသော လက္ခဏာ ၄–ပါးနှင့် နှီးနှောသော၊ ကုသလော–၊ သမ္ပယုတ္တဝါရလည်း မထူးတော့ပါ။

**ရှုမှတ်ကြဖွယ် အဓိပ္ပာယ်–**

*ဗာဟိယ, အာဟာရဇ, ဥတုဇရုပ်များဟူသည် အဘယ်ရုပ်များ ဖြစ်ကြပါ သနည်း ?။

"ဗာဟိယ"ဟူသည် တော, တောင်, မိုး, မြေ အစရှိသော အနိန္ဒြိယဗဒ္ဓ ဖြစ်သော ဥတုဇရုပ်တည်း။

"အာဟာရဇရုပ်"ဟူသည် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော စတုသမုဋ္ဌာနိက တေဇောကြောင့်ဖြစ်သော အာဟာရဇ အဋ္ဌကလာပ် အစရှိသည်တည်း။

"ဥတုဇ"ဟူသည် အဇ္ဈတ္တသန္တာန်၌ဖြစ်သော စတုသမုဋ္ဌာနိကသြဇာကြောင့် ဖြစ်သော ဥတုဇအဋ္ဌကလာပ် အစရှိသည်တည်း။

*ပဝတ္တိကမ္မဇကို အသီးအခြား မဟောဘဲ "အသညသတ္တာနံ"စသော ဝိဘင်း၌ အဘယ့်ကြောင့် ထည့်သွင်းထားရပါသနည်း ?။

ပဝတ္တိကမ္မဇရုပ်ကား ဝိဘင်း အသီးအခြား မရှိ၊ အသညသတ်ကမ္မဇနှင့် အလားတူသောကြောင့် "အသညသတ္တာနံ"စသော ဝိဘင်း၌ ထည့်သွင်းထားရ ပါသည်။

## ဝိဘင်္ဂဝါရ အရကောက်

ဤဆဝါရ ဝိဘင်္ဂ အရကောက်ကို "၁။ ဟောရိုးစစ်, ၂။ အနက်ပေး, ၃။ အရကောက်, ၄။ ခန္ဓာဝါရဖွဲ့."ဟု အစဉ်အတိုင်း အရကောက်ဆရာများက ပြဆိုထားကြသည်။

**၁။ ဟောရိုးစစ်**

ခမ် စတု–ခြောက်ခုရယ်တဲ့ ပဋ္ဌာန်းမှာ၊
တိက် ဗာဝီ–ခွန်ဝါရငယ်, နယ လေးဖြာ။
ဝိဘင်္ဂသချာ, ဟေတာဒိ ပစ္စည်း၊
ပဒ ပဒါ–ဝိ အနုတို့ကိုလ, ရှုဆကာ–ဝါဝိသဓိကို, စစ်တော့ဖြတ်ခြည်း။

ပုစ္ဆာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိသဇ္ဇနာဝါရကို ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း "ဓမ္မအနုလုံ, ဓမ္မပစ္စနိက်, ဓမ္မအနုလောမပစ္စနိက်, ဓမ္မပစ္စနီယာနုလောမ"အားဖြင့် ၄–ပါး အပြားရှိ၏၊ ထို. . . .တွင် ဓမ္မအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ [ ခမ် စတု ]

ထို. . . .၌တုံသော်လည်း "တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်း"အားဖြင့် ၆–ပါး အပြားရှိ၏၊ ထို. . . .တွင် တိကပဋ္ဌာန်းကို ရှေးဦးစွာ ဟောတော်မူ၏။ [ ခြောက်ခုရယ်တဲ့ ပဋ္ဌာန်းမှာ၊ ]

ထို. . . .၌တုံသော်လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် ၂၂–ပါး အပြားရှိ၏၊ ထို. . . .တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။ [ တိက် ဗာဝီ– ]

ထို. . . .၌တုံသော်လည်း "ပဋိစ္စဝါရ, သဟဇာတဝါရ, ပစ္စယဝါရ, နိဿယဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ, ပဉှာဝါရ"အားဖြင့် ၇–ပါး အပြားရှိ၏၊ ထို. . . .တွင် ပဋိစ္စဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ [ ခွန်ဝါရငယ်၊ ]

ထို. . . .၌တုံသော်လည်း "ပစ္စည်းအနုလုံ, ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်း ပစ္စနီယာနုလောမ"အားဖြင့် ၄–ပါး အပြားရှိ၏၊ ထို. . . .တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ [ နယ လေးဖြာ၊ ]

ထို. . . .၌တုံသော်လည်း "ဝိဘင်္ဂဝါရ, သင်္ချာဝါရ"အားဖြင့် ၂–ပါး အပြား ရှိ၏၊ ထို. . . .တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ [ ဝိဘင်္ဂ သင်္ချာ+ ]

ထို. . . .၌တုံသော်လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ, အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် ၂၃–ပါး အပြား ရှိ၏၊ [ ပစ္ဆာဇာတကို မရသောကြောင့် ၂၃–ပါး ဖြစ်ရသည်၊ ] ထို. . . .တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ [ ဟေတာဒိ ပစ္စည်း၊ ]

ထိုဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၌တုံသော်လည်း "ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, ကုသလာဗျာကတပဒ, အကုသလာဗျာကတပဒ"အားဖြင့် ၅–ပါး အပြား ရှိ၏၊ ထို ၅–ပါးတို့တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကုသလပဒ၌တုံသော်လည်း "ကုသလပဒါဝသာန, အဗျာကတပဒါဝသာန, ကုသလာဗျာကတပဒါဝသာန"အားဖြင့် ၃–ပါး အပြားရှိ၏၊ ထို. . . .တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကုသလပဒါဝသာန၌တုံသော်လည်း "ဝိဓိ, အနုဝါရ"အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို ၂–ပါးတို့တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။ [ ပဒ ပဒါ–ဝိအနုတို့ကိုလ၊ ] ဟောဟန်ကား– [ ဆက်ရန်– ]

**၂။ အနက်ပေး**

ဝါရ ၆–ပါး အနက်ပေးပုံကို (၂၀၈)၌ အမြွက်မျှ ပြထားခဲ့ပါပြီ၊ ယင်းကိုပင် အမှီပြု၍ ထိုက်သည်အားလျော်စွာ အနက်ပေးပါ။

**၃။ အရကောက်**

သင်္ချာတိုင်းမှာ "ဝိဓိ, အနုဝါဒ" ၂–မျိုး ရနိုင်ကြောင်းကို ဝိဘင်္ဂပါဠိတော် ထုတ်ပုံ၌ ပြဆိုခဲ့ပါပြီ၊ ယင်း ၂–မျိုးအနက် အနုဝါဒပါဠိကို အထောက်အထား ပြု၍ ဝိဓိမျှကိုသာ အရကောက်ရသည်၊ အနုဝါဒကိုမူ ကောက်ရိုး မပြုကြပါ၊ ခန္ဓာ ဝါရမျှသာ ဖွဲ့ကြသည်။

ဝိဓိပါဠိတော်၌ "ကံ, ကတ္တား, ဟိတ်"ဟု ၃–မျိုး ပါဝင်စကာမူ ကတ္တား ပါဌ်ဖြင့် ဟိတ်ပါဌ်အရမျှကိုသာ ရှေးဆရာများ ကောက်ယူရိုး ပြုကြသည်၊ ကံပါဌ်၏ အရကိုမူ အသီးအခြား ကောက်ယူရိုး မပြုကြချေ၊ ကတ္တားပါဌ်၏ အရကောက် အတွင်းမှာ ဝိသေသန အနေဖြင့်သာ ထည့်သွင်းကောက်ယူရိုး ပြုကြပေသည်။

ပဉ္စာဝါရ၌ ပြဆိုထားသော သဟဇာတပစ္စည်း, နိဿယပစ္စည်း, သမ္ပယုတ္တပစ္စည်းတို့၏ ဝိဘင်္ဂဝါရလာ ကတ္တား, သမ္ပဒါန်တို့သည် ဆဝါရ ဝိဘင်္ဂဝါရ၏ ကံ, ကတ္တားတို့နှင့် ယထာရဟ တူကြသည်။

သို့ဖြစ်၍ "ပဋိစ္စ, သဟဇာတ" ၂-ဝါရတို့၏ (ကံ)ကတ္တားကို ပဉ္စာဝါရ သဟဇာတ ဝိဘင်္ဂ၏ ကတ္တား, သမ္ပဒါန်အရကို နည်းမှီ၍ ကောက်ရမည်။

"ပစ္စယ, နိဿယ" ၂-ဝါရတို့၏ (ကံ)ကတ္တားကို နိဿယ ဝိဘင်္ဂလာ ကတ္တား, သမ္ပဒါန်ကို နည်းမှီ ကောက်ရမည်။

"သံသဋ္ဌ, သမ္ပယုတ္တ" ၂-ဝါရတို့၏ (ကံ)ကတ္တားကို ပဉ္စာဝါရ သမ္ပယုတ္တပစ္စည်း၏ ကတ္တား, သမ္ပဒါန်ကို နည်းမှီ၍ ကောက်ရမည်။

ယင်းသို့ ကောက်ယူရာ၌ သက်သာလွယ်ကူစေရန် သုဒ္ဓသင်္ချာများကို ရထိုက်သည်အားလျော်စွာ ဇယားဖြင့် သရုပ်ခွဲ ပြထားခဲ့သည်၊ သို့ဖြစ်၍ ကတ္တားပါဋ္ဌ၏ အရကို ကောက်လိုပါလျှင်-

၁။ သုဒ္ဓသင်္ချာ (သရုပ်ခွဲဇယား)မှ ပဒ,ပဒါဝသာန တရားတို့ကို သင်္ချာအားလျော်စွာ ခွဲထုတ်ပါ။

၂။ ပဒအရတရားသည် ကံပါဋ္ဌအရ ဖြစ်၍ ပဒါဝသာနအရ တရားသည် ကတ္တားပါဋ္ဌအရ ဖြစ်သည်-ဟု မှတ်ယူပါ။

၃။ ကံပုဒ်အရ တရားကို ထုတ်ဖော်လျက် (ကို စွဲ၍ဖြစ်သော-စသည်ဖြင့်) ဝါရအားလျော်စွာ ဝိသေသန ပြုလုပ်ပါ။

၄။ ထို့နောက် ကတ္တား၏အရကို ဆက်ကောက်ပါ။

၅။ အစိတ်အစိတ် ဖြစ်သင့်သည်, အစိတ်အပေါင်း ဖြစ်သင့်သည်ကိုမူ အနုဝါဒ ပါဠိတော်ကို ထောက်ထားဆုံးဖြတ်ပါ။

ဆဝါရ အနုလုံ, ပစ္စနိက် ဝိဘင်္ဂ ပါဠိတိုင်းမှာပင် ဤသဘောကို ရသင့်သည်၊ ဤသဘောအတိုင်း အရကောက်ပါ။

**ဆောင်။** ။ ကတ္တားရ-ကောက်လိုကြ ပါလျှင်၊
သ နိ သမ်-ဝိဘင်္ဂေါကို, မှီးလော အစဉ်။
ကံ အရ-ဝါရယှဉ်, ယင်းနောက်တွင် ကတ္တား၊
အနုဝါ-ရှုကာ ထောက်လို့ရယ်, ကောက်တော့ မမှား။

ဟိတ်ပါဠိ၏ အရကောက်ကို "အနုလုံ ဟိတ်ပါဠိ အရကောက်, ပစ္စနိက် ဟိတ်ပါဠိ အရကောက်"ဟု ၂-မျိုး ခွဲခြားမှတ်သား ထားသင့်သည်။

**အနုလုံ၌—**

၁။ ဟိတ်ပါဠိအရ မိမိ၏ ပစ္စယသတ္တိကို ပဉ္စဝါရ ကတ္တားကောက်ကို ထောက်ထားဆင်ခြင်၍ ကောက်ယူပါ။

၂။ မျိုးကွဲရှိသော ပစ္စည်းဖြစ်လျှင် (ကတ္တားက ညွှန်ပြထားသော ပစ္စယုပ္ပန် တရားအား တပ်နိုင်သမျှသော) တရားတို့ကို အကုန်အစင် ကောက်ပါ။

၃။ တစ်နည်းကား ရသင့်လျှင် တစ်နည်းကားပါမကျန် အကျယ်ကောက်ပါ၊ ပစ္စနိက် ဟိတ်ပါဠိ အရကောက်ကိုမူ နောက်မှ ပြပါမည်။

**ဆောင်။** ။ ဟိတ် ပါဠိ-မိမိ၏ သတ္တိပင်၊
ပဉ္စဝါ-ကတ္တာကောက်ကို, ထောက်ဆယူငင်။
မျိုးပြားက-တရားရ ကုန်အစင်, တစ်နည်းမြင် သိမ်းသွင်း၊
ကတ္တားညွှန်-ပန်မှာ တပ်လို့ရယ်, ကောက်အပ်မကြွင်း။

**၄။ ခန္ဓာဝါရသဘော**

ခန္ဓာတို့၏ အလှည့်အကြိမ် အလှည့်ကျ ပါဝင်သော ခန္ဓာတို့ကို ရေတွက်ပြခြင်းကိုပင် "ခန္ဓာဝါရ ဖွဲ့သည်"ဟု ခေါ်သည်၊ ယင်းသို့ အလှည့်ကျ ပါဝင်နိုင်သော ခန္ဓာတို့ကို ရေတွက်ပြဆိုသဖြင့် အစိတ်အပေါင်း ခန္ဓာ-စသည်တို့ကို တိတိကျကျ နားလည်ခွင့် ရသည်၊ တရားအားလျော်စွာ ဆဝါရ ဝိဘင်္ဂပါဠိ ဖြစ်လာရပုံကိုလည်း သိရှိနားလည်နိုင်သည်၊ ဤအကျိုးကို မျှော်ကိုး၍ ရှေးဆရာများသည် ဤဆဝါရ၌ အလွန်ကျယ်ပြန့်စွာ ခန္ဓာဝါရကို ဖွဲ့ပြထားခဲ့ကြဟန် တူပါသည်။

၁။ အစိတ်ချင်းဖြစ်က ၁၄-ဝါရ, အစိတ်အပေါင်းဖြစ်က ၁၅-ဝါရ ရနိုင်သည်-ဟု ဦးစွာ မှတ်သားထားပါ။

## ခန္ဓာဝါရဖွဲ့ပုံ-လမ်းညွှန်

| ဝါရ | | စိတ်ပေါင်း နာမက္ခန္ဓာ | | | | | ဝါရ | စိတ်ပေါင်း မဟာဘူတ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ကေက ၄-ဝါရ | ကော် ခန္ဓ | ဝေ | တယော ခန္ဓာ | သည် | သင် | ဝိ | ကော် မဟာဘူတံ | ပ | တယော မဟာဘူတာ | အာ | တေ | ဝါ |
| | | သည် | | သင် | ဝိ | ဝေ | | အာ | | တေ | ဝါ | ပ |
| | | သင် | | ဝိ | ဝေ | သည် | | တေ | | ဝါ | ပ | အာ |
| | | ဝိ | | ဝေ | သည် | သင် | | ဝါ | | ပ | အာ | တေ |
| တိက ၄-ဝါရ | တယော ခန္ဓ | ဝေ | သည် | သင် | ကေကော ခန္ဓော | ဝိ | တယော မဟာဘူတေ | ပ | အာ | တေ | ကော် မဟာဘူတံ | ဝါ |
| | | သည် | သင် | ဝိ | | ဝေ | | အာ | တေ | ဝါ | | ပ |
| | | သင် | ဝိ | ဝေ | | သည် | | တေ | ဝါ | ပ | | အာ |
| | | ဝိ | ဝေ | သည် | | သင် | | ဝါ | ပ | အာ | | တေ |
| ဒုက ၆-ဝါရ | ဒွေ ခန္ဓ | ဝေ | သည် | ဒွေ ခန္ဓာ | သင် | ဝိ | ဒွေ မဟာဘူတေ | ပ | အာ | ဒွေ မဟာဘူတာ | တေ | ဝါ |
| | | ဝေ | သင် | | သည် | ဝိ | | ပ | တေ | | အာ | ဝါ |
| | | ဝေ | ဝိ | | သည် | သင် | | ပ | ဝါ | | အာ | တေ |
| | | သည် | သင် | | ဝိ | ဝေ | | အာ | တေ | | ဝါ | ပ |
| | | သည် | ဝိ | | ဝေ | သင် | | အာ | ဝါ | | ပ | တေ |
| | | သင် | ဝိ | | ဝေ | သည် | | တေ | ဝါ | | ပ | အာ |
| စတုက္က | ခန္ဓ | ဝေ | သည် | သင် | ဝိ | ။ | -ဘူတေ | ။ | ပ | အာ | တေ | ဝါ |

၂။ ကံ-အရတရား, ကတ္တား-အရတရားတို့ကို ရုပ်ဖြစ်သင့်သည်၊ နာမ်ဖြစ်သင့်သည်-စသည်ဖြင့် ပိုင်းခြားဝေဖန်ထားပါ။

၃။ ရုပ်ဖြစ်၍ မဟာဘုတ်များ ပါဝင်လာပါက "ပ, အာ, တေ, ဝါ" ဟူသော မဟာဘုတ်တို့ကို အစိတ်ဖြစ်သင့်သလား, အစိတ်အပေါင်းဖြစ်သင့်သလား အနုဝါဒပါဠိတော်ကိုပင် ထောက်ထား ဆုံးဖြတ်ပါ။ [ ခန္ဓာဝါရ-ဟု ဆိုထားစေကာမူ ခန္ဓာမျှကိုသာ မဟုတ်၊ မဟာဘုတ်များ၏ ပါဝင်နိုင်သော အလှည့်အကြိမ်ကိုပါ ရေတွက်ပြရသည်ကို သတိပြုပါ။ ]

၄။ နာမက္ခန္ဓာဖြစ်က ဝေ,သဉ်, သင်,ဝိ–တို့ အစိတ်ဖြစ်သင့်သည်, အပေါင်းဖြစ်သင့်သည်ကို အလားတူပင် ဆုံးဖြတ်ပါ။

၅။ ယင်းသို့ ဆုံးဖြတ်ဝေဖန်ထားသော အစိတ်အစိတ်, အစိတ်အပေါင်း ခန္ဓာ–စသည်တို့ကို ရောနှောပေါင်းစပ်(မြှောက်ပွား)၍ ယူပါ။

**ဆောင်။** ။ အစိတ်ချင်း–မချွတ်ယွင်း ဆဲ့လေးမှန်၊
စိတ်ပေါင်းမှာ–တစ်ဆဲ့ငါးကို, ပိုင်းခြား ဝေဖန်။
ကံနှင့်ကတ်–ယင်း နှစ်တန်, ရုပ်နှင့်နာမ် ပိုင်းခြား၊
ထိုက်လျော်စွာ–ပေါင်းကာဖက်လို့ရယ်, ရေတွက်မမှား။

ဟေတုပစ္စည်း၏ အရကောက်ကို ပုံစံ–အနေဖြင့် ဆက်လက် ပြပါမည်၊ ဟောရိုးစစ်(၂၁၁)၌ ပြဆိုထားခဲ့သော "ဟောဟန်ကား" ဟူသော စကားရပ်နှင့် ဆက်စပ် ဟောရွတ်ရန် ဖြစ်ပါသည်။

**ကုသလေန ကုသလံ**

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ"ဟူသည်တည်း၊ ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏၊ ဟောဟန်ကား– "ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ"ဟူသည်တည်း။ [ အနက်ပေးပါ။ ]

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ"ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်ပါဌ်၌ "ကုသလော ဓမ္မော"ဟူသော ကတ္တားပုဒ်၏အရကား ကုသိုလ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

"ဟေတုပစ္စယာ"ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော ကုသိုလ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ စိတ္တက္ခဏ တစ်ခုတစ်ခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂–ပါး, ၃–ပါး ပစ္စည်းတရားတို့၏ "ဟေတုသတ္တိ" ရ၏၊ ထို ၂–ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

ခန္ဓာဝါရကား ၁၄-ဝါရ ဖြစ်သတည်း၊ ၁၄-ဝါရဟူသော်ကား ဧကက ၄-ဝါရ, တိက ၄-ဝါရ, ဒုက ၆-ဝါရ၊ ဤသို့အားဖြင့် ၁၄-ဝါရ ဖြစ်သတည်း။

"ဧကက ၄-ဝါရ"ဟူသော်ကား- "ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ဧကံ ခန္ဓ၏ အရကို ဝေဒနာယူ၍ တယော ခန္ဓာ၏အရကို သညာ, သင်္ခါရ, ဝိညာဉ်ယူ၍ တစ်ဝါရ၊ ဧကံ ခန္ဓ၏ အရကို သညာယူ၍ တယော ခန္ဓာ၏အရကို သင်္ခါရ, ဝိညာဉ်, ဝေဒနာယူ၍ တစ်ဝါရ၊ ဧကံ ခန္ဓ၏အရကို သင်္ခါရယူ၍ တယောခန္ဓာ၏အရကို ဝိညာဉ်, ဝေဒနာ, သညာယူ၍ တစ်ဝါရ၊ ဧကံ ခန္ဓ၏အရကို ဝိညာဉ်ယူ၍ တယော ခန္ဓာ၏ အရကို ဝေဒနာ, သညာ, သင်္ခါရယူ၍ တစ်ဝါရ၊ ဤသို့အားဖြင့် ဧကက ၄-ဝါရ ဖြစ်သတည်း။

"တိက ၄-ဝါရ"ဟူသော်ကား "တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော"ဟူ၍ . . . . ၌ တယော ခန္ဓေ၏အရကို ဝေဒနာ, သညာ, သင်္ခါရယူ၍ ဧကော ခန္ဓော၏ အရကို ဝိညာဉ်ယူ၍ တစ်ဝါရ၊ တယော ခန္ဓေ၏အရကို သညာ, သင်္ခါရ, ဝိညာဉ် ယူ၍ ဧကော ခန္ဓော၏အရကို ဝေဒနာယူ၍ တစ်ဝါရ၊ တယော ခန္ဓေ၏အရကို သင်္ခါရ, ဝိညာဉ်, ဝေဒနာယူ၍ ဧကော ခန္ဓော၏အရကို သညာယူ၍ တစ်ဝါရ၊ တယော ခန္ဓေ၏အရကို ဝိညာဉ်, ဝေဒနာ, သညာယူ၍ ဧကော ခန္ဓော၏အရ သင်္ခါရယူ၍ တစ်ဝါရ၊ ဤသို့ တိက ၄-ဝါရ ဖြစ်သတည်း။

"ဒုက ၆-ဝါရ"ဟူသော်ကား "ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ဒွေ ခန္ဓေ၏အရကို ဝေဒနာ, သညာယူ၍ ဒွေ ခန္ဓာ၏အရကို သင်္ခါရ, ဝိညာဉ်ယူ၍ တစ်ဝါရ၊ ဒွေ ခန္ဓေ၏အရကို ဝေဒနာ, သင်္ခါရယူ၍ ဒွေ ခန္ဓာ၏အရကို သညာ, ဝိညာဉ်ယူ၍ တစ်ဝါရ၊ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ, ဝိညာဉ်ယူ၍ ဒွေ ခန္ဓာ၏အရကို သညာ, သင်္ခါရယူ၍ တစ်ဝါရ၊ ဒွေ ခန္ဓေ၏အရကို သညာ, သင်္ခါရယူ၍ ဒွေ ခန္ဓာ၏အရကို ဝိညာဉ်, ဝေဒနာ ယူ၍ တစ်ဝါရ၊ ဒွေ ခန္ဓေ၏အရကို သညာ, ဝိညာဉ်ယူ၍ ဒွေ ခန္ဓာ၏အရကို ဝေဒနာ, သင်္ခါရယူ၍ တစ်ဝါရ၊ ဒွေ ခန္ဓေ၏အရကို သင်္ခါရ, ဝိညာဉ်ယူ၍ ဒွေ ခန္ဓာ၏အရကို ဝေဒနာ, သညာယူ၍ တစ်ဝါရ၊ ဤသို့ ဒုက ၆-ဝါရ ဖြစ်သတည်း။

ဤသို့လျှင် ဧကက ၄-ဝါရ, တိက ၄-ဝါရ, ဒုက ၆-ဝါရအားဖြင့် ခန္ဓာဝါရ ၁၄-ဝါရ ဖြစ်သတည်း။

**ကုသလေန အဗျာကတံ**

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒါဝသာနကို ဟောတော်မူ၏၊ ထို . . . ၌တုံသော်လည်း "ဝိဓိ, အနုဝါဒ"အားဖြင့် ၂-ပါး အပြား ရှိ၏၊ ထို . . . တွင် ဝိဓိကို . . . ၏၊ ဟောဟန်ကား-"ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ"ဟူသည်တည်း၊ ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏၊ ဟောဟန်ကား- "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ"ဟူသည်တည်း။ [ အနက်ပေး။ ]

"ကုသလံ . . . ဟေတုပစ္စယာ"ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်၌ "အဗျာကတော ဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား ပဋိစ္စဝါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

"ဟေတုပစ္စယာ"ဟူသော ဟိတ်ပါဠိ၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ၊ ဤ ဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရားတို့၏ "ဟေတုသတ္တိ" ရ၏၊ ထို ၂-ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

ခန္ဓာဝါရကား ၂၂၅-ဝါရ ဖြစ်သတည်း၊ "၂၂၅-ဝါရ"ဟူသော်ကား ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ, အာပေါမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ, တေဇောမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ, ဝါယောမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ။ [ ဧကက၊ ]

ပထဝီ အာပေါ တေဇောမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ, အာပေါ တေဇော ဝါယောမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ, တေဇော ဝါယော ပထဝီမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ, ဝါယော ပထဝီ အာပေါမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ။ [ တိက၊ ]

ပထဝီ အာပေါ မဟာဘုတ် . . . ၌ ၁၅-ဝါရ, ပထဝီတေဇော . . . ၌ ၁၅-ဝါရ, ပထဝီ ဝါယော . . . ၌ ၁၅-ဝါရ, အာပေါ တေဇာ. . . ၌ ၁၅-ဝါရ, အာပေါ ဝါယော . . . ၌ ၁၅-ဝါရ, တေဇော ဝါယော . . . ၌ ၁၅-ဝါရ။ [ ဒုက၊ ]

ပထဝီ အာပေါ တေဇော ဝါယောမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ။ [ စတုက္က ။ ]

ဤသို့အားဖြင့် ၁၅-ဝါရ ၁၅-ကြိမ် ဖြစ်ကောင်းသောကြောင့် ၂၂၅-ဝါရ ဖြစ်သတည်း။

"ပထဝီမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ"ဟူသော်ကား "ဧကက ၄-ဝါရ, တိက ၄-ဝါရ, ဒုက ၆-ဝါရ, စတုက္က တစ်ဝါရ" ဤသို့အားဖြင့် ၁၅-ဝါရ ဖြစ်သတည်း။

"ဧကက ၄-ဝါရ"ဟူသော်ကား "ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဋ္ဌ်၌ ကုသလေ ခန္ဓေ၏အရကို ဝေဒနာယူ၍ စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တစ်ဝါရ, ကုသလေ ခန္ဓေ၏အရကို သညာယူ၍ စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တစ်ဝါရ, ကုသလေ ခန္ဓေ၏အရကို သင်္ခါရယူ၍ စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တစ်ဝါရ, ကုသလေ ခန္ဓေ၏အရကို ဝိညာဉ်ယူ၍ စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တစ်ဝါရ၊ ဤသို့ ဧကက ၄-ဝါရ ဖြစ်သတည်း။ [ တိက ၄-ဝါရ, ဒုက ၆-ဝါရတို့ကိုလည်း နည်းမှီ၍ ဆိုပါ။ ]

"စတုက္က တစ်ဝါရ"ဟူသော်ကား ကုသလေ ခန္ဓေ၏အရကို ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ယူ၍ စိတ္တသမုဋ္ဌာနံ ရူပံ၏အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တစ်ဝါရ၊ ဤသို့ စတုက္က တစ်ဝါရ ဖြစ်သတည်း။

ဤသို့လျှင် "ဧကက ၄-ဝါရ, တိက ၄-ဝါရ, ဒုက ၆-ဝါရ, စတုက္က တစ်ဝါရ" အားဖြင့် ပထဝီမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ ဖြစ်သတည်း။

ထို့အတူ အာပေါမဟာဘုတ် စိတ္တရုပ်၌ ၁၅-ဝါရ,---ပထဝီ အာပေါ တေဇော ဝါယောမဟာဘုတ် စိတ္တဇရုပ်၌ ၁၅-ဝါရ၊ ဤသို့ ၁၅-ဝါရ ၁၅-ကြိမ် ဖြစ်ကောင်းသောကြောင့် ခန္ဓာဝါရ ၂၂၅-ဝါရ ဖြစ်သတည်း။

**ကုသလေန ကုသလာဗျာကတံ**

····ဟောဟန်ကား– ကုသလံ ဓမ္မံ ပဋိစ္စ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ၊····ကား– ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၊····နဥ္စ ရူပံ–ဟူသည်တည်း။ [ အနက်ပေး။ ]

····ဝိဓိပါဠိတော်ပါဌ်၌ "ကုသလောစ အဗျာကတောစ ဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဇောဝီသ စေတသိက်အဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်ဇောဝီသ စေတသိက်အဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ, ထိုနာမက္ခန္ဓာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

"ဟေတုပစ္စယာ"ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တက္ခန္ဓာ စိတ္တဇ ရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဇောဝီသ စေတသိက် အဌတ္တိံသ စိတ္တက္ခဏတစ်ခုတစ်ခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ၊ ဤ ဟိတ် ၂–ပါး, ၃–ပါး ပစ္စည်းတရားတို့၏ "ဟေတုသတ္တိ" ရ၏၊ ထို ၂–ပါးအရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

ခန္ဓာဝါရကား– ၂၁၀–ဖြစ်သတည်း၊ "၂၁၀"ဟူသော်ကား– ပထဝီမဟာဘုတ် စိတ္တဇရုပ်၌ ၁၄–ဝါရ,····ပထဝီ အာပေါ တေဇော ဝါယောမဟာဘုတ် စိတ္တဇ ရုပ်၌ ၁၄–ဝါရ၊ ဤသို့အားဖြင့် ၂၁၀–ဖြစ်သတည်း။

"ပထဝီမဟာဘုတ် စိတ္တဇရုပ်၌ ၁၄–ဝါရ"ဟူသော်ကား– ဧကက ၄–ဝါရ, တိက ၄–ဝါရ, ဒုက ၆–ဝါရ၊ ဤသို့အားဖြင့် ၁၄–ဝါရ ဖြစ်သတည်း။

"ဧကက ၄–ဝါရ"ဟူသော်ကား–"ဧကံ ခန္ဓံ ပဋိစ္စ····ရူပံ"ဟူ၍ ဟောတော် မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ဧကံ ခန္ဓ၏အရကို ဝေဒနာယူ၍ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရူပံ၏အရကို သညာ သင်္ခါရ ဝိညာဉ် ပထဝီမဟာဘုတ် စိတ္တရုပ် ယူ၍ တစ်ဝါရ, ဧကံ ခန္ဓ၏အရကို ဝိညာဉ်ယူ၍ တယော ခန္ဓာ စိတ္တ သမုဋ္ဌာနဥ္စ ရူပံ၏အရကို ဝေဒနာ သညာ သင်္ခါရ ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ တစ်ဝါရ၊ ဤသို့ ဧကက ၄–ဝါရ ဖြစ်သတည်း။ ဒွေ ခန္ဓေ၏အရကို သင်္ခါရ

ဝိညာဉ် ယူ၍ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စ ရုပ်၏အရကို ဝေဒနာ သညာ ပထဝီ–မဟာဘုတ် စိတ္တဇရုပ်ယူ၍ တစ်ဝါရ၊ ဤသို့ ဒုက ၆–ဝါရ ဖြစ်သတည်း။

ဤသို့လျှင် "ဧကက ၄–ဝါရ, တိက ၄–ဝါရ, ဒုက ၆–ဝါရ"အားဖြင့် ပထဝီ မဟာဘုတ် စိတ္တဇရုပ်၌ ၁၄–ဝါရ ဖြစ်သတည်း။

ဤအတူ အာပေါမဟာဘုတ် စိတ္တဇရုပ်၌ ၁၄–ဝါရ,. . . ပထဝီ အာပေါ တေဇော ဝါယောမဟာဘုတ် စိတ္တဇရုပ်၌ ၁၄–ဝါရ၊ ဤသို့ ၁၄–ဝါရ ၁၅–ကြိမ် ဖြစ်ကောင်းသောကြောင့် ခန္ဓာဝါရ ၂၁၀–ဖြစ်သတည်း။

ဤမျှဖြင့်ပင် ပဋိစ္စဝါရ အနုလုံကို နည်းမှီကောက်တတ်လောက်ပါပြီ၊ ပစ္စယ ဝါရ, နိဿယဝါရတို့၌ အနည်းငယ် ထူးခြားသော အရကောက်များကို ဆက်လက် ပြပါဦးမည်၊ပါဠိတော်ဖယားနှင့် တိုက်ဆိုင်ကြည့်ရှု လေ့လာစေလိုပါသည်။

## ပစ္စယဝါရ အရကောက်

**အဗျာကတေန အဗျာကတံ**

ဝတ္ထုကုံနေရာ၌ အဗျာကတော. . . .ကတ္တား. . . .ကား မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော စက္ခုဝိညာဉ်ဒွေး သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ကာယဝိညာဉ်ဒွေး သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု အစိတ်အပေါင်း နာမက္ခန္ဓာ။–[ စက္ခာယတနံ ပစ္စယာ စက္ခု ဝိညာဏံ. . . .ကာယဝိညာဏံ။ ]

ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေးစိတ္တက္ခဏတစ်ချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယ ဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် ၄–ခု ဒွေးပဉ္စဝိညာဉ်–၁၀ ကြဉ်သော ဝိပါက်ဗာဝီသ ကြိယာ

ဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ။ [ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကြိယာ ဗျာကတာ ခန္ဓာ။ ]

**အဗျာကတော ကုသလ်**

ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ် အပေါင်း နာမက္ခန္ဓာ။

**အဗျာကတော အကုသလ်**

ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ။

**အဗျာကတော ကုသလာဗျာကတံ**

ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ဖြစ်သောအခါ ကုသိုလ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ် အပေါင်း နာမက္ခန္ဓာ, ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ်။ [ အဗျာကတော အကုသလာဗျာကတံကိုလည်း နည်းမှီ၍ ကောက်ပါ။ ]

**ကုသလာဗျာကတော ကုသလ်**

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း, ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော

အခါ ကုသိုလ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာ။ [ ကုသလာဗျာကတေန အဗျာကတံကား ပဋိစ္စဝါရနှင့် မထူးတော့ပါ။ ]

**ကုသလာဗျာကတေန ကုသလာဗျာကတံ**

ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း, ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ, ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ်။ [ အကုသလာဗျာကတပဒ ၃-ချက်ကိုလည်း နည်းမှီ၍ ကောက်ပါ၊ သိလွယ်ပါပြီ။ ]

### ပစ္စနိက်-အရကောက်

ကတ္တားကောက်မှာ အနုလုံ ကတ္တားကောက်နှင့် မထူးလှတော့ပါ၊ ပဒ,ပဒါဝသာနအားလျော်စွာ သုဒ္ဓသချာမှ ထုတ်ယူထားသော တရားတို့ကို အစိတ်အစိတ် ဖြစ်သင့်သလား, အစိတ်အပေါင်း ဖြစ်သင့်သလား ဝေဖန်စဉ်းစားလျက် ကောက်ယူရုံမျှသာ ဖြစ်ပါတော့သည်၊ သရုပ်ခွဲကို ကျေညက်ခဲ့ပါက လွယ်ကူသက်သာပါလိမ့်မည်။

**ဟိတ်ပါဠိ အရကောက်**

၁။ ပစ္စနိက် ဟိတ်ပါဠိအရကို မိမိမှ တစ်ပါးသော ပစ္စည်းတို့၏ ယထာရဟ သတ္တိကို ကောက်ပါ၊ သို့သော် ပစ္ဆာဇာတသတ္တိကို မရနိုင်ကြောင်းကိုမူ သတိပြုရပါလိမ့်မည်။

၂။ တစ်နည်းကား အကျယ်အရကောက်ကို "မျိုးပစ္စည်းအားဖြင့် ကောက်နည်း, ပစ္စည်းရေသရုပ်ကို ဖော်ထုတ်၍ ကောက်နည်း"ဟူသော နည်း ၂-ပါးတို့တွင် တစ်နည်းနည်းဖြင့် ကောက်ပါ။

၃။ ယင်းသို့ ကောက်သည့်အခါမှာ ကတ္တားအရ ဆိုင်ရာ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သမျှသော ပစ္စယသတ္တိတို့ကို ပဉှာဝါရလာ သုဒ္ဓသချာကို ထောက်ဆ၍ ဖော်ထုတ်ကောက်ယူပါ။

**ဆောင်။** ။ ဟိတ်ပါဠိပြ–ပစ္စယ အပါဒါန်၊
ခံပြီးလျှင်–ကြွင်းသတ္တိကို၊ နှိုင်းညှိဝေဖန်။
အကျယ်ကောက်–မျိုးတစ်တန်၊ သရုပ်ညွှန် ဖော်ထုတ်၊
ဆိုင်ရာပန်–ကျေးဇူးပြုပါတဲ့၊ ပစ္စည်းမှန် သတ္တိစုကို၊
ပညာညွှန်–သချာရှုလို့ရယ်၊ ယူမှု မယုတ်။

**ဟောရိုးစစ်**

အနုလုံကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စနိကကို ဟောတော်မူ၏၊ ထို ပစ္စနိကခ်၌တုံသော်လည်း "ဝိဘင်္ဂဝါရ, သချာဝါရ"အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို ၂–ပါးတို့တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ [ ဝိဘင် သချာ၊ ]

ထို . . . ၌တုံသော်လည်း န ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် ၂၀–အပြားရှိ၏၊ [ သ, နိ, အတ်, အ–တို့ကို မရသောကြောင့် ၂၀–ဖြစ်ရသည်၊] ထို . . .တွင် န ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ [ဟေတာဒိ ပစ္စည်း။ ]

ထို . . .၌တုံသော်လည်း "အကုသလပဒ, အဗျာကတပဒ"အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို . . .တွင် အကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုအကုသလ ပဒသည် အကုသလပဒါဝသာနအားဖြင့် တစ်ပါးသာတည်း၊ "ဝိဓိ, အနုဝါဒ" အားဖြင့် ၂–ပါး အပြားရှိ၏၊ ထို . . . တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။ [ ပဒ ပဒါ–ဝိ အနုတို့ကိုလ၊ ]

**အကုသလေန အကုသလ်**

ဟောဟန်ကား– "အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ"ဟူသည်တည်း၊ ဝိဓိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏၊ ဟောဟန်ကား– "ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋိစ္စ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော"ဟူသည်တည်း။

. . . .န ဟေတုပစ္စယာ ဟေတုပစ္စယံ ဝိနာ အညေန ပစ္စယေန–ဟေတုပစ္စည်းကို ကြဉ်၍ တစ်ပါးသော ပစ္စည်းကြောင့်၊. . . .ဥဒ္ဓစ္စသဟဂတော–ဥဒ္ဓစ္စသဟဂုတ်နှင့် တကွဖြစ်သော၊ မောဟော–မောဟသည်၊ န ဟေတုပစ္စယာ ဌပေတွာ ဟေတုပစ္စယံ အညေဟိ အတ္တနော အနုရူပပစ္စယေဟိ–ဟေတုပစ္စည်းကို ထား၍ ဟေတုပစ္စည်းမှ တစ်ပါးကုန်သော မိမိအား လျော်ကပ်သော ပစ္စည်းတို့ကြောင့်၊ ဥပ္ပဇ္ဇတိ–၏။

. . . .ဝိဓိပါဠိတော်ပါဌ်၌ "အကုသလော ဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် စေတသိက်စုဒ္ဒသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟ ပစ္စယုပ္ပန်တရား ရ၏။

"န ဟေတုပစ္စယာ"ဟူသော ဟိတ်ပါဌ်၏ အရကား ဟေတုပစ္စည်းကို ထား၍ တစ်ပါးသော ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**တစ်နည်းကား—**

"န ဟေတုပစ္စယာ"ဟူသော ဟိတ်ပါဌ်၏ အရကား ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် မောဟအား တပ်သော လောကီစိတ်ကောသိတိ စေတသိက် ဒွေးပညာသ ရုပ်အဋ္ဌဝီသ ပညတ်–ဟု ဆိုအပ်သော အာရုံ ၆–ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ၊ မရဏာသန္နအခါ ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် မောဟအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု–ဟု ဆိုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့ "အာရမ္မဏ, ဝတ္ထာရမ္မဏနိဿယ, အာရမ္မဏပုရေဇာတ, ဝတ္ထာရမ္မဏဝိပ္ပယုတ္တ, အာရမ္မဏပုရေဇာတတ္ထိ, အာရမ္မဏ ပုရေဇာတအဝိဂတ" ဤ ၆–ပစ္စယသတ္တိ။ [ အာရမ္မဏမျိုး၊ ]

ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် မောဟအား တပ်သော သမ္ပယုတ်ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် အစိတ်အပေါင်း နာမက္ခန္ဓာတို့၏ "သဟဇာတ, အညမည, သဟဇာတနိဿယ, သမ္ပယုတ္တ, သဟဇာတတ္ထိ, သဟဇာတအဝိဂတ" ဤ ၆–ပစ္စယသတ္တိ၊ သမ္ပယုတ်ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် မောဟအား တပ်သော စေတနာဖြစ်အံ့ (ကမ္မအာဟာရထည့်၍) ၈–ပစ္စယသတ္တိ၊ သမ္ပယုတ်ဖြစ်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် မောဟအား တပ်သော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာဖြစ်အံ့ (ဣန္ဒြိယထည့်၍) ၇–ပစ္စယ သတ္တိ၊ သမ္ပယုတ် . . . ဝိတက်, ဝိစာရ, ဝေဒနာ, ဧကဂ္ဂတာဖြစ်အံ့ (ဈာနထည့်၍) ၇–ပစ္စယသတ္တိ၊ သမ္ပယုတ်. . . .တပ်သော ဝိတက်, ဝီရိယ, ဧကဂ္ဂတာဖြစ်အံ့ (မဂ္ဂထည့်၍) ၇–ပစ္စယသတ္တိ။ [ သဟမျိုး၊ ]

ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် ပထမဇော၌ရှိသော မောဟအား တပ်သော ဂုဋ္ဌော မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရားတို့၏ "အနန္တရ, သမနန္တရ, အနန္တရူပ

နိဿယ, နတ္ထိ, ဝိဂတ" ဤ ၅-ပစ္စယသတ္တိ၊ နောက်နောက်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် မောဟအား တပ်သော ပထမ အစရှိသော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်ဇောဖြစ်အံ့ (အာသေဝနထည့်၍) ၆-ပစ္စယသတ္တိ။ [ အနန္တ ရူ၊ ]

ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် မောဟအား တပ်သော ဗလဝဖြစ်သော လောကီစိတ်ကောသီတိ စေတသိက်ဒွေးပညာသ ရုပ်အဋ္ဌဝီသ ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ။ [ ပကတူပနိဿယမျိုး၊ ]

ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် မောဟအား တပ်သော ဝဋ္ဋော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ မောဟမူ မရဏာသန္နဇော ၅-ချက်၌ရှိသော မောဟအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း တရားတို့၏ "နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ" ဤ ၅-ပစ္စယသတ္တိ ရ၏။ [ ဝတ္ထုမျိုး၊ ]

ထို ၂-ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း၊ ခန္ဓာဝါရကား ၁၅-ဝါရ ဖြစ်သတည်း၊ ဖွဲ့လေ၊ လွယ်ပြီ။

## သချာဝါရ

### သုဒ္ဓသချာဝါရ

ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ သချာဝါရကို ဟောတော်မူ၏၊ ထို....၌တုံသော်လည်း "သုဒ္ဓသချာဝါရ, ဒုကာဒိသချာဝါရ"အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို...တွင် သုဒ္ဓသချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို....၌ တုံသော်လည်း ဟေတုပစ္စည်း၏ သုဒ္ဓသချာဝါရ, အာရမဏပစ္စည်း၏ သုဒ္ဓသချာ ဝါရ အစရှိသောအားဖြင့် ၂၃-ပါး အပြားရှိ၏၊ ထို....တွင် ဟေတုပစ္စည်း၏ သုဒ္ဓသချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုဟေတုပစ္စည်း၏ သုဒ္ဓသချာဝါရ၌ သဟိတ်စိတ်ကေသတ္တတိ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေးပညာသ သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်- ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌....လည်းကောင်း "ဟေတုယာ နဝ"ဟု သချာတပ်၍ ဟောအပ်ကုန်၏။

ဟေတုယာ ဟေတုပစ္စယေ–ဟေတုပစ္စည်း၌၊ နဝ–ကုန်သော၊ ဝိဿဇ္ဇနာနိ–အဖြေတို့ကို၊ လဗ္ဘန္တိ–ရအပ်ကုန်၏၊ “နဝ”ဟူသော်ကား . . .

**ဒုကာဒိ သချာဝါရ**

“ပစ္စည်းအနုလုံ, ပစ္စည်းပစ္စနိက်, ပစ္စည်းအနုလောမပစ္စနိက်, ပစ္စည်းပစ္စနီယာနုလောမ”ဟူသော နယ ၄–ပါး၏ ဒုကာဒိသင်္ချာဝါရကို တပေါင်းတည်း ပြပါမည်၊ ပစ္စည်းတွန်းဟောလိုက တစ်ပါတည်း တွန်းဟောနိုင်ရန် ဖြစ်သည်၊ ပစ္စည်းတွန်းပုံအစီအစဉ်ကိုမူ ပဉ္စဝါရ(၁၄၃)၌ ပြဆိုထားခဲ့ပါပြီ။

၁။ အနုလုံကို ဟောလိုလျှင် မူလ,မူလီပစ္စည်းတို့၏ အနုလုံသုဒ္ဓသင်္ချာချင်း တိုက်ဆိုင်လျက် ၂–ဖက်ရတရားကို ထုတ်ယူထားပါ။

၂။ ရလာသော တရားအားလျော်စွာ သင်္ချာထုတ်ပါ၊ အစိတ်သင်္ချာများကို အသီးအသီး ရေတွက်ကောက်ပြပါ၊ ရသင့်သည်အားလျော်စွာ ဝိဘင်းပါဠိ ထုတ်ပါ။

၃။ ပစ္စနိက်ကို ဟောလိုလျှင် မူလ,မူလီပစ္စည်းတို့၏ ပစ္စနိက်သုဒ္ဓသင်္ချာချင်း တိုက်ဆိုင်ညှိနှိုင်းလျက် ၂–ဖက်ရတရားကို ထုတ်ယူထားပါ၊ တရားအားလျော်စွာ သင်္ချာထုတ်မှု–စသည်ကို ပြုလုပ်ပါ။

၄။ အနုလောမပစ္စနိက်ကို ဟောလိုလျှင် မူပစ္စည်း၏ အနုလုံသုဒ္ဓသင်္ချာ, မူလီပစ္စည်း၏ ပစ္စနိက်သုဒ္ဓသင်္ချာတို့ကို ညှိနှိုင်းတိုက်ဆိုင်လျက် ၂–ဖက်ရတရားကို ထုတ်ယူပါ၊ ရလာသော တရားအားလျော်စွာ သင်္ချာထုတ်မှု–စသည်ကို ပြုလုပ်ပါ။

၅။ ပစ္စနီယာနုလောမကို ဟောလိုလျှင် မူပစ္စည်း၏ ပစ္စနိက်သုဒ္ဓသင်္ချာ, မူလီပစ္စည်း၏ အနုလုံသုဒ္ဓသင်္ချာတို့ကို တိုက်ဆိုင်ကြည့်ရှုလျက် ၂–ဖက်ရ အတူ ရှာပါ၊ ရလာသော တရားအားလျော်စွာ သင်္ချာထုတ်မှု–စသည် ပြုလုပ်ပါ။

**ဆောင်။** ။ နု နိက်လား–စစ်ဆေးထား ဦးစွာ၊
မူ မူလီ–ရတရားကို, ညှိထားသေချာ။
နှစ်ဖက်ရ–ရှုဆကာ, သင်္ချာသာ ထုတ်ဘိ၊
စိတ်သင်္ချာ–လျော်စွာ ကောက်လို့ရယ်, နောက်ဆက်ပါဠိ။

ပဋိစ္စဝါရ ဟေတုပစ္စည်း၏ ဒုကာဒိပါဠိကို နည်းရရုံ ထုတ်ပြမည်၊ အကြွင်းကို နည်းမှီဟောပါ။

| မူလမူလီပစ္စည်း | ဒုက | တိက | သာသေ | | သဝိပါ | | မူလမူလီပစ္စည်း | ဒုက | တိက | ဗာဝီသက |
|---|---|---|---|---|---|---|---|---|---|---|
| | | | ဒွါဒသက | ဗာဝီသက | တေရသက | ဗာဝီသက | | | | |
| ၁။ ဟေတု | = | = | = | = | = | = | ၁။ န ဟေတု | = | = | = |
| ၂။ အာရမ္မဏ | ၃ | = | ။ | ။ | ။ | ။ | ၂။ န အာရမ္မဏ | ၁ | = | |
| ၃။ အဓိပတိ | ၉ | ၃ | | | | | ၃။ န အဓိပတိ | ၂ | ၁ | |
| ၄။ အနန္တရ | ၃ | ၃ | | | | | ၄။ န အနန္တရ | ၁ | ၁ | |
| ၅။ သမနန္တရ | ၃ | ၃ | | | | | ၅။ န သမနန္တရ | ၁ | ၁ | |
| ၆။ သဟဇာတ | ၉ | ၃ | | | | | ၆။ န အညမည | ၁ | ၁ | |
| ၇။ အညမည | ၃ | ၃ | | | | | ၇။ န ဥပနိဿယ | ၁ | ၁ | |
| ၈။ နိဿယ | ၉ | ၃ | | | | | ၈။ န ပုရေဇာတ | ၂ | ၁ | |
| ၉။ ဥပနိဿယ | ၃ | ၃ | | | | | ၉။ န ပစ္ဆာဇာတ | ၂ | ၁ | |
| ၁၀။ ပုရေဇာတ | ၃ | ၃ | | | | | ၁၀။ န အာသေဝန | ၂ | ၁ | |
| ၁၁။ အာသေဝန | ၃ | ၃ | = | = | x | x | ၁၁။ န ကမ္မ | ၁ | ၁ | |
| ၁၂။ ကမ္မ | ၉ | ၃ | ၃ | = | = | = | ၁၂။ န ဝိပါက | ၂ | ၁ | |
| ၁၃။ ဝိပါက | ၁ | ၁ | x | x | = | ။ | ၁၃။ န အာဟာရ | ၁ | ၁ | |
| ၁၄။ အာဟာရ | ၉ | ၃ | ၃ | ။ | ၁ | | ၁၄။ န ဣန္ဒြိယ | ၁ | ၁ | |
| ၁၅။ ဣန္ဒြိယ | ၉ | ၃ | ၃ | | ၁ | | ၁၅။ န ဈာန | ၁ | ၁ | |
| ၁၆။ ဈာန | ၉ | ၃ | ၃ | | ၁ | | ၁၆။ န မဂ္ဂ | ၁ | ၁ | |
| ၁၇။ မဂ္ဂ | ၉ | ၃ | ၃ | | ၁ | | ၁၇။ န သမ္ပယုတ္တ | ၁ | ၁ | |
| ၁၈။ သမ္ပယုတ္တ | ၃ | ၃ | ၃ | | ၁ | | ၁၈။ န ဝိပ္ပယုတ္တ | ၁ | ၁ | |
| ၁၉။ ဝိပ္ပယုတ္တ | ၉ | ၃ | ၃ | | ၁ | | ၁၉။ နော နတ္ထိ | ၁ | ၁ | |
| ၂၀။ အတ္ထိ | ၉ | ၃ | ၃ | | ၁ | | ၂၀။ နော ဝိဂတ | ၁ | ၁ | ၁ |
| ၂၁။ နတ္ထိ | ၃ | ၃ | ၃ | | ၁ | | | | | |
| ၂၂။ ဝိဂတ | ၃ | ၃ | ၃ | | ၁ | | | | | |
| ၂၃။ အဝိဂတ | ၉ | ၃ | ၃ | ၃ | ၁ | ၁ | | | | |

(x) ဤအမှတ်ဖြင့် မူ,မူလီ၌ မပါဝင်သော ပစ္စည်းကို ပြသည်။

(=) (။) ဤအမှတ်များဖြင့် "မူ"ပစ္စည်းကို ပြသည်။

ဟေတုပစ္စယာ အာရမဏော တီဏိ၊. . . .အဝိဂတေ နဝ။ [ ဒုက၊ ]

ဟေတုပစ္စယာ အာရမဏပစ္စယာ အဓိပတိယာ တီဏိ၊. . . . အဝိဂတေ တီဏိ။ [ တိက၊ ]

ဟေတုပစ္စယာ အာရမဏပစ္စယာ. . . .အာသေဝနပစ္စယာ ကမ္မေ တီဏိ၊ အာဟာရေ တီဏိ. . . . အဝိဂတေ တီဏိ–စသည်ဖြင့် ဗယားကုန်အောင် ဆိုပါ။

န ဟေတုပစ္စယာ န အာရမဏေ ဧက်–စသည်ဖြင့် ပစ္စနိက်ကို ဆိုပါ။

**အနုလုံ ဒုကာဒိ**

သုဒ္ဓသင်္ချာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိ သင်္ချာဝါရကို ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း ဟေတုပစ္စည်း၏ ဒုကာဒိ သင်္ချာဝါရ, အာရမဏပစ္စည်း၏ ဒုကာဒိ သင်္ချာဝါရ အစရှိသောအားဖြင့် ၂၃–ပါး အပြားရှိ၏၊ ထို ၂၃–ပါးတို့တွင် ဟေတုပစ္စည်း၏ ဒုကာဒိသင်္ချာဝါရကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း "ဒုက, တိက, စတုက္က, ပဉ္စက,. . . . *ဗာဝီသက" အားဖြင့် ၂၁–ပါး အပြားရှိ၏၊ ထို. . . .တွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဒုက၌တုံသော်လည်း ဟေတုမူ အာရမဏဒုက အစရှိသောအားဖြင့် ၂၂–ပါး အပြားရှိ၏၊ ထို. . . .တွင် ဟေတုမူ အာရမဏဒုကသင်္ချာဝါရကို ရှေးဦးစွာဟောတော်မူ၏။

[ *အရကောက်၌ "တေဝီသကအားဖြင့် ၂၃–ပါး အပြားရှိ၏" ဟု ရှိနေသည်၊ ပါဠိတော်၌ ဗာဝီသကမျှကိုသာ ပြဆိုထားသည်၊ ထို့ပြင် ဒုကမှ တေဝီသကအထိ ရေတွက်ကလည်း ၂၂–ပါးသာ ဖြစ်နိုင်ပါသည်၊ ရှေးရှေး ပေမူတို့၌လည်း ဤအတိုင်းပင် ရှိနေသည်၊ ထို့ကြောင့် "ပုံနှိပ်ရာ၌ ချို့ယွင်းချက်"ဟုလည်း မဆိုသင့်၊ "ရှေးအစဉ်အဆက် အရေးအကူး မှားလာ သလား"ဟု စဉ်းစားမိပါသည်။ ]

ထိုဟေတုမူ အာရမဏဒုကသင်္ချာဝါရ၌ သဟိတ်စိတ်ကေသတ္တတိ မောဟမူ ဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေးပညာသ သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး ဤတရားတို့သည် "ဟေတု, အာရမဏ" ၂–ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော

တရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့ လိုက်၍လည်းကောင်း, ဝါရသို့ လိုက်၍လည်းကောင်း, တိက်ပုဒ်အရသို့ လိုက်၍လည်းကောင်း, ကံ ကတ္တားနေဟန်သို့ လိုက်၍လည်းကောင်း "ဟေတုပစ္စယာ အာရမဏော တိကဏီ"ဟု သချာတပ်၍ ဟောအပ်ကုန်၏၊ "တိကဏီ"ဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ"ဟူသည်တည်း။ [ ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ ဤ ၂-ချက်ကို ဟေတုအတိုင်း ကောက်၊ ဝိဘင်းကိုလည်းရွတ်။ ]

"အဗျာကတေန အဗျာကတံ-၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော"ဟူသော ကတ္တား· · · ·ကား သဟိတ်ဝိပါက်ကေဝိသ သဟိတ်ကြိယာသတ္တရသ စေတသိက် အဠွတ္တိ'သ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော သဟိတ်ဝိပါက် . . . အဠွတ္တိ'သ အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန်တရား ရ၏၊ ပဋိသန္ဓေအခါ . . . .ကတ္တား. . . . ကား သဟိတ်ပဋိသန္ဓေ သတ္တရသ စေတသိက်ပဉ္စတ္တိ'သ အစိတ်အစိတ် နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော သဟိတ်ပဋိသန္ဓေ· · · ·ပဉ္စတ္တိ'သ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာပစ္စယုပ္ပန်တရား ရ၏၊ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိ ဝိဘင်းကို "အဗျာကတံ ဓမ္မံ ပဋိစ္စ . . . .ပစ္စယာ၊ ဝိပါကာဗျာကတံ . . . .ဝတ္ထုံ ပဋိစ္စ ခန္ဓာ"ဟု ဟောအပ်၏။ [ အာရမဏဝိဘင်းအတိုင်း ရွတ်။ ]

**ပစ္စနိက် ဒုကာဒိ**

သုဒ္ဓသချာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိသချာဝါရကို ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း န ဟေတုဒုကာဒိ အစရှိသောအားဖြင့် ၂၀-အပြားရှိ၏၊ ထို. . . .တွင် န ဟေတုဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း ဒုက, တိက အစရှိသောအားဖြင့် ၁၉-ပါး အပြားရှိ၏၊ ထို. . . .တွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို . . .၌တုံသော်လည်း န ဟေတုမူ နာရမဏဒုက အစရှိသောအားဖြင့် ၁၉-ပါး အပြားရှိ၏၊ ထို. . . .တွင် န ဟေတုမူ နာရမဏဒုကကို ရှေးဦးစွာ ဟောတော်မူ၏။

ထို . . .၌ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိယရုပ်. . . . ပဝတ္တိကမ္မဇရုပ် ဤတရားတို့သည် "န ဟေတု, နာရမဏ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားမည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ . . . .န ဟေတုပစ္စယာ နာရမဏော ဓော် . . . .၏။

| မူပစ္စည်း | မူလိပစ္စည်း | ဒုက | တိက | စတုက္က | ကောဒသက | သာသေ ဒွါဒသက | သာသေ တေဝီသက | သဝိပါ တေရသက | သဝိပါ တေဝီသက |
|---|---|---|---|---|---|---|---|---|---|
| ၁။ ဟေတု | = = = = | = | = | = | = | = | = | = | = |
| ၂။ အာရမဏ | န အာရမဏ | ၅ | = | = | | | | | |
| ၃။ အဓိပတိ | န အဓိပတိ | ၉ | ၃ | = | | | | | |
| ၄။ အနန္တရ | န အနန္တရ | ၅ | | | | | | | |
| ၅။ သမနန္တရ | န သမနန္တရ | ၅ | | | | | | | |
| ၆။ သဟဇာတ | x | | | | ။ | ။ | ။ | ။ | ။ |
| ၇။ အညမည | န အညမည | ၅ | | | | | | | |
| ၈။ နိဿယ | x | | | | | | | | |
| ၉။ ဥပနိဿယ | န ဥပနိဿယ | ၅ | | | | | | | |
| ၁၀။ ပုရေဇာတ | န ပုရေဇာတ | ၇ | ၃ | ၃ | | | | | |
| - x | န ပစ္ဆာဇာတ | ၉ | ၃ | ၃ | ၃ | ၃ | ၃ | ၁ | ၁ |
| ၁၁။ အာသေဝန | န အာသေဝန | ၉ | ၃ | ၃ | ၃ | = | = | ၁ | ၁ |
| ၁၂။ ကမ္မ | န ကမ္မ | ၃ | ၃ | ၃ | ၃ | ၃ | = | = | |
| ၁၃။ ဝိပါက | န ဝိပါက | ၉ | ၃ | ၃ | ၃ | ၃ | ၃ | = | |
| ၁၄။ အာဟာရ | x | | | | | | | | |
| ၁၅။ ဣန္ဒြိယ | x | | | | | | | | |
| ၁၆။ ဈာန | x | | | | | | | | |
| ၁၇။ မဂ္ဂ | x | | | | | | | | |
| ၁၈။ သမ္ပယုတ္တ | န သမ္ပယုတ္တ | ၅ | | | | | | | |
| ၁၉။ ဝိပ္ပယုတ္တ | န ဝိပ္ပယုတ္တ | ၃ | ၃ | ၃ | | | | | |
| ၂၀။ အတ္ထိ | x | | | | | | ။ | | ။ |
| ၂၁။ နတ္ထိ | နော နတ္ထိ | ၅ | | | | | | | |
| ၂၂။ အဝိဂတ | နော ဝိဂတ | ၅ | | | | | | | |
| ၂၃။ အဝိဂတ | x | | | | | | | | |

**အနုလောမပစ္စနိက် ဒုကာဒိ**

ဟေတုပစ္စယာ အာရမ္မဏပစ္စယာ. . . ပုရေဇာတပစ္စယာ အာသေဝနပစ္စယာ န ပစ္ဆာဇာတေ တီဏိ၊ န ကမ္မေ တီဏိ၊ န ဝိပါကေ တီဏိ။ [ ဒွါဒသကာ၊ ]

ဟေတုပစ္စယာ အာရမ္မဏပစ္စယာ. . . ပုရေဇာတပစ္စယာ ကမ္မပစ္စယာ ဝိပါက ပစ္စယာ န ပစ္ဆာဇာတေ ဧကံ၊ န အာသေဝနေ ဧကံ။ [ တေရသကာ၊ ]

ပစ္စည်းပစ္စနိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်းအနုလောမပစ္စနိက်ကို ဟောတော်မူ၏၊ ထိုအနုလောမ ပစ္စနိက်၌တုံသော်လည်း ဟေတုဒုကာဒိ အစရှိသော အားဖြင့် ၂၃–ပါး အပြားရှိ၏၊ ထို· · · တွင် ဟေတုဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို. . . .၌လည်း ဒုက, တိက အစရှိသောအားဖြင့် ၂၂–ပါး အပြားရှိ၏၊ ထို· · · ·တွင် ဒုကကို· · · ·၏၊ ထို· · · ·၌တုံသော်လည်း ဟေတုမူ နာရမ္မဏဒုက အစရှိသောအားဖြင့် ၁၅–ပါး. . . .၏၊ ထို· · · ·တွင် ဟေတုမူ နာရမ္မဏဒုကကို . . . .၏၊ ဟောဟန်ကား–"ဟေတုပစ္စယာ နာရမ္မဏေ ပဥ္စ"ဟူသည်တည်း။

ထိုဟေတုမူ နာရမ္မဏဒုက၌ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် "ဟေတု, နာရမ္မဏ" ပစ္စည်း ၂–ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏၊ ထို့ကြောင့် ဤအနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ နာရမ္မဏေ ပဥ္စ"ဟု· · · ·၏။

. . . ."ဟေတုပစ္စယာ နာဓိပတိယာ နဝ"ဟူသည်တည်း၊ ထိုနာဓိပတိဒုက၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ မောဟမူ ဒွေး၌ မောဟကြဉ်သော အကုသိုလ်ဒွါဒသ၊ မဟာကုသိုလ် မဟာကြိယာ သဟိတ်လောကီ ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ နိရာဓိပတိ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် "ဟေတု, နာဓိပတိ" ပစ္စည်း ၂–ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏၊ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာဓိ ပတိယာ နဝ"ဟု· · · ·၏။

ကြွင်းသောပစ္စည်းတို့ကိုလည်း ရှေ့က နည်းပေးထားခဲ့သည်ကို သတိပြုလျက် ရသင့်သည်အားလျော်စွာ ဟောပါ။

| မူပစ္စည်း | မူလီပစ္စည်း | ဒုက | တိက | သတ္တက | ဧကာဒသက | ဒွါဒသက | စုဒ္ဒသက | ဧကဝီသက |
|---|---|---|---|---|---|---|---|---|
| ၁။ န ဟေတု | | = | = | = | = | = | = | = |
| ၂။ န အာရမ္မဏ | အာရမ္မဏ | ၂ | = | | | | | |
| ၃။ န အဓိပတိ | x | | | ။ | ။ | ။ | ။ | ။ |
| ၄။ န အနန္တရ | အနန္တရ | ၂ | | | | | | |
| ၅။ န သမနန္တရ | သမနန္တရ | ၂ | | | | | | |
| x | သဟဇာတ | ၂ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၆။ န အညမည | အညမည | ၂ | ၁ | = | = | = | = | = |
| x | နိဿယ | ၂ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၇။ န ဥပနိဿယ | ဥပနိဿယ | ၂ | | | | | | |
| ၈။ န ပုရေဇာတ | ပုရေဇာတ | ၂ | | | ။ | ။ | ။ | ။ |
| ၉။ န ပစ္ဆာဇာတ | x | | | | | | | |
| ၁၀။ န အာသေဝန | အာသေဝန | ၂ | | | | | | |
| ၁၁။ န ကမ္မ | ကမ္မ | ၂ | ၁ | ၁ | | | | |
| ၁၂။ န ဝိပါက | ဝိပါက | ၁ | ၁ | ၁ | | | | |
| ၁၃။ န အာဟာရ | အာဟာရ | ၂ | ၁ | ၁ | ၁ | ၁ | | |
| ၁၄။ န ဣန္ဒြိယ | ဣန္ဒြိယ | ၂ | ၁ | ၁ | | | | |
| ၁၅။ န ဈာန | ဈာန | ၂ | ၁ | ၁ | | | | |
| ၁၆။ န မဂ္ဂ | မဂ္ဂ | ၁ | | | | | | |
| ၁၇။ န သမ္ပယုတ္တ | သမ္ပယုတ္တ | ၂ | | | | | | |
| ၁၈။ န ဝိပ္ပယုတ္တ | ဝိပ္ပယုတ္တ | ၂ | ၁ | ၁ | | | | |
| x | အတ္ထိ | ၂ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၁၉။ နော နတ္ထိ | နတ္ထိ | ၂ | | | | | | ။ |
| ၂၀။ နော ဝိဂတ | ဝိဂတ | ၂ | | | | | | |
| x | အဝိဂတ | ၂ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |

**ပစ္စနီယာနုလောမ ဒုကာဒိ**

န ဟေတုပစ္စယာ အာရမ္မဏေ ဒွေ၊ အနန္တရေ ဒွေ၊ သမနန္တရေ ဒွေ၊ သဟဇာတေ ဒွေ၊. . . .အဝိဂတေ ဒွေ။ [ ဒုက၊ ]

န ဟေတုပစ္စယာ န အာရမ္မဏပစ္စယာ. . . .န သမနန္တရပစ္စယာ န အညမည ပစ္စယာ သဟဇာတေ ဧကံ၊. . . .၊အဝိဂတေ ဧကံ။ [ သတ္တက ၊]

ပစ္စည်းအနုလောမ ပစ္စနိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စည်းပစ္စနီယာနုလောမကို ဟောတော်မူ၏၊ ထို . . .၌တုံသော်လည်း န ဟေတုဒုကာဒိ အစရှိသော အားဖြင့် ၂၀–အပြား ရှိ၏၊ ထို. . . .တွင် န ဟေတုဒုကာဒိကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း "ဒုက, တိက, စတုက္က"အစရှိသောအားဖြင့် ၂၀–အပြား ရှိ၏၊ [ အရကောက်၌ "၁၉–ပါး အပြားရှိ၏"ဟု ရှိနေသည်၊ ပါဠိတော်၌ ဧကဝီသက အထိ ဟောထားသောကြောင့် ၂၀–သာ ဖြစ်သင့်သည်၊ ] ထို. . . .တွင် ဒုကကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို. . . .၌တုံသော်လည်း န ဟေတုမူ အာရမ္မဏဒုက အစ ရှိသောအားဖြင့် ၂၁–ပါး အပြားရှိ၏၊ ထို . . . တွင် န ဟေတုမူ အာရမ္မဏ ဒုကကို . . . .၏၊ ဟောဟန်ကား–"န ဟေတုပစ္စယာ အာရမ္မဏေ ဒွေ"ဟူသည်တည်း။

န ဟေတုမူ အာရမ္မဏဒုက၌ မောဟမူဒွေး၌မောဟ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် "န ဟေတု အာရမ္မဏ" ပစ္စည်း ၂–ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အာရမ္မဏေ ဒွေ". . . .၏။

**ဆဝါရ ပစ္စည်းတွန်းပုံ နယစုံ**

မူမှာ"န"စွက်, ပ–အချက်၊
မူလီ"န"စွက်, ဒု–အချက်၊
နှစ်ပါး"န"စွက်, တ–အချက်၊
မစွက်စ–မှာ, ရှိတိုင်းသာ၊
တွန်းပါ ပ–ဒု, "န"ကိုရှု။

ပဉ္စဝါရ၌လည်း ဆောင်ပုဒ်နှင့်တကွ ပြဆိုခဲ့ပြီး ဖြစ်ပါသည်၊ သဘောမကျက ပြန်ရှုပါ။

**အနုလုံ–ဟေတုမူ အာရမ္မဏဒုကတွန်း**

(ပ) ဟေတုမူ အာရမ္မဏဒုက သချာဝါရ၌ မောဟမူဒွေး၌မောဟ အဟိတ် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏

ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်းပစ္စည်း၏ ပစ္စယုပ္ပန္န မဖြစ်သောကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အာရမ္မဏေ ဒွေ"ဟု သင်္ချာ တပ်၍ ဟောအပ်ကုန်၏၊ ဒွေ–ဟူသော်ကား. . . .။

(ဒ) သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာရမ္မဏပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ နာရမ္မဏေ ပဉ္စ"ဟု သင်္ချာတပ်၍ ဟောတော်မူအပ်ကုန်၏၊ ပဉ္စ–ဟူသော်ကား. . . .။

(တ) အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိယရုပ်. . . .ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် "ဟေတု, အာရမ္မဏ" ၂–ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ "န ဟေတုပစ္စယာ နာရမ္မဏေ ဧကံ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ ဧကံ–ဟူသော်ကား. . . .။

(စ) သဟိတ်စိတ်စေတသိက်၊ မောဟမူဒွေး၌မောဟကြဉ်သော စေတသိက် ဒွေးပညာသ၊ သဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် "ဟေတု, အာရမ္မဏ" ပစ္စည်း ၂–ပါး၏ ပစ္စယုပ္ပန်ဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ နယသို့ လိုက်၍လည်းကောင်း, ဝါရသို့ လိုက်၍လည်းကောင်း, တိက်ပုဒ်အရသို့ လိုက်၍လည်းကောင်း, ကံ ကတ္တားနေဟန်သို့ လိုက်၍လည်းကောင်း "ဟေတုပစ္စယာ အာရမ္မဏေ တီဏိ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ တီဏိ–ဟူသော်ကား. . . .။

**ဟေတုမူ အဓိပတိဒုကတွန်း**

(ပ) ဟေတုမူ အဓိပတိဒုက၌ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ၊ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အဓိပတိယာ" အစရှိသည်ဖြင့် မဟောရသတည်း။

(ဒ) အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်ဒွါဒသ၊ မဟာကုသိုလ် မဟာကြိယာ သဟိတ်လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ နိရာဓိပတိ သဟိတ်

စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ န အဓိပတိယာ နဝ"ဟု· · · · ၏၊ နဝ–ဟူသော်ကား· · · ·။

(တ) မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ အဟိတ်စိတ္တဇရုပ်· · · ·ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် "ဟေတု, အဓိပတိ" ပစ္စည်း ၂–ပါးတို့၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ "န ဟေတုပစ္စယာ န အဓိပတိပစ္စယာ ဒွေ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ ဒွေ–ဟူသော်ကား· · · ·။

(စ) အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂–ခု နာမက္ခန္ဓာ သာဓိပတိ စိတ္တဇရုပ်၊ ဤတရားတို့သည် "ဟေတု, အဓိပတိ" ပစ္စည်း ၂–ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤအနုလုံ၌ "ဟေတုပစ္စယာ အဓိပတိယာ နဝ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ နဝ–ဟူ သော်ကား· · · ·။

**ပစ္စနိက် နဟေတုမူ န အာရမဏဒုကတွန်း**

(ပ) သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် နာရမဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ န ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် န ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ နာရမဏေ ပဉ္စ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ ပဉ္စ–ဟူသော်ကား· · · ·။

(ဒ) မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် န ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ န အာရမဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် န အာရမဏပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အာရမဏေ ဒွေ"ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ ဒွေ–ဟူ သော်ကား· · · ·။

(တ) မောဟမူဒွေး၌မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ဤတရားတို့သည် "န ဟေတုပစ္စည်း, န အာရမဏပစ္စည်း" ၂–ပါး၏

ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ "ဟေတုပစ္စယာ အာရမဏော တိဏိ"ဟု. . . .၏၊ တိဏိ-ကား. . . .။

(စ) အဟိတ်စိတ္တဇရုပ်. . . .ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် "န ဟေတု, န အာရမဏ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ "န ဟေတုပစ္စယာ န အာရမဏေ ဧကံ"ဟု . . . .၏၊ ဧကံ-ဟူသော်ကား. . . .။

**န ဟေတုမှ န အဓိပတိ ဒုကတွန်း**

(ပ) အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ သဟိတ်လောကီဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ နိရာဓိပတိ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် နာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ န ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် န ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ န အဓိပတိယာ နဝ"ဟု. . . .၏၊ နဝ-ကား. . . .။

(ဒု) န ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ န အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ၊ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အဓိပတိယာ" အစရှိသည်ဖြင့် မဟောရသတည်း။

(တ) အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ သာဓိ ပတိစိတ္တဇရုပ်၊ ဤတရားတို့သည် "န ဟေတု, န အဓိပတိ" ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်၊ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အဓိပတိယာ နဝ". . . .၏၊ နဝ-ကား. . . .။

(စ) မောဟမူဒွေး၌မောဟ. . . .ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် "န ဟေတု, န အဓိပတိ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ "န ဟေတုပစ္စယာ န အဓိပတိယာ ဒွေ". . . .၏၊ ဒွေး-ဟူသော်ကား. . . .။

**အနုလောမပစ္စနိက်-ဟေတုမှ နာရမဏဒုကတွန်း**

(ပ) အဟိတ်စိတ္တဇရုပ်. . . .ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် န အာရမဏ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့်

ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌ "န ဟေတုပစ္စယာ န အာရမဏေ ဇကဲ". . . . ၏၊ ဇကဲ-ကား. . . .။

(ဒ) မောဟမူဒွေး၌မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ န အာရမဏ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် န အာရမဏပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အာရမဏေ တိဏိ". . . . ၏၊ တိဏိ-ကား. . . .။

(တ) မောဟမူဒွေး၌မောဟ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် "ဟေတု, န အာရမဏ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်၊ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အာရမဏေ ဒွေ"ဟု ၏၊ ဒွေ-ကား ။

(စ) သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် "ဟေတု, န အာရမဏ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏၊ ထို့ကြောင့် ဤအနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ န အာရမဏေ ပဉ္စ"ဟု. . . . ၏၊ ပဉ္စ-ကား. . .။

**ဟေတုမူ န အဓိပတိဒုကတွန်း**

(ပ) မောဟမူဒွေး၌မောဟ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အဟိတ်စိတ္တဇရုပ်. . . .ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် န အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္န မဖြစ်သောကြောင့် ဟေတုပစ္စည်း တွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌ "န ဟေတုပစ္စယာ န အဓိပတိယာ ဒွေ"ဟု. . . . ၏၊ ဒွေ-ကား. . . .။

(ဒ) အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ နာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နာဓိပတိပစ္စည်း တွန်း၍ စင်ကုန်၏၊ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အဓိပတိယာ နဝ"ဟု. . . . ၏၊ နဝ-ကား. . . .။

(တ) "ဟေတု, န အဓိပတိ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ၊ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "န ဟေတုပစ္စယာ အဓိပတိယာ" စသည်ဖြင့် မဟောရသတည်း။

(စ) အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်၁၀ ဒသ၊ မဟာကုသိုလ် မဟာကြိယာ

သဟိတ်လောကီဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ နိရောဓိပတိ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် "ဟေတု, န အဓိပတိ" ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်ကုန်၏၊ ထို့ကြောင့် အနုလောမပစ္စနိက်၌ "ဟေတုပစ္စယာ န အဓိပတိယာ နဝ"ဟု. . . .၏၊ နဝ-ကား. . . .။

**ပစ္စနီယာနုလောမ-န ဟေတုအာရမ္မဏဒုကတွင်း**

(ပ) မောဟမူဒွေး၌မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ န ဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် န ဟေတုပစ္စည်းတွင်း၌ စင်ကုန်၏၊ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ အာရမ္မဏေ တီဏိ"ဟု. . . .၏၊ တီဏိ-ကား . . . ။

(ဒု) အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်. . . .ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် န ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာရမ္မဏပစ္စည်းတွင်း၌ စင်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌ "န ဟေတုပစ္စယာ နာရမ္မဏေ ဧကံ"ဟု. . . .၏၊ ဧကံ-ကား. . . .။

(တ) သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် "န ဟေတု အာရမ္မဏ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်၊ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ န အာရမ္မဏေ ပဉ္စ"ဟု. . . .၏၊ ပဉ္စ-ကား. . . .။

(စ) မောဟမူဒွေး၌မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် "န ဟေတု, အာရမ္မဏ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ "န ဟေတု ပစ္စယာ အာရမ္မဏေ ဒွေ"ဟု. . . .၏၊ ဒွေ-ကား. . . .။ [ န ဟေတုမူ အဓိပတိ ဒုကကို မရ။ ]

**န ဟေတုမူ သဟဇာတဒုကတွင်း**

(ပ) မောဟမူဒွေး၌မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ န ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် န ဟေတုပစ္စည်းတွင်း၌ စင်ကုန်၏၊ ထို့ကြောင့် အနုလုံ၌ "ဟေတုပစ္စယာ သဟဇာတေ နဝ"ဟု. . . .၏၊ နဝ-ကား. . . .။

(ဒ) နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရားကား မရှိ၊ ထို့ကြောင့် ပစ္စနိက်၌ "နဟေတုပစ္စယာ နသဟဇာတေ"အစရှိသည်ဖြင့် မဟောရသတည်း။

(တ) "နဟေတု, သဟဇာတ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောတရားကား မရှိ၊ ထို့ကြောင့် အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ နသဟဇာတေ"အစရှိသည်ဖြင့် မဟောရသတည်း။

(စ) မောဟမူဒွေး၌မောဟ အဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ အဟိတ် စိတ္တဇရုပ်. . . .ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် "နဟေတု, သဟဇာတ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ဤပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ သဟဇာတေ ဒွေ"ဟု. . . .၏၊ ဒွေ-ကား. . . .။

**အနုလုံ-ဟေတု အာရမဏ အဓိပတိ တိကတွန်း**

(ပ) သာဓိပတိစိတ္တဇရုပ်၊ ဤတရားတို့သည် အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ အာရမဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အာရမဏပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနီယာနုလောမ၌ "နအာရမဏပစ္စယာ အဓိပတိယာ ပဥ္စ"ဟု. . . .၏၊ ပဥ္စ-ကား. . . .။

(ဒ) အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် အာရမဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလောမပစ္စနိက်၌ "အာရမဏပစ္စယာ နအဓိပတိယာ တီဏိ"ဟု. . . .၏၊ [ ဤသို့ ဒုကကို ဦးစွာ တွန်းပြီးမှ တိက-စသည်ကို တွန်းရသည်။ ]

(ပ) အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ "ဟေတု, အာရမဏ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သော တရားကား မရှိ၊ ထို့ကြောင့် ပစ္စနီယာနုလောမ၌ "နဟေတုပစ္စယာ နအာရမဏပစ္စယာ အဓိပတိယာ" အစရှိသည်ဖြင့် မဟောရသတည်း။

(ဒ) အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ မောဟမူဒွေး၌မောဟကြဉ်သော အကုသိုလ်ဒွါဒသ မဟာကုသိုလ် မဟာကြိယာ သဟိတ်လောကီဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် "ဟေတု, အာရမဏ"ပစ္စည်း ၂-ပါး၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် အဓိပတိပစ္စည်းတွန်း၍ စင်ကုန်၏၊ ထို့ကြောင့်

ထိုတရားတို့ကို အနုလောမ ပစ္စနိက်၌ "ဟေတုပစ္စယာ အာရမဏပစ္စယာ န အဓိပတိယာ တီဏိ"ဟု····၏၊ တီဏိ–ကား·····။

(တ) အဟိတ်စိတ္တဇရုပ် ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ပစ္စည်း ၃–ပါး၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်ကုန်၊ ထို့ကြောင့် ပစ္စနိက်၌ "န ဟေတုပစ္စယာ န အာရမဏပစ္စယာ န အဓိပတိပစ္စယာ ဧကံ"ဟု····၏၊ ဧကံ–ကား·····။

(ဓ) အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂–ခု နာမက္ခန္ဓာ၊ ဤတရားတို့သည် "ဟေတု, အာရမဏ, အဓိပတိ" ပစ္စည်း ၃–ပါး၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရား မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ "ဟေတုပစ္စယာ အာရမဏပစ္စယာ အဓိပတိပစ္စယာ တီဏိ"ဟု ····၏၊ တီဏိ–ကား·····။

အကြွင်းကို သိမြင်နားလည်နိုင်လောက်ပါပြီ၊ ဝါရစုံအောင် တွန်းပါ။

*ပဋိစ္စဝါရနှင့် အရတူ သဘောတူ ဖြစ်ပါလျက် အဘယ့်ကြောင့် သဟဇာတဝါရကို ဟောတော်မူရပါသနည်း ?။

အချင်းချင်း အနက်ကိုမှတ်အံ့သောငှာ ဟောတော်မူသည်၊ "အဘယ်သို့ မှတ်အပ်သနည်း"ဟူမူ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ" အစရှိသည်တို့၌ စွဲ၍ပင်ဖြစ်သော်လည်း သဟဇာတ မဖြစ်၊ ဥပါဒါရုပ်သည် ဘူတရုပ်နှင့် တကွဖြစ်သော်လည်း ဘူတရုပ်အား သဟဇာတပစ္စည်း မဖြစ်၊ ထိုသို့ မဖြစ်သောကြောင့် ပဋိစ္စဝါရဖြင့် သဟဇာတပစ္စည်း အဖြစ်ကို သဟဇာတဝါရဖြင့်လည်း ပဋိစ္စ–ဟူ၍ ဆိုအပ်သော သဟဇာတပစ္စည်း အဖြစ်ကို မှတ်အံ့သောငှာ ဤ ၂–ပါးသော ဝါရတို့ကို ဟောတော်မူအပ်ကုန်၏။

တစ်နည်းလည်း ဝေနေယျပုဂ္ဂိုလ်ဈာသယ ဒေသနာဝိလာသအားဖြင့် ဟောတော်မူအပ်ကုန်၏။

*ပစ္စယဝါရနှင့် နိဿယဝါရတို့ကို အထူးမရှိဘဲလျက် အဘယ့်ကြောင့် ဟောတော်မူရပါသနည်း ?။

ဝေနေယျပုဂ္ဂိုလ်ဈာသယ ဒေသနာဝိလာသအားဖြင့် ဟောတော်မူရပါသည်။

**ဆောင်။** ။ ချင်းချင်းနက်သာ, မှတ်အံ့ငှာ, ထပ်ကာသဟ ဟောပါရ။
ပုဂ္ဂလဈာ, ဒေသနာ, ဝိလာသထောက်ဆ အတူပြ။

**ဆ–ဝါရ ပြီးပါပြီ**
**ပဋ္ဌာနပန်းကုံး ပြီးပါပြီ။**

# ကျမ်းပြီး နိဂုံး

နိဋ္ဌိတာ ဝတ မာလာယံ , ဒါတာ ဉာဏံ နယံ ဝရံ၊
တရထိမာယ ပဋ္ဌာနံ , သောတာရော တံ ဝိသဇ္ဇနံ။

ဘောဇ္ဈေ၁–ရုပ်ရော နာမ်ပါ, ၂–ဖြာရောယှက်, ပစ္စည်းဆက်လျက်, ဖြစ်ပျက်နေဟန်, ခြင်းရာမှန်ကို, သိရန်လိုလား, အို–သူတော်ကောင်းအများတို့ !၊ အယံမာလာ–ရှင်လူအမှန်, သင်ယူရန်ဖို့, ကောင်းမွန်စနစ်, ပေါင်းဖန်စစ်လျက်, ဆီနှစ်ချည်းသာ, ယူရေးပါ၍, အကာမဖုံး, ဤပဋ္ဌာနပန်းကုံးသည်၊ နိဋ္ဌိတာဝတ–ရေးသူကိုယ်အား, သိဉာဏ်အားကို, အများသင်တို့, ဆန္ဒတို့က, တွန်းပို့ပင့်မြှောက်, ကူညီထောက်၍, ပြီးမြောက်ကောင်းစွာ, နိဂုံးအုပ်ခဲ့ရပါပေပြီတကား။

အယံ မာလာ–ဆောင်လွယ် မှတ်လွယ်, နက်ခိုပွာယ်တို့, ပြည့်ကြွယ်စုရုံး, ဤပဋ္ဌာနပန်းကုံးသည်၊ တုမှာကံ–လက်ကိုင်ထားကာ, လေ့လာပို့ချ, သင်နေကြသည့်, ဓမ္မမိတ်ဆွေ, သင်တို့တစ်တွေအား၊ ဉာဏံ–ရုပ်နာမ်ရောယှက်, ပစ္စည်းဆက်လျက်, ဖြစ်ပျက်နေပုံ, အလုံးစုံကို, စေ့စုံဝေဖန်, ထွင်းဖောက်သိမြင်တတ်သော အသိဉာဏ်ကိုလည်းကောင်း၊ နယံ–ပဋ္ဌာန်းဟောရိုး, အမျိုးမျိုးကို, ထိုးထွင်းသိရှိ, ထိမိသိပ်သည်း, ဓာတ်လွယ် မှတ်လွယ်သော နည်းကိုလည်းကောင်း၊ ဝရံ–မျှော်မှန်းသည့်အတိုင်း, မဆိုင်းမတွ, ပြည့်ဝစေမှု, အမျိုးမျိုးသော အောင်ဆုကိုလည်းကောင်း၊ ဒါတာ–လေ့လာတိုင်းပင်, အကျိုးထင်အောင်, တွင်တွင်ဖြန့်ဝေ, ပေးစွမ်းနိုင်ပါပေ၏။

သောတာရော–ကျယ်ပြောနက်ဝှမ်း, ပဋ္ဌာန်းကျမ်းကို, ကမ်းတစ်ဖက်ရောက်, ကူးမြောက်လိုလား, အို–ပဋ္ဌာနသုတေသီအများတို့ !၊ တုမှေ–ချိန်ခါမနှောင်း, သဘော်ကောင်းဖြင့်, စုပေါင်းငါတို့, လိုက်ကြစို့–ဟု, ကူးတို့ရှာနေ, သင်တို့တစ်တွေသည်၊ ဣမာယ–ရွက်ကောင်း စက်ကောင်း, တက်လည်းကောင်း၍, ရေကြောင်းလိုက်လျော, ဤပဋ္ဌာနပန်းကုံးတည်းဟူသော လေှသဘော်ဖြင့်၊ ပဋ္ဌာနံ–နယသာဂရ, ဟုတ်မှန်

လှ၍, ဆုံးဆမထင်, ပဋ္ဌာန်းကျမ်းတည်းဟူသော သမုဒ္ဒရာ ရေပြင်ကိုလည်းကောင်း၊ တံ ဝိသဇ္ဇနံ-ထိုပဋ္ဌာန်းဆိုင်ရာ, မေးပုစ္ဆာကို, ဖြေရာကြီးကျယ်, စာမေးပွဲသဘင်တည်းဟူသော မြစ်ပင်လယ်ကိုလည်းကောင်း၊ တရထ-ရွက်ကုန် စက်ကုန်, တက်ကုန် သုတ်လျက်, ရွှင်အားတက်၍, လျင်ထက်အဟုန်, ကူးမြောက်နိုင်ကြပါစေကုန် သတည်း။

ဣမိနာ ပုညကမ္မေန , အဘိဓမ္မကထာယ-ဟံ၊
သဝနံ ကထနံ ကရံ , ဝဿာမိ ဇာတိဇာတိယံ။

ဣမိနာ ပုညကမ္မေန-ရှင်လူအများ, သိဉာဏ်ပွားရန်, စိတ်ရည်သန်လျက်, ကျမ်းဂန်ပြုစု, ဤကောင်းမှုကြောင့်၊ အဟံ-အများအကျိုး, ပွားတက်တိုးအောင်, ကြိုးစားအားထုတ်, အကျွန်ုပ်သည်၊ ဇာတိဇာတိယံ-ဘဝတဏှာ, မပြတ်ပါ၍, ခန္ဓာပြည့်လှိုင်း, ဘဝတိုင်း ဘဝတိုင်း၌၊ အဘိဓမ္မကထာယ-ဝိနည်းတရား, သုတ္တန်များထက်, ထူးခြားမြတ်မွန်, အဘိဓမ္မာတရားမှန်ကို၊ သဝနံ-ကိုယ်လည်းသိမြင်, သူလည်းမြင်အောင်, ကြည့်ရှင်ဟောကြား, ဆရာများမှ, စိတ်အားထန်ပြင်း, နာယူသင်ကြားရခြင်းကိုလည်းကောင်း၊ ကထနံ-ကိုယ်သိတိုင်းပင်, သူ့နားဝင်အောင်, ကြည်လင်ရှင်းလင်း, ဟောပြောသင်ပြခြင်းကိုလည်းကောင်း၊ ကရံ-ကာမဂုဏ်ညွတ်, စိတ်မညွတ်ဘဲ, မပြတ်မြိုင်ဆိုင်, ပြုမူလုပ်ကိုင်လျက်၊ ဝဿာမိ-ဗောဓိဉာဏ်မြင့်, ရင့်ထက်ရင့်အောင်, မျှော်လင့်ကွန်းခို, နေထိုင်ရပါလို၏။

အမှတ် ၂၈၉၅
၂၅.၉.၅၄

**အရှင်ကုမာရ**
မဟာဗောဓိကျောင်းတိုက်
ရန်ကင်းစာတိုက်
ရန်ကုန်မြို့။